၁၀၂၄



# ဝိသမပဒပကာသနီကျမ်း

## နိဒါန်း။

---

မန္တလေး ရတနာပုံ မြို့တည် နန်းဟည်၊ ဓမ္မသေလကန္ဒရာရုဏ္ဍ၊ ပဌမ သင်္ဂါယနာတင်၊ ဘဝရှင် မင်းတရားကြီး ရွှေလက်ထက်တွင် "**သုဒ္ဓသာသန ဝရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု**" ပဌမတံဆိပ်တော်၊ "**သုဒ္ဓသာသန ဓဇ အတုလဓိပတိ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု**" ဒုတိယ တံဆိပ်တော် နှစ်ထပ်ရ၊ စံကျောင်း ဆရာတော်ဘုရားကြီး၊ "**နာဂိန္ဒာဘိ ကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု**" တံဆိပ်တော်ရ၊ ဝေယန်ဘုံကျော်၊ မိုးကောင်း ဆရာတော်ဘုရားကြီး၊ ကျောင်းပေါင်း ၆၀-ကျော်တို့၏ ဥူ စီး နာယက၊သာသနာပြု တံဆိပ်တော်ရ၊ပဌမ ဘုရားဖြူဆရာတော်ဘုရားကြီး တို့၏ မဟာသိဿ-ရင်းချာ၊ တပည့်ရင်းကြီး ဖြစ်တော်မူသော၊ ရန်ကုန်မြို့ ပုဇွန်တောင်၊ မြေပိုင်ရှင်- တန်းဆောင်ကြီး ဒါယကာ- ကျောင်းတ.ဘာ- ပွဲစားကြီး-ဆာကိုးသာ-ဆောက်လုပ်လှူဒါန်းသော "ဘုရားဖြူ ကျောင်းတိုက်ကြီး"၌ ယာပိုတ်မှုတာ၊ တိပိဋကရေ၊သဒ္ဒဂ္ဂကာဂုဏ်၊အလုံးစုံ ပြည့်ဝတော်မူပေသော ဒုတိယ ဘုရားဖြူ ဆရာတော် "**ဘဒ္ဒန္တ နန္ဒိယ**" မထေရ်သည် ၁၂၃၇-ခုနှစ်တွင် ဤ "**ဝိသမပဒပကာသနီ**"ကျမ်းကြီးကို ရေးသား စီရင်တော်မူခဲ့ပေကြောင်း။

ဤကျမ်းကြီးမှာ ဒိပက်ရ အစရှိသော မြတ်စွာဘုရားတို့၏ အနွယ်အဆက်၊မဟာသမ္မတ မင်းအစရှိသော မင်းအပေါင်းတို့၏ အနွယ်အဆက်ဟူသော အဆီအနှစ်တို့ကို၊ တစ်တစ်ခွခွ ကျ-နံ-ထင်ရှားစွာ ဘော်ပြထားသည့် ကျမ်းကြီးဖြစ်ပေသည်။

၁-ကောဇသမ-မဟာသမ္ဗတမင်းက စပြီး မန္တလေးမြို့ တည်သောလက္ခဏာ
ရှင်ဘုရင် ရှင်သင်္ဃကာယနာတင် မင်းတရားကြီးတိုင်အောင် မင်းစဉ်ဆက်
ကို ဖော်ပြထားခြင်း။

၂-ဗုဒ္ဓဝင်-မဟာဝင်-စသော ပါဠိ အဋ္ဌကထာ ဋီကာများကို ကိုးကားပြီး
ဝါးကွဲများနှင့် ဝိနိစ္ဆယ အသီးသီးကို ဖော်ပြထားရှိခြင်း။

၃-မှို-လက်ာ-ချေင်း အစောင်စောင်တို့ကိုလည်း ဆိုင်ရာ ဆိုင်ရာတွင်
ရွေးနုတ် စီစဉ် ကိုးကား ဖော်ပြထားခြင်း။

၄-ဤကျမ်း တစောင်တည်းကို ဘတ်ရှုရုံမျှနှင့် ဗုဒ္ဓဝင်, မဟာဝင်,
ရာဇဝင်- စသည်တို့ကို တပါတည်း နားလည်သွားလောက်အောင်
စီစဉ် ရေးသားထားခြင်း။

၅-ယခု ကျွန်ုပ်တို့ မြတ်စွာဘုရား လက်ထက်တော်တွင် သုတ္တုးပန်ဆင်၊
နိဗ္ဗာန်စံဝင် သွားကြသည့် ယောကျ်ားမြတ် မိန်းမမြတ် တို့၏
အမှုပွတ်ကို၊သရုပ်ဓာတ် ပေါ်လောက်အောင် ရှေးဟောင်းနှောင်းဖြစ်
များကိုပါ ဖော်ပြရေးသားထားခြင်းများ ဖြစ်ပေသည်။

၆-အကျဉ်းချုပ်အားဖြင့် ပြောရလျှင် ၎င်းကျမ်းကြီးကို ဘတ်ရှုပါက
လောကီ-လောကုတ္တရာ၊ အဋ္ဌကထာ၊ ဋီကာ၊ မဟာဝင်-ရာဇဝင်၊
ပုံပြင်-ဝတ္ထု၊ မှတ်ရမှတ်ရာ၊ များစွာသော ကျမ်းအစောင်စောင်ကို
တချိန်တည်း ဘတ်ရှုနေရသကဲ့သို့ ရှိမည့်ပြင် အရိယာနွယ်ဝင်
ဖြစ်ပြီး၊သူတော်ကောင်း ပုဂ္ဂိုလ်ကြီးများနှင့် တွေ့နေရသလို ဖြစ်ပေ
လိမ့်မည်။

၎င်း“**ဝိသုဒ္ဓမေဒပကာသနီ**” ကျမ်းကြီးကို ကျွန်ုပ်တို့ ဇမ္ဗူ**မိတ်ဆွေ
ပိဋကတ်ပုံနှိပ်တိုက်ကြီး**”က မြန်မာနိုင်ငံတော်ရှိဆရာတော်,ရဟန်းသစ်ာ
တော်များနှင့်တကွ အများပြည်သူတို့ ကြေနပ် နှစ်သက်တော်မူကြပြီး၊
အကောင်းဆုံးသော စာပုံနှိပ် လုပ်ငန်း နည်းစနစ်ကောင်းတို့ဖြင့် စီမံ ချယ်
လယ်ပြီး ပါဠိဆရာကြီးများ အထူးကြီးကြပ်၊ တည်းဖြတ် သုတ်သင်လျက်
နေ-လ-အသွင်၊ပေါ်လွင် ထင်ရှားစွာ စီစဉ် ရိုက်နှိပ်ထားပါသတည်း။

# ဝံသမေဒပကာသနီကျမ်း။

မာတိကာ။ | မျက်နှာနံပါတ်။


၁-ပဏာမပုဗ္ဗကဂန္ထာရမ္ဘကထာ .... .... ၁
၂-သုညကပ် အသုညကပ် စသည်ကိုပြခြင်း .... .... ၃
၃-စိန္တိတံ သတ္တသင်္ချေယျံ-စသော ဇာင်းမယ်စကားကို ပြခြင်း ၄
၄-အခိုင်အမာယူသင့်သော ကျမ်းတို့ကို ပြခြင်း .... ၅
၅-ဗျာဒိတ်ရပြီး ဘုရားဖြစ်အံ့သော အပိုင်းအခြား ကာလကို ပြခြင်း .... .... .... .... .... ၇
၆-ဗျာဒိတ်ရခြင်း အင်္ဂါ ၈ ပါး .... .... .... ၉
၇-ဗျာဒိတ်ရပြီး ဘုရားလောင်းတို့ မရောက်အပ်သော အရပ် ၁၈-ပါး.... .... .... .... .... ၉
၈-ငုံးအောက်ငယ်သော နှံ့ဗိတ်ငှက် ဖြစ်ဘူးသည်ကို ပြခြင်း ၁၁
၉-တနည်း မရောက်အပ်သော ဌာနတို့ကို ပြခြင်း .... ၁၁
၁၀-ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့် အပ်သော ဓမ္မတာ သုံးဆယ် .... .... .... .... ၁၃
၁၁-ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်အပ်သော အရပ် လေးပါး ၁၆
၁၂ ခပ်သိမ်းသော ဘုရားတကာတို့ မတူ ထူးခြားသော ဝေမတ္တ ရှစ်ပါး .... .... .... .... ၁၆
၁၃-ပစ္စေကဗုဒ္ဓါနှင့် သာဝကသုံးပါးတို့၏ ပါရမီကို ပြခြင်း .... ၂၄
ပစ္စေကဗုဒ္ဓါဘုရားလောင်းတို့ အင်္ဂါ ၅-ပါး .... ၂၅
သာဝကစသည်တို့၏ အင်္ဂါ ၂-ပါး .... .... ၂၆
ပကတိသာဝကတို့၏ ပါရမီ .... .... ၂၆


---


၁၄-ဘုရားအလောင်းတော် သုမေဓာပညာရှိ အကြောင်း .... ၂၈
၁၅-ဒီပင်္ကရာ မြတ်စွာဘုရားအကြောင်း .... .... ၃၅
၁၆-သုမေဓာရှင်ရသေ့ ဗျာဒိတ်ရခြင်း .. .... ၃၆
၁၇-ပါရမီတော် ဆယ်ပါးကို စူးစမ်းဆင်ခြင်ခြင်း .... ၄၂

| မာတိကာ။ | မျက်နှာနံပါတ်။ |
| --- | --- |
| ဒီပင်္ကရာ မြတ်စွာဘုရား- ပဌမာဘိသမယ စသည့် အကြောင်း .... .... .... .... | ၄၀ |
| ၁၀-ကောဏ္ဍည မြတ်စွာဘုရားအကြောင်း .... .... | ၅၁ |
| ဂေါတမ မြတ်စွာဘုရားအလောင်း ဝိဇိတာဝီ စကြာမင်းကြီး အကြောင်း .... .... .... | ၅၃ |
| စကြာရတနာနှင့်တကွ ရတနာ ၇-ပါး .... | ၅၅ |
| ဝိဇိတာဝီ စကြာမင်းကြီး ဗျာဒိတ် ရတော်မူခြင်း .... | ၆၀ |
| ကောဏ္ဍည မြတ်စွာဘုရား လက်ျာရံ စသည်တို့ အကြောင်း .... .... .... .... | ၆၁ |
| ၁၉-မင်္ဂလ မြတ်စွာဘုရား အကြောင်း .... .... | ၆၁ |
| အလောင်းတော် သုရုစိပုဏ္ဏား ဗျာဒိတ် ရတော်မူခြင်း .... .... .... .... | ၆၄ |
| မင်္ဂလ မြတ်စွာဘုရား လက်ျာရံ စသည် အကြောင်း | ၆၅ |
| ၂၀-သုမန မြတ်စွာဘုရား အကြောင်း .... .... | ၆၆ |
| ဂေါတမ မြတ်စွာဘုရားအလောင်း အတုလ နဂါးမင်း ဗျာဒိတ်ရတော်မူခြင်း .... .... .... | ၆၇ |
| သုမန မြတ်စွာဘုရား လက်ျာရံ စသည် အကြောင်း | ၆၉ |
| ၂၁-ရေဝတ မြတ်စွာဘုရား အကြောင်း .... .... | ၆၉ |
| ဘုရားအလောင်းတော် အတိဒေဝပုဏ္ဏား ဗျာဒိတ် ရတော်မူခြင်း .... .... .... .... | ၇၁ |
| ရေဝတမြတ်စွာဘုရား လက်ျာရံ-စသည်အကြောင်း | ၇၂ |

**မာတိကာ။** **မျက်နှာနံပါတ်။**

၂၂-သောဘိတ မြတ်စွာဘုရား အကြောင်း .... .... ၇၃
ဘုရားအလောင်းတော် သုဇာတ ပုဏ္ဏား ဗျာဒိတ်
ရတော်မူခြင်း .... .... .... .... ၇၅
သောဘိတ မြတ်စွာ ဘုရား လက်ျာရံ စသည်
အကြောင်း .... .... .... .... ၇၅

၂၃-အနောမဒဿီ မြတ်စွာဘုရား အကြောင်း .... .... ၇၆
ဘုရားအလောင်းတော် ဘီလူး စစ်သူကြီး ဗျာဒိတ်
ရတော်မူခြင်း .... .... .... .... ၇၈
ရှင်သာရိပုတ္တရာ-ရှင်မောဂ္ဂလာန်အလောင်းတို့ဗျာဒိတ်
ရတော်မူခြင်း .... .... .... .... ၇၉
အရှင် ဗာကုလမထေရ် အကြောင်း .... .... ၈၅
အနောမဒဿီ မြတ်စွာဘုရား- လက်ျာရံ စသည်
အကြောင်း .... .... .... .... ၈၇

၂၄-ပဒုမ မြတ်စွာဘုရား အကြောင်း.... .... .... ၈၇
မြတ်စွာဘုရားအလောင်းတော် ခြင်္သေ့မင်း ဗျာဒိတ်ရ
တော်မူခြင်း .... .... .... .... ၈၉
ပဒုမမြတ်စွာဘုရား-လက်ျာရံစသည်အကြောင်း ... ၉၀

၂၅-နာရဒ မြတ်စွာဘုရား အကြောင်း .... .... ၉၁
ဘုရားလောင်းရသေ့ ဗျာဒိတ် ရတော်မူခြင်း .... ၉၂
နာရဒ မြတ်စွာဘုရား-လက်ျာရံ စသည်အကြောင်း ၉၃

၂၆-ပဒုမုတ္တရ မြတ်စွာဘုရား အကြောင်း .... .... ၉၄
မြတ်စွာဘုရားအလောင်း ဇဋိလ သူဌေး ဗျာဒိတ်
ရတော်မူခြင်း .... .... .... .... ၉၆

မာတိကာ။ | မျက်နှာနံပါတ်။

အရှင်အာနန္ဒာအလောင်း သုမန မင်းသား ဗျာဒိတ်
ရခြင်း .... .... .... .... ၉၆
ရှင်ရာဟုလာအလောင်း ပထဝိန္ဓရ နဂါးမင်း,ရှင်ရဋ္ဌ
ပါလအလောင်း သိကြားမင်းတို့ ဗျာဒိတ်ရခြင်း .... ၉၈
လက်ျာရံ ခေမာထေရီမအလောင်းသူဌေးသမီးဗျာဒိတ်
ရခြင်း .... .... .... .... ၁၀၁
လက်ဝဲရံ ဥပ္ပလဝဏ် ထေရီမအလောင်း သူဌေးသမီး
ဗျာဒိတ်ရခြင်း .... .... .... .... ၁၀၃
မိထွေးတော် ဂေါတမီအလောင်း အမတ်ကြီး၏သမီး
ဗျာဒိတ်ရခြင်း .... .... .... .... ၁၀၇
ပဒုမုတ္တရမြတ်စွာဘုရား လက်ျာရံစသည်အကြောင်း ၁၀၈

၂၇-သုမေဓာ မြတ်စွာဘုရား အကြောင်း .... .... ၁၀၉
မြတ်စွာဘုရားအလောင်းတော် ဥတ္တရလုလင်ဗျာဒိတ်
ရတော်မူခြင်း .... .... .... .... ၁၁၁
သုမေဓာမြတ်စွာဘုရား-လက်ျာရံစသည်အကြောင်း ၁၁၁

၂၈ သုဇာတ မြတ်စွာဘုရား အကြောင်း .... .... ၁၁၂
မြတ်စွာဘုရား အလောင်း စကြဝတေး မင်းကြီး
ဗျာဒိတ် ရတော်မူခြင်း .... .... .... ၁၁၄
သုဇာတမြတ်စွာဘုရား-လက်ျာရံစသည်အကြောင်း ၁၁၄

၂၉-ပိယဒဿီ မြတ်စွာဘုရား အကြောင်း .... .... ၁၁၅
မြတ်စွာဘုရား အလောင်းတော် ကဿပ ပုဏ္ဏား
ဗျာဒိတ် ရတော်မူခြင်း .... .... .... ၁၁၇
ပိယဒဿီ မြတ်စွာဘုရား- လက်ျာရံ စသည်
အကြောင်း .... .... .... .... ၁၁၇

မာတိကာ။ မျက်နှာနံပါတ်။

၃၀-အတ္ထဒဿီ မြတ်စွာဘုရား အကြောင်း .... .... ၁၁၈
မြတ်စွာဘုရားအလောင်းတော် သုသိမရသေ့ဗျာဒိတ်
ရတော်မူခြင်း .... .... .... .... ၁၂၀
အတ္ထဒဿီ မြတ်စွာဘုရား- လက်ျာရံ စသည်
အကြောင်း .... .... .... .... ၁၂၀

၃၁-ဓမ္မဒဿီ မြတ်စွာဘုရား အကြောင်း .... .... ၁၂၁
မြတ်စွာဘုရား အလောင်းတော် သိကြားမင်း ဗျာဒိတ်
ရတော်မူခြင်း .... .... .... .... ၁၂၃
ဓမ္မဒဿီ မြတ်စွာဘုရား-လက်ျာရံစသည်အကြောင်း ၁၂၃

၃၂-သိဒ္ဓတ္ထ မြတ်စွာဘုရား အကြောင်း .... .... ၁၂၃
မြတ်စွာဘုရား အလောင်းတော် မင်္ဂလရသေ့ ဗျာဒိတ်
ရတော်မူခြင်း .... .... .... .... ၁၂၅
သိဒ္ဓတ္ထ မြတ်စွာဘုရား-လက်ျာရံ စသည်အကြောင်း ၁၂၆

၃၃-တိဿ မြတ်စွာဘုရား အကြောင်း .... .... ၁၂၆
မြတ်စွာဘုရား အလောင်း သုဇာတမင်းမြတ် ဗျာဒိတ်
ရတော်မူခြင်း .... .... .... .... ၁၂၈
တိဿ မြတ်စွာဘုရား-လက်ျာရံ စသည်အကြောင်း ၁၂၉

၃၄-ဖုဿ မြတ်စွာဘုရား အကြောင်း .... .... ၁၂၉
မြတ်စွာဘုရား အလောင်းတော် ဝိဇိတာဝီ မင်းကြီး
ဗျာဒိတ် ရတော်မူခြင်း .... .... .... ၁၃၁
ဖုဿ မြတ်စွာဘုရား-လက်ျာရံ စသည်အကြောင်း ၁၃၁

မာတိကာ။ မျက်နှာနံပါတ်။

၃၅-ဝိပဿီ မြတ်စွာဘုရား အကြောင်း .... .... ၁၃၂
မြတ်စွာဘုရားအလောင်း အတုလ နဂါးမင်း ဗျာဒိတ် ရတော်မူခြင်း .... .... .... .... ၁၃၄
မယ်တော်မာယာအလောင်း ဗျာဒိတ်ရတော်မူခြင်း ၁၃၄
ဝိပဿီ မြတ်စွာဘုရား-လက်ျာရံ စသည်အကြောင်း ၁၃၅

၃၆-သိခီ မြတ်စွာဘုရား အကြောင်း .... .... .... ၁၃၆
မြတ်စွာဘုရားအလောင်း အရိန္ဒမ မင်းမြတ် ဗျာဒိတ် ရတော်မူခြင်း .... .... .... .... ၁၃၈
သိခီ မြတ်စွာဘုရား-လက်ျာရံ စသည်အကြောင်း ၁၃၈

၃၇-ဝေဿဘူ မြတ်စွာဘုရား အကြောင်း .... .... ၁၃၈
မြတ်စွာဘုရားအလောင်း သုဒဿနမင်းမြတ် ဗျာဒိတ် ရတော်မူခြင်း .... .... .... .... ၁၄၀
ဝေဿဘူ မြတ်စွာ ဘုရား- လက်ျာရံ စသည် အကြောင်း .... .... .... .... ၁၄၁

၃၈-ကမ္ဘာပျက်ခြင်း အကြောင်း .... .... .... ၁၄၁
ကမ္ဘာတည်ခြင်း အကြောင်း .... .... ၁၄၇
နေ-လ-ပေါ်လာခြင်း .... .... .... ၁၄၉
မိန်းမ-ယောကျ်ား ထင်ရှား ဖြစ်လာခြင်း .... ၁၅၁
မင်္ဂလာဆောင်ရာ၌ ခဲပစ်သောထုံး .... .... ၁၅၂
မဟာသမ္မတမင်း တင်မြှောက်ကြခြင်း .... ၁၅၃
ကျီးဌက်နှင့် ဇီးကွက်တို့ ရန်စ အကြောင်း .... ၁၅၄
အမျိုးလေးပါး ကွဲပြားခြင်း အကြောင်း .... ၁၅၇
စကြဝဠာခါးပန်း၌ စာတမ်းမရှိခြင်း အကြောင်း .... ၁၅၈
ရှစ်ကြိမ်မြောက် မဟာသမ္မတမင်း အကြောင်း .... ၁၆၂

မာတိကာ။ မျက်နှာနံပါတ်။

၃၉-ကကုသန် မြတ်စွာဘုရား အကြောင်း .... .... ၁၆၃
မြတ်စွာဘုရားအလောင်းတော်ခေမ-မင်းကြီး ဗျာဒိတ် ရတော်မူခြင်း .... ... .... .... ၁၆၃
ကကုသန်မြတ်စွာဘုရား ဓမ္မကရိယာတော်အကြောင်း ၁၆၅
ကကုသန်မြတ်စွာဘုရား-လက်ျာရံ စသည်အကြောင်း ၁၆၆

၄၀-ကောဏာဂုံ မြတ်စွာဘုရား အကြောင်း .... .... ၁၆၆
မြတ်စွာဘုရားအလောင်းတော် ပဗ္ဗတမင်းကြီးဗျာဒိတ် ရတော်မူခြင်း .... .... .... .... ၁၆၉
ကောဏာဂုံ မြတ်စွာဘုရား ခါးပန်းတော် .... ၁၆၉
ကောဏာဂုံ မြတ်စွာ ဘုရား- လက်ျာရံ စသည် အကြောင်း .... .... .... .... ၁၆၉

၄၁-ကဿပ မြတ်စွာဘုရား အကြောင်း .... .... ၁၇၀
မြတ်စွာဘုရား အလောင်း ဇောတိပါလ ပုဏ္ဏား ဗျာဒိတ် ရတော်မူခြင်း .... .... .... ၁၇၂
ကဿပ မြတ်စွာဘုရား ရေသနုပ်တော် .... ၁၇၂
ကိကီမင်းကြီး၏ အိမ်မြှော် မင်းသားနှင့် သွိုးတော် ခုနစ် ယောက် အကြောင်း .... .... .. ၁၇၃
ကဿပမြတ်စွာဘုရား-လက်ျာရံ စသည်အကြောင်း ၁၇၄

၄၂-ကောဒသမ-သမ္မတမင်းကစ၍ဉက္ကာကရာဇ်မင်းအကြောင်း ၁၇၄
ကပိလဝတ်ပြည် အကြောင်း .... .... ၁၇၇
သာကီဝင်မင်းမျိုးတို့ အကြောင်း .... .... ၁၇၉
ကောလိယပြည် အကြောင်း .... .... ၁၈၀
ဒေဝဒဟပြည် အကြောင်း .... .... ၁၈၂

| မာတိကာ။ | မျက်နှာနံပါတ်။ |
| --- | --- |
| သာကီဝင် မင်းဆက် အကြောင်း .... .... | ၁၈၂ |
| သုဋ္ဌောဒန-သိရိမဟာမာယာတို့လက်ထပ်မင်္ဂလာ.... | ၁၈၅ |
| ၄၃-ဂေါတမ မြတ်စွာဘုရား အကြောင်း .... .... | ၁၉၁ |
| ဘုရားအလောင်း ပဋိသန္ဓေ နေတော်မူခြင်း .... | ၁၉၂ |
| ဘုရားလောင်း ဖွါးမြင်တော်မူခြင်း .... .... | ၁၉၄ |
| ဖွါးတော်မူစ ခုနစ်ဘွား ကြွသွားတော်မူခြင်း .... | ၁၉၅ |
| ခမည်းတော်မင်းကြီး ပဌမအကြိမ် ရှိခိုးခြင်း .... | ၁၉၇ |
| ယောကျာ်းမြတ် တို့၏ ၃၂-ပါးသော လက္ခဏာတော်ကြီး .... .... .... .... | ၁၉၉ |
| ၁၀၈ ကွက် စက်လက္ခဏာတော် .... .... | ၂၀၂ |
| လက္ခဏာတော်ငယ်-၈၀ .... .... | ၂၀၃ |
| ခမည်းတော်မင်းကြီး ဒုတိယအကြိမ် ရှိခိုးတော်မူခြင်း . | ၂၁၀ |
| ၄၄-သိဒ္ဓတ်မင်းသား လေးအတတ်ကို ပြတော်မူခြင်း .... | ၂၁၅ |
| ၄၅-အသဒိသမင်းသား လေးအတတ်ကို ပြခြင်း.... .... | ၂၁၇ |
| ၄၆-ဇောတိပါလလုလင် လေးအတတ်ကို ပြခြင်း.... .... | ၂၂၀ |
| ၄၇-ထီးနန်းစည်းစိမ် စိုးစံတော်မူခြင်း .... .... | ၂၂၅ |
| ၄၈-နိမိတ်ကြီးလေးပါး မြင်တော်မူခြင်း .... .... | ၂၂၈ |
| ၄၉-သားတော်ရာဟုလာ ဖွါးမြင်တော်မူခြင်း .... .... | ၂၃၀ |
| ၅၀-သားတော်ရာဟုလာကို ရှုကြည့်ပြီး တောထွက်တော်မူခြင်း | ၂၃၂ |
| ၅၁-တာဝတိံသာ စူဠာမဏိ စေတီတော် .... .... | ၂၃၆ |
| ၅၂-အဏ္ဏနိမ္မြ ဗြဟ္မာ့ပြည် ဒုဿစေတီတော် .... .... | ၂၃၈ |
| ၅၃-ဘုရားလောင်းသည် ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရ မင်းကြီးနှင့် တွေ့တော်မူခြင်း .... .... .... .... | ၂၃၈ |
| ၅၄-ဘုရားလောင်းသည် အာဠာရ-ဥဒကတို့ထံ ရောက်တော်မူခြင်း .... .... .... .... .... | ၂၄၀ |
| ၅၅-ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူခြင်း .... | ၂၄၀ |

မာတိကာ။ မျက်နှာနံပါတ်။


၅၆-သုဒ္ဓေါဒနမင်းကြီး သုဇာတာ ဂဏာနို့ ဆွမ်း ကပ်လှူခြင်း .... ၂၄၂
ဒိဗ်ခက်တော် ၅-ပါး .... .... .... ၂၄၅
၅၇-နတ်,ဗြဟ္မာတို့ ပူဇော်ကြခြင်း .... .... .... ၂၅၀
၅၈-မာရ်နတ်သားကို အောင်တော်မူခြင်း .... .... ၂၅၂
ဝသုန္ဓရေနတ်သား .... .... .... ၂၅၄
၅၉-သတ္တသတ္တာဟ စံနေတော်မူခြင်း .... .... ၂၅၅
တဖုဿ-ဘလ္လိကတို့ အကြောင်း .... .... ၂၆၆
၆၀-သဟမ္ပတိဗြဟ္မာကြီး တရားဟောရန် တောင်းပန်ခြင်း .... ၂၇၀
၆၁-ဥပကရဟန်းနှင့် စာပါတို့ အကြောင်း .... .... ၂၇၂
၆၂-ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာတရား ဟောတော်မူခြင်း .... ၂၇၅
၆၃-ရှင်ယသ-စသော ပုဂ္ဂိုလ်များ အကြောင်း .... .... ၂၇၆
၆၄-ရှင်တထောင်တို့ အကြောင်း .... .... .... ၂၈၀
၆၅-ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း .... .... ၂၈၇
၆၆•ရှင်သာရိပုတ္တရာ-ရှင်မောဂ္ဂလာန်တို့ အကြောင်း .... ၂၉၂
၆၇-ရှင်ကောဏ္ဍညမထေရ် ဇရေးအကြောင်း .... .... ၂၉၆
ရှင်ယသ ဇရေးအကြောင်း .... .... ၂၉၇
ရှင်တထောင်တို့ ဇရေးအကြောင်း .... .... ၂၉၈
၆၈-ရှင်ကောဏ္ဍညမထေရ် ပရိနိဗ္ဗာန် စံတော်မူခြင်း .... ၃၀၀
၆၉-ပိပ္ပလိလုလင်-မယ်ဘဒ္ဒါတို့ အကြောင်း .... .... ၃၀၃
၇၀-သုဒ္ဓေါဒနမင်းကြီး သား-ဘုရားကို ပင့်ခြင်း .... .... ၃၀၇
၇၁-ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း .... .... ၃၀၉
၇၂-ဗုဒ္ဓဝံသ ဒေသနာကို ဟောတော်မူခြင်း .... .... ၃၁၀
ခမည်းတော် မင်းကြီး တတိယအကြိမ် ရှိခိုးတော်မူခြင်း .... .... .... .... ၃၁၂
ယသောဓရာ တိုက်ခန်းသို့ ကြွတော်မူခြင်း .... ၃၁၅
၇၃-ညီတော်မင်းနန်-သားတော် ရာဟုလာတို့ အကြောင်း .... ၃၁၆
၇၄-ကောလိယမင်း-သာကီဝင်မင်းတို့ အကြောင်း .... ၃၁၈
၇၅-မဟာသမယသုတ်ကို ဟောတော်မူခြင်း .... .... ၃၂၁

**မာတိကာ။** **မျက်နှာနံပါတ်။**

၇၆-မိထွေးတော်ဂေါတမီ ဘိက္ခုနီသာသနာကို တောင်းပန်ခြင်း ၃၂၂
၇၇-ဘဒ္ဒိယ အနုရုဒ္ဓါ-စသော မင်းသားတို့ အကြောင်း .... ၃၂၃
၇၈-အနာထပိဏ် သူဌေးကြီး အကြောင်း .... .... ၃၂၆
၇၉-မြတ်စွာဘုရား သာဝတ္ထိပြည်သို့ ကြွတော်မူခြင်း .... ၃၂၉
၈၀-ဝေသာလီပြည်၌ ဘေးကြီး ၃-ပါး အကြောင်း .... ၃၃၀
၈၁-မဟာ ပဇာပတိ ဂေါတမီနှင့် သာကီဝင် မင်းသမီးများ
အကြောင်း .... .... .... .... ၃၃၃
၈၂-မဟောဒရ စူဠောဒရ နဂါးတို့ကို ဆုံးမတော်မူခြင်း .... ၃၃၅
၈၃-မြတ်စွာဘုရား တန်းခိုးပြာဋိဟာကို ပြတော်မူခြင်း .... ၃၃၈
၈၄-တာဝတိံသာ၌ အဘိဓမ္မာတရား ဟောတော်မူခြင်း .... ၃၄၄
၈၅-တာဝတိံသာမှ လူ့ပြည်သို့ ဆင်းသက်တော်မူခြင်း .... ၃၄၆
၈၆-သီဟိုဠ်ကျွန်းသို့ ကြွရန် နဂါးမင်း တောင်းပန်ခြင်း .... ၃၄၇
၈၇-မြန်မာနိုင်ငံသို့ မြတ်စွာဘုရား ကြွရောက်တော်မူခြင်း .... ၃၄၈
၈၈-ဃောသက သူဌေးကြီး အကြောင်း .... .... ၃၅၅
၈၉-သာမာဝတီ အကြောင်း .... .... .... ၃၆၃
၉၀ ဝါသုလဒတ္တာ မိဖုယား အကြောင်း .... .... ၃၆၅
၉၁-မာဂဏ္ဍီ အကြောင်း.... .... .... .... ၃၆၇
၉၂-ကောသမ္ဗီ သူဌေးကြီး ၃-ဦးတို့ အကြောင်း .... ၃၆၈
၉၃-မာဂဏ္ဍီ အသတ်ခံရခြင်း အကြောင်း .... .... ၃၇၀
၉၄-မြတ်စွာဘုရား ပလလည်းတော ဝါဆိုတော်မူခြင်း .... ၃၇၂
၉၅-ပလလည်းတောမှ ပြန်ကြွတော်မူခဲ့ခြင်း .... .... ၃၇၅
၉၆-မြတ်စွာဘုရား ဝေရဉ္ဇပြည်သို့ ကြွတော်မူခြင်း .... ၃၇၉
၉၇-ရှင်သုဒိန်၏ အကြောင်း .... .... .... ၃၈၀
၉၈-အာဠဝက ဘီလူးကို ဆုံးမတော်မူခြင်း .... .... ၃၈၂
၉၉-ရှင်အာနန္ဒာကို အလုပ်အကျွေး ထားတော်မူခြင်း .... ၃၈၉
၁၀၀-ကောသလမင်း စသည်တို့ အကြောင်း .... .... ၃၉၂

ပဥ္စမအုပ်-မာတိကာ ပြီး၏။




# ဝံသမေဒပကာသနီကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ပဏာမပုဗ္ဗကဂန္ထာရမ္ဘကို ပြခြင်း။

လောကနာထံ ဇိနံ နတွာ၊ ဝံသဆိန္နရိယာတောဂံ။
ပက်ဇံ ဗောဓနေယျာဟံ၊သုဒ္ဓဝံသဂတံ ဇုဒ္ဓံ။ ။
ဒိပက်ံ မေဒဝံသာနံ၊ ကရုဏာသိတလောဒဒ္ဓ။
စတုသစ္စံ ပကာသေန္တံ၊ မေဒဒေန္တံ ဝိနေယျံ ဝါ။ ။
တေန ဓမ္မဥ္စ သွာကျာတံ၊ အမလံ ဂဏာမုတ္တမံ။
ရစယိဿံ အဘာဝေန၊ ဝံသမေဒပကာသနိံ။ ။
သုတောသိနံ ဟိတတ္ထံ ဝါ၊ ဇနနာယ ပသာဒဒ္ဓ။
သံဝေဂံ ဝိဝိဓံ ဂန္တုံ၊အနုပဿိယ ပဿန္တု။ ။

အဟံ၊ ငါသည်။ လောကနာထံ၊ လူသုံးမျိုးတို့၏ ကိုးကွယ်ရာအစစ်လည်းဖြစ်ထသော။ ဝါ၊ လူသုံးမျိုးတို့၏ အကျိုးကို၊ သည်ပိုး မထောင့်၊ တောင့်တတော်မူထသော။ ဇိနံ၊ ဒေဝပုတ္တ၊ စသည်မကျန်၊ သူပုန်ရန်ကို၊ လေးတန် ညာဏ် မဂ်၊ ဝိန်သန်လျက်ဖြင့်၊ ငယ်ဖျက် ခုတ်ထွင်၊ အောင်မြင်တော်မူပြီးထသော။ ဝံသဆိန္နရိယာတောဂံ၊ ပုထုဇ္ဇန်၏အနွယ်ကို ဖြတ်၍

မြတ်သောအရိယာ၏ အနွယ်သို့ ရောက်တော် မူထသော။ ဗောဓနေယျ၊ မျက်မှောက်ဘဝ၊ ပစ္စက္ခ၌၊ ဓမ္မလေးဆင့်၊ သစ္စာပွင့်ကို၊ ပန်သင့်ပန်ထိုက်သော။ ပက်ဓံ၊ နေအရဏ်သင့်၊ ဒုမ္မာပွင့်သို့၊ နှိုင်းချင့်အတူ၊ သုံးဘုံသူကို။ ဝံသဆိန္နရိယာတောဂံ၊ ပုထုဇ္ဇနိ၏ အနွယ်ကိုဖြတ်၍ မြတ်သော အရိယာပုဂ္ဂိုလ်တို့၏အနွယ်သို့ ရောက်အောင် ဆောင်တော်မူထသော။ သုဒ္ဓဝံသဂတံ၊ မဟာသမ္မတ၊ မင်းမှစ၍၊ ခတ္တိယမျိုး၊ နွယ်အရိုးဖြင့်၊ ဘေး ဘိုးဘီ ဘင်၊မပြတ်ယှဉ်လျက်၊ သန့်စင်မြတ်ရှောင်း၊ နွယ်တော်ပေါင်းမှလည်း၊ ကောင်းစွာ လာတော်မူထသော။ ...

မေဒဝံသာနံ၊အာဆိပမာ၊ အရိယာတို့၏ အနွယ်တို့ကို။ဝါ၊အဆီအသွင် မဟာသမ္မတစသောမင်းတို့၏ အစဉ်တို့ကို။ ဒီပကံ၊ မှတ်ယူသာအောင် ပြဆောင်တော်မူထသော။ကရုဏာသီတလောဒ္ဓ၊ ဝေနေယျအများ၊ဒုက္ခ သားတို့ကို၊ သားတော်ရာဟု၊ ရွှေနှင်းဥနှင့်၊မြူနှမခြား၊ သနားတော်မူခြင်း မဟာကရုဏာတည်းဟူသော ချမ်းအေးသော ရေလည်းရှိတော် မူထသော။ ဝိနေယျံ-ဝိနေယျသာ၊သစ္စာလေးဆင့်၊ပန်းလေးပွင့်ကို၊ ပန်သင့်သောဝေနေယျအား။စတုသစ္စံ၊သစ္စာလေးဆင့်၊ပန်းလေးပွင့်ကို။ပကာသေန္တံ၊လက်ဝယ် တင်ထား၊ သီးနှစ်ရှားသို့၊ ပိုင်းခြား ထင်ထင်၊သိမြင်သာအောင်၊ပြဆောင် တော်မူထသော။ ဝါ၊ဝိနေယျံ-ဝိနေယျသာ၊ မဂ္ဂင်ရေချမ်း၊ မြူမသမ်းကို၊ စိတ်ချမ်း ရွှင်မြောက်၊ယူမဘောက်ဘဲ၊ သောက်သင့် သောက်ထိုက်သော ဝေနေယျအား။ မေဒဒေန္တံ၊ အဆီအသွင်၊ မဂ္ဂင်ရေ၊ မြူမမြွေးဖြင့်၊ တိုက်ကျွေး ပေထသော။ ဇုဒ္ဓ၊ မြတ်စွာဘုရားကိုရင်း။....

တေန၊ ထိုမြတ်စွာဘုရားသည်။ သွာကျာတံ၊ ကောင်းစွာ ဟောတော်မူအပ်သော။ ဓမ္မ၊ ဆယ်ပါးသော တရားတော်မြတ်ကိုရင်း။ အမလံ၊ အညစ်အကြေး ကင်းသော။ ဥတ္တမံ၊ နှုတ်အပ်ဖြိုးသော အဝိဇ္ဇာရှိသော။ ဂဏာ၊ ရှစ်ယောက်သော အရိယာသံဃာတော်မြတ် အပေါင်းကိုရင်း။ နတွာ-နမာမိ၊သဒ္ဓါရိုကျိုး။ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ အဘာဝေန၊ထိုသို့ ပဏာမ၊ ဗလဝကြောင့်၊ များလှအန္တရာယ်၊ စင်ကြယ်ကင်းဘိ၊ မစွမ်းငြိ သဖြင့်။....

သုတေသီနံ၊ သုတရှာမှီး၊သူတော်ကြီးတို့၏။ဟိတံတ္ထံ ဝါ၊အကျိုးငှါရင်း။ ပသာဒ၊ သဒ္ဓါတရားကိုရင်း။ သံဝေဂ၊ထိတ်လန့်ခြင်းကိုရင်း။ ဇနနာယ

ဝါ၊ ဖြစ်စေခြင်း၌ ၎င်း၊ ၆၆၈၊ အထူးထူး အပြားပြား များစွာသော။ ဂန္ထ၊ ဗုဒ္ဓဝင်, မဟာဝင် စသော ထိုထိုပါဠိ အဋ္ဌကထာ, ဋီကာကျမ်းကို။ အနုပဿိယ၊ အဘန်ဘန် ဉာဏ်ဖြင့် ကြည့်ရှု၍။ ဝံသမေဒပကာသနီ၊ **ဝံသမေဒပကာသနီ** အမည်ရှိသောကျမ်းကို။ဝါ၊သရဏာဂံရော,မေဓင်္ကရော, ဒီပင်္ကရာ စသောဘုရားရှင်တို့၏ အန္ဝယ်, မဟာသမ္မတစသောမင်းတို့၏ အန္ဝယ်ဟု ဆိုအပ်သောအဆီကို ပြရာပြကြောင်း ဖြစ်ခြင်းကြောင့် **ဝံသ မေဒ ပကာသနီ** အမည်ရှိသော ကျမ်းကို။ ရစယိဿံ၊စီရင်ပေအံ့။သုတေ သနာ၊ သုတၡာမြီး၊သူတော်ကြီးတို့သည်။ ပဿန္တု၊ကြည့်ရှု လေ့လာကြ ပါကုန်လော့။

---

## ၂-သုညကပ် အသုညကပ်စသည်ကို ပြခြင်း။

ဒုဝိဓော ကပ္ပေါ သုညကပ္ပေါ အသုညကပ္ပေါ စာတိ။
တတ္ထ သုညကပ္ပေ ဗုဒ္ဓပစ္စေကဗုဒ္ဓါ စက္ကဝတ္တိနော န
ဥပ္ပဇ္ဇန္တိ၊တသ္မာ ဂုဏဝန္တပုဂ္ဂလသုညတ္တာ သုညကပ္ပေါတိ
ဝုစ္စတိ။ ။

ဟူသော ဗုဒ္ဓဝင် အဋ္ဌကထာပါဠိ လာရှိသည်အားလျော်စွာ အကြင် ကပ်၌ ဘုရား,ပစ္စေကဗုဒ္ဓါ, စကြာမင်းဟု ဆိုအပ်သော သုံးယောက်သော ဂုဏဝန္တပုဂ္ဂိုလ်တို့တွင် တယောက်ယောက်မျှ မဖြစ်ကုန်။ ထိုကပ်ကို ထိုသုံးယောက်သော ဂုဏဝန္တပုဂ္ဂိုလ်တို့မှ ဆိတ်သောကြောင့် "သုည ကပ်"ဟူ၍ မှတ်ရမည်။ ။အကြင်ကပ်၌ ထိုဆိုအပ်ခဲ့ပြီးသော သုံးယောက် သော ဂုဏဝန္တပုဂ္ဂိုလ်တို့တွင် တယောက်ယောက်သည်၎င်း,သုံးယောက် လုံးသည်၎င်း ဖြစ်ကုန်အံ့။ ထိုကပ်ကို သုံးယောက်သော ဂုဏဝန္တပုဂ္ဂိုလ် တို့မှ မဆိတ်သောကြောင့် "အသုညကပ်"ဟူ၍ မှတ်ရမည်။

ဤအရာ၌ အချို့သော ဆရာတို့သည် ဘုရားပွင့်သော ကမ္ဘာ၌သာ ပစ္စေကဗုဒ္ဓါ, စကြာမင်းတို့သည် ဖြစ်ကုန်၏ဟု ယူကြကုန်၏။ ထိုဆရာ တို့၏ အယူသည် မသင့်။ ။အဘယ်ကြောင့်နည်းဟူမူကား။ ။"ဠတော ဒုတိယေ ကပ္ပေ၊ အဋ္ဌယော နာမ ခတ္တိယော" စသည်ဖြင့် အပဒါန် ပါဠိ တော်၌ ဥပါလိထေရ်အလောင်းသည် ဤဘဒ္ဒကပ် ကမ္ဘာမှ နှစ်ချမြောက် သော ကမ္ဘာ၌ အဋ္ဌယမင်းကြီး၏ စန္ဒနမည်သော သားတော်ဖြစ်၍ ဒေဝိလ

အမည်ရှိသော ပစ္စေကဗုဒ္ဓါကို ပြစ်မှားခဲ့ဘူးကြောင်းကို ဆိုသည်။ ဤဘဒ္ဒကပ် ကမ္ဘာမှ နှစ်ခုမြောက်သော ကမ္ဘာ၌လည်း ဘုရားပွင့်ကြောင်းကို ကျမ်းဂန်၌ မလာ။ ထို့ကြောင့်ပင်၊ အပဒါန်အဋ္ဌကထာ ဘဒ္ဒိယထေရသုတ် အဖွင့်တွင်လည်း "ဗုဒ္ဓသုညလောကေ ပဉ္စ ပစ္စေကဗုဒ္ဓသတာနိ စတူပဟိ ပစ္စယေဟိ ဥပဋ္ဌဟိတွာ" ဟူ၍ ဘုရားဆိတ်သောကမ္ဘာ၌ ငါးရာကုန်သော ပစ္စေကဗုဒ္ဓါတို့ကို လေးပါးသော ပစ္စည်းတို့ဖြင့် လုပ်ကျွေးကြောင်းကို လာသောကြောင့်ပင်၊ တိဏသန္ထာရကသုတ်တွင်လည်း။

ဣတော စ ဒုတိယေ ကပ္ပေ၊ မိဂသမ္မတခတ္တိယော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တိမဟဗ္ဗလော။ ။

ဟူ၍ ဤဘဒ္ဒကပ်ကမ္ဘာမှ နှစ်ခုမြောက်သောကမ္ဘာ၌ တိဏသန္ထာရကထေရ်အလောင်းသည် မိဂသမ္မတာ စကြာမင်းကြီး ဖြစ်ခဲ့ဘူးကြောင်းကို လာသည်။ ထို့ကြောင့်ပင် ဘုရားမပွင့်သော ကမ္ဘာ၌လည်း ပစ္စေကဗုဒ္ဓါ၊ စကြာမင်းတို့သည် ဖြစ်ကုန်၏ဟူ၍ မှတ်ရမည်။

သုညကမ္ဘာ, အသုညကမ္ဘာနှစ်ပါးတို့တွင် အသုညကမ္ဘာသည် "အသုညကပ္ပေါ ပဉ္စဝိဓော သာရကပ္ပေါ မဏ္ဍကပ္ပေါ ဝရကပ္ပေါ သာရမဏ္ဍကပ္ပေါ ဘဒ္ဒကပ္ပေါတိ" ဟူ၍ပင်၊ ဧကော ဗုဒ္ဓေါ သာရကပ္ပေ၊ မဏ္ဍကပ္ပေ ဇိနာ ဒုဝေ။ တယော ဗုဒ္ဓါ ဝရကပ္ပေ၊ သာရမဏ္ဍေ စတုရော ဗုဒ္ဓါ။ ။ ပဉ္စ ဗုဒ္ဓါ ဘဒ္ဒကပ္ပေ၊ တတော နတ္ထာဓိကာ ဇိနာ" ဟူ၍ပင် လာသော ပါဠိနှင့်အညီ ဘုရားတဆူပွင့်လျှင် သာရကပ်၊ နှစ်ဆူပွင့်လျှင် မဏ္ဍကပ်၊ သုံးဆူပွင့်လျှင် ဝရကပ်၊ လေးဆူပွင့်လျှင် သာရမဏ္ဍကပ်၊ ငါးဆူပွင့်လျှင် ဘဒ္ဒကပ်ဟူ၍ ငါးပါးအပြားရှိသည်ဟူ၍ မှတ်ရမည်။

---

## ၃-စိန္တိတံ သတ္တသင်္ချေယျံ စသော ဇင်းမယ်စကားကို အခိုင်အမာ မယူသင့်သည်ကို ပြခြင်း။

ဆရာအချို့တို့သည်။

စိန္တိတံ သတ္တသင်္ချေယျံ၊ နဝသင်္ချေယျဝါစကံ။
ကာယဝါစာ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ။ ။

ဟူသော ဂါထာအရ နန္ဒသင်္ချေ, သုနန္ဒသင်္ချေ, ပထဝီသင်္ချေ, မဏ္ဍသင်္ချေ, ဓရဏီသင်္ချေ, သာဂရသင်္ချေ, ပုဏ္ဍရီကသင်္ချေ၊ ဤခုနစ်သင်္ချေ တွင်း၌

ပွင့်တော်မူကြကုန်သော (၁၂၅၀၀၀) တသိန်း နှစ်သောင်း ငါးထောင် ကုန်သော ဘုရားရှင်တို့ထံ ငါတို့ဘုရားလောင်း စိတ်ဖြင့်ကြံ၍ ဘုရား ဆုကိုပန်သည်။ ။သဗ္ဗဘဒ္ဒသင်္ချေ, သဗ္ဗဖုလ္လသင်္ချေ, သဗ္ဗရတနသင်္ချေ, ဥသဘသင်္ချေ, ခန္ဓသင်္ချေ, မာနိသင်္ချေ, ဘဒ္ဒသင်္ချေ,ပဒုမသင်္ချေ, သဗ္ဗဖါလ သင်္ချေ၊ဤကိုးသင်္ချေတွင်း၌ပွင့်တော်မူကြကုန်သော(၃၈၇၀၀၀)သုံးသိန်း ရှစ်သောင်း ခုနစ်ထောင်ကုန်သော ဘုရားရှင်တို့ထံ ငါတို့ဘုရားလောင်း နှုတ်မြွက်၍ ဘုရားဆုကို တောင်းသည်ဟု ဆိုကြကုန်၏။ဝတ္ထု စကားပြေ တို့မှာလည်း ထိုအဓိပ္ပါယ်ကို အကျယ်ရေးသားလျက် ထားကြ ကုန်၏။ အရင်းကို စစ်သော် ဤ"စိတ္တေတံ သတ္တသင်္ချေယျံ" စသော ဂါထာစကား သည် ဇင်းမယ်ကဖြစ်သော သောတတ္တကီကျမ်းမှာသာ ရှိသည်။ ဒီဃ နိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒက နိကာယ်ဟု ဆိုအပ်သော နိကာယ်ငါးကျမ်း ပါဠိတော်၊ ထိုငါးကျမ်း၏ အဋ္ဌကထာ ဋီကာဂဏ္ဌိတို့၌ ဤ "စိတ္တေတံ သတ္တသင်္ချေယျံ"စသောဂါထာ စကားရပ်သည်၎င်း၊ ထိုဂါထာ၏ နေယျတ္ထနီတတ္ထဖြစ်သော အဓိပ္ပါယ် သည်၎င်း စိုးစဉ်းမတ္တမျှ မပါမရှိဖြစ်သည်။ ဇင်းမယ်ကဖြစ်သော ကျမ်း ဟူသမျှကိုလည်း ပါဠိ၊အဋ္ဌကထာတို့နှင့် မညီမညွတ် များသောကြောင့် ကျမ်းဂန်တတ် ဆရာကြီးတို့သည် အလေးအမြတ် ပြုတော်မမူကြကုန်။ ထို့ကြောင့် ဇင်းမယ်က ဖြစ်သော သောတတ္တကီကျမ်း၌ လာသော "စိတ္တေတံ သတ္တသင်္ချေယျံ"စသော ဂါထာစကားရပ်၏ အဓိပ္ပါယ်ကို အခိုင် အမာ မယူသင့်။

---

## ၄-အခိုင်အမာယူသင့်သော ကျမ်းတို့ကို ပြခြင်း။

ခုဒ္ဒကနိကာယ် ပါဠိတော်အဝင်အပါ ယသောဓရာထေရီ အပဒါန် ပါဠိတော်၌ လာဟန်ကား။

ပဉ္စကောဋိသတာ ဗုဒ္ဓါ၊နဝကောဋိ သတာနိ စ။
ဒေတေသံ ဒေဝဒေဝါနံ၊မဟာဒါနံ ပဝတ္တယိံ။
အဓိကာရံ ဗဟုံ မယှံ၊ မဟာရာဇ သုဏောဟိ မေ။ ။
ဧကာဒသ ကောဋိသတာ၊ဒွါဒသကောဋိသတာနိ။ဒေတေသံ။ပ။မေ။
ဝိသကောဋိသတာဗုဒ္ဓါ၊တိံသကောဋိသတာနိစ။ ဒေတေသံ။ပ။မေ၊

စတ္တာလီသ ကောဋိသတာ၊
ပဉ္စာသကောဋိသတာနိ။ ဧတေသံ။ ပ။ မေ။ ။
သဋ္ဌိကောဋိသတာ ဗုဒ္ဓါ၊
သတ္တတိကောဋိသတာနိ။ ဧတေသံ။ ပ။ မေ။ ။
အသီတိကောဋိသတာနိ စ၊
နဝုတိကောဋိသတာနိ။ ဧတေသံ။ ပ။ မေ။ ။
ကောဋိသတသဟဿာနိ၊
ဟောန္တိ လောကဂ္ဂနာယကာ။ ဧတေသံ။ ပ။ မေ။ ။
နဝကောဋိသဟဿာနိ၊
အပရေ လောကနာယကာ။ ဧတေသံ။ ပ။ မေ။ ။
ကောဋိသတသဟဿာနိ၊ ပဉ္စာသီတိသဟဿိနော။
ပဉ္စာသီတိကောဋိသတာ၊ သတ္တတိသတကောဋိယော။ ။
ဧတေသံ။ ပ။ မေ။ ။
ပစ္စေကဗုဒ္ဓါ ရတာရဂါ၊ အဋ္ဌသတကောဋိယော။
အဓိကာရံ ဗဟု မယှံ၊ မဟာရာဇ သုဏောဟိ မေ။ ။
ခီဏာသဝါ ဝီတမလာ၊ အသင်္ချေယျာ ဗုဒ္ဓသာဝကာ။
အဓိကာရံ ဗဟု မယှံ၊ မဟာရာဇ သုဏောဟိ မေ[၁]။ ။

ဟူ၍ လာသည်။

အဓိပ္ပါယ်ကား။ ။မြတ်သော ခမည်းတော်မင်းကြီး, ကုဋေငါးရာ၊ ကုဋေ ကိုးရာ၊ ကုဋေ တထောင့်တရာ၊ ကုဋေ တထောင့်နှစ်ရာ၊ ကုဋေ နှစ်ထောင်၊ ကုဋေ သုံးထောင်၊ ကုဋေ လေးထောင်၊ ကုဋေ ငါးထောင်၊ ကုဋေ ခြောက်ထောင်၊ ကုဋေ ခုနစ်ထောင်၊ ကုဋေ ရှစ်ထောင်၊ ကုဋေ ကိုးထောင်၊ ကုဋေ တသောင်း၊ ကုဋေတသိန်း၊ ကုဋေတသောင်းငါးထောင်၊ ကုဋေရှစ်ထောင့်ငါးရာ၊ ကုဋေတရာ့ခုနစ်ဆယ်၊ ဤ၍ ဤမျှကုန်သော ဘုရားရှင်တို့၏၎င်း၊ ကုဋေတရာ့ရှစ်ကုဋေကုန်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏၎င်း၊ မရေမတွက်နိုင်သော ခီဏာသဝ သာဝကတို့၏၎င်း အထံ၌ ကြီးစွာသော ဒါနကို ပြုဘူးလှပြီ။ ငါဘုရား၏ ဆုတောင်းခြင်းသည် များလှပြီဟု မြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို ဟောတော်မူ၏။ ။ဗုဒ္ဓအပဒါန်၌လည်း။

---

၁-ဤသာဓကပါဠိများမှာ ကျမ်းရင်းပါဠိတော်နှင့် အချို့ ကွဲလွဲလျက်ရှိသည်။

အဟာမ္ပိ ပုဗ္ဗဗုဒ္ဓေသု၊ ဗုဒ္ဓတ္တံ အဘိပတ္ထယိံ။
မနသာ ယေဝ ဟုတွာန၊ ဓမ္မရာဇာ အသင်္ချိယာ။ ။

ဟူ၍ လာသည်။

အဓိပ္ပါယ်ကား။ ။ငါဘုရားသည် ဘုရားဖြစ်လိုသော စိတ်ရှိသည်ဖြစ်၍ ရှေးဘုရားတို့၌ ဘုရားအဖြစ်ကို ဆုတောင်း ဘူး၏၊ ငါ ဆုတောင်းသော ဘုရားအပေါင်းကား မရေတွက်နိုင် ဟုလိုသည်။ ။ ထိုသို့ အပဒါန် ပါဠိတော်လာသည်ကို ထောက်လျှင် ငါတို့ ဘုရားအလောင်းတော်သည် ဒီပင်္ကရာ မြတ်စွာဘုရားထံ ဗျာဒိတ်မခံမီ ရှေးကာလ သံသာရ၌ ဘုရားဆုကို ပန်သည်ကား ကမ္ဘာမည်မျှ ဘုရားမည်မျှ ဟူ၍ အပိုင်းအခြား အမှတ်အသားမရှိလေ။ ဗျာဒိတ်ရပြီးနောက်မှသာ လေးသင်္ချေနှင့် ကမ္ဘာတသိန်းဟူ၍ အမှတ်အသားရှိသည်။ အလွယ်တကူ မှတ်ယူရန် ဝိဏ္ဏတ္တအဓိပ္ပါယ်ကား-ခပ်သိမ်းသော ဘုရားဆုပန် ဘုရားလောင်းဟူသမျှသည် အကြောင်း၍မျှ ကာလပတ်လုံး ဗျာဒိတ်ရခြင်း အင်္ဂါ ၈ ပါးနှင့် မပြည့်စုံသေး၍ ဗျာဒိတ်မခံရသေး။ ထို၍မျှကာလပတ်လုံး အပိုင်းအခြားမရှိသေးဟူ၍ မှတ်ရမည်။ အကြောင်းအခါ၌ ဗျာဒိတ်ရခြင်း၏ အင်္ဂါ ၈ ပါးနှင့် ပြည့်စုံ၍ ဗျာဒိတ်ခံရ၏။ ထိုဗျာဒိတ် ခံရပြီးနောက်မှသာလျှင် ထိုက်သည့်အားလျော်စွာ ကမ္ဘာအပိုင်းအခြား ရှိသည်ဟူ၍ မှတ်ရမည်။

---

## ၆-ဗျာဒိတ်ရပြီးနောက် ဘုရားဖြစ်အံ့သော အပိုင်းအခြားကာလကို ပြခြင်း။

အဘယ်သို့လျှင် ဗျာဒိတ်ခံပြီးနောက် အပိုင်းအခြားရှိသနည်း ဟူမူကား။ ။ခပ်သိမ်းသော ဘုရားလောင်း တို့သည်။

၁- ဥဂ္ဃဋိတညူ ဘုရားအလောင်း၊
၂- ဝိပဉ္စိတညူ ဘုရား အလောင်း၊
၃- နေယျ ဘုရားအလောင်း၊

ဟူ၍ သုံးပါးရှိသည်။ ထိုသုံးပါးတို့တွင်ဥဂ္ဃဋိတညူ ဘုရားလောင်းသည် ဗျာဒိတ်ရခြင်းအင်္ဂါ ၈ ပါးနှင့်ပြည့်စုံသည်ဖြစ်၍ဗျာဒိတ်ခံမည့်ရှိရာမြတ်စွာဘုရား မျက်မှောက်တော်၌ လေးပါဒရှိသောဂါထာ တရားဒေသနာကို

ကြားနာရလျှင် နှစ်ပါဒအဆုံး၌ ပဋိသမ္ဘိဒါလေးပါး အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ခြင်းငှါ စွမ်းနိုင်သော ဟေတုရှိလျှင် ထိုသူသည် အကယ်၍ သာဝကဗောဓိကို အလိုမရှိသည်ဖြစ်၍ ဘုရားဆုကို ထိုခဏ၌တောင်းငြားအံ့။ ထိုအခါ သဗ္ဗညုရှင်တော် ဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ဘုရားဖြစ်လတ္တံ့ဟု အပိုင်းအခြား ဗျာဒိတ်ထားတော်မူ၏။

ဝိပဉ္စိတညူဘုရားလောင်းသည် ဗျာဒိတ်ရခြင်းအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ ဗျာဒိတ်ခံမည့်ရှိရာမြတ်စွာဘုရားမျက်မှောက်တော်၌ လေးပါဒရှိသောဂါထာတရေးဒေသနာကိုကြားနာရလျှင် ဂါထာအဆုံး၌ပဋိသမ္ဘိဒါလေးပါး အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ရောက်ခြင်းငှါ စွမ်းနိုင်သော ဟေတုရှိလျှင် ထိုသူသည် အကယ်၍ သာဝကဗောဓိကို အလိုမရှိသည်ဖြစ်၍ ဘုရားဆုကို ထိုခဏ၌တောင်းငြားအံ့၊ ထိုအခါ သဗ္ဗညုရှင်တော်ဘုရားသည် ရှစ်သင်္ချေနှင့်ကမ္ဘာတသိန်းထက်၌ ဘုရားဖြစ်လတ္တံ့ဟု အပိုင်းအခြား ဗျာဒိတ်ထားတော်မူ၏။

နေယျဘုရားလောင်းသည်ဗျာဒိတ်ရခြင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည် ဖြစ်၍ ဗျာဒိတ်ခံမည့်ရှိရာ မြတ်စွာဘုရား မျက်မှောက်တော်၌ လေးပါဒ ရှိသောဂါထာ တရေးဒေသနာ၊ထိုဂါထာ၏ အနက်အဓိပ္ပါယ်ကို အကျယ် နာရသောအဆုံး၌ ပဋိသမ္ဘိဒါလေးပါး အဘိညာဉ် ခြောက်ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ခြင်းငှါ စွမ်းနိုင်သော ဟေတုရှိလျှင် ထိုသူသည် အကယ်၍ သာဝကဗောဓိကို အလိုမရှိသည်ဖြစ်၍ ဘုရားဆုကို ထိုခဏ၌ တောင်းငြားအံ့။ ထိုအခါ သဗ္ဗညုရှင်တော် ဘုရားသည် တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ဘုရား ဖြစ်လတ္တံ့ဟု အပိုင်းအခြား ဗျာဒိတ်ထားတော်မူ၏။

ဗျာဒိတ်မခံမီ ဘုရားဆုကို ပန်၍ပြုပြုသမျှ ဝိဝဋ္ဋနိဿိတကုသိုလ်ကိုကား ဗျာဒိတ်ရခြင်းအင်္ဂါရှစ်ပါးတွင် ဟေတု၌ သွင်းရလေသည်။ ။ ပါရမီခန်း၌လည်း။

**ရှည် တို ကျင့်ကြောင်း၊ ဘုရားလောင်းတို့၊ ဆုတောင်းသောစဉ်၊ ဉာဉ် ဝီရိ**
**ယာ၊ သဒ္ဒါဓိကာ၊ သုံးမည်ရ၍၊ ကာလသုံးကြိမ်၊ ကျွတ်ထောက်ချိန်လျက်၊ မုနိန**
**ရှင်တော်၊ မြွက်ဖော်လိုသို၊ နေခက်ကိုပိုင်းခြား၊ မိန့်သောအခါးဖြင့်၊ မှတ်သား**
**စေရန်းတံသားသစ်သည်။ ။သစ်သစ်ကုံကုံဘေသည်း။**

ဟူ၍ စပ်ဆိုတော်မူသည်။ ဤလက်ာ၌လည်း "နောက်ကို ပိုင်းခြား" ဆိုသဖြင့် ပညာဓိက, ဝီရိယာဓိက, သဒ္ဓါဓိက ဘုရားလောင်း သုံးပါးတို့ သည် ဗျာဒိတ်ရပြီးသော နောက်ကာလ၌သာ အပိုင်းအခြား အမှတ် အသားရှိသည်။ ဗျာဒိတ်မရမီ ရှေးအခါတို့၌ ဘုရားဆုကို ပန်၍ သံသရာမှာ ရှည်ကြာသော ကမ္ဘာအပိုင်းအခြားကား မရှိဟု ဗျတိရေက အဓိပ္ပါယ် ရသည်။

**ဤအရေးသည် ဇလွန်တရာ ခက်ခဲသော အရာဌာနဖြစ်၍ သတိပညာဖြင့် စဉ်းစား၍ မှတ်သားကြပါကုန်။**

---

## ၆-ဗျာဒိတ်ရခြင်း အင်္ဂါ ၈-ပါး။

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။
အဋ္ဌဓမ္မ သမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။ ။

ဟူသော ဂါထာနှင့်အညီ။

၁-လူလည်းဖြစ်စေ။
၂-ယောက်ျားလည်းဖြစ်စေ။
၃-အရဟတ္တဖိုလ်သို့ ရောက်လောက်သောအကြောင်းလည်းရှိစေ။
၄-သဗ္ဗညုမြတ်စွာဘုရားကို ဖူးတွေ့ရသည်လည်းဖြစ်စေ။
၅-ရသေ့,ရဟန်းလည်းဖြစ်စေ။
၆-ဈာန်အဘိညာဉ်နှင့်လည်း ပြည့်စုံသည်ဖြစ်စေ။
၇-အသက်ကိုစွန့်၍ ကုသိုလ်ကောင်းမှု ပြုသည်လည်းဖြစ်စေ။
၈-အားကြီးသော ဆန္ဒရှိသည်လည်းဖြစ်စေ။

ဤအင်္ဂါ ၈-ပါးနှင့်ပြည့်စုံလျှင် ဘုရားလောင်းတို့အား ဗျာဒိတ်ရ၏။

## ၇-ဗျာဒိတ်ရပြီး ဘုရားလောင်းတို့ မရောက်အပ်သော အရပ် ၁၈-ပါး။

ဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့ မရောက်အပ်သော အရပ် ၁၈-ပါးရှိသည်။ ။၁၈-ရပ်ပါး ဟူသည်ကား။

ဧဝံ သမိဒ္ဓါဘိနီဟာရော ဗောဓိသတ္တော ရူမာနိ အဋ္ဌာရသ အဘဗ္ဗဋ္ဌာနာနိ န ဥပေတိ။တတော ပဘုတိ န ဇစ္စန္ဓော၊ န ပဓိရော၊

န ဥမ္မတ္တကော၊ န ဧလမူဂေါ၊ န ပီဌသပ္ပိ၊ န မိလက္ခေသု ဥပ္ပဇ္ဇတိ၊
န ဒါသိကုစ္ဆိယာ ပဝတ္တတိ၊ န နိယတမိစ္ဆာဒိဋ္ဌိကော ဟောတိ။
န လိင်္ဂပရိဝတ္တိ၊ န ပဉ္စာနန္တရိယကမ္မာနိ ကရောတိ၊ န ကုဋ္ဌိ ဟောတိ၊
န တိရစ္ဆာနယောနိယံ ဝတကတော ပစ္ဆိမတ္တဘာဝေါ ဟောတိ၊
န ခုပ္ပိပါသိကနိဇ္ဈာမတဏှိကတာ ပေတေသု ဥပ္ပဇ္ဇတိ၊ န ကာလ
ကဉ္စိကာသုရေသု၊ န အဝီစိနိရယလောကန္တရိကေသု၊ ကာမာ
ဝစရေသု န မာရော၊ ရူပါဝစရေသု န အသညီဘာဝေ၊ န သုဒ္ဓါဝါသ
ဘဝေ ဥပ္ပဇ္ဇတိ၊ န အန္တိမဘာဝေသု၊ န အညစက္ကဝါဠံ သင်္ကမတိ။

ဟု သုတ္တနိပါတ် အဋ္ဌကထာတွင် လာသည်။

အဓိပ္ပါယ်ကား။ ။ဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့သည်။

၁-အမိဝမ်းမှ ကန်းသောသူမဖြစ်။
၂-အမိဝမ်းမှ နားပင်းသောသူမဖြစ်။
၃-ရူးသောသူမဖြစ်။
၄-အ-သောသူမဖြစ်။
၅-ဆွံ့သောသူမဖြစ်။
၆-ချင်း,ကရင်မျိုးကဲ့သို့ တောဖျားတောင်ခြေ နေသော မိလက္ခ။ အမျိုး၌မဖြစ်။
၇-ကျွန်မဝမ်း၌မဖြစ်။
၈-နိယတမိစ္ဆာဒိဋ္ဌိ မဖြစ်။
၉-ပုရိသအဖြစ်မှ မပြောင်း။
၁၀-ပဉ္စာနန္တရိယကံကို မပြု၊
၁၁-နူသောသူ မဖြစ်။
၁၂-တိရစ္ဆာန်အမျိုး၌ နှံစုတ်ငှက်အောက်ငယ်သော ကိုယ်ရှိသော တိရစ္ဆာန် မဖြစ်။
၁၃-ခုပ္ပိပါသိက ပြိတ္တာ၊ကာလကဉ္စိကအသုရာ အမျိုး၌ မဖြစ်။
၁၄-အဝီစိငရဲ၊လောကန္တရိက်ငရဲ၌ မဖြစ်။
၁၅-ကာမဘုံ၌ မာရ်နတ် မဖြစ်။
၁၆-ရူပဘုံတို့တွင် အသညသတ်-သုဒ္ဓါဝါသငါးဘုံတို့၌ မဖြစ်။

၁၇-အရူပဘုံ၌ မဖြစ်။

၁၈-တပါးသော စကြာဝဠာသို့ မပြောင်း။

ဤကား ဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့ မဖြစ်ထိုက်သည့် ၁၈-ဌာန တည်း။

## ၈-ငုံးအောက်ငယ်သော နှံစုတ်ငှက် ဖြစ်ဘူးသည်ကို ပြခြင်း။

ဤ ၁၈-ဌာနတွင် "ဝတကတော" ဟူသောပါဌ်ကို"ငုံးအောက်"ဟု အနက်ယောဇနာ၍ ငုံးအောက် ငယ်သော သတ္တဝါမဖြစ်ဟု အပြောအဟော များကြကုန်၏။ ဇာတ်နိပါတ်တို့၌လည်း နှံစုတ်ငှက် ဖြစ်ဘူးကြောင်းကို လာသည်။ နှံစုတ်ငှက်ဆိုသည်လည်း ငုံးအောက် ငယ်ပြန်သည်။ ထို့ကြောင့် ဝတက-သဒ္ဒါကို ငုံးဟူ၍ အနက် ယောဇနာရာ၌ ဆင်ခြင်ရန်ရှိသည်။ငုံးဟော "ဝဋ္ဋ" နှံစုတ်ငှက်ဟော "ဝတက"ဟု ကြံ၍ "ဝတကတော၊ နှံစုတ်ငှက်အောက်"ဟု ယောဇနာချင် သင့်ကြောင်းကို ဆရာကြီးတို့ ဆုံးဖြတ်၏။

## ၉-တနည်း မရောက်အပ်သော ဌာနတို့ကို ပြခြင်း။

ဗုဒ္ဓဝင်အဋ္ဌကထာ၌ကား။

အဝီစိမှိ နုပ္ပဇ္ဇန္တိ၊ တထာ လောကန္တရေသု စ။
နိဇ္ဈာမတဏှာ ခုပ္ပိပါသာ၊ န ဟောန္တိ ကာလကဉ္စိကာ။ ။
န ဟောန္တိ ခုဒ္ဒကာ ပါဏာ၊ ဥပ္ပဇ္ဇန္တာပိ ဒုဂ္ဂတိံ။
ဇာယမာနာ မာနုသေသု၊ ဇစ္စန္ဓာ န ဘဝန္တိ တေ။ ။
သောတဝေကလ္လတာ နတ္ထိ၊ န ဘဝန္တိ မူဂပက္ခိကာ။ ။
ဣတ္ထိဘာဝံ န ဂစ္ဆန္တိ၊ ဥဘတောဗျဉ္ဇနပဏ္ဍကာ။ ။
န ဘဝန္တိ ပရိယာပန္နာ၊ ဗောဓိယာ နိယတာ နရာ။
မုတ္တာ အာနန္တရိကေဟိ၊ သဗ္ဗတ္ထ သုဒ္ဓဂေါစရာ။ ။
မိစ္ဆာဒိဋ္ဌိံ န သေဝန္တိ၊ ကမ္မကိရိယဒဿနာ။
ဝသမာနာပိ သဂ္ဂေသု၊ အသညေ နုပပဇ္ဇရေ။ ။
သုဒ္ဓါဝါသေသု ဒေဝေသု၊ ဟေတု နာမ န ဝိဇ္ဇတိ။
နေက္ခမ္မနိန္နာ သပ္ပုရိသာ၊ ဝိသံယုတ္တာ ဘဝါဘဝေ။
စရန္တိ လောကတ္ထစရိယာယော၊ ပူရေန္တိ သဗ္ဗပါရမီ။ ။
တေ အာနိသံသေ အဘိဂတ္တာဝ အာဂတော၊

ဟူ၍ မိန့်တော်မူ၏။

အဓိပ္ပါယ်ကား။ ။ဗျာဒိတ် ရပြီးသော ဘုရားလောင်း တို့သည် အဝီစိ၌ မဖြစ်၊ လောကန္တရိက်ငရဲ၌ မဖြစ်၊ ခုပ္ပိပါသနိဇ္ဈာမတဏှိကပြိတ္တာ မဖြစ်၊ ကာလကဉ္စိက အသုရာမဖြစ်၊ ငယ်သောသတ္တဝါ မဖြစ်၊ သူကန်း မဖြစ်၊ နားပင်းသူ- သူအ- သူဆွံ့ မဖြစ်၊ မိန်းမ- ဥဘတောဗျည်း- နပုန်း ပဏ္ဍုက်မဖြစ်၊ အနန္တရိယကံကို မပြု၊ အသညသတ်ဘုံ-သုဒ္ဓါဝါသဘုံတို့၌ မဖြစ်။ ။ဤကား ဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့ မဖြစ်ထိုက်သော သဘော၊ မရောက်အပ်သော ဌာနတို့တည်း။ ။နဝနိပါတ် ဟာရိတဇာတ်၌ကား။

ဗောဓိသတ္တဿ ဟိ ကေဠွေ ပါဏာတိပါတာ အဒိန္နာဒါန
ကာမေသုမိစ္ဆာစာရာ သုရာမေရယမဇ္ဇပါနံ ဟောတိ ယေဝ၊
အတ္ထဘေဒဝိသံဝါဒနံ ပုရက္ခိတွာ မုသာဝါဒေါ နာမ န ဟောတိ။

ဟူ၍ ဘုရားလောင်းတို့မည်သည် မုသားမဆိုကြောင်းကိုလည်း မိန့်တော်မူ၏။

အနက်ကား။ ။ဟိ၊ ထိုစကားသင့်စွ။ ဗောဓိသတ္တဿ၊ ဗျာဒိတ်ရပြီးသော ဘုရားလောင်းအား။ ကေဠွေ၊ အချို့သော ဘဝ၌။ ပါဏာတိပါတ အဒိန္နာဒါန ကာမေသု မိစ္ဆာစာရော၊ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ သူ့သားအိမ်ရာကို ပြစ်မှားခြင်းသည်၎င်း။ သုရာမေရယမဇ္ဇပါနံ၊ သေအရက်ကို သောက်ခြင်းသည်၎င်း။ ဟောတိ ယေဝ၊ ဖြစ်သေး၊ လွန်ကျူးမိသေးသည်သာလျှင်တည်း။ အတ္ထဘေဒဝိသံဝါဒနံ၊ သူတပါး အကျိုးစီးပွါးပျက်လောက်အောင် ချွတ်ယွင်းခြင်းကို။ ပုရက္ခိတွာ၊ ရှေးရှု၍။ မုသာဝါဒေါ နာမ၊ ချွတ်ယွင်းဖေါက်ပြန်၊ မမှန်သောစကားကို ဆိုခြင်းမည်သည်။ န ဟောတိ၊ မဖြစ်သည်သာလျှင်တည်း။

ထို့ကြောင့် မဟုတ်လော၊ ဟာရိတစ ရှင်ရသေ့သည် မိဘုရားကြီးနှင့် ကာမေသုမိစ္ဆာစာရကံ အတန်တန်ကို လွန်ကျူး ကျော်နင်းမိပြီးနောက် မင်းကြီး ရောက်လာသောအခါ သာယာစွာ မေးစိစစ်လျှင် အပြစ်အား လျော်စွာ ငါ၏အသက်ပင် သေစေကာ၊ မုသာဝါဒကို မဆိုပြီဟု ဟုတ်မှန်သောအတိုင်း လွန်ကျူး ကျော်နင်းမိကြောင်းကို ဆိုတော်မူလေသည်။

## ၁၀-ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်အပ်သော ဓမ္မတာ သုံးဆယ်။

ခပ်သိမ်းသောဘုရားရှင်တို့ မစွန့်အပ်သော ဓမ္မတာကား သုံးဆယ်တည်း။ သုံးဆယ်ဟူသော်ကား။

သဗ္ဗဗုဒ္ဓါနံ သမတိံသာပိ ဓမ္မတာ။ သေယျထိဒံ၊ ပစ္ဆိမဘဝိကဗောဓိသတ္တဿ သမ္ပဇာနဿ မာတုကုစ္ဆိဩက္ကမနံ၊ မာတုကုစ္ဆိယံ ပလ္လင်္ကေန နိသီဒိတွာ ဗဟိမုခေါလောကနံ၊ ဌိတာယ ဗောဓိသတ္တမာတုယာ ဝိဇာယနံ၊ အရညေ ယေဝ မာတုကုစ္ဆိတော နိက္ခမနံ၊ ကဉ္စနပဋ္ဋေ သုပတိဋ္ဌိတပါဒါနံ ဥတ္တရာဘိမုခါနံ သတ္တပဒဝီတိဟာရကရဏံ စတုဒ္ဒိသံ ဩလောကေတွာ သီဟနာဒနဒနံ၊ စတ္တာရိ နိမိတ္တာနိ ဒိသွာ ဇာတမတ္တာနံ ပုတ္တာနံ မဟာဘိနိက္ခမနံ၊ အရဟတ္တဒ္ဓဇမာဒါယ ပဗ္ဗဇိတွာ သဗ္ဗဟေဋ္ဌိမေန ပရိစ္ဆေဒေန သတ္တာဟံ ပဓာနစရိယာ၊ သမ္ဗောဓိပါပုဏနဒိဝသေ ပါယာသဘောဇနံ၊ တိဏာသန္ထာရေနိသီဒိတွာ သဗ္ဗညုတညာဏာဓိဂမော၊ အာနာပါနကမ္မဋ္ဌာနပရိကမ္မံ။ ။

မာရဗလဝိဒ္ဓံသနံ၊ ဗောဓိပလ္လင်္ကေ ယေဝ တိဿော ဝိဇ္ဇာ အာဒိံ ကတွာ အသာဓာရဏဉာဏာဒိဂုဏပဋိလာဘော၊ သတ္တသတ္တာဟံ ဗောဓိသမီပေ ယေဝ ဝီတိနာမနံ၊ မဟာဗြဟ္မုနော ဓမ္မဒေသနတ္ထာယ အာယာစနံ၊ ဣသိပတနေ မိဂဒါယေ ဓမ္မစက္ကပဝတ္တနံ မာဃပုဏ္ဏမာယံ စတုရင်္ဂိကသန္နိပါတေ ပါတိမောက္ခုဒ္ဒေသော၊ ဇေတဝနေ နိဗဒ္ဓဝါသော၊ သာဝတ္ထိနဂရဒွါရေ ယမကပါဋိဟာရိယကရဏံ၊ တာဝတိံသဘဝနေ အဘိဓမ္မဒေသနာ၊ သင်္ကဿနဂရဒွါရေ ဒေဝလောကတော ဩတရဏံ။ ။

သတ္တာဟံ ဖလသမာပတ္တိသမာပဇ္ဇနံ၊ ဒွိသု ဌာနေသု ဝေနေယျဇနာဝလောကနံ၊ ဥပ္ပန္နေ ဝတ္ထုသ္မိံ သိက္ခာပဒပညာပနံ၊ အဋ္ဌုပ္ပတ္တိယာ ဇာတကကထနံ၊ ဉာတိသမာဂမေ ဗုဒ္ဓဝံသကထနံ၊ အာဂန္တုကေဟိ ဘိက္ခူဟိ ပဋိသန္ထာရကရဏံ၊ နိမန္တိတာနံ ဝုဋ္ဌဝဿာနံ အနာပုစ္ဆာဂမနံ၊ ဒိဝသေ ဒိဝသေ ပုရေဘတ္တ ပစ္ဆာဘတ္တ ပဌမယာမ မဇ္ဈိမယာမ ပစ္ဆိမယာမ ကိစ္စံ၊ ပရိနိဗ္ဗာနဒိဝသေ မံသရသ

ဘောဇနံ၊ ကောဋိသတသဟဿိယော သမာပတ္တိယော သမာ ပဇ္ဇိတွာ ပရိနိဗ္ဗာနန္တိ ၁။ ။ဗုဒ္ဓဝင်အဋ္ဌကထာ။ ။

အဓိပ္ပါယ်ကား။ ။ခပ်သိမ်းသော ဘုရားလောင်းတို့အား။

၁-သတိပညာနှင့် မယ်တော်၏ဝမ်းသို့ သက်ခြင်း။

၂-မယ်တော်၏ဝမ်း၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် ပြင်သို့ မျက်နှာမူခြင်း။

၃-ဘုရားလောင်း မယ်တော် ရပ်လျက်ဖွားတော်မူခြင်း။

၄-တောအရပ်၌ ဖွားတော်မူခြင်း။

၅-ဖွားတော်မူပြီးသော ဘုရားလောင်းအား ရွှေပြား၌ မြောက် အရပ်သို့ ရှေးရှုခုနစ်ဖဝါး နင်းသွားတော်မူပြီးလျှင် အဂ္ဂေါဟ မသ္မိ လောကဿ-စသည်ဖြင့် ကြွေးကြော်တော်မူခြင်း။

၆-လေးပါးသော နိမိတ်တို့ကိုမြင်၍ သားတော်တယောက်ရမှ တောထွက်တော်မူခြင်း၊

၇-အရဟတ္တဓဇ်၏ တမ်းခွန်ဖြစ်သော သင်္ကန်းဖြင့် ရှင်ရဟန်း ပြုတော်မူလျက် အယုတ်ဆုံး၊ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်ခြင်း၊

၈-ဘုရားဖြစ်သောနေ့၌ နို့ဃနာဆွမ်းကို ဘုဉ်းပေးသုံးဆောင် တော်မူခြင်း။

၉-မြက်အခင်း၌ နေ၍ သဗ္ဗညုတဉာဏ်ကို ရတော်မူခြင်း။

၁၀-အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူခြင်း။

၁၁-မာရ်စစ်သည် အပေါင်းတို့ကို ထောင်းထောင်း ညက်ညက် ပယ်ဖျက်တော်မူနိုင်ခြင်း။

၁၂-ဗောဓိပင်ရွှေပလ္လင်၌သာလျှင် သုံးပါးသောဝိဇ္ဇာတို့ကို အစပြု၍ အသာဓာရဏဉာဏ်စသော ဂုဏ်တော်ကို ရတော်မူခြင်း။

၁၃-ခုနစ်ရက် ခုနစ်လီ ဗောဓိပင်၏အနီး၌သာ သီတင်းသုံး နေတော် မူခြင်း။

၁၄-မဟာဗြဟ္မာကြီးတို့၏ တရားဟောကြောင်း တောင်းပန်ခြင်း။

၁-၌သာကေပါဠိများမှာ ကျမ်းရင်းအဋ္ဌကထာနှင့် စချို့ ကွဲလွဲလျက်ရှိသည်။

၁၅-ရှသိပတနအမည်ရှိသော မိဂဒါဝုန်တော၌ ဓမ္မစကြာတရားတော်ကို ဟောတော်မူခြင်း။

၁၆-တပို့တွဲလပြည့်နေ့၌ အင်္ဂါလေးပါးနှင့် ပြည့်စုံသော အစည်းအဝေးတွင် ဥပုသ်ပြုတော်မူခြင်း။

၁၇-ဇေတဝန်ကျောင်းတော်၌ အမြဲနေတော်မူခြင်း။

၁၈-သာဝတ္ထိမြို့တံခါး၌ များစွာသော ယမကပါဋိဟာရိယ တန်ခိုးပြာဋိဟာကို ပြတော်မူခြင်း။

၁၉-တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဟောတော်မူခြင်း။

၂၀-သင်္ကဿနဂိုရ်မြို့တံခါး၌ နတ်ပြည်မှ သက်တော်မူခြင်း။

၂၁-ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ကို ဝင်စားတော်မူခြင်း။

၂၂-နံနက်တခါ, ညတခါဟု ဆိုအပ်သော နှစ်ပါးသောကာလတို့၌ ဝေနေယျတို့ကို ကြည့်ရှုတော်မူခြင်း။

၂၃-ဝတ္ထုဖြစ်သောအခါ သိက္ခာပုဒ်တော်ကို ပညတ်တော်မူခြင်း။

၂၄-အကြောင်း အဖွဲ့ပွတ် ပေါ်လာသောအခါ ဇာတ်တော်ကို ဟောတော်မူခြင်း။

၂၅-ဆွေတော်မျိုးတော် အစည်းအဝေး၌ ဗုဒ္ဓဝင်ကို ဟောတော်မူခြင်း။

၂၆-အာဂန္တုကရဟန်းတို့နှင့် အစေ့အစပ်စကား ပြောဟောတော်မူခြင်း။

၂၇-ဝါမှ ထသောအခါ ဘိတ်မန်သော ဒါယကာတို့အား မပန်မကြားဘဲ သွားတော်မမူခြင်း။

၂၈-နေ့တိုင်းနေ့တိုင်း ပုရေဘတ္တကိစ္စ, ပစ္ဆာဘတ္တကိစ္စ, ပုရိမယာမကိစ္စ, မဇ္ဈိမယာမကိစ္စ, ပစ္ဆိမယာမကိစ္စ ဟု ဆိုအပ်ကုန်သော ဗုဒ္ဓကိစ္စငါးရပ်တို့ကို မပြတ်ပြုတော်မူခြင်း။

၂၉-ပရိနိဗ္ဗာန် စံတော်မူသောနေ့၌ သားပြွမ်းဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူခြင်း။

၃၀-ကုဋေတသိန်း သမာပတ်တို့ကို ဝင်စား၍ ပရိနိဗ္ဗာန်စံတော်မူခြင်း။ ။ပေါင်း ဓမ္မတာသုံးဆယ်။

## ၁၁-ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်အပ်သော အရပ် လေးပါး။

ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်အပ်သည့် အရပ်ကား လေးပါး တည်း။လေးပါးဟူသော်ကား။

သဗ္ဗဗုဒ္ဓါနံ ပန စတ္တာရိ အဝိဇဟိတဋ္ဌာနာနိ ဟောန္တိ၊ သဗ္ဗ ဗုဒ္ဓါနံ ဟိ ဗောဓိပလ္လင်္ကော,အဝိဇဟိတော,တေသ္မိံ ယေဝဌာနေ အဟောသိ၊ဓမ္မစက္ကပဝတ္တနံ ဣသိပတနေ မိဂဒါယေ,အဝိဇဟိတ မေဝ ဟောတိ၊ ဒေဝေါရောဟနကာလေ သင်္ကဿနဂရဒွါရေ ပဌမပါဒဋ္ဌာနံ အဝိဇဟိတမေဝ ဟောတိ၊ဇေတဝနေ ဂန္ဓကုဋိယာ စတ္တာရိ မဉ္စပါဒဋ္ဌာနာနိ အဝိဇဟိတာနေဝ ဟောန္တိ။ ဝိဟာရော ပန ခုဒ္ဒကောပိ မဟန္တောပိ ဟောတိ၊ ဝိဟာရောပိ န ဝိဇဟိတ မေဝ။ နဂရံ ပန ဝိဇဟတိ။ ။သုတ်မဟာဝါ အဋ္ဌကထာ။

အဓိပ္ပါယ်ကား၊

၁-ဗောဓိပင်နှင့် ပလ္လင်တော်ရာ။

၂-ဓမ္မစကြာတရားကို ဟောတော်မူရာ မိဂဒါဝုန်တော။

၃-တာဝတိံသာ နတ်ပြည်မှ သက်သောအခါ သင်္ကဿနဂိုရ်မြို့တံခါး၌ ပဌမစောင်းတန်း ခြေချရာအရပ်။

၄-ဇေတဝန် ကျောင်းတော် ဂန္ဓကုဋိ၌ ညောင်စောင်း ခြေလေး ချောင်းတည်ရာ။

ဤလေးဌာနကား ဘုရားရှင်တို့ မစွန့်အပ်သည့် အရပ်လေးပါးတည်း။

---

## ၁၂-ခပ်သိမ်းသော ဘုရားတကာတို့ မတူ ထူးခြားသော ဝေမတ္တ ရှစ်ပါး။

ခပ်သိမ်းသော ဘုရားတကာတို့ မတူ ထူးခြားသော ဝေမတ္တတို့ကား ရှစ်ပါးတည်း။ရှစ်ပါးဟူသော်ကား။

အာယုဝေမတ္တံ၊ပမာဏဝေမတ္တံ၊ကုလဝေမတ္တံ၊ပဓာနဝေမတ္တံ၊ ရသ္မိဝေမတ္တံ၊ယာနဝေမတ္တံ၊ ဗောဓိဝေမတ္တံ၊ပလ္လင်္ကဝေမတ္တံ။

၁။ ။တတ္ထ အာယုဝေမတ္တံ နာမ ကေစိ ဒီဃာယုကာ ဟောန္တိ၊ကေစိ အပ္ပါယုကာ။ တထာ ဟိ ဒီပင်္ကရော, ကောဏ္ဍညော, အနောမ

ဒဿီ, ပဒုမော, ပဒုမုတ္တရော, အတ္ထဒဿီ, ဓမ္မဒဿီ, သိဒ္ဓတ္ထော, တိဿောတိ နဝ ဗုဒ္ဓါ ဝဿသတသဟဿာယုကာ အဟေသုံ။ မင်္ဂလော, သုမနော, သောဘိတော, နာရဒေါ, သုမေဓော, သုဇာတော, ပိယဒဿီ, ဖုဿောတိ ဣမေ အဋ္ဌဗုဒ္ဓါ နဝုတိဝဿသဟဿာယုကာ အဟေသုံ။ ရေဝတော,ဝေဿဘူစာတိ ဣမေ ဒွေ ဗုဒ္ဓါ သဋ္ဌိဝဿသဟဿာယုကာ အဟေသုံ။ဝိပဿီ ဘဂဝါ အသီတိဝဿသဟဿာယုကော အဟောသိ။ သိခီ, ကကုသန္ဓော, ကောဏာဂမနော, ကဿပေါတိ ဣမေ စတ္တာရော ဗုဒ္ဓါ ယထာက္ကမေန သတ္တတိ စတ္တာလီသ တိံသ ဝီသသဟဿာယုကာ အဟေသုံ။အမှာကံ ပန ဘဂဝတော ဝဿသတံ အာယုပ္ပမာဏံ အဟောသိ။ အယံ ပဉ္စဝီသတိယာ ဗုဒ္ဓါနံ အာယုဝေမတ္တံ နာမ။

၂။ ။ပမာဏဝေမတ္တံ နာမ ဧဝံ ကေစိ ဒီဃာ ဟောန္တိ ကေစိ ရဿာ။ တထာ ဟိ ဒီပင်္ကရ, ရေဝတ, ပိယဒဿီ, အတ္ထဒဿီ, ဓမ္မဒဿီ, ဝိပဿီဗုဒ္ဓါနံ အသီတိဟတ္ထုဗ္ဗေဓံ သရီရပ္ပမာဏံ အဟောသိ။ ကောဏ္ဍည, မင်္ဂလ, နာရဒ, သုမေဓာနံ အဋ္ဌာသီတိဟတ္ထုဗ္ဗေဓော ကာယော အဟောသိ။ သုမနဿ နဝုတိဟတ္ထုဗ္ဗေဓံ သရီရံ အဟောသိ။ သောဘိတ, အနောမဒဿီ, ပဒုမ, ပဒုမုတ္တရ,ဖုဿ ဗုဒ္ဓါနံ အဋ္ဌပဏ္ဏာသဟတ္ထုဗ္ဗေဓံ သရီရံ အဟောသိ။ သုဇာတော ပဏ္ဏာသဟတ္ထုဗ္ဗေဓသရီရော အဟောသိ။ သိဒ္ဓတ္ထ, တိဿ, ဝေဿဘုနော သဋ္ဌိဟတ္ထုဗ္ဗေဓာ အဟေသုံ။ သိခီ သတ္တတိ ဟတ္ထုဗ္ဗေဓော အဟောသိ။ ကကုသန္ဓ, ကောဏာဂမန,ကဿပါ ယထာက္ကမေန စတ္တာလီသ တိံသ ဝီသ ဟတ္ထုဗ္ဗေဓာ အဟေသုံ။ အမှာကံ ဘဂဝါ အဋ္ဌာရသဟတ္ထုဗ္ဗေဓော အဟောသိ။ အယံ ပဉ္စဝီသတိယာ ဗုဒ္ဓါနံ ပမာဏဝေမတ္တံ နာမ။

၃။ ။ကုလဝေမတ္တံ နာမ ကေစိ ခတ္တိယကုလေ နိဗ္ဗတ္တိံသု၊ ကေစိ ဗြာဟ္မဏကုလေ၊ ကကုသန္ဓ, ကောဏာဂမန, ကဿပသမ္မာသမ္ဗုဒ္ဓါ ဗြာဟ္မဏကုလေ နိဗ္ဗတ္တိံသု၊ ဒီပင်္ကရာဒိဂေါတမဗုဒ္ဓပရိယန္တာ ဧကဝီသတိ ဗုဒ္ဓါ ခတ္တိယကုလေ နိဗ္ဗတ္တိံသု။ အယံ ပဉ္စဝီသတိယာ ဗုဒ္ဓါနံ ကုလဝေမတ္တံ နာမ။

၄။ ။ပဓာနဝေမတ္တံ နာမ ဒီပင်္ကရ, ကောဏ္ဍည, သုမန, အနောမဒဿီ,
သုဇာတ, သိဒ္ဓတ္ထ, ကကုသန္ဓာနံ ဒသမာသိကာ ပဓာနစရိယာ၊
မင်္ဂလ,သုမေဓ,တိဿ, သိခီနံ အဍ္ဎမာသိကာ၊ ရေဝတဿ သတ္တ
မာသိကာ၊သောဘိတဿ စတ္တာရော မာသာ၊ ပဒုမ, အတ္ထဒဿီ,
ဝိပဿီနံ အဍ္ဎမာသိကာ၊ နာရဒ, ပဒုမုတ္တရ, ဓမ္မဒဿီ, ကဿပါနံ
သတ္တာဟံ၊ ပိယဒဿီ, ဖုဿ, ဝေဿဘူ, ကောဏာဂမနာနံ
ဆမာသိကာ၊ အမှာကံ ဗုဒ္ဓဿ ဆဗ္ဗဿာနိ ပဓာနစရိယာ
အဟောသိ။ အယံ ပဓာနဝေမတ္တံ နာမ။

၅။ ။ရသ္မိဝေမတ္တံ နာမ မင်္ဂလဿ ကိရ သမ္မာသမ္ဗုဒ္ဓဿ သရီရရသ္မိ
ဒသသဟဿိလောကဓာတုံ ဖရိတွာ အဋ္ဌာသိ၊ ပဒုမုတ္တရဗုဒ္ဓဿ
ဒွါဒသ ယောဇနိကာ အဟောသိ။ ဝိပဿိဿ ဘဂဝတော
သတ္တယောဇနိကာ အဟောသိ။ သိခိဿ တိယောဇနပ္ပမာဏာ၊
ကကုသန္ဓဿ ဒသယောဇနိကာ၊ အမှာကံ ဘဂဝတော သမန္တာ
တော ဗျာမပ္ပဘာပမာဏာ၊ သေသာနံ အနိယတာ အဟောသိ။
အဇ္ဈာသယပဋိဗဒ္ဓါ၊ယော ယတ္တကံ ဣစ္ဆတိ၊တဿ သရီရပ္ပဘာ
တတ္တကံ ဖရတိ၊ ပဋိဝိဒ္ဓဂုဏေ ပန ကာသစိ ဝေမတ္တံ နာမ နတ္ထိ။
အယံ ရသ္မိဝေမတ္တံ နာမ။

၆။ ။ယာနဝေမတ္တံ နာမ ကောစိ ဟတ္ထိယာနေန ကောစိ အဿယာနေန
ကောစိ ရထ ပဒ ပါသာဒ သိဝိကာဒီသု အညတရေန နိက္ခမန္တိ။
တတ္ထ ဟိ ဒီပင်္ကရ, သုမန, သုမေဓ,ဖုဿ,သိခီ,ကောဏာဂမနာ
ဟတ္ထိယာနေန နိက္ခမိံသု၊ ကောဏ္ဍည, ရေဝတ, ပဒုမ,ပိယဒဿီ,
ဝိပဿီ,ကကုသန္ဓာ ရထယာနေန၊ မင်္ဂလ, သုဇာတ, အတ္ထဒဿီ,
တိဿ, ဂေါတမာ အဿယာနေန၊ အနောမဒဿီ, သိဒ္ဓတ္ထ,
ဝေဿဘူနော သိဝိကာယာနေန၊ နာရဒ, ဓမ္မဒဿီ, သောဘိတ,
ပဒုမုတ္တရ,ကဿပါ ပါသာဒေန။အယံ ယာနဝေမတ္တံ နာမ။

၇။ ။ဗောဓိဝေမတ္တံ နာမ ဒီပင်္ကရဿ ဘဂဝတော ပိပ္ပလိရုက္ခော၊
ကောဏ္ဍညဿ ဘဂဝတော သာလကလျာဏိရုက္ခော၊ မင်္ဂလ,
သုမန, ရေဝတ, သောဘိတာနံ နာဂရုက္ခော၊ အနောမဒဿိဿ
အဇ္ဇုနရုက္ခော၊ ပဒုမ,နာရဒါနံ မဟာသောဏရုက္ခော၊ ပဒုမုတ္တ
ရဿ သလဠရုက္ခော၊ သုမေဓဿ နိမ္ဗော၊ သုဇာတဿ ဝေဠု၊

ပိယဒဿိနော ကကုဓော၊ အတ္ထဒဿိဿ စမ္ပကရုက္ခော၊ ဓမ္မဒဿိဿ ရတ္တကုရဝရုက္ခော၊ သိဒ္ဓတ္ထဿ ကဏိကာရရုက္ခော၊ တိဿဿ အသနရုက္ခော၊ ဖုဿဿ အာမလကရုက္ခော၊ ဝိပဿိဿ ပါဋလိရုက္ခော၊ သိခိဿ ပုဏ္ဍရီကရုက္ခော၊ ဝေဿဘုဿ မဟာသာလရုက္ခော၊ ကကုသန္ဓဿ သိရီသရုက္ခော၊ ကောဏာဂမနဿ ဥဒုမ္ဗရရုက္ခော၊ ကဿပဿ နိဂြောဓော၊ ဂေါတမဿ အဿတ္ထရုက္ခောတိ။ အယံ ဗောဓိရုက္ခဝေမတ္တံ နာမ။

၈။ ။ပလ္လင်္ကဝေမတ္တံ နာမ ဒီပင်္ကရ, ရေဝတ, ပိယဒဿိ, ဓမ္မဒဿိ, ဝိပဿီနံ တေပဏ္ဏာသဝိတ္ထတာ ပလ္လင်္ကာ အဟေသုံ၊ အတ္ထဒဿိဿ ပလ္လင်္ကော ပဏ္ဏာသဟတ္ထော၊ ကောဏ္ဍည,မင်္ဂလ,နာရဒ, သုမေဓာနံ သတ္တပဏ္ဏာသဟတ္ထာ၊ သုမနဿ သဋ္ဌိဟတ္ထာ ပလ္လင်္ကော အဟောသိ၊ သောဘိတ, အနောမဒဿိ, ပဒုမ, ပဒုမုတ္တရ, ဖုဿာနံ အဋ္ဌတိံသဟတ္ထာ၊ သုဇာတဿ ဒွတ္တိံသဟတ္ထော၊ သိဒ္ဓတ္ထ, တိဿ, ဝေဿဘူနံ စတ္တာလီသဟတ္ထော၊ သိခိဿ စတုတ္တိံသဟတ္ထော၊ ကကုသန္ဓဿ ဆဗ္ဗီသတိဟတ္ထော၊ ကောဏာဂမနဿ ဝီသတိ ဟတ္ထော၊ ကဿပဿ ပန္နရသဟတ္ထော၊ ဂေါတမဿ စုဒ္ဒသဟတ္ထော ပလ္လင်္ကော အဟောသိ။ အယံ ပလ္လင်္ကဝေမတ္တံ နာမ။ ဣမာနိ အဋ္ဌ ဝေမတ္တာနိ နာမ သဗ္ဗဗုဒ္ဓါနံ [၁]။ ။ဗုဒ္ဓဝင်အဋ္ဌကထာ။

အဓိပ္ပါယ်ကား။

၁-အာယုဝေမတ္တ၊အသက်တော်၏ ထူးခြားခြင်း။
၂-ပမာဏဝေမတ္တ၊အရပ်တော်ထူးခြင်း။
၃-ကုလဝေမတ္တ၊အမျိုးတော် ထူးခြင်း။
၄-ပဓာနဝေမတ္တ၊ဒုက္ကရစရိယာ အကျင့်တော်ထူးခြင်း။
၅-ရသ္မိဝေမတ္တ၊ရောင်ခြည်တော် ထူးခြင်း။
၆-ယာနဝေမတ္တ၊တောထွက်သောအခါ ယာဉ်တော်ထူးခြင်း။
၇-ဗောဓိဝေမတ္တ၊ဗောဓိပင် ထူးခြင်း။
၈-ပလ္လင်္ကဝေမတ္တ၊ပလ္လင်တော်ထူးခြင်း။

ဤသည်လျှင် ဝေမတ္တံ ရှစ်ပါးတည်း။

၁-ဤသာဓကပါဠိများမှာ ကျမ်းရင်းအဋ္ဌကထာနှင့် အချို့ ကွဲလွဲလျက်ရှိသည်။

၁-**အာယုဝေမတ္တ**။ ။ထိုနှစ်ပါးတို့တွင် အာယုဝေမတ္တ- ဟူသော်ကား။ ဒီပင်္ကရာ,ကောဏ္ဍည,အနောမဒဿီ,ပဒုမ, ပဒုမုတ္တရ, အတ္ထဒဿီ, ဓမ္မဒဿီ,သိဒ္ဓတ္ထ,တိဿ၊ဤကိုးဆူသော ဘုရားရှင်တို့သည် အနှစ်တသိန်း တမ်း၌ ပွင့်တော်မူကြကုန်၏။ မင်္ဂလ, သုမန, သောဘိတ,နာရဒ,သုမေဓ, သုဇာတ, ပိယဒဿီ, ဖုဿ၊ ဤရှစ်ဆူသော ဘုရားရှင်တို့သည် အနှစ် ကိုးသောင်းတမ်း၌ ပွင့်တော်မူကြကုန်၏။ ရေဝတ, ဝေဿဘူ၊ ဤဘုရား နှစ်ဆူတို့သည် အနှစ် ခြောက်သောင်းတမ်း၌ ပွင့်တော် မူကြကုန်၏။ ဝိပဿီ မြတ်စွာဘုရားသည် အနှစ်ရှစ်သောင်းတမ်း၌ ပွင့်တော် မူ၏။ သိခီ, ကကုသန်, ကောဏာဂုံ, ကဿပ၊ ဤဘုရား လေးဆူတို့သည် အစဉ်အတိုင်း ခုနစ်သောင်း၊လေးသောင်း၊ သုံးသောင်း၊နှစ်သောင်းတမ်း၌ ပွင့်တော်မူကြကုန်၏။ဂေါတမမြတ်စွာဘုရားသည် တရာတမ်း၌ ပွင့်တော် မူ၏။ ။ဤကား နှစ်ကျိပ် ငါးဆူသော ဘုရားရှင်တို့၏ အာယုဝေမတ္တ တည်း။

၂-**ပမာဏဝေမတ္တ**။ ။ပမာဏဝေမတ္တ-ဟူသော်ကား။ ဒီပင်္ကရာ, ရေဝတ, ပိယဒဿီ, အတ္ထဒဿီ, ဓမ္မဒဿီ, ဝိပဿီ၊ ဤခြောက်ဆူသော ဘုရားရှင်တို့၏ အရပ်တော်ကား အတောင်ရှစ်ဆယ်၊ကောဏ္ဍည,မင်္ဂလ, နာရဒ,သုမေဓ၊ဤဘုရားလေးဆူတို့၏အရပ်တော်ကား ရှစ်ဆဲ့ရှစ်တောင်၊ သုမနမြတ်စွာဘုရား၏အရပ်တော်ကား အတောင် ကိုးဆယ်၊သောဘိတ, အနောမဒဿီ, ပဒုမ, ပဒုမုတ္တရ, ဖုဿ၊ ဤဘုရားငါးဆူတို့၏ အရပ်တော် ကား ငါးဆဲ့ ရှစ်တောင်၊ သုဇာတ ဘုရားရှင်၏ အရပ်တော်ကား အတောင်ငါးဆယ်၊သိဒ္ဓတ္ထ,တိဿ,ဝေဿဘူ၊ ဤသုံးဆူသော ဘုရားရှင် တို့၏ အရပ်တော်ကား အတောင် ခြောက်ဆယ်၊ သိခီ မြတ်စွာဘုရား၏ အရပ်တော်ကား အတောင် ခုနစ်ဆယ်၊ ကကုသန် မြတ်စွာဘုရား၏ အရပ်တော်ကား အတောင်လေးဆယ်၊ ကောဏာဂုံ မြတ်စွာဘုရား၏ အရပ်တော်ကား အတောင်သုံးဆယ်၊ ကဿပမြတ်စွာဘုရား၏ အရပ် တော်ကား အတောင်နှစ်ဆယ်၊ ဂေါတမမြတ်စွာဘုရား၏ အရပ်တော် ကား ဆဲ့ရှစ်တောင် မြင့်တော်မူ၏။ ။ဤကား နှစ်ကျိပ်ငါးဆူသော ဘုရားရှင်တို့၏ ပမာဏဝေမတ္တတည်း။

၃-**ကုလဝေမတ္တ**။ ။ကုလဝေမတ္တ-ဟူသော်ကား။ ကကုသန်,ကောဏာဂုံ,ကဿပ၊ ဤဘုရားသုံးဆူတို့သည် ပုဏ္ဏားမျိုး ဖြစ်တော်မူကြ၏၊

ကြွင်းသော နှစ်ကျိပ်နှစ်ဆူသော ဘုရားရှင်တို့သည် မင်းမျိုး၌ ဖြစ်ကြကုန်၏။ ။ဤကား နှစ်ကျိပ်ငါးဆူသော ဘုရားရှင်တို့၏ ကုလဝေမတ္တတည်း။

**၄-ပဓာနဝေမတ္တ။** ။ပဓာန ဝေမတ္တ- ဟူသော်ကား။ ဒီပင်္ကရာ, ကောဏ္ဍည, သုမန, အနောမဒဿီ,သုဇာတ,သိဒ္ဓတ္ထ,ကကုသန်၊ ဤခုနစ်ဆူသော ဘုရားရှင်တို့မှာ ဆယ်လ၊မင်္ဂလ,သုမေဓ,တိဿ,သိခီ၊ ဤလေးဆူသော ဘုရားရှင်တို့မှာ ရှစ်လ၊ ရေဝတမြတ်စွာဘုရားမှာ ခုနစ်လ၊ သောဘိတမြတ်စွာဘုရားမှာ လေးလ၊ ပဒုမ,အတ္ထဒဿီ,ဝိပဿီ၊ ဤသုံးဆူသော ဘုရားရှင်တို့မှာ လခွဲ၊ နာရဒ,ပဒုမုတ္တရ,ဓမ္မဒဿီ, ကဿပ၊ ဤလေးဆူသော ဘုရားရှင်တို့မှာ ခုနစ်ရက်၊ ပိယဒဿီ,ဖုဿ,ဝေဿဘူ, ကောဏာဂုံ၊ဤလေးဆူသော ဘုရားရှင်တို့မှာ ခြောက်လ၊ဂေါတမမြတ်စွာဘုရားမှာ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူရ၏။ ဤကား နှစ်ကျိပ်ငါးဆူသော ဘုရားရှင်တို့၏ ပဓာနဝေမတ္တတည်း။

**၅-ရသ္မိဝေမတ္တ။** ။ရသ္မိဝေမတ္တ- ဟူသော်ကား။ မင်္ဂလမြတ်စွာဘုရား ရောင်ခြည်တော် အချင်းခပ်သိမ်းစကြာဝဠာတသောင်း၊ပဒုမုတ္တရမြတ်စွာဘုရား ရောင်ခြည်တော် ဆယ်ယူဇနာ၊ ဝိပဿီမြတ်စွာဘုရား ရောင်ခြည်တော် ခုနစ်ယူဇနာ၊ သိခီမြတ်စွာဘုရား ရောင်ခြည်တော် သုံးယူဇနာ၊ ကကုသန်မြတ်စွာဘုရား ရောင်ခြည်တော် ဆယ်ယူဇနာ၊ ဂေါတမမြတ်စွာဘုရား ရောင်ခြည်တော် အချင်းခပ်သိမ်း တလံမျှသော အရပ်၌ နှံ့စပ်ပတ်ဝန်း ထွန်းလင်းတောက်ပတော်မူ၏၊ကြွင်းသော ဘုရားရှင်တို့၏ ရောင်ခြည်တော်မှာ အမြဲမရှိ။ အလိုရှိသော အတိုင်း နှံ့စပ်ပတ်ပန်း ထွန်းလင်းတောက်ပတော်မူ၏။ ဤကား နှစ်ကျိပ်ငါးဆူသော ဘုရားရှင်တို့၏ ရသ္မိဝေမတ္တတည်း။

**၆-ယာနဝေမတ္တ။** ။ယာနဝေမတ္တ-ဟူသော်ကား။ ဒီပင်္ကရာ,သုမန, သုမေဓ, ဖုဿ,သိခီ,ကောဏာဂုံ၊ ဤခြောက်ဆူသော ဘုရားရှင်တို့မှာ ဆင်စီးလျက်၊ ကောဏ္ဍည,ရေဝတ,ပဒုမ,ပိယဒဿီ,ဝိပဿီ, ကကုသန်၊ ဤခြောက်ဆူသော ဘုရားရှင်တို့မှာ ရထားယာဉ်စီးလျက်၊ မင်္ဂလ, သုဇာတ, အတ္ထဒဿီ,တိဿ,ဂေါတမ၊ ဤငါးဆူသောဘုရားရှင်တို့မှာ မြင်းယာဉ်စီးလျက်၊ အနောမဒဿီ, သိဒ္ဓတ္ထ, ဝေဿဘူ၊ ဤသုံးဆူသော

၅၁၂

ဘုရားရှင်တို့မှာထမ်းစင်ယာဉ်စီးလျက်၊နာရဒ,[၁] ဓမ္မဒဿီ,သောဘိတ,ပဒုမုတ္တရ,ကဿပ၊ ဤငါးဆူသော ဘုရားရှင်တို့မှာ ပြာသာဒ်ယာဉ်စီးလျက် တောထွက်တော်မူကြကုန်၏။ ဤကား နှစ်ကျိပ်ငါးဆူသော ဘုရားရှင်တို့၏ ယာနဝေမတ္တတည်း။

၇-**ဗောဓိဝေမတ္တ**။ ။ဗောဓိဝေမတ္တ-ဟူသော်ကား၊ ဒီပင်္ကရာမြတ်စွာဘုရား ညောင်ကြတ်ပင်။ ကောဏ္ဍညမြတ်စွာဘုရား သာလကလျာဏီပင်၊ မင်္ဂလ, သုမန, ရေဝတ, သောဘိတ၊ ဤဘုရားလေးဆူတို့မှာ ကံ့ကော်ပင်၊အနောမဒဿီမြတ်စွာဘုရား ထောက်ကြံ့ပင်၊ ပဒုမ,နာရဒ၊ ဤဘုရားနှစ်ဆူတို့မှာ ကြောင်လျှာပင်၊ပဒုမုတ္တရမြတ်စွာဘုရား ထင်းရှူးပင်၊သုမေဓဘုရား တမာပင်၊သုဇာတဘုရား ဝါးပင်၊ ပိယဒဿီဘုရား ခံတက်ပင်၊ အတ္ထဒဿီဘုရား စကားပင်၊ဓမ္မဒဿီဘုရား ထန်းကျင့်ပင်၊ သိဒ္ဓတ္ထဘုရား မဟာ လှေကားပင်၊ တိဿဘုရား ပိတောက်ပင်၊ ဖုဿဘုရား ရှစ်ရှားပင်၊ဝိပဿီဘုရား သခွတ်ပင်၊သိခီဘုရား သရက်ဖြူပင်၊ ဝေဿဘူဘုရား အကြင်းပင်၊ကကုသန်ဘုရား ကုက္ကိုပင်၊ ကောဏာဂုံဘုရား ရေသဖန်းပင်၊ ကဿပဘုရား ပညောင်ပင်၊ ဂေါတမဘုရား ညောင်ဗုဒ္ဓဟောပင်တို့မှာ ပွင့်တော်မူကြကုန်၏။ ဤကား နှစ်ကျိပ်ငါး ဆူသော ဘုရားရှင်တို့၏ ဗောဓိဝေမတ္တတည်း။

၈-**ပလ္လင်္ကဝေမတ္တ**။ ။ပလ္လင်္ကဝေမတ္တ- ဟူသော်ကား။ ဒီပင်္ကရာ, ရေဝတ,ပိယဒဿီ,ဓမ္မဒဿီ,ဝိပဿီ၊ ဤဘုရားငါးဆူတို့၏ ပလ္လင်တော် ငါးဆဲ့သုံးတောင်၊ အတ္ထဒဿီမြတ်စွာဘုရား၏ ပလ္လင်တော် အတောင်ငါးဆယ်၊ကောဏ္ဍည,မင်္ဂလ,နာရဒ,သုမေဓ၊ဤလေးဆူတို့၏ ပလ္လင်တော် ငါးဆဲ့ခုနစ်တောင်၊ သုမနမြတ်စွာဘုရား၏ ပလ္လင်တော် အတောင်ခြောက်ဆယ်၊သောဘိတ, အနောမဒဿီ,ပဒုမ,ပဒုမုတ္တရ,ဖုဿ၊ ဤဘုရားငါးဆူတို့၏ပလ္လင်တော် သုံးဆဲ့ရှစ်တောင်၊ သုဇာတမြတ်စွာဘုရား၏ ပလ္လင်တော် သုံးဆဲ့နှစ်တောင်၊သိဒ္ဓတ္ထ,တိဿ,ဝေဿဘူ၊ဤသုံးဆူသော ဘုရားရှင်တို့၏ ပလ္လင်တော် အတောင်လေးဆယ်၊ သိခီမြတ်စွာဘုရား၏ ပလ္လင်တော်သုံးဆဲ့လေးတောင်၊ ကကုသန်မြတ်စွာဘုရား၏ ပလ္လင်တော် နှစ်ဆဲ့

---

**၁-နာရဒမြတ်စွာဘုရား ခြေတော်ဖြင့်သာ တောထွက်ကြောင်း ဗုဒ္ဓဝံ အဋ္ဌကထာ စသည်၌ အဆိုရှိသည်။**

ခြောက်တောင်၊ ကောဏာဂုံ မြတ်စွာဘုရား၏ ပလ္လင်တော် အတောင်နှစ်ဆယ်၊ ကဿပမြတ်စွာဘုရား၏ ပလ္လင်တော် ဆဲ့ငါးတောင်၊ ဂေါတမမြတ်စွာဘုရား၏ ပလ္လင်တော် ဆဲ့လေးတောင် မြင့်ကျယ်တော်မူ၏။ဤကား နှစ်ကျိပ်ငါးဆူသော ဘုရားရှင်တို့၏ ပလ္လင်ဝေမတ္တတည်း။

ထိုရှစ်ပါးသော ဝေမတ္တတို့တွင် အာယုဝေမတ္တ၌ တသိန်းတမ်း အထက်ဆုံး တရာတမ်းအောက်ဆုံး။ထိုအတွင်းတို့၌သော ပွင့်တော်မူကြကုန်၏။ တသိန်းတမ်း၊ ကိုးသောင်းတမ်းစသည်၌ ပွင့်တော်မူကြကုန်သော်လည်း အသက်တမ်းကုန်အောင် နေတော်မမူကြရကုန်။ အသက်တမ်းကို ငါးတို့ပြု၍ လေးတို့သာ နေတော်မူကြရလေသည်။ ။ထိုကြောင့် မဟာပဒါနသုတ်အဋ္ဌကထာ၌ "အာယုပ္ပမာဏံ ပဉ္စကောဋ္ဌာသေ ကတွာ စတ္တာရိ ဌတွာ ပဉ္စမေ ဝိဇ္ဇမာနေ ယေဝ ပရိနိဗ္ဗုတော"ဟူ၍ မိန့်တော်မူ၏။ ။အနက်ကား။ ။"အာယုပ္ပမာဏံ၊ အသက်တမ်းကို။ ပဉ္စကောဋ္ဌာသေ၊ ငါးတို့တို့ကို။ကတွာ၊ပြု၍။စတ္တာရိ၊လေးတို့။ဌတွာ၊တည်၍။ ပဉ္စမေ၊ ပဉ္စမအဘို့၌။ ဝိဇ္ဇမာနေ ယေဝ၊ ထင်ရှားရှိလျက်သာလျှင်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံတော်မူရချေ၏။

---

## ၁၃-ပစ္စေကဗုဒ္ဓါနှင့် သာဝက ၃ ပါးတို့၏ ပါရမီကို ပြခြင်း။

ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကတို့၏ ပါရမီကိုကား ဤသို့ဆိုလတ္တံ့သော ပါဠိ အဋ္ဌကထာတို့ဖြင့်သိအပ်၏။

> ပစ္စေကဗုဒ္ဓါနံ ပန ကိံ ဝိရံ ပတ္တနာတိ။ ပစ္စေကဗုဒ္ဓါနံ ဒွေ အသင်္ချေယျာနိ ကပ္ပသတသဟဿာနိ စ၊ တတော ဩရံ န သက္ကာ။ ဖွောကေနာပိ စ ကာလေန ပစ္စေကဗုဒ္ဓတ္တံ ပတ္တယတော အဘိနီဟာရကာရဏော ပဉ္စ သမ္ပတ္တိယော ဇာနိတဗ္ဗာ။ တေသံ ဟိ မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဝိဂတာသဝဒဿနံ အဓိကာရော စ ဆန္ဒတာ၊ဧတေ အဘိနီဟာရကာရဏာ။ ။တတ္ထ ဝိဂတာသဝဒဿနန္တိ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ သာဝကာနံ ယဿကဿစိ ဒဿနန္တိ အတ္ထော။ ။အဓိသာဝကာနံ ပတ္တနာ ကိတ္တာဝတာ ဝဋ္ဋတိ။ ဒွိန္နံ အဂ္ဂသာဝကာနံ ဧကံ အသင်္ချေယျံ ကပ္ပသတ

သဟဿဉ္စ။ အသီတိမဟာသာဝကာနံ ကပ္ပသတသဟဿံ၊ တထာ ဗုဒ္ဓဿ မာတာပိတူနံ ဥပဋ္ဌာကဿ ပုတ္တဿာတိ။တတော ဩရံ န သက္ကာ။ဣမေသံ ပန သဗ္ဗေသံပိ အဓိကာရော,ဆန္ဒတာ, တိ ဒွင်္ဂသမ္ပန္နော ယေဝ အဘိနီဟာရော ဟောတိ။ ။အပဒါန် အဋ္ဌကထာ။

အနက်ကား။ ။ပစ္စေကဗုဒ္ဓါနံ၊ပစ္စေကဗုဒ္ဓါတို့၏။ ပတ္တနာ၊ဆုတောင်း ခြင်း ပတ္တနာသည်။ ကိံ စိရံ၊အဘယ်မျှလောက်ကြာမှ ပြည့်စုံသနည်း။ ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါတို့၏။ ပတ္တနာ၊ ဆုတောင်းခြင်း ပတ္တနာပါရမီသည်။ ဒွေ အသင်္ချေယျာနိ စ၊နှစ်သင်္ချေတို့ ပတ်လုံး၎င်း။ ကပ္ပသတ သဟဿာနိ စ။ကမ္ဘာတသိန်းတို့ ပတ်လုံး၎င်း။စိရံ၊ကြာမြင့်မှု။သမိဇ္ဈတိ၊ ပြည့်စုံ၏။ တတော၊ ထိုနှစ်သင်္ချေနှင့် ကမ္ဘာတသိန်းအောက်။ ဩရံ၊ အယုတ်။န သက္ကာ၊ မတတ်ကောင်း။ ဧတ္တကေနာပိ စ ကာလေန၊ ဤမျှ လောက်သော ကာလဖြင့်လည်း။ ပစ္စေကဗုဒ္ဓတ္တံ၊ ပစ္စေကဗုဒ္ဓါဘုရား အဖြစ်ကို။ပတ္ထယတော၊တောင့်တ ဆုတောင်းသော ပစ္စေကဗုဒ္ဓါ ဘုရား လောင်းအား။ အဘိနီဟာရကာရဏာ၊ ဆုတောင်းခြင်း အကြောင်း၌။ပဉ္စ သမ္ပတ္တိယော၊ငါးပါးသော ပြည့်စုံခြင်းတို့ကို။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ် ကုန်၏။ ဟိ၊ထိုစကားမှန်၏။ တေသံ၊ ထိုပစ္စေကဗုဒ္ဓါဘုရားအလောင်း တို့အား။

မနုဿတ္တံ၊လူ၏အဖြစ်၎င်း။ လိင်္ဂသမ္ပတ္တိ၊ ပုရိသလိင်၏ပြည့်စုံခြင်း၎င်း။ ဝိဂတာသဝဒဿနံ၊ အာသဝေါကင်းပြီးသော ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့တွင် တပါးပါးကိုဖူးမြင်ရခြင်း၎င်း။အဓိကာရော စ၊ ဆုတောင်းခြင်း အဓိကာရ၎င်း။ဆန္ဒတာ၊ အားကြီးသော ဆန္ဒရှိခြင်း၎င်း။ ဧတေ၊ ဤငါးပါးတို့သည်။ အဘိနီဟာရကာရဏာ၊ ဆုတောင်းပြည့်စုံ ခြင်း၏အကြောင်းတို့တည်း။

တတ္ထ၊ထိုငါးပါးတို့တွင်။ ဝိဂတာသဝဒဿနန္တိ၊ ဝိဂတာသဝဒဿနံ ဟူသည်ကား။ဗုဒ္ဓ ပစ္စေကဗုဒ္ဓ သာဝကာနံ၊ဘုရား ပစ္စေကဗုဒ္ဓါ သာဝက တို့တွင်။ ယဿကဿစိ၊ အမှတ်မရှိ တပါးပါးကို။ ဒဿနံ၊ဖူးမြင်ရ ခြင်းတည်း။ဣတိ အယံ၊ဤသည်ကား။ အတ္ထော၊အနက်တည်း။ ။

အထ၊ထိုမှတပါး။ သာဝကာနံ၊ သာဝကတို့၏။ ပတ္တနာ၊ဆုတောင်း ပတ္တနာသည်။ ကိတ္တကံ ပန၊ အဘယ်မျှလောက်ဖြင့်။ဝဍ္ဎတိ၊ ပြည့်သင့်

သနည်း။ဒွိန္နံ အဂ္ဂသာဝကာနံ၊ အဂ္ဂသာဝက နှစ်ယောက်တို့အား။ဧကံ အသင်္ချေယျဥ္စ၊ တသင်္ချေပတ်လုံးငင်း၊ ကပ္ပသတသဟဿဉ္စ၊ ကမ္ဘာ တသိန်းပတ်လုံးငင်း။ စိရံ၊ကြာမြင့်မှ။ ပတ္တနာ၊ ဆုတောင်းပတ္တနာသည်။ သမိဇ္ဈတိ။ပြည့်စုံ၏။

အသီတိမဟာသာဝကာနံ၊ ရှစ်ကျိပ်သော မဟာသာဝကတို့အား။ ကပ္ပသတသဟဿံ၊ ကမ္ဘာတသိန်း ကာလပတ်လုံး။ စိရံ၊ ကြာမြင့်မှ။ ပတ္တနာ၊ ဆုတောင်းပတ္တနာသည်။သမိဇ္ဈတိ၊ပြည့်စုံ၏။တထာ၊ ထို့အတူ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ မာတာပိတူနံ၊ အမိအဘတို့အားငင်း။ဥပဋ္ဌာကဿ၊အလုပ်အကျွေးအားငင်း။ပုတ္တဿ၊သားတော်အားငင်း။ ကပ္ပသတသဟဿံ၊ ကမ္ဘာတသိန်း ကာလပတ်လုံး။ စိရံ၊ ကြာမြင့်မှ။ ပတ္တနာ၊ ဆုတောင်းပတ္တနာသည်။ သမိဇ္ဈတိ၊ပြည့်စုံ၏။ တတော၊ထိုကမ္ဘာတသိန်း၏အောက်။ ဩရံ၊အယုတ်။ န သက္ကာ၊မတတ်ကောင်း။ သမ္ပါဒေတုံပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။ဣမေသံ ပန။ဤအဂ္ဂသာဝက,မဟာသာဝက,ဘုရား့ ခမည်းတော်, မယ်တော်, သားတော်, အလုပ်အကျွေးဆုကို ပန်ကြကုန်သော အလောင်းအလျာတို့အား။ အဓိကာရော၊ ဆုတောင်းခြင်းငင်း။ ဆန္ဒတာ၊အားကြီးသော ဆန္ဒရှိသောအဖြစ်ငင်း။ ဣတိ၊ ဤသို့။ ဒွင်္ဂသမ္ပန္နော ယေဝ၊အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော သူသည်သာလျှင်။ အဘိနီဟာရော၊ ဆုတောင်းခြင်း ပြည့်စုံသည်။ဟောတိ၊ဖြစ်၏။

## ပစ္စေကဗုဒ္ဓါဘုရားလောင်းတို့ အင်္ဂါ ၅-ပါး။

ပစ္စေကဗုဒ္ဓါဘုရားလောင်းတို့မှာ။

၁-လူ၏အဖြစ်ဟု ဆိုအပ်သော မနုဿတ္တအင်္ဂါ။
၂-ပုရိသလိင်နှင့် ပြည့်စုံခြင်းတည်းဟူသော လိင်္ဂသမ္ပတ္တိအင်္ဂါ။
၃-ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့တွင် တပါးပါးကို ဘူးတွေ့ ရခြင်းတည်းဟူသော ဝိဂတာသဝဒဿနအင်္ဂါ။
၄-ဆုတောင်းပတ္တနာမှုခြင်းတည်းဟူသော အဓိကာရအင်္ဂါ။
၅-လွန်စွာဖြစ်လိုခြင်းတည်းဟူသော ဆန္ဒတာအင်္ဂါ။

ဟု ဆိုအပ်သော ငါးပါးသောအင်္ဂါနှင့် ပြည့်စုံလျှင် ဆုတောင်းပတ္တနာ ပြည့်စုံ၍ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး ပါရမီအထူးကို ဆည်းပူး ဖြည့်ကျင့်မှ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေသည်။

## အဂ္ဂသာဝက၊ မဟာသာဝက၊ ခမည်းတော်၊ မယ်တော်၊ သားတော်၊အလုပ်အကျွေး အလောင်းတို့ အင်္ဂါ ၂-ပါးစီ။

အဂ္ဂသာဝက နှစ်ပါး အလောင်းတို့မှာ။

၁-ဆုတောင်းပတ္ထနာမှုခြင်းတည်းဟူသော အဓိကာရအင်္ဂါ။
၂-လွန်စွာဖြစ်လိုခြင်းတည်းဟူသော ဆန္ဒတာအင်္ဂါ။

ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံ၍ တသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီအထူးကို ဆည်းပူးဖြည့်ကျင့်မှ အဂ္ဂသာဝကအဖြစ်သို့ ရောက်လေသည်။ ။ရှစ်ကျိပ်သော မဟာသာဝကအလောင်းတို့မှာလည်း ဆိုအပ်ခဲ့ပြီးသော အဓိကာရအင်္ဂါ, ဆန္ဒတာအင်္ဂါ- နှစ်ပါးနှင့် ပြည့်စုံ၍ ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီအထူးကို ဆည်းပူးဖြည့်ကျင့်မှ မဟာသာဝကအဖြစ်သို့ ရောက်ကြလေသည်။ ။ဘုရား့ခမည်းတော်၊မယ်တော်၊ သားတော်၊ အလုပ်အကျွေးအလောင်းတို့မှာလည်း ဆိုခဲ့ပြီးသော အဓိကာရအင်္ဂါ, ဆန္ဒတာအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံ၍ ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီအထူးကို ဆည်းပူး ဖြည့်ကျင့်မှ ဘုရား့ ခမည်းတော်၊ မယ်တော်၊ သားတော်၊ အလုပ်အကျွေးအဖြစ်သို့ ရောက်ကြလေကုန်သည်။

## ပကတိသာဝကတို့၏ ပါရမီ။

ပကတိသာဝကတို့၏ ပါရမီကို အပဒါန်အဋ္ဌကထာ၌မလာ။ ။အချို့သော ဆရာတို့သည် "ပကတိသာဝကာ ကပ္ပသတံပိ ကပ္ပသဟဿံပိ အနုဿရန္တိ၊ ဗလဝပညတ္တာ" ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိကို ယောင်၍ ပကတိသာဝကတို့မှာ ကမ္ဘာအရာ ကမ္ဘာအထောင် ပါရမီဖြည့်ရကြောင်းကို ပြောဆိုကြကုန်၏။ မသင့်။ အဘယ်ကြောင့်နည်းဟူမူကား ဤဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာသည် "ကပ္ပသတံပိ ကပ္ပသဟဿံပိ အနုဿရန္တိ၊ ဗလဝပညတ္တာ" ဟူသော ပါဠိဖြင့် ပကတိသာဝကတို့ ပါရမီကို မပြ။ ပကတိသာဝကတို့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် အောက်မေ့နိုင်သော အစဉ်ကိုသာ ပြသောပါဠိ ဖြစ်ချေသည်။ ထိုသို့ပြကြောင်းကိုလည်း မဟာသာဝက,အဂ္ဂသာဝက,ပစ္စေကဗုဒ္ဓါတို့၏

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် အောက်မေ့နိုင်သော အစဉ်ကိုပြဖြီးသော အဆုံး၌ "ဧတ္တကော ဟိ တေသံ အဘိနီဟာရော"ဟူ၍ ဟိတ်ခတ်သကဲ့သို့ မခတ်မူ၍ "ဗလဝပစ္စတ္တာ"ဟူသော ဟိတ်ကိုသာ ခတ်သောကြောင့် သိအပ်၏။ ။စင်စစ်သော်ကား ပကတိသာဝကတို့မှာ အယုတ်ဆုံး တဘာဝမျှနှင့်ပင် ဝိဝဋ္ဋနိဿိတကုသိုလ် အထူးကို ဆည်းပူးဖြည့်ကျင့်နိုင်၍ ဗုဒ္ဓုပ္ပါဒဒုလ္လဘနှင့် တွေ့ကြုံ၍ အကြောင်းညီညွတ်လျှင် ပကတိသာဝကအဖြစ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တိုင် ပေါက်နိုင်ရာသည်။ ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်"သဗ္ဗာဒေဝမနုဿာနံ"ဂုဏ်တော်ဘွင့်တွင်

> ဘဂဝါ ပန တိရစ္ဆာနဂတာနံပိ အနုသာသနိပဒါနေန သတ္ထာယေဝ။တေပိ ဟိ ဘဂဝတော ဓမ္မဿဝနေ ဥပနိဿယသမ္ပတ္တိံ ပတွာ တာယ ဧဝ ဥပနိဿယသမ္ပတ္တိယာ ဒုတိယေ တတိယေ ဝါ အတ္တဘာဝေ မဂ္ဂဖလဘာဂိနော ဟောန္တိ၊မဏ္ဍူကဒေဝပုတ္တာဒယော စေတ္ထ နိဒဿနံ။

ဟူ၍ မိန့်တော်မူ၏။

ဘဂဝါ ပန၊မြတ်စွာဘုရားသည်ကား။ တိရစ္ဆာနဂတာနံပိ၊ တိရစ္ဆာန်တို့၏လည်း။ အနုသာသနိပဒါနေန၊ ဆုံးမခြင်းအစဉ် ပေးသဖြင့်။ သတ္ထာယေဝ၊ဆရာမည်သည်သာလျှင်တည်း။ဟိ သစ္စံ၊ထိုစကား သင့်စွ။ တေပိ၊ ထိုတိရစ္ဆာန်တို့သည်လည်း။ဘဂဝတော၊မြတ်စွာဘုရား၏။ ဓမ္မဿဝနေ၊ တရားတော်ကို နာရာ၌။ ဥပနိဿယသမ္ပတ္တိံ၊ အကြောင်း ဥပနိဿယ ပြည့်စုံခြင်းသို့၊ ပတွာ၊ ရောက်၍။ တာယ ဧဝ ဥပနိဿယသမ္ပတ္တိယာ၊ ထိုအကြောင်း ဥပနိဿယ၏ ပြည့်စုံခြင်းကြောင့်သာလျှင်။ ဒုတိယေ အတ္တဘာဝေ ဝါ၊ ဒုတိယ အတ္တဘော၌၎င်း။တတိယေ အတ္တဘာဝေ ဝါ၊ တတိယ အတ္တဘော၌၎င်း။ မဂ္ဂဖလဘာဂိနော၊မဂ်ဖိုလ် အဘို့ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မဏ္ဍူကဒေဝပုတ္တာ ဒယော စ၊ ဘားနတ်သားသည် လည်း။ဧတ္ထ၊ဤတဘာဝ နှစ်ဘဝဖြင့် မဂ္ဂဖလနိဗ္ဗာနကိုရ၏ ဟု ငါဆိုခဲ့သော စကား၌။နိဒဿနံ၊ညွှန်ပြစရာ သာဓက ဖြစ်ပေတော့သည်။

မဏ္ဍူက နတ်သား၏ အကြောင်းကား မြတ်စွာဘုရားသခင်သည် စမ္ပာနဂိုရ်မြို့သားတို့အား ဂဂ္ဂရာမည်သော ရေကန်အနီးအပါး၌ တရားဟောတော်မူလျှင် ဘားသူငယ်တကောင်လည်း မြတ်စွာဘုရား တရား

တော်အခါရုံကို ထုံ၍ နေစဉ်အခါ နွားကျောင်းသား တယောက်သည် ဘားသုငယ်အပေါ်သို့ တုတ်ထောက်၍ ရပ်လာသဖြင့် ခန္ဓာစဲသောအခါ ဝယ် ဘာဝတိံသာနတ်ပြည်၌ တဆဲ့နှစ်ယူဇနာရှိသော ရွှေပြာသာဒ်၌ နတ်၏ စည်းစိမ်ချမ်းသာ ခံစားရကြောင်းကို ကြည့်ရှုပြီးလျှင် မြတ်စွာ ဘုရားထံ ရွှေပြာသာဒ်နှင့်တကွ လာ၍ တရားတော်ကို နာပြန်ရာ သောတာပန် တည်လေ၏။ ။ဓမ္မပဒအဋ္ဌကထာတွင်လည်း ဝနဝါသိတိဿ သာမဏေသည် အနန္တရတာဘဝက အာသာဝ၏ကင်းရာအမှန် နိဗ္ဗာန်ကို ရည်သန်တောင့်တ၍ နို့ဂဏာဆွမ်း ပုဆိုးကြမ်းတို့ကို ရဟန်းတော် ရှင်သာရိပုတ္တရာအား လှူခဲ့ဘူးသောကြောင့် နိဗ္ဗာန်တိုင် ကူးကြောင်းကို ဆိုတော်မူလေသည်။ ။တာဘဝ, နှစ်ဘဝ စသည်ဖြင့်၎င်း၊ ဘဝတရာ, ဘဝတထောင် စသည်ဖြင့်၎င်း၊ ကမ္ဘာအရာ,ကမ္ဘာအထောင်စသည်ဖြင့် ၎င်း၊ ဝိပဿနာသိတကုသိုလ်အထူးကို ဆည်းပူးလို့လ ပြုကုန်ကြသော်လည်း ဗုဒ္ဓုပ္ပါဒဒုလ္လဘ စသော အကြောင်း မညီညွတ်က လွတ်လွတ်ကြီး နိဗ္ဗာန်တိုင် ရောက်ပေါက်အောင်မသွားနိုင်ကြ။ဗုဒ္ဓုပ္ပါဒဒုလ္လဘနှင့်တွေ့ကြုံ၍ လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာ့ဘုံတို့၌ တိဟိတ်ပဋိသန္ဓေစွဲနေသောအခါ ဝိပဿနာ တရား ပွါးများအားထုတ်လျှင် တခုဟုတ်ခြင်း မဂ် ဖိုလ် နိဗ္ဗာန် သုံးတန်သော သုခကို ရခြင်း၏အကြောင်း ဖြစ်ပေသည်။ ။ဤဆိုအပ်ပြီးသော စကားအစဉ်ကား **ဝံသမေဒပကာသနီ** အမည်ရှိသော ကျမ်း၌ ရှေးဦးစွာသော နိဒါန်းအဖြွက်စကားတည်း။

ဝံသမေဒပကာသနီကျမ်း၏ နိဒါန်းပြီး၏။

## ၁၄-ဘုရားအလောင်းတော် သုမေဓာပညာရှိ အကြောင်း။

ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာ တသိန်းထက် တခုသော သာရမဏ္ဍကမ္ဘာ၌ တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ, ဒီပင်္ကရာ-ဟူ၍ ပွင့်တော်မူကြကုန်သော လေးဆူသော ဘုရားတို့တွင် ဒီပင်္ကရာမြတ်စွာဘုရားထံ၌ ငါ့ရှင်ဂေါတမ အလောင်း တော်သည် ရှေးဦးအစ ဗျာဒိတ်ခံတော်မူသည်။ အဘယ်သို့လျှင် ခံတော် မူသနည်းဟူမူကား။

ကျုံး မြောင်း၊ ပဒ္ဓင်၊ ရင်တား၊ ပြအိုး၊ တန်ဆောင်းတို့ဖြင့် ကောင်းမွန်တင့်တယ်စွာ မွေ့လျော်ဘွယ်ရာဖြစ်သော အမရဝတီ မင်းနေပြည်ကြီးဝယ် ဗြာဟ္မဏမဟာသာလအမျိုး၌ အရှင်ဂေါတမအလောင်းတော်သည် သုမေဓာဟူ၍ ကျော်စောထင်ရှားရှိ၏။ ထိုသုမေဓာသည် ငယ်သောကာလကပင် သင်အံ လေ့ကျက် ဆောင်ရွက်သူဖြစ်၍ နိဃဏ္ဍုကျမ်း၊ ကေဋုဘကျမ်းနှင့်တကွ ဣတိဟာသကျမ်းလျှင် ငါးခုမြောက်သော ဣရုဗေဒင်, ယဇုဗေဒင်, သာမဗေဒင် ဟု ဆိုအပ်သော ဗေဒင်သုံးပုံတို့၏ ကမ်းတဘက်သို့ ရောက်၏။ ထိုသုမေဓာ ငယ်စဉ်ကပင် အမိအဘ သေလွန်ခဲ့၏။ ထိုအခါ သိရိဝဍ္ဎက အမည်ရှိသော အမတ်သည် ရွှေ ငွေ စသည်တို့ဖြင့်ပြည့်သော ဘဏ္ဍာတိုက်ကို ဘွင့်လှစ်၍ ကြေးနီပရပိုက်ကို လှန်လျက် "အမောင်သုမေဓာ, ဤမျှသောဥစ္စာသည် သင်၏အမိမှ ပါသော ဥစ္စာတည်း၊ ဤမျှသော ဥစ္စာသည် သင်၏အဘမှပါသော ဥစ္စာတည်း" ဟု ဤသို့ စသည်ဖြင့် အမျိုးခုနစ်ဆက်တို့၏ ဥစ္စာဘဏ္ဍာတို့ကို ဘတ်၍ ပြောကြားပြီးလျှင် "ဤမျှသောဥစ္စာတို့ကို အမောင်သုမေဓာ သုံးဆောင်ခံစားလော့" ဟုဆို၏။ ထိုအခါအလောင်းတော် သုမေဓာသည် ဆိတ်ကွယ်ရာသို့ကပ်၍ ကြံသည်ကား။

ငါ၏မိဘဘိုးဘွားတို့သည် ထိုရွှေငွေဘဏ္ဍာတို့ကို ဖိုးစဉ်းမတ္တမျှယူ၍ မသွားကြကုန်။ ငါမှာတပုံကား ယူ၍သွားကုန်အံ့။ အမိဝမ်းမှ ပဋိသန္ဓေနေခြင်း၊အိုခြင်း၊ သေခြင်းတို့သည် အလွန်တရာဆင်းရဲကုန်၏။ သို့ဖြစ်၍ ငါသည် ပဋိသန္ဓေနေခြင်း၊အိုခြင်း၊သေခြင်းတို့၏ ကင်းရာနိဗ္ဗာန်ကို ရှာကြံရတော့အံ့။ဆင်းရဲရှိသော် ချမ်းသာရှိသကဲ့သို့ ဘဝရှိသည်ရှိသော် ဘဝ၏ကင်းရာ နိဗ္ဗာန်လည်း ရှိရာ၏။ အပူရှိသော် အအေးရှိသကဲ့သို့ မီးသုံးပါးရှိသည်ရှိသော် မီးသုံးပါး၏ကင်းရာ နိဗ္ဗာန်သည်လည်း ရှိရာ၏။မကောင်းမှုရှိသည်ရှိသော် ကောင်းမှုရှိသကဲ့သို့ ဇာတိရှိသည်ရှိသော် ဇာတိ၏ကင်းရာ နိဗ္ဗာန်သည်လည်း ရှိရာ၏။

မစင် အလိမ်းလိမ်း ကပ်သောယောကျ်ားအား ရေအပြည့်ရှိသော တဘက်ဆည်ကန်ကြီး ရှိပါလျက် ထိုတဘက်ဆည် ကန်ကြီးသို့သွား၍ မဆေးမကြော မသုတ်မသင် နေချေအံ့။တဘက်ဆည်ကန်ကြီး၌ အပြစ်မဆိုရာ။အနာရောဂါကပ်ရောက်သော ယောကျ်ားအား ကုစားတတ်သော

ဆေးဆရာကြီး အနီး၌ပင်ရှိပါလျက် မကုစားဘဲနေချေလျှင် ဆေးဆရာကြီး၌ အပြစ်မဆိုပေရာ။ ထက်ဝန်းကျင်မှ ရန်သူလိုက်သော ယောကျ်ားအား ပြေးသွားစရာ လမ်းခရီးရှိပါလျက် မပြေးမသွားဘဲနှင့် ရန်သူ၏ အနှိပ်အခဲစက်ကိုခံ၍ နေချေအံ့။ လမ်းခရီး၌ အပြစ်မဆိုပေရာ။ ထိုသူတို့၌ အပြစ်ဆိုရာသကဲ့သို့ ထို့အတူပင် ကိလေသာတည်းဟူသော ရန်သူသည် အစဉ်တစိုက် လိုက်၍ နှိပ်စက်သော ယောကျ်ားအား ကိလေသာ၏ လွတ်ငြိမ်းရာနိဗ္ဗာန် ကောန်ရှိပါလျက် ထိုနိဗ္ဗာန်ကို မရှာမကြံ ပေါ့တံ၍ နေချေအံ့။ ကိလေသာ၏ ငြိမ်းရာနိဗ္ဗာန်၌ အပြစ်မဆိုပေရာ။ မရှာမကြံ ပေါ့တံ၍နေသော သူ၏သာ အပြစ်ပေ။

ငါ့မှာမူကား ကိလေသာ၏ငြိမ်းရာ နိဗ္ဗာန်ကို ရှာကြံအံ့သော၌ မိန်းမ ယောကျ်ားတို့သည် ကျင်ကြီးကျင်ငယ်စွန့်ပြီးလျှင် ထိုကျင်ကြီးကျင်ငယ်၌ ငြိတွယ်ခြင်းမရှိ စွန့်သွားဘိသကဲ့သို့၎င်း၊ ဆွေးမြေ့ပျက်စီး ရေယိုပြီးသော လှေကို လှေရှင်တို့သည် တွယ်တာငြိကပ်ခြင်းမရှိ စွန့်သွားဘိသကဲ့သို့၎င်း၊ ပုပ်လှစွာသော ခွေးကောင်ပုပ်ကို လည်ပင်း၌ ဆွဲထားအပ်သော ယောကျ်ားသည် ထိုခွေးကောင်ပုပ်ကို ဖြုတ်ချပြီးလျှင် ငဲ့ကွက်ခြင်းမရှိ။ စွန့်သွားဘိသကဲ့သို့၎င်း၊ ထို့အတူပင် မစင် ကျင်ကြီး ပိုးလောက်တို့ဖြင့် ပြည့်သော ဤကိုယ်ခန္ဓာကို စွန့်ပစ်၍ သွားတော့အံ့ ဟု အထွေထွေ အထူးထူး ကြံပြီးလျှင် မင်းကြီးအား အကြောင်းကြား၍ မြို့၌စည်လည် စေပြီးသော် အကုဋေမက များလှစွာသောဥစ္စာတို့ကို အလိုရှိသောသူတို့ အလိုရှိတိုင်းယူစေပြီးမှ ရဟန်းပြုအံ့သော၌ ဟိမဝန္တာသို့ ဝင်လေ၏။

ထိုအကြောင်းကို သိကြားမင်း သိလေလျှင် ဝိသုကြံနတ်သားကို ခေါ်၍ "အချင်းဝိသုကြံနတ်သား, ယနေ့ကား သုမေဓာပုဏ္ဏားသည် ရသေ့ ရဟန်းပြုအံ့သော၌ တောထွက်၍လာပြီ၊ ခမ္မိကတောင်သို့ ရောက်လိမ့် မည်၊ မရောက်ခင်သွား၍ လျောက်ပတ်သော သင်္ခမ်းကျောင်းကိုသွား၍ ဘန်ဆင်းချေလော့" ဟု စေခိုင်းလိုက်လျှင် ဝိသုကြံနတ်သားလည်း ဝန်ခံ လျက်ဆင်းခဲ့ပြီးသော် ခမ္မိကတောင်ခြေ၌။

၁-ဥစ္စာစပါး သိမ်းဆည်းခြင်း၏ မရှိခြင်း။
၂-အပြစ်မရှိသော ဆွမ်းကို ရှာရခြင်း။
၃ ဖြိုးဖြိုးသော ဆွမ်းကို သုံးဆောင်ရခြင်း။

၄-ပြည်တိုင်းကားကိုနှိပ်စက်၍ ဥစ္စာသပြာတို့ကိုယူကုန်သောမင်းတို့ကဲ့သို့ ပြည်တိုင်းကားကို နှိပ်စက်ခြင်း ကိလေသာမရှိခြင်း။

၅-သစ်ဝါးစသော အဆောက်အဦးတို့၌ ဆန္ဒရာဂကင်းခြင်း။

၆-ခိုးသူတို့လုယက်ခြင်းဘေး မရှိခြင်း။

၇-မင်း၊မင်း၏အမတ်တို့နှင့် မနှီးနှောခြင်း။

၈-အရပ်လေးမျက်နှာတို့၌ ပိတ်ပင်ခြင်းမရှိခြင်း။

ဤသို့အားဖြင့် ရှစ်ပါးသော ရဟန်းတို့၏ ချမ်းသာခြင်းနှင့် ပြည့်စုံသော သင်္ခမ်းကျောင်းကို၎င်း။

၁-ကြမ်းတမ်းသော မညီမညွတ်သော မြေရှိသောအပြစ်။
၂-စင်္ကြံတွင်း၌ သစ်ပင်ရှိသော အပြစ်။
၃-မြက်ချုံနွယ် ဖုံးလွှမ်းသောအပြစ်။
၄-အလွန်ကျဉ်းသော အပြစ်။
၅-အလွန်ကျယ်သော အပြစ်။

ဤသို့အားဖြင့် ငါးပါးသော အပြစ်မှ ကင်းသော အနံရနှစ်တောင့်ထွာ၊ နံရံအမြင့်တတောင်၊ အလျားအတောင် ခြောက်ဆယ်ရှိသော နှုန်းညံ့သိမ်မွေ့သော သဲတို့ဖြင့် ကြဲအပ်သော စင်္ကြံကို၎င်း။ ။အကြင်အခြင်းဖြင့် ဘန်ဆင်းသည်ရှိသော် ထိုသင်္ခမ်း၌ နေသောသူသည် အဘိညာဉ်ငါးပါးကို ရခြင်း၏ အကြောင်းဖြစ်သော ဝိပဿနာအားကို ဆောင်နိုင်၏။ထိုအခြင်းအရာဖြင့် ဘန်ဆင်းပြီး၍ စင်္ကြံ၏အစွန်းနှစ်ဘက်၌ တကဲပျဉ်၊အလယ်၌ ထိုင်စရာ ပဲနောက်အဆင်းရှိသော ညီညွတ်သော ကျောက်ဖျာ၊သင်္ခမ်းကျောင်းအတွင်း၌ ဆံကျစ်ဝန်း၊ လျှော်တေသင်္ကန်း၊ သုံးခွရှိသော တောင်ဝှေး၊ ကရားစသော ရသေ့ပရိက္ခရာ၊ မဏ္ဍပ်၌ သောက်ရေအိုး၊ သောက်ရေခွက်၊ ရေသောက်ခရုသင်း၊ မီးတင်းကုပ်၌ မီးမယ်ဖြူထင်း၊ ဤသို့အစရှိသော အဆောက်အဦးကို ဘန်ဆင်းပြီးလျှင် သင်္ခမ်းကျောင်း၏ နံရံ၌ "အကြင်သူတို့သည် ရသေ့ရဟန်း ပြုလိုကုန်၏။ ထိုသူတို့သည် ထိုအဆောက်အဦးတို့ကိုယူ၍ ပြုကြကုန်လော့"ဟု သေချာစွာ အက္ခရာတို့ကို ရေးသား၍ ထားခဲ့ပြီးလျှင် ဝိသုကြံနတ်သားသည် တာဝတိံသာ နတ်ပြည်သို့ ပြန်သွားလေ၏။

သုမေဓာပညာရှိသည် တောသို့ရောက်၍ တောင်မြောင်ချောက်ကြားကို အစဉ်ဖြီးသဖြင့် မိမိအားနေခြင်းငှါ ထိုက်သော နေရာကိုရှာလတ်သော် ဝိသုကြုံနတ်သား ဘန်ဆင်းအပ်သော ကျောင်းသင်္ခမ်းကိုတွေ့၍ ခြေရာခြေကြောင်းကို မမြင်လျှင်" ဤကျောင်း၌နေသော အရှင်မြတ်တို့သည် မချွတ်ကေန် ဆွမ်းခံပြန်၍ ပင်ပန်းသောကြောင့် သင်္ခမ်းတွင်းသို့ ဝင်၍ နေသည်ဖြစ်ရာ၏ဟု ကြံလျက် အတန်ငယ်နေပြီးမှ သိရလတ္တံ့"ဟု သင်္ခမ်းတံခါးကို ဘွင့်လတ်သော် နံရံအပြင်၌ အက္ခရာကိုမြင်၍ "အကြင်ပရိက္ခရာတို့သည် ငါ့အားသာထိုက်တော့သည်"ဟု နှလုံးပိုက်လျက် မိမိ၌ ပါသော အကျိုးများစွာထိုက်သော ပုဆိုး၌

၁-အတိုးကြီးသော အပြစ်။
၂-သူတပါးနှင့်စပ်သော အပြစ်။
၃-သုံးဆောင်သောအခါ နွမ်းလွယ်သော အပြစ်။
၄-သုံးဆောင်သောအခါ ဆွေးလွယ်သော အပြစ်။
၅-တဘန်ရှာ၍ ရခဲသောအပြစ်။
၆-ရဟန်းတို့အား မလျောက်ပတ်သောအပြစ်။
၇-ရန်သူတို့နှင့် ဆက်ဆံသော အပြစ်။
၈-သုံးဆောင်သောသူအား အတင့်အတယ် တန်းဆာဆင်သော အပြစ်။
၉-ယူ၍သွားသော် ဝန်လေးသော အပြစ်။

ဤသို့အားဖြင့် ကိုးပါးသောအပြစ်ကိုမြင်၍ လျှော်တေသင်္ကန်း၌

၁-အတိုးနည်းသော အကျိုး။
၂-မိမိလက်ဖြင့် ပြုနိုင်သောအကျိုး။
၃-သုံးဆောင်သောအခါ ညစ်နွမ်းခဲခြင်း ဖွပ်လျှော်ရသော်လည်း ကြာမြင့်ခြင်းမရှိခြင်း အကျိုး။
၄-သုံးဆောင်၍ ဆွေးမြေ့သော်လည်း မချုပ်ရခြင်း အကျိုး။
၅-တဘန်ရှာ၍ ပြုလွယ်သော အကျိုး။
၆-ရသေ့ရဟန်းတို့အား လျောက်ပတ်သော အကျိုး။
၇-ရန်သူတို့နှင့် မဆက်ဆံသော အကျိုး။

၈-သုံးဆောင်သောသူအား အတင့်အတယ်မရှိခြင်း အကျိုး။

၉-ဆောင်ခြင်း၌ ပေါ့ပါးခြင်း အကျိုး။

၁၀-သင်္ကန်းပစ္စည်း၌ အလိုနည်းသော အကျိုး။

၁၁-လျှော်တေ့ခါရာ၌ တရားနှင့်ညီသော အကျိုး။

၁၂-ပျောက်သော်လည်း ငဲ့ကွက်ခြင်းမရှိသော အကျိုး။

ဤတဆဲ့နှစ်ပါးသော အကျိုးကို မြင်၍ အဘိုး များစွာ ထိုက်သော ပုဆိုးကို စွန့်ပစ်ပြီးလျှင် သင်္ကန်းတန်း၌ ဆွဲထားသော လျှော်တေသင်္ကန်း တထည်ကို ဝတ်လျက် တထည်ကို ဖုံးလွှမ်း၍ ဝဲနောက်အဆင်းနှင့် တူသော ခွါနှင့်တကွသော သစ်နက်ရေကို ပခုံးတဘက်၌ တင်ပြီးလျှင် ဆံကျစ်ဝန်းကို စွပ်၍ ဆံကျစ်နှင့်တကွ မတုန်လှုပ်စိမ့်သောငှါ သစ်နှစ် ဆံတိုးကို ထိုး၍ ပုလဲသွယ်နှင့်တူသော ဆိုင်း၌ သင်္ကာနှင့်တူသော ကရား ကိုထည့်၍ အရပ်သုံးပါး၌ ကောက်သော ထမ်းပိုးကိုယူလျက် တဘက် သော ထမ်းပိုးစွန်း၌ ကရားကို, တဘက်သော ထမ်းပိုးစွန်း၌ တံချူ ခြင်းတောင်း တိဒဏ္ဍ စသည်တို့ကို စွပ်၍ ပြာစစ်ထမ်းပိုးကို ပခုံး၌ ထမ်းလျက် လက်ျာလက်ဖြင့် တောင်ဝှေးကိုကိုင်၍ သင်္ခမ်းကျောင်းမှ ထွက်လျက် အတောင်ခြောက်ဆယ် အလျားရှိသော စင်္ကြံကျောင်း၌ တပြောင်းပြန်ပြန် စင်္ကြံသွား၍ မိမိ၏ အသွင်ကို ကြည့်သဖြင့် "ငါ၏နှလုံး အလိုသည် အပြီးသို့ရောက်ပြီ"ဟု ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ပြာစစ်ထမ်းပိုးကို ချပြီးလျှင် စင်္ကြံ၏အလယ်၌ ဝဲနောက်အဆင်းနှင့် တူသော ကျောက်ဖျာ၌ ရွှေဆင်းတုကဲ့သို့ ထိုင်လျက် နေ့အတွက်ကို လွန်စေ၍ ညချမ်းသောအခါ သင်္ခမ်းသို့ဝင်၍ ကျိန်းစက်သော ညောင်စောင်း၏ နံပါးသစ်ခက်အခင်း၌ လျောင်း၍ ကိုယ်ငွေ့ကိုယူ၍ မိုးလင်းသောက်ထ အခါ နိုးလတ်၍ မိမိ၏လာခြင်းကို ဆင်ခြင်လတ်သော် "ငါသည် ဃရာ ဝါသ-အိမ်၌ နေခြင်းကို အပြစ်ထင်၍ တောသို့ဝင်လျက် နေကျွမစျာန်ကို အားထုတ်ခြင်းငှါ ရဟန်းပြု၏။ ယခုလည်း ဤသစ်ရွက်မိုးသော သင်္ခမ်း သည် အလွန်နှစ်လိုဘွယ်ရှိ၏။ ဤသင်္ခမ်းထက်၌ ငါ၏ပြည့်ရုံခြင်းသည် မထင်ပြီ"ဤသို့ကြံ၍ တံဘနသစ်ရွက်မိုးသော သင်္ခမ်း၌ အပြစ်ကိုဆင်ခြင် ပြန်လတ်သော်။

၁-များသော အဆောက်အဦးတို့ကို ပေါင်းရ၍ ပြုရသော အပြစ်။
၂-မြက်သစ်ရွက် ကျသည်ရှိသော် ထိုမြက် သစ်ရွက်တို့ကို သုတ်သင်ရသော အပြစ်။
၃-သိတင်းကြီးလာသဖြင့် အခါမဟုတ်သည်၌ ထရသော အပြစ်။
၄-အချမ်းအပူကို ဖျောက်၍ ကိုယ်၏ နူးညံ့သိမ်မွေ့သည်ကို ပြုတတ်သော အပြစ်။
၅-ကဲ့ရဲ့ခြင်းကို ဖုံးလွှမ်းတတ်သော အပြစ်။
၆-ငါ၏ကျောင်းဟူ၍ သိမ်းဆည်းရသော အပြစ်။
၇-ကျောင်းရှိသော မည်သည် နှစ်ယောက် နေသကဲ့သို့ ရှိသော အပြစ်။
၈-သန်း-ကြမ်းပိုးစသည်တို့နှင့် ဆက်ဆံသော အပြစ်။

ဤသို့အားဖြင့် ရှစ်ပါးသော အပြစ်ကို မြင်၍ သစ်ပင်ရင်း၌ကား။

၁-နည်းသောအဆောက်အဦးရှိခြင်း အကျိုး။
၂-ထိုသစ်ပင်ရင်း၌ ကပ်၍ နေခါမျှသာ မသုတ်သင်ရသော အကျိုး။
၃-သိတင်းကြီးလာသည်ဟု မထရသော အကျိုး
၄-ကဲ့ရဲ့ခြင်းကို မဖုံးလွှမ်းသော အကျိုး။
၅ လွင်တီးခေါင်ကဲ့သို့ ကိုယ်မခိုင်စေခြင်း အကျိုး။
၆-သိမ်းဆည်းခြင်းကို မပြုရသော အကျိုး။
၇-ကျောင်း၌တပ်ခြင်းကို ပယ်သော အကျိုး။
၈-သန်း-ကြမ်းပိုးစသည်တို့နှင့် မဆက်ဆံသော အကျိုး။
၉-နေသောသူအား နှစ်သက်ခြင်းနှင့်တကွဖြစ်သော အကျိုး။
၁၀-ငဲ့ကွက်ခြင်းမရှိသော အကျိုး။

ဤသို့ အားဖြင့် ဆယ်ပါးသော အကျိုးကို မြင်၍ သိကြားကျောင်းကို စွန့်ပစ်၍ သစ်ပင်ရင်းသို့ ကပ်လေ၏။

သစ်ပင်ရင်း၌ တနိုးသောက်၍ ဆွမ်းအလို့ငှါ ရွာတရွာသို့ကပ်လက်သော် များစွာသောလုံ့လဥဿာဟဖြင့် လူ့အပ်သောဆွမ်းကိုရခဲ့၍ စားပြီးသော် ကြံပြန်သည်ကား "ငါသည် အစာအာဟာရကို မစားရ၍ ရသေ့ရဟန်းပြုသည် မဟုတ်။ ဤသိမ်မွေ့နူးညံ့သော အစာအာဟာရသည်

ငါ ဟူသော မာရ်ယစ်ခြင်းအကြောင်းသာ ဖြစ်၏။အလိုလိုကြွေကျသော သစ်သီးကို စား၍ ရဟန်းတရားကို အားထုတ်တော့အံ့”ဟု ကြံလျက် ကြံသောအတိုင်း အားထုတ်လျှင် ခုနစ်ရက်အတွင်း၌ ရှစ်ပါးသောသမာပတ်နှင့်တကွ အဘိညာဉ် ငါးပါးကို ရသည်ဖြစ်၍ ရသေ့ရဟန်းတရား၌ အပြီးအဆုံးသို့ ရောက်တော်မူလေ၏။

---

## ၁၅-ဒီပင်္ကရာ မြတ်စွာဘုရား အကြောင်း။

ထိုအခါ ဒီပင်္ကရာ မြတ်စွာဘုရားအလောင်းတော်သည်လည်း တုသိတာနတ်ပြည်မှ နတ်ဗြဟ္မာအပေါင်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ စုတေပြီးသော် ရမ္မဝတီပြည်၌ သုဒေဝအမည်ရှိသောမင်းကြီး၏ သုမေဓာအမည်ရှိသော မိဖုယားကြီး၏ဝမ်းဝယ် ပဋိသန္ဓေ နေတော်မူပြီးလျှင် လေးယောက်သော စတုမဟာရာဇ် နတ်မင်းကြီးတို့သည် စောင့်ရှောက်အပ်သည်ဖြစ်၍ ဆယ်လလွန်သောအခါ ဘွားတော်မူလျှင် မြောက်အရပ်သို့ ခြေး၇ ခုနစ်ဘဝါး ကြွသွားတော်မူလျက်“အဂ္ဂေါဟမသ္မိ လောကဿ” စသည်ဖြင့် ကြိမ်းပတော်မူ၏။ ထိုနောက် အရွယ်ရောက်လျှင် ဟံသပြာသာဒ်, ကောဉ္စပြာသာဒ်, မယူရပြာသာဒ်, ဟူ၍ သုံးဆောင်သော ပြာသာဒ်၌ ပဒုမဒေဝီ မိဖုယား အမှူးရှိသော တသိန်းသော မောင်းမအပေါင်း ခြံရံလျက် ကာမဂုဏ်ချမ်းသာကို ခံစား၍ သားတော် ဥသဘက္ခန္ဓမင်းသားကို ဘွားမြင်တော်မူပြီးလျှင် လေးပါးသောနိမိတ်ကြီးတို့ကို မြင်တော်မူ၍ ဆင်ယာဉ်စီးလျက် တောထွက်တော်မူသောအခါ သုဒ္ဓါဝါသဗြဟ္မာသည် ကပ်လှူအပ်သော ရှစ်ပါးသော ပရိက္ခရာကို ယူတော်မူ၍ ရဟန်းပြုပြီးလျှင် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၏။

တကုဋေသော ယောကျ်ားတို့သည် ဒီပင်္ကရာ မြတ်စွာဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။ထိုတကုဋေသော ရဟန်းပရိသတ် အပေါင်း ခြံရံလျက် ဒီပင်္ကရာမင်းသား ဘုရားအလောင်းတော်သည် ဆယ်လပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့်နေ့၌ တခုသောမြို့သို့ တကုဋေသော ရဟန်းပရိသတ်နှင့်တကွ ဆွမ်းခံဝင်တော်မူသောအခါ ထိုမြို့၌လည်း ထိုနေ့နတ်တို့ပူဇော်အံ့သော၌ ရေမပါသော နို့ဃနာ ချက်သည်နှင့် အသင့်ကြုံကြိုက်၍ တကုဋေသော

ရဟန်းပရိသတ်နှင့်တကွ ဆွမ်းခံကြွလာသော ဘုရားလောင်းအား ပေါ့အပေါင်းတို့သည် နို့ဃနာဆွမ်းကို လောင်းကြကုန်၏။ဒိုပက်ရာမင်းသား ဘုရားလောင်း၏ သပိတ်တော်၌ကား နတ်တို့သည် နတ်သြဇာကို ထည့်ကြကုန်၏။ထိုနို့ဃနာဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် အင်ကြင်းတော၌ နေ့သန့်ခြင်းကို ပြုတော်မူလျက် ညချမ်းသောအခါ အဘော်ရဟန်းတို့ကို စွန့်ထားခဲ့၍ သုနန္ဒအမည်ရှိသော တက္ကတွန်းသည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ယူတော်မူလျက် ပင်စည်အတောင် ကိုးဆယ်ရှိသော ညောင်ကြတ်ဗောဓိသို့ ကပ်ပြီးလျှင် ကြဲဖြန့်သောအခါ ငါးဆဲ့သုံးတောင် မြင့်သော ရတနာ ပလ္လင်ပေါ်၍ ထိုပလ္လင်ထက် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် နေမဝင်မီ မာရ်စစ်သည်အပေါင်းကို အောင်တော်မူ၍ ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်၊ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့်တပြိုင်နက် အာသဝက္ခယဉာဏ်သို့ ရောက်လေသဖြင့် လောကကေတု သဗ္ဗညု အဖြစ်သို့ ရောက်လေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင်“အနေကဇာတိသံသာရံ”အစရှိသော ဥဒါန်းကို ကျူးရင့်တော်မူလျက် ဗောဓိပင်၏အနီး၌ လေးဆဲ့ကိုးရက်ပတ်လုံး သီတင်းသုံးနေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ သုနန္ဒာရုံဝယ် ကုဋေတရာသောနတ်တို့အား ဓမ္မစကြာတရားကို ဟောတော်မူပြီးလျှင် ထိုထိုသို့သော မြို့ရွာနိဂုံးဇနပုဒ်သို့ ဒေသစာရီ ကြွချီတော်မူလေ၏။

---

## ၁၆-သုမေဓာ ရှင်ရသေ့ ဗျာဒိတ်ရခြင်း။

ငါတို့ဘုရားအလောင်း သုမေဓာရှင်ရသေ့မှာမူကား ဈာန်သမာပတ် ချမ်းသာကို ဝင်စား၍ နေရိုက်နှင့်ချည်း ကြိုကြိုက်၍ ဒိုပက်ရာဘုရားအလောင်း ပဋိသန္ဓေနေသောအခါ, ဘွားတော်မူသောအခါ, ဘုရားဖြစ်တော်မူသောအခါ, ဓမ္မစကြာ တရားကို ဟောတော်မူသော အခါ ဤလေးပါးသော အခါတို့၌ စကြာဝဠာတုန်လှုပ်ခြင်း အစရှိသော သုံးဆဲ့နှစ်ပါးသော နိမိတ်တို့သည် ထင်ရှား ဖြစ်ကုန်သော်လည်း မသိဘဲရှိလေသည်။

ဒီပင်္ကရာ မြတ်စွာဘုရားလည်း ဒေသစာရီ ကြွချီတော်မူ၍ ရမ္မဝတီပြည် သုဒဿနတောင် သုဒဿနကျောင်း၌ လေးသိန်းသော သင်္ဃာတို့နှင့်အတူတကွ သီတင်းသုံးနေတော်မူသောအခါ ရမ္မဝတီပြည်သူပြည်သားတို့သည် ဆွမ်းလုပ်ကျွေးအံ့သော၄ါ ပင့်ဘိတ်ပြီးလျှင် ကြွတော်မူလာရာ လမ်းခရီး၌ ရေစည်းညွှန်ပြောင်းရှိသော အရပ်ကို လျောက်ပတ်တင့်တယ်စေခြင်း၄ါ ဝမ်းသာအားရ တူးဆွဖို့လောင်းကြသော အခါ သုမေဓာရှင်ရသေ့လည်း ကောင်းကင်က ဗျာန်ယာဉ်ဖြင့် ကြွသွားသည်ရှိသော် ဝမ်းမြောက်ဝမ်းသာ ရွှင်ရွှင်ပျပျ ခရီးလမ်း သုတ်သင်ကြသည်ကိုမြင်လျှင် ကောင်းကင်မှ ဆင်းခဲ့၍ အကြောင်းခြင်းတကို မေးလတ်သော်ပရိသတ် တို့ကလည်း ဒီပင်္ကရာ မြတ်စွာဘုရား ကြွလာတော် မူရန် လမ်းခရီး သုတ်သင်ကြောင်းကို ပြောလျှင် အဆောတလျင် ထိုခဏ၌ 'ဘုရား,ဘုရား'ဟု ဆိုလျက် နှစ်သက်ရွှင်လန်းစွာ "အကယ်၍တည်း ဒီပင်္ကရာ မြတ်စွာဘုရား ကြွလာတော်မူရာ လမ်းခရီး ဟုဘ်ပါလျှင် သင်တို့သည် ငါ့အတွက်ကိုလည်း ပေးကြပါ။ သုတ်သင်လိုပါသည်" ဟု တောင်း၍ သုတ်သင်လေ၏။

သုမေဓာရှင်ရသေ့၏ အတွက်အတာခရီး မပြီးခင် ဒီပင်္ကရာ မြတ်စွာဘုရားသည် လေးသိန်းသော ရဟန်းပါသင်္ဃာတော်တို့နှင့်တကွ ကြွတော်မူလာကုန်၏။ထိုအခါ နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ကောင်းချီးပေးကြကုန်၏။လူတို့သည် နတ်တို့ကို နတ်တို့သည် လူတို့ကို အချင်းချင်းမြင်ကြကုန်၏။ နတ်၌ဖြစ်သော ထင်ရှားပန်း,ပဒုမာပန်း,ပင်လယ်ကသစ်ပန်းတို့ဖြင့်လည်း များစွာ ပူဇော်သက္ကာရကို ပြုကြကုန်၏။ ထိုအခါ လမ်းပြင်၍ အပြီးအစီးသို့ မရောက်သေးသော သုမေဓာရှင်ရသေ့သည် ဆံကိုဖြေလျက် လျှော်တေသက်န်းနှင့် တကွသော သစ်နက်ရေကို ရေစည်းညွှန်ပြောင်း၌ ခင်းပြီးလျှင် မှောက်၍အိပ်လျက်"ငါသည် ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ သာဝကပါရမီဉာဏ်ကို လိုမူ၊အလွယ်တကူပင် ရတော့မည်။ သို့ဖြစ်ငြားလည်း အားလုံ့လနှင့် ပြည့်စုံသော ယောကျ်ားဖြစ်လျက် သံသရာတည်းဟူသော မြစ်တဘက်သို့ တယောက်အထီးထီး ကူးသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု သာဝကပါရမီဉာဏ်ကိုစွန့်လွှန်ပယ်ထား၍"ယခုအသက်ကိုစွန့်၍ တံတားခင်းရသော ကောင်းမှုကြောင့် သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်လတ်၍ နတ်နှင့်တကွသော

လူတို့ကို ကယ်ယူတင်ပို့နိုင်စေသော”ဟု မနောပဏိဓိ ထားပြီးလျှင် “ဘုန်းတော်ကြီးလှသော အရှင်ဘုရား,အရှင်ဘုရားသည် လေးသိန်းသော တပည့်သား သံဃာတော်တို့နှင့်တကွ နင်း၍ ကြွသွားတော် မူပါ”ဟု လျှောက်၏။

ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့၏ ဗျာဒိတ်ရခြင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံခြင်းကို မြင်တော်မူ၍ အနာဂတံသဉာဏ်တော်ဖြင့် ကြည့်တော်မူလျက် သုမေဓာရှင်ရသေ့၏ဦးခေါင်းဦး၌ ရပ်တော်မူပြီးလျှင် “ဤသုမေဓာ ရှင်ရသေ့သည် ဘုရားဖြစ်ခြင်း၏အကြောင်းကောင်းစွာ ဆုတောင်းပတ္တနာ ပြုသည့်အတိုင်း ဤသာရမဏ္ဍကပ္ပမှ လေးသင်္ချေနှင့်ကမ္ဘာတသိန်းထက် ညောင်ဗုဒ္ဓဟောဗောဓိ၌ သစ္စာလေးပါးကိုသိ၍ ဂေါတမဘုရားဖြစ်လတ္တံ့၊ မယ်တော်ကား မဟာမာယာ၊ ခမည်းတော်ကား သုဒ္ဓေါဒန၊ လက်ျာရံ ရဟန္တာယောကျ်ားကား ရှင်သာရိပုတ္တရာ၊ လက်ဝဲရံ ရဟန္တာယောကျ်ားကား ရှင်မောဂ္ဂလာန်၊ လက်ျာရံ ရဟန္တာမိန်းမကား ခေမာ၊လက်ဝဲရံ ရဟန္တာမိန်းမကား ဥပ္ပလဝဏ်၊ ရဟန်းအလုပ်အကျွေးကား အာနန္ဒာ၊ဒါယကာအလုပ်အကျွေးကား စိတ္တ, ဟတ္ထာဠဝက, ဟူ၍ နှစ်ယောက်၊ ဒါယိကာမိန်းမ အလုပ်အကျွေးကား ဝိသာခါ, နန္ဒမာတာဥတ္တရာ, ဟူ၍နှစ်ယောက်၊ ပွင့်ရာဗောဓိကား ညောင်ဗုဒ္ဓဟော ဖြစ်ကုန်လတ္တံ့”ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုအခါ ယသောဓရာမိဖုယား၏ အလောင်းဖြစ်သော သုမိတ္တာ ပုဏ္ဏေားမငယ်သည်လည်း ဒီပင်္ကရာ မြတ်စွာဘုရားကို ပူဇော်အံ့သော၌ ကြာပန်း ရှစ်လက်တို့ကို ယူခဲ့၍ ထိုဗျာဒိတ်ပွဲသဘင်သို့ ရောက်လာလျှင် သံသရာဘဝ အဆက်ဆက်က ပေါင်းဘက်ဘူးသော ဝါသနာခလေ့ ကြောင့် သုမေဓာရှင်ရသေ့ကို မြင်လျှင် မြင်ခြင်း ခြေရင်းတော် အလုပ် အကျွေးဖြစ်လိုသော စိတ်ဇောကိုစော၍ သုမေဓာရသေ့၏ အထံသို့ ကပ်ပြီးလျှင် “ဤကြာပန်းငါးလက်ကို သင့်ညှုတဆုကို ရည်၍ ပူဇော်ပါ၊ ဤကြာပန်း သုံးလက်ကိုကား အကျွန်ုပ်နှင့် တတူတကွ ဖြစ်ခြင်း၌ ပူဇော်ပါ၊ရှင်ရသေ့နှင့်အတူတကွ ဘဝအဆက်ဆက်၌ ခြေရင်း အလုပ်အကျွေး ဖြစ်စေသော” ဟု ဆုတောင်း၏။ သုမေဓာ ရှင်ရသေ့လည်း သုမိတ္တာ ပုဏ္ဏေားမငယ်၏ လက်မှ ရှစ်လက်သော ကြာပန်းကို ယှမ်းယူပြီးသော်

ဒီပင်္ကရာ မြတ်စွာဘုရားအား ကြာပန်း လေးလက်ကို စတုဝေသာရဇ္ဇ ဉာဏ်ကိုရည်၍ ကြာပန်းတလက်ကို သဗ္ဗညုတဉာဏ်ကိုရည်၍ ပူဇော်၏။ ကြာပန်းသုံးလက်ကိုကား ဝိဇ္ဇာသုံးပါးကိုရည်၍ သုမိတ္တာပုဏ္ဏေးမငယ်၏ အကျိုး၌ ပူဇော်၏။

ဒီပင်္ကရာမြတ်စွာဘုရားသည်လည်း အနာဂတံသဉာဏ်ဖြင့် ကြည့်တော်မူ၍ "သုမေဓာရသေ့, ဤသတို့သမီးငယ်သည် သင်ရသေ့နှင့် အတူတကွ ကုသိုလ်ကောင်းမှုပြုဘက်ဖြစ်၍ ခြေရင်းအလုပ်အကျွေးဖြစ်လတ္တံ့၊ သင်ဘုရားဖြစ်သောအခါ၌လည်း လောကုတ္တရာအမွေခံ ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ။ထို့နောင် ပုဏ္ဏားသမီးတထောင်တို့သည်လည်း ကြည်းပန်း ရေပန်းတို့ဖြင့် ပူဇော်၍"သုမေဓာရှင်ရသေ့၏ ခြေရင်းတော်အလုပ်အကျွေး ဖြစ်ရပါလို၏" ဟု ဆုတောင်း၏။ ထိုတထောင်သော ပုဏ္ဏားသမီးတို့အားလည်း ဒီပင်္ကရာ မြတ်စွာဘုရားသည် "နောင်သောအခါ သင်ရသေ့၏ ခြေရင်းတော် အလုပ်အကျွေး ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ။ထို့နောင် တသောင်းရှစ်ထောင်သော ပုဏ္ဏေးမ သမီးတို့သည်လည်း ကြည်းပန်း ရေပန်းတို့ဖြင့် ပူဇော်လျက် "နောင်သောအခါ သုမေဓာရှင်ရသေ့၏ ခြေရင်းတော် အလုပ်အကျွေး ဖြစ်ရပါလို၏"ဟု ဆုတောင်း၏။ ထိုတသောင်း ရှစ်ထောင်သောပုဏ္ဏားသမီးတို့အားလည်း ဒီပင်္ကရာမြတ်စွာဘုရားသည် "နောင်သောအခါ သင်ရသေ့၏ ခြေရင်းအလုပ်အကျွေးဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ။ယသောဓရာ အလောင်း သုမိတ္တာပုဏ္ဏေးမငယ်နှင့်တကွ တသောင်းကိုးထောင်သော ပုဏ္ဏားသမီးတို့သည် သုမေဓာရှင်ရသေ့ သိဒ္ဓတ်မင်းသားဖြစ်၍ ကာမဂုဏ် ချမ်းသာကို ခံစားသောအခါ သာကီဝင်မင်းသမီးချည်း ဖြစ်ကြကုန်လျက် မိမိတို့ ဆုပန်သည့်အတိုင်း သိဒ္ဓတ်မင်းသားခြေရင်းတော် အလုပ်အကျွေး ဖြစ်ကြကုန်ပြီးလျှင် သိဒ္ဓတ်မင်းသား ဘုရားဖြစ်သောအခါ သာသနာသို့ဝင်၍ ရဟန်းပြုကြကုန်သဖြင့် ဘိက္ခုနီရဟန္တာမချည်း ဖြစ်ကြကုန်၍ ကိလေသာ၏ ကုန်ခန်းရာ မဟာနိဗ္ဗာန်ရွှေပြည်ကြီးသို့ ဝင်ကြလေကုန်၏။

ဒီပင်္ကရာမြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဗျာဒိတ်သံကို နာခံမှတ်သား၍ သုံးပါးသော နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ဦးခေါင်းညွှတ်ပြီးလျှင် "ဒီပင်္ကရာမြတ်စွာဘုရားလက်ထက် ဖိုလ်မဂ်ကို

ငါတို့မရကြသော်လည်း သုမေဓာရှင်ရသေ့ ဘုရားဖြစ်သောအခါ ရကြကုန်လတ္တံ့”ဟု ဝမ်းမြောက်ဝမ်းသာ တညီတညွတ်တည်း ရပေါင်း၍ ကောင်းချီးပေးကြကုန်၏။ ဒီပင်္ကရာ မြတ်စွာဘုရားလည်း ဗျာဒိတ်စကားကြားတော်မူပြီးလျှင် နောက်ပါသင်္ဃာတော် လေးသိန်းနှင့်တကွ ကြွတော်မူလေ၏။ ဒီပင်္ကရာမြတ်စွာဘုရားကြွတော်မူ၍ မျက်စိအမြင်ကို လွန်သောအခါ သုမေဓာ ရှင်ရသေ့သည် နေရာညွှန်ပြောင်းမှ ထတော်မူပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။

ထိုအခါ တသောင်းသော လောကဓာတ်မှ လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် အရှင်သုမေဓာရသေ့၊ မချွတ်ဧကန် အမှန်ပင် ဘုရားဖြစ်လတ္တံ့။ ရှေးရှေးသော ဘုရားလောင်းတို့ ဗျာဒိတ်ရစ ထက်ဝယ်ဖွဲ့ခွေ နေကြသောအခါ။

၁-အချမ်းအပူကင်းခြင်း။

၂-တသောင်းသော လောကဓာတ်၌ အသံမရှိသဖြင့် နှောင့်ယှက်ခြင်း ကင်းခြင်း။

၃-ပြင်းစွာသော လေတို့ မလာခြင်း။

၄-မြစ်ရေတို့ မစီးခြင်း။

၅-ကြည်းပန်း ရေပန်းတို့ ပွင့်ခြင်း။

၆-နွယ်သစ်ပင်တို့ အသီးကို ဆောင်ခြင်း။

၇-ကောင်းကင်၌၎င်း မြေ၌၎င်း အလုံးစုံသော ရတနာတို့ ထွန်းတောက်ပခြင်း။

၈-နတ်၌၎င်း လူ၌၎င်း ဖြစ်သော စည်တို့သည် အလိုလိုမြည်ခြင်း။

၉-ဆန်းကြယ်သော ပန်းမိုးတို့သည် ကောင်းကင်မှ ရွာခြင်း။

၁၀-မဟာသမုဒ္ဒရာသည် ဝဲကဲ့သို့လည်၍ မြည်ခြင်း။

၁၁-တသောင်းသော ငရဲဝဋ္ဋာ တုန်လှုပ်ခြင်း။

၁၂-အဝီစိငရဲ၌ မီးငြိမ်းခြင်း။

၁၃-နေမင်းသည် အညစ်အကြေးကင်းခြင်း။

၁၄-နေ့အခါ အလုံးစုံသော ကြယ်တို့ကို ထင်မြင်ခြင်း။

၁၅-မိုးမရွာဘဲနှင့် မြေမှ ရေတို့ ပေါ်ထွက်ခြင်း။

၁၆-ကြယ်အပေါင်းတို့သည် အထူးသဖြင့် ထွန်းတောက်ပခြင်း။
၁၇-လမင်းသည် ပိသာခါနက္ခတ်နှင့်ယှဉ်ခြင်း။
၁၈-တွင်း၌ နေသောသတ္တဝါ,ချောက်၌ နေသော သတ္တဝါတို့သည် မိမိတို့နေရာမှ ထွက်ခြင်း။
၁၉-သတ္တဝါတို့ မွေ့လျော်ခြင်း။
၂၀-အနာတို့ ငြိမ်းခြင်း။
၂၁-ငတ်မွတ်ခြင်း ငြိမ်းခြင်း။
၂၂-ရာဂ ဒေါသ မောဟ ခေါင်းပါးခြင်း။
၂၃-ဘေးမဖြစ်ခြင်း။
၂၄-မြူသည် အထက်သို့ မတက်ခြင်း။
၂၅-နတ်၌ဖြစ်သော အနံ့တို့ဖြင့် လှိုင်ခြင်း။
၂၆-အရူပသတ္တဝါကို ထား၍ ခပ်သိမ်းသော သတ္တဝါတို့ကို ထင်မြင်ခြင်း။
၂၇-နံရံ တံခါးရွက်တို့ အလိုလို ပွင့်ခြင်း၊
၂၈-ရတိပဒိုသင်္ချေ ကင်းခြင်း။

ဟု ဆိုအပ်ကုန်သော အကြောင်နိမိတ်တို့သည် ထင်ကုန်၏၊ ယခုလည်း ထိုနိမိတ်တို့သည် ထင်၍ကုန်ပါပြီ။နောက်သို့ ဆုတ်တော်မမူပါလင့်။ဘုရားဧကန် ဖြစ်ပါလတ္တံ့-ဟု တသောင်းသော လောကဓာတ်မှ စည်းဝေးရောက်လာကြကုန်သော နတ် ဗြဟ္မာ အပေါင်းတို့သည် သောင်းသောင်းရုတ်ရုတ် အုတ်အုတ် ကျက်ကျက် ကြော်ငြာကြကုန်၏။

ထိုအခါ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား၏ ဗျာဒိတ်စကားကိုင်း၊ နတ်ဗြဟ္မာတို့၏ နိမိတ်သြဘာသံကိုင်း ကြား၍ အားရဝမ်းသာ ကြံပြန်သည်ကား ခပ်သိမ်းသော ဘုရားရှင်တို့ မည်သည် နှစ်ခွန်းစကားကို ဆိုရိုးမရှိ။ ဥပမာကား၊ ကောင်းကင်သို့ မြှောက်ပစ်အပ်သော ခဲသည် ကျမြဲမသွေ မှန်လေသကဲ့သို့ငှင်း၊ ကိုယ်ဝန်ဆောင်သော မိန်းမသည် ထိုကိုယ်ဝန်ကို မချတ်မသွေ ချရလေသကဲ့သို့ငှင်း၊ ထို့အတူပင် သဗ္ဗညုရှင်တော်ဘုရား၏ စကားသည် မချွတ်ဧကန် အမြဲမှန်၏။ ထို့ကြောင့် ငါသည်လည်း ဘုရားဧကန် ဖြစ်တော့မည်။

## ၁၇-ပါရမီတော်ဆယ်ပါးကို စူးစမ်းဆင်ခြင်ခြင်း။

ထိုသို့ဖြစ်သော်လည်း ရှေးဘုရားတို့သည် အကြောင်းမရှိဘဲ မဖြစ်တန်ရာ။ ဘုရားအဖြစ်ကို ပြုတတ်သော တရားသည်လည်း ရှိတန်ရာ၏ဟု စူးစမ်းဆင်ခြင်သော် ဆယ်အင်သော ပါရမီတို့တွင်။

၁။ ။ရှေးဦးအစ ဒါနပါရမီကို မြင်တော်မူ၍ "အမောင် သုမေဓာ, အမောင်သုမေဓာသည် အကယ်၍ ဘုရားအဖြစ်ကို အလိုရှိ၍ သုတောင်းလျှင် ဘုန်းတောင်း ယာစကာတို့ကို တွေ့ကြုံသော အခါ အယုတ် အလတ် အမြတ်မထောက်၊အောက်သို့ မျက်နှာထားသော ဖျဉ်းအိုးသည် အကြွင်းမဲ့ ရေကို အန်ဘိသကဲ့သို့ အကြွင်းမဲ့ အလှူကို ပေးလှူလော့" ဟု မိမိ၏ကိုယ်ကို မိမိဆုံးမ၏။

၂။ ။ဘုရားအဖြစ်သို့ ရောက်ကြောင်း ဓမ္မကား ဤမျှသာ မဟုတ်သေး ဟု တဘန် ဗုဒ္ဓဓမ္မကို ဆင်ခြင်ပြန်သော် နှစ်ခုမြောက်သော သီလ ပါရမီကို မြင်တော်မူ၍ "အမောင်သုမေဓာ, အမောင်သုမေဓာသည် အကယ်၍ ဘုရားအဖြစ်ကို အလိုရှိပါလျှင် စာမရီမည်သော သားသည် အသက်ကိုစွန့်၍ မိမိ၏ အမြီးကို စောင့်ရှောက်သကဲ့သို့ ထို့အတူ အသက်ကို စွန့်၍ သီလပါရမီကို ဖြည့်ကျင့်လော့"ဟု မိမိကိုယ်ကို မိမိဆုံးမ၏။

၃။ ။ဘုရားအဖြစ်သို့ ရောက်ကြောင်း ဓမ္မကား ဤမျှသာမဟုတ်သေး ဟု တဘန် ဗုဒ္ဓဓမ္မကို ဆင်ခြင်ပြန်သော် သုံးခုမြောက်သော နိက္ခမပါရမီကို မြင်၍ "အမောင်သုမေဓာ, အမောင်သုမေဓာသည် အကယ်၍ ဘုရားအဖြစ်ကို အလိုရှိအံ့၊ နှောင်အိမ်၌ ကြာမြင့်စွာ နေရသော ယောကျ်ားသည် ထိုနှောင်အိမ်မှ လွတ်ကြောင်းကို ရှာကြံသကဲ့သို့ ထို့အတူ အမောင်သုမေဓာသည်လည်း ဘဝသုံးပါးတည်းဟူသော နှောင်အိမ်၌ တပ်ခြင်းကင်းစေလျက် တောထွက်ခြင်း နိက္ခမပါရမီကို ဖြည့်ကျင့်လော့"ဟု ဆုံးမ၏။

၄။ ။ဘုရားအဖြစ်သို့ ရောက်ကြောင်းဓမ္မကား ဤမျှသာ မဟုတ်သေး ဟု တဘန် ဗုဒ္ဓဓမ္မကို ဆင်ခြင်ပြန်သော် လေးခုမြောက်

သော ပါရမီကို မြင်၍ "အမောင် သုမေဓာ, အမောင် သုမေဓာသည် အကယ်၍ ဘုရားအဖြစ်သို့ ရောက်လိုသော် အယုတ် အလတ် အမြတ်မရွေးမူ၍ ဆွမ်းခံသော ရဟန်းသည် မျှတလောက်ရုံသော ဆွမ်းကို ရသကဲ့သို့ ထို့အတူ အခါ ခပ်သိမ်း အယုတ် အလတ် အမြတ်မရွေးမူ၍ ပညာရှိတို့သို့ ကပ်၍ မေးလျက် ပညာပါရမီကိုလည်း ဖြည့်ကျင့်လော့" ဟု ဆုံးမ၏။

၅။ ။ဘုရားအဖြစ်သို့ ရောက်ကြောင်း ဓမ္မကား ဤမျှသာမဟုတ်သေး ဟု တဘန် ဗုဒ္ဓဓမ္မကို ဆင်ခြင်ပြန်သော် ငါးခုမြောက်သော ဝီရိယ ပါရမီတော်ကို မြင်တော်မူ၍ "အမောင် သုမေဓာ, အမောင်သုမေဓာသည် အကယ်၍ ဘုရားအဖြစ်သို့ ရောက်လို လျှင် ကေသရာဇာ ခြင်္သေ့မင်းသည် အခါခပ်သိမ်း ထိုင်ခြင်း သွားခြင်း ရပ်ခြင်းတို့၌ မတွန့်မတိုသော လုံ့လရှိသကဲ့သို့ ထို့အတူ ခပ်သိမ်းသော ဘဝတို့၌ မြဲစွာလုံ့လပြု၍ ဝီရိယ ပါရမီကိုလည်း ဖြည့်ကျင့်လော့"ဟု ဆုံးမ၏၊

၆။ ။ဘုရားအဖြစ်သို့ ရောက်ကြောင်းဓမ္မကား ဤမျှသာ မဟုတ်သေး ဟု တဘန် ဗုဒ္ဓဓမ္မကို ကြည့်ရှု ဆင်ခြင်ပြန်သော် ခြောက်ခု မြောက်သော ခန္တီပါရမီကို မြင်တော်မူ၍ "အမောင်သုမေဓာ, အမောင်သုမေဓာသည် အကယ်၍ ဘုရားအဖြစ်သို့ ရောက်လို အံ့၊မဟာပထဝီ ဤမြေကြီးသည် လူတို့သည် စွန့်ပစ်အပ်သော မစင်ကျင်ကြီး အစရှိသော အလုံးစုံသော ကောင်းမကောင်း အမှုတို့၌ ရှုန်းခြင်းမရှိသကဲ့သို့ ထို့အတူ သင်သည်လည်း ခပ်သိမ်းသောသူတို့ ပြုအပ်သော အမှု၌ သည်းခံ၍ ခန္တီပါရမီ ကိုလည်း ဖြည့်ကျင့်လော့"ဟု ဆုံးမ၏၊

၇။ ။ဘုရားအဖြစ်သို့ ရောက်ကြောင်းဓမ္မကား ဤမျှသာမဟုတ်သေး ဟု တဘန် ဗုဒ္ဓဓမ္မကို ဆင်ခြင်ပြန်သော် ခုနစ်ခုမြောက်သော သစ္စာပါရမီကို မြင်တော်မူ၍ "အမောင်သုမေဓာ, အမောင် သုမေဓာသည် အကယ်၍ ဘုရားအဖြစ်သို့ ရောက်လိုအံ့၊ သောက်ကြူးကြယ်သည် မိုးဦးကာလ ဆောင်းကာလ နွေကာလ

တို့၌ သွားမြဲ ခရီးကိုသာ သွားသကဲ့သို့ ထို့အတူ အမောင်သုမေဓာသည်လည်း သစ္စာပါရမီကိုလည်း ဖြည့်ကျင့်လော့”ဟု ဆုံးမ၏။

၈။ ။ဘုရားအဖြစ်သို့ ရောက်ကြောင်း ဓမ္မကား ဤမျှသာ မဟုတ်သေး ဟု တဘန် ဗုဒ္ဓဓမ္မကို ဆင်ခြင်ပြန်သော် ခြောက်ခုမြောက်သော အဓိဋ္ဌာန်ပါရမီကို မြင်တော်မူ၍ “အမောင်သုမေဓာ, အမောင်သုမေဓာသည် အကယ်၍ ဘုရားအဖြစ်သို့ ရောက်လိုငြားမူ မြဲမြံစွာ စိုက်ထားအပ်သော ကျောက်စာတိုင်ကြီးသည် လေမုန်တိုင်းတို့ကြောင့် မတုန်မလှုပ်နိုင်ဘိသကဲ့သို့ ထိုအတူ အမောင်သည်လည်း မတုန်မလှုပ် မြဲမြံစွာ အဓိဋ္ဌာန်ပါရမီကိုလည်း ဖြည့်ကျင့်လော့”ဟု ဆုံးမ၏။

၉။ ။ဘုရားအဖြစ်သို့ ရောက်ကြောင်း ဓမ္မကား ဤမျှသာမဟုတ်သေးဟု တဘန် ဗုဒ္ဓဓမ္မကို ဆင်ခြင်ပြန်သော် ကိုးခုမြောက်သော မေတ္တာပါရမီကို မြင်တော်မူ၍ “အမောင်သုမေဓာ, အမောင်သုမေဓာသည် အကယ်၍ ဘုရားအဖြစ်သို့ ရောက်လိုလျှင် ရေသည် ကောင်းသောသူ မကောင်းသောသူတို့ကို အတူအမျှ ချမ်းမြေ့စေ၍ အညစ်အကြေးတို့ကို မြှောသကဲ့သို့ ထို့အတူ အမောင်သုမေဓာသည်လည်း ကောင်းသောသူမကောင်းသောသူတို့၌ အတူ ချစ်ခြင်းမေတ္တာပါရမီကိုလည်း ဖြည့်ကျင့်လော့”ဟု ဆုံးမ၏။

၁၀။ ။ဘုရားအဖြစ်သို့ ရောက်ကြောင်း ဓမ္မကား ဤမျှသာ မဟုတ်သေး ဟု တဘန် ဗုဒ္ဓဓမ္မတို့ကို ဆင်ခြင်ပြန်သော် ဆယ်ခုမြောက်သော ဥပေက္ခာပါရမီကို မြင်တော်မူ၍ “အမောင်သုမေဓာ,အမောင်သုမေဓာသည် အကယ်၍ ဘုရားအဖြစ်သို့ ရောက်လိုလျှင် မဟာပထဝီ ဤမြေကြီးသည် မိမိအပေါ်၌ မစင်ကျင်ကြီး အစရှိသော မကောင်းသော ဝတ္ထုတို့ကိုရင်း ပန်းနံ့သာ အစရှိသော ကောင်းသောဝတ္ထုတို့ကိုရင်း စွန့်ပစ်သော်လည်း မုန်းခြင်းချစ်ခြင်းမရှိသကဲ့သို့ ထို့အတူ အမောင်သုမေဓာသည်လည်း ခပ်သိမ်းသော သူတို့၌ မုန်းခြင်းချစ်ခြင်း

မရှိ၊ လျစ်လျူရှုလျက် ဥပေက္ခာပါရမီကိုလည်း ဖြည့်ကျင့်လော့”ဟု ဆုံးမ၏။ ။

ကိုယ်ဝန်ဆောင်သော မိန်းမအား ထိုကိုယ်ဝန်ကို ချခြင်းသည် မြသကဲ့သို့ ထို့အတူ မြတ်စွာဘုရား စကားတော်သည်လည်း မြဲ၏ဟု ဆိုသည်တွင်။ ၊ပါရမီခန်း၌။

အကြင်ရောခါ၊ ကြမ္မာယွင်းယိုး၊ အကုသိုလ်ဖြင့်၊ ထိုထိုဇာတိ၊ ကြိုက်လတ်ဘိ သော်၊ရှုတ္တိုသော်ဟု၊ ခေါ်ဝေါ်ခင်ခင်၊ မိန်းမဖြစ်လျက်၊ နှစ်ဆစ်တရား၊ ကမ္ဘာ ရှည်လျား၊ကျင်လည်ငြားလည်း၊ယောကျ်ားတရုံမဆံဘူးလော၊ မီးယပ်နေသား၊ အသေတတန်၊ ကိုယ်ဝန်လည်းစွဲ၊ ဆင်းရဲတိုင်ထိ၊ သားသည်မိဘ်ို၊ အဘို ရောက်ရောသားရရာသည်၊ အင်္ဂါသုံးပါး၊အကြောင်းအားဖြင့်၊ ကြံမ်ငြားလမူ၊ ယူသားကိုယ်ဝန်၊ ပဋိသန်ကားမကျန်ဖွါးနေ့၊ အခါစေ့က၊ အောင်မြေ့မှန်မြဲ၊ ဘွားကုန်မြဲသို့။

ဟူ၍ စပ်သည်။

၌လက်ာ၌“ယောကျ်ား တရုံမဆံဘူးလော၊ မီးယပ်နေသား”ဟူသော အဓိပ္ပါယ်ကို ယောကျ်ားဖြစ်လျှင် မိန်းမ မဖြစ်၊မိန်းမဖြစ်လျှင် ယောကျ်ား မဖြစ် စသည်ဖြင့် အထွေထွေအထူးထူး ယူကြကုန်၏။ ။မီးယပ်နေ-ဆိုသော အမှုသည် ယောကျ်ား၏အဖြစ်ဖြင့် နှစ်ဆစ်တရာ ကမ္ဘာ အဆက်ဆက်တို့၌ ကျင်လည်ငြားသော်လည်း မဆက်ဆံ။အကြင်ရောခါ အကုသိုလ်ကံ ကြမ္မာအလျောက် မိန်းမဖြစ်၍ သားရရာသော အင်္ဂါသုံး ပါးနှင့် ပြည့်ရုံလျှင် ပဋိသန္ဓေကိုယ်ဝန် အရင့်အမာရှိသောအခါ မချွတ် မမှား ဧကန် ဖွါးကုန်သကဲ့သို့ ထို့အတူ ဘုရားရှင်တို့၏ စကား သည်လည်း မချွတ်မယွင်း ဧကန်မှန်၏ ဟူ၍ အဓိပ္ပါယ်ယူရမည်။

သီလပါရမီ အခန်းတွင် စာမရီကဲ့သို့ ကျင့်ရမည်ဆိုရာ၌ စာမရီ အရကို သုဝဏ္ဏသာမ သူဌေးခန်းတွင်။

အကျင့်ကောင်းပင်၊သီလခင်သည်။ ။အကြင်ဌက်မ-စာမရီဘည်း။

ဟု ဌက်-ဟူ၍ စပ်သည်။ ။ပါရမီခန်း၌ကား။

ပမာသွေးသီ၊စာမရီဟု၊ နောက်ချီ ပွပွ၊ မြီးဆံသှချက်၊ တောမသိပ်ဒေါင်၊ သရေဆောင်သည့်၊ရွှေရောင်ဖြိုးဖြိုး၊သားအမျိုးကား။

ဟု သား-ဟူ၍ စပ်သည်။

စာမရီတိ စာမရိ မိဂီ"ဟူ၍ သားဟော မိဂ-သဒ္ဒါနှင့် အဓိဌကထာဆရာ ဘွင့်သောကြောင့် ပါရမီခန်းဆရာ စပ်သောအတိုင်းသာ သား-ဟု မှတ်ရမည်။

ဝိရိယပါရမီအခန်းတွင် ပါရမီခန်း ပျို့၌။

> လို့လက်ကိုယ်စွမ်း၊ ထမ်းသောအခါ၊ ပမာသမှု၊ ထိုးတခုတုံ၊ ပဏ္ဏုကာလ၊ ကေသရနှင့်၊ တိဏာဟူသား၊ လေးဆူ အရိုး၊ခြင်္သေ့မျိုးတွင်၊ အစိုးရပင်၊ တောတခွင်၌၊ ကောင်းကင်ပျံတတ်၊ သိန္ဓောမြတ်လည်း၊ မလွတ်ရစေ၊ လိုက်နည်းဖွေ၍၊ ကေသရာသည်၊ ခေါ်တွင်ညီလျက်၊ ရှေ့ချီကားကား၊ မင်းဆံဖါးနှင့်၊ သနေးမျှော့သေဌ်နင်း၊ ခြင်္သေ့မင်းကား။

ဟူ၍ ခြင်္သေ့၏စွမ်းရည်သတ္တိကိုသာ စပ်သည်၊ပမာဏကိုမစပ်။ သို့ပင်ဖြစ်သော်လည်း ဒုကနိပါတ် ကေလိသီလဇာတ်တွင်။

ဟံသာ ကောဉ္စာ မယူရာ စ၊ဟတ္ထိယော ပသဒါ မိဂါ။
သဗ္ဗေပိ သီဟဿ ဘာယန္တိ၊နတ္ထိ ကာယသ္မိံ တုလျတာ။

ဟူ၍ လာသည်။ ၎င်း အဓိဌကထာတွင်လည်း။

နတ္ထိ ကာယသ္မိံ တုလျတာတိ သရီရေ ပမာဏံ နတ္ထိ။ ယဒိ ဘဝေယျ မဟာသရီရာ ဟတ္ထိနော စေဝ ပသဒါ မိဂါ စ သီဟံ မာရေယျုံ။ဟံသာဒယော ခုဒ္ဒကသရီရေ ယေဝ မာရေယျ။ ယဒိ ဇဝံ ခုဒ္ဒကာ ယေဝ ဟိ သီဟဿ ဘာယန္တိ။ ယသ္မာ ပနေတံ နတ္ထိ၊တသ္မာ သဗ္ဗေပိ သီဟဿ ဘာယန္တိ။

ဟူ၍ ဘွင့်သည်။

အနက်ကား။ ။ဟံသာ စ၊ဟသာ်တို့သည်၎င်း။ကောဉ္စာ စ၊ကြိုးကြာတို့သည်၎င်း။ မယူရာ စ၊ဥဒေါင်းတို့သည်၎င်း။ ဟတ္ထိယော စ၊ဆင်တို့သည်၎င်း။ ပသဒါ စ၊ချေတို့သည်၎င်း။မိဂါ စ၊ကြွင်းသော သားတို့သည်၎င်း။သဗ္ဗေပိ၊ အလုံးစုံသော သတ္တဝါတို့သည်လည်း။ သီဟဿ၊ ခြင်္သေ့မှ။ဘာယန္တိ၊ကြောက်ကြကုန်၏။ကာယသ္မိံ၊ ကိုယ်ခန္ဓာကြီးခြင်း၌။ တုလျတာ၊ပမာဏ၏ အဖြစ်သည်။နတ္ထိ၊မရှိ။ ။ပါဠိတော်အနက်။

"နတ္ထိ ကာယသ္မိံ တုလျတာတိ၊ နတ္ထိ ကာယသ္မိံ တုလျတာ"။ ဟူသည်ကား။ သရီရေ၊ ကိုယ်ခန္ဓာကြီးသည်၌။ ပမာဏံ၊ ပမာဏသည်။ နတ္ထိ၊မရှိ။ဝါ။ကိုယ်ခန္ဓာကြီးခြင်း ပမာဏမဟုတ်။ယဒိ ဘဝေယျ၊အကယ်၍ ကိုယ်ခန္ဓာကြီးခြင်းသည် ပမာဏဖြစ်ခဲ့အံ့။ မဟာသရီရာ၊ ခြင်္သေ့ထက်

ကြီးသော ကိုယ်ရှိကုန်သော။ဟတ္ထိနော စ၊ဆင်တို့သည်ငှင်း။ပသဒါ စ၊ ချေတို့သည်ငှင်း။မိဂါ စ၊သားတို့သည်ငှင်း။သီဟံ၊ခြင်္သေ့ကို။ မာရေယျုံ၊ သတ်ကုန်ရာ၏။ ဟံသာဒယော၊ဟသ်ာ အစရှိကုန်သော။ ခုဒ္ဒကသရီရေ ယောဝ၊ မိမိအောက်ငယ်သော ကိုယ်ရှိသော သတ္တဝါတို့ကိုသာလျှင်။ သီဟော၊ ခြင်္သေ့သည်။မာရေယျ၊သတ်နိုင်ရာ၏။ဟိ၊ ထိုစကားသည်မှန်၏။ ယဒိ ဧဝံ၊ အကယ်၍ မိမိအောက်ငယ်သော သတ္တဝါကိုသာလျှင် ခြင်္သေ့ သည် သတ်နိုင်သည်ဖြစ်ခဲ့ငြားအံ့။ ခုဒ္ဒကာ ယေဝ၊ ခြင်္သေ့အောက် ငယ်သော တိရစ္ဆာန်တို့သည်သာလျှင်။ သီဟသာ၊ခြင်္သေ့မှ။ဘာယန္တို၊ ကြောက်ကုန်ရာ၏။ယသ္မာ ပန၊အကြင်ကြောင့်ကား။ ဧတံ၊ဤခန္ဓာကိုယ် ကြီးခြင်း ပမာဏသည်။နတ္ထိ၊မရှိ။ဝါ၊မဟုတ်။ တသ္မာ၊ထို့ကြောင့်။သဗ္ဗေပိ၊ ခပ်သိမ်းသော တိရစ္ဆာန်တို့သည်လည်း။သီဟသာ၊ ခြင်္သေ့မှ။ဘာယန္တို၊ ကြောက်ကုန်၏။ ။ဤကား အဋ္ဌကထာအနက်။

ဤသို့လျှင် ပါဠိ, အဋ္ဌကထာတို့၌ အကယ်၍ ကိုယ် ခန္ဓာကြီးခြင်းသည် ပမာဏဖြစ်အံ့၊ကြီးသောကိုယ်ရှိသော ဆင်၊ ချေ၊ သားတို့သည် ခြင်္သေ့ကို သတ်ကုန်ရာ၏ ဟု ဆိုသည်ကို ထောက်လျှင် ခြင်္သေ့သည် ချေ-သတ္တဝါ အောက် ငယ်သည် ဟူ၍ မှတ်သင့်သည်။

ဤသို့လျှင် အလောင်းတော် သုမေဓာရှင်ရသေ့သည် ပါရမီဆယ်ပါး ကို အနုလုံပဋိလုံ အစုန်အဆန် အပြန်အလှန် ဆင်ခြင်သုံးသပ် ပွါးများ တော်မူသောအခါ ပါရမီဆယ်ပါး တရားတော်၏ တန်ခိုးကြောင့် နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် သည်းစွာတုန် လှုပ်၏။ ။ဤသို့လျှင် မဟာပထဝီမြေကြီး သည်းစွာတုန်လှုပ်သည်ဖြစ်၍ ရမ္မဝတီပြည်သူ ပြည်သားတို့သည် ဒီပင်္ကရာမြတ်စွာဘုရားကို ဆွမ်းလုပ် ကျွေးလျက် တည်တန့်ခြင်း၌ မတတ်နိုင်ကုန်ကြရကား မိန်းမောတွေဝေ ကြကုန်၏၊ ဆွမ်းလုပ်ကျွေးရာ အရပ်၌ ဒိုးတို့သည်လည်း အချင်းချင်း ထိခိုက်ကြကုန်၏၊ ။ထိုအကြောင်းကို ဒီပင်္ကရာ မြတ်စွာဘုရားအား လျှောက်လေသော်"သင်တို့သည် မကြောက်ကြကုန်လင့်။ သုမေဓာရှင်ရ သေ့သည်. ရှေးရှေးသော ဘုရားအလောင်းတို့သည် မြဲဝသုံးဆောင အပ်သော ပါရမီဆယ်ပါးကို သုံးသပ်ခြင်းကြောင့် တသောင်းသော စကြ

ဝဋ္ဋာ၌ မြေတုန်လှုပ်သည်”ဟု မိန့်တော်မူလျှင် လူများအပေါင်းသည် ရမ္မဝတီပြည်မှ ထွက်ပြီးလျှင် တဘန်ပန်းနံ့သာ စသည်တို့ဖြင့် သုမေဓာရှင်ရသေ့ကို ပူဇော်လျက် လက်ျာရစ် လည်ပြီးသော် ရမ္မဝတီပြည်သို့ ဝင်ကြလေကုန်၏။

ထိုအခါ သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရားကို ကြည်ညိုမြတ်နိုး ရှိခိုးပြီး၍ နေရာမှ ထသောအခါ တသောင်းသော စကြဝဋ္ဋာတိုက်၌ နတ်ဗြဟ္မာတို့သည် ပန်းနံ့သာတို့ဖြင့် ပူဇော်လျက်“အရှင်သုမေဓာ, အရှင်သုမေဓာသည် ယနေ့ ဒီပင်္ကရာ မြတ်စွာဘုရားထံ၌ ကြီးမြတ်သော ဆုကိုပန်၏။ထိုဆုကို ရတော်မူလေလော့၊ဖိုးရိမ်ကြောင့်ကြမရှိ သမ္မောဓိအဖြစ်သို့ လျှင်မြန်စွာ ရောက်လေလော့။ အချိန်ကာလကိုမလွန်မူ၍ သစ်ပွင့်သစ်သီးတို့သည် သီးပွင့်သကဲ့သို့ အချိန်ကာလကိုမလွန်မူ၍ ပွင့်တော်မူလေလော့။ ရှေးရှေးသော ဘုရားလောင်းတို့သည် ဆယ်ပါးသော ပါရမီတို့ကို ဖြည့်ကျင့်သကဲ့သို့ ရှင်ရသေ့သည်လည်း ဆယ်ပါးသော ပါရမီတို့ကို ဖြည့်ကျင့်လေလော့” ဤသို့ အစရှိသည်ဖြင့် ဗြဟ္မာ နတ် လူတို့သည် ကြည်ဖြူသာယာ မင်္ဂလာစကားကို ကြားကြကုန်ပြီးလျှင် မိမိတို့နေရပ်သို့ ပြန်လည်ကြလေကုန်၏။

သုမေဓာ ရှင်ရသေ့လည်း“ ငါသည် ဘုရားဧကန်ဖြစ်တော့အံ့”ဟု နိုင်ခံ့သော ဝီရိယ ဥဿာဟဖြင့် ကောင်းကင်သို့ ပျံတက်ပြီးလျှင် ဟိမဝန္တာ ဓမ္မိကတောင်သို့ ရောက်လေ၍ အသက်အတိုင်းနေပြီးသော် ရတေကာလ ဗြဟ္မာ့ပြည်သို့ ရောက်လေ၏။

---

## ဒီပင်္ကရာမြတ်စွာဘုရား-ပဌမဓမ္မာဘိသမယ-စသည်အကြောင်း။

ဒီပင်္ကရာမြတ်စွာဘုရားသည် ရမ္မဝတီပြည်သူ ပြည်သားတို့အား ထိုက်သည့်အားလျော်စွာ တရားအမြိုက်ဆေး တိုက်ကျွေးတော်မူပြီးလျှင် သုဒဿနကျောင်းကြီးသို့ နောက်ပါသင်္ဃာ လေးသိန်းနှင့်တကွ ကြွတော်မူ၍ သုနန္ဒာရုံ၌ ကုဋေတရာသော နတ်လူတို့အား ဓမ္မစကြာတရား အမြိုက်တိုက်ကျွေးတော်မူ၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။ ။အခါတပါး၌ သားတော် ဥသဘက္ခန္ဓ အမှူးရှိသော ကုဋေကိုးဆယ်သော နတ်တို့အား တရားအမြိုက် တိုက်ကျွေးတော်မူ၏။ ။ဤကား ဒုတိယဓမ္မာဘိ

သမယတည်း။ ။အခါတပါး တာဝတိံသာနတ်ပြည်၌ ပဏ္ဍုကမ္ဗလာ ကျောက်နေရာဝယ် မယ်တော်ဖြစ်သော သုမနဒေဝနတ်သား အမှူးရှိသော တသောင်းသော စကြဝဠာမှလာကုန်သော နတ် ဗြဟ္မာအပေါင်းတို့သည် ခြံရံလျက် အဘိဓမ္မာခုနစ်ကျမ်းကို ဟောတော်မူ၍ ကုဋေကိုးသောင်းသော နတ်တို့အား တရားအမြိုက် တိုက်ကျွေးတော်မူ၏၊ ။ ဤကား တတိယဓမ္မာဘိသမယတည်း။

သုနန္ဒာရုံဝယ် ကုဋေတသိန်းသော ရဟန္တာ အစည်းအဝေး ဖြစ်ကြကုန်၏။ ။ဤကား ပဌမသာဝကသန္နိပါတတည်း။

ထိုမှတပါး ဒိပက်ရာမြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူသောအခါ သဟဿလေးသိန်းနှင့်တကွ နာရဒတောင်သို့ ရောက်တော်မူလျှင် နာရဒဘီလူးအား ဆုံးမတော်မူလို၍ လေးသိန်းသော ရဟန်းတို့ကို အရပ်လေးမျက်နှာသို့ စေလွှတ်တော်မူပြီးလျှင် ကိုယ်တော်တပါးတည်း နာရဒတောင်သို့ တက်တော်မူသည်ရှိသော် နာရဒဘီလူးမြင်၍ ဒိပက်ရာမြတ်စွာဘုရားကို ပြေးစေအံ့ ဟု နာရဒတောင်ကို လှုပ်၏. ထိုသို့လှုပ်သောတောင်သည် မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် နာရဒဘီလူး၏ ဦးခေါင်းထက်သို့ ကျအံ့သကဲ့သို့ ဖြစ်သည်။ ဤသို့အစရှိသည်ဖြင့် နာရဒဘီလူးသည် ဒိပက်ရာမြတ်စွာဘုရားအား ချောက်သော်လည်း ကြောက်အောင်မတတ်နိုင်၍ ထိတ်လန့်ခြင်း သံဝေဂဖြစ်လျက် ဒိပက်ရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်၏။ ထိုအခါ မြတ်စွာဘုရားသည် တရားမြိုက်ဆေး တိုက်ကျွေးတော် မူသဖြင့် နာရဒ ဘီလူးသည် ဘီလူးဗာထောင်နှင့်တကွ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ဇမ္ဗူဒိပါကျွန်းအံပြင်၌ နေကြကုန်သောသူတို့သည်လည်း ထိုနေ့ နာရဒဘီလူးကို ဗလိနတ်စာအလို့ငှါ တရွာတရွာမှ တယောက်တယောက်သော ယောကျ်ားတို့ကိုရင်း၊ ဆန်,နှမ်း အစရှိသည်တို့ကိုရင်း ယူဆောင်ခဲ့ကြ၍ နာရဒဘီလူးထံ ရောက်လာကြကုန်၏။ နာရဒ ဘီလူးသည် ထိုအလုံးစုံကို ဒိပက်ရာမြတ်စွာဘုရားအထံသို့ ဆောင်လေသော် မြတ်စွာဘုရားသည် ထိုသူတို့၏ ဥပနိဿယကို ကြည့်တော်မူ၍ “ဧဟိဘိက္ခု” ခေါ်တော်မူသံဖြင့် ကုဋေကိုးသောင်းသော ယောကျ်ားတို့သည် “ဧဟိဘိက္ခုရဟန်း” ဖြစ်ကြကုန်ပြီးလျှင် ခုနစ်ရက်အတွင်း၌ အရဟတ္တဖိုလ်သို့ ရောက်ကြ

ကုန်၍ ထိုကုဋေ ကိုးသောင်းသော ရဟန္တာတို့၏ အစည်းအဝေး၌ ဒိပင်္ကရာမြတ်စွာဘုရားသည် အင်္ဂါလေးပါးနှင့် ပြည့်စုံသည်ဖြစ်၍ ဩဝါဒ ပါတိမောက်ကို ပြတော်မူ၏။ ။အင်္ဂါ ၄-ပါးဟူသည်ကား။

၁-အလုံးစုံသော ရဟန်းတို့သည် ဧဟိဘိက္ခု-ရဟန္တာဖြစ်ကြ ကုန်သည်လည်း တပါး။
၂-အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံကြသည်လည်း တပါး။
၃-မပင့်မခေါ်ဘဲ အလိုလိုရောက်လာသည်လည်း တပါး။
၄-ပန္နရသီ ဥပုသ် ကြုံကြိုက်သည်လည်း တပါး။

ဤသို့လျှင် ၄-ပါးတည်း။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။

အခါတပါး ဒိပင်္ကရာမြတ်စွာဘုရားသည် သုဒဿနတောင်၌ ဝါဆို တော်မူသောအခါ တောင်ထိပ်ပွဲသဘင် အလို့ငှါ လာကြကုန်သော ကုဋေကိုးသန်းသော ယောက်ျားတို့သည် ဒိပင်္ကရာမြတ်စွာဘုရားထံ၌ ရဟန်းခံ၍ နေကြကုန်ပြီးသော် သိတင်းကျွတ်လပြည့်နေ့၌ ရဟန္တာ အဖြစ်သို့ချည်း ရောက်ကုန်ကြသဖြင့် ထိုကုဋေကိုးသန်းသော ရဟန္တာ တို့နှင့် အတူတကွ ဒိပင်္ကရာ မြတ်စွာဘုရားသည် ပဝါရဏာပြုတော် မူ၏။ ။ဤကား တတိယ သာဝကသန္နိပါတတည်း။

**သာဝက အစည်းအဝေး အကြိမ်များလျက် အထူးထုတ်၍ ဆိုသည်ကား ဝုဋ္ဌာနမပေါ်၊ ရဟန္တာချည်းသက်သက် စည်းဝေးသောကြောင့် ဆိုသည်မှတ်။**

ဒိပင်္ကရာမြတ်စွာဘုရား၏ လက်ျာရံ,လက်ဝဲရံ, အဂ္ဂသာဝကတို့ကား ရှင်သုမင်္ဂလ, အရှင်တိဿ၊အလုပ်အကျွေးကား အရှင် သောဘိတ၊ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်နန္ဒာ,အရှင်သုနန္ဒာ၊အလုပ် အကျွေး ဒါယကာယောက်ျားကား တဖုဿ,ဘလ္လိက ဟူ၍ နှစ်ယောက်၊ အလုပ်အကျွေး ဒါယိကာ မိန်းမကား သိရိမာ, အသောက ဟူ၍ နှစ်ယောက်။ ။အရပ်တော်ကား အတောင်၈၀ စသည်၊ ရောင်ခြည် တော်ကား ထက်ဝန်းကျင် ဆယ်ယူဇနာ ပျံ့နှံ့၏။ ။

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ဒိပင်္ကရာ မြတ်စွာဘုရားသည် ထိုက်သည်အားလျော်စွာ ဝေနေယျတို့အား တရားမြွက်ဆေး တိုက်ကျွေး တော်မူပြီးလျှင် သင်္ခါရသဘောတရားကို တား၍မြစ်ခြင်းငှါ မတတ် ကောင်းသောကြောင့် ပရိနိဗ္ဗာန်စံတော်မူလေ၏။ ။ဒိပင်္ကရာ မြတ်စွာ

ဘုရား ပရိနိဗ္ဗာန်စံတော်မူလေလျှင် တခဲနက်သော ဓာတ်တော်ကို ဌာပနာလျက် သုံးဆဲ့ခြောက်ယူဇနာမြင့်သော စေတီတည်၍ ကြည်ညိုမြတ်နိုးသဖြင့် ရှိခိုးပူဇော်ကြကုန်၏။ ဒီပင်္ကရာမြတ်စွာဘုရားကိုမှီ၍ သင်္ချာလေးပါးကိုသိသော သာဝကတို့ ကွယ်သဖြင့် သာသနာတော် ကွယ်လေ၏။

ဒီပင်္ကရာမြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမမြတ်စွာ ဘုရားအလောင်း သုမေဓာရှင်ရသေ့ ဗျာဒိတ် ခံတော်မူဟန် အခန်းအနား ပြီး၏။

## ၁၈-ကောဏ္ဍညမြတ်စွာဘုရား အကြောင်း။

ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူသော သာရမဏ္ဍကမ္ဘာ၏နောက် ကမ္ဘာတသင်္ချေကို လွန်၍ ဉာဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် သုံးသင်္ချေနှင့် ကမ္ဘာတသိန်းထက် တရသော သာရကမ္ဘာ၌ လူတို့ အသက် တသိန်းနေသောအခါ ကောဏ္ဍညမြတ်စွာဘုရား အလောင်းတော်သည် တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာ တသိန်း ကာလပတ်လုံး ပါရမီ ဖြည့်ကျင့်တော်မူပြီး၍ တုသိတာ နတ်ပြည့်မှ နတ်ဖြဟ္မာအပေါင်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ ငါးပါးသောကြည့်ခြင်းကြီးတို့ကို ကြည့်ရှုဆင်ခြင်တော်မူပြီးမှ ရတောခဲ့သော် ရမ္မဝတီပြည်၌ သုနန္ဒာအမည်ရှိသော မင်းကြီး၏ သုဇာတာအမည်ရှိသော မိဖုယားကြီးဝမ်းဝယ် ပဋိသန္ဓေ နေတော်မူပြီးလျှင် လေးသောင်းသော စတုမဟာရာဇ် နတ်မင်းကြီး တို့သည်[၁] စောင့်ရှောက် အပ်သည်ဖြစ်၍ ဆယ်လလွန်သော အခါ ဖွါးတော်မူ၍ မြောက်အရပ်သို့ခြေးရှု ခုနစ်ဘဝါး ကြွသွားတော်မူလျက် "အဂ္ဂေါဟမသ္မိ လောကဿ" စသည်ဖြင့် ကြိမ်းပတော် မူပြီးနောက် အရွယ်ရောက်လျှင် ရာမပြာသာဒ်,သုရာမပြာသာဒ်,သုဘပြာသာဒ်, ဟူ၍ သုံးဆောင်သောပြာသာဒ်ထက်၌ ရုစိဒေဝီ မိဖုယားကြီး အမှူးရှိသော သုံးသိန်းသော မောင်းမအပေါင်းခြံရံလျက် ကာမဂုဏ်ချမ်းသာကိုခံစား၍ သားတော် ဝိဇိတာသေနမင်းသားကို ဖွါးမြင်တော်မူပြီးလျှင် လေးပါးသောနိမိတ်ကြီးတို့ကို အသီးအသီးမြင်တော်မူ၍ အာဇာနည် မြင်းကသော

၁-နတ်တို့သည်-ဟု ဗုဒ္ဓဝင်အဋ္ဌကထာ၌ သာမညအဓိပ္ပါယ်သာ လာရှိသည်။

ရထားယာဉ်ဖြင့် တောထွက်တော် မူသောအခါ ဖြဟ္မာကြီးကပ်လှူ အပ်သော ၈ပါးသောပရိက္ခရာကို ယူသုံးစွဲ၍ ရဟန်းပြုပြီးလျှင် ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူ၏၊ ဆယ်ကုဋေသော ယောက်ျားတို့သည် ကောဏ္ဍညမင်းသားသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏၊

ထိုဆယ်ကုဋေသော ရဟန်း ပရိသတ်အပေါင်း ခြံရံလျက် ကောဏ္ဍညမင်းသား ဘုရားအလောင်းတော်သည် ဆယ်လပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့်နေ့၌ သုနန္ဒအမည်ရှိသော ရွာ၌ သူဌေးသို့ ယသောဓရာသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် အင်ကြင်းတော၌ နေ့သန့်တော်မူလျက် ညချမ်းသောအခါ အဘော်ရဟန်းတို့ကို စွန့်ထားခဲ့၍ ကြွသွားတော်မူစဉ် သုနန္ဒအမည်ရှိသော တက္ကတွန်းသည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ယူတော်မူလျက် သာလကလျာဏီ ဗောဓိပင်သို့ ကပ်ပြီးလျှင် ကြဲဖြန့်သောအခါ ငါးဆဲ့ခုနစ်တောင်မြင့်သော ရတနာ ပလ္လင်ပေါ်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် နေမဝင်မီ မာရ်စစ်သည် အပေါင်းကို အောင်တော်မူ၍ ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တဖိုလ်သို့ ရောက်လေသဖြင့် လောကကေတု သဗ္ဗညုဘုရား အဖြစ်သို့ ရောက်တော်မူပြီးလျှင် "အနေကဇာတိသံသာရံ" အစရှိသော ဥဒါန်းကို ကျူးရင့်တော်မူလျက် ဗောဓိပင်၏ အနီး၌ လေးဆဲ့ကိုးရက် ပတ်လုံး သီတင်းသုံးနေတော် မူသောအခါ ဖြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား လက်မွန်ရှေးဦးစွာ တရားအမြိုက် တိုက်ကျွေးပါရအံ့နည်း ဟု ကြည့်ရှုဆင်ခြင်တော်မူလျှင် တောထွက်တော်မူစက အတူတကွ လိုက်၍ ရဟန်းပြုကြကုန်သော ဆယ်ကုဋေကုန်သော ရဟန်းတို့ကို မြင်တော်မူလျှင် ထိုဆယ်ကုဋေသော ရဟန်းတို့၏နေရာ တဆဲ့ရှစ်ယူဇနာ ဝေးကွာသော အမရဝတီပြည် ဒေဝပုန်တောသို့ ကြွတော်မူ၍ ဆယ်ကုဋေသော ရဟန်းပရိသတ်အများရှိသော ကုဋေတသိန်းသော နတ်ပေါ့တို့ကို ဓမ္မစကြာတရားအမြိုက်ဖြင့် တိုက်ကျွေးတော်မူ၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။

တရံရောအခါ · များစွာသော နတ်ပရိသတ်တို့တွင် နတ်သားတယောက်သည် မင်္ဂလာပြဿနာကို လျှောက်၍ ကောဏ္ဍညမြတ်စွာ

ဘုရားသည် မင်္ဂလာတရားကို ဟောတော်မူသဖြင့် ကုဋေကိုးသောင်း သော နတ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏၊ သောတာပန် သကဒါဂါမိသို့ ရောက်ကြသည်မှာ အရေအတွက်မရှိကြကုန်။ ။ဤကား ဒုတိယဓမ္မာဘိသမယတည်း။

တရံရောအခါ ကောဏ္ဍညမြတ်စွာဘုရားသည် တိတ္ထိတို့ကို နှိပ်နင်း ခြင်းငှါ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာ ပြတော်မူ၏၊ ထိုအခါ ကုဋေ ၃ စ်သောင်းသော နတ်လူတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြ ကုန်၏၊ သောတာပန် သကဒါဂါမိ အနာဂါမိအဖြစ်သို့ရောက်သော ပုဂ္ဂိုလ် တို့ကား မရေမတွက်နိုင်။ ။ဤကား တတိယဓမ္မာဘိသမယတည်း။

ကောဏ္ဍညမြတ်စွာဘုရားသည် စန္ဒာရုံဝယ် ပဌမဝါဆိုတော်မူသော အခါ သုစိန္ဒရပုဏ္ဏားသား ဘဒ္ဒလုလင်, ယသောဓရပုဏ္ဏားသား သုဘဒ္ဒ လုလင်တို့သည် တသောင်းသော ပုဏ္ဏားလုလင်တို့နှင့် အတူတကွလာ၍ ကောဏ္ဍညမြတ်စွာဘုရားထံ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြ ကုန်လျှင် နယုန်လပြည့်နေ့၌ ကောဏ္ဍညမြတ်စွာဘုရားသည် ကုဋေ တသိန်းသော ရဟန္တာအပေါင်း ခြံရံလျက် ပါတိမောက်ပြတော်မူ၏။ ။ ဤကား ပဌမ သာဝကသန္နိပါတတည်း။

တရံရောအခါ ကောဏ္ဍညမြတ်စွာဘုရားသည် သားတော် ဝိဇိတာ သေနအမှူးရှိသော ကုဋေတထောင်သော ရဟန္တာတို့၏အလယ်၌ ပါတိ မောက်ပြတော်မူ၏။ ။ဤကား ဒုတိယသာဝကသန္နိပါတတည်း။

တရံရောအခါ ကောဏ္ဍည မြတ်စွာဘုရားသည် ဥဒေနထေရ်အမှူး ရှိသော ကုဋေကိုးဆယ်သော ရဟန္တာတို့၏ အစည်းအဝေး၌ ပါတိ မောက်ပြတော်မူ၏။ ။ဤကား တတိယသာဝကသန္နိပါတတည်း။

---

## ဂေါတမမြတ်စွာဘုရားအလောင်း ဝိဇိတာဝီ စကြာမင်းကြီး အကြောင်း။

တရံရောအခါ ကောဏ္ဍညမြတ်စွာဘုရားသည် ကုဋေတသိန်းသော ရဟန္တာအပေါင်း ခြံရံလျက်၊ အစဉ်သဖြင့် ဒေသစာရီ ကြွချီတော်မူသည် ရှိသော် စန္ဒာဝတီပြည်သို့ ရောက်တော်မူလေ၏၊ ထိုအခါ ငါတို့ ရှင်ဂေါတမဘုရား အလောင်းတော်သည်လည်း စန္ဒာဝတီ ပြည်ကြီး၌

စကြာရတနာ,ဆင်ရတနာ,မြင်းရတနာ,ပတ္တမြားရတနာ, မိဖုယားရတနာ, သူဌေးရတနာ,သားကြီးရတနာ ဟု ဆိုအပ်သော ရတနာခုနစ်ပါးတို့သည် ရောက်အပ်ကုန်သည်ဖြစ်၍ ဝိဇိတာဝီ စကြာဝတေးမင်းကြီး ဖြစ်တော်မူ၏။ အဘယ်သို့လျှင် စကြာရတနာစသော ခုနစ်ပါးသော ရတနာတို့သည် ရောက်သနည်းဟူမူကား။စန္ဒာဝတီမည်သော မင်းနေပြည်ကြီး၌ ဝိဇိတာဝီ မင်းကြီးသည်။

၁-အလှူပေးခြင်းတည်းဟူသော ဒါန။
၂-ရှင်ခြွေကို ဆုံးမခြင်းတည်းဟူသော ဒမ္မ။
၃-ငါးပါးသီလ, ၅စ်ပါးသီလ တို့ကို စောင့်ခြင်းတည်း ဟူသော သံယမ။

ဤသို့အားဖြင့် သုံးပါးသော စကြာမင်းတို့၏ကျင့်ဝတ်ကိုဆိုင်း။

၁-မိမိသားမယားတို့၌၎င်း,ဗိုလ်ပါရဲမက်တို့၌၎င်း, သီလကို တည်စေလျက် ပန်းနံ့သာမျိုးရိက္ခာတို့ကို ပေးခြင်း။
၂-အဘိသိက်ခံပြီးသော မင်းတို့အား ပြည်-မြင်း-စသော ရတနာတို့ကို ပေးခြင်း။
၃-မိမိထံ၌နေသော သူတို့အား ထိုက်သည့်အားလျော်စွာ ယာဉ်-သံလျှင်း-စသည်တို့ကိုပေး၍ ချီးမြှောက်ခြင်း၊
၄-ပုဏ္ဏားသူကြွယ်တို့အား ထမင်းအဖျော်- ထွန်တုံး- စသည်တို့ကို ပေးခြင်း။
၅-နိဂုံးဇနပုဒ်၌ နေသော သူတို့အား ထမင်း-ထွန်တုံး-မျိုးရိက္ခာ-စသည်တို့ကို ပေးခြင်း။
၆-ရဟန်းပုဏ္ဏားတို့အား ထိုက်သည့်အား လျော်စွာ ပရိက္ခရာဘဏ္ဍာတို့ကို လှူခြင်း။
၇-သားငှက်တို့အား ဘေးမဲ့ပေးခြင်း။
၈-ရဟန်းပုဏ္ဏားတို့ကို ကပ်၍ မတရားသောအကျင့်တို့ကို မကျင့်စေခြင်း။
၉-ဥစ္စာမရှိသောသူတို့အား ဥစ္စာပေးခြင်း။
၁၀-ရဟန်းပုဏ္ဏားတို့ကို ကပ်၍ သေဝဇ္ဇတပ္ပ, အသေဝဇ္ဇတပ္ပ စသည်တို့ကို မေးခြင်း။

ဤသို့အားဖြင့် ဆယ်ပါးသော စကြာမင်းတို့၏ ကျင့်ဝတ်ကိုငင်း။ ။ ၎င်းဆယ်ပါးတွင် လေးချမြောက်သော ကျင့်ဝတ်၌ ဗြာဟ္မဏာနှင့် သူကြွယ်ကို နှစ်ပါး၊ခုနစ်ချမြောက်သော ကျင့်ဝတ်၌ သားနှင့် ငှက်ကို နှစ်ပါးစီယူ၍ ၁၂-ပါးသော စကြာမင်းတို့၏ ကျင့်ဝတ်ကိုငင်း။ ။တနည်းမှာ ၎င်း ၁၀-ပါးတွင် မိကြီး-မိထွေး-စသည်၌ တင်နှစ်သက်ခြင်းတည်းဟူသော အဓမ္မရာဂကို ပယ်ခြင်း၊သုံးဆောင်ခြင်း၌ ထိုက်သောအရာ၌သော်လည်း အလွန်အကဲတပ်ခြင်းတည်းဟူသော ဝိသမရာဂကိုပယ်ခြင်း၊ဤကျင့်ဝတ် နှစ်ပါးကို ထည့်၍ တဆဲ့နှစ်ပါးသော စကြာမင်းတို့၏ ကျင့်ဝတ်ကိုငင်း ကျင့်ပြီးသည်ရှိသော် တဆဲ့ငါးရက် ပန္နရသီနေ့ နံနက်စောစောကလျှင် တဆဲ့ခြောက်လုံးသော နံ့သာရေတို့ဖြင့် ဦးခေါင်းနှင့်တကွ ချိုးပြီးသော် တသိန်းသောဥစ္စာတို့ကို စွန့်၍ အလှူကြီး ပေးပြီးလျှင် ဖြူစင်သန့်ရှင်းသော အပေါ်ရုံပုဆိုးကို ပန်းထက်၌ တင်လျက် ပြာသာဒ်၏ အထက်အပြင်ဝယ် အာသရေရှိသော နေရာ၌ ထက်ဝယ်ဖွဲ့ခွေနေလျက် မိမိ၏ ဒါန သီလတို့ကို ဆင်ခြင်သုံးသပ်၍ နေ၏။ ထိုခဏ၌ ပြုအပ်ပြီးသော ကုသိုလ်သမ္ဘာရကြောင့် ပုံတောင်း အကန့်အကွက်တို့နှင့် ပြည့်စုံစွာသော နတ်တို့၏ အာနုဘော်နှင့် ယှဉ်သော ဥတုသမုဋ္ဌာန်ဖြစ်သော စကြာရတနာသည် အရှေ့သမုဒ္ဒရာအပြင်ကို ခွဲဘိသကဲ့သို့ငင်း အာကာသကောင်းကင်ပြင်ကို တန်းဆာဆင်ဘိသကဲ့သို့ငင်း ကောင်းစွာထင်ရှား ဖြစ်လာ၏။

## စကြာရတနာနှင့်တကွ ရတနာ ခုနစ်ပါး။

**၁-စကြာရတနာ။** ။ထိုစကြာရတနာ၏ ပုံတောင်းသည် ဣန္ဒနီလာ မြဖြင့် ပြီး၏။ပုံတောင်း၏ အလယ်သည် ငွေဖြင့်ပြီးသည်ဖြစ်၍ စင်ကြယ် ဖြေပြစ်သော သွား၏အစဉ်ကိုငင်း၊ ထိုပုံတောင်း၏ အလယ်ပေါက်ဖြင့် လပြည့်ဝန်းကိုငင်း၊ ပြက်ရယ်ပြုသကဲ့သို့ အထူးသဖြင့် တင့်တယ်၏။ ထိုပုံတောင်းနှစ်ဘက်စွန်း၌ သင့်တင့်လျောက်ပတ်ရာ ငှာနဝယ် ကောင်းစွာငင်အပ်သော အရေးအသားရှိသော ငွေပြားဖြင့် ရံကာအပ်၏။ စကြာရတနာ၏ ရွလုံးရွသေး အရေးအသား အပိုင်းအခြားတို့ဖြင့် ကောင်းစွာ ဝေဘန်အပ်သော တထောင်သော အကန့်တို့သည် ရတနာ ခုနစ်ပါး အတိ ပြီးကုန်သည်ဖြစ်လျှဉ်း၍ နေမင်း၏ အရောင်ကဲ့သို့ ပြောင်ပြောင် ရွှန်းရွှန်း ထွန်းလင်း တောက်ပ ကုန်၏။ စကြာရတနာ၏ အကွပ်သည်

တက်လတ်သော နေမင်း၏ အရောင်အသရေကို ပြက်ရယ်ပြုဘိသကဲ့သို့ နီနီတျာတျာ သန္တာအတိ ဖြိုး၏၊ ထိုအကွပ်တို့၏အစပ်၌ ဆည်းဈာ ရောင်ကဲ့သို့ အသရေရှိသော နီလှစွာသော ဇမ္ဗူရာဇ်ရွှေပြား အရေးအသားတို့သည် ကောင်းစွာ ဝေဘန်အပ်သည်ဖြစ်၍ ထင်ကုန်၏။ အကွပ်ဝန်း၏ ပြင်ကုံး ဆွဲခြောက် ဆွဲငှခြောက်ကုန်သော အတန့်တို့၏ အကြားဝယ် နှံ့ပြွေကဲ့သို့ အတွင်း၌ အခေါင်းရှိသော ဝန်းသော အပေါက်တို့ဖြင့် စီအပ်သော လေကို ယူတတ်သော သန္တာရိုး တရာရှိသည်ဖြစ်၍ လေခပ်သော အခါ တူရိယာမျိုးငါးပါး၏ အသံကဲ့သို့ သာယာစွာဖြစ်၍ နှစ်သက်ဘွယ် ရှိ၏။ ထိုသန္တာရိုးတရာ၏ အထက်၌ တရာသော ထီးဖြူ ရှိ၏။ သန္တာရိုးနံပါး နှစ်ဘက်၌ ကောင်းစွာ ဆွဲထားအပ်သော နှစ်သွယ်သော ပန်းဆိုင်းတို့သည် ရှိကုန်၏။ ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောအကွပ်ဖြင့် ဝန်းပတ်အပ်သော စကြာရတနာ၏ နှစ်ဘက်သော ပုံတောင်းငွေကျည်တို့၏ အတွင်း၌ နှစ်ခုသောခြသေ့်ခံတွင်းမှ ထန်းလုံး ပမာဏရှိသော ချနစ်သွယ်သော ပုလဲဆိုင်တို့သည် ဆွဲကုန်၏။ ထိုပုလဲသွယ်တို့ဖြင့် စကြာရတနာနှင့်တကွ ကောင်းကင်၌ လည်သည်ရှိသော် စကြာသုံးချက် တပြိုင်နက် လည်သကဲ့သို့ ထင်၏။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော ခပ်သိမ်းသောအခြင်းအရာတို့နှင့်ပြည့်စုံသော စကြာရတနာသည် လူတို့သည် ထမင်းညစာစားပြီး၍ သုဘာသုဘ စကားကို ပြော၍ နေကုန်စဉ် ကောင်းကင်အရပ်ဖြင့် သစ်ပင်သစ်ခက်တို့ကို တန်းဆာ ဆင်ဘိသကဲ့သို့ တဆဲ့နှစ်ယူဇနာ ဝေးကွာလောက်သော အရပ်က လျှောက်ပတ် သာယာစွာသော အသံဖြင့် သတ္တဝါတို့ကို နားထောင်စေလျက် တယူဇနာအရပ်မှ ပြောင်ပြောင်ရွှန်းရွှန်း ထွန်းလင်းတောက်ပလျက် စန္ဒာဝတီမင်းနေပြည်ကြီးသို့ ရှေးရှုလာလတ်၏။ ထိုစကြာရတနာလာလတ်၍ လျှောက်ပတ်သာယာသော အသံကို နာခံမှတ်သားလျက် စဉ်းစားဆင်ခြင်၍ နေကုန်စဉ် အဓွေ့မျက်နှာသို့ ရှေးရှုသော လူတယောက်သည် အိုအဆွေတို့ အံ့ဘွယ်သရဲရှိစွ၊ လပြည့်ဝန်းနှစ်ဆူပြိုင်လျက် ထွက်သတတ်ဟု ဆို၏။ တယောက်သောသူသည် အဘယ်မှာ လ-နှစ်ဆူ ထွက်ရိုးရှိပ၊ အံ့နည်း။ နေသူရိန်မဟုတ်လော ဟု ဆို၏။ တယောက်သောသူသည် နေမင်းသည် ယခုပင်ဝင်ပါသည် မဟုတ်လော၊ ဘုန်းရှိသော နတ်သားတယောက်၏ ဗိမာန်ဖြစ်တန်ရာ၏ ဟု ဆို၏။ တယောက်သော

သူသည် သင်တို့သည် ယောင်ယမ်းပြည်တမ်းကြကုန်သလော၊ ဤတဆူကား စကြာရတနာဖြစ်လတ္တံ့ ဟု ဆို၏။

ဤသို့လျှင် ထိုသူတို့၏ ပြောဟောစဉ် စကြာရတနာသည် မြို့တံတိုင်း ထိပ်ဖြင့် မြို့ကိုလှည့်၍ မင်းကြီး၏နန်းတော်ကို လက်ျာရစ် လှည့်ပြီးလျှင် နန်းတော်၏မြောက် လေသွန်တံခါး၏ အနီးဖြစ်သောအရပ်ဝယ် ဝင်ရိုး ကျိုးသော လှည်းကဲ့သို့ ရပ်၏။ ထိုအကြောင်းကို ဝိဇိတာဝီမင်းကြီးအား ကြားလျှောက်လျှင် နေရာမှထတော်မူ၍ ပခုံးတဘက်၌ ကိုယ်ဝတ် စမွယ် တင်သည်ကို ပြုလျက် ဆင်နှာမောင်းနှင့်တူသော အနုံ့ရှိသော ရွှေကရား ကိုကိုင်၍ "သင် စကြာရတနာသည် လည်စေသတည်း၊ သင် စကြာ ရတနာသည် အောင်စေသတည်း"ဟု ဆိုပြီးလျှင် ရေစင်ဖျန်းသောခဏ၌ စကြာရတနာသည် လက်တာသစ် နှစ်သစ်ခန့်မျှ ကောင်းကင်သို့ တက်၍ စကြာမင်းအဖြစ်သို့ ရောက်လေ၏။

ထိုအခါ ဝိဇိတာဝီ စကြာမင်းကြီးသည် စကြာရတနာယာဉ်ကို စီး၍ ကောင်းကင်သို့ တက်လေ၏။ ထီးဖြူ, သားမြီးယပ် အစရှိသည်တို့ကို ကိုင်သောသူတို့သည်၎င်း၊ ရဲမက်စစ်သည် ဗိုလ်ပါအပေါင်းတို့နှင့်တကွ အိမ်ရှေ့မင်း အစရှိသော သူတို့သည်၎င်း၊စကြာရတနာ၏ အာနုဘော်ဖြင့် ကောင်းကင်သို့ တက်၍ ဝိဇိတာဝီ စကြာမင်းကြီးကို ခြံရံကြကုန်၏။ ထို့နောင် မိမိတို့စည်းစိမ်ချမ်းသာတို့နှင့် လျောက်ပတ်အောင် တန်းဆာ ဆင်၍ စည်းဝေးကြကုန်လော့ ဟု စည်လည်စေသောအခါ များစွာသော လူအပေါင်းတို့သည် ကောင်းမွန်တင့်တယ်စွာ တန်းဆာ ဆင်ယင်လျက် စကြာရတနာ၏ အာနုဘော်ဖြင့်သာ ကောင်းကင်သို့တက်၍ ဝိဇိတာဝီ စကြာမင်းကြီးကို ခြံရံကြကုန်၏။ ထိုအခါ စကြာရတနာသည် တဆဲ့ နှစ်ယူဇနာရှိသော စကြာမင်း၏ ပရိသတ်နှင့်တကွ ဝိဇိတာဝီ မင်းကြီးကို ဆောင်လျက် ပုဗ္ဗဝိဒေဟာ အရှေ့ကျွန်းသို့ သွားလေ၏။

အခြံအရံ ပရိသတ်တို့မှာ မိမိတို့အလိုရှိသော ဣရိယာပုထ်ဖြင့် လိုက်ရ၏။ပုဗ္ဗဝိဒေဟာ အရှေ့ကျွန်းသို့ ရောက်သောအခါ တဆဲ့နှစ်ယူဇနာ ရှိသော ပရိသတ်တို့ လျောက်ပတ်တင့်တယ်စွာ နေခြင်းငှါ ခံ့သော အရပ်၌ စကြာရတနာသည် ဝင်ရိုးကျိုးသောလှည်းကဲ့သို့ ရပ်လေ၏။ ထိုစကြာရတနာရပ်သော အမှတ်ဖြင့် ပရိသတ်နှင့်တကွ ဝိဇိတာဝီစကြာ

မင်းကြီးသည် ကောင်းကင်မှ သက်တော်မူ၍ မိမိတို့အလိုရှိသော ကိစ္စတို့ကို ပြု၍နေကြကုန်၏။ ။ထိုအကြောင်းကို ကြားလျှင် ပုဗ္ဗဝိဒေဟာအရှေ့ကျွန်း၌ နေကုန်သော ခပ်သိမ်းသောမင်းတို့သည် မိမိတို့ပြည်စည်းစိမ်အား လျော်ကပ်စွာ လက်ဆောင်ပဏ္ဏာတို့ကို ယူခဲ့၍ ဝိဇိတာဝီစကြာဝတေးမင်းကြီးထံ ကပ်ချဉ်း၍ ခြေရင်း၌ ပူဇော်သက္ကာရ ပြုပြီးသော် အရှင်မင်းကြီး, အကျွန်ုပ်တို့ကိုဆုံးမတော်မူပါလော့ ဟု ဆုံးမခံ၍ ကျွန်ခံလျှင် ဝိဇိတာဝီစကြာဝတေးမင်းကြီးသည် ငါ့အား ဘဏ္ဍာလောက်သော အခွန်ဘဏ္ဍာတို့ကို ဆက်ကြကုန်လော့ ဟု မဆိုမူ၍ "အိုမင်းများတို့, တရားသဖြင့် ကျင့်ကြကုန်လော့၊သူ၏အသက်ကို မသတ်အပ်၊ သူ၏ဥစ္စာကို မယူအပ်၊သူ့သားအိမ်ရာကို မပြစ်မှားအပ်၊ မဟုတ်မမှန်သော စကားကို မဆိုအပ်၊ သေအရက်ကို မသောက်အပ်၊ မိမိတို့သုံးဆောင်မြဲတိုင်းသော စည်းစိမ်ကိုသာ ခံစားကြကုန်လော့" ဟု ဆုံးမဩဝါဒ ပေးပြီးလျှင် ပရိသတ်နှင့်တကွ ကောင်းကင်သို့တက်၍ အရှေ့သမုဒ္ဒရာသို့ စကြာရတနာ သက်ဝင်လေ၏။

စကြာရတနာ သက်ဝင်သောအခါ မဟာသမုဒ္ဒရာသည် တယူဇနာမျှလောက် ကုယ်ဝန်းစွာသောအရပ်၌ မြန်ရံကဲ့သို့ဖြစ်၍ တည်၏။မဟာသမုဒ္ဒရာ၌ရှိသော အထူးထူးသော ရတနာတို့သည်လည်း စကြာရတနာရှိရာသို့ ရဝေး ရောက်လာကြကုန်၏။ ထိုရတနာတို့ကို ဝိဇိတာဝီစကြာဝတေးမင်းကြီး၏ ပရိသတ်တို့သည် အလိုရှိသောအတိုင်း ယူကြကုန်ပြီးသော် စကြာရတနာသည် ရေမှတက်၍ အရှေ့သမုဒ္ဒရာလျှင် အဆုံးရှိသော ပုဗ္ဗဝိဒေဟာအရှေ့ကျွန်းကို အောင်မြင်တော်မူပြီး၍ တောင်သမုဒ္ဒရာလျှင် အဆုံးရှိသော ဇမ္ဗူဒိပ်တောင်ကျွန်းကို အောင်မြင်တော်မူလိုပြန်သဖြင့် ကောင်းကင်ခရီးဖြင့် တောင်သမုဒ္ဒရာသို့ ရှေးရှုသွားလေ၏။

တောင်သမုဒ္ဒရာ အဆုံးရှိသော ဇမ္ဗူဒိပ်ကျွန်းကိုဎင်း၊ အနောက်သမုဒ္ဒရာအဆုံးရှိသော အပရဂေါယာန် အနောက်ကျွန်းကိုဎင်း၊ မြောက်သမုဒ္ဒရာအဆုံးရှိသော ဥတ္တရကုရုမြောက်ကျွန်းကိုဎင်း၊ အရှေ့သမုဒ္ဒရာအဆုံးရှိသော ပုဗ္ဗဝိဒေဟာအရှေ့ကျွန်း၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အသွီးအသီး အောင်မြင်တော်မူ၍ ဝိဇိတာဝီစကြာဝတေးမင်းကြီးသည် ကောင်းကင်ခရီးဖြင့် စကြာယာဉ်ပျံစီးလျက် တဆဲ့နှစ်ယူဇနာရှိသော မိမိပရိသတ်နှင့်တကွ စန္ဒာဝတီမင်းနေပြည်ကြီးသို့ ပြန်လည်တော်မူခဲ့၏။

**၂-ဆင်ရတနာ။** ။ဤသို့လျှင် ရှေးဦးစွာ စကြာရတနာ ရောက်လာပြီးသော ဝိဇိတာဝီ စကြာမင်းကြီးသည် အလှူပေးခြင်း, သီလဆောက်တည်ခြင်းတို့ကို ပြု၍ ကောင်းမှုပြည့်စုံခြင်းကို ဆင်ခြင်၍နေစဉ် ဆဒ္ဒန်ဆင်မျိုးမှသော်၎င်း၊ ဥပေါသထ ဆင်မျိုးမှသော်၎င်း၊ အလွန် နီသောခြေလေးဘက်, မျက်နှာ, လည်တို့ဖြင့် တန်းဆာဆင်အပ်သော ကိုယ်လုံးဖြူသော ဆင်ရတနာသည် ကောင်းကင်မှ ပျံလာ၍ မင်္ဂလာဆင်ချည်တိုင်၌ တည်လာ၏။

**၃-မြင်းရတနာ။** ။ဤသို့လျှင် ဆင်ရတနာ ရောက်လာပြီးသော ဝိဇိတာဝီ စကြဝတေးမင်းကြီးသည် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကုသိုလ်ကောင်းမှုတို့ကို ပြု၍ အောက်မေ့ ဆင်ခြင်လျက် နေစဉ် သိန္ဓောမျိုးမှ နီသောခြေ,နီသောနှုတ်သီးရှိသော ကျီး၏ ဦးခေါင်းကဲ့သို့ မည်းနက်သော ဦးခေါင်းရှိသော မြင်းရတနာသည် ကောင်းကင်မှ ပျံလာ၍ မင်္ဂလာမြင်းချည်တိုင်၌ တည်လာ၏။ ဤသို့လျှင် ရောက်လာသော ဆင်ရတနာ, မြင်းရတနာတို့ကို စီး၍ လေးကျွန်းလုံး လှည့်လည်သည်ရှိသော် နံနက်စာ စားမှီ စန္ဒာဝတီပြည်သို့ ပြန်လာနိုင်၏၊

**၄-ပဒ္မမြားရတနာ။** ။ဤသို့လျှင် မြင်းရတနာ ရောက်လာပြီးသော ဝိဇိတာဝီစကြဝတေးမင်းကြီးအား ဝေပုလ္လတောင်မှ အလျားလေးတောင်လုံးပတ်ရထားလှည်းပုံတောင်း ပမာဏရှိသော ရှစ်သောင်း လေးထောင်သော မျက်မြတ်ရတနာတို့ဖြင့် ခြံရံအပ်သော ပတ္တမြားရတနာ ထင်ရှားရောက်လာ၏။ ထိုပတ္တမြားရတနာ၏ အရောင်ဖြင့် ညဉ့်သန်းခေါင် အခါဝယ် တယူဇနာ ထက်ဝန်းကျင်ပျံ့နှံ့နိုင်၏။

**၅-မိဖုယားရတနာ။** ။ဤသို့ ပတ္တမြားရတနာ ရောက်လာပြီးသော ဝိဇိတာဝီ စကြဝတေးမင်းကြီးအား မမြင့်, မနိမ့်, မကြုံ, မဆူ, မဖြူ, မမည်း၊လူတို့ထက်လွန်မြတ်သော နတ်တို့အဆင်းသို့လည်း မရောက်တတ်သော လျောက်ပတ်သော မိဖုယားရတနာသည် ထင်ရှား ဖြစ်လာ၏၊ ထိုမိဖုယားရတနာ၏ ကိုယ်ရောင်ဖြင့် တဆဲ့နှစ်တောင် တိုက်ခန်းကိုထွန်းလင်းနိုင်၏။ဝိဇိတာဝီစကြဝတေးမင်းကြီး ချမ်းသောအခါ နွေးသော ကိုယ်အတွေ့ ရှိ၏။ပူသောအခါ ချမ်းသော ကိုယ်အတွေ့ရှိ၏။ အကြိမ်တရာ ဖတ်အပ်သော လဲဝါဝွမ်းဆိုင်ကဲ့သို့ ကောင်းသော ကိုယ်အတွေ့ရှိ၏၊ဝတ်တရား ငါးပါးနှင့် ပြည့်စုံ၏။

**၆-သူဌေးကြီးရတနာ။** ။ဤသို့လျှင် မိဖုယားရတနာ ထင်ရှား ဖြစ်လာပြီးသော ဝိဇိတာဝီစကြဝတေးမင်းကြီးအား သူဌေးကြီးရတနာ ထင်ရှားဖြစ်လာ၍ ထိုသူဌေးကြီးရတနာသည် မြေထဲ၌ တယူဇနာတိုင် မြုပ်ထားသော အရှင်ရှိသောဥစ္စာ အရှင်မရှိသောဥစ္စာတို့ကို မြင်နိုင်၍ မိမိ၏အာနုဘော်ကို ဝိဇိတာဝီစကြဝတေး မင်းကြီးအား ကြားလျက် ဥစ္စာဖြင့် ပြုသင့်ပြုထိုက်သော အမှုတို့ကို အလိုရှိတိုင်း ပြုတော်မူပါလော့ ဟု ဘိတ်မန်၏။

**၇-သားကြီးရတနာ။** ။ဤသို့လျှင် သူဌေးကြီးရတနာ ထင်ရှား ဖြစ်ပြီးသော် ဝိဇိတာဝီစကြဝတေး မင်းကြီးအား ပညာအဆင်ခြင်နှင့် ပြည့်စုံသော သားကြီးရတနာသည် ထင်ရှားဖြစ်လာ၏၊ ထိုသားကြီး ရတနာသည် ဝိဇိတာဝီစကြဝတေးမင်းကြီးထံသို့ ချဉ်းကပ်၍ မြတ်သော ခမည်းတော်မင်းကြီး ကြောင့်ကြဗျာပါ မရှိလင့်၊ ခပ်သိမ်းသော မင်းမှု မင်းရေးတို့ကို အကျွန်ုပ်ဆောင်ပါအံ့ ဟု လျှောက်၏။

---

**ဝိဇိတာဝီစကြာမင်းကြီး ဗျာဒိတ်ရတော်မူခြင်း။**

ဤသို့လျှင် ဆိုအပ်ခဲ့သောနည်းဖြင့် ခုနစ်ပါးသော ရတနာတို့သည် ရောက်အပ်သည်ဖြစ်၍ စကြဝတေးမင်းကြီး၏ အဖြစ်သို့ ရောက်သော ဝိဇိတာဝီမင်းကြီးသည် စန္ဒာဝတီပြည်သို့ ရောက်လာသော ကောဏ္ဍည မြတ်စွာဘုရား အမှူးရှိသော ကုဋေတသိန်းသော ရဟန်းသဃာတို့အား အလှူကြီးပေးလျက် ဝါတွင်းသုံးလပတ်လုံး သိတင်းသုံး နေစိမ့်ကြောင်း တောင်းပန်၍ နေ့တိုင်းမပြတ် ဆွမ်းခဲဘွယ်တို့ဖြင့် လုပ်ကျွေးလျက် အလှူ ကြီးပေး၏။ ကောဏ္ဍည မြတ်စွာဘုရားသည် ဝိဇိတာဝီစကြဝတေးမင်းကြီး အား "သင်သည် ဤသာရကပ္ပမှ သုံးသင်္ချေနှင့် ကပ္ပတသိန်းထက် ဘဒ္ဒကပ်ကပ္ပ၌ ဂေါတမဘုရားဖြစ်လတ္တံ့" ဟု ဒိပင်္ကရာမြတ်စွာဘုရား ကဲ့သို့ပင် ပြည့်စုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ ဝိဇိတာဝီစကြာ မင်းကြီးလည်း ကောဏ္ဍည မြတ်စွာဘုရား၏ ဗျာဒိတ်စကားကိုကြားလျှင် အားရနှစ်သက်သည် ဖြစ်၍ စကြဝတေးမင်း၏ စည်းစိမ် ချမ်းသာကို ပွန့်ပစ်၍ သာသနာသို့ ဝင်လျက် ရဟန်းပြုပြီးလျှင် ပိဋကတ်သုံးပုံကို သင်ကြား၍ ဈာန်သမာပတ်တို့ကို ဖြစ်စေလျက် ထိုဈာန်သမာပတ်တို့မှ မယုတ်သော သေခြင်းဖြင့် သေလတ်သော်၊ ဗြဟ္မာပြည်၌ ဖြစ်လေ၏။

ဒါယကာတဦးသည် ကောဏ္ဍညမြတ်စွာဘုရားအား ပြာသာဒ်ထက်သို့ တက်စေရာ စောင်းတန်းလှေကားကို လှူ၏။ ထိုသူသည် ငါတို့ဘုရား လက်ထက်၌ နိဿေဏီဒါယကာမထေရ် ဟု ထင်ရှားဖြစ်လေ၏။

## ကောဏ္ဍည မြတ်စွာဘုရား လက်ျာရံ စသည်အကြောင်း။

ကောဏ္ဍညမြတ်စွာဘုရား၏ လက်ျာရံ၊လက်ဝဲရံ၊ အဂ္ဂသာဝကကား အရှင်ဘဒ္ဒ၊အရှင်သုဘဒ္ဒတည်း။လက်ျာရံ၊ လက်ဝဲရံ၊ အဂ္ဂသာဝိကာမကား အရှင်တိဿာ၊အရှင်ဥပတိဿာတည်း။ရဟန်းအလုပ်အကျွေးကား အရှင်အနုရုဒ္ဓ၊ ဒါယကာအလုပ်အကျွေးကား သောဏ၊ ဥပသောဏတည်း။ ဒါယိကာမိန်းမ အလုပ်အကျွေးကား နန္ဒာ၊သိရိမာ နှစ်ယောက်တည်း။ ။ အရပ်တော်ကား အတောင် ရှစ်ဆဲ့ရှစ်တောင်။ ။ဤသို့လျှင် ဆိုအပ်ပြီးသောနည်းဖြင့် ကောဏ္ဍညဘုရားသည် ထိုက်သည့်အားလျော်စွာ ဝေနေယျသတ္တဝါအပေါင်းတို့အား တရားမြိုက်ဆေး တိုက်ကျွေးတော်မူပြီးလျှင် သင်္ခါရ သဘောတရားကို မလွန်နိုင်၍ စန္ဒာရုံ၌ ပရိနိဗ္ဗာန်စံတော်မူ၏၊ ကြွင်းကျန်ရစ်သော တခဲနက်သော ဓာတ်တော်တို့ကို ဌာပနာ၍ အမြင့် ခုနစ်ယူဇနာရှိသော စေတီကြီးတည်၍ ကိုးကွယ်ကြကုန်၏။ ။ကောဏ္ဍညမြတ်စွာဘုရားကိုမှီ၍ သစ္စာလေးပါးကို သိသော သာဝကတို့ ကွယ်လေသဖြင့် သာသနာတော် ကွယ်လေ၏။

ကောဏ္ဍညမြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမမြတ်စွာ
ဘုရား အလောင်းတော် ဝိဇိတာဝီစကြာမင်းကြီး ဗျာဒိတ်
ခံတော်မူဟန် အခန်းအနား ပြီး၏။

## ၁၉-မင်္ဂလ မြတ်စွာဘုရား အကြောင်း။

ကောဏ္ဍည မြတ်စွာဘုရား ပွင့်တော်မူသော သာရကပ္ပ၏နောက် ကပ္ပတသင်္ချေ လွန်၍ ဤဘဒ္ဒကပ် ကပ္ပာမှပြန်၍ ရေသည်ရှိသော် [illegible]သင်္ချေနှင့် ကပ္ပတသိန်းထက် မင်္ဂလဘုရား၊ သုမနဘုရား၊ရေဝတ ဘုရား၊သောဘိတဘုရားဟူ၍ လေးဆူသောဘုရားရှင်တို့သည် ပွင့်တော် မူကြကုန်၏။ ထိုလေးဆူသော ဘုရားတို့တွင် မင်္ဂလ မြတ်စွာဘုရား အလောင်းတော်သည် တဆဲ့ခြောက်သင်္ချေနှင့် ကပ္ပတသိန်း ကာလ

ပတ်လုံး ပါရမီကိုဖြည့်ကျင့်တော်မူပြီး၍ လူတို့အသက် ကိုးသောင်းနေသောအခါ တုသိတာနတ်ပြည်မှ နတ်ဗြဟ္မာအပေါင်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ ငါးပါးသောကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူပြီးလျှင် ရတော့သော် ဥတ္တရပြည်၌ ဥတ္တရအမည်ရှိသော မင်းကြီး၏ ဥတ္တရာအမည်ရှိသော မိဖုယားကြီးဝမ်းဝယ် ပဋိသန္ဓေနေတော်မူ၍ လေးသောင်းသော စတုမဟာရာဇ်နတ်မင်းကြီးတို့သည် စောင့်ရှောက်အပ်သည်ဖြစ်၍ ဖွါးတော်မူသောအခါ မြောက်အရပ်သို့ခြေး၇ လှမ်း ခုနစ်ဘဝါးကြွသွားတော်မူလျက် "အဂ္ဂေါဟမသ္မိလောကဿ" အစရှိသည်ဖြင့် ကြွေးမပတော်မူပြီးနောက် အရွယ်ရောက်လျှင် ယသဝါပြာသာဒ်, ရုစိမာပြာသာဒ်, သိရိမာပြာသာဒ် ဟူ၍ သုံးဆောင်သော ပြာသာဒ်ထက်၌ ယသဝတီမိဖုယားကြီး အမှူးရှိသော သုံးသိန်းသော မောင်းမအပေါင်းခြံရံလျက် ကာမဂုဏ်ချမ်းသာကို ခံစား၍ သားတော် သီလဝမင်းသားကို ဖွါးမြင်တော်မူပြီ လျှင် လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ မြင်းယာဉ်ဖြင့် တောထွက်တော်မူသောအခါ ဗြဟ္မာကပ်လှူသော ပရိက္ခရာ၈စ်ပါးကို ယူလှမ်း၍ ရဟန်းပြုပြီးလျှင် ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူ၏။ သုံးကုဋေသော ယောကျ်ားတို့သည် မင်္ဂလမင်းသားသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

မင်္ဂလမင်းသားဘုရားလောင်းသည် သုံးကုဋေသော ပရိသတ်တို့ဖြင့် ခြံရံလျက် ၉၂စ်လပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီး၍ ကဆုန်လပြည့်နေ့၌ ဥတ္တရ အမည်ရှိသောရွာဝယ် ဥတ္တရ သူဌေးသမီး ဥတ္တရာသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် အင်ကြင်းတော၌ နေ့သန့်ခြင်းကို ပြုတော်မူလျက် ညချမ်းသောအခါ အဘော်ရဟန်းတို့ကို စွန့်ထားတော်မူခဲ့၍ ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူစဉ် ဥတ္တရအမည်ရှိသော တက္ကတွန်းသည် လှူအပ်သော မြက်၈စ်ဆုပ်ကို ယူတော်မူခဲ့၍ ကံ့ကော်ဗောဓိသို့ ကပ်ပြီးလျှင် ကြဲဖြန့်သောအခါ ငါးဆဲ့ခုနစ်တောင်မြင့်သော ရတနာပလ္လင် ပေါက်ရောက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် နေမဝင်မီ မာရ်စစ်သည်အပေါင်းကိုအောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်,မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ်အရုဏ်တက်သည်နှင့်တပြိုင်နက် အရဟတ္တ

မင်္ဂလာ ညဏ်သို့ ရောက်သဖြင့် လောကကေတု သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစရှိသော ဥဒါန်းကို ကျူးရင့်တော်မူလျက် ဗောဓိပင်၏အနီး၌ လေးဆဲ့ကိုးရက်ပတ်လုံး သီတင်းသုံးနေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား လက်ဦးရှေးဖျား တရားအမြိုက် တိုက်ကျွေးပါရအံ့နည်း ဟု ကြည့်ရှုဆင်ခြင်တော်မူလျှင် တောထွက်တော်မူစက အတူတကွလိုက်၍ ရဟန်းပြုကြကုန်သော သုံးကုဋေသော ရဟန်းတို့ကိုမြင်တော်မူ၍ ထိုရဟန်းတို့၏ နေရာ သိရိဝဍ္ဎနတောသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူသဖြင့် ကုဋေတသိန်းသော သူတို့သည် အကျွတ်တရားရကြကုန်၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။

တရံရောအခါ မင်္ဂလမြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရားကို ဟောတော်မူသဖြင့် ကုဋေကိုးထောင်သော နတ်တို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား ဒုတိယဓမ္မာဘိသမယ တည်း။

တရံရောအခါ မင်္ဂလမြတ်စွာဘုရားသည် သုနန္ဒာ စကြဝတေးမင်းကြီး အမှူးရှိသော ပရိသတ်အား တရားဟောတော်မူသဖြင့် ကိုးကုဋေသော ပရိသတ်နှင့်တကွ သုနန္ဒာ စကြဝတေးမင်းကြီးသည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ။ဤကား တတိယဓမ္မာဘိသမယတည်း။

တရံရော အခါ မင်္ဂလ မြတ်စွာဘုရားသည် ကုဋေတသိန်းသော ရဟန္တာတို့၏အလယ်၌ ပါတိမောက်ပြတော်မူ၏။ ။ဤကား ပဌမသာဝကသန္နိပါတတည်း။

တရံရောအခါ မင်္ဂလ မြတ်စွာဘုရားသည် ကုဋေတထောင်သော ရဟန္တာတို့၏ အလယ်၌ ပါတိမောက်ပြတော်မူ၏। ။ဤကား ဒုတိယ သာဝကသန္နိပါတတည်း။

တရံရောအခါ မင်္ဂလ မြတ်စွာဘုရားသည် ကုဋေကိုးဆယ်သော ရဟန္တာတို့၏အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား တတိယ သာဝကသန္နိပါတတည်း။

## အလောင်းတော် သုရုစိပုဏ္ဏား ဗျာဒိတ် ရတော်မူခြင်း။

ထိုမင်္ဂလ မြတ်စွာဘုရား လက်ထက် ငါတို့ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် သုရုစိပုဏ္ဏားဖြစ်၍ ကုဋေတသိန်းသော သင်္ဃာနှင့် တကွ မင်္ဂလမြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးအံ့သော၌ ပင့်ဘိတ်ခဲ့ပြီး၍ အိမ်သို့ရောက်သောအခါ “ငါသည် ဤမျှအတိုင်းအရှည် ရှိသော ဘုရား အမှူးရှိသော သင်္ဃာတော်တို့အား ဆွမ်း-ယာဂု ပဆိုး အစရှိသည်တို့ကို လှူခြင်း၌ စွမ်းနိုင်၏။ နေရာအခရပ်သည် အဘယ်သို့လျှင် လျောက်ပတ် တင့်တယ်စွာ ဖြစ်နိုင်ပါအံ့နည်း”ဟု ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိကြားမင်းသိလျှင် လက်သမားအသွင် ဘန်ဆင်းလျက် သုရုစိပုဏ္ဏား၏ ရှေ့၌ ထင်ရှားဖြစ်လာ၍“တစုံတခု ပြုဘွယ်ကိစ္စရှိသလော”ဟု မေးလျှင် “ဘုရားအမှူးရှိသော ကုဋေတသိန်းသော သင်္ဃာတို့၏နေရာ မဏ္ဍပ် ပြုအပ်သော ကိစ္စရှိသည်”ဟု ဆိုသောအခါ သိကြားမင်းလက်သမား သည်“အခ-ရလျှင် ကျွန်ုပ် ပြုပါမည်”ဟု ဆိုလျှင်“အခ-ပေးပါမည်၊ ပြုပါ လော့”ဟု ဆို၏။ထိုအခါ သိကြားမင်း လက်သမားသည် တဆဲ့နှစ်ယူဇနာ အတိုင်းအရှည်ရှိသော မြေအရပ်၌ “ရတနာအတိပြီးသော မဏ္ဍပ်သည် ပေါက်စေသတည်း”ဟု ကြည့်သောခဏ၌ ရတနာခုနစ်ပါးအတိပြီးသော မဏ္ဍပ်ပေါက်လာ၏၊ ထိုမဏ္ဍပ်၏ ရွှေသည့်တိုင်တို့၌ ငွေကြာသွတ်အိုး၊ ငွေသည့်တိုင်တို့၌ ရွှေကြာသွတ်အိုး၊ ပုလဲသည့်တိုင်တို့၌ သန္တာကြာ သွတ်အိုး၊သန္တာသည် တိုင်တို့၌ ပုလဲကြာသွတ်အိုး၊ရတနာခုနစ်ပါး အတိ ပြီးသော သည့်တိုင်တို့၌ ရတနာခုနစ်ပါးအတိပြီးသော ကြာသွတ်အိုး တို့သည် ဖြစ်လေကုန်၏။ ။ရတနာမဏ္ဍပ်ကြီး၏ အကြားအကြားတို့၌ ရွှေချူကွန်ရက်တို့ကို ဆွဲကုန်၏။လေခတ်သောအခါ တူရိယာမျိုး ငါးပါး တို့၏အသံကဲ့သို့ သာယာစွာ မြည်၏။ နံ့သာဆိုင်း ပန်းဆိုင်းတို့ကို ဆွဲကုန်၏။ဘုရားအမှူးရှိသော ကုဋေတသိန်းသော သင်္ဃာတို့၏နေရာတို့ သည်၎င်း၊အခင်းတို့သည်၎င်း၊ သပိတ်ခြေတို့သည်၎င်း၊ ရတနာမဏ္ဍပ်၏ အထောင့်အထောင့်တို့၌ ရွှေအိုးကြီးတို့သည်၎င်း၊ပေါက်ကုန်၏၊ သိကြား မင်းလည်း ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော ရတနာမဏ္ဍပ်ကို ဘန်ဆင်းပြီးလျှင် သုရုစိပုဏ္ဏားအား အခပ်ထားခဲ့၍ မိမိနေရာ တာဝတိံသာ နတ်ပြည်သို့ ပြန်လေ၏။

ထိုရတနာမဏ္ဍပ်ကိုမြင်လျှင် သုရုစိပုဏ္ဏားသည် အလွန်ပင်နှစ်သက်ရွှင်လန်းသည်ဖြစ်၍ "ဤကဲ့သို့ တင့်တယ်လျောက်ပတ်သောမဏ္ဍပ်၌ တနေ့တရက်မျှ အလှူပေးခြင်းငှါ မလျောက်ပတ်၊ ခုနစ်ရက်ပတ်လုံး အလှူပေးကုန်အံ့"ဟု ကြံ၍ ဘုရားအမှူးရှိသော ကုဋေတသိန်းသော သင်္ဃာတော်မြတ်တို့အား ခုနစ်ရက်ပတ်လုံး အလှူကြီးပေးလေ၏။ အပြီးအဆုံးသို့ရောက်သောနေ့၌ ဘုရားအမှူးရှိသော ကုဋေတသိန်းသော သင်္ဃာတော်တို့အား သပိတ်၌ ထောပတ်,ဆီဦး,ပျား,တင်လဲတို့ဖြင့် ပြည့်စေလျက် သက်န်းသုံးထည်စီ လှူ၏။အငယ်ဆုံး သင်္ဃနေဘ၏ သက်န်းသည် အသိုးတသိန်းထိုက်၏၊ မင်္ဂလ မြတ်စွာဘုရားလည်း အနုမောဒနာ ပြုပြီးလျှင် "သင်သည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကို လွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရားဖြစ်လတ္တံ့"ဟု ဒိပင်္ကရာမြတ်စွာဘုရား ကြားသကဲ့သို့ပင် အပြည့်အစုံ ဗျာဒိတ်စကား ကြားတော်မူ၏။

သုရုစိပုဏ္ဏားလည်း မင်္ဂလမြတ်စွာဘုရား၏ ဗျာဒိတ်စကားကိုကြားလျှင် အားရနှစ်သက်သည်ဖြစ်၍ ရဟန်းပြုပြီးလျှင် ပိဋကတ်သုံးပုံ တို့ကို သင်ကြားလျက် ဈာန်သမာပတ်တို့မှ မယုတ်သောသေခြင်းဖြင့် သေလတ်သော် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။

---

## မင်္ဂလ မြတ်စွာဘုရား-လက်ျာရံ စသည် အကြောင်း။

မင်္ဂလမြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား၊ အရှင်သုဒေဝ,အရှင်ဓမ္မသေနတည်း။လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား၊ အရှင်သီဝလာ, အရှင်အသောကာတည်း။ ရဟန်း အလုပ်အကျွေးကား၊ အရှင်ပါလိတတည်း။ ဒါယကာယောကျ်ား အလုပ်အကျွေးကား နန္ဒ, ဝိသာခ နှစ်ယောက်တည်း။ဒါယိကာမိန်းမ အလုပ်အကျွေးကား အနုလာ, သုတနာနှစ်ယောက်တည်း။ ။အရပ်တော်ကား ရှစ်ဆဲ့ရှစ်တောင် မြင့်၏။ ရောင်ခြည်တော်ကား စကြဝဠာတသောင်း ထွန်းလင်း၏၊ ။ဤသို့လျှင် ဆိုအပ်ပြီးသော နည်းဖြင့် မင်္ဂလမြတ်စွာဘုရားသည် ထိုက်သည့်အား လျော်စွာ ဝေနေယျသတ္တဝါတို့အား တရားမြိုက်ဆေး တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။ ကြွင်းကျန်ရစ်သော ဓာတ်တော်ကို ဒွါပနာလျက် သုံးယူဇနာမြင့်သော စေတီတည်၍ ကိုးကွယ်ကြကုန်၏။

မင်္ဂလမြတ်စွာဘုရား၏ သာသနာတော်သည် အနှစ်ကိုးသောင်းပတ်လုံး တည်၍ ကွယ်လေ၏။

မင်္ဂလမြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမမြတ်စွာဘုရား
အလောင်းတော် သုရုစိပုဏ္ဏား ဗျာဒိတ်ခံတော်
မူဟန် အခန်းအနား ပြီး၏။

## ၂၀-သုမန မြတ်စွာဘုရား အကြောင်း။

မင်္ဂလ မြတ်စွာဘုရား သာသနာတော် ကွယ်သည့်နောက် အာယုသင်္ခါရ တစတစဆုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်ပြန်သော်။ တဘန် ဆယ်နှစ်တမ်းမှ တစတစ အာယုသင်္ခါရတက်၍ အသင်္ချေယျတမ်းသို့ ရောက်လေ၏။ ထိုအသင်္ချေယျတမ်းမှ တဘန်ဆုတ်ခဲ့၍ လူတို့အသက် ကိုးသောင်းနေသောကာလ သုမန မြတ်စွာဘုရား အလောင်းတော်သည် တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီဆယ်ပါးကို ဖြည့်ကျင့်တော်မူပြီး၍ တုသိတာ နတ်ပြည်မှ နတ်ဗြဟ္မာအပေါင်း တို့သည် တောင်းပန်အပ်သည်ဖြစ်၍ ငါးပါးသော ကြည့်ခြင်းတို့ကို ကြည့်တော်မူပြီးလျှင် စုတေခဲ့သော် မေခလပြည်၌ သုဒတ္တအမည်ရှိသော မင်းကြီး၏ သိရိမာအမည်ရှိသော မိဖုယားကြီးဝမ်း၌ ပဋိသန္ဓေနေတော်မူ၍ ဖွါးတော်မူသောအခါ မြောက်အရပ်သို့ ဇွေးရှု ခုနစ်ဘဝါး ကြွသွားတော်မူလျက် "အဂ္ဂေါဟမသ္မိ လောကဿ" အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်ရောက်သောအခါ စန္ဒပြာသာဒ်,သုစန္ဒပြာသာဒ်, ဝဋံသကပြာသာဒ်, ဟူ၍ သုံးဆောင်သော ပြာသာဒ်၌ ဝဋံသကာမိဖုယားကြီး အမှူးရှိသော ခြောက်သန်းသုံးသိန်းသော မောင်းမအပေါင်း တို့သည် ခြံရံအပ်ကုန်သည်ဖြစ်၍ ကာမဂုဏ်ချမ်းသာကို ခံစားလျက် သားတော် အနုပမမင်းသားကို ဖွါးမြင်တော်မူပြီးမှ လေးပါးသောနိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ ဆင်ယာဉ်ဖြင့် တောထွက်တော်မူသောအခါ ဗြဟ္မာမင်း ကပ်လှူအပ်သော ပရိက္ခရာ ရှစ်ပါးတို့ကို ယူလှမ်း၍ ရဟန်းပြုတော်မူပြီးလျှင် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၏။ ကုဋေသုံးဆယ်သော ယောကျ်ားတို့သည် သုမနမင်းသား ဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

သုမနမင်းသား ဘုရားအလောင်းတော်သည် ထိုကုဋေသုံးဆယ်သော ရဟန်းပရိသတ်တို့ဖြင့် ခြံရံလျက် ဆယ်လပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့်နေ့၌ အနောမသူဌေးသမီး အနုပမာသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော် မူပြီးလျှင် နေ့အခါ အင်ကြင်းတော၌ သီတင်းသုံးတော်မူ၍ ညချမ်းသောအခါ အဘော်ရဟန်းတို့ကိုစွန့်ထားခဲ့၍ ဗောဓိမဏ္ဍိုင်သို့ ဖျေးရှုကြွတော်မူသည်ရှိသော် အနုပမာ-အမည်ရှိသော တက္ကတွန်းသည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူခဲ့လျက် ကံ့ကော်ဗောဓိသို့ကပ်၍ ကြဲဖြန့်သောအခါ အတောင်ခြောက်ဆယ် အစောက်မြင့်သော ရတနာပလ္လင် ပေါက်ရောက်၍ ထိုရတနာပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီးလျှင် နေမဝင်မီ မာရ်စစ်သည် အပေါင်းကို အောင်တော်မူ၍ ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ် အရဟတ်တက်သည်နှင့် တပြိုင်နက် အာသဝက္ခယဉာဏ်သို့ ရောက်လေသဖြင့် လောကကေတု သဗ္ဗညုအဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလေလျှင်"အနေကဇာတိသံသာရံ"အစရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက်ပတ်လုံး ဗောဓိပင်၏အနီး၌ နေပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၏။အဘယ်သူအား ဖျေးဦးအစ ဓမ္မမြိုက်ဆေးတိုက်ကျွေးပါရအံ့နည်းဟု ဆင်ခြင်တော်မူလျှင် တောထွက်တော်မူစကအတူတကွလိုက်၍ ရဟန်းပြုကြကုန်သော ကုဋေသုံးဆယ်သော ရဟန်းပရိသတ်တို့ကိုရင်း,မိထွေးတော်သား ညီတော်သရဏမင်းသား, ပုရောဟိတ်ပုဏ္ဏား, ဘာဝိတတ္တလုလင်ကိုရင်း,မြင်တော်မူ၍ မေခလဉယျာဉ်သို့ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူသဖြင့် ကုဋေတသိန်းသော နတ်လူတို့သည် အကျွတ်တရားရကြကုန်၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။

ဟာရေ၊ရေအခါ သုမနမြတ်စွာဘုရားသည် သုနန္ဒဝတီပြည် သရက်ပင်၏အနီးဝယ် ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူ၍ တရားဟောတော်မူလျှင် ကုဋေတသိန်းသော သူတို့သည် အကျွတ်တရားရကြကုန်၏။ ။ဤကား ဒုတိယဓမ္မာဘိသမယတည်း။

တရံရောအခါ သုမနမြတ်စွာဘုရားသည် အရိန္ဒမမင်း မေးလျှောက်အပ်သည်ဖြစ်၍ နိရောဓ သမာပတ်ပြဿနာကို ဖြေတော်မူသောအခါ၌ ကုဋေကိုးသောင်းသော သူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား တတိယဓမ္မာဘိသမယတည်း။

တရံရောအခါ သုမနမြတ်စွာဘုရားသည် ဧဟိဘိက္ခုရဟန္တာဖြစ်ကုန်သော ကုဋေတသိန်းသော ရဟန္တာတို့နှင့်တကွ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ပဝါရဏာပြုတော်မူ၏။ ။ဤကား ပဌမ သာဝကသန္နိပါတတည်း။ ။တရံရောအခါ သုမန မြတ်စွာဘုရားသည် ကုဋေကိုးသိန်းသော ရဟန္တာတို့၏ အစည်းအဝေး၌ ပါတိမောက်ပြတော်မူ၏။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။ ။တရံရောအခါ သုမနမြတ်စွာဘုရားသည် ကုဋေရှစ်သန်းသော ရဟန္တာတို့၏ အစည်းအဝေး၌ ပါတိမောက်ပြတော်မူ၏။ ။ဤကား တတိယသာဝကသန္နိပါတတည်း။

---

## ဂေါတမမြတ်စွာဘုရားအလောင်း အတုလနဂါးမင်း ဗျာဒိတ်ရတော်မူခြင်း။

သုမနမြတ်စွာဘုရား ဖြစ်တော်မူသောအခါ ငါတို့ ရှင်ဂေါတမဘုရားလောင်းတော်သည် အတုလနဂါးမင်းဖြစ်တော်မူ၍ လောက၌ သုမနမြတ်စွာဘုရား ပွင့်တော်မူသည်ကို ကြားလတ်သော် ဆွေမျိုးအပေါင်းဖြင့် ခြံရံလျက် မိမိနေရာ နဂါးပြည်မှ ထွက်ခဲ့၍ ကုဋေတသိန်းသော ရဟန်းသံဃာ အခြံအရံရှိသော သုမနမြတ်စွာဘုရားအား တူရိယာမျိုး ငါးပါးတို့ဖြင့် တီးမှုတ်လျက် မွန်မြတ်သော ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍ အသီးအသီးသော ပုဆိုးအစုံတို့ကိုလည်း လှူဒါန်းပြီးသော် သရဏဂုံသီလ တို့ကို ဆောက်တည်၏။ သုမနမြတ်စွာဘုရားလည်း "သင်နဂါးမင်းသည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကို လွန်၍ ဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရား ဖြစ်လတ္တံ့" ဟု ဒီပင်္ကရာ မြတ်စွာဘုရားကဲ့သို့ပင် ပြည့်စုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ အတုလနဂါးမင်းလည်း သုမနမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် အားရနှစ်သက်သည် ဖြစ်၍ ပါရမီတို့ကို ဖြည့်ကျင့်အံ့ ဟု ဆောက်တည်လျက် နဂါးပြည်သို့ ပြန်လေ၏။

## သုမနမြတ်စွာဘုရား-လကျာ်ရံ စသည် အကြောင်း။

သုမနမြတ်စွာဘုရား၏ လကျာ်ရံ,လက်ဝဲရံ, အဂ္ဂသာဝကကား၊ အရှင်သရဏ,အရှင်ဘာဝိတတ္တတည်း။ လကျာ်ရံ, လက်ဝဲရံ, အဂ္ဂသာဝိကာမကား၊ အရှင်သောဏာ,အရှင်ဥပသောဏာတည်း။ရဟန်းအလုပ်အကျွေးကား၊ အရှင်ဥဒေနတည်း။ ဒါယကာယောကျ်ား အလုပ်အကျွေးကား၊ ဝရုဏ,သရဏ နှစ်ယောက်တည်း။ဒါယိကာမိန်းမ အလုပ်အကျွေးကား၊ သာလာ,ဥပသာလာ [၁] နှစ်ယောက်တည်း။ ။အရပ်တော်ကား အတောင်ကိုးဆယ်မြင့်တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ပြီးသောနည်းဖြင့် သုမနမြတ်စွာဘုရားသည် ထိုက်သည်အားလျော်စွာ ဝေနေယျသတ္တဝါအများတို့အား တရားမြိုက်ဆေး တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။ ။ကြွင်းကျန်ရစ်သော တခဲနက်သော ဓာတ်တော်တို့ကို ဌာပနာလျက် လေးယူဇနာမြင့်အောင် စေတီတည်၍ ကိုးကွယ်ကြကုန်၏။ ။ သုမနမြတ်စွာဘုရား၏ သာသနာတော်သည် အနှစ်ကိုးသောင်း တည်ပြီးလျှင် ကွယ်လေ၏။

သုမန မြတ်စွာဘုရား၏ အဠှုပ္ပတ္တိနှင့်တကွ ဂေါတမမြတ်စွာ
ဘုရားအလောင်းတော် အတုလနဂါးမင်း ဗျာဒိတ်
ခံတော်မူဟန် အခန်းအနား ပြီး၏။

---

## ၂၁-ရေဝတ မြတ်စွာဘုရား အကြောင်း။

သုမနမြတ်စွာဘုရား သာသနာတော် ကွယ်ပြီးနောက် ဆယ်နှစ်တမ်းသို့ ရောက်၍ တဘန် အသင်္ချေယျတမ်းသို့ ရောက်ပြန်လျှင် အကြင်လူတို့သည် တရားမစောင့်ကြ၍ တစတစ အာယုသင်္ခါရဆုတ်၍ လူတို့အသက် ခြောက်သောင်း နေသောကာလ ရေဝတ မြတ်စွာဘုရားအလောင်းတော်သည် ပါရမီတို့ကို ဖြည့်ကျင့်တော်မူပြီး၍ တုသိတာရှုံ့ပြည်မှ နတ် ဗြဟ္မာ အပေါင်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ ငါးပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူပြီးလျှင် ရုတော့ခဲ့၍ သုဓညဝတီပြည်၌ ဝိပုလအမည်ရှိသော မင်းကြီး၏ ဝိပုလာ အမည်ရှိသော

[၁] စာလာ,ဥပစာလာ-ဟု ဗုဒ္ဓဝင်အဋ္ဌကထာ၌ ရှိသည်။

မိဖုယားကြီးဝမ်းဝယ် ပဋိသန္ဓေ နေတော်မူ၍ ဖွားတော်မူသောအခါ မြောက်မျက်နှာသို့ ရှေးရှုခုနစ်ဘဝါး ကြွသွားလျက် "အဂ္ဂေါဟမသ္မိ လောကဿ" အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်ရောက်လျှင် သုဒဿနပြာသာဒ်၊ ရတနဂ္ဃိပြာသာဒ်၊ အာဝေဋ္ဌပြာသာဒ်၊ ဟူ၍ သုံးဆောင်သောပြာသာဒ်၌ သုဒဿနာဒေဝီ မိဖုယားကြီး အမှူးရှိသော သုံးသောင်းသုံးထောင်သော မင်းမောင်းမ အပေါင်းတို့သည် ခြံရံအပ်သည်ဖြစ်၍ ကာမဂုဏ်ငါးပါးကို ခံစားတော်မူ၍ သားတော် ဝရုဏမင်းသားကို ဖွားတော်မူပြီးလျှင် လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ အာဇာနည်မြင်း ကသော ရထားယာဉ်ဖြင့် တောထွက်တော်မူသောအခါ ဗြဟ္မာမင်း ကပ်လှူအပ်သော ပရိက္ခရာရှစ်ပါးကို ယူလှမ်း၍ ရဟန်းပြုတော်မူပြီးလျှင် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၏၊ တကုဋေသော ယောကျ်ားတို့သည် ရေဝတမင်းသား ဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

ရေဝတဘုရားလောင်းသည် ထိုတကုဋေသော ရဟန်းပရိသတ်တို့ဖြင့် ခြံရံလျက် ခုနစ်လပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့်နေ့၌ တယောက်သော သူဌေးသမီးသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီး၍ အင်ကြင်းတော၌ နေ့သန့်ခြင်းကို ပြုတော်မူလျက် ညချမ်းသောအခါ အဘော်ရဟန်းတို့ကို စွန့်ထားခဲ့၍ ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူသည်ရှိသော် တယောက်သော အာဇီဝကသည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူခဲ့၍ ကံ့ကော်ဗောဓိသို့ ကပ်လျက် ကြဲဖြန့်သောအခါ ငါးဆဲ့သုံးတောင်မြင့်သော ရတနာပလ္လင် ပေါက်ရောက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူ၍ နေမဝင်မီ မာရ်စစ်သည် အပေါင်းကို အောင်တော်မူ၍ ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်၊ ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တမဂ်ဉာဏ်သို့ ရောက်သည်ဖြစ်၍ လောကကေတု သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစ ရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက်ပတ်လုံး ဗောဓိပင်၏ အနီး၌ နေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား လက်မွန်ရှေးများ

တရားအမြိုက် တိုက်ကျွေးပါရအံ့နည်း ဟု ဆင်ခြင်တော်မူလျှင် တော ထွက်တော်မူစက အဘူတကွလိုက်၍ ရဟန်းပြုကြကုန်သော တကုဋေ သော ရဟန်းပရိသတ်တို့၏ ဥပနိဿယကို မြင်တော်မူ၍ ကောင်းကင် ခရီးဖြင့် ဝရုဏာရုံသို့ကြွတော်မူ၍ ဓမ္မစကြာတရားကို ဟောတော်မူလျှင် ဒေသနာတော်အဆုံး၌ ထိုတကုဋေသော ရဟန်းတို့သည် အရဟတ္တဖိုလ် သို့ရောက်ကြကုန်၏။ သောတာပန်, သကဒါဂါမ်, အနာဂါမ် အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်တို့ကား မရေတွက်နိုင်ကုန်။ ။ဤကား ပဌမဓမ္မာဘိ သမယတည်း။

တရံရောအခါ ရေဝတမြတ်စွာဘုရားသည် အရိန္ဒမ မင်းကြီးအား တရားအမြိုက် တိုက်ကျွေးတော်မူသော အဆုံး၌ ကုဋေတထောင်သော နတ် လူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား ဒုတိယဓမ္မာဘိ သမယတည်း။

တရံရောအခါ ရေဝတ မြတ်စွာဘုရားသည် နိရောဓသမာပတ်၏ ကျေးဇူးအာနိသင်ကို ဟောတော်မူသော အဆုံး၌ ကုဋေတရာသော လူတို့သည် အရဟတ္တဖိုလ်သို့ ရောက်ယေကုန်၏။ ။ဤကား တတိယ ဓမ္မာဘိသမယတည်း။

တရံရောအခါ ရေဝတမြတ်စွာဘုရားသည် အတိုင်းမသိ မရေတွက် နိုင်သော ရဟန္တာတို့၏ အစည်းအဝေး၌ ပါတိမောက် ပြတော်မူ၏။ ။ ဤကား ပဌမသာဝကသန္နိပါတတည်း။ ။တရံရောအခါ ရေဝတမြတ်စွာ ဘုရားသည် ကုဋေတသိန်းသော ရဟန္တာတို့၏ အစည်းအဝေး၌ ပါတိ မောက် ပြတော်မူ၏။ ။ဤကား ဒုတိယသာဝကသန္နိပါတတည်း။ ။ တရံရောအခါ ရေဝတ မြတ်စွာဘုရားသည် ကုဋေတထောင်သော ရဟန္တာတို့၏ အစည်းအဝေး၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား တတိယသာဝကသန္နိပါတတည်း။

---

## ဘုရားအလောင်းတော် အတိဒေဝပုဏ္ဏား ဗျာဒိတ်ရတော်မူခြင်း။

ထိုရေဝတ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ ရှင်ဂေါတမ ဘုရားအလောင်းသည် ရမ္မဝတီပြည်၌ အတိဒေဝအမည်ရှိသော ပုဏ္ဏား

ဖြစ်၍ ရေဝတမြတ်စွာဘုရားထံ ချဉ်းကပ်လျက် သရဏဂုံသီလတို့၌ တည်၍ တထောင်သော ဂါထာတို့ဖြင့် ချီးမွမ်းထောမနာပြီးလျှင် အဘိုး တသိန်းထိုက်သော ရလျှားပုဆိုးကို ရေဝတမြတ်စွာဘုရားအား လှူ၏။ ရေဝတမြတ်စွာဘုရားလည်း "သင်သည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကို လွန်၍ ကဒ္ဒကပ်က မ္ဘာ၌ ဂေါတမဘုရား ဖြစ်လတ္တံ့."ဟု ပြည့်စုံစွာ ဗျာဒိတ် စကား ကြားတော်မူ၏။အတိဒေဝပုဏ္ဏားလည်း ရေဝတမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် အားရနှစ်သက်သည်ဖြစ်၍ ကြိုးစား အား ထုတ်၍ ပါရမီဆယ်ပါးကို ဖြည့်ကျင့်၏။

## ရေဝတ မြတ်စွာဘုရား-လက်ျာ ရံ့စသည် အကြောင်း။

ရေဝတမြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်ဝရုဏ,အရှင်ဗြဟ္မဒေဝတည်း။လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမ ကား အရှင်ဘဒ္ဒါ,အရှင်သုဘဒ္ဒါတည်း။ရဟန်းအလုပ်အကျွေးကား အရှင် သမ္ဘဝတည်း။ ဒါယကာယောက်ျား အလုပ်အကျွေးကား ပဒုမ, ကုဉ္ဇရ နှစ်ယောက်တည်း။ ဒါယိကာ မိန်းမအလုပ်အကျွေးကား သိရိမာ,ယသ ဝတီ နှစ်ယောက်တည်း။ ။အရပ်တော်ကား အတောင်ရှစ်ဆယ် မြင့် တော်မူ၏။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ရေဝတ မြတ်စွာဘုရားသည် ဝေနေယျ သတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် သင်္ခါရသဘောတရားမှ လွန်ခြင်း၌ မတတ်ကောင်းသောကြောင့် ပရိ နိဗ္ဗာန် စံတော်မူလေ၏။ ။ကြွင်းကျန်ရစ်သော ဓာတ်တော် တို့သည် မိဋ္ဌာန်တော်မူခဲ့သည့်အတိုင်း ထိုထိုအရပ်သို့ ပျံ့နှံ့၍ အသီးအသီး စေတီ တည်၍ ရှိသေစွာ ကိုးကွယ်ကြကုန်၏။

ရေဝတမြတ်စွာဘုရား၏ အမှုပွတ္တိနှင့်တကွ ဂေါတမ
မြတ်စွာဘုရားအလောင်းတော် အတိဒေဝ
ပုဏ္ဏား ဗျာဒိတ်ခံတော်မူဟန် အခန်း
အနား ပြီး၏။

## ၂၂-သောဘိတ မြတ်စွာဘုရား အကြောင်း။

ရေဝတ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နောက် ဆယ်နှစ်တမ်းသို့ ရောက်၍ တဘန် အသင်္ချေယျ တမ်းသို့ ရောက်ပြန်လျှင် ထိုအသင်္ချေယျ တမ်းမှလည်း တစတစ ဆုတ်ယုတ်၍ လူတို့အသက် ကိုးသောင်းနေသောအခါ သောဘိတမြတ်စွာဘုရား အလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီတော်ကို ဖြည့်ကျင့်တော်မူပြီး၍ တုသိတာနက်ပြည်မှ နတ်ဗြဟ္မာအပေါင်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ ငါးပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူပြီးလျှင် ရတော့ခဲ့သော် သုဓမ္မပြည်ဝယ် သုဓမ္မမင်းကြီး၏ သုဓမ္မာအမည်ရှိသော မိဖုယားကြီး၏ ဝမ်းဝယ် ပဋိသန္ဓေနေတော်မူ၍ ဖွါးတော်မူသောအခါ မြောက်အရပ်သို့ ရှေးရှု ခုနစ်ဘဝါး ကြွသွားတော်မူလျက် "အဂ္ဂေါဟမသ္မိလောကဿ" အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်သို့ ရောက်လျှင် ကုမုဒပြာသာဒ်, နာဠိနပြာသာဒ်, ပဒုမပြာသာဒ် ဟူ၍ သုံးဆောင်သော ပြာသာဒ်ထက်၌ သမင်္ဂီလာဒေဝီ[၁] မိဖုယား အမှူးရှိသော သုံးသောင်း ခုနစ်ထောင်သော မင်းမောင်းမအပေါင်းတို့သည် ခြံရံအပ်သည်ဖြစ်၍ ကာမဂုဏ်ငါးပါးကို ခံစား၍ သားတော် သီဟမင်းသားကို ဖွါးမြင်တော်မူပြီးမှ လေးပါးသော နိမိတ်ကြီးတို့ကို အသီးသီး မြင်တော်မူ၍ ပြာသာဒ်ထက်၌ပင် ဗြဟ္မာမင်း ကပ်လှူအပ်သော ပရိက္ခရာရှစ်ပါးကို ယူလှမ်း၍ ရဟန်းပြုတော်မူပြီးလျှင် အာနာပါနဿတိ သမာဓိဘာဝနာကို ပွါးစေတော်မူ၍ လေးပါးသော ဈာန်တို့ကို ရတော်မူပြီးသော် ထိုပြာသာဒ်ထက်၌ပင် လေးလပတ်လုံး ဒုက္ကရစရိယာအကျင့်ကိုကျင့်တော်မူ၍ ဘုရားဖြစ်တော်မူအံ့သောနေ့၌ သမင်္ဂီလာဒေဝီ[၁] မိဖုယားသည် လှူအပ်သော နို့ဂဃောဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် သောဘိတ ဘုရားလောင်းသည် "ဤပြာသာဒ်သည် ကောင်းကင်သို့ ပျံတက်၍ ဗောဓိမဏ္ဍိုင်သို့ သက်စေသတည်း။ ဤမာတုဂါမတို့သည်လည်း ဗောဓိမဏ္ဍိုင်သို့ ရောက်သောအခါ မိမိတို့အလိုလို မဆိုရဘဲ ထွက်သွားစေသတည်း" ဟု ဓိဋ္ဌာန်တော်မူသောခဏ၌ပင် ပြာသာဒ်သည် ကောင်းကင်သို့ ပျံတက်၍ ဗောဓိမဏ္ဍိုင်သို့ သက်လေ၏။

---

၁-မင်္ဂလဒေဝီ-ဟု ဗုဒ္ဓဝင်အဋ္ဌကထာ၌ ရှိသည်။

ထိုပြာသာဒ်၌ပါသောကချေသည် မောင်းမအပေါင်းတို့သည် မိမိတို့အလိုလို ထွက်သွားကြကုန်၏။ သောဘိတ မြတ်စွာဘုရား အလောင်းတော်သည် တယောက်သောသူသည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူလျက် အတောင်ရှစ်ဆယ်ရှိသော ကံ့ကော်ဗောဓိရင်း၌ ကြံဖြန့်လျှင် သုံးဆဲ့ရှစ်တောင်မြင့်သော ပလ္လင်ပေါက်ရောက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် နေမဝင်မီ မာရ်စစ်သည်အပေါင်းကို အောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်,ပစ္ဆိမယာမ် အရဟတ္တမဂ်ဉာဏ်နှင့်တပြိုင်နက် အရဟတ္တမဂ်ဉာဏ်သို့ ရောက်၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစရှိသည်ဖြင့် ကျူးရင့်တော်မူ၍ ဗောဓိပင်၏အနီး၌ လေးဆဲ့ကိုးရက်ပတ်လုံး သီတင်းသုံး နေတော်မူပြီးသောအခါ ဖြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ "အဘယ်သူအား လက်ဦးရှေးဖျား တရားအမြိုက် တိုက်ကျွေးပါရအံ့နည်း"ဟု ကြည့်ရှု ဆင်ခြင်တော်မူလျှင် မိထွေးတော်သား ညီတော် အသမ မင်းသား, သုနေတ္တမင်းသားတို့၏ ဥပနိဿယတို့ကို မြင်တော်မူ၍ သုဓမ္မဥယျာဉ်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင် မရေတွက်နိုင်သော နတ်လူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။

တရံရောအခါ သောဘိတမြတ်စွာဘုရားသည် ရေမီး အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးနောက် တာဝတိံသာ နတ်ပြည်သို့ တက်၍ အဘိဓမ္မာ တရားတော်မြတ်ကို ဟောတော်မူသဖြင့် ကုဋေကိုးသောင်းသော နတ်ပရိသတ်တို့သည် မဂ်ဖိုလ်သို့ ရောက်ကြကုန်၏။ ။ဤကား ဒုတိယဓမ္မာဘိသမယတည်း။ ။တရံရောအခါ သောဘိတမြတ်စွာဘုရားသည် ဇယသေနမင်းကြီးအား တရားအနုမောဒနာပြုသောအခါ၌ ကုဋေတထောင်သော လူတို့သည် မဂ်ဖိုလ်သို့ ရောက်ကြကုန်၏။ ။ဤကား တတိယဓမ္မာဘိသမယတည်း။

တရံရောအခါ သောဘိတ မြတ်စွာဘုရားသည် ကုဋေတရာသော ဖေါ်ဘိက္ခု ရဟန္တာတို့၏အလယ်၌ ပါတိမောက်ပြတော်မူ၏။ ။ဤကား

ပဉ္စမသာဝကသန္နိပါတတည်း။ ။တရံရောအခါ သောဘိတ မြတ်စွာဘုရားသည် ကုဋေ့ကိုးဆယ်သော ဧဟိဘိက္ခုရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။ တရံရောအခါ သောဘိတ မြတ်စွာဘုရားသည် ကုဋေ့ရှစ်ဆယ်သော ဧဟိဘိက္ခုရဟန္တာတို့၏ အလယ် ပါတိမောက်ပြတော်မူ၏။ ။ဤကား တတိယသာဝက သန္နိပါတတည်း။

---

## ဘုရားအလောင်းတော် သုဇာတပုဏ္ဏား ဗျာဒိတ် ရတော်မူခြင်း။

သောဘိတ မြတ်စွာဘုရားလက်ထက်တော်၌ ငါတို့ ဂေါတမဘုရား အလောင်းတော်သည် ရမ္မဝတီပြည်ဝယ် သုဇာတ အမည်ရှိသော ပုဏ္ဏားဖြစ်၍ သောဘိတ မြတ်စွာဘုရားလျှင် အမှူးရှိသော သင်္ဃာတော်တို့အား ဝါတွင်းသုံးလပတ်လုံး အလှူကြီး ပေး၏။ ။သောဘိတ မြတ်စွာဘုရားလည်း "သင်ပုဏ္ဏားသည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကို လွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရား ဖြစ်လတ္တံ့"ဟု ပြည့်ရုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ ။ထိုသုဇာတပုဏ္ဏားလည်း သောဘိတမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် အားရနှစ်သက်သည်ဖြစ်၍ ဘုရားဖြစ်ခြင်း အကြောင်း ကောင်းသော ပါရမီတို့ကို ဖြည့်ကျင့်အားထုတ်၏။

## သောဘိတ မြတ်စွာဘုရား-လက်ျာရံ စသည်အကြောင်း။

သောဘိတမြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား၊ အရှင်အသမ, အရှင်သုနေတ္တတည်း။ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား၊ အရှင်နကုလာ,အရှင်သုဇာတာတည်း။ရဟန်းအလုပ်အကျွေးကား၊ အနောမ မထေရ်တည်း။ဒါယကာယောက်ျား အလုပ်အကျွေးကား၊ ရမ္မ, ဝသုဒတ္တ နှစ်ယောက်တည်း။ဒါယိကာမိန်းမအလုပ်အကျွေးကား၊နကုလာ, စိတ္တာ နှစ်ယောက်တည်း။ ။အရပ်တော်ကား ငါးဆဲ့ရှစ်တောင်တည်း။

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် သောဘိတ မြတ်စွာဘုရားသည် ထိုက်သည်အားလျော်စွာ ဝေနေယျသတ္တဝါ အများအား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန်စံတော်မူလေ၏။ ။ကြွင်းကျန်ရစ်

သော ဓာတ်တော်တို့သည် ထိုထိုအရပ်သို့ ပျံ့နှံ့၍ စေတီတည်လျက် ရိုသေမြတ်နိုး ကိုးကွယ်ကြကုန်၏။

သောဘိတမြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ
ဂေါတမမြတ်စွာဘုရား အလောင်းတော်
သုဇာတပုဏ္ဏား ဗျာဒိတ်ခံတော်
မူဟာန် အခန်းအနား ပြီး၏

## ၂၃-အနောမဒဿီ မြတ်စွာဘုရား အကြောင်း။

သောဘိတ မြတ်စွာဘုရား ပွင့်တော်မူသော ကမ္ဘာနောက် ကမ္ဘာ တသင်္ချေလွန်၍ ဧကဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် တသင်္ချေနှင့် ကမ္ဘာတသိန်းထက် တခုသော ဝရကမ္ဘာ၌ အနောမဒဿီဘုရား, ပဒုမဘုရား, နာရဒဘုရား ဟူ၍ သုံးဆူသောဘုရားတို့သည် ပွင့်တော်မူကြကုန်၏။ထိုသုံးဆူသော ဘုရားတို့တွင် အနောမဒဿီ ဘုရားအလောင်းတော်သည် လူတို့အသက် တသိန်းနေသောကာလ တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီ ဖြည့်ကျင့်အပ်ပြီးသည် ဖြစ်၍ တုသိတာနတ်ပြည်မှ နတ်ဗြဟ္မာအပေါင်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ ငါးပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူပြီးလျှင် စုတေခဲ့သော် စန္ဒာဝတီပြည်၌ ယသဝါအမည်ရှိသော မင်းကြီး၏ ယသောဓရာအမည်ရှိသော မိဖုယားကြီး၏ ဝမ်းဝယ် ပဋိသန္ဓေနေတော်မူ၍ ဖွါးတော်မူလျှင် မြောက်အရပ်သို့ ခုနှစ်ဘဝါး ကြွသွားတော်မူလျက်"အဂ္ဂေါဟမသ္မိလောကဿ" အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်ရောက်သောအခါ သိရိပြာသာဒ်, ဥပသိရိပြာသာဒ်,သိရိဝဍ္ဎနပြာသာဒ် ဟူ၍ သုံးဆောင်သော ပြာသာဒ်၌ သိရိမာဒေဝီ မိဖုယားကြီးအမှူးရှိသော နှစ်သောင်း သုံးထောင် ကုန်သော မင်းမောင်းမအပေါင်း ခြံရံလျက် ကာမဂုဏ်ချမ်းသာကို ခံစား၍ သားတော် ဥပဝါဏ မင်းသားကို ဖွါးမြင်တော်မူပြီးမှ လေးပါးသော နိမိတ်ကြီးတို့ကို မြင်တော်မူ၍ ရှုထမ်းစင်ယာဉ်ဖြင့် တောထွက်တော်မူသောအခါ ဗြဟ္မာမင်း ကပ်လှူအပ်သော ပရိက္ခရာရှစ်ပါးကို ယူလှမ်း၍ ရဟန်း ပြုတော်မူပြီးလျှင် ဒုက္ကရစရိယာ

အကျင့်ကို ကျင့်တော်မူ၏။သုံးကုဋေသော ယောကျ်ားတို့သည် အနောမဒဿီဘုရားအလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

အနောမဒဿီဘုရားလောင်းလည်း ထိုသုံးကုဋေသော ရဟန်းပရိသတ်တို့သည် ခြံရံအပ်သည်ဖြစ်၍ ဆယ်လပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့်နေ့၌ အနုပမာအမည်ရှိသော ရွာ၌ အနုပမာအမည်ရှိသော သူဌေး သမီး ဝိသာခါသည် ကပ်လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် အင်ကြင်းတော၌ နေ့သန့်တော်မူ၍ ညချမ်းသောအခါ အဘော်ရဟန်းတို့ကို စွန့်ထားခဲ့၍ ဗောဓိမဏ္ဍိုင်သို့ ရှေးရှုကြွသွားတော်မူလျှင် အနောမအမည်ရှိသော အာဇီဝကသည် လှူအပ်သော ရှစ်ဆုပ်သောမြက်ကို ခံတော်မူခဲ့၍ ထောက်ကြံ့ဗောဓိသို့ ကပ်လျက် ကြဲဖြန့်တော်မူလျှင် သုံးဆဲ့ရှစ်တောင်မြင့်သော ရတနာပလ္လင် ပေါ်ပေါက်ရောက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် နေမဝင်မီ မာရ်စစ်သည်အပေါင်းကို အောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့်တပြိုင်နက် အရဟတ္တမဂ်ဉာဏ်သို့ ရောက်သဖြင့် လောကကေတုသဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစရှိသည်ဖြင့် ကျူးရင့်တော်မူ၍ ဗောဓိပင်၏ အနီး၌ လေးဆယ့်ကိုးရက်ပတ်လုံး သီတင်းသုံး နေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟောကြောင်း တောင်ပန်းခြင်းကို အာမခံတော်မူ၍ "အဘယ်သူအားလက်ဦးစွာ တရားအမြိုက် တိုက်ကျွေးပါရအံ့နည်း" ဟု ကြည့်ရှုဆင်ခြင်တော်မူလျှင် တောထွက်တော်မူစဉ်က အတူတကွ လိုက်၍ ရဟန်းပြုကြကုန်သော သုံးကုဋေသော ရဟန်းတို့၏ ဥပနိဿယကို မြင်တော်မူ၍ ထိုရဟန်းတို့၏နေရာ သုဒဿနဥယျာဉ်သို့ ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဋေတရာသော နတ်လူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။

တရံရော အခါ အနောမဒဿီ မြတ်စွာဘုရားသည် ရေမီးအစုံ အစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် တာဝတိံသာနတ်ပြည်သို့တက်၍ အဘိဓမ္မာတရားကို ဟောတော်မူသောအခါ၌ ကုဋေရှစ်

ဆယ်သော နတ်ပြဟ္မာတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ ဤကား ဒုတိယဓမ္မာဘိသမယတည်း။

တရံရောအခါ အနောမဒဿီမြတ်စွာဘုရားသည် မင်္ဂလာပြဿနာကို ဖြေတော်မူသော အခါ၌ ခုနစ်ဆယ့်ရှစ်ကုဋေသော နတ်လူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား တတိယဓမ္မာဘိသမယတည်း။

တရံရောအခါ အနောမဒဿီ မြတ်စွာဘုရားသည် ရှစ်သိန်းသော ဟေိဘိက္ခုရဟန္တာတို့၏ အစည်းအဝေး၌ ပါတိမောက်ပြတော်မူ၏။ ။ ဤကား ပဌမသာဝကသန္နိပါတတည်း။ ။တရံရောအခါ အနောမဒဿီ မြတ်စွာဘုရားသခင်သည် ခုနစ်သိန်းသော ဟေိဘိက္ခု ရဟန္တာတို့၏ အစည်းအဝေး၌ ပါတိမောက်ပြတော်မူ၏။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။

တရံရောအခါ အနောမဒဿီ မြတ်စွာဘုရားသည် ဟေိဘိက္ခု ရဟန္တာ ခြောက်သိန်းတို့၏ အစည်းအဝေး၌ ပါတိမောက်ပြတော်မူ၏။ ။ ဤကား တတိယသာဝကသန္နိပါတတည်း။

## ဘုရားအလောင်းတော် ဘီလူးစစ်သူကြီး ဗျာဒိတ် ရတော်မူခြင်း။

အနောမဒဿီ မြတ်စွာဘုရားလက်ထက်၌ ငါတို့ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် ကုဋေတထောင်မကသော ဘီလူးတို့ကို အစိုးရသော ဘီလူးစစ်သူကြီးဖြစ်၍ လောက၌ အနောမဒဿီ ဘုရားပွင့်တော်မူကြောင်းကို ကြားသိလျှင် အနောမဒဿီမြတ်စွာဘုရားထံ ချဉ်းကပ်၍ ရတနာမဏ္ဍပ်ကို ဘန်ဆင်းပြီးလျှင် အနောမဒဿီ ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေး၏။အနောမဒဿီ မြတ်စွာဘုရားလည်း“သင်သည် တသင်္ချေနှင့် ကမ္ဘာတသိန်းကို လွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရားဖြစ်လတ္တံ့”ဟု ပြည့်စုံစွာဗျာဒိတ်စကား ကြားတော်မူ၏။ဘီလူးစစ်သူကြီးလည်း အနောမဒဿီ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် အားရနှစ်သက်သည်ဖြစ်၍ ဘုရားဖြစ်ကြောင်း ကောင်းသောပါရမီတို့ကို ဖြည့်ကျင့်အားထုတ်၏။

## ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန် အလောင်းတို့ ဗျာဒိတ်ရခြင်း။

အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မမူမီကပင် အရှင်သာရိပုတ္တရာအလောင်းတော်သည် စန္ဒဝတီပြည်ဝယ် ဗြာဟ္မဏမဟာသာလသူကြွယ်အမျိုး၌ဖြစ်၍ သရဒဟူသော အမည်ဖြင့် ထင်ရှား၏၊ရှင်မောဂ္ဂလာန်၏ အလောင်းတော်ကား ဂဟပတိသူကြွယ် အမျိုး၌ဖြစ်၍ သိရိဝဍ္ဍဏဟူသောအမည်ဖြင့် ထင်ရှား၏၊ ထိုနှစ်ယောက်သော သူတို့သည် ငယ်ရွယ်စဉ်ကာလကပင် ပျော်ရွှင်ကစားဘက် ဖြစ်ကြ၍ သဟာယမိတ်ခင်ပွန်းကြီး ဖြစ်ကုန်၏။တနေ့သ၌ သရဒလုလင်သည်“ငါသည် ပစ္စုပ္ပန်လောက၌ ဖြစ်ခြင်းမျှကိုသာ သိမြင်ချေသည်။တမလွန်လောက၏ ဖြစ်ခြင်းကိုကား မသိမမြင်ချေ။ ဖြစ်သော သတ္တဝါတို့၏ သေခြင်းသဘောတရားသည် အမြဲသာတည်း။ရဟန်းပြုလျက် ဝဋ်မှကင်းလွတ်ကြောင်းမောက္ခဓမ္မကို ရှာတော့အံ့”ဟု ကြံ၍ အဆွေဖြစ်သော သိရိဝဍ္ဍဏသူကြွယ်ထံ ကပ်ပြီးလျှင်“အဆွေသိရိဝဍ္ဍဏ, ငါသည် ရဟန်းပြုလျက် ဝဋ်မှကင်းလွတ်ကြောင်း မောက္ခဓမ္မကို ရှာကြံအံ့”သင်သည် ငါနှင့်အတူ လိုက်၍ ရဟန်းပြုခြင်းငှါ စွမ်းနိုင်ပါမည်လော”ဟု ဆွေးနွေးတိုင်ပင်သောကာလ သိရိဝဍ္ဍဏသူကြွယ်သည်“အဆွေသရဒလုလင်, ငါသည် သင်နှင့်အတူတကွ လိုက်၍ ရဟန်းပြုခြင်းငှါ မစွမ်းနိုင်ပါ”ဟု အတုံ့စကားပြန်ကြားသောအခါ သရဒလုလင်သည် အိမ်သို့ပြန်လျက် ရတနာတိုက်ကိုဖွင့်လှစ်စေပြီးလျှင် ဆင်းရဲသော သူတို့အား များစွာအလှူပေးခဲ့ ပြီး၍ ဟိမဝန္တာတောင်ခြေရင်းသို့ ဝင်ပြီးသော် ရသေ့ရဟန်းပြု၍ နေလေ၏။ ထိုသရဒရသေ့နောက်သို့ လိုက်၍ တယောက်,နှစ်ယောက် စသည်ဖြင့် ရသေ့ရဟန်းပြုကြ၍ မကြာမြင့်မီ ခုနစ်သောင်းလေးထောင်သော ရသေ့တို့သည် ဖြစ်ကုန်၏။

သရဒရသေ့သည် သမာပတ်ရှစ်ပါး,အဘိညာဉ်ငါးပါးတို့ကို ဖြစ်စေ၍ ထိုရသေ့ ခုနစ်သောင်းလေးထောင်တို့အားလည်း ကသိုဏ်းပရိကံကို ကြားသဖြင့် အလုံးစုံသော ရသေ့တို့သည် သမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးတို့နှင့် ပြည့်စုံကြကုန်သည် ဖြစ်၍ ဟိမဝန္တာတောင်၏ မနီးမဝေးသောအရပ်၌ ပလ္လင်္ကအမည်ရှိသော တောင်ဝယ် တင့်တယ်သော သစ်ခြမ်း

ကျောင်းကို ဘန်ဆင်း၍ သရဒ္ဒရှင်ရသေ့၏ ဆုံးမဩဝါဒကို ခံလျက် နေကြကုန်၏။ ထိုခုနစ်သောင်း လေးထောင်သော ရသေ့တို့တွင် အချို့သော ရသေ့တို့သည် ဇမ္ဗူသပြေပင်မှ ဇမ္ဗူသပြေသီးကို ခံယူသုံးဆောင်ကုန်၏။ အချို့သော ရသေ့တို့သည် အနောက်ကျွန်းသို့၊ အချို့သောရသေ့တို့သည် အရှေ့ကျွန်းသို့၊ အချို့သော ရသေ့တို့သည် မြောက်ကျွန်းသို့ အသီးအသီးဆွမ်းခံ သွားကြကုန်၏။ ဤသို့လျှင် ရှင်သာရိပုတ္တရာ အလောင်းတော်သည် အနောမဒဿီမြတ်စွာဘုရား ပွင့်တော်မမူမီကပင် ဟိမဝန္တာသို့ ဝင်လျက် ရသေ့ရဟန်းပြု၍ နေနှင့်၏၊

တရံရောအခါ ထိုသရဒ္ဒရှင်ရသေ့၏ ခုနစ်သောင်း လေးထောင်သော ရသေ့တို့သည် သစ်သီးကြီးငယ် အလို့ငှါ သွားကြကုန်စဉ် အနောမဒဿီ မြတ်စွာဘုရားသခင်သည် သရဒရသေ့၏ လက်ျာရံ အဂ္ဂသာဝကဆုကို ပန်လတ္တံ့သည်ကိုင်း၊သရဒရသေ့၏ ခုနစ်သောင်း လေးထောင်သော ရသေ့တို့၏ ဥပနိဿယကိုငင်း မြင်တော်မူ၍ ကိုယ်တော်အထီးထီး ကောင်းကင်ခရီးဖြင့် သရဒ္ဒရှင်ရသေ့၏ သင်္ခမ်း နေရာသို့ ကြွလာတော်မူ၏။ ထိုအခါ သရဒ္ဒရှင်ရသေ့သည် အနောမဒဿီ မြတ်စွာဘုရား၏ အာနုဘော်ကိုင်း၊ကိုယ်တော်ကိုင်း မြင်၍"ဤယောက်ျားမြတ်ကား ဘုရားဧကန် စင်စစ်"ဟု သိ၍ ခရီးဦးကြိုဆိုပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာကိုခင်း၏။ အနောမဒဿီ မြတ်စွာဘုရားလည်း သရဒ္ဒရှင်ရသေ့ ခင်းသောနေရာထက်၌ သီတင်းသုံးနေတော်မူ၏၊ သရဒ္ဒရှင်ရသေ့လည်း မိမိအား လျောက်ပတ်သော နေရာ၌နေပြီးသော် "မနှိုင်းရှည့်အပ်သော ဂုဏ်အပေါင်းတို့၏ ရပ်ုံရာဖြစ်တော်မူပေသော လောကကေတု သဗ္ဗညုရှင်တော်ဘုရား,ယူဇနာ ရှစ်သောင်း လေးထောင် နက်သော မဟာသမုဒ္ဒရာရေကို ကွမ်းစားခွက်ငယ်ဖြင့် ချင့်တွက်ခြင်းငှါ တတ်နိုင်ရာ၏၊ ရှင်တော်ဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို ဤရွေ့ဤမျှ ရှိ၏ဟု ချင့်တွက်ခြင်းငှါ မတတ်နိုင်ရာ၊ယူဇနာ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီးကို ချိန်ခွင်ဝန်း၌ တင်ထား၍ ချိန်စက်ခြင်းငှါ တတ်ကောင်းရာ၏။ ရှင်တော်ဘုရား၏ သဗ္ဗညုတဉာဏ်ကို နှိုင်းရှည့်ခြင်းငှါ မတတ်ကောင်းရာ"ဤသို့အစရှိသည်ဖြင့် များစွာချီးမွမ်းထောမနာပြု၏။

ထိုအခါ ခုနစ်သောင်း လေးထောင်သောရသေ့တို့သည် မွန်မြတ်သော သစ်သီးကြီးငယ်တို့ကို ယူဆောင်ပြန်ခဲ့ကြသော် ဆရာသရဒ္ဒရှင်ရသေ့ကို

ဤသို့ ဆိုကြကုန်၏။"ဆရာ ဤလောက၌ ဆရာ့ထက် မြတ်သောသူ မရှိဟု ထင်မှတ်ပါသည်"ဟု ဆိုကြပြန်ကုန်သော် သရဒရှင်ရသေ့သည်"သင်တို့သည် ဤကဲ့သို့ မဆိုကြကုန်လင့်။မုန်ညင်းစေ့နှင့် မြင်းမိုရ်တောင်ကို အမျှပြုခြင်း၌ မသင့်သကဲ့သို့ ငါ့အား သဗ္ဗညုမြတ်စွာဘုရားနှင့် အမျှမပြုကြကုန်လင့်"ဟု ဆိုပေ၏။ဆရာသရဒရှင်ရသေ့၏စကားကိုကြားလျှင် အလုံးစုံသော ရသေ့တို့သည် အနောမဒဿီမြတ်စွာဘုရား၏ ခြေရင်းတော်၌ ဝပ်ကြကုန်၏။ထိုအခါ ဆရာသရဒရှင်ရသေ့သည်"ချစ်သားတို့,ငါတို့အား မြတ်စွာဘုရားနှင့် လျောက်ပတ်သော ဝတ္ထုမရှိချေ၊မြတ်စွာဘုရားလည်း ဆွမ်းခံအံ့သောငှါ ဤအရပ်သို့ ကြွတော်မူလာ၏။သင်တို့သည် မွန်မြတ်သော သစ်သီးကြီးငယ်တို့ကို ဆောင်ခဲ့ကုန်လော့"ဟု ဆို၍ ဆောင်ခဲ့စေပြီးသော် မိမိကိုယ်တိုင် အနောမဒဿီမြတ်စွာဘုရား၏ သပိတ်တော်၌ ထည့်ပြီးလျှင် ကပ်၏။အနောမဒဿီမြတ်စွာဘုရားလည်း ခံတော်မူသော ခဏ၌ပင် နတ်တို့သည် နတ်သြဇာကို ထည့်ကြကုန်သည်ဖြစ်၍ အလွန်လျှင် ချိုမြိန်သော သစ်သီးဆွမ်းကို ဘုဉ်းပေးတော်မူပြီးသော် အသက်ထက်ဆုံး မှတ်သားအပ်သော စကားကို ပြောဟောလျက်နေ၏။

ထိုအခါ အနောမဒဿီ မြတ်စွာဘုရားသည်"အဂ္ဂသာဝက နှစ်ပါးတို့သည် ရဟန်းသင်္ဃာနှင့်တကွ လာစေသတည်း" ဟု ကြံတော်မူသော ခဏ၌ နှစ်ပါးသော အဂ္ဂသာဝကတို့သည် ရဟန္တာတသိန်း ခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွလာ၍ အနောမဒဿီ မြတ်စွာဘုရားကို ရှိခိုးပြီးသော် သင့်တင့်လျောက်ပတ်ရာ အရပ်၌ နေလေကုန်၏။ ထိုအခါ သရဒရှင်ရသေ့သည် မိမိ၏တပည့်ဖြစ်သော ရသေ့တို့ကို ဤသို့ဆို၏။ "သင်ချစ်သားတို့, မြတ်စွာဘုရားနေရာတော်လည်း နိမ့်သေးသည်။ ရဟန္တာတသိန်းတို့၏ နေရာတော်လည်း မရှိသေး။ ယနေ့ကို အစပြု၍ မြတ်စွာဘုရားအား ပူဇော်သက္ကာရပြုခြင်း၌ သင့်သည်။ သင်တို့သည် တောင်ခြေရင်းမှ အဆင်းအနံ့နှင့် ပြည့်စုံကုန်သော ပန်းတို့ကို ယူဆောင်ချေကုန်" ဟု ဆိုလျှင် ထိုခဏ၌ပင် တန်ခိုးနှင့် ပြည့်စုံကုန်သော ရသေ့ချည်းဖြစ်ကုန်သောကြောင့် အဆင်းအနံ့နှင့်ပြည့်စုံသော ပန်းတို့ကို ယူဆောင်ခဲ့ကြ၍- မြတ်စွာဘုရားနေရာမှာ တယူဇနာ၊ အဂ္ဂသာဝက နှစ်ပါးတို့၏ နေရာမှာ သုံးဂါဝုတ်၊ ကြွင်းသော ရဟန္တာတို့၏ နေရာမှာ နှစ်ဂါဝုတ်,

သုံးဂါဝုတ် အခစရှိသည်ဖြင့် ခင်း၍ အငယ်ဆုံး သစ်နှောရဟန္တာ၏ နေရာမှာ တဥသဘ ခင်းကုန်၏။

ဤသို့လျှင် ပန်းနေရာအခင်းကို ခင်းကုန်ပြီးသော် သရဒရှင်ရသေ့သည် အနောမဒဿီ မြတ်စွာဘုရားသို့ကပ်၍ "အရှင်ဘုရား,အကျွန်ုပ်တို့အား ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွါး များအံ့သော၄ါ ပန်းနေရာအခင်းထက်သို့ တက်၍ သီတင်းသုံး နေတော်မူပါ"ဟု လျှောက်လျှင် အနောမဒဿီ မြတ်စွာဘုရားသည် ပန်းနေရာ အခင်းထက်သို့ တက်၍ သီတင်းသုံး နေတော်မူ၏။ အနောမဒဿီ မြတ်စွာဘုရားသည် ပန်းအခင်းထက်သို့ တက်၍ သီတင်းသုံးနေတော်မူလျှင် အဂ္ဂသာဝက နှစ်ပါးတို့သည်၎င်း၊ ကြွင်းသော ရဟန္တာအရှင်မြတ်တို့သည်၎င်း၊ အသီးအသီး ပန်းနေရာအခင်းထက်သို့ တက်၍ သီတင်းသုံးနေတော်မူကြကုန်၏။ သရဒရှင်ရသေ့လည်း အနောမဒဿီ မြတ်စွာဘုရား၏ အထက်၌ ပန်းထီးမိုးကာလျက် နေ၏။ထိုအခါ အနောမဒဿီ မြတ်စွာဘုရားသည် ထိုရသေ့တို့အား အကျိုးတရား များစိမ့်သော၄ါ နိရောဓသမာပတ်ကို ဝင်စားလျှင် အဂ္ဂသာဝကနှစ်ပါးတို့သည်၎င်း၊ ကြွင်းသော ရဟန္တာအရှင်မြတ်တို့သည်၎င်း၊ နိရောဓသမာပတ်ကို ဝင်စားကြကုန်၏။

နိရောဓသမာပတ်မှ ထသောအခါ အနောမဒဿီ မြတ်စွာဘုရားသည် လက်ျာတော်ရံ နိသဘထေရ်အား ပန်းအခင်း၏ အကျိုးကို အနုမောဒနာ ပြုစေသဖြင့် နိသဘမထေရ်လည်း ပန်းအခင်း၏ အကျိုးကို အနုမောဒနာ ပြုတော်မူ၏။ထို့နောင် လက်ဝဲရံ ဒုတိယသာဝက အနောပမမထေရ်အား အနုမောဒနာ ပြုစေသဖြင့် အနောပမ မထေရ်လည်း ပန်းအခင်း၏ အကျိုးကို တရားအနုမောဒနာ ပြုတော်မူ၏။ထိုနှစ်ဦးသော အဂ္ဂသာဝကတို့ အနုမောဒနာပြုရာ၌ တရံတယောက်သောသူမျှ မဂ်ဖိုလ်သို့ မရောက်ကြကုန်။ထို့နောင်မှ အနောမဒဿီမြတ်စွာဘုရားသည် တရားအမြိုက် တိုက်ကျွေးတော်မူသော အခါ၌ သရဒရှင်ရသေ့ကို ထား၍ ခုနစ်သောင်း လေးထောင်သော ရသေ့တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၍ "ဧဟိ ဘိက္ခု" ခေါ်တော်မူသဖြင့် ဧဟိဘိက္ခု-ရဟန္တာ ဖြစ်ကြလေကုန်၏။

သရဒရှင်ရသေ့မှာမူကား လက်ျာရံ အဂ္ဂသာဝက၊ နိသဘမထေရ်၏ တရားတော်ကို နာအံ့ဟု အားထုတ်သော အခါကပင် "ငြော်-ငါလည်း

ဤမထေရ်ကဲ့သို့ နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ လက်ျာရံ အဂ္ဂသာဝကဖြစ်ရပါမူ ကောင်းလေစွ”ဟု အဂ္ဂသာဝကဆု၌ ညွတ်သော စိတ်ရှိသည်ဖြစ်၍ ထိုဘဝ၌ မဂ်ဖိုလ်ကို ထိုးထွင်း၍ သိခြင်းငှါ မတတ်နိုင်လေ။ ထိုသို့ တပည့်ရသေ့တို့ ဖေဟိဘိက္ခုရဟန်္တာ ဖြစ်ကြကုန်ပြီးသော် အဂ္ဂသာဝကဆု၌ ညွတ်သော စိတ်ရှိသော ဆရာသရဒ ရသေ့သည် အနောမဒဿီ မြတ်စွာဘုရားသို့ ကပ်လျက် “အရှင်ဘုရား,အရှင်ဘုရား၏ အခြားမဲ့၌ နေသော ရဟန်းသည် အဘယ်အမည် ရှိပါသနည်း” ဟု လျှောက်လတ်သော် အနောမဒဿီ မြတ်စွာဘုရားသည် “ဤမထေရ်ကား သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်သော အဂ္ဂသာဝက နိသဘမထေရ်”ဟု မိန့်တော်မူ၏။ ထိုအခါ သရဒ ရှင်ရသေ့သည် “အရှင်ဘုရား,အကျွန်ုပ်သည် ခုနစ်ရက်ပတ်လုံး အရှင်ဘုရားအား ပန်းထီးဖြင့် မိုးကာလျက် နေရသောကောင်းမှုကြောင့် သိကြားမင်း၏ စည်းစိမ်,ဗြဟ္မာမင်း၏စည်းစိမ်တို့ကို မတောင့်တပါ။ နောင်သောအခါ အရှင်နိသဘမထေရ်ကဲ့သို့ တဆူသော ဘုရားသခင်၏ လက်ျာရံ အဂ္ဂသာဝက ဖြစ်ရပါလို၏”ဟု ဆုတောင်း၏။

ထိုအခါ အနောမဒဿီမြတ်စွာဘုရားသည် ထိုရသေ့၏ ဆုပတ္ထနာ အတိုင်း ပြည့်စုံလတ္တံ့သည်ကို မြင်၍ “ရှင်ရသေ့သည် တသင်္ချေနှင့် ကမ္ဘာတသိန်းကို လွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရား၏ လက်ျာရံ အဂ္ဂသာဝက သာရိပုတ္တရာ အမည်ရှိသည်ဖြစ်လတ္တံ့”ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

> အချို့သောသူတို့သည် အရှင်သာရိပုတ္တရာ အလောင်းသည် အဂ္ဂသာဝကဆုကို မပန်မီကာလက ဘုရားဆုကို ပန်သည် ဟု ပြောဆိုကြကုန်၏။ ထိုသို့ ပြောဆိုသံကို ကြား၍ ပျို့,ကဗျာတို့မှာလည်း ဘုရားဆုကိုပန်ဘူးကြောင်း စပ်ဆိုကြကုန်၏။ ပါဠိ,အဋ္ဌကထာ,ဋီကာတို့၌ မရှိ။ ဤဆိုခဲ့ပြီးသော အဂ္ဂသာဝကဆုကိုသာ ပန်ကြောင်းကို အပဒါန်ပါဠိအဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာ စသော ကျမ်းတို့၌ လာသည်။

အနောမဒဿီ မြတ်စွာဘုရားလည်း ဗျာဒိတ်စကား ကြားတော်မူပြီးလျှင် ရဟန္တာအပေါင်း ခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွတော် မူလေ၏။ ။သရဒ ရှင်ရသေ့လည်း မိမိအဆွေ သိရိဝဍ္ဎ သူကြွယ်၏ထံ "ငါသည် လက်ျာရံ အဂ္ဂသာဝကဆုကို ပန်ပြီ။သင်လည်း လက်ဝဲရံ အဂ္ဂသာဝကဆုကို ပန်လေလော့" ဟူသော သတင်းစကားကို ရဟန္တာအရှင်များတွင် မှာကြားလျှောက်ထားလိုက်၏။မိမိကိုယ်တိုင်လည်း သိရိဝဍ္ဎ သူကြွယ်၏ အိမ်သို့သွား၍ ရောက်လေသော် သိရိဝဍ္ဎ သူကြွယ်သည် တင့်တယ်လျောက်ပတ်သော နေရာ၌ နေစေပြီးလျှင် "အရှင်ဘုရား,အရှင်ဘုရား၏ အန္တေဝါသိကတို့ကို မမြင်ပါတကား"ဟု လျှောက်သောအခါ "အဆွေသူကြွယ် ငါတို့နေရာ သင်္ခမ်းသို့ အနောမဒဿီ မြတ်စွာဘုရား ကြွတော်မူလာ၍ တရားဒေသနာကို ကြားနာရလျှင် ငါမှတပါးသော အလုံးစုံသော ရသေ့တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်ပြီ။ ငါတယောက်သာ အဂ္ဂသာဝကဆုကို ပန်၍ ကျန်ရစ်တော့သည်။ သင်သူကြွယ်လည်း ငါကဲ့သို့ အနောမဒဿီ မြတ်စွာဘုရားခြေရင်း၌ ဒုတိယ အဂ္ဂသာဝကဆုကို ပန်လော့" ဟု တိုက်တွန်းသောအခါ သိရိဝဍ္ဎ သူကြွယ်လည်း အနောမဒဿီ မြတ်စွာဘုရား အမှူးရှိသော သင်္ဃာတော်အား ခုနစ်ရက်ပတ်လုံး ဆွမ်းဖြင့်လုပ်ကျွေးပြီးလျှင် ရိုသေစွာ ရှိခိုးလျက် "အရှင်ဘုရား, အကျွန်ုပ်၏ အဆွေဖြစ်သော သရဒရှင်ရသေ့သည် နောင်ပွင့်လတ္တံ့သော ဘုရားရှင်၏ အထံတော်၌ ပဌမ အဂ္ဂသာဝက ဆုကို တောင်း၏။အကျွန်ုပ်လည်း ဤကောင်းမှုကြောင့် ထိုဘုရားသခင်၏ ဒုတိယ အဂ္ဂသာဝက ဖြစ်ရပါလို၏"ဟု ဆုတောင်းလျှင် အနောမဒဿီ မြတ်စွာဘုရားလည်း "ဤကမ္ဘာမှ တသင်္ချေနှင့် ကမ္ဘာတသိန်းကိုလွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမ မြတ်စွာဘုရား၏ ဒုတိယအဂ္ဂသာဝက မောဂ္ဂလာန် အမည်ရှိသည်ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားပြီးလျှင် ရဟန်းသင်္ဃာ အပေါင်းခြံရံလျက် ကြွတော်မူလေ၏။

သိရိဝဍ္ဎ သူကြွယ်လည်း ထိုနေ့မှစ၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလျက် အသက်အတိုင်းနေ၍ စုတေလေသော် နတ်ပြည်၌ ဖြစ်လေ၏။ ။ သရဒရှင်ရသေ့လည်း မယုတ်သော ဈာန်ဖြင့် စုတေလေသော် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။

## အရှင်ဗာကုလ မထေရ်အကြောင်း။

ငါတို့ ဘုရားရှင် လက်ထက်တော်၌ အရှင်ဗာကုလ မထေရ်၏ အလောင်းသည် အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မမူမီကပင် ပုဏ္ဏားမျိုး၌ဖြစ်၍ တခုသော တောင်ခြေရင်းသို့ ကပ်လျက် ရသေ့ရဟန်း ပြု၍ နေသဖြင့် လောက၌ အနောမဒဿီ မြတ်စွာဘုရားပွင့်တော်မူ ကြောင်းကို ကြားသိလျှင် အနောမဒဿီ မြတ်စွာဘုရားထံ ချဉ်းကပ်၍ တရားဒေသနာကို ကြားနာရလျှင် သရဏဂုံသီလ၌ တည်လေ၏၊ရဟန်းပြု ခြင်းငှါ မစွမ်းနိုင်။အခါတပါး၌ အနောမဒဿီ မြတ်စွာဘုရားအား လေနာ တော်မူသဖြင့် အနာရောဂါ ကင်းကြောင်း ဆုတောင်းလျက် ဆေးလှူ ဘူး၏။ထိုဘဝမှ မယုတ်သော ဈာန်သမာပတ်ဖြင့် ဗြဟ္မာ့ ပြည်၌ ဖြစ်လေ၏။တသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ကျင်လည် သည်ရှိသော် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်သို့ ရောက်ပြန်သော အခါ သူကြွယ်အမျိုး၌ ဖြစ်လာပြန်၍ ပဒုမုတ္တရ မြတ်စွာဘုရားသည် ရဟန်းတပါးအား အနာကင်းသောအရာ၌ ဧတဒဂ်ထားတော်မူသည်ကို မြင်လျှင် ထိုအရာကို ရလိုရကား ဆုတောင်းပတ္တနာပြု၍ ကုသိုလ် ကောင်းမှု ပြုပြီးလျှင် စုတေပြန်သော် သုဂတိဘုံ၌သာ ကျင်လည်၍ ဝိပဿီ မြတ်စွာဘုရားမပွင့်မီက ပုဏ္ဏားမျိုး၌ဖြစ်၍ ဗေဒင်သုံးပုံ၌ အနှစ် သာရကို မမြင်လျှင် ရသေ့ရဟန်းပြု၍ ဈာန်သမာပတ်ကို ဖြစ်စေလျက် နေစဉ် လောက၌ ဝိပဿီ မြတ်စွာဘုရားပွင့်ကြောင်းကို ကြားသိလျှင် ချဉ်းကပ်လျက် တရားတော်ကို ကြားနာရသဖြင့် သရဏဂုံသီလ၌ တည်၍ ရဟန်းသံဃာအား အနာငြိမ်းကြောင်း ဆုတောင်းလျက် ဆေးအ လှူ ကောင်းမှုကို ပြုပြီးလျှင် မယုတ်သော ဈာန်ဖြင့်စုတေပြန်သော် ဗြဟ္မာ့ ပြည်၌ ဖြစ်လေ၍ ကိုးဆဲ့တကမ္ဘာပတ်လုံး အပါယ်မလားဘဲ ကျင်လည် ပြီးသော် ဤဘဒ္ဒကပ်ကမ္ဘာ၌ ကဿပ မြတ်စွာဘုရား လက်ထက်တော်သို့ ကျပြန်လျှင် သူကြွယ်အမျိုး၌ဖြစ်၍ တနေ့သ၌ တောသို့သွားသည်ရှိသော် ကျောင်းပျက်တခုကိုမြင်၍ ထိုကျောင်းကိုပြင်ခြင်း၊ဥပုသ်အိမ်ကို ပြင်ခြင်း၊ မီးတင်းကုပ်လှူခြင်း ဝစ္စကုဋိဆောက်ခြင်း၊ ဆေးလှူခြင်းတည်းဟူသော ကုသိုလ်ကောင်းမှု တို့ကိုပြု၍ စုတေပြန်သော် လူ့ဘုံနတ်ဘုံတို့၌သာ ကျင်လည်ကျက်စား၍ ငါတို့ရှင်ဂေါတမ မြတ်စွာဘုရား ပွင့်တော်မမူမီ ကောသမ္ဗီပြည်၌ သူဌေးသားဖြစ်၍ ယမုနာ မြစ်နားသို့ ဆောင်၍

ကိုယ်လက်သုတ်သင်သည့်ရှိသော် အထိန်းတို့မေ့လျော့စဉ် သားတစ်မှတ်၍ ငါးကြီးတရသည် မျိုလေ၏။ ထိုငါးကြီးသည် ထိုသူငယ်၏ အာနုဘော်ကြောင့် ကောသမ္ဗီပြည် မြစ်ဆိပ်မှသည် ယူဇနာသုံးဆယ်ရှိသော ဗာရာဏသီပြည် မြစ်ဆိပ် တံငါတို့လက်သို့ ရောက်လေ၍ တံငါတို့သည် ထိုငါးကြီးကို အစဉ်သဖြင့် ရောင်းလေသော် ဗာရာဏသီသူဌေးကြီး၏ မယားသည် ဝယ်လေ၏။ ထိုငါးကြီးကို သူဌေးကတော်ကိုယ်တိုင် သုတ်သင်သည့်ရှိသော် တစုံတခုသော အန္တရာယ်မရှိ။ ရွှေဆင်းတုကဲ့သို့သော သူငယ်ကို ရလျှင် သူဌေးကြီးအား ထိုအကြောင်းကို ကြားလေ၏။ သူဌေးကြီးလည်း မင်းကြီးအား ကြားလေ၏။ မင်းကြီးလည်း "ဤသူငယ်ကား ငါးကြီးမျိုလျက်နှင့်ပင် အန္တရာယ်မရှိ။ ဘုန်းပညာရှိသောသူ ဖြစ်လတ္တံ့။ ကျွေးမွေးသုတ်သင်ကြလော့"ဟု ဆိုပေ၏။ သူဌေးကြီးလည်း သားအမှတ်ပြု၍ ကျွေးမွေးသုတ်သင်၏။

ကောသမ္ဗီပြည်မှ အမိ-အဘတို့သည်လည်း ထိုအကြောင်းကိုသိလျှင် မိမိတို့သား ဖြစ်သင့်ကြောင်း ရလိုကြောင်းနှင့် ပြောဆိုကြရာ "တဦးတဦးထံ၌ လေးလ-လေးလစီ နေစေ"ဟု ဆုံးဖြတ်၍ အစဉ်အတိုင်း ကြီးလတ်သော် သိကြားမင်း၏ စည်းစိမ်ကဲ့သို့ မောင်းမဓိသံ ခြံရံလျက် ပြာသာဒ်သုံးဆောင်၌ ခံစား၍ လေးလစေ့သောအခါ ရွှေလှေ ရွှေဖေါင် ရွှေပြာသာဒ် တို့ဖြင့် ဗာရာဏသီ ပြည်မှသည် ကောသမ္ဗီပြည်၏ ထက်ဝက်တိုင်အောင် ဆောင်ပို့လိုက်၍ ကောသမ္ဗီပြည်မှသည် ဗာရာဏသီပြည်၏ ထက်ဝက်တိုင်အောင် မောင်းမဓိသံ ခြွေရံ ပရိသတ်တို့နှင့်တကွ ရွှေလှေ၊ ရွှေဖေါင်၊ ရွှေပြာသာဒ်တို့ဖြင့် ကြိုလာ၍ ကောသမ္ဗီပြည်သို့ ဆောင်ယူကြကုန်၏။ ။ဤသို့သောနည်းဖြင့် သိကြားမင်း၏ စည်းစိမ်ကဲ့သို့ ကြီးစွာသော စည်းစိမ်ကို ခံစား၍ အသက်ရှစ်ဆယ်ပြည့်သောအခါ ငါတို့ဂေါတမ မြတ်စွာဘုရား သာသနာသို့ ဝင်လျက်ရဟန်းပြု၍ ပဋိသမ္ဘိဒါအဘိညာဉ်နှင့်တကွ အနာကင်းသော အံရာဝယ် တေဇဂ်ရ၍ အသက်ရှစ်ဆယ်ပတ်လုံး ရဟန်းအဖြစ်၌ တည်၍ ပေါင်း-သက်တော် တရာ့ခြောက်ဆယ်တည်၍ ပရိနိဗ္ဗာန်စံလေ၏။

အရှင်ဗာကုလမထေရ်၏ အကြောင်းကို သိသာရှင်းလင်းအောင် အထက်ကို လှမ်း၍ ဆိုလိုက်သည်။

## အနောမဒဿီ မြတ်စွာဘုရား-လက်ျာရံ စသည် အကြောင်း။

အနောမဒဿီ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်နိသဘ, အရှင်အနောမတည်း။လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်သုန္ဒရီ,အရှင်သုမနာတည်း။ ရဟန်းအလုပ်အကျွေးကား အရှင်ဝရုဏတည်း။ဒါယကာ ယောက်ျား အလုပ်အကျွေးကား နန္ဒိဝဍ္ဎ,သိရိဝဍ္ဎ နှစ်ယောက်တည်း။ဒါယိကာ မိန်းမအလုပ်အကျွေးကား ဥပလာ,ပဒုမာ နှစ်ယောက်တည်း။ ။အရပ်တော်ကား ငါးဆဲ့ရှစ်တောင်တည်း။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အနောမဒဿီမြတ်စွာဘုရားသည် ထိုက်သည်အားလျော်စွာ ဝေနေယျသတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ဓမ္မာရာမဥ္ဂ ပရိနိဗ္ဗာန်စံတော်မူ၏။ ။ကြွင်းကျန်ရစ်သော တခဲနက်သော ဓာတ်တော်တို့ကို ဌာပနာ၍ တဆဲ့ငါးယူဇနာမြင့်အောင် စေတီတည်လျက် ရှိသေစွာ ကိုးကွယ်ကြကုန်၏။ ။အနောမဒဿီမြတ်စွာဘုရား သာသနာတော်သည် အနှစ်တသိန်းကာလ ပတ်လုံး တည်တော်မူပြီးလျှင် ကွယ်လေ၏။

အနောမဒဿီ မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ<br>ဂေါတမ မြတ်စွာဘုရား အလောင်းတော် ဘီလူး<br>စစ်သူကြီး ဗျာဒိတ်ခံတော်မူဟန် စသည်<br>တို့ကို ပြသော အခန်းအနား ပြီး၏။

## ၂၄-ပဒုမ မြတ်စွာဘုရား အကြောင်း။

အနောမဒဿီ မြတ်စွာဘုရား သာသနာတော် ကွယ်သည့်နောက် လူတို့အသက် ဆုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်က တဘန်တက်ပြန်၍ အသင်္ချေယျတမ်းသို့ ရောက်ပြန်လျှင်လည်း တစတစဆုတ်၍ လူတို့ အသက် တသိန်းနေသောကာလ ပဒုမမြတ်စွာဘုရား အလောင်းသည် 'ပုဂ္ဂါရမ်ဆယ်ပါး တရားတို့ကို ဖြည့်ကျင့်ပြီးလျှင် တုသိတာ နတ်ပြည်မှ နတ်ဗြဟ္မာ' အပေါင်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ ငါးပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူပြီးလျှင် ဗုတေခဲ့သော် စမ္ပကပြည်၌

အသမအမည်ရှိသော မင်းကြီး၏ အသမာအမည်ရှိသော မိဖုယားကြီး၏ ဝမ်းဝယ် ပဋိသန္ဓေနေတော်မူ၍ ဖွါးတော်မူသောအခါ မြောက်အရပ်သို့ ရှေးရှုခုနစ်ဘဝါးကြွသွားတော်မူလျက်"အဂ္ဂေါဟမသ္မိလောကဿ" အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်ရောက်သောအခါ နန္ဒုတ္တရပြာသာဒ်, ဝသုတ္တရပြာသာဒ်,ယသုတ္တရပြာသာဒ် ဟူ၍ သုံးဆောင်သော ပြာသာဒ်ထက်၌ ဥတ္တရာဒေဝီ မိဖုယားကြီး အမှူးရှိသော သုံးသောင်း သုံးထောင်ကုန်သော မင်းမောင်းမအပေါင်းခြံရံလျက် ကာမဂုဏ်ငါးပါး ကိုခံစား၍ သားတော်ဓမ္မကုမာရမင်းသားကိုဖွါးမြင်ပြီးလျှင် လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီးမြင်တော်မူ၍ အာဇာနည် မြင်းကသော ရထားဖြင့် တောထွက်တော်မူပြီးသောအခါ ဗြဟ္မာမင်းသည် ကပ်လှူအပ်သော ပရိက္ခရာရှစ်ပါးကိုယူလှမ်း၍ ရဟန်းပြုပြီးလျှင် ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူ၏။ တကုဋေသော ယောကျ်ားတို့သည် ပဒုမ မင်းသားကို အတုတိုက်၍ ရဟန်းပြုကြကုန်၏၊

ပဒုမမင်းသားဘုရားလောင်းသည် တကုဋေသော ရဟန်းပရိသတ်တို့သည် ခြံရံအပ်သည်ဖြစ်၍ လခွဲပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့်နေ့၌ သုဓေဿဝတီမြို့ဝယ် သုဓေဿသူဌေးသမီး သုဓေဿဝတီသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ ပြီးလျှင် အင်ကြင်းတော၌ နေ့သန့်တော်မူလျက် ညချမ်းသောအခါ အဘော်ရဟန်းတို့ကို စွန့်ထားခဲ့၍ ဗောဓိမဏ္ဍိုင်သို့ ရှေးရှုသွားတော်မူ သည်ရှိသော် ခရီးအကြား၌ နတ္တိကအမည်ရှိသော အာဇီဝကသည် လှူ အပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူခဲ့၍ ကြောင်လျှာဗောဓိသို့ ကပ်လျက် ကြဲဖြန့်သောအခါ သုံးဆဲ့ရှစ်တောင် မြင့်သောရတနာပလ္လင် ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် နေမဝင်မီမာရ်စစ်သည် အပေါင်းကိုအောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်,မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်,ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့်တပြိုင်နက် အရဟတ္တ မဂ်ဉာဏ်သို့ ရောက်သည်ဖြစ်၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင်"အနေကဇာတိသံသာရံ" အစရှိ သည်ဖြင့် ကျူးရင့်တော်မူလျက် ဗောဓိပင်၏အနီးဝယ် လေးဆဲ့ကိုးရက် ပတ်လုံး သီတင်းသုံး နေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟော ကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား လက်ဦး

ဇှေးပြုးတရားအမြိုက် တိုက်ကျွေးပါရအံ့နည်းဟု ကြည့်ရှုဆင်ခြင်တော်မူလျှင် တောထွက်တော်မူစက အစဉ်တကွလိုက်၍ရဟန်းပြုကြကုန်သော တကုငါးယောက်သော ရဟန်းတို့၏ ဥပနိဿယကို မြင်တော်မူ၍ ထိုသူတို့၏ နေရာ ဓနဥယျဉ်ညိုသို့ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၍ ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဋေတရာသောသူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမ ဓမ္မာဘိသမယတည်း။ ။ တရံရောအခါ ပဒုမမြတ်စွာဘုရားသခင်သည် ညီတော် သာလမင်းသား, ဥပသာလမင်းသားတို့ကို ရဟန်းပြုပြီးလျှင် ဆွေတော် မျိုးတော်တို့အား တရားအမြိုက် တိုက်ကျွေးတော်မူသော အခါ၌ ကုဋေကိုးဆယ်သော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ဒုတိယဓမ္မာဘိသမယတည်း။ ။တရံရောအခါ ပဒုမမြတ်စွာဘုရားသည် သားတော် ဓမ္မထေရ်ကို တရားဟောတော်မူသောအခါ၌ ကုဋေ ရှစ်ဆယ်သော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား တတိယဓမ္မာဘိသမယတည်း။ ။တရံရောအခါ ပဒုမမြတ်စွာဘုရားသည် ကုဋေတသိန်းသော ရဟန်းတို့၏ အစည်းအဝေး၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ပဌမသာဝက သန္နိပါတတည်း။ ။တရံရောအခါ ပဒုမမြတ်စွာဘုရားသည် သုံးသိန်းသော ရဟန္တာတို့နှင့်တကွ ပဝါရဏာ ပြုတော်မူ၏။ ။ဤကား ဒုတိယသာဝကသန္နိပါတတည်း။

ပဒုမ မြတ်စွာဘုရားသည် ထိုအခါ နှစ်သိန်းသော ရဟန္တာတို့၏ အစည်းအဝေး၌ သိတင်းကျွတ်လပြည့်နေ့ ပဝါရဏာ ပြုတော်မူ၏။ ။ဤကား တတိယ သာဝက သန္နိပါတတည်း။

---

## မြတ်စွာဘုရားအလောင်းတော် ခြသေ့်မင်း ဗျာဒိတ်ရတော်မူခြင်း။

တရံရောအခါ ပဒုမမြတ်စွာဘုရားသည် တရသောတောအုပ်၌ ဝါဆိုတော်မူလျက် နိရောဓသမာပတ်ကို ဝင်စား၍နေစဉ် ငါတို့ ရှင်ဂေါတမဘုရားအလောင်းတော်သည် ထိုတောအုပ်၌ ခြသေ့်မင်းဖြစ်၍ နိရောဓသမာပတ်ကို ဝင်စား၍ နေတော်မူသော ပဒုမမြတ်စွာဘုရားကို မြင်လျှင် အလွန်ပင် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အသက်ကို စွန့်လျက် အစာ

ရှာမသွားဘဲ အမြဲဆည်းကပ်၍ နေလေ၏။ ပဒုမ မြတ်စွာဘုရားလည်း နိဗ္ဗာန်သို့မဝင်မီ ... နိရောဓသမာပတ်မှ ထတော်မူသောအခါ ထိုခြင်္သေ့မင်းကို မြင်တော်မူ၍ ထို့ထက်အလွန် ကြည်ညိုခြင်းကို ဖြစ်စိမ့်သောငှါ ရဟန်းသံဃာတို့သည် လာရောက်စိမ့်သောငှါ ကြံတော်မူလျှင် ထိုခဏ၌ပင် ရဟန်းသံဃာတို့ ရောက်လာ၍ ခြင်္သေ့မင်းသည် အတိုင်းထက်အလွန် ကြည်ညိုခြင်းဖြစ်၏၊ ပဒုမမြတ်စွာဘုရားလည်း "ထိုခြင်္သေ့သည် တသင်္ချေနှင့်ကမ္ဘာတသိန်းကို လွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရား ဖြစ်လတ္တံ့"ဟု ဖြည့်ရုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ ။ခြင်္သေ့မင်းလည်း ပဒုမ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလျှင် အားရ နှစ်သက်သည်ဖြစ်၍ ဘုရားဖြစ်ကြောင်း ကောင်းသော ပါရမီတို့ကို ဖြည့်ကျင့်အားထုတ်၏။

---

### ပဒုမ မြတ်စွာဘုရား-လက်ျာရံ စသည် အကြောင်း။

ပဒုမ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံအဂ္ဂသာဝကကား အရှင်သာလ,အရှင်ဥပသာလတည်း။ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်ရာမာ, သုရာမာတည်း။ ရဟန်းအလုပ်အကျွေးကား အရှင်ဝရုဏတည်း။ ဒါယကာယောက်ျား အလုပ်အကျွေးကား သဘိယ, အသမ နှစ်ယောက်တည်း၊ ဒါယိကာမ မိန်းမအလုပ်အကျွေးကား ရုစိ,နန္ဒရာမာ နှစ်ယောက်တည်း။ ။အရပ်တော်ကား ၅၈-တောင် မြင့်တော်မူ၏။ ။ ဤသို့လျှင် ဆိုအပ်ပြီးသောနည်းဖြင့် ပဒုမမြတ်စွာဘုရားသည် ထိုက်သည့် အားလျော်စွာ ဝေနေယျ သတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေး တော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။ ။ပရိနိဗ္ဗာန် စံတော်မူလျှင် ကြွင်းကျန်ရစ်သော အစိတ်အစိတ်သော ဓာတ်တော်တို့ကို စေတီတည်၍ ရှိသေစွာ ကိုးကွယ်ကြကုန်၏။ ပဒုမမြတ်စွာဘုရား၏ သာသနာတော်သည် အနှစ်တသိန်း တည်၍ ကွယ်လေ၏။

ပဒုမ မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမ
မြတ်စွာဘုရားအလောင်းတော် ခြင်္သေ့မင်း
ဗျာဒိတ်ခံတော်မူပုံ အခန်း
အနုသား ပြီး၏။

## ၂၅-နာရဒ မြတ်စွာဘုရား အကြောင်း။

ပဒုမ မြတ်စွာဘုရား၏နောက် အနှစ်ကိုးသောင်းတမ်းသို့ ရောက်ပြန်သောကာလ နာရဒ မြတ်စွာဘုရား အလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီကို ဖြည့်ကျင့်တော် မူပြီးလျှင် တုသိတာနတ်ပြည်မှ နတ်ဗြဟ္မာအပေါင်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ ငါးပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူပြီးလျှင် စုတေခဲ့သော် ဓညဝတီပြည့်၌ ဝါသုဒေဝ စကြဝတေးမင်း၏ အနောမာ အမည်ရှိသော မိဖုယားကြီး၏ ဝမ်းဝယ် ပဋိသန္ဓေနေ၍ ဖွါးတော်မူသောအခါ မြောက်အရပ်တို့ ရှေးရှု ခုနစ်ဘဝါး ကြွသွားတော်မူလျက်"အဂ္ဂေါဟမသ္မိ လောကဿ" အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်ရောက်ရသောအခါ ဝိဇိတ ပြာသာဒ်, ဝိဇိတာဝိ ပြာသာဒ်, ဝိဇိတာဘိရာမ ပြာသာဒ်,ဟူ၍ သုံးဆောင်သော ပြာသာဒ်ထက်၌ ဝိဇိတသေနမိဖုယားကြီး အမှူးရှိသော တသိန်း နှစ်သောင်းသော မင်းမောင်းမအပေါင်း ခြံရံလျက် ကာမဂုဏ်ငါးပါးကို ခံစား၍ သားတော် နန္ဒုတ္တရမင်းသားကို ဖွါးမြင်ပြီးမှ လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ စံတော်မူသော ပြာသာဒ်ယာဉ်ဖြင့် [1] ဥယျာဉ်သို့ ထွက်တော်မူသောအခါ ဗြဟ္မာမင်းသည် ကပ်လှူအပ်သော ပရိက္ခရာရှစ်ပါးကိုယူလှမ်း၍ ရဟန်းပြုတော်မူပြီးလျှင် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၏။တသိန်းသော ယောကျာ်းတို့သည် နာရဒမင်းသားသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

နာရဒမင်းသား ဘုရားအလောင်းလည်း ထိုတသိန်းသော ရဟန်းအပေါင်း ခြံရံလျက် ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်ပြီးလျှင် ကဆုန်လပြည့်နေ့၌ ဝိဇိတသေန အမည်ရှိသော မိဖုယားကြီးသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူလျက် ထိုဥယျာဉ်၌ပင် နေ့သန့်တော်မူ၍ ညချမ်းသောအခါ အဘော်ရဟန်းတို့ကို စွန့်ထားခဲ့၍ ဥယျာဉ်စောင့်သည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူခဲ့၍ ကြောင်လျှာဗောဓိသို့ ကပ်လျက် ကြဲဖြန့်သောအခါ ငါးဆဲ့ ခုနစ်တောင်မြင့်သော ရတနာပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် နေမဝင်မီ မာရ်စစ်သည်အပေါင်းကို အောင်တော်မူ၍ ပဌမယာမ်၌ ပုဗ္ဗေ

၁-ခြေတော်ဖြင့်သာ ဘောထွက်တော်မူကြောင်း ဗုဒ္ဓဝင် အဋ္ဌကထာစသည်တို့၌ အဓိပ္ပါယ်လာရှိသည်။

နိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့်တပြိုင်နက် အရဟတ္တမဂ်ဉာဏ်သို့ ရောက်သဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်လျှင် "အနေကဇာတိသံသာရံ"အစရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက်ပတ်လုံး ဗောဓိပင်၏အနီး၌ နေပြီးသောအခါ ဖြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အာဘယ်သူအား လက်ဦးရှေးဖျား တရားအမြိုက် တိုက်ကျွေးပါရအံ့နည်းဟု ဆင်ခြင်တော် မူလျှင် တောထွက်တော် မူစက အတူတကွလိုက်၍ရဟန်းပြုကြကုန်သော တသိန်းသော ရဟန်းတို့ကို မြင်တော်မူ၍ ခနဒ္ဓယဉယျာဉ်သို့ကြွတော်မူလျက် ဓမ္မစကြာတရားကိုဟောတော်မူလျှင် ကုဋေတသိန်းသော နတ်လူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ ဤကား ပဌမဓမ္မာဘိသမယတည်း။

တရံရောအခါ နာရဒမြတ်စွာဘုရားသည် ဒေါနနဂါးမင်းကို ဆုံးမတော်မူ၍ တန်ခိုးပြာဋိဟာကို ပြတော်မူလျှင် ကုဋေကိုးသောင်းသော လူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား ဒုတိယဓမ္မာဘိသမယတည်း။

တရံရောအခါ နာရဒမြတ်စွာဘုရားသည် သားတော် နန္ဒုတ္တရကို ဆုံးမတော်မူသောအားဖြင့် တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ကုဋေရှစ်သောင်းသော လူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား တတိယဓမ္မာဘိသမယတည်း။

တရံရောအခါ နာရဒ မြတ်စွာဘုရားသည် ကုဋေ တသိန်းသော ရဟန္တာတို့၏အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ပဌမသာဝကသန္နိပါတတည်း။ ။တရံရောအခါ နာရဒ မြတ်စွာဘုရားသည် ကုဋေကိုးသောင်းသော ရဟန္တာတို့၏ အစည်းအဝေးဖြစ်၏။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။ ။တရံရောအခါ နာရဒမြတ်စွာဘုရားသည် ရှစ်သန်းသော ရဟန္တာတို့၏အလယ်၌ ပါတိမောက်ပြတော်မူ၏။ ။ဤကား တတိယသာဝကသန္နိပါတတည်း။

---

## ဘုရားလောင်း ရသေ့ ဗျာဒိတ် ရတော်မူခြင်း။

ထိုနာရဒမြတ်စွာဘုရား လက်ထက်၌ ငါတို့ ရှင်ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ရသေ့ရဟန်း ပြုလုပ်လျက် ဈာန်သမာပတ်တို့ကို

ဖြစ်စေ၍ ဟိမဝန္တာဝယ် သိမ်းကျောင်းကို ဘန်ဆင်း၍နေ၏။ ထိုအခါ နာရဒမြတ်စွာဘုရားသည် ကုဋေ၅စ်ဆယ်သော ရဟန္တာ, တသောင်းသော အနာဂါမ် ဥပါသကာတို့ဖြင့် ခြံရံလျက် ဘုရားလောင်းရသေ့ရှိရာ ဟိမဝန္တာအရပ်သို့ ကြွတော်မူလျှင် ဘုရားလောင်း ရသေ့လည်း ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုဆိုလျက် တည့်ဘပတ်လုံး မြတ်စွာဘုရား ဂုဏ်ကျေးဇူးကို ချီးမွမ်းထောမနာ၍ နံနက်ခိုးသောက်သောအခါ ဥတ္တရကုရုကျွန်းသို့ ဆွမ်းခံသွားလျက် အခြံအရံနှင့်တကွသော မြတ်စွာဘုရားအား ဆွမ်းကျွေး၏။ ဤသို့သော နည်းဖြင့် ခုနစ်ရက်ပတ်လုံး အလှူကြီးပေး၍ပြီးသော် အတိုးအတိုင်း မသိထိုက်သော စန္ဒကူးနီဖြင့် နာရဒမြတ်စွာဘုရားအား ပူဇော်၏။ ။ထိုအခါ နာရဒမြတ်စွာဘုရားသည် "သင်ရသေ့သည် ဤကမ္ဘာမှ တသင်္ချေနှင့် ကမ္ဘာတသိန်းကို လွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရား ဖြစ်လတ္တံ့"ဟု ပြည့်စုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ ဘုရားလောင်း ရသေ့လည်း နာရဒမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် အလွန်ပင် ရွှင်လန်းနှစ်သက်သည်ဖြစ်၍ ဘုရားဖြစ်ကြောင်း ကောင်းသောပါရမီတို့ကို ဖြည့်ကျင့် အားထုတ်၏။

---

## နာရဒမြတ်စွာဘုရား-လက်ျာရံ စသည် အကြောင်း။

နာရဒမြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်ဘဒ္ဒသာလ,အရှင်ဇိတမိတ္တတည်း။ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်ဥတ္တရာ,အရှင်ဖဂ္ဂုနီတည်း။ ရဟန်းအလုပ်အကျွေးကား အရှင်ဝါသိဋ္ဌတည်း။ ဒါယကာယောက်ျား အလုပ်အကျွေးကား ဥဂ္ဂရိန္ဒ,ဝသဘနှစ်ယောက်တည်း၊ ဒါယိကာမိန်းမ အလုပ်အကျွေးကား ဣန္ဒာဝရီ,ဝဏ္ဍီနှစ်ယောက်တည်း။ ။အရပ်တော်ကား ၅စ်ဆဲ့၅စ်တောင် မြင့်တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် နာရဒမြတ်စွာဘုရားသည် ထိုက်သည်အားလျော်စွာ ဝေနေယျသတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

နာရဒမြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမ မြတ်စွာဘုရား အလောင်းတော်ရသေ့ ဗျာဒိတ်ခံတော်မူဟန် အခန်းအနား ပြီး၏။

## ၂၆-ပဒုမုတ္တရ မြတ်စွာဘုရား အကြောင်း။

နာရဒမြတ်စွာဘုရား ပွင့်တော်မူသော ကမ္ဘာနောက် တသင်္ချေကို လွန်၍ ဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကမ္ဘာတသိန်းထက် တရသော မဏ္ဍကမ္ဘာ၌ လူတို့အသက် တသိန်းနေသောအခါ ပဒုမုတ္တရ မြတ်စွာဘုရား အလောင်းတော်သည် တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာ တသိန်း ကာလပတ်လုံး ပါရမီကို ဖြည့်ကျင့်တော်မူပြီးလျှင် တုသိတာ နတ်ပြည်မှ နတ်ဗြဟ္မာအပေါင်းသည် တောင်းပန်အပ်သည်ဖြစ်၍ ငါးပါး သော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူပြီးလျှင် စုတေခဲ့သော် ဟံသ ဝတီပြည်၌ အာနန္ဒာအမည်ရှိသော မင်းကြီး၏ သုဇာတာ အမည်ရှိသော မိဖုယားကြီးဝမ်းဝယ် ပဋိသန္ဓေနေတော်မူလျက် ဖွါးတော်မူသောအခါ မြောက်အရပ်သို့ ခုနစ်ဘဝါး ကြွသွားတော်မူလျက်"အဂ္ဂေါဟမသ္မိ လောကဿ"အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်ရောက် သောအခါ နရဝါဟနပြာသာဒ်,ယသဝါဟနပြာသာဒ်,ဝသဝတ္တိပြာသာဒ်, ဟူ၍ သုံးဆောင်သော ပြာသာဒ်တို့၌ ဝသုဒတ္တာဒေဝီ မိဖုယားကြီး အမှူး ရှိသော တသိန်းသော မောင်းမအပေါင်းတို့သည် ခြံရံလျက် ကာမဂုဏ် ငါးပါးကို ခံစား၍ သားတော် ဥတ္တရမင်းသားကို ဖွါးမြင်တော်မူ၍ တော ထွက်တော်မူအံ့ ဟု အကြံတော် ဖြစ်ခါမျှဖြင့် ဝသဝတ္တိ အမည်ရှိသော ပြာသာဒ်သည် ကောင်းကင်သို့ ပျံတက်၍ ဗောဓိမဏ္ဍိုင်သို့ သက်လေသ ဖြင့် ပဒုမုတ္တရမင်းသားသည် ပြာသာဒ်မှ သက်လတ်လေသောအခါ ဗြဟ္မာ မင်း ကပ်လှူအပ်သော ပရိက္ခရာ၈စ်ပါးကို ယူလှမ်း၍ ရဟန်းပြုတော်မူပြီး လျှင် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူလေ၏။ ဝသဝတ္တိပြာသာဒ် သည် ပြည်တော်သို့ ပြန်လေ၏ ပြာသာဒ်နှင့်တကွ ပါလာသော ပရိသတ် တို့တွင် မိန်းမမှ တပါးသော ယောကျ်ားတို့သည် ပဒုမုတ္တရဘုရားလောင်း သို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

ပဒုမုတ္တရဘုရားအလောင်းလည်း ထိုရဟန်းပရိသတ်တို့ဖြင့် ခြံရံလျက် ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန် လပြည့်နေ့၌ ဥစ္စေနိနိဂုံးဝယ် စာရုနန္ဒီအမည်ရှိသော သူဌေးသမီးသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီး၍ အင်ကြင်းတော၌ နေ့သန့်တော် မူပြီးလျှင် ညချမ်းသောအခါ သုမိတ္တ အမည်ရှိသော

အာဇီဝကသည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူ၍ ထင်းရှူး ဗောဓိသို့ ကပ်လျက် ကြဲဖြန့်လျှင် သုံးဆဲ့ရှစ်တောင်မြင့်သော ရတနာပလ္လင် ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၍ နေမဝင်မီ မာရ်စစ်သည် အပေါင်းတို့ကို အောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသ ဉာဏ်,မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တမဂ်ဉာဏ်သို့ ရောက်သဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစ ရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက်ပတ်လုံး ဗောဓိပင်၏ အနီး၌ နေတော်မူပြီးသောအခါ ပြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား ရှေးဦးအစ ဓမ္မ မြိုက်ဆေး တိုက်ကျွေးပါရအံ့နည်း ဟု ကြည့်ရှု ဆင်ခြင်တော်မူလျှင် မိထိလာပြည်၌ ဒေဝလမင်းသား, သုဇာတမင်းသား နှစ်ယောက်တို့၏ ဥပနိဿယကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူလျက် ဓမ္မ စကြာတရားကို ဟောတော်မူလျှင် ကုဋေ တသိန်းသော သူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။

တရံရောအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် သရဒရသေ့၏ အစည်း အဝေး၌ တရားအမြိုက် တိုက်ကျွေးလျှင် သုံးသောင်း ခုနစ်ထောင်သော သူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား ဒုတိယဓမ္မာဘိ သမယတည်း။ ။တရံရောအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ဆွေတော် မျိုးတော်တို့၏ အစည်းအဝေး၌ ဗုဒ္ဓဝင်ကို ဟောတော်မူသဖြင့် ငါးသန်း သော သူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား တတိယ ဓမ္မာဘိသမယတည်း။

တရံရောအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် ကုဋေတသိန်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ပဌမ သာဝကသန္နိပါတတည်း။ ။တရံရောအခါ ပဒုမုတ္တရ မြတ်စွာဘုရား သည် ကုဋေကိုးသန်းသော ရဟန္တာတို့၏အလယ်၌ ပါတိမောက်ပြတော် မူ၏။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။ ။တရံရောအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ကုဋေရှစ်သန်းသော ရဟန္တာတို့၏ အစည်း

အခဝေး၌ ပါတိမောက်ပြတော်မူ၏။ ။ဤကား တတိယသာဝက သန္နိပါတတည်း။

## မြတ်စွာဘုရားအလောင်းတော် ဇဋိလသူဌေး ဗျာဒိတ်ရဘောင်မှုခြင်း။

ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်၌ ငါတို့ ရှင်ဂေါတမဘုရား အလောင်းတော်သည် ဇဋိလအမည်ရှိသော သူဌေးကြီးဖြစ်၍ ဘုရားအမှူးရှိသော သင်္ဃာတော်အား ဆွမ်းလှူ၏။ ပဒုမုတ္တရ မြတ်စွာဘုရားလည်း "ကမ္ဘာတသိန်းကို လွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ သင်သူဌေးသည် ဂေါတမ ဘုရားဖြစ်လတ္တံ့"ဟု ပြည့်စုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ ။ဇဋိလ သူဌေးလည်း ပဒုမုတ္တရ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် အားရနှစ်သက်သည်ဖြစ်၍ ဘုရားဖြစ်ကြောင်း ကောင်းသော ပါရမီတို့ကို ဖြည့်ကျင့်အားထုတ်၏။

## အရှင်အာနန္ဒာအလောင်း သုမနမင်းသား ဗျာဒိတ် ရခြင်း။

တရံရောအခါ အာနန္ဒာမင်းကြီး၏ သားတော် သုမန မင်းသားသည် ပစ္စန္တရစ်ထ၍ ငြိမ်းစေပြီးသော် ခမည်းတော် အာနန္ဒာမင်းကြီးအား ငြိမ်းကြောင်းကို ကြားစေလျှင် ခမည်းတော် အာနန္ဒာမင်းကြီးသည် အားရနှစ်သက်တော်မူလှ၍ "ငါ၏သားတော် သုမနမင်းသားသည် လျင်မြန်စွာ လာခဲ့လော့"ဟု ခေါ်တော်မူလျှင် သုမနမင်းသားသည် အမတ်တို့နှင့်တကွ ခမည်းတော် အာနန္ဒာမင်းကြီးထံ လာကြလျှင် ခရီးအကြား၌ "အမတ်တို့ ငါ့အား အကယ်၍ ခမည်းတော်သည် ဆုကို ပေးသည်ရှိသော် အဘယ် ဆုကို ယူရပါအံ့နည်း"ဟု တိုင်ပင်လတ်သော် အချို့သောအမတ်တို့သည် ဆင်ကိုယူလော့၊အချို့သောအမတ်တို့သည် မြင်းကိုယူလော့၊ ရထားကို ယူလော့ စသည်ဖြင့် လျှောက်တင်ကြကုန်၏။ အချို့သော အမတ်တို့က မှုကား။အကယ်၍ ခမည်းတော်ကဆုကို ပေးသည်ရှိသော် သုံးလဖတ်လုံး ပဒုမုတ္တရမြတ်စွာဘုရားအား လုပ်ကျွေးရအံ့သော ဆုကို ယူလော့ ဟု လျှောက်တင်ကြကုန်၏၊ သုမန မင်းသားလည်း ထိုဆုကို နှစ်သက်၍

"အကယ်၍ ခမည်းတော်က ဆုပေးအံ့၊ ထိုဆုကို ယူအံ့"ဟု ကြံလျက် သွား၍ ခမည်းတော်ထံ ရောက်လတ်သော် ခမည်းတော် အာနန္ဒာမင်းကြီးလည်း အားရနှစ်သက်တော်မူ၍ "ငါ၏သားတော်မှာ အလိုရှိသောဆုကို ယူလော့" ဟု မိန့်တော်မူသောအခါ သားတော် သုမနမင်းသားသည် "အကျွန်ုပ်သည် တပါးသောဆုကို အလိုမရှိပါ၊ သုံးလပတ်လုံး မြတ်စွာဘုရားအား လေးပါးသော ပစ္စည်းဖြင့် လုပ်ကျွေးရအံ့သော ဆုကိုသာ သနားတော်မူပါ"ဟု တောင်းလျှင် အကြိမ်ကြိမ် တားမြစ်သော်လည်း ထိုဆုကိုသာ တောင်းသဖြင့် ခမည်းတော်ထံမှ ထိုဆုကိုရ၍ ပဒုမုတ္တရ မြတ်စွာဘုရားထံ သွားသည်ရှိသော် ထိုအခိုက် ပဒုမုတ္တရ မြတ်စွာဘုရားလည်း ဂန္ဓကုဋိတိုက်၌ သိတင်းသုံး နေတော်မူခိုက်နှင့် ကြုံကြိုက်၍ အချို့သော ရဟန်းသဃာထံ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဖူးမြင်လိုပါသည်ဟု လျှောက်လျှင် "ငါတို့သည် မြတ်စွာဘုရားကို ပြခြင်းငှါ မစွမ်းနိုင်။ အလုပ်အကျွေးဖြစ်သော သုမနထေရ်ထံ သွားလေလော့"ဟု လမ်းညွှန်လိုက်သောအခါ သုမနမင်းသားလည်း သုမနထေရ်ထံ ချဉ်းကပ်၍ ထိုအကြောင်းကို လျှောက်လျှင် ထိုခဏ၌ပင် သုမနထေရ်သည် မြေကို ငုပ်လျက် ဂန္ဓကုဋိအတွင်း၌ ပေါ်၍ ပဒုမုတ္တရ မြတ်စွာဘုရားအား သုမနမင်းသားသည် ဖူးမြင်လိုကြောင်းကို လျှောက်သောအခါ ပဒုမုတ္တရ မြတ်စွာဘုရားလည်း ဂန္ဓကုဋိမှ ထွက်တော်မူ၍ သုမနမင်းသားနှင့် အတွေ့ ခံတော်မူလျှင် သုမနမင်းသားသည် "အရှင်ဘုရား, နက်ဖြန် အကျွန်ုပ် ဆွမ်းကို ခံတော်မူပါ"ဟု ပင့်ဘိတ်၍ ခုနစ်ရက်ပတ်လုံး ဆွမ်းဖြင့် လုပ်ကျွေးပြီးသော် "အရှင်ဘုရား, ဤဝါတွင်းသုံးလပတ်လုံး အရှင်ဘုရားအား လုပ်ကျွေးလိုပါသည်၊အကျွန်ုပ်အရပ်သို့ ကြွ၍ ဝါကပ်တော်မူပါ"ဟု လျှောက်လျှင် ပဒုမုတ္တရ မြတ်စွာဘုရားလည်း သည်းခံတော်မူ၍ သုမနမင်းသားသည် ပဒုမုတ္တရမြတ်စွာဘုရား သိတင်းသုံးနေတော်မူရာ ဟံသဝတီပြည်မှ ယူဇနာ တရာ့နှစ်ဆယ်ကွာသော မိမိ၏နေရာဌာနသို့သွား၍ ခရီးအကြား တယူဇနာ တယူဇနာသော အရပ်၌ ကျောင်းတဆောင် တဆောင်စီ ဆောက်လုပ်ပြီးလျှင် မိမိ၏နေရာဌာနသို့ ရောက်သောကာလ သောဘဏာဥယျာဉ်ကို အသိုးတသိန်းဖြင့် ဝယ်လျက် အသိုးတသိန်းဖြင့် ကျောင်းကို ဆောက်လုပ်ပြီးသော် ပဒုမုတ္တရ မြတ်စွာဘုရားကို ပင့်၍ ဝါဆိုသောနေ့၌ မိမိကိုယ်တိုင် လုပ်ကျွေးပြီးလျှင် ဤသို့သော နည်းဖြင့်

လုပ်ကျွေးကြကုန်လော့,ဟု သား မယား အမတ်တို့ကို မှာထားခဲ့၍ မိမိမှာ မူကား နှစ်ထည်သော အဝတ်ပုဆိုးကို ဝတ်ရုံလျက် ဆယ်ပါးသီလကို ဆောက်တည်၍ နေ၏။

ပဝါရဏာနေ့ နီးလတ်သော် ရွာတွင်းသို့ ဝင်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေး၍ ခုနစ်ရက်မြောက်သော နေ့၌ ဘုရားအမှူးရှိသော တသိန်းသော သင်္ဃာတော်တို့အား သင်္ကန်း သုံးထည်စီ လှူပြီးလျှင် ပဒုမုတ္တရမြတ်စွာဘုရားထံ ချဉ်းကပ်လျက် "အရှင်ဘုရား, အကျွန်ုပ်သည် ဤသို့သော ကောင်းမှုကြောင့် လောကီစည်းစိမ်တို့ကို အလိုမရှိပါ။နောင်သောအခါ အရှင်ဘုရား၏ အလုပ်အကျွေး ဖြစ်သော သုမနထေရ်ကဲ့သို့ တဆူသော ဘုရားရှင်၏ အလုပ်အကျွေးဖြစ်ရပါလို၏"ဟု ဆုတောင်းလျှင် ပဒုမုတ္တရ မြတ်စွာဘုရားလည်း"သင်မင်းသားသည် ဤက မ္ဘာမှ က မ္ဘာတသိန်းကို လွန်၍ ဘဒ္ဒကပ်က မ္ဘာ၌ ဂေါတမမြတ်စွာဘုရား၏ အလုပ်အကျွေး အာနန္ဒာ အမည်ရှိသည် ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ အရှင်အာနန္ဒာအလောင်း သုမနမင်းသားလည်း ပဒုမုတ္တရမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် ထိုခဏ၌ပင် ဂေါတမမြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို ဆောင်၍ လိုက်ရဘိသကဲ့သို့ ထင်မှတ်၍ အနှစ်တသိန်း ကာလပတ်လုံး ကုသိုလ်ကောင်းမှုကို ပြုလျက် ရတေသော် နတ်ပြည်၌ ဖြစ်လေ၏။

---

## ရှင်ရေဟုလာအလောင်း ပထဝိန္ဓရနဂါးမင်း, ရှင်ရဋ္ဌပါလ အလောင်း သိကြားမင်းတို့ ဗျာဒိတ်ရခြင်း။

ထိုပဒုမုတ္တရမြတ်စွာဘုရား လက်ထက်၌ပင် ရှင်ရာဟုလာအလောင်း, အရှင်ရဋ္ဌပါလ စသော အလောင်းအလျာတို့သည် ဟံသဝတီပြည်ဝယ် ပြည့်စုံကြွယ်ဝသော သူကြွယ်အမျိုး၌ ဖြစ်၍ ဟိမဝန္တာမှ ကြွလာသော ရသေ့နှစ်ပါးကို တပါးစီ လေးလီသော ပစ္စည်းတို့ဖြင့် နှစ်လိုကြည်ဖြူ လှူဒါန်းကိုးကွယ်ကြသောအခါ အရှင်ရာဟုလာ အလောင်း ဖြစ်ယကာ သူကြွယ်၏ ဆရာရသေ့သည် နေ့သန့်အံ့သော၌ ပထဝိန္ဓရ နဂါးပြည်သို့ သွား၍ ပြန်ခဲ့ရာ ပထဝိန္ဓရနဂါးမင်း၏ ဂုဏ်ကျေးဇူးကို အထူး ချီးမွမ်း

အံ့ဩထောမနာ၍ ဆုပေးလျှင် ဒါယကာ သူကြွယ်လည်း ကြီးကျယ် ကောင်းမြတ်သည့် ထင်မှတ်၍ တင်နှစ်သက်ခြင်း အသာသာကြောင့် ရတိ စိတ်ကျသောအခါ ပထဝိန္ဓရနဂါးပြည်၌ ဖြစ်လေ၍ အရေအသားတို့ဖြင့် များစွာ စက်ဆုပ် ရွံရှာဘွယ်ရှိသော နဂါးတို့ အဆွဲတောကို မြင်လျှင် အလွန်ပင် နှလုံးမသာမယာ ရှိလေသည်။

အရှင်ရဋ္ဌပါလ၏ အလောင်းအလျာ ဒါယကာ၏ ဆရာရသေ့မှာ နေ့သန့်အံ့သော၌ တာဝတိံသာနတ်ပြည်သို့ သွား၍ ပြန်ခဲ့ရာ သိကြားမင်း၏ ဂုဏ်ကျေးဇူးကို အထူးချီးမွမ်းအံ့ဩထောမနာ၍ ဆုပေးလျှင် ဒါယကာ သူကြွယ်လည်း ကြီးကျယ် ကောင်းမြတ်သည့် ထင်မှတ်၍ တပ်နှစ်သက်ခြင်း အသာသာကြောင့် ရတိစိတ်ကျသောအခါ တာဝတိံသာ နတ်ပြည်၌ သိကြားမင်း ဖြစ်လေ၏။

တရံရောအခါ ပထဝိန္ဓရနဂါးမင်းသည် ဝိရူပက္ခနဂါးမင်းနှင့် တာဝတိံသာနတ်ပြည်သို့ သိကြားမင်းထံ အခစား သွားကြလေသော် ရှေးဘဝက သဟာယ ဖြစ်ခဲ့ဘူးသော အကြောင်းကို မြင်သောကြောင့် "အဆွေ, နှလုံးမသာမယာ မရှိလင့်တော့၊ လောက၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသည်၊ ပဒုမုတ္တရဘုရားထံ လျှော်ကန်သော ကောင်းမှုကို ပြု၍ အာယုသင်္ခါရအဆုံး၌ နှလုံးကြည်ဖြူ အတူတကွ စံနေရအောင် ဒေဝနတ်ထံကို ဆုပန်လေလော့" ဟု ဆို၍ လွှတ်လိုက်လေ၏။ ပထဝိန္ဓရနဂါးမင်းလည်း တာဝတိံသာနတ်ပြည်မှ ပြန်လည်ခဲ့သောအခါ ပဒုမုတ္တရမြတ်စွာဘုရားကို ပင့်ဘိတ်ခဲ့၍ နဂါးပြည်သို့ ရောက်လျှင် များစွာသော ပူဇော်သက္ကာရ အလီလီကို စီရင်ထုံးဖိတ်၍ နေလေ၏။ ပဒုမုတ္တရ မြတ်စွာဘုရားလည်း နံနက်မိုးသောက်သောအခါ နောက်ပါ ရဟန္တာသင်္ဃာတော် တသိန်းနှင့်တကွ ပထဝိန္ဓရ နဂါးပြည်သို့ ကြွတော်မူလေလျှင် ပထဂိန္ဓရ နဂါးမင်းလည်း ဆင်းသက်၍ ခရီးဦး ကြိုဆိုသောအခါ များစွာသော သင်္ဃာတို့နောက် ဥပရေဝတ သာမဏေငယ်ကို မြင်လျှင် သင်္ဃာတော်အများတို့ထက် ထိုသာမဏေငယ်၏ တန်းခိုး ဇာဋ္ဌိပါဒ်သည် အံ့ဘွယ်ရှိ၏လေစွတကား ဟု များစွာ နှစ်သက်ခြင်း ပီတိတကြိမ် ဖြစ်လေသည်။

ထို့နောင်တဘန် ပထဂိန္ဓရနဂါးပြည်သို့ ရောက်၍ ဘုန်းတောက်သော မြတ်စွာဘုရားကို များစွာသော ရဟန်းသင်္ဃာတို့ ထေရဂ္ဂမအားဖြင့်

ဝန်းရံလျက်နေကြရာ ဥပရေဝတသာမဏေငယ်မှာမူကား မြတ်စွာဘုရား ရှေ့တူရူ ဦးမူလျက် နေသည့်ကိုမြင်ပြန်လျှင် အလွန်ပင် နှစ်သက်ခြင်းပီတိ နှစ်ကြိမ်မြောက် ဖြစ်ပြန်၍ ဘုရားအမှူးရှိသော သံဃာတော် တသိန်းကို ခုနစ်ရက်ပတ်လုံး ဆွမ်းလုပ်ကျွေးပြီးနောက် ထိုသာမဏေငယ်ကို အသေအချာမေး၍ ဘုရာ့သားတော်မှန်း သိသောသောအခါ "အကျွန်ုပ်လည်း နောင်သောအခါ ထိုဥပရေဝတ သာမဏေငယ်ကဲ့သို့ တဆူသော ဘုရား၏ သားတော် ဖြစ်ရပါလို၏"ဟု ဆုတောင်းပတ္တနာပြုလျှင် "သင် နဂါးမင်းသည် ကမ္ဘာတသိန်းထက် ဂေါတမမြတ်စွာဘုရား၏ သားတော် စင်စစ် ဖြစ်ရလတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ပထဝိန္ဓရနဂါးမင်းလည်း ပဒုမုတ္တရမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားပြီးနောက် တာဝတိံသာ နတ်ပြည်သို့ ရောက်၍ နောက် အနန္တရ တဘဝက သဟာယဖြစ်ခဲ့ဘူးသော သိကြားမင်းနှင့် တွေ့သောအခါ "အဆွေသိကြား၊ အကျွန်ုပ်သည် ပဒုမုတ္တရ မြတ်စွာဘုရားထံ နောင်အခါ တဆူသော ဘုရားရှင်၏ သားတော်ဆုကို ပန်လိုက်သည်။ အဆွေလည်း နောင်သောအခါ အတူတကွ ဖြစ်ကြရအောင် တပါးပါးသော ဆုကို ကုသိုလ်ကောင်းမှုပြု၍ ပန်ပါ"ဟု ဆိုလျှင် သိကြားမင်းလည်း သင့်တင့် လျောက်ပတ်သောဆုကို ကြည့်ရှုဆင်ခြင်လတ်သော် နှစ်တိုင်းလုံး အမွေ ခံ၍ နန်းစံခြင်း၌ ထိုက်သော အမျိုးမှ မိဘတို့ထံ ထမင်းအာဟာရကို ဖြတ်၍ ပဗ္ဗဇ္ဇကံကို ခွင့်ပန်သဖြင့် အနူးအညွတ် လွှတ်စေ၍ ရဟန်းပြုသော တန်းခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန်းတပါးကိုမြင်လျှင် ထိုအရှင်ကဲ့သို့ ဖြစ်လိုခြင်းဆန္ဒ အားကြီးရကား မြတ်စွာဘုရားထံ လျှောက်၍ ခုနစ်ရက် ပတ်လုံး ကြီးစွာသော ပူဇော်သက္ကာရကိုပြု၍ "အရှင်ဘုရား အကျွန်ုပ် လည်း နောင်သောအခါ ထိုမထေရ်ကဲ့သို့ တဆူသော ဘုရားရှင် လက်ထက်၌ သဒ္ဓါပဗ္ဗဇိတ တကာတို့ထက် အမြတ်အထွတ် ဖြစ်ရပါလို ၏"ဟု ဆုတောင်းပတ္တနာပြုလေလျှင် "သင် သိကြားမင်းသည် ကမ္ဘာ တသိန်းထက် ဂေါတမမြတ်စွာဘုရား သာသနာတော်၌ သဒ္ဓါပဗ္ဗဇိတ တကာတို့ထက် အမြတ်အထွတ် ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြား တော်မူ၏။

## လက်ျာရံ ခေမာထေရီမအလောင်း သူဌေးသမီး ဗျာဒိတ်ရခြင်း။

ငါတို့ဘုရား လက်ထက်တော်၌ လက်ျာတော်ရံ ခေမာ ထေရီမ အလောင်းသည် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်၌ သူတပါး၏ အစေခံ ကျွန်မ ဖြစ်၍ လိမ်မာကြီးရင့်သောကာလ သူ့ကျွန်ပင် ဖြစ်သော်လည်း အရှင်၏ အကျိုးကို သည်ပိုး ရွက်ဆောင်လျက် ကောင်းသော အကျင့်ဖြင့် အသက်မွေး၏။

တနေ့သ၌ ပဒုမုတ္တရ မြတ်စွာဘုရား၏ လက်ျာတော်ရံ ရဟန္တာ ထေရီမမြတ်သည် ဆွမ်းခံကြွလာတော်မူသောအခါ သဒ္ဓါမြတ်နိုး ရှိခိုး ပြီးလျှင် စားရာဘို့ဖြစ်သော ကတွတ်မုံ့ညက်စုကို လှူ၏၊ ထိုနေ့၌ပင် တဘန် လှူဘွယ်ဝတ္ထုကို ကြံပြန်သော် မိမိ၏ဆံထုံးကို မြင်၍ ဖြတ်ပြီးလျှင် ရောင်းလျက် ရသောအဘိုးဖြင့် ဒါတဗ္ဗဝတ္ထုတို့ကို ဝယ်ပြီးလျှင် ထိုလက်ျာရံ သုဇာတာ ထေရီမအားပင် ပင့်၍ တဘန် လှူဒါန်းပူဇော်ပြီးသော် "အရှင်ဘုရား, အကျွန်ုပ်အား ဤသို့သော ကောင်းမှုကြောင့် နောင်သောအခါ အရှင်ဘုရားကဲ့သို့ လက်ျာရံ ရဟန္တာ ထေရီဘိက္ခုနီမ ဖြစ်ရပါလို၏" ဟု ဆုတောင်း၍ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှု ပြုလျက် စုတေသော် နတ်ပြည်၌ ဖြစ်လေ၏။ ။ဤကား အပဒါန် အဋ္ဌကထာ၌ လာသော အဓိပ္ပါယ်။ ။အပဒါန်ပါဠိတော်၌လာသော အဓိပ္ပါယ်ကား။ ။ငါတို့မြတ်စွာဘုရား လက်ထက်တော်၌ လက်ျာရံ ခေမာ ဘိက္ခုနီ ထေရီမအလောင်းသည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ ဟံသဝတီပြည်ဝယ် ဥစ္စာကြွယ်သော သူဌေးသမီး ဖြစ်လာ၍ ကြီးရင့်သော ကာလသို့ ရောက်လျှင် ဘုရားသခင်သို့ ဆည်းကပ်လျက် တရားတော်ကို ကြားနာရသောအခါ သရဏဂုံသီလတို့၌ တည်၍ ဘုရား အမှူးရှိသော သံဃာတော်အား ဘိတ်လျက် ခုနစ်ရက်ပတ်လုံး ဆွမ်းဖြင့် လုပ်ကျွေးပြီးလျှင် ပဒုမုတ္တရ မြတ်စွာဘုရားထံ ချဉ်းကပ်၍ "အရှင်မြတ်၏ လက်ျာရံ သုဇာတာ ရဟန္တာ ထေရီမြတ်ကဲ့သို့ နောင်သောအခါ ဘသူ သော ဘုရားရှင်ထံ၌ လက်ျာရံ ထေရီမ ဖြစ်ရပါလို၏"ဟု ဆုပန်လျှင် ပဒုမုတ္တရ မြတ်စွာဘုရားသည် "ကမ္ဘာတသိန်းကို လွန်၍ ဘဒ္ဒကပ် ကမ္ဘာ၌ ဂေါတမဘုရား၏ လက်ျာရံ ခေမာ အမည်ရှိသော ဘိက္ခုနီမ

ဖြစ်လတ္တံ့”ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ။ဤကား ပါဠိတော်၌ လာသော အဓိပ္ပါယ်။

ပါဠိတော်နှင့် အဋ္ဌကထာ အလွန် ဆန့်ကျင်သကဲ့သို့ ရှိသည်။မဆန့်ကျင် အောင် ဆရာကြီးတို့ယူဟန်ကား။ ။ခေမာဘိက္ခုနီမအလောင်းသည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်၌ ကျွန်မဖြစ်၍ လကျ်ာခံ ရဟန္တာ ထေရီမထံ လကျ်ာခံ ဆုကို ပန်၍ ကုသိုလ်ကောင်းမှုကို ပြု၍ စုတေသော် နတ်ပြည်၌ ဖြစ်၍ နတ်ပြည်မှတဘန် အသက်တမ်း မစေ့ခင် စုတေခဲ့ပြန်သော် ဟံသဝတီ ပြည်ဝယ် သူဌေးသမီးဖြစ်၍ ပဒုမုတ္တရ ဘုရားထံ လကျ်ာခံ ပညာအရာတွင် ဧတဒဂ်ရသော ဆုကိုပန်မှ ဗျာဒိတ်ရသည် ဟု ယူလျှင် ပါဠိအဋ္ဌကထာ မဆန့် ညီညွတ်လေတော့သည်ဟု ယူကြကုန်၏။

ထိုသူဌေးသမီးအခါဖြစ်မှ စုတေလေသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်လေ၍ အကြိမ်ကြိမ် အဘန်ဘန် လူမင်းစည်းစိမ်, နတ်မင်းစည်းစိမ် တို့ကို ခံစား၍ ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်၌ လူဖြစ်လာ၍ သာသနာတော်၌ ရဟန်းပြုပြီးလျှင် အနှစ်တသောင်းပတ်လုံး ကြိုးစား အားထုတ်၍ စုတေခဲ့ပြန်သော် တာဝတိံသာ နတ်ပြည်၌ ဖြစ်လေသဖြင့် များစွာသော စည်းစိမ်ချမ်းသာ တို့ကို ဘဝအဆက်ဆက် ခံစား၍ ဤဘဒ္ဒကပ်ကမ္ဘာမှာ ကောဏာဂုံ မြတ်စွာဘုရား လက်ထက်တော်၌ သူဌေးသမီး ဖြစ်လာ၍ ဓနဉ္စာနီ,သုမေဓာ ဟု ဆိုအပ်သော သူငယ်ချင်း ဘော် အဆွေတို့နှင့် တိုင်ပင်၍ ကောဏာဂုံ မြတ်စွာဘုရားအား သင်္ဃာ ရာမကျောင်း ဆောက်လုပ် လှူဒါန်းခြင်း ကုသိုလ်ကောင်းမှုကို ပြု၍ စုတေ ပြန်သည်ရှိသော် နတ်ပြည်၌ ဖြစ်လေသဖြင့် တဘန် ကဿပမြတ်စွာ ဘုရား လက်ထက်တော်သို့ ရောက်ပြန်လျှင် ဗာရာဏသီပြည် ကိကီ မင်းကြီး သမီးတော် ခုနစ်ယောက်တို့တွင် အကြီးဆုံး သမဏီမင်းသမီး ဖြစ်၍ သမဏဂုတ္တာ, ဘိက္ခုနီ, ဘိက္ခုဒါယိကာ, ဓမ္မာ, သုဓမ္မာ,သံဃဒါသီ ဟု ဆိုအပ်သော ညီမ ခြောက်ယောက်တို့နှင့် အတူတကွ အနှစ် နှစ်သောင်းပတ်လုံး အိမ်ယာမထောင်ဘဲလျှင် ကောမာရိက ဗြဟ္မစရိယ သီလကို ကျင့်သုံး၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လေသဖြင့် ကြိမ်ဘန် များစွာ ခံစားစံစားပြီး၍ ငါတို့မြတ်စွာဘုရား လက်ထက်တော်သို့ ရောက် လျှင် မဒ္ဒရာဇ်တိုင်း သာဂလပြည်ဝယ် သာဂလမင်းကြီး၏ သမီးတော် ဖြစ်လာ၍ ထိုမင်းသမီး ဖွါးသောနေ့မှလျှင် ဘေးရန်ခပ်သိမ်း ငြိမ်းသော ကြောင့် ခေမာဟူသော အမည်ကို ရလျက် အရွယ်ရောက်သောအခါ

ဗိမ္ဗိသာရ မင်းကြီးနှင့် ထိမ်းမြား၍ ဗိမ္ဗိသာရမင်းကြီး၏ မိဖုယားမြတ် အဖြစ်သို့ ရောက်လေ၏။

---

## လက်ဝဲရံ ဥပ္ပလဝဏ် ထေရီမအလောင်း သူဌေးသမီး ဗျာဒိတ် ရခြင်း။

ငါတို့ မြတ်စွာဘုရား လက်ထက်တော်၌ လက်ဝဲရံ ဥပ္ပလဝဏ်ထေရီ ဘိက္ခုနီမအလောင်းသည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ ဟံသဝတီပြည်ဝယ် ဥစ္စာကြွယ်ဝသော သူဌေးသမီး ဖြစ်၍ ကြီးခြင်းသို့ ရောက်သောအခါ တနေ့သ၌ ပြည်သူအပေါင်းနှင့်တကွ ပဒုမုတ္တရမြတ်စွာ ဘုရားထံ ဆည်းကပ်ကြလျှင် ပဒုမုတ္တရ မြတ်စွာဘုရားသည် တဦးသော ရဟန္တာမမြတ်အား တန်းခိုးကြီးသော အရာ၌ ဧတဒဂ်ထားတော်မူသည် ကိုမြင်၍ အလွန်ပင် နှစ်သက်ခြင်းပီတိ ရှိသည် ဖြစ်ရကား ခုနစ်ရက် ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းဖြင့် လုပ်ကျွေးပြီး သော် သင်္ကန်း သုံးထည်စီလှူ၍ ကြာပန်း ခုနစ်ပွင့်ဖြင့် ပူဇော်၍ တန်းခိုး ကြီးမြတ်သော ဆုကို တောင်းလျှင် ပဒုမုတ္တရ မြတ်စွာဘုရားလည်း "ကမ္ဘာ တသိန်းကို လွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရား၏ လက်ဝဲရံ တန်းခိုး ကြီးသော အရာ၌ ဧတဒဂ်ရသော ဥပ္ပလဝဏ် အမည်ရှိသော ထေရီ ဘိက္ခုနီမ ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုသူဌေးသမီးလည်း ပဒုမုတ္တရ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် အားရနှစ်သက်သည်ဖြစ်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုရ၍ ဒုတေသည်ရှိသော် တာဝတိံသာနတ်ပြည်၌ ဖြစ်လေသဖြင့် ကြီးစွာသော စည်းစိမ်ကို ခံစား၍ ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်သို့ ရောက် သျှင် သူဌေးသမီး ဖြစ်လာပြန်၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်အား ကြာပွင့်ချပ်၏ အဆင်းနှင့်တူသော အဆင်း ဖြစ်လို ကြောင်းကို ဆုတောင်းပတ္တနာ ပြုလျက် ဆွမ်းလှူခြင်း ကုသိုလ်ကောင်းမှု ကိုပြု၍ ဒုတေပြန်သော် လူ့ပြည်နတ်ပြည်တို့၌သာ ကျင်လည်ကျက်စား၍ ကဿပမြတ်စွာဘုရား လက်ထက်တော်သို့ ကျတော်မူပြန်လျှင် ဗာရာ ဏသီပြည်ဝယ် ကိကီ မင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့တွင်

အကြီးဆုံး သမဏီမင်းသမီးအောက် သမဏာဂုတ္တာ-မင်းသမီး ဖြစ်၍ ကြွင်းသော မင်းသမီး ခြောက်ယောက်တို့နှင့် အတူတကွ ကောမာရိက ဗြဟ္မစရိယအကျင့်ဟု ဆိုအပ်သော ဆယ်ပါးသောသီလကို အနှစ်နှစ်သောင်း ကာလပတ်လုံး စောင့်သုံးခြင်း, သင်္ဃာရာမကျောင်း ဆောက်ခြင်းတည်းဟူသော ကုသိုလ်ကောင်းမှုကို ပြု၍ စုတေပြန်သော် နတ်ပြည်၌ ဖြစ်၍ နတ်ပြည်မှ တဘန်စုတေခဲ့ပြန်သော် လူ၏အဖြစ်၌ သူဆင်းရဲသမီးဖြစ်လာ၍ တနေ့သ၌ လယ်စောင့်တဲသို့ သွားသည်ရှိသော် ခရီးအကြား၌ ပဒုမာကြာပန်းတို့ကို ချိုးခဲ့၍ လယ်စောင့်တဲသို့ ရောက်လျှင် စပါးနှံရင်းကို ချိုးသပ်လျက် ပေါက်ပေါက်လှော်၍ အပွင့်ငါးရာရလျှင် ကြာဖက်တွင် တင်၍ ထားလေ၏၊

ထိုခဏ၌ ဂန္ဓမာဒနတောင်မှ အရှင်ပစ္စေကဗုဒ္ဓါတပါးသည် နိရောဓသမာပတ်မှ ထပြီးသော် ထိုသူဆင်းရဲ ဒါယိကာမ၏ လယ်စောင့်တဲသို့ ကြွလာလျက် ရပ်တော်မူသောအခါ သူဆင်းရဲဒါယိကာမသည် ငါးရာသော ပေါက်ပေါက်ပွင့်တို့နှင့်တကွ ကြာပန်းကိုလှူပြီးလျှင် တဘန်"အရှင်ပစ္စေကဗုဒ္ဓါအား ကြာပန်းသည် အကျိုးမရှိ၊ ငါ့အား ပန်ရသော် အကျိုးရှိ၏"ဟု ကြာပန်းကို ပြန်၍ယူပြီး နောက်ကာလ "သပိတ်တော် ဖုံးရစေတော့"ဟု တဘန်လိုက်၍ လှူပြီးလျှင်"အရှင်ဘုရား,အကျွန်ုပ်သည် ငါးရာသော ပေါက်ပေါက်ပွင့်ကို လှူရသော အကျိုးအားဖြင့် ငါးရာသော သားကောင်းရတနာကို ရလိုပါ၏။ ကြာပန်းလှူသော အကျိုးအားဖြင့် ဖြစ်လေရာဘဝတို့၌ ပဒုမာကြာသည် မြေမှပေါက်၍ ဘဝါး လှမ်းတိုင်းလှမ်းတိုင်း ခံစေသော၊ပဒုမာဟူသော အမည်ကိုလည်း ရစေသော"ဟု ဆုတောင်း ပတ္ထနာ ပြုလေ၏။ ငါးရာသော မုဆိုးတို့လည်း ပျားတို့ကို အရှင်ပစ္စေကဗုဒ္ဓါအား လှူ၍ ထိုသတို့သမီး၏ သားဖြစ်လိုကြောင်း ဆုတောင်းလိုက်ကြကုန်၏။

ထိုသတို့သမီးသည် ထိုဘဝမှ စုတေ၍ သံသရာ၌ ကျင်လည်သည် ရှိသော် ဟိမဝန္တာ ကြာတောဝယ် သံသေဒဇ ပဋိသန္ဓေနေလေ၏။ ထိုကြာတော၏ အနီး၌ကား တဦးသောရသေ့ရှိသည်ဖြစ်၍ ထိုကြာတောသို့ သက်သောအခါ များစွာသော ကြာငုံတို့ထက် အထူးသဖြင့် ကြီးရင့်သော ကြာငုံကိုမြင်လျှင် အကြောင်းရှိရာ၏ဟု ချဉ်းကပ်၍ ချိုးသောအခါ

ထိုခဏ၌ပင် ကြာငုံ ပွင့်သည်ရှိသော် ထိုကြာပွင့်ချပ် အလယ်၌ လျောင်းလျက်တည်သော သူငယ်မကို မြင်လျှင် ရှင်ရသေ့သည် မိမိသင်္ခမ်းကျောင်းသို့ ယူဆောင်လျက် မွေးကျွေးသုတ်သင်၍ ခြေကျင်သွားနိုင်သော အခါသို့ ရောက်သောကာလ မြေမှ ပဒုမာကြာပွင့်တို့သည် ထိုသူငယ်မ၏ ဘဝါး လှမ်းတိုင်းလှမ်းတိုင်း ခံလာသည်ကို ခမည်းတော် ရှင်ရသေ့မြင်လျှင် ထိုသူငယ်မအား ပဒုမဝတီဟူသော အမည်ကိုပေး၍ အစဉ်သဖြင့် ကျွေးမွေးသုတ်သင်၍ အရွယ်ရောက်သောအခါ တောမုဆိုးတယောက်သည် ထိုအရပ်သို့ လာ၍ ဗာရာဏသီမင်းကြီးအား ထိုအကြောင်းကို ပြန်ကြားလျှင် ဗာရာဏသီ မင်းကြီးလည်း စစ်အင်္ဂါ လေးပါးနှင့်တကွ ရှင်ရသေ့၏ သင်္ခမ်းကျောင်းသို့ ချီတော်မူလျက် အဘ ရှင်ရသေ့ထံ တောင်းရမ်း ပြောဆိုပြီးလျှင် ဗာရာဏသီပြည်သို့ ဆောင်ယူခဲ့၍ တောင်ညာစံဒေဝီ မဟေသီမိဖုယားကြီးအရာ၌ထား၍ ထိုပဒုမဒေဝီ မိဖုယားကြီး၏ ဘဝါး လှမ်းတိုင်းလှမ်းတိုင်း၌ ပဒုမာကြာပန်းပွင့်တို့သည် မြေမှ ထွက်၍ ထွက်၍ ခံလာကြကုန်သဖြင့် ကြီးစွာသော စည်းစိမ်ကို ခံစားရလေ၍ တပါးသော မိဖုယားတို့သည် ထိုပဒုမဒေဝီ မိဖုယားအား ငြူစူစောင်းမြောင်းကြကုန်၏။

အခါတပါး၌ ဗာရာဏသီမင်းကြီးသည် ပစ္စန္တရာဇ်ထ၍ချီတော်မူသော အခါ ပဒုမဝတီမိဖုယားကြီးလည်း ကိုယ်ဝန်အရင့်အမာနှင့်တကွ နေရစ်ရ၍ တပါးသော မိဖုယားတို့သည် ပဒုမဝတီ မိဖုယားကြီး၏ အစေခံ ကိုယ်လုပ်တို့ထံ လက်ဆောင် တံစိုး ထိုးကြကုန်ပြီးလျှင် ပဒုမဝတီ မိဖုယား သားဖွါးသောအခါ ထိုသားကို ငါတို့ထံ ယူခဲ့လော့၊ ပဒုမဝတီ မိဖုယားထံ၌ သစ်တုံးကို သွေးသုတ်လိမ်း၍ ထားခဲ့ကုန်လော့ဟု မှာထားကြကုန်၏။ တနေ့သ၌ ပဒုမဝတီ မိဖုယားကြီးသည် ရှေးဦးစွာ သားယောကျ်ားတယောက်ကို ဖွါးမြင်လျှင် ငါးရာ တယောက်ယုတ်သော သားတို့သည် သွေးပေါက်ကို အခွဲပြု၍ ထင်ရှား ဖြစ်လာကြကုန်၏။ ကိုယ်လုပ်ကျွန်မတို့သည် ထိုငါးရာသော သားတို့ကို တပါးသော မိဖုယားတို့ထံသို့ ပို့ပြီးလျှင် ပဒုမဝတီမိဖုယား၏ အထံ၌ကား သစ်တုံးကို သွေးသုတ်လျက် "ဤသစ်တုံးကား သင်၏ ဝမ်းမှ ဆင်းသော သားတည်း"ဟု ပြောဆိုလျှင် ပဒုမဝတီမိဖုယားသည် မကြည်မလင်သော စိတ်ရှိသည် ဖြစ်၍ ထိုသစ်တုံးကို လူမသိအောင် ဖျောက်ဖျက်ကြပါကုန်လော့" ဟု

ဆို၍ ထိုကျွန်မယုတ်တို့သည် ထိုသစ်တုံးကို ဖျောက်ဖျက်လေ၏။ ငါးရာသော သားတို့ကိုလည်း ငါးရာသောကြုတ်၌ ထည့်၍ ထားကြကုန်၏။ ထိုသို့ ထားကြကုန်သော်လည်း ပစ္စိမဘဝိက သားချည်းဖြစ်ကြကုန်၍ မသေဘဲ ကြုတ်တွင်း၌ မိမိတို့၏ လက်မကိုစုတ်လျက် တည်ကြကုန်၏။

ထိုအခါ ဗာရာဏသီ မင်းကြီးလည်း ပစ္စန္တရာဇ်ငြိမ်း၍ ပြန်ခဲ့သော် နက္ခတ်တာရာ အခါကောင်းမှ နန်းတော်သို့ ဝင်အံ့ ဟု မြို့ပြင်က တပ်ချ၍ နေတော်မူ၏။ ငါးရာသော မိဖုယားတို့သည် မြို့ပြင်သို့ ထွက်ပြီးလျှင် ခရီးဦး ကြိုဆိုလျက် ပဒုမဝတီမိဖုယားသည် သစ်တုံး ဖွါးကြောင်းကို တင်လျှောက်လျှင် ဗာရာဏသီမင်းကြီးသည် အဆင်အခြင်မရှိ၊ ပဒုမဝတီ မိဖုယားကို နန်းတော်မှ နှင်ထုတ်တော်မူ၍ ပဒုမဝတီ မိဖုယားသည် နန်းတော်မှ ထွက်သွားရသောအခါ ကံဇာတာ ညှိုးနိုက်နှင့် ကြုံကြိုက်သောအခါဖြစ်၍ ပဒုမာကြာတို့လည်း မခံလာ၊ မသာသော မျက်နှာနှင့် ထွက်သွားသောကာလ မိန်းမအိုကြီး တဦး၏အိမ်သို့ရောက်၍ "တပိုတပါး သို့ မသွားနှင့်တော့ ချစ်သွီး၊ဤအိမ်တွင်ပင် နေလော့"ဟု ဆို၍ ထိုမိန်းမအို ကြီး၏ အိမ်၌ပင် ချမ်းသာစွာ နေလေ၏။

ဗာရာဏသီမင်းကြီးလည်း ရေသဘင်ကျင်းပြီးမှ နန်းတော်သို့ ဝင်အံ့ ဟု ပိုက်ကွန်တို့ကို အကြေဖြန့်ထား၍ ကစားတော်မူသောအခါ ငါးရာသော မိဖုယားတို့သည် မိမိတို့ထည့်၍ ထားသော ငါးရာသော ကြုတ်တို့ကို ရေသို့ မျှောလျှင် ထိုငါးရာသော ကြုတ်တို့သည် ပိုက်ကွန်တွင်းသို့သာ သက်ဆင်းငြိကပ်၍ တည်ကြကုန်သဖြင့် ရေသဘင်ကျင်းပြီး၍ ပိုက်ကွန် တို့ကို ယုတ်သိမ်းစေသောအခါ ငါးရာသော ကြုတ်တို့ကို တွေ့၍ ဘွင့်လှစ် ကြည့်ရှုစေရာ "ဗာရာဏသီမင်းကြီး၏သား" ဟု သိကြားမင်း ရေးသား သော အက္ခရာကို မြင်လျှင် ကြည်လင်သော မနောဖြင့် အဆောတလျင် နန်းတော်သို့ ဝင်ပြီးသောအခါ အသပြာ ထောင်ထုပ်ဖြင့် ပဒုမဝတီ မိဖုယားကို မောင်းကြေးနင်း ခတ်၍ ရှာစေရာ ပဒုမဝတီ မိဖုယားကို တွေ့လျှင် နန်းတော်သို့ ဆောင်ယူ၍ ဂုံးတိုက်သော မိဖုယားတို့ကိုလည်း ပဒုမဝတီမိဖုယားအား ကျွန်ပြုလေလော့ ဟု အပ်တော်မူ၏။ ပဒုမဝတီ မိဖုယားသည် ထိုငါးရာသော မိဖုယားတို့ကို တော်လှန်စေ၍ သားအကြီး ပဒုမ မင်းသားကိုကား ကိုယ်တိုင် ကျွေးမွေးသုတ်သင်၍ ကြွင်းသော မင်းသားတို့ကို ထိုမိဖုယားတို့ကိုပင် ကျွေးမွေးသုတ်သင်စေ၍ ကြီးပြင်း

သောကာလ ထိုမင်းသား ငါးရာတို့သည် ဥယျာဉ်ကစားသွားရာ၌ ပစ္စေကဗုဒ္ဓါဖြစ်၍ ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်သို့ ကြွတော် မူကြကုန်၏။ မယ်တော် ပဒုမဝတီ မိဖုယားလည်း သားတော်တို့နှင့် ကွေကွင်းခြင်း ဆင်းရဲကြောင့် ရောဂါဝေဒနာ နှိပ်စက်၍ ရတောမနေ သေလေသော် ရာဇဂြိုဟ်ပြည် တံခါးအနီး၌ ဆင်းရဲသ္မီးဖြစ်၍ တဘဝက မိမိသားတော် ငါးရာ ပစ္စေကဗုဒ္ဓါတို့အား ဆွမ်းဖြင့် လုပ်ကျွေးလျက် ရှစ်ခုပ်သော ကြာပန်းတို့ဖြင့် ပူဇော်ပြီးလျှင် "အကျွန်ုပ်အား ဤသို့သော ကုသိုလ်ကောင်းမှုတို့ကြောင့် ဘဝအဆက်ဆက်၌ အကျွန်ုပ်၏ အဆင်းသည် ဤကြာညိုပွင့်ချပ်၏ အတွင်းအဆင်းနှင့် တူသောကိုယ် ဖြစ်ရလိုသော" ဟု ဆုတောင်းပဋ္ဌနာ ပြုပြီးလျှင် အသက်အတိုင်း နေ၍ ရတောလေသော် တာဝတိံသာ နတ်ပြည်၌ဖြစ်၍ နတ်၏စည်းစိမ်ချမ်းသာတို့ကို ခံစား၍ ငါတို့ ရှင်ဂေါတမ မြတ်စွာဘုရား လက်ထက်တော်၌ကား သာဝတ္ထိပြည်ဝယ် သူဌေးသ္မီးဖြစ်လာ၍ ကြာညိုပွင့်ချပ် အတွင်းအဆင်းနှင့်တူသောကြောင့် ဥပ္ပလဝဏ်ဟူသော အမည်ဖြင့် ထင်ပေါ် ကျော်စောစွာ ဖြစ်လာ၏။

---

## မိထွေးတော် ဂေါတမီအလောင်း အမတ်ကြီး၏သ္မီး ဗျာဒိတ် ရခြင်း။

ငါတို့ မြတ်စွာဘုရား လက်ထက်တော်၌ မိထွေးတော် ဂေါတမီအလောင်းတော်သည် ပဒုမုတ္တရ မြတ်စွာဘုရား၏ လက်ထက်တော်၌ အမတ်သ္မီး ဖြစ်၍ မိမိအဘနှင့်အတူတကွ ပဒုမုတ္တရ မြတ်စွာဘုရားထံ ချဉ်းကပ်၍ တရားတော်ကို နာခိုက်တွင် ပဒုမုတ္တရ မြတ်စွာဘုရားသည် မိထွေးတော် ဘိက္ခုနီမအား ဘိက္ခုနီမတကာတို့ထက် မြတ်သောအရာ၌ ဧတဒဂ် ထားတော်မူသည်ကို မြင်လျှင် အလွန်ပင် နှစ်သက်ခြင်းပီတိ ရှိလတ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးပြီးလျှင် ပဒုမုတ္တရ မြတ်စွာဘုရားထံ ချဉ်းကပ်၍ "ဘုရားသခင်၏ မိထွေးတော်ကဲ့သို့ နောင်သောအခါ တဆူသောဘုရားရှင်၏ မိထွေးတော်ဖြစ်၍ ဘိက္ခုနီမတကာတို့ထက် မြတ်သောအရာ၌

တေဒဂ်ရပါလို၏”ဟု ဆုတောင်း ပတ္ထနာပြုလျှင် ပဒုမုတ္တရ မြတ်စွာဘုရား သည် “ဤကမ္ဘာမှ ကမ္ဘာတသိန်းကိုလွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမ ဘုရား၏ မိထွေးတော်ဖြစ်၍ ဘိက္ခုနီမတကာတို့ထက် အမြတ်ဖြစ်လတ္တံ့” ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုသို့ ပဒုမုတ္တရ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် အားရ နှစ်သက်သည်ဖြစ်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလျက် အသက်အတိုင်း နေ၍ ရတေလေသော် တာဝတိံသာနတ်ပြည်၌ဖြစ်၍ ကြီးစွာသော နတ်၏ စည်းစိမ်ချမ်းသာကို ခံစား၍ သံသရာ၌ ကျင်လည်သည့်ရှိသော် ဗာရာ ဏသီမင်း၏ ကျွန်မ ငါးရာတို့တွင် အကြီးအကဲဖြစ်၍ ဆွမ်းခံ ကြွလာကုန် သောငါးရာသော ပစ္စေကဗုဒ္ဓါတို့အား အဘော်ကျွန်မတို့ကို နှိုးဆော် တိုက်တွန်း၍ ဝါတွင်းသုံးလပတ်လုံး လုပ်ကျွေးပြီးလျှင် အသက်အတိုင်း နေ၍ ရတေပြန်သော် တာဝတိံသာ နတ်ပြည်၌ ဖြစ်၍ နတ်၏ စည်းစိမ် ချမ်းသာကို ခံစားလျက် ဤဘဒ္ဒကပ်ကမ္ဘာ၌ ငါတို့ မြတ်စွာဘုရား ပွင့် တော်မမူမီ သာကီဝင်မင်းမျိုး ဖြစ်သော အဉ္ဇနမင်းကြီး၏ သမီးတော် နှစ်ယောက်တို့တွင် အငယ်ဖြစ်၍ အနွယ်အားဖြင့် ဂေါတမီ ဟူသော အမည်ဖြင့် ထင်ပေါ်ကျော်စောစွာ ဖြစ်လာ၏။

---

## ပဒုမုတ္တရ မြတ်စွာဘုရား-လက်ျာရံ စသည်အကြောင်း။

ပဒုမုတ္တရ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်ဒေဝလ, အရှင်သုဇာတတည်း။ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမ ကား အရှင်အမိတာ,အရှင်အသမာတည်း။ ရဟန်း အလုပ်အကျွေးကား သုမနမထေရ်တည်း။ဒါယကာယောက်ျားအလုပ်အကျွေးကား မိတ္တိုဏ္ဏ,[၁] တိဿ နှစ်ယောက်တည်း။ ဒါယိကာမိန်းမ အလုပ်အကျွေးကား ဟတ္ထာ, ဝိစိတ္တာ နှစ်ယောက်တည်း။ ။အရပ်တော်ကား ငါးဆဲ့ရှစ်တောင် မြင့် တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ပြီးသောနည်းဖြင့် ပဒုမုတ္တရ မြတ်စွာ ဘုရားသည် ထိုက်သည်အားလျော်စွာ ဝေနေယျသတ္တဝါအပေါင်းတို့အား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။ ။

၁-မိတ္တိုဏ္ဏ-ဟု ဗုဒ္ဓဝင်အဋ္ဌကထာ စသည်တို့၌ ရှိသည်။

ခေါက်တော်ကို ဌာပနာ၍တည်သော စေတီတော်ကား တဆဲ့နှစ်ယူဇနာ မြင့်၏။

ပဒုမုတ္တရ မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမ
မြတ်စွာဘုရားအလောင်းတော် ဇဋိလသူဌေး
စသည်တို့ ဗျာဒိတ်ခံတော်မူဟန်
အခန်းအနား ပြီး၏။

## ၂၇-သုမေဓာ မြတ်စွာဘုရား အကြောင်း။

ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူသောကမ္ဘာမှ နောက်အဘို့၌ ကမ္ဘာသုံးသောင်းကိုလွန်၍ ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ကမ္ဘာသုံးသောင်းထက် တရသော မဏ္ဍကမ္ဘာ၌ သုမေဓာဘုရား,သုဇာတဘုရား နှစ်ဆူ ပွင့်တော်မူကုန်၏။ ထိုနှစ်ဆူတို့တွင် သုမေဓာ ဘုရားအလောင်းတော်သည် လူတို့အသက် ကိုးသောင်း နေသောကာလ တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီကိုဖြည့်ကျင့်ပြီးလျှင် တုသိတာ နတ်ပြည်မှ နတ်ဗြဟ္မာအပေါင်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ ငါးပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူပြီလျှင် ရတောခဲ့သော် သုဒဿနပြည်၌ သုဒတ္တ အမည်ရှိသောမင်းကြီး၏ သုဒတ္တာအမည်ရှိသော မိဖုယားကြီး၏ ဝမ်းဝယ် ပဋိသန္ဓေနေတော်မူ၍ ဖွါးတော်မူလျှင် ခြောက်အရပ်သို့ ဖွေးရှုရနှစ်ဘဝါး ကြွသွားတော်မူလျက် “အဂ္ဂေါဟမသ္မိ လောကဿ” အစရှိသည်ဖြင့် ကြုံးမိန်းပတော်မူပြီးနောက် အရွယ်ရောက်သော အခါ သုစန္ဒနပြာသာဒ်, ကဥ္စနပြာသာဒ်, သိရိဝဍ္ဎနပြာသာဒ် ဟူ၍ သုံးဆောင်သော ပြာသာဒ်ထက်၌ သုမနဒေဝီ မိဖုယားကြီး အမှူးရှိသော တသိန်းခြောက်သောင်း သုံးထောင်သော မင်းမိန်းမ အပေါင်းတို့သည် ခြံရံအပ်သည်ဖြစ်၍ကာမဂုဏ်ငါးပါးကို ခံစားသဖြင့် သားတော် သုနန္ဒသုမိတ္တမင်းသားကို ဖွါးမြင်တော်မူပြီးမှ လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ ဆင်ယာဉ်စီးလျက် တောထွက်တော်မူသော အခါ၌ ဗြဟ္မာမင်းသည် ကပ်လှူအပ်သော ပရိက္ခရာ၈ပါးကို ယူလှမ်း၍ ရဟ/န်းပြုတော်မူပြီးလျှင် ဒုက္ကရစရိယာကျင့်တော်မူ၏။ ကုဋေတရာသော ယောကျ်ားတို့သည် ဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

သုမေဓာမင်းသား ဘုရားလောင်းလည်း ထိုရဟန်းပရိသတ်အပေါင်းတို့
သည် ခြံရံအပ်သည်ဖြစ်၍ ၆နှစ်လပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်
တော်မူပြီးလျှင် ကဆုန်လပြည့်နေ့၌ နကုလရွာဝယ် နကုလသူဌေးသမီး
သည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် အင်ကြင်း
တော၌ နေ့သန့်ခြင်းကိုပြုတော်မူလျက် ညချမ်းသောအခါ အဘော်ရဟန်း
တို့ကို စွန့်ထားခဲ့၍ သိရိဝဍ္ဎ အမည်ရှိသော အာဇီဝကသည် လှူအပ်သော
မြက်ရှစ်ဆုပ်ကို ခံတော်မူခဲ့၍ တမာပင် ဗောဓိသို့ ကပ်လျက် ကြဲဖြန့်လျှင်
ငါးဆဲ့ခုနစ်တောင် အမြင့်ရှိသော ရတနာပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌
ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီးလျှင် နေမဝင်မီ မာရ်စစ်သည်အပေါင်းကို
အောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခု
ဉာဏ်,မစ္ဆိမယာမ် အရုဏ်တက်သည်နှင့်တပြိုင်နက် အရဟတ္တမဂ်ဉာဏ်
သို့ ရောက်သဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစ
ရှိသည်ဖြင့် ကျူးရင့်တော်မူလျက် ဗောဓိပင်၏အနီး၌ လေးဆဲ့ကိုးရက်
ပတ်လုံး သီတင်းသုံးနေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟော
ကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား လက်မွန်
ရှေးပျား တရားအမြိုက် တိုက်ကျွေးပါရအံ့နည်း ဟု ကြည့်ရှုဆင်ခြင်တော်
မူလျှင် တောထွက်တော်မူစက အတူတကွ လိုက်၍ ရဟန်းပြုကြကုန်
သော ကုဋ္ဌေတရာသော ရဟန်းတို့၏ ဥပနိဿယကို မြင်တော်မူလျှင်
သုဒဿနဥယျာဉ်သို့ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူလျက် ညီတော်
သရဏမင်းသား, သဗ္ဗကာမ မင်းသားတို့နှင့်တကွ ကုဋ္ဌေတရာသော
ရဟန်းပရိသတ်တို့အား ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဋ္ဌေ
တသိန်းသော နတ်လူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား
ပဌမဓမ္မာဘိသမယတည်း။

တရံရောအခါ သုမေဓာ မြတ်စွာဘုရားသည် ကုမ္ဘကဏ္ဏ ဘီလူးကို
ဆုံးမသော အစည်းအဝေး၌ ဓမ္မမြိုက်ဆေး တိုက်ကျွေးတော်မူလျှင် ကုဋ္ဌေ
ကိုးသောင်းသော လူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား
ဒုတိယဓမ္မာဘိသမယတည်း။ ။တရံရောအခါ သုမေဓာ မြတ်စွာဘုရား
သည်ဥပကာရီပြည်၏အနီး သိရိနန္ဒဥယျာဉ်ဝယ် တရားအမြိုက်တိုက်ကျွေး

တော်မူလျှင် ကုဋေ၄ရှစ်သောင်းသော လူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား တတိယာဘိသမယတည်း။

တရံရောအခါ သုမေဓာ မြတ်စွာဘုရားသည် ကုဋေ တရာသော ရဟန္တာတို့၏ အစည်းအဝေးသည် ဖြစ်၏။ ။ဤကား ပဌမသာဝက သန္နိပါတတည်း။ ။တရံရောအခါ သုမေဓာ မြတ်စွာဘုရားသည် ကုဋေ ကိုးဆယ်သော ရဟန္တာတို့၏ အစည်းအဝေးသည် ဖြစ်၏။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။ ။တရံရောအခါ သုမေဓာ မြတ်စွာဘုရားသည် ကုဋေရှစ်ဆယ်သော ရဟန္တာတို့၏ အစည်းအဝေးသည် ဖြစ်၏။ ။ဤကား တတိယသာဝက သန္နိပါတတည်း။

---

## မြတ်စွာဘုရား အလောင်းတော် ဥတ္တရလုလင် ဗျာဒိတ် ရတော်မူခြင်း။

သုမေဓာ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ ဂေါတမအလောင်းတော်သည် ဥတ္တရအမည်ရှိသော လုလင်ဖြစ်၍ ကုဋေ၄ရှစ်ဆယ်သော ဥစ္စာတို့ကို ဘုရားအမှူးရှိသော သံဃာတော်အား အကြွင်းမဲ့ ပေးလှူပြီးလျှင် ရဟန်းပြုလေ၏။ သုမေဓာ မြတ်စွာဘုရားလည်း "ဤကမ္ဘာမှ သုံးသောင်းသော ကမ္ဘာကိုလွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရား ဖြစ်လတ္တံ့" ဟု ပြည့်ရုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ ။ဥတ္တရလုလင်လည်း ဗျာဒိတ်စကားကို ကြားလျှင် အားရနှစ်သက်သည်ဖြစ်၍ ဗျာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ရတေလတ်သော် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။

---

## သုမေဓာ မြတ်စွာဘုရား-လက်ျာရံ စသည် အကြောင်း။

သုမေဓာ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်သရဏ, အရှင်သဗ္ဗကာမတည်း။ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်ရာမာ,အရှင်သုရာမာတည်း။ရဟန်းအလုပ်အကျွေး ကား သာဂရမထေရ်တည်း။ ဒါယကာယောကျ်ား အလုပ်အကျွေးကား ဥရုဝေလ,ယသဝါ နှစ်ယောက်တည်း။ ။ဒါယိကာမိန်းမ အလုပ်အကျွေး ကား ယသောဓရာ, သိရိမာ နှစ်ယောက်တည်း။ ။အရပ်တော်ကား

ရှစ်ဆဲ့ရှစ်တောင် မြင့်တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ပြီးသောနည်းဖြင့် သုမေဓာ မြတ်စွာဘုရားသည် ဝနေယျ သတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

သုမေဓာ မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမ
မြတ်စွာဘုရား အလောင်းတော် ဥတ္တရလုလင်
ဗျာဒိတ်ခံတော်မူဟန် အခန်းအနား ပြီး၏။

## ၁၂၈-သုဇာတ မြတ်စွာဘုရား အကြောင်း။

သုမေဓာမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နောက် တဘန် လူတို့ အသက် ကိုးသောင်းတမ်းသို့ ရောက်ပြန်သောကာလ သုဇာတ ဘုရား အလောင်းတော်သည် တဆဲ့ခြောက်သန်းနှင့် ကမ္ဘာတသိန်း ကာလ ပတ်လုံး ပါရမီကို ဖြည့်ကျင့်တော်မူပြီးလျှင် တုသိတာနတ်ပြည်မှ နတ် ဗြဟ္မာအပေါင်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ ငါးပါးသော ကြည့် ခြင်းကြီးတို့ကို ကြည့်တော်မူပြီးလျှင် ရတနာခဲ့သော် သုမင်္ဂလပြည်၌ ဥဂ္ဂတ အမည်ရှိသောမင်းကြီး၏ ပဘာဝတီအမည်ရှိသော မိဖုယားကြီးဝမ်းဝယ် ပဋိသန္ဓေနေတော်မူပြီးလျှင် ဖွါးတော်မူသောအခါ မြောက်အရပ်သို့ ခြေးရှု ခုနစ်ဘဝါးကြွသွားတော်မူလျက်"အဂ္ဂေါဟမသ္မိလောကဿ"အစရှိသည် ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်ရောက်သောကာလ သိရိပြာသာဒ်, ဥပသိရိပြာသာဒ်,သိရိနန္ဒပြာသာဒ်,ဟူ၍သုံးဆောင်သော ပြာသာဒ်ထက်၌ သိရိနန္ဒာဒေဝီ မိဖုယားကြီးအမှူးရှိသော နှစ်သောင်းသုံးထောင်သော မင်း မိန်းမ အပေါင်းတို့သည် ခြံရံအပ်သည်ဖြစ်၍ ကာမဂုဏ်ငါးပါးကို ခံစား ပြီးလျှင် သားတော် ဥပသေနမင်းသားကို ဖွါးမြင်ပြီးမှ လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ မြင်းယာဉ်ဖြင့် တောထွက် တော်မူသောအခါ ဗြဟ္မာမင်းသည် ကပ်လှူအပ်သော ပရိက္ခရာရှစ်ပါးကို ယူလှမ်း၍ ရဟန်းပြုတော်မူပြီးလျှင် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော် မူ၏။တကုဋေသော ယောက်ျားတို့သည် ဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

သုဇာတ ဘုရားအလောင်း မင်းသားလည်း ထိုတကုဋေသော ရဟန်း ပရိသတ် အပေါင်း ခြံရံလျက် ဆယ်လပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့်နေ့၌ သုဂိန္ဒပြည်ဝယ် သုဂိန္ဒသူဌေးသမီး သည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် အင်ကြင်း တော၌ နေ့သန့်ခြင်းကို ပြုတော်မူလျက် ညချမ်းသောအခါ အဘော် ရဟန်းတို့ကို စွန့်ထားခဲ့၍ သုနန္ဒအမည်ရှိသော အာဇီဝကသည် လှူအပ် သော မြက်ရှစ်ဆုပ်ကို ခံတော်မူလျက် ကြခတ်ဗောဓိသို့ ကပ်လျက် ကြဲဖြန့်လျှင် သုံးဆဲ့နှစ်တောင် အမြင့်ရှိသော ရတနာပလ္လင် ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီးလျှင် နေမဝင်မီ မာရ်စစ် သည်အပေါင်းကို အောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမ ယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တမဂ်ဉာဏ်သို့ရောက်သဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော် မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစ ရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက်ပတ်လုံး ဗောဓိပင်၏ အနီး၌ နေပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန် ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား လက်မွန်ရှေးဖျား တရားအမြိုက် တိုက်ကျွေးပါရအံ့နည်း ဟု ကြည့်ရှုဆင်ခြင်တော်မူလျှင် ညီတော်သုဒဿန မင်းသား, ပုရောဟိတ်သား ဒေဝကုမာရတို့၏ ဥပနိဿယကို မြင်တော် မူ၍ ကောင်းကင်ခရီးဖြင့် သုမင်္ဂလဥယျာဉ်သို့ ကြွတော်မူလျက် တော ထွက်တော်မူစက ရဟန်းပြုကြကုန်သော တကုဋေသော ရဟန်းတို့၏ အလယ်၌ ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဋေရှစ်ဆယ်သော နတ်လူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမဓမ္မာဘိ သမယတည်း။

တရံရောအခါ သုဇာတ မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည် ဝယ် အဘိဓမ္မာဒေသနာတော်ကို ဟောတော်မူသောအခါ၌ ခုနစ်သောင်း သော နတ်ဗြဟ္မာတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ဒုတိယဓမ္မာဘိသမယတည်း။ ။တရံရောအခါ သုဇာတ မြတ်စွာဘုရား သည် ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ဗုဒ္ဓဝင်တရားကို ဟော

တော်မူသဖြင့် ခြောက်သန်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား တတိယဓမ္မာဘိသမယတည်း။

တရံရောအခါ သုဇာတ မြတ်စွာဘုရားသည် ခြောက်သန်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ပဌမ သာဝကသန္နိပါတတည်း။ ။တရံရောအခါ သုဇာတ မြတ်စွာဘုရားသည် ငါးသန်းသော ရဟန္တာတို့၏အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။ ။တရံရောအခါ သုဇာတ မြတ်စွာဘုရားသည် လေးသန်းသော ရဟန္တာတို့၏အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား တတိယသာဝက သန္နိပါတတည်း။

---

## မြတ်စွာဘုရားအလောင်း စကြဝတေးမင်းကြီး ဗျာဒိတ် ရတော်မူခြင်း။

သုဇာတ မြတ်စွာဘုရား၏ လက်ထက်တော်၌ ငါတို့မြတ်စွာဘုရား၏ အလောင်းတော်သည် စကြဝတေးမင်းကြီးဖြစ်၍ တရားတော်ကို ကြားနာရလျှင် စကြဝတေးမင်းကြီး၏ စည်းစိမ်ကို စွန့်ပစ်၍ ရဟန်းပြု၏။သုဇာတ မြတ်စွာဘုရားလည်း "သင်သည် ဤက ဿာမှ က ဿာသုံးသောင်းကို လွန်၍ ဘဒ္ဒကပ်က ဿာ၌ ဂေါတမဘုရား ဖြစ်လတ္တံ့"ဟု ပြည့်စုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ဘုရားလောင်းလည်း ဈာန်အဘိညာဉ်တို့ကို ဖြစ်စေလျက် ရကောသည်ရှိသော် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။

---

## သုဇာတ မြတ်စွာဘုရား-လက်ျာရံ စသည် အကြောင်း။

သုဇာတ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်သုဒဿန,အရှင်သုဒေဝတည်း။လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်နာဂါ, အရှင်နာဂသမာလာတည်း။ ရဟန်း အလုပ်အကျွေးကား နာရဒမထေရ်တည်း။ ဒါယကာယောကျ်ား အလုပ်အကျွေးကား သုဒတ္တ,စိတ္တ နှစ်ယောက်တည်း။ ဒါယိကာမိန်းမ အလုပ်အကျွေးကား သုဘဒ္ဒါ, ပဒုမာ နှစ်ယောက်တည်း။ ။အရပ်တော်ကား အတောင်

ငါးဆယ် မြင့်တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သုဇာတ မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့အား ထိုက်သည်အားလျော်စွာ တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

သုဇာတမြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမ
မြတ်စွာဘုရား အလောင်းတော် စကြာမင်းကြီး
ဗျာဒိတ်ခံတော်မူဟန် အခန်းအနား ပြီး၏။

## ၂၉-ပိယဒဿီ မြတ်စွာဘုရား အကြောင်း။

သုဇာတမြတ်စွာဘုရားပွင့်တော်မူသောကမ္ဘာနောက် ဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ကမ္ဘာတထောင့်ရှစ်ရာထက် တခုသော ဝရကမ္ဘာ၌ ပိယဒဿီဘုရား,အတ္ထဒဿီဘုရား,ဓမ္မဒဿီဘုရား ဟူ၍ သုံးဆူသော ဘုရားတို့သည် ပွင့်ကုန်၏။ ထိုသုံးဆူသော • ဘုရားတို့တွင် ပိယဒဿီ မြတ်စွာဘုရား အလောင်းတော်သည် လူတို့အသက် ကိုးသောင်းနေသော ကာလ တာဝတိံသာနတ်ပြည်မှ နတ်ဗြဟ္မာအပေါင်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ ငါးပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူပြီးလျှင် ရတေသော် သုဓညအမည်ရှိသောပြည်၌ သုဒတ္တအမည်ရှိသောမင်းကြီး၏ စန္ဒာဒေဝီ အမည်ရှိသော မိဖုယားကြီး၏ ဝမ်းဝယ် ပဋိသန္ဓေ နေတော်မူလျက် ဖွါးတော်မူလျှင် မြောက်အရပ်သို့ ရှေးရှု ခုနစ်ဘဝါး ကြွသွားတော်မူလျက် "အဂ္ဂေါဟမသ္မိလောကဿ" အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်ရောက်သောအခါ သုနိမ္မလပြာသာဒ်, ဝိမလပြာသာဒ်, ဂိရိဗြဟာပြာသာဒ် ဟူ၍ သုံးဆောင်သော ပြာသာဒ်ထက်၌ ဝိမလမဟာဒေဝီမိဖုယားကြီး အမှူးရှိသော သုံးသောင်း သုံးထောင်ကုန်သော မင်းမောင်းမအပေါင်းတို့သည် ခြံရံအပ်ကုန်သည် ဖြစ်၍ ကာမဂုဏ်ငါးပါးကို ခံစားပြီးလျှင် သားတော် ကဥ္စနဝေလ မင်းသားကို ဖွါးမြင်တော်မူပြီးမှ လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ အာဇာနည်မြင်းကသော ရထားဖြင့် တောထွက်တော်မူသောအခါ ဗြဟ္မာမင်း ကပ်လှူအပ်သော ပရိက္ခရာရှစ်ပါးကို ယူလှမ်း၍ ရဟန်းပြုတော်မူပြီးလျှင် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူလေ၏။ တကုဋေသော ယောကျ်ားတို့သည် အတုလိုက်၍ ရဟန်းပြုကြကုန်၏။

ဝိယာဒသီမင်းသား ဘုရားလောင်းလည်း ထိုတကုဋေသော ရဟန်းပရိသတ်တို့သည် ခြံရံအပ်သည်ဖြစ်၍ ခြောက်လပတ်လုံး ဒုက္ကရစရိယာအကျင့်ကိုကျင့်ပြီးလျှင် ကဆုန်လပြည့်နေ့၌ ဝရလာပုဏ္ဏားရွာဝယ် ဝသဘပုဏ္ဏားသမီး လှူအပ်သော နို့ဂဏာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် အင်ကြင်းတော၌ နေ့သန့်ခြင်းကို ပြုတော်မူလျက် ညချမ်းသောအခါ အဘော်ရဟန်းတို့ကို စွန့်ထားခဲ့၍ သုဇာတ အမည်ရှိသော အာဇီဝကသည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူခဲ့လျက် ခံတက်ဗောဓိသို့ကပ်လျက် ကြဲဖြန့်လျှင် ငါးဆဲ့သုံးတောင် အမြင့်ရှိသော ရတနာပလ္လင်ပေါ်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် နေမဝင်မီဒေဝပုတ္တမာရ်ကို အောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့် တပြိုင်နက်အရဟတ္တမဂ်ဉာဏ်သို့ ရောက်၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက်ပတ်လုံး ဗောဓိပင်၏အနီး၌ သီတင်းသုံး နေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား လက်ဦးရှေးဦးစွာ တရားအမြိုက် တိုက်ကျွေးပါရအံ့နည်း ဟု ကြည့်ရှုဆင်ခြင်တော်မူလျှင် တောထွက်တော် မူစက အတူတကွလိုက်၍ ရဟန်း ပြုကြကုန်သော တကုဋေသော ရဟန်းတို့၏ ဉပနိဿယကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင်ကုဋေတသိန်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။

တရံရောအခါ ဝိယာဒဿီ မြတ်စွာဘုရားသည် သုဒဿန နတ်မင်းကို အကြီးအမှူးပြု၍ တရားအမြိုက်တိုက်ကျွေးတော်မူလျှင် ကုဋေကိုးသောင်းသော နတ်လူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ဒုတိယဓမ္မာဘိ သမယတည်း။

တရံရောအခါ ဝိယာဒဿီ မြတ်စွာဘုရားသည် ဒေါဏမုနိဆင်ကို ဆုံးမတော်မူသောအခါ ကုဋေရှစ်သောင်းသောသူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား တတိယဓမ္မာဘိသမယတည်း။

တရံရောအခါ ဝိပဿီ မြတ်စွာဘုရားသည် ကုဋေတသိန်းသော ရဟန္တာတို့၏အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ပဌမ သာဝကသန္နိပါတတည်း။ ။တရံရောအခါ ဝိပဿီမြတ်စွာဘုရားသည် ကုဋေကိုးဆယ်သော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။ ။တရံရောအခါ ဝိပဿီ မြတ်စွာဘုရားသည် ကုဋေ ရှစ်ဆယ်သော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား တတိယသာဝက သန္နိပါတတည်း။

---

## မြတ်စွာဘုရား အလောင်းတော် ကဿပပုဏ္ဏား ဗျာဒိတ် ရတော်မူခြင်း။

ထိုဝိပဿီ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် ကဿပပုဏ္ဏားဖြစ်၍ တရားတော်ကို ကြားနာရလျှင် ကုဋေတသိန်းသော ဥစ္စာဖြင့် သင်္ဃာရာမ်ပြု၍ လှူဒါန်းပြီးလျှင် သရဏဂုံ သီလ၌ တည်လေ၏။ ။ဝိပဿီ မြတ်စွာဘုရားလည်း "သင်သည်ဤကမ္ဘာမှ ကမ္ဘာတထောင့်ရှစ်ရာကို လွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရားဖြစ်လတ္တံ့" ဟု ပြည့်စုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ ဘုရားအလောင်းလည်း ဘုရားဖြစ်ကြောင်း ကောင်းသော ပါရမီတို့ကို ဖြည့်ကျင့် အားထုတ်၏။

---

## ဝိပဿီ မြတ်စွာဘုရား-လက်ျာရံ စသည် အကြောင်း။

ဝိပဿီ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်ခဏ္ဍ,အရှင်တိဿတည်း။လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်စန္ဒာ,အရှင်စန္ဒမိတ္တာတည်း။ ရဟန်း အလုပ်အကျွေးကား အသောကမထေရ်တည်း။ ဒါယကာယောကျ်ား အလုပ်အကျွေးကား ပုနဗ္ဗသု, မိတ္တ နှစ်ယောက်တည်း။ ဒါယိကာမိန်းမ အလုပ်အကျွေးကား ဝိသာခါ, စန္ဒမိတ္တာ နှစ်ယောက်တည်း။ ။အရပ်တော်ကား အတောင်ရှစ်ဆယ် မြင့်တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဝိပ

ဒသိ မြတ်စွာဘုရားသည် ဝေနေယျ သတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

ဝိယဒသီ မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ
ဂေါတမမြတ်စွာဘုရား အလောင်းတော်
ကဿပပုဏ္ဏား ဗျာဒိတ်ခံတော်
မူဟန် အခန်းအနား ပြီး၏

## ၃၀-အတ္ထဒဿီ မြတ်စွာဘုရား အကြောင်း။

ဝိယဒဿီ မြတ်စွာဘုရားနောက် လူတို့အသက်တမ်း ဆုတ်၍ တဘန် တသိန်းတမ်းသို့ ရောက်ပြန်သောကာလ အတ္ထဒဿီ မြတ်စွာဘုရား အလောင်းတော်သည် တုသိတာနတ်ပြည်မှ စုတေခဲ့၍ သောဘဏပြည်၌ သာဂရမင်းကြီး၏ သုဒဿနဒေဝီ မိဖုယားကြီးဝမ်းဝယ် ပဋိသန္ဓေနေ၍ ဖွါးတော်မူလျှင် မြောက်အရပ်သို့ ခြေးရှု ခုနစ်ဘဝါး ကြွသွားတော်မူလျက် "အဂ္ဂေါဟမသ္မိလောကဿ" အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်ရောက်သောကာလ အမရဂိရိ ပြာသာဒ်, သုရဘိဂိရိ ပြာသာဒ်, ဂိရိဝါဟနပြာသာဒ် ဟူ၍ သုံးဆောင်သော ပြာသာဒ်ထက်၌ ဝိသာခါဒေဝီ မိဖုယားကြီး အမှူးရှိသော သုံးသောင်းသုံးထောင်ကုန်သော မင်းမောင်းမ အပေါင်းတို့သည် ခြံရံအပ်သည်ဖြစ်၍ ကာမဂုဏ်ငါးပါးကို ခံစားလျက် သားတော် သေလမင်းသားကို ဖွါးမြင်တော်မူပြီးမှ လေးပါးသောနိမိတ်ကြီး တို့ကို အသီးအသီး မြင်တော်မူ၍ မြင်းယာဉ်စီးလျက် တောထွက်တော် မူသောအခါ ဖြဟ္မာမင်း ကပ်လှူအပ်သော သင်္ကန်းဖြင့် ရဟန်းပြုတော်မူ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူလေ၏၊ ကိုးကုဋေသော ယောကျ်ား တို့သည် အတ္ထဒဿီ မင်းသား ဘုရားလောင်းသို့ အတုလိုက်၍ရဟန်းပြုကြ ကုန်၏။

ထိုကိုးကုဋေသော ရဟန်းပရိသတ်တို့ဖြင့် ခြံရံလျက် လရှစ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်ပြီးလျှင် ကဆုန်လပြည့်နေ့၌ သုစိန္ဓရမည်ရှိသော နဂါးမသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီး လျှင် အင်ကြင်းတော၌ နေ့သန့်ခြင်းကို ပြုတော်မူ၍ ညချမ်းသောအခါ

အဘော်ရပၢန်းတို့ကို စွန့်ထားခဲ့၍ မဟာရုစိ အမည်ရှိသော နဂါးမင်းသည် လှူအပ်သောမြက်ရှစ်ဆုပ်ကို ယူတော်မူခဲ့လျက် စကားပင်ဗောဓိသို့ ကပ်လျက် ကြဲဖြန့်တော်မူလျှင် အတောင်ငါးဆယ်မြင့်သော ရတနာပလ္လင် ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် နေမဝင်မီ မာရ်စစ်သည် အပေါင်းကို အောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့် တပြိုင်နက် အာသဝက္ခယဉာဏ်သို့ ရောက်၍ သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစရှိသည်ဖြင့် ကျူးရင့်တော်မူလျက် ဗောဓိပင်၏ အနီး၌ လေးဆဲ့ကိုးရက်ပတ်လုံး သီတင်းသုံး နေတော်မူပြီးလျှင် ဗြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား တရားဦးဟောပါရအံ့နည်း ဟု ကြည့်တော်မူသည်ရှိသော် တောထွက်တော်မူစက အတူတကွ လိုက်၍ ရဟန်းပြုကြကုန်သော ကိုးကုဋေသော ရဟန်းပရိသတ်တို့၏ ဥပနိဿယကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဋေတသိန်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။

တရံရောအခါ အဋ္ဌဒဿီ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားကို ဟောတော်မူသောအခါ ကုဋေတသိန်းသော နတ်ဗြဟ္မာတို့သည် မဂ်ဖိုလ်သို့ ရောက်ကြကုန်၏။ ။ဤကား ဒုတိယဓမ္မာဘိသမယတည်း။ ။တရံရောအခါ အဋ္ဌဒဿီ မြတ်စွာဘုရားသည် ဆွေတော် မျိုးတော်တို့၏ အစည်းအဝေး၌ ဗုဒ္ဓဝင်ကို ဟောတော်မူ၍ ကုဋေတသိန်းသော လူတို့သည် မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ရောက်ကြကုန်၏။ ။ဤကား တတိယဓမ္မာဘိသမယတည်း။

တရံရောအခါ အဋ္ဌဒဿီ မြတ်စွာဘုရားသည် ကိုးသန်း ရှစ်သိန်းကုန်သော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ပဌမ သာဝက သန္နိပါတတည်း။ ။တရံရောအခါ အဋ္ဌဒဿီ မြတ်စွာဘုရားသည် ရှစ်သန်း ရှစ်သိန်းသော ရဟန္တာတို့၏အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။ ။တရံရော

အခါ အဣ္ဂုဒသိ မြတ်စွာဘုရားသည် သုံးသောင်း ရနှစ်ထောင်ကုန်သော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား တတိယ သာဝကသန္နိပါတတည်း။

## မြတ်စွာဘုရား အလောင်းတော် သုသိမရသော ဗျာဒိတ် ရတော်မူခြင်း။

အဣ္ဂုဒသိ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ မြတ်စွာဘုရား အလောင်းတော်သည် သုသိမ ရသေ့ဖြစ်၍ အဣ္ဂုဒသိ မြတ်စွာဘုရား အား ပန်းခိုင်ကြီး ရွာစေပြီးလျှင် ပူဇော်၏။ အဣ္ဂုဒသိ မြတ်စွာဘုရား သည်လည်း "သင်သည် ဤကမ္ဘာမှ တထောင့်ရှစ်ရာသော ကမ္ဘာကို လွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရားဖြစ်လတ္တံ့"ဟု ပြည့်စုံစွာ ဗျာဒိတ် စကားကို ကြားတော်မူ၏။ ။ဘုရားလောင်း ရသေ့လည်း ဘုရားဖြစ် ကြောင်း ကောင်းသော ပါရမီတို့ကို ဖြည့်ကျင့်အားထုတ်၏။

## အဣ္ဂုဒသိ မြတ်စွာဘုရား လက်ျာရံ-စသည်အကြောင်း။

အဣ္ဂုဒသိ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်သန္တ, အရှင်ဥပသန္တတည်း။ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမ ကား အရှင်ဓမ္မာ,အရှင်သုဓမ္မာတည်း။ရဟန်းအလုပ်အကျွေးကား အဘယ မထေရ်တည်း။ဒါယကာယောက်ျား အလုပ်အကျွေးကား နကုလ,နိသဘ နှစ်ယောက်တည်း။ ဒါယိကာမိန်းမ အလုပ်အကျွေးကား မနိလာ,သုနန္ဒာ နှစ်ယောက်တည်း။ ။အရပ်တော်ကား အတောင်ရှစ်ဆယ် မြင့်၏။ ။ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် အဣ္ဂုဒသိ မြတ်စွာဘုရားသည် ဝေနေယျ သတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော် မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

အဣ္ဂုဒသိ မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမမြတ်စွာ ဘုရား အလောင်းတော် သုသိမရသေ့ ဗျာဒိတ်ခံတော် မူဟန် အခန်းအနား ပြီး၏။

## ၃၁-ဓမ္မဒဿီ မြတ်စွာဘုရား အကြောင်း။

အတ္ထဒဿီ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နောက် လူတို့ အသက်တမ်း ဆုတ်၍ တဘန် တသိန်းတမ်းသို့ ရောက်ပြန်သောကာလ ဓမ္မဒဿီ မြတ်စွာဘုရား အလောင်းတော်သည် တုသိတာ နတ်ပြည်မှ ရွေ့လျော၍ သရဏပြည်၌ သရဏမင်းကြီး၏ သုနန္ဒာမိဖုယားကြီးဝမ်းဝယ် ပဋိသန္ဓေနေ၍ ဖွါးတော်မူလျှင် မြောက်အရပ်သို့ ခုနစ်ဖဝါးကြွသွားတော်မူလျက်“အဂ္ဂေါဟမသ္မိ လောကဿ”အစရှိသည်ဖြင့် ကြွမ်းပတော်မူပြီးနောက် အရွယ်ရောက်သောကာလ အရဇပြာသာဒ်,ဝိဇယပြာသာဒ်, သုဒဿနပြာသာဒ်, ဟူ၍ သုံးဆောင်သော ပြာသာဒ်ထက်၌ ဝိစိကောဠ်ဒေဝီ မိဖုယားကြီး အမှူးရှိသော တသိန်း နှစ်သောင်းသော မင်းမောင်းမ အပေါင်းတို့သည် ခြံရံလျက် ကာမဂုဏ်ငါးပါးကို ခံစား၍ သားတော် ပုညဝဍ္ဎနမင်းသားကို ဖွါးမြင်တော်မူပြီးမှ လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ တောထွက်လိုသောစိတ်ဖြစ်ခါမျှဖြင့် သုဒဿန ပြာသာဒ်သည် ကောင်းကင်သို့ ပျံတက်၍ ဗောဓိပင်သို့ သက်လေ၏။ ဓမ္မဒဿီ မင်းသားသည် ပြဟ္မာမင်း ကပ်လှူအပ်သော သင်္ကန်းဖြင့် ရဟန်း ပြုတော်မူ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၏။ ပြာသာဒ်နှင့်အတူ ပါကုန်သော ကုဋေတသိန်းသော ယောကျ်ားတို့သည် ဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

ဓမ္မဒဿီ မင်းသား ဘုရားလောင်းလည်း ထိုကုဋေတသိန်းသော ရဟန်းအပေါင်းတို့ဖြင့် ခြံရံလျက် ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူပြီးသော် ကဆုန်လပြည့်နေ့၌ ဝိစိကောဠိဒေဝီမိဖုယားကြီးသည် လှူအပ်သော နို့ဃနာ ဆွမ်းကို ဘုဉ်းပေးတော် မူပြီးလျှင် ဆီးတော၌ နေ့သန့်ခြင်းကို ပြုတော်မူလျက် ညချမ်းသောအခါ သိရိဝဍ္ဎန အမည်ရှိသော မုယောခင်းစောင့်သည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူလျက် ထန်းကျင့်ပင် ဗောဓိ[1]သို့ ကပ်လျက် ကြဲဖြန့်တော်မူလျှင် ငါးဆဲ့သုံးတောင် မြင့်သော ရတနာပလ္လင် ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် နေမဝင်မီ မာရ်စစ်သည် အပေါင်းတို့ကို အောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခု

၁-ဗိမ္ဗိဇာလေဟု၎င်း၊ ရေခံတက်ပင်-ဟူ၍ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၌ ရှိသည်။

ဉာဏ်, ပစ္ဆိမယာမ် အနုလောမ်တက်သည်နှင့် တပြိုင်နက် အရဟတ္တမဂ် ဉာဏ်သို့ ရောက်သဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် “အနေကဇာတိသံသာရံ” အစ ရှိသည်ဖြင့် ကျူးရင့်တော်မူလျက် ဗောဓိပင်၏ အနီး၌ လေးဆဲ့ကိုးရက် ပတ်လုံး သီတင်းသုံး နေတော်မူပြီးသောအခါ၌ ဗြဟ္မာမင်း၏ တရားဟော ကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား တရားဦး ဟောရပါအံ့နည်းဟု ကြည့်ရှုဆင်ခြင်တော်မူလျှင် တောထွက်တော်မူစက အတူတကွ ရဟန်းပြုကြကုန်သော ကုဋေတသိန်းသော ရဟန်းတို့၏ ဥပ နိဿယကို မြင်တော်မူ၍ ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟော တော်မူလျှင် ထိုကုဋေတသိန်းသော ရဟန်းတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။

တရံရောအခါ ဓမ္မဒဿီ မြတ်စွာဘုရားသည် သဉ္စယရသေ့ အမှူးရှိ သော ကုဋေကိုးဆယ်သော ရသေ့တို့အား တရားအမြိုက် တိုက်ကျွေး တော်မူလျှင် မဂ်ဖိုလ်သို့ ရောက်ကြကုန်၏။ ။ဤကား ဒုတိယ ဓမ္မာဘိ သမယတည်း။ ။တရံရောအခါ ဓမ္မဒဿီ မြတ်စွာဘုရားသည် သိကြား မင်းအား တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ကုဋေရှစ်ဆယ်သော နတ်ဗြဟ္မာ အပေါင်းတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား တတိယ ဓမ္မာဘိသမယတည်း။

တရံရောအခါ ဓမ္မဒဿီ မြတ်စွာဘုရားသည် ကုဋေ တသိန်းသော ရဟန္တာတို့၏ အလယ်၌ ပဝါရဏာ ပြုတော်မူ၏။ ။ဤကား ပဌမ သာဝကသန္နိပါတတည်း။ ။တရံရောအခါ ဓမ္မဒဿီမြတ်စွာဘုရားသည် ကုဋေ နှစ်ဆယ်သော ရဟန္တာတို့၏ အစည်းအဝေး၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။ ။တရံရော အခါ ဓမ္မဒဿီ မြတ်စွာဘုရားသည် ကုဋေရှစ်ဆယ်သော ရဟန္တာတို့၏ အစည်းအဝေး၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား တတိယသာဝက သန္နိပါတတည်း။

## မြတ်စွာဘုရား အလောင်းတော် သိကြားမင်း ဗျာဒိတ် ရတော်မူခြင်း။

ဓမ္မဒဿီ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ ဂေါတမဘုရား အလောင်းတော်သည် သိကြားမင်းဖြစ်၍ ပန်းနံ့သာ- အစရှိသည်တို့ဖြင့် ပူဇော်လျက် ဓမ္မဒဿီ မြတ်စွာဘုရားအား ဆည်းကပ်လျှင် ဓမ္မဒဿီ မြတ်စွာဘုရားသည် "သင်သည် ဤကမ္ဘာမှ ကမ္ဘာတထောင့်ရှစ်ရာကို လွန်၍ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရားဖြစ်လတ္တံ့"ဟု ပြည့်စုံစွာ ဗျာဒိတ် စကား ကြားတော်မူ၏။ ဘုရားလောင်း သိကြားမင်းလည်း ဘုရားဖြစ် ကြောင်း ကောင်းသော ပါရမီတို့ကို ဖြည့်ကျင့်အားထုတ်၏။

---

## ဓမ္မဒဿီ မြတ်စွာဘုရား-လက်ျာရံ စသည် အကြောင်း။

ဓမ္မဒဿီ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်ပဒုမ,အရှင်ဖုဿဒေဝတည်း။ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်ခေမာ,အရှင်သစ္စနာမာ[၁] တည်း။ ရဟန်း အလုပ်အကျွေးကား သုနေတ္တ မထေရ်တည်း။ ဒါယကာ ယောက်ျား အလုပ်အကျွေးကား သုဘဒ္ဒ,ကဋိဿဟနှစ်ယောက်တည်း။ ဒါယိကာမိန်းမ အလုပ်အကျွေး ကား သာဠိယာ, ကဠိယာ နှစ်ယောက်တည်း။ အရပ်ဘော်ကား အတောင်ရှစ်ဆယ် မြင့်တော်မူ၏။ ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်း ဖြင့် ဓမ္မဒဿီမြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

ဓမ္မဒဿီ မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမ
မြတ်စွာဘုရား အလောင်းတော် သိကြားမင်း
ဗျာဒိတ်ခံတော်မူဟန် အခန်းအနား ပြီး၏။

---

## ၃၂-သိဒ္ဓတ္ထ မြတ်စွာဘုရား အကြောင်း။

ဓမ္မဒဿီ မြတ်စွာဘုရား ပွင့်တော်မူသော ကမ္ဘာနောက် တထောင့် ရှစ်ရာ ခြောက်ကမ္ဘာကိုလွန်၍ ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ကိုးဆဲ့

[၁] သစ္စနာမာ-ဟု ဗုဒ္ဓဝင်အဋ္ဌကထာ၌ ရှိသည်။

လေးကမ္ဘာထက် တရုံသော သာရကမ္ဘာ၌ သိဒ္ဓတ္ထ ဘုရားတဆူသာ ပွင့်တော်မူ၏၊ ထိုသိဒ္ဓတ္ထ မြတ်စွာဘုရား အလောင်းတော်သည် လူတို့အသက် တသိန်းနေသော ကာလ တုသိတာ နတ်ပြည်မှ စုတေခဲ့၍ ဝေဘာရပြည်၌ ဥဒေနမင်းကြီး၏ သုဖဿာ အမည်ရှိသော မိဖုယားကြီးဝမ်းဝယ် ပဋိသန္ဓေနေ၍ ဖွါးတော်မူလျှင် မြောက်အရပ်သို့ ခြေးရှု ခုနစ်ဘဝါး ကြွသွားတော်မူလျက် "အဂ္ဂေါဟမသ္မိလောကဿ" အစရှိသည်ဖြင့် ကြွိမ်းပတော်မူပြီးနောက် အရွယ်ရောက်သောကာလ ကောကာရပြာသာဒ်, ပုပ္ဖလပြာသာဒ်, ပဒုမပြာသာဒ် ဟူ၍ သုံးဆောင်သော ပြာသာဒ်ထက်၌ သောမနဿဒေဝီ မိဖုယားကြီး အမှူးရှိသော လေးသောင်း ရှစ်ထောင်သော မင်းမောင်းမအပေါင်းတို့သည် ခြံရံလျက် ကာမဂုဏ် ငါးပါးကို ခံစား၍ သားတော် အနုပမ မင်းသားကို ဖွါးမြင်ပြီးမှ လေးပါးသောနိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူလျှင် ရွှေထမ်းစင်စီး၍ တောထွက်တော်မူသောအခါ ဖြဟ္မာမင်း ကပ်လှူအပ်သော သင်္ကန်းဖြင့် ရဟန်းပြုတော်မူ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၏။ ကုဋေတသိန်းသော ယောကျ်ားတို့သည်လည်း ဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

သိဒ္ဓတ္ထ ဘုရားအလောင်းလည်း ထိုကုဋေတသိန်းသော ရဟန်းပရိသတ်တို့သည် ခြံရံလျက် ဆယ်လပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့်နေ့၌ အသဒိသ အမည်ရှိသောရွာ၌ သုနေတ္တာ အမည်ရှိသော ပုဏ္ဏားသမီးသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော် မူပြီးလျှင် ဆီးတော၌ နေ့သန့်ခြင်းကို ပြုတော်မူလျက် ညချမ်းသောအခါ ဝရုဏအမည်ရှိသော ရယောခင်းစောင့်သည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ယူတော်မူခဲ့၍ မဟာလှေကား ဗောဓိသို့ ကပ်လျက် ကြဲဖြန့်တော်မူလျှင် အတောင်လေးဆယ် မြင့်သော ရတနာပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် နေမဝင်မီ မာရ်စစ်သည်အပေါင်းကို အောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့် တပြိုင်နက် အာသဝက္ခယဉာဏ်သို့ ရောက်သဖြင့် သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက် ပတ်လုံး ဗောဓိပင်၏

အနီး၌ သီတင်းသုံး နေတော်မူပြီးလျှင် ဖြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား တရားဦး ဟောပါရအံ့နည်း ဟု ကြည့်ရှုဆင်ခြင်တော်မူသည်ရှိသော် တောထွက်တော်မူစက အတူတကွ လိုက်၍ ရဟန်းပြုကြ ကုန်သော ကုဍ္ဍေတသိန်းသော ရဟန်းတို့၏ ဥပနိဿယကို မြင်တော်မူ၍ ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဍ္ဍေတသိန်းသော ရဟန်းတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမ ဓမ္မာဘိသမယတည်း။

တရံရောအခါ သိဒ္ဓတ္ထ မြတ်စွာဘုရားသည် ဘိမရဍ္ဍမင်းကြီးအား တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ကုဍ္ဍေ ကိုးဆယ်သော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ဒုတိယ ဓမ္မာဘိသမယတည်း။ ။တရံရောအခါ သိဒ္ဓတ္ထ မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ဗုဒ္ဓဝင်ကို ဟောတော်မူလျှင် ကုဍ္ဍေကိုးဆယ်သော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား တတိယဓမ္မာဘိသမယတည်း။

တရံရောအခါ သိဒ္ဓတ္ထမြတ်စွာဘုရားသည် ကုဍ္ဍေတရာသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ပဌမသာဝက သန္နိပါတတည်း။ ။တရံရောအခါ သိဒ္ဓတ္ထ မြတ်စွာဘုရားသည် ကုဍ္ဍေ ကိုးဆယ်သော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။ ။တရံရောအခါ သိဒ္ဓတ္ထ မြတ်စွာဘုရားသည် ကုဍ္ဍေ ရှစ်ဆယ်သော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား တတိယ သာဝက သန္နိပါတတည်း။

---

## မြတ်စွာဘုရား အလောင်းတော် မင်္ဂလရသေ့ ဗျာဒိတ် ရတော်မူခြင်း။

သိဒ္ဓတ္ထ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ မြတ်စွာဘုရား အလောင်းတော်သည် မင်္ဂလရသေ့ ဖြစ်တော်မူ၍ တန်ခိုးအဘိညာဉ်ဖြင့် ဇမ္ဗူ့သပြေသီးတို့ကို ဆောင်လျက် သိဒ္ဓတ္ထ မြတ်စွာဘုရားအား လုပ်ကျွေး၏။ သိဒ္ဓတ္ထ မြတ်စွာဘုရားလည်း “သင်သည် ဤကမ္ဘာမှ ကိုးဆဲ့လေးကမ္ဘာ

ထက်၌ ဂေါတမဘုရား ဖြစ်လတ္တံ့" ဟု ဗြည်ဒိုရ်ဗွာ ဗျာဒိတ်စကား ကြား တော်မူ၏။ ဘုရားလောင်းလည်း ဘုရားဖြစ်ကြောင်း ကောင်းသော ပါရမီ တို့ကို ဖြည့်ကျင့် အားထုတ်၏၊

---

## သိဒ္ဓတ္ထ မြတ်စွာဘုရား-လက်ျာရံ စသည်အကြောင်း။

သိဒ္ဓတ္ထ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင် သမ္ဗလ, အရှင်သုမိတ္တတည်း။ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်သီဝလာ,အရှင်သုရာမာတည်း။ရဟန်းအလုပ်အကျွေးကား ရေဝတ မထေရ်တည်း။ဒါယကာယောကျ်ား အလုပ်အကျွေးကား သုပ္ပိယ,သရုဒ္ဓ နှစ်ယောက်တည်း။ ဒါယိကာမိန်းမ အလုပ်အကျွေးကား ရမ္မာ, သုရမ္မာ နှစ်ယောက်တည်း။ ။အရပ်တော်ကား အတောင် ခြောက်ဆယ် မြင့် တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သိဒ္ဓတ္ထ မြတ်စွာဘုရား သည် ဝေနေယျသတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

သိဒ္ဓတ္ထ မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမ
မြတ်စွာဘုရားအလောင်းတော် မင်္ဂလရသော့
ဗျာဒိတ်ခံတော်မူဟန် အခန်းအနား ပြီး၏။

---

## ၁၃-တိဿ မြတ်စွာဘုရား အကြောင်း။

သိဒ္ဓတ္ထ မြတ်စွာဘုရား ပွင့်တော်မူသော ကမ္ဘာနောက် ဤကမ္ဘာမှ ကိုးဆဲ့နှစ်ကမ္ဘာထက် တခုသော မဏ္ဍကမ္ဘာ၌ တိဿဘုရား, ဖုဿဘုရား ဟူ၍ နှစ်ဆူသော ဘုရားတို့သည် ပွင့်ကုန်၏။ ထိုနှစ်ဆူသော ဘုရားတို့ တွင် တိဿ ဘုရားအလောင်းတော်သည် လူ့ဘ္ဝအသက် တသိန်းတမ်း နေသောကာလ တုသိတာ နတ်ပြည်မှ ရုတော်ခဲ့၍ ခေမပြည်၌ ဇနသန္ဓ မင်းကြီး၏ ပဒုမာဒေဝီ အမည်ရှိသော မိဖုယားကြီး ဝမ်းဝယ် ပဋိသန္ဓေ နေ၍ ဖွါးတော်မူလျှင် ခြောက်အရပ်သို့ ခြေးရှုချနစ်ဘဝါး ကြွသွားတော် မူလျက် "အဂ္ဂေါဟမသ္မိ လောကဿ" အစရှိသည်ဖြင့် ကြွိမ်းဝေ့တော် မူပြီးနောက် အရွယ်ရောက်သော ကာလ ဂုဟာသေလာ ပြာသာဒ်,

နာရိသ ပြာသာဒ်, နိဿဘ ပြာသာဒ်, ဟူ၍ သုံးဆောင်သော ပြာသာဒ်၌ သုဘဒ္ဒါဒေဝီမိဖုယားကြီး အမှူးရှိသော သုံးသောင်း သုံးထောင် ကုန်သော မင်းမောင်းမ အပေါင်းတို့သည် ခြံရံလျက် ကာမဂုဏ်ငါးပါးကို ခံစား၍ သားတော် အာနန္ဒာ မင်းသားကို ဖွါးမြင်တော်မူပြီးမှ လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူပြီးလျှင် မြင်းယာဉ် စီးလျက် တောထွက်တော်မူသောအခါ ဗြဟ္မာမင်း ကပ်လှူအပ်သော သင်္ကန်းဖြင့် ရဟန်းပြုတော်မူ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူလေ၏။ တကုဋေသော ယောကျ်ားတို့သည် ဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

တိဿ ဘုရားလောင်းလည်း ထိုတကုဋေသော ရဟန်းပရိသတ်တို့သည် ခြံရံလျက် ၈လပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့်နေ့၌ ဝီရနိဂုံးဝယ် ဝီရသူဌေးသမီးသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် ထင်းရှူးတော၌ နေ့သန့်တော်မူလျက် ညချမ်းသောအခါ ဝိဇိတသင်္ဂါမ အမည်ရှိသော မုယောခင်းစောင့်သည် လှူအပ်သော မြက်၈စ်ဆုပ်ကို ယူတော်မူခဲ့လျက် ပိတောက်ပင် ဗောဓိသို့ ကပ်၍ ကြဲဖြန့်လျှင် အတောင်လေးဆယ်မြင့်သော ရတနာပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် နေမဝင်မီ မာရ်စစ်သည် အပေါင်းကို အောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, မစ္ဆိမယာမ် အရုဏ်တက်သည်နှင့်တပြိုင်နက် အရဟတ္တမဂ်ဉာဏ်သို့ ရောက်သဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစရှိသည်ဖြင့် ကျူးရင့်တော်မူ၍ ဗောဓိပင်၏အနီး၌ လေးဆဲ့ကိုးရက်ပတ်လုံး သီတင်းသုံး နေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား တရားဟောရပါအံ့နည်းဟု ကြည့်ရှုဆင်ခြင်တော်မူသည်ရှိသော် ဗြဟ္မဒေဝမင်းသား,ဥဒယမင်းသားတို့၏ ဥပနိဿယကို မြင်တော်မူ၍ ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဋေတရာသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။

တရံရောအခါ တိဿ မြတ်စွာဘုရားသည် တောထွက်တော်မူစက အတူတကွ လိုက်၍ ရဟန်းပြုကြကုန်သော သူတို့အား တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ကုဋေကိုးဆယ်သော သူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား ဒုတိယမွောဘိသမယတည်း။ ။တရံရောအခါ တိဿ မြတ်စွာဘုရားသည် မင်္ဂလာတရားကို ဟောတော်မူလျှင် ကုဋေ ခြောက်ဆယ်သော နတ်လူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား တတိယ မွောဘိသမယတည်း။

တရံရောအခါ တိဿ မြတ်စွာဘုရားသည် ကုဋေ တသိန်းသော ရဟန္တာတို့၏ အလယ်၌ ပဝါရဏာ ပြုတော်မူ၏။ ။ဤကား ပဌမ သာဝကသန္နိပါတတည်း။ ။တရံရောအခါ တိဿ မြတ်စွာဘုရားသခင် သည် ကုဋေကိုးသိန်းသော ရဟန္တာတို့၏အလယ်၌ ပါတိမောက် ပြတော် မူ၏။ ။ဤကား ဒုတိယ သာဝက သန္နိပါတတည်း။ ။တရံရောအခါ တိဿ မြတ်စွာဘုရားသည် ကုဋေရှစ်သန်းသော ရဟန္တာတို့၏အလယ်၌ ပါတိမောက်ပြတော်မူ၏။ ။ဤကား တတိယ သာဝကသန္နိပါတတည်း။

---

## မြတ်စွာဘုရား အလောင်း သုဇာတမင်းမြတ် ဗျာဒိတ် ရတော်မူခြင်း။

တိဿ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ မြတ်စွာဘုရား အလောင်းတော်သည် သုဇာတ အမည်ရှိသော မင်းမြတ်ဖြစ်၍ ပြည် စည်းစိမ်ကို စွန့်ပြီးလျှင် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်း ပြုလျက် ဈာန် အဘိညာဉ်တို့ကို ဖြစ်စေ၍ နေသည်တွင် လောက၌ တိဿဘုရား ပွင့် ကြောင်းကို ကြားသိလျှင် ချဉ်းကပ်လျက် ပင်လယ် ကသစ်ပန်း အစရှိ သော နတ်ပန်းတို့ဖြင့် ရိုသေစွာ ပူဇော်လေ၏။တိဿ မြတ်စွာဘုရားလည်း "သင်သည် ဤကမ္ဘာမှ ကိုးဆဲ့နှစ်ကမ္ဘာထက် ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမ ဘုရား ဖြစ်လတ္တံ့"ဟု ပြည့်ရုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ ဘုရား လောင်း သုဇာတ ရသေ့လည်း ဗျာဒိတ်စကားကို ကြားလျှင် အားရ နှစ်သက်တော်မူ၍ ပါရမီကို ဖြည့်ကျင့်လျက် အသက်အတိုင်းနေ၍ ရဟော လာက်သော် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။

## တိဿ မြတ်စွာဘုရား-လကျ်ာရံ စသည်အကြောင်း။

တိဿ မြတ်စွာဘုရား၏ လကျ်ာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်ဗြဟ္မဒေဝ,အရှင် ဥဒယတည်း။လကျ်ာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်ဖုဿာ, အရှင်သုဒတ္တာတည်း။ ရဟန်းအလုပ်အကျွေးကား သမင်္ဂမထေရ်တည်း။ ဒါယကာယောကျ်ား အလုပ်အကျွေးကား သမ္ဗလ,သိရိမ နှစ်ယောက်တည်း။ ဒါယိကာမိန်းမ အလုပ်အကျွေးကား ကိသဂေါတမီ, ဥပသေနာနှစ်ယောက်တည်း။ ။အချပ်တော်ကား အတောင်ခြောက်ဆယ် မြင့်တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ပြီးသောနည်းဖြင့် တိဿ မြတ်စွာ ဘုရားသည် ဝေနေယျ သတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော် မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

တိဿ မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမ
မြတ်စွာဘုရား အလောင်းတော် သုဇာတ
မင်းမြတ် ဗျာဒိတ် ခံတော်မူဟန်
အခန်းအနား ပြီး၏။

---

## ၃၄-ဖုဿ မြတ်စွာဘုရား အကြောင်း။

တိဿ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည့်နောက် လူတို့အသက် တမ်းဆုတ်၍ တဘန် ကိုးသောင်းတမ်းသို့ ရောက်ပြန်သောကာလ ဖုဿ မြတ်စွာဘုရား အလောင်းသည် တုသိတာနတ်ပြည်မှ စုတေခဲ့၍ ကာသိ ပြည်၌ ဇယသေနမင်းကြီး၏ သိရိမာအမည်ရှိသော မိဖုယားကြီးဝမ်းဝယ် ပဋိသန္ဓေနေ၍ ဖွါးတော်မူလျှင် ခြောက်အရပ်သို့ ခြေ:ရှုရနစ်ဘဝါးကြွသွား တော်မူလျက် "အဂ္ဂေါဟမသ္မိလောကဿ"အစရှိသည်ဖြင့် ကြိမ်းပတော် မူပြီးနောက် အရွယ်ရောက်သော ကာလ ဂရုဠပက္ခပြာသာဒ်, ဟံသ ပြာသာဒ်,သုဝဏ္ဏဟာရပြာသာဒ် ဟူ၍ သုံးဆောင်သော ပြာသာဒ်၌ ကိသ ဂေါတမီ မိဖုယားကြီး အမှူးရှိသော သုံးသောင်းသော မောင်းမအပေါင်း တို့သည် ခြံရံလျက် ကာမဂုဏ် ငါးပါးကို ခံစား၍ သားတော် အနူပမ မင်းသားကို ဖွါးမြင်တော်မူပြီးမှ လေးပါးသော နိမိတ်ကြီးတို့ကို အသီး အသီး မြင်တော်မူ၍ ဆင်ယာဉ်စီးလျက် တောထွက်တော်မူသောအခါ

ဖြဟ္မာမင်း ကပ်လှူအပ်သော သင်္ကန်းဖြင့် ရဟန်း ပြုတော်မူ၍ ဒုက္ကရ စရိယာအကျင့်ကို ကျင့်တော်မူ၏။ ငါးယောက်သော ယောက်ျားတို့သည် လည်း ဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

ဖုဿမင်းသားဘုရားလောင်းသည် ထိုငါးယောက်သော ရဟန်းပရိသတ် တို့သည် ခြံရံလျက် ခြောက်လ ပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့်နေ့၌ အညတရမြို့ဝယ် အညတရ သူဌေးသမီး သိရိဝဍ္ဎနာ လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော် မူပြီးလျှင် ကုက္ကိုတော ၁ ၌ နေ့သန့်တော်မူ၍ ညချမ်းသောအခါ သိရိဝဍ္ဎန အမည်ရှိသော ရသေ့သည် ကပ်လှူအပ်သော မြက်ရှစ်ဆုပ်ကို ယူတော် မူခဲ့၍ ရှစ်ရှားပင် ဗောဓိသို့ကပ်လျက် ကြဲဖြန့်တော်မူလျှင် သုံးဆဲ့ရှစ်တောင် မြင့်သော ရတနာပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ် ဖွဲ့ခွေ နေတော်မူလျက် နေမဝင်မီ မာရ်စစ်သည် အပေါင်းကို အောင်တော်မူပြီး လျှင် ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်,မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမ ယာမ် အရုဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တမဂ်ဉာဏ်သို့ ရောက် သဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစ ရှိသည်ဖြင့် ကျူးရင့်တော်မူလျက် ဗောဓိပင်၏ အနီး၌ လေးဆဲ့ကိုးရက် ပတ်လုံး သီတင်းသုံး နေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟော ကြောင်း တောင်းပန်ခြင်းကို အာယာခံတော်မူ၍ အဘယ်သူအား တရားဦး ဟောရပါအံ့နည်း ဟု ကြည့်ရှုတော် မူသည်ရှိသော် တောထွက်တော် မူစက အတူတကွလိုက်၍ ရဟန်းပြုကြကုန်သော ငါးယောက်သော ရဟန်း တို့၏ ဥပနိဿယကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဋေတသိန်းသော နတ်လူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။

တရံရောအခါ ဖုဿ မြတ်စွာဘုရားသည် သိရိဝဍ္ဎနရသေ့နှင့်တကွ ကိုးသန်းသော ရသေ့တို့အား တရားအမြိုက် တိုက်ကျွေးတော်မူလျှင် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ဒုတိယဓမ္မာဘိသမယတည်း။ ။ တရံရောအခါ ဖုဿမြတ်စွာဘုရားသည် မင်္ဂလသုတ်တရားကို ဟောတော်

၁-ယင်းတိုက်တော-ဟု မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး၌ ရှိသည်။

မူသဖြင့် ရှစ်သန်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ ဤကား တတိယ ဓမ္မာဘိသမယတည်း။

တရံရောအခါ ဖုဿမြတ်စွာဘုရားသည် ခြောက်သန်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ပဌမသာဝက သန္နိပါတတည်း။ ။တရံရောအခါ ဖုဿ မြတ်စွာဘုရားသည် ငါးသန်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏၊ ။ဤကား ဒုတိယသာဝကသန္နိပါတတည်း။ ။တရံရောအခါ ဖုဿမြတ်စွာဘုရားသည် လေးသန်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား တတိယ သာဝကသန္နိပါတတည်း။

---

## မြတ်စွာဘုရား အလောင်း ဝိဇိတာဝီမင်းကြီး ဗျာဒိတ် ရတော်မူခြင်း။

ဖုဿ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ မြတ်စွာဘုရား အလောင်းတော်သည် အရိန္ဒမပြည်၌ ဝိဇိတာဝီမည်သော မင်းမြတ်ဖြစ်၍ တရားတော်ကို ကြားနာရလျှင် မင်းစည်းစိမ်ကို စွန့်ပစ်၍ ရဟန်းပြုလေ၏။ ။ဖုဿမြတ်စွာဘုရားလည်း "သင်သည် ဤကမ္ဘာမှ ကိုးဆဲ့နှစ်ကမ္ဘာ ထက် ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမမြတ်စွာဘုရား ဖြစ်လတ္တံ့"ဟု ပြည့်စုံစွာ ဗျာဒိတ်စကားကြားတော်မူ၏။ဘုရားလောင်းလည်း ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ရတေလေသော် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။

---

## ဖုဿမြတ်စွာဘုရား-လက်ျာရံ စသည်အကြောင်း။

ဖုဿ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင် သုရက္ခိတ,အရှင်ဓမ္မသေနတည်း။လက်ျာရံ လက်ဝဲရံအဂ္ဂသာဝိကာမကား အရှင်စာလာ,အရှင်ဥပစာလာတည်း။ရဟန်းအလုပ်အကျွေးကား သဘိယ မထေရ်တည်း။ ဒါယကာ ယောက်ျား အလုပ်အကျွေးကား ဓနဉ္ဇယ, ဝိသာခါ နှစ်ယောက်တည်း။ ဒါယိကာမိန်းမ အလုပ်အကျွေးကား ပဒုမာ, နာဂါ နှစ်ယောက်တည်း။ အရပ်တော်ကား ငါးဆဲ့ရှစ်တောင် မြင့်တော် မူ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဖုဿမြတ်စွာဘုရားသည်

ဝေနေယျ သတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော် မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

ဖုဿမြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမမြတ်စွာ
ဘုရား အလောင်းတော် ဝိဇိတာဝီမင်းကြီး ဗျာဒိတ်
ခံတော်မူပုံနှင့် အခမ်းအနား ပြီး၏။

## ၁၉-ဝိပဿီ မြတ်စွာဘုရား အကြောင်း။

ဖုဿ မြတ်စွာဘုရား ပွင့်တော်မူသော ကမ္ဘာနောက် ဤကမ္ဘာမှ ကိုးဆဲ့တကမ္ဘာထက် တခုသော သာရကမ္ဘာ၌ ဝိပဿီ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုဝိပဿီ မြတ်စွာဘုရား အလောင်းတော်သည် လူတို့ အသက် ရှစ်သောင်း နေသောကာလ တုသိတာနတ်ပြည်မှ စုတေခဲ့၍ ဗန္ဓုမတီပြည်၌ ဗန္ဓုမ မင်းကြီး၏ ဗန္ဓုမတီအမည်ရှိသော မိဖုယားကြီး၏ ဝမ်းဝယ် ပဋိသန္ဓေနေတော်မူ၍ ဖွါးတော်မူလျှင် မြောက်အရပ်သို့ ခြေ‌ရှု ခုနစ်ဘဝါး ကြွသွားတော်မူလျက် "အဂ္ဂေါဟမသ္မိ လောကဿ" အစ ရှိသည်ဖြင့် ကြိမ်းပတော် မူပြီးနောက် အရွယ်ရောက်သောအခါ နန္ဒ ပြာသာဒ်,သုနန္ဒပြာသာဒ်,သိရိမာပြာသာဒ် ဟူ၍ သုံးဆောင်သော ပြာသာဒ် တို့၌ သုတနုဒေဝီ မိဖုယားကြီး အမှူးရှိသောတသိန်း နှစ်သောင်းသော မောင်းမ အပေါင်းတို့သည် ခြံရံလျက် ကာမဂုဏ် ငါးပါးကို ခံစား၍ သားတော် သမဝတ္တက္ခန္ဓ မင်းသားကို ဖွါးမြင်တော်မူပြီးနောက် လေးပါး သော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ ရထားယာဉ်ဖြင့် တောထွက်တော်မူ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၏။ရှစ်သောင်း လေးထောင်သော ယောကျ်ားတို့သည် ဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

ဝိပဿီမင်းသား ဘုရားလောင်းလည်း ထိုရှစ်သောင်း လေးထောင် သော ရဟန်းပရိသတ်တို့သည် ခြံရံလျက် သခွဲပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူပြီးလျှင် ကဒုန်လပြည့်နေ့၌ သုဒဿနာ အမည် ရှိသော သူဌေးသမီးသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော် မူပြီးလျှင် အင်ကြင်းတော၌ နေ့သန့်တော်မူလျက် ညချမ်းသောအခါ

သုဇာတ အမည်ရှိသော မုယောခင်းစောင့်သည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူခဲ့၍ သခွတ်ပင်ဗောဓိသို့ ကပ်လျက် ကြွဖြန့်တော်မူသော အခါ ငါးဆဲ့သုံးတောင်မြင့်သော ရတနာပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၍ နေမဝင်မီ မာရ်စစ်သည် အပေါင်းကို အောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်,ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တမဂ်ဉာဏ်သို့ ရောက်သဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင်“အနေကဇာတိသံသာရံ” အစရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက်ပတ်လုံး ဗောဓိပင်၏ အနီး၌ နေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား တရားဦးဟောရပါအံ့နည်း ဟု ကြည့်ရှုဆင်ခြင်တော်မူသည်ရှိသော် ခဏ္ဍမင်းသား,တိဿပုရောဟိတ်သားတို့၏ ဥပနိဿယကို မြင်တော်မူ၍ ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင် ထိုနှစ်ယောက်သောသူတို့သည် ဖြောဘိကျွရဟန္တာဖြစ်၍ မဒေမတွက်နိုင်သော နတ်လူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား ပဌမဓမ္မာဘိသမယတည်း။

တရံရောအခါ ဝိပဿီမြတ်စွာဘုရားသည် ဗန္ဓုမတီပြည်၌ နေသော ရှစ်သောင်းလေးထောင်သော သူတို့အား တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ထိုရှစ်သောင်းလေးထောင်သော သူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား ဒုတိယ ဓမ္မာဘိသမယတည်း။ ။တရံရောအခါ ဝိပဿီ မြတ်စွာဘုရားသည် ကိုယ်တော်၏အထံသို့ ချဉ်းကပ်၍ လာကြကုန်သော သူတို့အား တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ရှစ်သောင်းလေးထောင်သော သူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား တတိယဓမ္မာဘိသမယတည်း။

တရံရောအခါ ဝိပဿီမြတ်စွာဘုရား သခင်သည် ခြောက်သန်းရှစ်သိန်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ပဌမသာဝက သန္နိပါတတည်း။ ။တရံရောအခါ ဝိပဿီ မြတ်စွာဘုရားသည် တသိန်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက်

ပြတော်မူ၏။ ။ဤကား ဒုတိယသာဝကသန္နိပါတတည်း။ ။တရံရောအခါ ဝိပဿီ မြတ်စွာဘုရားသည် ၅၈သောင်းသော ရဟန္တာဝတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား တတိယ သာဝကသန္နိပါတတည်း။ ။

---

## မြတ်စွာဘုရားအလောင်း အတုလနဂါးမင်း ဗျာဒိတ် ရတော်မူခြင်း။

ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ မြတ်စွာဘုရား အလောင်းတော်သည် အတုလအမည်ရှိသော နဂါးမင်းကြီး ဖြစ်တော်မူ၍ ဝိပဿီ မြတ်စွာဘုရားအား ရတနာ၇နစ်ပါးဖြင့် စီအပ်သောပလ္လင်ဖြင့် ပူဇော်၏။ဝိပဿီမြတ်စွာဘုရားလည်း "သင်သည် ဤကမ္ဘာမှ ကိုးဆဲ့တကမ္ဘာထက် ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရားဖြစ်လတ္တံ့"ဟု ပြည့်စုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ ။ဘုရားလောင်း အတုလနဂါးမင်းလည်း ဗျာဒိတ်စကားကို ကြားလျှင် အားရနှစ်သက်သည်ဖြစ်၍ နဂါးပြည်သို့ ပြန်ပြီးလျှင် ဘုရားဖြစ်ကြောင်း ကောင်းသော ပါရမီတို့ကို ဖြည့်ကျင့်အားထုတ်၏။

---

## မယ်တော်မာယာအလောင်း ဗျာဒိတ် ရတော်မူခြင်း။

ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်၌ မယ်တော် မဟာမာယာ အလောင်းတော်သည် ဗန္ဓုမမင်းကြီး၏ သမီးတော်နှစ်ယောက်တွင် အကြီး ဖြစ်၍ ခမည်းတော်က ပေးသနားအပ်သော အကိုးအနှ ထိုက်သော စန္ဒကူးနံ့သာနှစ်ဖြင့် ဝိပဿီမြတ်စွာဘုရားအား ပူဇော်၍"နောင်သောအခါ အရှင်ဘုရားကဲ့သို့သော ဘုရားရှင်၏ မယ်တော်ဖြစ်ရပါလို၏"ဟု ဆုပန်လျှင် ဝိပဿီ မြတ်စွာဘုရားသည်"ဤကမ္ဘာမှ ကိုးဆဲ့တကမ္ဘာထက်၌ ဂေါတမဘုရား၏ မယ်တော်ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုမင်းသမီးသည် ဝိပဿီ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် အားရနှစ်သက်သည် ဖြစ်၍ ကုသိုလ် ကောင်းမှုတို့ကို ပြုလျက်

အသက်အတိုင်းနေ၍ ရတေလတ်သော် တာဝတိံသာနတ်ပြည်၌ ဖြစ်၍ သံသရာ၌ ကျင်လည်ဘန်များလျှင် ကဿပ မြတ်စွာဘုရား လက်ထက်တော်၌ ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့တွင် ခြောက်ယောက်မြောက်သော သုဓမ္မာအမည်ရှိသော မင်းသမီးဖြစ်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလျက် ထိုဘဝမှ ရတေပြန်သော် လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ကျက်စား၍ သိကြားမင်း၏ မိဖုယား ဖြစ်ပြန်၏။ ထိုအဖြစ်မှ ရတေပြီးသော် မဒ္ဒရာဇ်မင်းကြီး၏ ဖုဿတီအမည်ရှိသော သမီးတော်ဖြစ်၍ အရွယ်ရောက်လေလျှင် သိဉ္စယမင်းနှင့် ထိမ်းမြား၍ ဝေဿန္တရာမင်း၏မယ်တော်ဖြစ်၏။ ထိုအဖြစ်မှ ရတေပြန်သော် တုသိတာ နတ်ပြည်၌ ဖြစ်လေ၍ တုသိတာနတ်ပြည်မှ တဘန် ရတေပြန်သော် ဒေဝဒဟ ပြည်ဝယ် အဉ္ဇနမင်းကြီး၏ သမီးတော် ဖြစ်လာ၏။

---

## ဝိပဿီ မြတ်စွာဘုရား လက်ျာရံ-စသည် အကြောင်း။

ဝိပဿီမြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်ခဏ္ဍ,အရှင်တိဿတည်း။လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်စန္ဒာ, အရှင်စန္ဒမိတ္တာတည်း။ ရဟန်း အလုပ်အကျွေးကား အသောကမထေရ်တည်း။ဒါယကာယောက်ျား အလုပ်အကျွေးကား ပုနဗ္ဗသုမိတ္တ, နာဂ နှစ်ယောက်တည်း။ ဒါယိကာမိန်းမ အလုပ်အကျွေးကား သိရိမာ, ဥတ္တရာ နှစ်ယောက်တည်း။ ။အရပ်တော်ကား အတောင် ၅၈ဆယ်မြင့်တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ဝိပဿီမြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

ဝိပဿီ မြတ်စွာဘုရား၏ အဓ္ဓုပ္ပတ္တိနှင့်တကွ ဂေါတမမြတ်စွာ
ဘုရား အလောင်းတော် အတုလနဂါးမင်း ဗျာဒိတ်
ခံတော်မူဟန် အခန်းအနား ပြီး၏။

## ၃၆-သိခီ မြတ်စွာဘုရား အကြောင်း။

ဝိပဿီ မြတ်စွာဘုရား ပွင့်တော်မူသော ကမ္ဘာမှ ကမ္ဘာခြောက်ဆယ်ကိုလွန်၍ ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသော် သုံးဆဲ့တကမ္ဘာထက် တခုသော မဏ္ဍကမ္ဘာ၌ သိခီဘုရား၊ ဝေဿဘူဘုရား နှစ်ဆူတို့သည်ပွင့်တော်မူကြကုန်၏၊ ထိုနှစ်ဆူတို့တွင် သိခီမြတ်စွာဘုရား အလောင်းတော်သည် လူတို့အသက် ခုနစ်သောင်းနေသောကာလ တုသိတာ နတ်ပြည်မှစုတေ၍ အရုဏဝတီပြည်၌ အရုဏမင်းကြီး၏ ပဘာဝတီအမည်ရှိသော မိဖုယားကြီးဝမ်းဝယ် ပဋိသန္ဓေနေ၍ ဖွါးတော်မူသောအခါ ခြောက်အရပ်သို့ ရှေးရှု ခုနစ်ဘဝါး ကြွသွားတော်မူလျက်"အဂ္ဂေါဟမသ္မိလောကဿ"အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်ရောက်သောကာလ သုစန္ဒကပြာသာဒ်၊ သိရိဂိဒ္ဓိပြာသာဒ်၊ အနာဓိဝါသနပြာသာဒ် [1] ဟူ၍ သုံးဆောင်သောပြာသာဒ်ထက်၌ သဗ္ဗကာမဒေဝီမိဖုယားကြီးအမှူးရှိသောနှစ်သောင်းလေးထောင်ကုန်သော မင်းမောင်းမ အပေါင်းတို့သည် ခြံရံလျက် ကာမဂုဏ်ငါးပါးကို ခံစား၍ သားတော် အတုလမင်းသားကို ဖွါးတော်မူလျှင် လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ ဆင်ယာဉ်စီးလျက် တောထွက်တော်မူသောအခါ ဗြဟ္မာမင်း ကပ်လှူအပ်သော သင်္ကန်းဖြင့် ရဟန်းပြုတော်မူ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၏။ သုံးသန်း ခုနစ်သိန်းသော ယောကျာ်းတို့သည် ဘုရားလောင်းသို့ အတုလိုက်၍ ရဟန်း ပြုကြကုန်၏။

သိခီမင်းသား ဘုရားလောင်းလည်း ထိုသုံးသန်းခုနစ်သိန်းသော ရဟန်းပရိသတ်တို့သည် ခြံရံအပ်သည် ဖြစ်၍ ရှစ်လပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့်နေ့၌ သုဒဿန နိဂုံး၌ ပိယဒဿီသူဌေးသမီးသည် လှူအပ်သော နို့ဂဏာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် ရှားတော၌ နေ့သန့်တော်မူလျက် အနောမဒဿီ အမည်ရှိသော ရသေ့သည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ယူတော်မူခဲ့၍ သရက်ဖြူပင်ဗောဓိသို့ ချဉ်းကပ်လျက် ကြဲဖြန့်လျှင် သုံးဆဲ့လေးတောင်မြင့်သော ရတနာပလ္လင်ပေါ်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် နေမဝင်မီ မာရ်စစ်သည်အပေါင်းကိုအောင်တော်မူ၍ ပုရိမယာမ်၌ပုဗ္ဗေနိဝါသဉာဏ်;

---

၁-ပြာသာဒ် သုံးဆောင်တို့ အမည်ကား ဗုဒ္ဓဝင်အဋ္ဌကထာ စသည်တို့နှင့် ကွဲလွဲလျက် ရှိသည်။

မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ် အာသဝက္ခယဉာဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တ မဂ်ဉာဏ်သို့ ရောက်သဖြင့် သဗ္ဗညုဘုရား အဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက်ပတ်လုံး ဗောဓိပင်၏ အနီး၌ သီတင်းသုံး နေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား တရားဦး ဟောရပါအံ့နည်း ဟု ကြည့်ရှုတော်မူလျှင် တောထွက်တော်မူစက အတူတကွ လိုက်၍ ရဟန်းပြုကြကုန်သော သုံးသန်း ခုနစ်သိန်းသော ရဟန်းတို့၏ ဥပနိဿယကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဋေတသိန်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမ ဓမ္မာဘိသမယတည်း။

၁ တရံရောအခါ သိဒ္ဓိ မြတ်စွာဘုရားသည် အဘိဘူမင်းသား, သမ္ဘဝမင်းသား နှစ်ယောက်တို့အား တရားအမြိုက် တိုက်ကျွေးတော် မူလျှင် ကုဋေကိုးသောင်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ ဤကား ဒုတိယ ဓမ္မာဘိသမယတည်း။ ။တရံရောအခါ သိဒ္ဓိ မြတ်စွာဘုရားသခင်သည် တန်းခိုးပြာဋိဟာကို ပြတော်မူလျက် တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ကုဋေရှစ်သောင်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား တတိယ ဓမ္မာဘိသမယတည်း။

တရံရောအခါ သိဒ္ဓိ မြတ်စွာဘုရားသည် တသိန်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ပဌမ သာဝက သန္နိပါတတည်း။ ။တရံရောအခါ သိဒ္ဓိမြတ်စွာဘုရားသည် ၇စ်သောင်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ဒုတိယ သာဝက သန္နိပါတတည်း။ ။တရံရောအခါ သိဒ္ဓိ မြတ်စွာဘုရားသည် ခုနစ်သောင်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက်ပြတော်မူ၏။ ။ ဤကား တတိယ သာဝက သန္နိပါတတည်း။

## မြတ်စွာဘုရား အလောင်း အရိန္ဒမ မင်းမြတ် ဗျာဒိတ် ရတော်မူခြင်း။

သိဒ္ဓိမြတ်စွာဘုရား လက်ထက်တော်၌ ငါတို့မြတ်စွာဘုရားအလောင်း တော်သည် အရိန္ဒမ မင်းမြတ်ဖြစ်၍ ခုနစ်ရက်ပတ်လုံး သိဒ္ဓိမြတ်စွာဘုရား အား အလှူကြီးပေး၏။ သိဒ္ဓိမြတ်စွာဘုရားလည်း "သင်သည် ဤကမ္ဘာမှ သုံးဆဲ့တကမ္ဘာထက် ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမဘုရား ဖြစ်လတ္တံ့" ဟု ပြည့်စုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ ။သိဒ္ဓိ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလျှင် အလွန်နှစ်သက်သည်ဖြစ်၍ အရိန္ဒမ မင်း မြတ်သည် ဘုရားဖြစ်ကြောင်း ကောင်းသော ပါရမီတို့ကို ဖြည့်ကျင့် အားထုတ်၏။

---

## သိဒ္ဓိ မြတ်စွာဘုရား လကျာ်ရံ-စသည် အကြောင်း။

သိဒ္ဓိ မြတ်စွာဘုရား၏ လကျာ်ရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင် အဘိဘူ၊ အရှင်သမ္ဗဝတည်း။ လကျာ်ရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်သိဝလာ, အရှင်ပဒုမာတည်း။ ရဟန်းအလုပ်အကျွေးကား အရှင် ခေမင်္ကမ[^1] တည်း။ ဒါယကာယောကျ်ား အလုပ်အကျွေးကား သိဗိဝစ္စ, နန္ဒ နှစ်ယောက်တည်း။ ဒါယိကာမိန်းမ အလုပ်အကျွေးကား စိတ္တာ, သုဂုတ္တာ နှစ်ယောက်တည်း။ ။အရပ်တော်ကား အတောင် ခုနစ်ဆယ် မြင့်တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သိဒ္ဓိမြတ်စွာဘုရား သည် ဝေနေယျသတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

သိဒ္ဓိ မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမ မြတ်စွာ ဘုရား အလောင်းတော် အရိန္ဒမ မင်းမြတ် ဗျာဒိတ် ခံတော်မူဟန် အခန်းအနား ပြီး၏။

---

## ၃၇-ဝေဿဘူ မြတ်စွာဘုရား အကြောင်း။

သိဒ္ဓိ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နောက် လူတို့အသက် ဆုတ်၍ တဘန် လူတို့အသက် ခြောက်သောင်းနေသောကာလ ဝေဿဘူ

[^1]: ၁-ခေမင်္ကရ-ဟု ဗုဒ္ဓဝင်အဋ္ဌကထာ စသည်တို့၌ ရှိသည်။

မြတ်စွာဘုရား အလောင်းတော်သည် တုသိတာ နတ်ပြည်မှ ရွေ့ခဲ့၍ အနောမပြည်၌ သုပ္ပတိတမည်သော မင်းကြီး၏ ယသဝတီ အမည်ရှိသော မိဖုယားကြီးဝမ်းဝယ် ပဋိသန္ဓေနေတော်မူ၍ ဖွါးတော်မူလျှင် မြောက်အရပ်သို့ ခုနစ်ဘဝါး ကြွသွားတော်မူလျက် "အဂ္ဂေါဟမသ္မိလောကဿ" အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်ရောက်သောအခါ ရုစိပြာသာဒ်, သုရုစိ ပြာသာဒ်, ရတိဝဍ္ဎန ပြာသာဒ် ဟူ၍ သုံးဆောင်သော ပြာသာဒ်ထက်၌ သုစိတ္တာဒေဝီ မိဖုယားကြီးအမှူးရှိသော သုံးသောင်းသော မောင်းမ အပေါင်းတို့သည် ခြံရံအပ်သည်ဖြစ်၍ ကာမဂုဏ် ငါးပါးကို ခံစားလျက် သားတော် သုပ္ပဗုဒ္ဓမင်းသားကို ဖွါးမြင်တော်မူပြီးမှ လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ ရွှေထမ်းစင်ဖြင့် တောထွက်တော်မူသော အခါ ဖြဟ္မာမင်းသည် လှူအပ်သော သင်္ကန်းဖြင့် ရဟန်းပြုတော်မူ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၏၊ ခုနစ်သောင်းသော ယောကျ်ားတို့သည်လည်း ဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

ဝေဿဘူမင်းသား ဘုရားလောင်းလည်း ထိုခုနစ်သောင်းသော ရဟန်း ပရိသတ်တို့ဖြင့် ခြံရံလျက် ခြောက်လပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန် လပြည့်နေ့၌ သုစိတ္တနိဂုံးဝယ် သိရိဝဍ္ဎနာ အမည်ရှိသော သူဌေးသမီး [1] သည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍ အင်ကြင်းတော၌ နေ့သန့်တော်မူလျက် ညချမ်းသောအခါ အရိန္ဒ နဂါးမင်းသည် လှူအင်သော မြက်ရှစ်ဆုပ်ကို ယူတော်မူခဲ့၍ အတောင်တရာရှိသော အင်ကြင်းပင်ဗောဓိသို့ ကပ်လျက် ကြဲဖြန့်လျှင် အတောင်လေးဆယ်မြင့်သော ရတနာပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် နေမဝင်မီမာရ်စစ်သည် အပေါင်းကို အောင်တော် မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်,ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တမဂ်ဉာဏ်သို့ ရောက်သဖြင့် သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

---

၁-နဂါးမ-ဟု မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး၌ ရှိသည်။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင်"အနေကဇာတိသံသာရံ" အစရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက်ပတ်လုံး ဗောဓိပင်၏အနီး၌ သီတင်းသုံး နေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား လက်မွန်ရှေးဖျား တရားအမြိုက် တိုက်ကျွေးပါရအံ့နည်း ဟု ကြည့်ရှုတော်မူလတ်သော် ညီတော် သောဏမင်းသား, ဥတ္တရ မင်းသားတို့၏ ဥပနိဿယကို မြင်တော်မူ၍ ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဋေရှစ်သောင်းကုန်သော သူတို့သည် သစ္စာ လေးပါးကို သိကြကုန်၏။ ။ဤကား ပဌမ ဓမ္မာဘိသမယတည်း။

တရံရောအခါ ဝေဿဘူမြတ်စွာဘုရားသည် ဒေသစာရီကြွချီတော်မူလျက် တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ကုဋေခုနစ်သောင်းကုန်သော သူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား ဒုတိယ ဓမ္မာဘိသမယတည်း။ ။တရံရောအခါ ဝေဿဘူမြတ်စွာဘုရားသည် တန်းခိုးပြာဋိဟာကိုပြတော်မူသောအဆုံး၌ ကုဋေခြောက်ဆယ်ကုန်သော သူတို့သည် အကျွတ်တရားကို ရကြကုန်၏။ ။ဤကား တတိယ ဓမ္မာဘိသမယတည်း။

တရံရောအခါ ဝေဿဘူ မြတ်စွာဘုရားသည် ရှစ်သောင်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ပဌမ သာဝက သန္နိပါတတည်း။ ။တရံရောအခါ ဝေဿဘူမြတ်စွာဘုရားသည် ခုနစ်သောင်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ဒုတိယသာဝက သန္နိပါတတည်း။ ။တရံရောအခါ ဝေဿဘူ မြတ်စွာဘုရားသည် ခြောက်သောင်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက်ပြတော်မူ၏။ ။ဤကား တတိယ သာဝက သန္နိပါတတည်း။

---

## မြတ်စွာဘုရားအလောင်း သုဒဿနမင်းမြတ် ဗျာဒိတ် ရတော်မူခြင်း။

ဝေဿဘူ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ ရှင်ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် သုဒဿနအမည်ရှိသော မင်းမြတ်

ဖြစ်၍ ဘုရားအမျှုးရှိသော သစ်ပင်တော်အား သက်နိုးနှင့်တကွသော အလှူ ကြီးကိုပေး၍ ဝေဿဘူမြတ်စွာဘုရားထံ၌ ရဟန်းပြုလေ၏။ဝေဿဘူ မြတ်စွာဘုရားလည်း "သင်သည် ဤကမ္ဘာမှ သုံးဆဲ့တကမ္ဘာထက်၌ ဂေါတမဘုရားဖြစ်လတ္တံ့"ဟု ပြည့်ရုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏၊ သုဒဿနမင်းကြီးလည်း ဘုရားဖြစ်ကြောင်း ကောင်းသော ပါရမီတို့ကို ဖြည့်ကျင့် အားထုတ်၏။

---

## ဝေဿဘူ မြတ်စွာဘုရား-လက်ျာရံ့ စသည် အကြောင်း။

ဝေဿဘူ မြတ်စွာဘုရား၏ လက်ျာရံ့ လက်ဝဲရံ့ အဂ္ဂသာဝကကား အရှင်သောဏ,အရှင်ဥတ္တရတည်း။ လက်ျာရံ့ လက်ဝဲရံ့ အဂ္ဂသာဝိကာ မကား အရှင်ရာမာ, အရှင်သမာလာတည်း၊ ရဟန်းအလုပ်အကျွေးကား ဥပသန္တ မထေရ်တည်း။ ဒါယကာယောကျ်ား အလုပ်အကျွေးကား သောတ္ထိက,ရမ္ဘ နှစ်ယောက်တည်း။ဒါယိကာမိန်းမ အလုပ်အကျွေးကား ဂေါတမီ, သိရိမာ နှစ်ယောက်တည်း။ ။အရပ်တော်ကား အတောင် ခြောက်ဆယ် မြင့်တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဝေဿဘူ မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့အား ထိုက်သည့် အားလျော်စွာ တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံယူတော်မူလေ၏။

ဝေဿဘူ မြတ်စွာဘုရား၏ အဓ္ဓုပ္ပတ္တိနှင့်တကွ ဂေါတမမြတ်စွာ ဘုံရားအလောင်းတော် သုဒဿနမင်းမြတ် ဗျာဒိတ်ခံတော် မူဟန် အခန်းအနား ပြီး၏။

---

ဝေဿဘူ မြတ်စွာဘုရား ပွင့်တော်မူသော ကမ္ဘာနောက် နှစ်ဆဲ့ကိုးကမ္ဘာ လုံးလုံး ဘုရားသုဉ်းပြီးလျှင် ဤဘဒ္ဒကပ်ကမ္ဘာပေါ်လာ၍ ထိုဘဒ္ဒကပ်ကမ္ဘာ၌ ကကုသန်, ကောဏာဂုံ,ကဿပ,ဂေါတမ ဟူ၍ လေးဆူသော ဘုရားတို့သည် ပွင့်တော်မူကြကုန်၏၊အရိမေတ္တေယျဘုရားကား ပွင့်တော်မူလတ္တံ့။

## ၃၀-ကမ္ဘာပျက်ခြင်း အကြောင်း။

ကမ္ဘာပျက်ခြင်းအကြောင်းသည် လောဘ,ဒေါသ,မောဟဟူ၍ သုံးပါး ရှိသည်တွင် သတ္တဝါတို့ လောဘ-အားကြီးသောအခါ မီးဖြင့် ပျက်သည်။

ဒေါသ-အားကြီးသောအခါ ရေ-ဖြင့် ပျက်သည်။ မောဟ-အားကြီးသော အခါ လေ-ဖြင့် ပျက်သည်။

ပျက်ပုံဟန်ကား။ ။မီးခုနစ်ကြိမ်,ရေတကြိမ်၊ဤသို့နှင့်နှင့်ပျက်၍ ခုနစ်ကြိမ်စေ့သောအခါ မီးခုနစ်ကြိမ်, လေ-တကြိမ် ပျက်သည်။ ။ထိုသို့ ပျက်ရာ၌ မီးအကြိမ်ပေါင်းငါးဆဲ့ခြောက်ကြိမ်,ရေအကြိမ်ပေါင်းခုနစ်ကြိမ်, လေတကြိမ်၊ ပေါင်း ခြောက်ဆဲ့ လေးကြိမ် ဖြစ်သတည်း။ ထိုခြောက်ဆဲ့ လေးကြိမ် စေ့သော် ယခင်က နည်းအတိုင်း မီးကစ၍ ခြောက်ဆဲ့လေး ကြိမ်တိုင်အောင် ပျက်ပြန်၏။ ။ထိုသို့ပျက်ရာတွင် မီးဖြင့်အာဘဿရ ဘုံအောက် ပဌမဈာန်ဘုံတို့ကို ကုန်အောင်ပျက်၏။ရေဖြင့် သုဘကိဏှာ ဘုံအောက် ဒုတိယဈာန်သုံးဘုံ, ပဌမဈာန်သုံးဘုံ၊ ဤခြောက်ဘုံတို့ကို ကုန်အောင်ပျက်၏။လေဖြင့် ဝေဟပ္ဖိုလ်ဘုံအောက် တတိယဈာန်သုံးဘုံ, ဒုတိယဈာန်သုံးဘုံ,ပဌမဈာန်သုံးဘုံ၊ဤကိုးဘုံတို့ကို ကုန်အောင်ပျက်၏။ ။ ထိုကြောင့်။

သတ္တသတ္တဂ္ဂိနာ ဝါရာ၊အဋ္ဌမေ အဋ္ဌမေ ဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ဧကော ဝါယုဝရော သိယာ။ ။
အဂ္ဂိနာဘဿရာ ဟေဋ္ဌာ၊အာပေန သုဘကိဏှတော။
ဝေဟပ္ဖလာ စ ဝါတေန၊ဧဝံ လောကော ဝိနဿတိ။ ။

ဟု မိန့်တော်မူကြကုန်၏။

သတ္တသတ္တဝါရာ၊ခုနစ်ကြိမ်,ခုနစ်ကြိမ်။အဂ္ဂိနာ၊မီးဖြင့်။ ဝိနဿတိ၊ပျက်၏။အဋ္ဌမေ အဋ္ဌမေ၊ရှစ်ကြိမ်,ရှစ်ကြိမ်မြောက်၌။ ဒကာ၊ ရေဖြင့်။ ဝိနဿတိ၊ ပျက်၏။ယဒါ၊ အကြင်အခါ၌။ စတုသဋ္ဌိ၊ ခြောက်ဆဲ့လေးကြိမ်။ ပုဏ္ဏာ၊ပြည့်သည်။ဟောတိ၊ ဖြစ်၏။တဒါ၊ ထိုအခါ၌။ ဧကော၊ တခုသော။ ဝါယုဝါရော၊ လေအကြိမ်သည်။ သိယာ၊ဖြစ်ရာ၏။

အာဘဿရာ၊အာဘဿရာဘုံမှ။ဟေဋ္ဌာ၊ အောက်၌။အဂ္ဂိနာ၊ မီးဖြင့်။ဝိနဿတိ၊ ပျက်၏။သုဘကိဏှတော၊ သုဘကိဏှာဘုံမှ။ ဟေဋ္ဌာ၊အောက်၌။ အာပေန၊ရေဖြင့်။ဝိနဿတိ၊ပျက်၏။ ဝေဟပ္ဖလာ၊ဝေဟပ္ဖိုလ်ဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ ဝါတေန၊ လေဖြင့်။ ဝိနဿတိ၊ ပျက်၏။ဧဝံ၊ ဤသို့။ လောကော၊ လောကကြီးတခုလုံးသည်။ ဝိနဿတိ၊ပျက်လေ၏။

မီး ရေ အကြိမ်ပေါင်း ခြောက်ဆဲ့သုံးကြိမ်တွင် လေတကြိမ်ကို ထည့်ရမည်။ မီးရေ အကြိမ်ပေါင်း ခြောက်ဆဲ့လေးကြိမ်ခေ့မှ လေတကြိမ်ကို ထည့်ရမည် မဟုတ်။

**မီးဖျက်သောကမ္ဘာ။** ။ဤဆိုအပ်ခဲ့ပြီးသော ကမ္ဘာ ပျက်ခြင်း အကြောင်း သုံးပါးတို့တွင် သတ္တဝါတို့ လောဘ အားကြီးသော အခါ မီးဖြင့် ကမ္ဘာ ပျက်လတ္တံ့သည် ရှိသော် မပျက်မီ ရှေးအတို့ အနှစ် တသိန်းကပင် လောကဗျူဟာ, ကာမာဝစရ နတ်သားသည် ဆံပင်ကို ဖရိုဖရဲကြဲလျက် မသာမကြည် မျက်ရည် ပြည့်လျှမ်းသော မျက်နှာကို ဖြစ်စေ၍ နီသော အဝတ်ကို ဝတ်ပြီးသော အခါ မတင့်တယ်သော အဆင်းကို ဆောင်ပြီးလျှင် လူတို့၏ သွားလာသော ခရီးသို့ လှည့် လည်၍ "အိုလူများအပေါင်းတို့, ဤလောကကြီးသည် နောက်ကို အနှစ် တသိန်း လွန်လျှင် ကမ္ဘာ ပျက်လတ္တံ့၊ လူအပေါင်းတို့ သည်လည်း ပျက်စီးကုန်လတ္တံ့၊သမုဒ္ဒရာ သိတာအိုင်အခင်း မြင်းမိုရ်စကြဝဠာ၊ဟေမ ဝန္တာ တောတောင်မကြွင်း ပျက်စီးခြင်းသို့ ရောက်ကုန်လတ္တံ့၊သင်တို့ သည် မေတ္တာ,ကရုဏာ,မုဒိတာ, ဥပေက္ခာ ဟု ဆိုအပ်သော ဗြဟ္မဝိုရ တရားကို ပွါးများကြကုန်လော့။အလှူပေးခြင်း သီလဆောက်တည်ခြင်း ဆရာသမား ဘိုး ဘွား မိဘ စသောသက်ရွယ် ကြီးရင့်သူတို့အား ရိုသေ ခြင်းစသည်တို့ကို ပြုကြကုန်လော့"။ ဤသို့ဘသည်ဖြင့် လောကဗျူဟာ ကာမာဝစရ နတ်သားသည် များစွာသော ခရီးတို့၌ လှည့်ပတ်၍ နှိုးဆော် တိုက်တွန်းလေ၏။

ထိုအခါ လူအများတို့သည် ထိတ်လန့်ခြင်း သံဝေဂဖြစ်၍ မေတ္တာ, ကရုဏာ စသော ဗြဟ္မဝိုရတရားတို့ကို ပွါးများခြင်းစသော ကုသိုလ် ကောင်းမှုကို ပြုကြကုန်သဖြင့် အချို့သော လူတို့သည် မီးလွတ်သော ဗြဟ္မာ့ပြည်သို့ တစတစ ရောက်ကြကုန်၏။ အချို့သော လူတို့သည် နတ်ပြည်သို့ နတ်ပြည်မှ တဘန် မီးလွတ်သော ဗြဟ္မာ့ပြည်သို့ ရောက်ကြ လေကုန်၏။နတ်ပြည်၌ရှိသော နတ်တို့သည်၎င်း, မီးမလွတ်သော ဗြဟ္မာ့ ပြည်၌ရှိသော ဗြဟ္မာတို့သည်၎င်း, မီးလွတ်သော ဗြဟ္မာ့ပြည်သို့သာ တစတစ ရောက်ကြလေကုန်၏။အပါယ်လေးဘုံ၌ရှိသော သတ္တဝါတို့သည် လည်း မိမိတို့ ကံအားလျော်စွာ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်သို့ချည်း တစတစ ရောက်ကြလေကုန်၏၊ အကုသိုလ်ကြီးလှသော နိယတမိစ္ဆာဒိဋ္ဌိ

အလယ်ရှိသော ငရဲသူတို့မှာမူကား စကြဝဠာ ကုဋေတသိန်းအတွင်း ကမ္ဘာ ပျက်၍ ငရဲဘုံမရှိသော်လည်း ရှိရာ တပါး စကြဝဠာသို့ ပြောင်း၍ ခံကြရ လေ၏။ တပါးသော စကြဝဠာ၌လည်း ထိုကဲ့သို့ ပျက်၍ ငရဲဘုံ မရှိခဲ့သော် ကောင်းကင်အပြင်သို့ တက်၍ ခံရလေ၏။ ။ဤသို့လျှင် ဆိုအပ်ပြီးသော နည်းဖြင့် လောကဗြူဟာ နတ်သား ကြွေးကြော်ပြီးနောက် အနှစ်တသိန်း လွန်သောအခါ စကြဝဠာ ကုဋေတသိန်းကို လွှမ်းမိုး၍ ကမ္ဘာပျက် မိုးကြီး ရွာသည်ရှိသော် ကြွင်းကျန်ရစ်သော သူတို့သည် ဝမ်းသာ အားရ ဗိုက်ပျိုးကြ၍ ကောက်ပင်တို့သည် နွားစားလောက်အောင် ပမာဏ ရှိသောအခါ အာကာသ ကောင်းကင်ပြင်က ပြင်းစွာသော မြည်း၏ ဟီသံ ကဲ့သို့ ဟီ၍ အနှစ်တသိန်း ကာလပတ်လုံး မိုးမရွာဘဲ ခေါင်၍ နေလေ၏။ ထိုအခါ အစာအာဟာရကို မှီ၍နေသော ကြွင်းကျန်ရစ်သော သတ္တဝါတို့ သည်လည်း ရတော၍ ဖြဟ္မာ့ပြည်သို့ တစတစ ရောက်ကြ လေကုန်၏။ သစ်ပင် တော တောင်တို့သည်လည်း သွေ့ခြောက်လေကုန်၏။

ပကတိ ထွန်းတောက်ပသော နေနတ်သားလည်း ဈာန်တရားကို ပွါး၍ မီးလွတ်သော ဗြဟ္မာ့ပြည်သို့ ရောက်လေ၏။ပကတိ ထွန်းတောက်ပ မြဲဖြစ်သော နေမရှိလျှင် ကမ္ဘာကို ဖျက်တတ်သော ပြင်းသော အရှိန်အဝါ ရှိသော နေနှစ်စင်းသည် တစင်းဝင်လျှင် တစင်းထွက်၍ ညဥ့်ဟူ၍မရှိ၊ နေ့အတိသာ ဖြစ်လေ၍ မြစ်ငယ် ချောင်းငယ် အိုင်ငယ်တို့သည် ခန်း ခြောက်လေကုန်၏။ထို့နောင် ကာလရှည်ကြာသဖြင့် တစင်းတိုး၍ သုံးစင်း ထွက်သောအခါ ငါးဖြာသော မြစ်ကြီးတို့သည် ခန်းခြောက်လေကုန်၏။ ထို့နောင် ကာလရှည်ကြာသဖြင့် တစင်းတိုး၍ လေးစင်း ထွက်သောအခါ အိုင်ကြီး ခုနစ်အိုင်တို့သည် ခန်းခြောက် လေကုန်၏။ ထို့နောင် ကာလရှည် ကြာသဖြင့် တစင်းတိုး၍ ငါးစင်းထွက်သောအခါ မဟာသမုဒ္ဒရာ သီတာ ခုနစ်တန်တို့သည် ခန်းခြောက်လေကုန်၏။ ထို့နောက် ကာလ ရှည်ကြာ သဖြင့် တစင်းတိုး၍ ခြောက်စင်း ထွက်သောအခါ စကြဝဠာ ကုဋေ တသိန်းလုံးသည် အခိုး ထောင်းထောင်းထ၍ အစိတ်အစိတ် ကွဲအက် ကုန်၏။ ထို့နောင် ကာလရှည်ကြာသဖြင့် တစင်းတိုး၍ ခုနစ်စင်းထွက်သော အခါ စကြဝဠာ ကုဋေတသိန်းအတွင်း၌ မြင်းမိုရ်တောင်မှစ၍ ပဥ္စမဈာန် သုံးဘုံတိုင်အောင် အလျှံတပြောင်ပြောင် ထ၍ လောင်လေ၏။ ထိုမီးလျှံ သည် ကာလ ရှည်ကြာသဖြင့် စကြဝဠာ ကုဋေတသိန်း အတွင်းတွင်

အထက်၌၎င်း,အောက်၌၎င်း လောင်စရာမရှိမှ တစတစ ငြိမ်းလေသဖြင့် အထက်ကောင်းကင် အောက်ကောင်းကင် ဟင်းလင်းအတိ ဖြစ်လေကုန်၏။

ဤသို့လျှင် ဆိုအပ်ပြီးသောနည်းဖြင့် မီးပျက်သောကမ္ဘာ၌ ကမ္ဘာပျက်ခိုယ်းရွာသည်မှ စ၍ မီးလျှံစဲသည်တိုင်အောင်သော ရှည်ကြာလှစွာသော ကာလသည် တခုသော အသင်္ချေယျ သံဝဋ္ဋကပ် မည်၏။ ။ဤကား သတ္တဝါတို့ လောဘအားကြီးသောအခါ မီးဖြင့် ကမ္ဘာပျက်ဟန်တည်း။

**ရေပျက်သော ကမ္ဘာ။** ။သတ္တဝါတို့ ဒေါသ အားကြီးသောအခါ ရေဖြင့် ကမ္ဘာပျက်လတ္တံ့သည်ရှိသော် ယခင်ကနည်းအတိုင်း လောကဗျူဟာနတ်သား ကြွေးကြော်ပြီးနောက် ၎င်းနည်းပင် သတ္တဝါတို့ ရေလွတ်သော ဖြဟ္မာ့ပြည်သို့ ရောက်ကြကုန်၍ အနှစ်တသိန်း လွန်သောကာလ ကမ္ဘာပျက်ခိုယ်းကြီး သည်းထန်စွာ စကြဝဠာ ကုဋေတသိန်း ပြည့်အောင် ရွာ၍ ပဌမဈာန် သုံးဘုံ, ဒုတိယဈာန် သုံးဘုံကို ဆားငံရေအတိ ပြည့်စေလျက် စကြဝဠာ ကုဋေတသိန်း အတွင်း၌ရှိသော မြင်းမိုရ်တောင်,သတ္တရဘန် စသော လောကဓာတ်အလုံးသည် မှုန့်မှုန့်ညက်ညက် ကြေပျက်ပြီးနောက် ထိုဆားငံရေသည် ကာလ ရှည်ကြာလတ်သောအခါ တစတစ ခန်း၍ အထက်ကောင်းကင် အောက်ကောင်းကင် ဟင်းလင်း အတိသာ ဖြစ်လေ၏။

ဤသို့လျှင် ဆိုအပ်ပြီးသောနည်းဖြင့် ရေပျက်သောကမ္ဘာ၌ ကမ္ဘာပျက်ခိုယ်းရွာသည်မှစ၍ ဆားငံရေ ခန်းသည်တိုင်အောင်သော ရှည်ကြာလှစွာသော ကာလသည် တခုသော အသင်္ချေယျ-သံဝဋ္ဋကပ် မည်၏။ ။ ဤကား သတ္တဝါတို့ ဒေါသ အားကြီးသောအခါ ရေဖြင့် ကမ္ဘာပျက်ဟန်တည်း။

**လေပျက်သော ကမ္ဘာ။** ။သတ္တဝါတို့ မောဟ အားကြီးသောအခါ လေဖြင့် ကမ္ဘာပျက်လတ္တံ့သည်ရှိသော် ယခင်ကနည်းအတိုင်း လောကဗျူဟာနတ်သား ကြွေးကြော်ပြီးနောက် ၎င်းနည်းပင် သတ္တဝါတို့ လေလွတ်သော ဖြဟ္မာ့ပြည်သို့ ရောက်ကြကုန်၍ အနှစ်တသိန်း လွန်သောကာလ ကမ္ဘာပျက် မိုယ်းကြီးသည် စကြဝဠာ ကုဋေတသိန်း နှံ့အောင် ရွာပြီးနောက် မရွာဘဲ နေသောအခါ ကမ္ဘာပျက်လေ ထလတ်၍ မြူ, အမှိုက်,

ကျောက်စစ်,သဲနု, သဲကြမ်း, တောင်ထွတ်,သစ်ပင် စသည်တို့ကို မှုန့်မှုန့် ညက်ညက် ဖျက်ဆီး၍ ကောင်းကင်သို့ လွင့်လိုက်၏။ ။ထို့နောင် မြေ၏ အောက်အာကာသဓာတ်မှ လေဖြင့် ထလတ်၍ မြေကို အောက်အထက် ပြောင်းပြန်လှန်၍ ကောင်းကင်သို့ လွင့်လိုက်သဖြင့် ထိုမြေသည် ယူဇနာ တရာခန့်,တထောင်ခန့်, အစိတ်အစိတ်ကွဲ၍ ဖရိုဖရဲ ကြဲလေသဖြင့် မှုန့်မှုန့် ညက်ညက် ကြေလေ၏။ မြင်းမိုရ်,သိတာ, သတ္တရဘန် စသော လောက ဓာတ်, နတ်ပြည် ဗြဟ္မာဘုံ, ပဌမဈာန် သုံးဘုံ, ဒုတိယဈာန် သုံးဘုံ, တတိယဈာန် သုံးဘုံ၊ ဤကိုးဘုံတို့ကိုလည်း မှုန့်မှုန့်ညက်ညက် ဖျက်ဆီး လေပြီးနောက် ထိုကမ္ဘာပျက်လေသည် ကာလရှည်ကြာသဖြင့် တစတစ အားနည်း ပျောက်ပျက်၍ အထက်ကောင်းကင် အောက်ကောင်းကင် ဟင်းလင်းအတိသာ ဖြစ်လေ၏။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် လေပျက်သော ကမ္ဘာ၌ ကမ္ဘာ ပျက်မိုဃ်း ရွာသည်မှစ၍ လေငြိမ်းသည့်တိုင်အောင် ရှည်ကြာလှစွာသော ကာလသည် တခုသော အသင်္ချေယျ သံဝဋ္ဋကပ် မည်၏။ ။ဤကား သတ္တဝါတို့အား မေဟာ အားကြီးသောအခါ လေဖြင့် ကမ္ဘာပျက်ဟန် တည်း။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မီး, ရေ, လေ,အားဖြင့် သုံးပါးတို့ တွင် မီးဖြင့်ပျက်၍ မီးငြိမ်းပြီးနောက် အထက်ကောင်းကင် အောက် ကောင်းကင် ဟင်းလင်း အမိုက်အတိဖြစ်၍ တကပ်လုံး တည်ပြီးလျှင် ကမ္ဘာပြုမိုဃ်းသည် ဆီးနှင်းဖွဲ ပမာဏမှစ၍ တစတစ တိုးပြီးသောအခါ၊ တယူဇနာ နှစ်ယူဇနာမျှ ကြီးစွာသော မိုဃ်းပေါက်ဖြင့် ရွာ၍ ပျက်လေပြီး သော ကုဋေတသိန်းသော လောကဓာတ်အတွင်း အထက်အောက် ပြည့် အောင် ရွာလေသဖြင့် ထိုရေသည် အောက်အဇဋာကာသ ကောင်းကင်မှ လေသည်၎င်း, ကုဋေတသိန်းသော စကြဝဠာပြင်မှ လေသည်၎င်း, ခံလင့် သောကြောင့် အောက်သို့၎င်း, ကုဋေတသိန်းသော စကြာဝဠာပြင်ဘက် သို့၎င်း မလျှောမကျ မထွက်မသွားဘဲ တလုံးတခဲတည်းဖြစ်၍ ခဲ-မြက်-ဖွဲ- ကြွင်းကျန်ရစ်သော ဗြဟ္မာ့ဘုံသို့ ဆိုက်လျက် တည်လေ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် မီးငြိမ်းပြီးနောက် အထက် ကောင်းကင် အောက်ကောင်းကင် ဟင်းလင်း အမိုက်အတိ ဖြစ်သည်မှစ၍ ကမ္ဘာပြု

ရှိယင်းကြီး သည်းထန်စွာ ရွာသည်တိုင်အောင် ရှည်မြင့်လှစွာသော ကာလ သည် တရသော အသင်္ချေယျ သံဝဋ္ဋဋ္ဌာယီကပ် မည်၏။

---

## ကမ္ဘာ တည်ခြင်း အကြောင်း။

ထိုကုဋေတသိန်းသော စကြဝဠာအတွင်း အထက်အောက် တင်းကျမ်း ပြည့်အောင် တည်သော ရေသည် လေခတ်သဖြင့် တစတစ ခန်းခြောက် သည်ရှိသော် ပျက်လေပြီးသော ဗြဟ္မာဘုံ,အထက်နတ်ပြည် လေးထပ်တို့ သည် အထက်မှစ၍ အစဉ်အတိုင်း တည်မြဲတိုင်းသော အရပ်၌ တည်ကြ လေကုန်၏။စတုမဟာရာဇ်, တာဝတိံသာဘုံတို့မှာ မြင်းမိုရ်တောင်ပေါ်မှ တည်၏။ ။ထိုရေသည်လည်း ဆိုအပ်ပြီးသောနည်းဖြင့် လေခတ်ဖန် များသဖြင့် ခန်း၍ ပကတိ မြေတည်ရာ အရပ်သို့ ရောက်လျှင် ထိုလေကို အထက်လေ အောက်လေညှပ်၍ ခတ်သည်ရှိသော် ခန်းခြောက်၍ မိမိ ပကတိ တည်မြဲတိုင်းသော အရပ်၌ ထု လေးသိန်း ရှစ်သောင်း ရှိသော ရေသည် ကိုးသိန်း ခြောက်သောင်း အထုရှိသော လေ၏အထက်၌ စကြ ဝဠာ ကုဋေတသိန်းလုံးကို နှံ့၍ တည်လေ၏။ ထိုရေ၏ အထက်၌ အဆင်း အနံ့ အရသာနှင့် ပြည့်စုံသော ထောပတ်ဆီဦးနှင့် တူသော နှစ်သိန်း လေးသောင်း အထုရှိသော မြေကို ထိုရေသည် ဖြစ်စေသဖြင့် ထိုမြေသည် လည်း ကုဋေတသိန်းသော စကြဝဠာအတွင်း၌ တပြင်တည်းဖြစ်၍ တည် လေ၏။ထိုသို့တည်ရာတွင် ခပ်သိမ်းသော ဘုရားရှင်တို့၏ ပွင့်ရာ ဗောဓိပင် ပလ္လင်ရာသည် တည်သောအခါလည်း ရှေးဦးစွာ တည်သည်။ ပျက်သော အခါလည်း နောက်မှ ပျက်သည်။ ။ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ,အရိမေတ္တေယျ ဟူ၍ ငါးဆူသော ဘုရားရှင်တို့ ပွင့်တော်မူလတ္တံ့ ဖြစ်သော ဗောဓိပင် ပလ္လင်တော်ရာ၌ ငါးရသော ကြာပွင့်တို့ဖြင့် တန်းဆာ ဆင်လျက် တရသော ကြာရုံသည် ပေါက်လာ၏။

သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့မှာလည်း ထိုကြာရုံ၌ ကြာပွင့်ပါလျှင် ဤ ကမ္ဘာ၌ ဘုရားပွင့်လတ္တံ့၊တပွင့်ပါလျှင် တဆူ ပွင့်လတ္တံ့၊ နှစ်ပွင့်,သုံးပွင့်, လေးပွင့်,ငါးပွင့်ပါလျှင် နှစ်ဆူ,သုံးဆူ,လေးဆူ,ငါးဆူ ပွင့်လတ္တံ့ ဟု အမှတ် သင်္ကေတ ရှိကြကုန်သည်ဖြစ်၍ ကမ္ဘာဦး ပေါ်စပေါ်စတိုင်း၌ပင် ဗောဓိပင် နှင့် ပလ္လင်တော်ရာသို့ လာ၍ကြည့်ကြကုန်လျှင် ကြာရုံ၌ ကြာပွင့်မပါသည်

ဖြစ်အံ့၊ ဤလောကအပေါင်းသည် အရိုက်တိုက်ကြီး ဖြစ်လတ္တံ့၊ သေကုန်သေကုန်သော သတ္တဝါတို့သည် အပါယ်သို့ လားကြကုန်လတ္တံ့၊နတ်ပြည်ခြောက်ထပ်ကိုးရပ်သော ဗြဟ္မာ့ဘုံတို့သည် ဆိတ်လတ္တံ့ဟု နှလုံးမသာမယာ ဖြစ်ကုန်၏။ပွင့်သောကြာကို မြင်လျှင် ဘုရားလောင်းတို့သည် အမိဝမ်း၌ ပဋိသန္ဓေ နေသောအခါ, ဖွါးသောအခါ, ဘုရား ဖြစ်သောအခါ, ဓမ္မစကြာတရားတော်ကို ဟောသောအခါ, တန်းခိုးပြာဋိဟာကို ပြသောအခါ, နတ်ပြည်မှ သက်သောအခါ, အာယုသင်္ခါရ လွှတ်သောအခါ, ပရိနိဗ္ဗာန်စံသောအခါတို့၌ တသောင်းသော စကြာဝဠာတုန်လှုပ်ခြင်း အစရှိသော တန်းခိုးပြာဋိဟာကို မြင်ရကုန်လတ္တံ့၊ အပါယ်လေးပါး တံခါးပိတ်လတ္တံ့၊နတ်ဘုံ ဗြဟ္မာ့ဘုံသို့ ရောက်ကြကုန်လတ္တံ့ ဟု ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏။

ဤဘဒ္ဒကပ် ကမ္ဘာ ပေါ်ဦးစကလည်း သုဒ္ဓါဝါသဗြဟ္မာကြီး တို့သည် "အချင်းတို့လာကြကုန်၊ပုဗ္ဗနိမိတ်ကို ကြည့်ကြကုန်အံ့"ဟုဆို၍ လာလျက် ဗောဓိပင်နှင့် ပလ္လင်တော်ရာကို ကြည့်ကြကုန်လျှင် တရသော ကြာရုံ၌ ငါးစုံသော ကြာပွင့်တို့ကို မြင်၍ "ဤကမ္ဘာကား ဘုရား ငါးဆူပွင့်လတ္တံ့" ဟု နိမိတ်ဘတ်ပြီးလျှင် "နတ်ပြည်ခြောက်ထပ် ကိုးရပ်သောဗြဟ္မာ့ပြည်တို့သည် ပြည့်ကုန်လတ္တံ့" ဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူး၍ ဗြဟ္မာ့ပြည်သို့ ပြန်ကြလေကုန်၏။ ။ဤကမ္ဘာကိုလည်း ငါးဆူသော ဘုရားတို့ဖြင့် တန်းဆာဆင်၍ ကောင်းသောကမ္ဘာဖြစ်သောကြောင့် ဘဒ္ဒကပ်ကမ္ဘာ ဟု ပညတ်တင်ထား ကြကုန်၏။ ။ထို့ကြောင့် သုတ်မဟာဝါ မဟာပဒါနသုတ် အဘွင့်တွင် "ဘဒ္ဒကပ္ပေတိ ပဉ္စဗုဒ္ဓုပ္ပါဒမဏ္ဍိတတ္တာ သုန္ဒရကပ္ပေ" ဟူ၍၎င်း။ ။"အညေပိ ပါကဋံ ဟောတိ တေသံ သုဒ္ဓါဝါသဗြဟ္မာနံ"အစရှိသည်ဖြင့်၎င်း လာသည်။ ။ပလိပ်စား ဧချင်းတွင်လည်း။

ရှေးတည် နှောင်းပျက်၊ အောင်မြေချက်ဝယ်၊ မြစ္ဆက်ပဒုံ၊ ရှစ်စုံငါးပွင့်၊ ဆင့်ရ
ရင့်ကြောင့်၊ဘုံမြင့်မိုးသူ၊နိမိတ်ယူ၍၊ငါးဆူပွင့်ရာ၊ မည်သာဘဒ္ဒ၊ သမိုက်ကြရှင့်-

ဟု စပ်ဆိုလေသည်။ ။မင်းရဲဒိဗ္ဗ ဧချင်းတွင်လည်း။

သီတာ မြရည်၊ ဆန်းလ တည်သော်၊ ငါးမည်ဘုံထွတ်၊ ကိုယ်တော်ဝတ်နှင့်၊
သတပတ်ရွှေကြာ၊ နိမိတ်လာက၊ ဗြဟ္မာဇမော်ကွန်း၊ တင်ပြဋ္ဌာန်းရှင့်၊ ကြဋ္ဌနန်း
ငါးဆင့်၊ငါးကြိမ်ပွင့်၍၊ဆုံးချင့်မရ၊အနန္တ၌၊ဘဒ္ဒကမ္ဘာ၊ထိုတိုက်သာလျှင်-

ဟု စပ်လေသည်။ ။ဆဲ့နှစ်ရာသီ လူးတားတွင်လည်း။

**သပြေဇမ္ဗူ၊ မြရိပ်လူ၍၊ ငါးဆူပွင့်ချိပ်၊ ဘဒ္ဒကပ်ဟု၊ ငါးချိပ် ကြာဖူး၊ နိမိတ် ကျူးသား။**

ဟု စပ်ဆိုလေသည်။

---

## နေ-လ-ပေါ်လာခြင်း။

ထိုသို့ ဗောဓိပင်ပလ္လင်ရာမှ စ၍တည်သောအခါ အာဘဿရာဘုံမှ ချေးဖြစ်သော ဗြဟ္မာကြီးတို့သည် အသက်ကုန်သဖြင့်၎င်း ကံကုန်သဖြင့်၎င်း ရုတောခဲ့၍ ကုဋေတသိန်းသော စကြဝဠာမြေအပြင်၌ ကိုယ်ထင် ဥပပတ် ပဋိသန္ဓေနေ၍ မိမိတို့၏ ကိုယ်ရောင်ကိုယ်ဝါဖြင့် ကောင်းကင်၌ ငှက်ကဲ့သို့ ပျံသွားလျက် ပီတိတည်းဟူသော အစာအာဟာရရှိသည် ဖြစ်၍ ရှည်မြင့်စွာသော ကာလပတ်လုံး တည်နေကြကုန်၏၊ ထိုသူတို့သည် ရှေးဦးစွာ သဠာဝါဟူ၍သော ရေတွက်ခြင်းသို့ရောက်ကုန်၏၊ ထိုသဠာဝါတို့တွင် လျှပ်ပေါ်လော်လည်ခြင်းနှင့် ပြည့်စုံသော သဠာဝါတယောက် သည် "အိုအချင်းတို့,ဤရသ ပထဝီသည် အလွန်ကောင်းသော အဆင်း သင်းပျံ့မွှေးကြိုင်သော အနံ့နှင့် ပြည့်စုံသည်ဖြစ်၍ ချိုဘိမ့်မွန်မြတ်သော ရသဂုဏ်ထူးလည်း ရှိတန်ရာ၏၊စမ်းသပ်သုံးဆောင်ကြကုန်အံ့"ဟု ဆိုပြီး လျှင် လက်ဖြင့်ယူငင်၍ လျက်သည်ရှိသော် အရသာကို ဆောင်သော ခနစ်ထောင်သော အကြောကို နှံ့၍တည်သဖြင့် ထိုရသပထဝီ၌ တပ်နှစ် သက်ခြင်း တဏှာသို့သက်သည်ဖြစ်၍ အလုပ်အလုပ် ဆုပ်၍စားလေ၏။ ကြွင်းသော သဠာဝါတို့သည်လည်း ထိုသဠာဝါသို့ အတုလိုက်၍ ရသ ပထဝီကို အလုပ်လုပ် ဆုပ်ခါဆုပ်ခါ စားကြလေကုန်၏။ ထိုသို့စားသော အခါ ကိုယ်ရောင်ကိုယ်ဝါ တို့သည် ကွယ်ပျောက် လေကုန်သဖြင့် မှောင်အတိ ဖြစ်လေရကား ကမ္ဘာဦးသူတို့ ထိတ်လန့်ကုန်သည်ဖြစ်၍ "ငါတို့အား အလင်းကိုရပါမူ ကောင်းလေစွ"ဟု တောင့်တ၍ နေကုန်စဉ် ထိုကမ္ဘာဦးသူတို့အား ရဲရင့်ခြင်းကို ဖြစ်စေ၍ နေဝန်းသည် အရှေ့လော ကာဓာတ်မှ ပေါ်ထွက်လာသဖြင့် သက်သာရာ ရကြကုန်၍ ထိုနေမင်း ကိုလည်း မိမိတို့အား ရဲရင့်ခြင်းကို ဖြစ်စေတတ်သောကြောင့် သူရိယ- ဟူသော အမည်ပညတ်ဖြင့် အမှတ်ပြုကြကုန်၏။

ထိုသူရိယ အမည်ရှိသော နေမင်းသည် နေ့အခါကို ထွန်းလင်းတောက်ပ၍ ဝင်လတ်သောအခါ အခိုက်အတံဖြစ်ပြန်လာ၍ "ငါတို့အား တပါးသော အရောင်အလင်းကို ရပါမူကား ကောင်းလေစွ" ဟု တောင့်တ၍ ကြံကြကုန်စဉ် ထိုကမ္ဘာဦးသူတို့၏ ဆန္ဒကို သိသကဲ့သို့ လဝန်းသည် နက္ခတ်တာရာ အပေါင်းဖြင့် ခြံရံလျက် အရှေ့လောကဓာတ်မှ တပေါင်းလပြည့်နေ့၌ ပေါ်ထွက်လာသဖြင့် သက်သာရာ ရကြကုန်၍ ထိုလမင်းကို မိမိတို့ အလိုဆန္ဒကို ပြည့်စေတတ်သောကြောင့် ဆန္ဒ-ဟူ၍၎င်း,စန္ဒ-ဟူ၍၎င်း အမည်ပညတ်ဖြင့် အမှတ်သင်္ကေတ ပြုကြကုန်၏။ ။ဤသို့လျှင် တပေါင်းလပြည့်နေ့၌ နေ-လ-နက္ခတ်တို့ပေါ်လာသည်နှင့် တပြိုင်နက်လျှင် ကုဋေတသိန်းသော စကြဝဠာမြေပြင်၌ ကုဋေတသိန်းသော စကြဝဠာမြင်းမိုရ် တောင်စဉ်ခုနစ်ထပ် သီတာခုနစ်တန်,စတုမဟာရာဇ်, တာဝတိံသာ နတ်ပြည်တို့သည်၎င်း၊ ကျွန်းကြီး လေးကျွန်း, သမုဒ္ဒရာ လေးစင်း, ထိုထိုတောတောင် ဟူသမျှသော လောကဓာတ် အပေါင်းတို့သည်၎င်း၊ တပေါင်းတည်း ဖြစ်ကြ လေကုန်၏။ ။ဤကဲ့သို့ ဖြစ်သည်ကို ရည်၍ ဘူရိဒတ် ဇာတ်ပေါင်းလင်္ကာတွင်။

> ကမ္ဘာဦးသူ၊ မှောင်မိုက်ဟူ၍၊ အူအူသောင်းသောင်း၊ ဆုမှားတောင်းသော်၊ တပေါင်းမာသ၊ လပြည့်ဝ၌၊ စန္ဒ-သူရိယာ၊ ရောင်ဝါမလစ်၊အသစ်စက်စက်၊ ပေါ်ထွက်သနေ့၊အရှေ့နှီးဆော်၊ညီစေခေါ်သို့၊ ရေပေါ်လွှလွှ၊ပုပ္ဖလတို့၊ ထူပထူပါ၊စုံ့တက်ရာကား၊သေလာပဗ္ဗတ၊ တောင်ဖြစ်ကြ၏၊ နိန္ဓ-နိန္ဓာ၊ ပိဋ္ဌရာရာကား၊မဟာအဏ္ဏဝ၊ မြစ်ဖြစ်ကြ၏၊ သမသမာ၊ ညီညွတ်ရာကား၊လေးဖြာဒီပ၊ ဖြစ်ကြကုန်ရှောင်း၊ ဤအကြောင်းကို၊ကောင်းကောင်းမှတ်လေ၊အထွေအပြား၊ ပုံမှားတစီ၊ မစွမ်းငြီလင့်။

ဟု စပ်ဆိုလေသည်။

> ဤအရာ၌ နေ-လ-နက္ခတ်၊မြင်းမိုရ်, သီတာ,စကြဝဠာ စသည်တို့၏ ဖြစ်ပုံသဏ္ဌာန ပမာဏတို့ကိုဆိုလျှင် ဂန္ထဂရု ဖြစ်မည်ကို စိုးသောကြောင့် စကားစဉ်မျှသာ ဆိုလိုက်သည်။ အကျယ်ကိုလိုလျှင် သာရတ္ထဒီပနီ ဋီကာကျမ်း, ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်း,အင်္ဂုတ္တိုရ်ပါဠိတော်, အဋ္ဌကထာ, ကပ္ပဝဏ္ဏနာ စသော ကျမ်းတို့မှာ ကြည့်ရှု၍ သိကြလေကုန်။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကမ္ဘာပြုရိယ်းကြီး သည်းထန်စွာ ရွာသည်မှ နေ လ-နက္ခတ်တို့ ပေါ်သည်တိုင်အောင် ရှည်မြင့်စွာသော ကာလသည် တခုသော အသင်္ချေယျ ဝိဝဋ္ဋကပ် မည်၏။ ။နေ-လ-နက္ခတ်ပေါ်သည်မှစ၍ ကမ္ဘာပျက်မိုးရွာသည်တိုင်အောင် ရှည်မြင့်စွာသော ကာလသည် တခုသောအသင်္ချေယျ ဝိဝဋ္ဋဋ္ဌာယီကပ်မည်၏။ ။ ရေ၊လေ၊ပျက်သော ကမ္ဘာတို့မှာလည်း နောက်ဆုံးကပ်မှာ အထူးမရှိ၊ အတူတူပင်။

---

## မိန်းမ-ယောကျ်ား ထင်ရှားဖြစ်လာခြင်း။

ရသပထဝီကိုစား၍ နေ-လ-နက္ခတ်တို့ ပေါ်လာပြီးနောက် အချို့အချို့သော အရပ်၌ အချို့အချို့သောသူတို့သည် အဆင်းလှကုန်၏။ အချို့အချို့သော သူတို့သည် အဆင်းယုတ်ညံ့ကုန်၏၊ အဆင်းလှသော သူတို့သည် အဆင်းယုတ်ညံ့သော သူတို့ကို ရှုတ်ချ၍ ဤလူတို့သည် ငါတို့အောက် အဆင်းယုတ်၏။ ငါတို့သည် ဤလူတို့ထက် အဆင်းသာလွန်၏ဟု မာနထောင်လွှားကြကုန်သဖြင့် ရသပထဝီ ကွယ်ပျောက်လေသော် ထိုအခါ ကမ္ဘာဦးသူတို့သည် ရုံး၍ နှလုံးမသာမယာ ဖြစ်ကြကုန်၍ "ယခု ငါတို့မှာ ရသပထဝီ ကွယ်ခဲ့ပြီ"ဟု ညည်းညူကြကုန်လျှင် အဆင်းအနံ့ အရသာနှင့် ပြည့်စုံသော မြေလွှာသည် ပေါ်လာသဖြင့် ထိုမြေလွှာကို ယူ၍ စားသောက်ကြကုန်၏။ထိုမြေလွှာကို စားဘန်များသဖြင့် ယခင်က နည်းအတိုင်း မာန်မာနထောင်လွှားပြီးလျှင် ထိုမြေလွှာလည်း ကွယ်လေ၍ ယခင်က နည်းအတိုင်း ရုံးလျက် နှလုံးမသာမယာ ဖြစ်ကြကုန်၍ "မြေလွှာသည် ကွယ်ခဲ့ပြန်ပြီ"ဟု ညည်းညူကြကုန်လျှင် အဆင်းအနံ့အရသာနှင့် ပြည့်စုံသော ပဒါလတာ မည်သော နွယ်ချိုသည် ပေါ်လာသဖြင့် ထိုပဒါလတာ နွယ်ချိုကို အလိုရှိတိုင်းယူ၍ စားကြကုန်လျှင် ထိုပဒါလတာ မည်သော နွယ်ချိုသည်လည်း ယခင် ဆိုခဲ့ပြီးသော နည်းဖြင့် မာန်မာနထောင်လွှားကြကုန်လျှင် ကွယ်ပြန်လေ၏။ ထိုအခါ၌လည်း ကမ္ဘာဦးသူတို့သည် "ငါတို့မှာ ပဒါလတာ မည်သော နွယ်ချိုသည်လည်း ကွယ်ခဲ့ပြန်ပြီ"ဟု ရုံး၍ ညည်းညူကြကုန်လျှင် အဆင်းအနံ့ အရသာနှင့် ပြည့်စုံသော အခွံမဖက် အဆန်သက်သက်သာဖြစ်သော

သလေးစပါးသည် ပေါ်လာသဖြင့် က မ္ဘာဦးသူတို့သည် ထိုသလေးဆန်ကို နံနက်အခါ၌ နံနက်စာအလို့ငှါ ညဉ့်အခါ၌ ညဉ့်စာအလို့ငှါ ယူဆောင်၍ အိုး၌ ထည့်ပြီးလျှင် ကျောက်ဖျာကြီး ပေါ်သို့ တင်ထားကာ မျှဖြင့် ကျောက်ဖျာပူ၍ ကျက်သောကာလမှ စားသောက်ကြ၏။ ။ထိုသလေး ထမင်းသည် ရှေးမြေဆီ, မြေလွှာ,ပတာလတာတို့နှင့်မတူ၊ ကြမ်းထမ်း သော အစာအာဟာရဖြစ်သောကြောင့် ဝမ်းတွင်း၌ ကြေပျောက်ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ ကျင်ကြီးကျင်ငယ် ဖြစ်လေသဖြင့် ထိုကျင်ကြီး ကျင်ငယ်တို့သည်ရင်း ရာဂသည်ရင်း တွန်းထိုးသောကြောင့် ရှေးက မ္ဘာက မိန်းမဖြစ်ဘူးသောသူအား ဣတ္ထိလိင် ရှေးဦးစွာပေါ်၍ ယောက်ျား ဖြစ်ဘူးသောသူအား ပုရိသလိင် နောက်မှပေါ်လာသဖြင့် မိန်းမယောက်ျား ဟု ထိုအခါမှစ၍ ဖြစ်လေသည်။

---

## မင်္ဂလာဆောင်ရာ၌ ခဲပစ်သောထုံး။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သလေးဆန်ကို ယူဆောင်၍ စားကြ သဖြင့် မိန်းမယောက်ျား ထင်ရှားဖြစ်လာကြကုန်လျှင် တစိမ်းစိမ်းကြည့် ကြ၍ ရာဂထိုးကျင့်သောအခါ မေထုနသံဝါသ အမှုကို ပြုကြကုန်၏။ ထိုသို့ပြုသော သူတို့ကို တပါးသောသူတို့သည် မြေမှုန့်ဖြင့်ရင်း နွားချေး ဆိုင်ဖြင့်ရင်း“ဟယ်ယုတ်မာသောသူ ပျက်စီးလေလော့”ဟု ဆို၍ ပစ်ခတ် ကြကုန်၏။ဤထုံးကိုမှီ၍ ယခုထက်တိုင်အောင် မင်္ဂလာဆောင်သောအခါ ခဲဖြင့် ပစ်ခတ်ကြကုန်၏။

က မ္ဘာဦးကမူကား မင်္ဂလာမရှိ ယုတ်မာသောအမှုကို ပြုကြကုန်သည် ဖြစ်သောကြောင့် မင်္ဂလာမရှိသည်ကို အမင်္ဂလာ ဆောင်သည် ဟု သရုတ်ကြကုန်၏။ ယခုကာလမှာမူကား ထိုယုတ်မာသော အမင်္ဂလာ ကိုပင် အကောင်းထင်မှတ်၍ မင်္ဂလာဆောင်သည် ဟု ခေါ်ဝေါ်ပညတ် ကြပြန်ကုန်၏။

ထိုသို့ ပစ်ခတ်ကြသဖြင့် မေထုန်အကျင့်ကို ကျင့်သောသူတို့သည် နှစ်လ သုံးလပတ်လုံး ရွာနိဂုံးသို့ ဝင်ခြင်းငှါမရ ပျက်စီးခြင်းသို့ ရောက်လေ သဖြင့် နောက်အခါ ထိုမသူတော်တို့၏အကျင့်ကို ဖုံးလွှမ်းခြင်းငှါ အိမ်ယာ ဆောက်လုပ်၍ နေကြကုန်၏။ထိုအခါကစ၍ အိမ်ယာပေါ်လာသည်။

ဤသို့လျှင် မိန်းမ-ယောက်ျားဖြစ်၍ သလေးဆန်ကို စားဘန်များ လတ်သော် ပျင်းရိခြင်းသဘောရှိသော သူတယောက်သည် နံနက်စာ အလို့ငှါ ဆောင်လျှင် ညစာပါအောင် ညစာအလို့ငှါ ဆောင်လျှင် နံနက်စာပါအောင် ဆောင်လေသဖြင့် ထိုသူ၏ အတုကိုလိုက်၍ ကြွင်းသောသူတို့သည်လည်း တရက်စာ နှစ်ရက်စာ အစရှိသည်တို့၏ အလို့ငှါ ဆောင်၍ သိုမှီးလျက် စားသောက်ကြသောအခါ ဆန်ခွံ၊ ဖွဲကြမ်း ဟု ဆိုအပ်သော အခွံတို့သည် ဖုံးလွှမ်း၍ လာလေ၏။ရိတ်ရာရိတ်ရာ အရပ်တို့၌လည်း ရှေးကဲ့သို့ မပြည့်လာ ယုတ်သည်သာ ဖြစ်လေကုန်၏။

ထိုအခါ က မ္ဘာဦးသူတို့သည် ရုံးပြီးလျှင် "အိုအချင်းတို့,သတ္တဝါတို့၌ ယုတ်သောတရား ထင်ရှား ဖြစ်ခဲ့ကုန်ပြီ။ ငါတို့သည် ရှေးမဆွက ပီတိ ဟူသော အစာအာဟာရ ရှိသည်ဖြစ်၍ ကောင်းကင်၌ ကိုယ်ရောင် ကိုယ်ဝါဖြင့် သွားလာနိုင်၏။ ယခုမှာမူကား ကိုယ်ရောင်ကိုယ်ဝါတို့သည် ၎င်း ရသပထဝီ,မြေဆီ, မြေလွှာ, ပဒါလတာ နွယ်တို့သည်၎င်း ကွယ်လေကုန်ပြီ။ ထို့နောက်ပေါ်လာသော သလေးဆန်၌လည်း ရှေးနှင့်မတူ၊ ယူရာ အရပ်တို့၌ ဆုတ်ယုတ်ခြင်း၊ ဆန်ခွံ, ဖွဲကြမ်း-ဟု ဆိုအပ်သော အခွံတို့ ဖုံးလွှမ်းခြင်းသို့ ရောက်ခဲ့ကုန်ပြီ။ ထိုသလေးခင်းကို ငါတို့သည် ဝေ၍ စားကြကုန်အံ့"ဟု တိုင်ပင်၍ အသီးအသီး အကန့်အကန့် ပြုလုပ်ဝေ၍ စားကြကုန်၏။ထိုသို့စားကြရာတွင် လျှပ်ပေါ်လော်လည်သော ယောက်ျား တယောက်သည် မိမိ၏အဘို့ကိုစောင့်ရှောက်၍ တပါးသောသူ၏အဘို့ကို ခိုးယူလေလျှင် ထိုခိုးသူကို ဘမ်းယူ၍ "သင်သည် ယုတ်မာစွတကား၊ နောင်ကို ဤကဲ့သို့ မပြုလင့်"ဟု ဆိုဆုံးမ၍ အကြည်အသာလွှတ်လိုက်ကြကုန်၏။ ။ထိုခိုးသူယောက်ျားသည် နှစ်ကြိမ်၎င်း၊သုံးကြိမ်၎င်း၊ ခိုးသည်ရှိသော် ထိုခိုးသူကိုဘမ်း၍ အချို့သောသူတို့သည် လက်ဖြင့် ပုတ်ခတ်ကြကုန်၏။အချို့သောသူတို့သည် တုတ်လှံတံတို့ဖြင့် ပုတ်ခတ်ကြကုန်၏။

---

## မဟာသမ္မတမင်း တင်မြှောက်ကြခြင်း။

ထိုကမ္ဘာဦးသူတို့သည် ရုံးပြီးလျှင် "အိုအချင်းတို့, ယုတ်မာလှစွာ တကား၊အရှင်မပေးသောသူ၏ ဥစ္စာကို ခိုးယူခြင်းတည်းဟူသော အဓိဋ္ဌာ ဒါန်သည် ထင်ခဲ့၏၊အ-ချင်းချင်း ကဲ့ရဲ့ရှုတ်ချခြင်းတည်းဟူသော ဂရဟိတ

တရားသည် ထင်ခဲ့၏။ သိလျက် ချိုယွင်းသောစကားကို ဆိုခြင်းတည်းဟူသော မုသာဝါဒသည် ထင်ခဲ့၏။ ငါတို့သည် ရှုတ်ချသင့်သော အရာ၌ ရှုတ်ချခြင်း၎ါ ကဲ့ရဲ့သင့်သောအရာ၌ ကဲ့ရဲ့ခြင်း၎ါ နှင်ထုတ်သင့်သော အရာ၌ နှင်ထုတ်ခြင်း၎ါ စွမ်းနိုင်သော တယောက်သောသူကို သလေးစပါးဖြင့် အခွန်အတုတ် ဆက်သ၍ ငါတို့၏အထက်၌ မင်းမြှောက်ကြကုန်အံ့" ဟု ကြံကြကုန်၏။ ထိုအခါ ငါတို့ ရှင်ဂေါတမ မြတ်စွာဘုရားအလောင်းတော်သည် ထိုကမ္ဘာဦးသူ အပေါင်းတို့တွင် ပညာအဆင်အခြင်နှင့် ပြည့်စုံသော ယောကျ်ားမြတ်ဖြစ်၍ ထိုအလောင်းတော်ကိုပင် ကမ္ဘာဦးသူ လူအပေါင်းတို့သည် "အိုအရှင်, အကျွန်ုပ်တို့၏ အထက်၌ မင်းပြုလုပ်၍ ရှုတ်ချသင့်သောသူကို ရှုတ်ချ၍ ကဲ့ရဲ့သင့်သောသူကို ကဲ့ရဲ့၍ နှင်ထုတ်သင့်သောသူကို နှင်ထုတ်၍ မင်းလုပ်တော်မူပါ။ အကျွန်ုပ်တို့သည် တယောက်တယောက်သော သူ၏ လယ်မှ ဆယ်တို့တတို့မျှသော သလေးစပါးကို ဆက် ပါကုန်အံ့"ဟု ဆို၍ တောင်းပန်လျှင် ထိုသူတို့၏ တောင်းပန်ခြင်းကို အာမခံ၍ ငါတို့ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် ရှေးဦးစွာ လူများအပေါင်းတို့သည် သမုတ်အပ်သည်ဖြစ်၍ ဘဒ္ဒကပ် ကမ္ဘာဦးက ပဌမ မဟာသမ္မတမင်း လုပ်တော်မူ၏။ ။ဟိမဝန္တာ တော၌ အခြေလေးချောင်းရှိသော သားတို့သည်လည်း ခြင်္သေ့တကောင်ကို သဘောတူမှုကြသဖြင့် သမ္မတမင်း မြှောက်ကြကုန်၏။ ။မဟာ သမုဒ္ဒရာ၌ ငါးတို့သည် အာနန္ဒာငါးကြီးကို သဘော တူမှုကြသဖြင့် သမ္မတမင်း မြှောက်ကြကုန်၏။

---

## ကျီးငှက်နှင့် ဇီးကွက်တို့ ရန်စ အကြောင်း။

ထိုအခါ ဟိမဝန္တာ တောအရပ်၌ ငှက်အပေါင်းတို့သည် တခုသော ကျောက်ဖျာကြီး၌ စည်းဝေးပြီးလျှင် "အချင်းတို့ လူတို့၌၎င်း, အခြေလေးချောင်းရှိသော သားတို့၌၎င်း, ငါးတို့၌၎င်း,မင်းရှိကြကုန်၏။ ငါတို့မှာမူကား မင်းမရှိကြကုန်သေး၊ ငါတို့အထက်ကလည်း မင်းရှိမှသာလျှင် သင့်တင့် လျော်ကန်မည်" ဟု အချင်းချင်း တိုင်ပင်ကြပြီးလျှင် ထိုငှက်အစည်းအဝေး၌ ကုယ်သော မျက်စိရှိသော ဇီးကွက်ငှက်ကို နှစ်သက်ကြကုန်၍ ဒုတိယ သွန်းလျက် မဟာသမ္မတမင်း မြှောက်ကြမည် ရှိရာ

ငှက်တကာအပေါင်းတို့၏ နှလုံးကို ယူကျုံးမဲ့သော၌ ငှက်တကောင်က "ငါတို့သည် ဤဇီးကွက်ငှက်ကို ဘိသိက်သွန်း၍ မင်းမြှောက် ကုန်အံ့။ သဘော ညီမျှကြပါ၏လော"ဟု သုံးကြိမ်တိုင်တိုင် ကြွေးကြော်စေသော ကာလ ပဌမ ဒုတိယ အကြိမ်၌ မည်သည့်ငှက်မျှ မည်သို့ မဆိုကြကုန်။ တတိယ အကြိမ်၌ကား ကျီးတကောင်သည် ငှက်တို့၏ ဘောင်မှ ထ၍၊

> န မေ ရုစ္စတိ ဘဒ္ဒန္တေ၊ ဥလူကဿာဘိသေစနံ။
> အကုဒ္ဓဿ မုခံ ပဿ၊ ကထံ ကုဒ္ဓေါ ကရိဿတိ။ ။

ဟူသော ဂါထာကို ဆို၏။

> ဘဒ္ဒန္တေ၊ အိုငှက်များ အပေါင်းတို့။ ဥလူကဿ၊ ဇီးကွက်-ခင်ပုပ်-ကုပ်သလုပ်အား။ အဘိသေစနံ၊ အဘိသိက် သွန်းခြင်းကို။ မေ၊ အကျွန်ုပ်သည်။ န ရုစ္စတိ၊ သဘော မနှစ်သက်နိုင်ပါ၊ အကုဒ္ဓဿ၊ အမျက်မထွက် ငြိမ်သက် တည်ကြည်စွာနေသော ခင်ပုပ်၏။ မုခံ၊ မျက်နှာကို။ ပဿ၊ ကြည့်စမ်းပါဦးလော့၊ ကုဒ္ဓေါ၊ မင်းမာန်တက်၍ အမျက်ချောင်းချောင်း ထွက်ဘိမူကား။ ကထံ ကရိဿတိ၊ အသို့ ပြုကြကုန်အံ့နည်း။

"အိုငှက်အပေါင်းတို့, ဇီးကွက်ငှက်အား အဘိသိက်သွန်းကြခြင်း မင်းမြှောက်ခြင်းကို ကျွန်ုပ် သဘောမနှစ်သက်နိုင်ပါ။ အမျက် မထွက်သော ဇီးကွက်ငှက်၏ မျက်နှာကို ကြည့်စမ်းကြပါဦးလော့။ မင်းမာန်တက်၍ အမျက်ချောင်းချောင်းထွက်ဘိမူကား အိုးကင်းပူ၌ထားအပ်သော ဆားကဲ့သို့ ပျက်ပြား သေကြကုန်ရာ၏"ဟု မြည်တွန်တောက်တီး၍ ပျံလေလျှင် ဇီးကွက်ငှက်သည် ထိုကျီးကို လိုက်၍ နှိပ်စက်လေ၏။ ။ထိုအခါမှစ၍ ဇီးကွက်နှင့် ကျီးငှက်တို့ ရန်ကြီးစွာဖြစ်ကြလေကုန်၏။ထိုအခါ ငှက်အပေါင်းတို့သည် ဇီးကွက်ကို ကျီးမနှစ်သက်သောကြောင့် ပယ်ရှားပြီးလျှင် ငါတို့ ရှင်ဂေါတမ ဘုရားအလောင်း ရွှေဟင်္သာမင်းကို သဘောညီမျှကြသဖြင့် သမ္မတမင်း မြှောက်ကြကုန်၏။

ဇီးကွက်-ဟူသည် ခင်ပုပ်ပင်ဘည်း။ထိုခင်ပုပ်ကို ပေါ်ရာဏာစကားဖြင့် ကုပ်သလုပ်-ဟူ၍လည်း ခေါ်၏။သို့ကြောင့် ဇီးကွက်-ခင်ပုပ်-ကုပ်သလုပ်-ဟူ၍ အနက်သုံးချက်လုံး ဆောဇနာလိုက်သည်။

ဤအရာတွင် လူတို့၌ ပဌမ မဟာသမ္မတမင်းလည်း ငါတို့ ဘုရားအလောင်း၊ ငှက်တို့၌ ရွှေဟင်္သာမင်းလည်း ငါတို့ ဘုရားအလောင်း ဘုရားလောင်း တယောက်ထည်းပင် မင်းနှစ်ပါး ပြိုင်၍ ဖြစ်ကောင်းအံ့လော ဟု ဆိုငြားအံ့။ ပြိုင်၍ မဖြစ်။ ငါတို့ မြတ်စွာဘုရား အလောင်းတော်သည် လူတို့၌ ပဌမ မဟာသမ္မတမင်း အဖြစ်မှ စုတေပြီးနောက် ရွှေဟင်္သာမင်း ဖြစ်ပြန်၍ ငှက်တို့၌ သမ္မတမင်း အမြှောက် ခံရပြန်သည်။ ငှက်တို့၌ သမ္မတမင်း မြှောက်ကြပြန်သည်ကား လူတို့၌ သမ္မတမင်း မြှောက်သည်နှင့် တပြိုင်နက် မဟုတ်။ လူတို့၌ သမ္မတမင်း မြှောက်ပြီးနောက် ကာလမြင့်စွာ ရောက်မှ သမ္မတမင်း မြှောက်သည် ဟု ယူရမည်။ ဤသို့ ယူမှသာ လျှင် လူတို့၌ ပဌမ မဟာသမ္မတ မင်းကို ငါတို့ ဘုရားလောင်း ဟု ဆိုသော အဂ္ဂညသုတ် အဋ္ဌကထာ၊ ငှက်တို့၌ ရွှေဟင်္သာငှက်မင်းကိုလည်း ငါတို့ ဘုရားအလောင်းတော် ဟု ဆိုသော တိကနိပါတ် အဋ္ဌကထာ နှစ်စောင်တို့သည် သဘော မကွဲမပြား တသားတည်း ဖြစ်ကြမည်။ ။ဓမ္မသတ်ကျမ်းတို့၌ ပဌမ မဟာသမ္မတကို ဘုရားလောင်း ဟု ဆိုသည်။ ရာဇဝင် ကျမ်းတို့၌ ဧကာဒသမ မဟာသမ္မတကို ဘုရားလောင်း ဟု ဆိုသည်။ ကပ္ပဝဏ္ဏနာ၌ကား နောက်ဝါဒကို ယုတ္တိရှိသကဲ့သို့ ဆို၏၊

အထခေါ ဝါသေဋ္ဌ။ တေ သတ္တာ ယော နေသံ သတ္တော အဘိရူပတရော စ ဒဿနီယတရော စ ပါသာဒိကတရော စ မဟေသက္ခတရော စ၊ တံ သတ္တံ ဥပသင်္ကမိတွာ ဧတဒဝေါစုံ။ ။အဂ္ဂညသုတ် ပါဠိတော်။ ။ယော နေသံ သတ္တောတိ၊ ယော ဧတေသံ သတ္တော၊ ကော ပန သောတိ၊ အမှာကံ ဗောဓိသတ္တော။ ။၎င်းအဋ္ဌကထာ။

အနက်ကား။ ။ဝါသေဋ္ဌ၊ ဝါသေဋ္ဌ။ အထခေါ၊ ထိုအခါ၌။ တေသတ္တာ၊ ထိုကမ္ဘာဦးသူ သတ္တဝါတို့သည်။ ယောသတ္တော၊ အကြင်သတ္တဝါသည်။ နေသံ၊ ထိုသတ္တဝါတို့

ထက်။အာဘိရူပတရော စ၊အလွန်လည်းအဆင်းလှ၏။ဒဿနီယတရော စ၊ ရှုချင်ဘွယ်လည်းရှိ၏။ပါသာဒိကတရောစ၊ ကြည်ညိုဘွယ်လည်း ရှိ၏။ မဟေသက္ခတရော စ၊အလွန်တန်ခိုးလည်း ကြီး၏။ တံ သတ္တံ၊ထိုသတ္တဝါကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဧတံ ဝစနံ၊ ဤမင်းလုပ်တော် မူပါမည့်အကြောင်းစကားကို။ အဝေါစုံ၊ လျှောက်ကြ ပြောကြကုန်၏။ ။ယော နေသံ သတ္တောတိ၊ ယော နေသံ သတ္တော-ဟူသည်ကား။ ယောသတ္တော၊ အကြင် သတ္တဝါသည်။ ဧတေသံ၊ ထိုသတ္တဝါတို့ထက်။ သော၊ ထိုသတ္တဝါသည်။ ကော ပန၊အဘယ်သတ္တဝါနည်း။ဇာတိအယံ၊ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အမှာကံ၊ ငါတို့၏။ဗောဓိသတ္တော၊ ရှင်ဂေါတမ ဘုရားအလောင်းတော်တည်း။

ဤသို့လျှင် အဂ္ဂညသုတ် ပါဠိတော် အဋ္ဌကထာ လာသည်ကို ထောက်၍ ပဌမ မဟာသမ္မတမင်းသည် ငါတို့ရှင်ဂေါတမ ဘုရားလောင်း ဟု သန္နိဋ္ဌာန်ကျ မှတ်အပ်၏။

လူများအပေါင်းသည် သမုတ်အပ်သောကြောင့် မဟာသမ္မတ-ဟူသောအမည်ကိုရင်း လယ်တို့၏အရှင်ဖြစ်သောကြောင့် ခတ္တိယ-ဟူသော အမည်ကိုရင်း တရားသဖြင့်တပါးသော သူတို့ကို နှစ်သက်စေတတ်သောကြောင့်ရာဇာ-ဟူသော အမည်ကိုရင်း ဤသုံးမည်ကို ရလေ၏။

---

## အမျိုးလေးပါး ကွဲပြားခြင်း အကြောင်း။

မဟာသမ္မတမင်းမှ ကြွင်းသောသူတို့တွင် အချို့သော သူတို့သည် "အိုအချင်းတို့, ယုတ်မာသော တရားတို့သည် သတ္တဝါတို့၌ ထင်ရှားဖြစ်ကုန်ခဲ့ပြီ ငါတို့သည် အကုသိုလ်တရားတို့ကို မျှောကုန်အံ့"ဟု ကြံလျက် အကုသိုလ်တရားကို မျှောကြကုန်၏။ထိုသို့ အကုသိုလ်ကို မျှောလေသောကြောင့် ထိုသူတို့အား ဗြာဟ္မဏဟူသော ပညတ်ကို ရှေးဦးစွာ ရလေကုန်၏။ထိုဗြာဟ္မဏမည်သော ပုဏ္ဏားတို့သည် တော၌ သစ်ရွက်မိုးသော

ကုဋိကို ပြု၍ နေပြီးလျှင် နံနက်အခါ၌ နံနက်စာအလို့ငှါ ညဉ့်အခါ၌ ညဉ့်စာအလို့ငှါ ထိုထို မြို့ရွာ နိဂုံးသို့ကပ်၍ ဆောင်ပြီးသောအခါ ဈာန်တရားကို ဖြစ်စေကြကုန်၏။ ထိုသို့ ဈာန်တရားကို ဖြစ်စေသောကြောင့် ထိုပုဏ္ဏားတို့အား ဈာယက-ဟူသော အမည်ကို ရပြန်လေသည်။

ထိုပုဏ္ဏားတို့တွင် အချို့သော ပုဏ္ဏားတို့သည် တော၌နေ၍ ဈာန်တရားကို ဖြစ်စေခြင်းငှါ မတတ်နိုင်လျှင် ရွာနားသို့ကပ်၍ ဗေဒင်သုံးပုံတို့ကို ပြုပြင်စီရင်ကြကုန်၏။ ထိုအခါ ထိုလူတို့သည် မြင်၍ ဤသူတို့သည် တော၌နေ၍ ဈာန်တရားကို ဖြစ်စေခြင်းငှါ မတတ်နိုင်လျှင် ရွာနားသို့ ကပ်၍ ဗေဒင်သုံးပုံကို စီရင်ကြကုန်၏။ယခု ဤသူတို့သည် ဈာန်တရားကို ဖြစ်စေခြင်းငှါ မတတ်နိုင်ကုန်ပြီ ဟု ကဲ့ရဲ့ကြကုန်၏။ ထိုသို့လူတို့သည် ဤသူတို့အား ဈာန်တရားကို ဖြစ်စေခြင်းငှါ မတတ်နိုင်ကုန်ပြီ ဟု ကဲ့ရဲ့သော စကားကိုအစွဲပြု၍ ထိုပုဏ္ဏားတို့အား အဈာယက-ဟူသော တတိယပညတ်ကို ရလေကုန်၏။ ။အချို့သော သူတို့သည် မေထုန်အကျင့်ကို ကျင့်ကုန်လျက် ကုန်သွယ်ခြင်း လယ်လုပ်ခြင်း စသောအမှုတို့ကို ပြု၍ အသက်မွေးကြလေကုန်၏။ ထိုသူတို့အား ဝေဿ-ဟူသော အမည်ပညတ်ကို ရလေကုန်၏၊ ။အချို့သော သူတို့သည် ကြမ်းကြုတ်သော အမှုတို့ကို ပြုကြကုန်၏၊ ။ထိုသူတို့အား သုဒ္ဒ-ဟူသောအမည်ပညတ်ကိုရကြလေကုန်၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဘဒ္ဒကပ်က မဟာဦးက မင်း,ပုဏ္ဏား,ကုန်သည်,သူဆင်းရဲ-ဟူ၍ အမျိုးလေးပါး ပြားခဲ့လေသည်။

---

## စကြဝဠာခါးပန်း၌ စာတမ်းမရှိခြင်း အကြောင်း။

ဤတွင် ဗေဒင်ကျမ်း,ဝေဒသတ်ကျမ်း,ဆေးကျမ်း အစရှိသော လောကီကျမ်း ဟူသမျှသည် စကြဝဠာခါးပန်းမှာ နွားမတန်း ပမာဏရှိသော အက္ခရာဖြင့် ကမ္ဘာတန်းဆာ ရေးသားလျက် ပါသည်ကို ရသေ့တို့ဆောင်ယူ၍ ထားသောကြောင့် ထင်ရှားရတိုင် ရှိသည်ဟု ဥဒါန်းစကား အပြောများကြကုန်၏။ ။ဝေဒသတ် စာစောင်ငယ်တို့မှာလည်း စကြဝဠာတံတိုင်းမှ ဆောင်ယူကြောင်းကို ရေးသား၍ ထားကြကုန်၏။ ထိုစကားသည် မသင့်။အဘယ်ကြောင့် နည်းဟူမူကား။

တေသံ ယောဝ ခေါ ဝါသေဋ္ဌ သတ္တာနံ ကေစ္စေ သတ္တာ အရညာယတနေ ပဏ္ဏကုဋိသု တံ ဈာနံ အနဘိသမ္ဘုနမာနော ဂါမသာမန္တံ နိဂမသာမန္တံ ဩတရိတွာ ဂန္ထေ ကရောန္တော အစ္ဆန္တိ။ ။အဂ္ဂညသုတ်ပါဠိတော်။

ဂန္ထေ ကရောန္တာတိ တယော ဝေဒေ အဘိသင်္ခရောန္တာ စ ဝါစေန္တာ စ။ ။၎င်းအဋ္ဌကထာ။

အနက်ကား။ ။ဝါသေဋ္ဌ၊ ဝါသေဋ္ဌ။တေသံ ယောဝ ခေါ သတ္တာနံ၊ထိုတောသို့ ထွက်၍နေကြကုန်သော ပုဏ္ဏားတို့တွင်။ ကေစ္စေ၊ အချို့ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။အရညာယတနေ၊ တော၌။ပဏ္ဏကုဋိသု၊ သစ်ရွက်မိုးသော ကျောင်းတို့၌။တံ ဈာနံ၊ထိုဈာန်ကို။အနဘိသမ္ဘုနမာနော၊ ဖြစ်အောင် မစွမ်းနိုင်သည်ဖြစ်၍။ ဂါမသာမန္တံ၊ ရွာ၏အနီးသို့။နိဂမသာမန္တံ၊နိဂုံး၏ အနီးသို့။ဩတရိတွာ၊ သက်၍၊ဂန္ထေ၊ ဗေဒင်သုံးပုံတို့ကို။ ကရောန္တော၊ပြုပြင်စီရင်လျက်။ အစ္ဆန္တိ၊နေကုန်၏။ ။ဂန္ထေ ကရောန္တာတိ ဂန္ထေကရောန္တာ-ဟူသည်ကား။တယော ဝေဒေ၊ဗေဒင်သုံးပုံတို့ကို။ အဘိသင်္ခရောန္တာ စ၊ပြုပြင် စီရင်သည်ဖြစ်၍၎င်း။ ဝါစေန္တာ စ၊ဟောပြော ပို့ချရွတ်အံ သရဇ္ဈာယ်သည် ဖြစ်၍၎င်း။

ဤအဂ္ဂညသုတ် ပါဠိတော် အဋ္ဌကထာ၌ တောသို့ထွက်၍ ဈာန်ကိုဖြစ်စေအံ့ ဟု နေကြကုန်သော ပုဏ္ဏားတို့တွင် အချို့သော ပုဏ္ဏားတို့သည် ဈာန်ကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်ရကား ရွာနားသို့ကပ်၍ ဗေဒင်သုံးပုံတို့ကို မိမိတို့ ဉာဏ်စွမ်းအလျောက် စီရင်ကြပြီးလျှင် ပို့ချ၍နေကြောင်းကို လာသည်။ ။အဘိဓာန်ကျမ်းတွင်လည်း အဋ္ဌကရသေ့, ဝါမကရသေ့, ဝါမဒေဝရသေ့, ဝေသာမိတ္တရသေ့,ရမတဂ္ဂိရသေ့,အင်္ဂီရသရသေ့,ဘာရဒွါဇရသေ့, ဝါသေဋ္ဌရသေ့, ကဿပရသေ့, ဘဂုရသေ့, ဤရသေ့တကျိပ်တို့သာ ဗေဒင်ကျမ်းတို့ကို စီရင်ကြောင်းကို လာသည်။ ။သုတ်သီလက္ခန် အမ္ဗဋ္ဌသုတ် အဋ္ဌကထာ အဖွင့်တွင်လည်း။

> အဥ္ဆကောတိ အာဒိနိ တေသံ နာမာနိ။ တေ ကိရ ဒိဗ္ဗေန စက္ခုနာ ဩလောကေတွာ ပရူပဃာတံ အကတွာ ကဿပ သမ္မာသမ္ဗုဒ္ဓဿ ဘဂဝတော ပါဝစနေန သဟ သံသန္ဒိတွာ မန္တေ ဂန္ထိံသု။ အပရာပရေ ပန ဗြာဟ္မဏာ ပါဏာ တိပါတာဒီနိ ပက္ခိပိတွာ တယော ဝေဒေ ဘိန္ဒိတွာ ဗုဒ္ဓ ဝစနေန သဒ္ဓိံ ဝိရုဒ္ဓံ အကံသု။

ဟူ၍လာသည်။

အဓိပ္ပါယ်ကား။ ။အဥ္ဆက အစရှိသော တကျိပ်သော ရသေ့တို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်၍ သူတပါးအား သတ်ခြင်း ညှဉ်းဆဲခြင်းကို မပြုမူ၍ ကဿပမြတ်စွာဘုရား၏ စကားတော်နှင့် နှိုးနှော၍ ဗေဒင်ကျမ်းတို့ကို စီရင်ကုန်သည်။ နောက်ကာလ၌ ပုဏ္ဏားတို့သည် ပါဏာတိပါတ-အစရှိသည် တို့ကိုလည်း သွင်း၍ ဗေဒင်သုံးပုံ တို့ကို ဖျက်ဆီး၍ မြတ်စွာဘုရား စကားတော်နှင့် ဆန့်ကျင်သည်ကို ပြုကြကုန်၏။ ။၎င်းအမ္ဗဋ္ဌသုတ် အဋ္ဌကထာတွင်။

> တထာဂတော ဥပ္ပဇ္ဇိဿတီတိ ပဋိကစ္စေဝ သုဒ္ဓါဝါသ ဒေဝါ ဝေဒေသု လက္ခဏာနိ ပက္ခိပိတွာ ဗုဒ္ဓမန္တာ နာမာတိ ဗြာဟ္မဏဝေသေန ဝေဒေ ဝါစေန္တိ။ တဒနုသာရေန မဟေသက္ခာ သတ္တာ တထာဂတံ ဇာနိဿန္တီတိ။ တေန ပုဗ္ဗေ ဝေဒေသု မဟာပုရိသလက္ခဏာနိ အာဂစ္ဆန္တိ။ ပရိနိဗ္ဗုတေ ပန တထာဂတေ အနုက္ကမေန အန္တရဓာယန္တိ။ တေ နေတရဟိ နတ္ထိ။

ဟူ၍လာပြန်သည်။

အဓိပ္ပါယ်ကား။ ။သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် "ဘုရားပွင့်လတ္တံ့" ဟု စောစောစီးစီးကပင်လျှင် ဗေဒင်ကျမ်းတို့၌ လက္ခဏာ ကျမ်းတို့ကို ထည့်သွင်းပြီးလျှင် ပုဏ္ဏားယောင်ဆောင်၍ "ဤကား ဗုဒ္ဓမန္တာန်မည်၏" ဟု ပို့ချကုန်၏။ ထိုသို့ပို့ချသည် နည်းကို အစဉ်မှီးသဖြင့် တန်းခိုးကြီးသော သူတို့သည် မြတ်စွာဘုရားကို သိကုန်လတ္တံ့။ ထို့ကြောင့် ရှေးကာလ ဗေဒင်ကျမ်းတို့၌ မဟာ ပုရိသ လက္ခဏာကျမ်း တို့သည် လာကုန်၏။

ဖြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော်မူသည်ရှိသော် ကွယ်လေ၏။ ။ထို့ကြောင့် ယခုကာလ ဗေဒင်ကျမ်းတို့တွင် မဟာပုရိသလက္ခဏာ ကျမ်းတို့သည် လာကုန်၏။

ဆေးကျမ်းတို့ကိုလည်း နာရဒဆရာ, ဓမ္မန္တရိကဆရာ အစရှိသော ဆရာတို့ စီရင်ကြောင်းကို မိလိန္ဒပဉှာကျမ်းတွင် လာသည်။ ။လောကီဓမ္မသတ်ဖြတ်ထုံးဖြတ်နည်းကိုလည်း မနုအမည်ရှိသော မဟာသမ္မတမင်း ထားခဲ့ကြောင်းကို သာရတ္ထသင်္ဂဟာကျမ်းတွင် ဆိုသည်။ထိုသို့ ပါဠိအဋ္ဌကထာတို့၌ လာသည်။လောကီဗေဒင်ကျမ်း, ဆေးကျမ်း,ဓမ္မသတ်ကျမ်းတို့ကို စကြဝဠာ ခါးပန်းဝယ် နွားမတန်းမျှ ပမာဏရှိသော အက္ခရာက ကူးခဲ့သည်ဟူ၍ မမှတ်သင့်။ ကမ္ဘာဦးကစ၍ ပညာရှိသောမင်း, ရသေ့, ပုဏ္ဏား အစရှိသော သူတို့သည် စီရင်ပြုရ၍ ထားခဲ့သောကြောင့် အဆင့်ဆင့် ပွါးများသဖြင့် ယခုထက်တိုင် ထင်ရှားရှိသည် ဟု မှတ်ရမည်။

အာစရိယ ဝါဒကား။ ။ဤလောကီ ဗေဒင်ကျမ်း အစရှိသော ကျမ်းတို့ကို စကြဝဠာခါးပန်းက ဆောင်ခဲ့သည် ဟု ဆိုသော်လည်း ဧကန် ဆောင်ခဲ့သောကြောင့် ဆိုသည်မဟုတ်။လောကီဗေဒင်ကျမ်း အစရှိသော ကျမ်းတို့ကို စီရင်စ၌ စကြဝဠာ အဝန်းနှင့်တူစွာ ဝိုင်းဝိုင်း-ဝ-အက္ခရာကို စီရင်ပြီးလျှင် ထို ဝ-အက္ခရာကို အထက်က ဖေါက်လျှင် ပ-စောက်၊အောက်က ဖေါက်လျှင် ဂ-ငယ်၊ ဤသို့ အစရှိသည်ဖြင့် ဗျည်းသုံးဆဲ့သုံးလုံး သရ ရှစ်လုံးတို့ ပေါ်လာသဖြင့် အထက်သို့ တက်၍ တဆင့်တဆင့် မြင့်အောင်စီရင်သည်။ ထိုသို့ စကြဝဠာအဝန်းနှင့်တူစွာ လောကီကျမ်း၏ အစ၌ ဝ-အက္ခရာကစ၍ စီရင်ရသောကြောင့် စကြဝဠာတံတိုင်းက ဆောင်ယူခဲ့သည် ဟု ဆိုသည်။ဤသို့ နေယျတ္ထ အဓိပ္ပါယ်မှတ်ရမည်။ ။ထိုနေယျတ္ထအဓိပ္ပါယ်ကိုပင် ယခုကာလ၌ နီတတ္ထ ထင်ကြ၍ စကြဝဠာ ခါးပန်း၌ လောကီကျမ်း အက္ခရာတို့သည် နွားမတန်း ပမာဏ-ရှိသည်ဟု မှတ်ယူကြ ကုန်သည်။ ။ဆိုအပ်ပြီးသော အာဂုံယုတ္တိကြောင့် ထိုသို့ မမှတ်သင့်။

*ကမ္ဘာဦးကာလက ဤသူတို့သည် ဗေဒင်ကို ပြုကုန်သည်၊ဗေဒင်ကို ချကုန်, ခွတ်အံကုန်သည် ဟု ကဲ့ရဲ့ကြ ကုန်၏။ ယခုမှာမူကား ဤသို့ ကဲ့ရဲ့အပ်သော

ဗေဒင်ကိုပင် အကောင်းဆင်မှတ်ကြ၍ ဤသူသည် ဗေဒင်တတ်ပါပေ၏၊ ဗေဒင်ကို ချနိုင်ပါပေ၏ အစရှိသည်ဖြင့် ချီးမွမ်းထောမနာ ပြုကြပြန်ကုန်သည်။

---

## ရှစ်ကြိမ်မြောက် မဟာသမ္ဗတမင်း အကြောင်း။

ဤသို့လျှင် ဆိုအပ်ပြီးသောနည်းဖြင့် ဘဒ္ဒကပ်က ဗြဟ္မာဦးက ပဌမ မဟာသမ္မတမင်း လုပ်သောအခါ လူတို့အသက် အသင်္ချေယျ တမ်းမှ စ၍ သတ္တဝါတို့ တရားမစောင့်ကြသဖြင့်ရင်း, ဥတုဘောဇဉ် အစာအာဟာရ ဆုတ်ယုတ်ကြသဖြင့်ရင်း, တစတစ အာယုကပ်ဆုတ်ယုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်သောအခါ သတ္တဝါတို့ ရာဂပြောသည် ဖြစ်အံ့၊ ကပ်သုံးပါးတွင် ဒုဗ္ဘိက္ခန္တရကပ် သင့်သောကြောင့် ငတ်မွတ် ခေါင်းပါး၍ အရိုးဖွေးဖွေးပြုမျှ သတ္တဝါတို့ သေပျောက်လေကုန်၏။ ဒေါသပြောသည် ဖြစ်အံ့၊ သတ္ထန္တရကပ် သင့်သောကြောင့် ကိုင်မိသရွေ့သော ဝါးခြမ်း လှံတံတို့သည် ထား,သန်လျက် ဖြစ်လေ၍ အချင်းချင်း သတ္တဝါတို့သည် တယောက်ကို တယောက် ထိုးပစ် သတ်ခုတ်ကြကုန်သဖြင့် သေကြေ ပျက်စီးခြင်းသို့ ရောက်ကြ လေကုန်၏။ မောဟ ပြောသည် ဖြစ်အံ့၊ ရောဂန္တရကပ် သင့်၍ အနာရောဂါ နှိပ်စက်သဖြင့် အရိုး ဖွေးဖွေးပြုမျှ သတ္တဝါတို့သည် တယောက်မကျန် သေကြေ ပျက်စီးလေကုန်၏။ ။ထိုသုံးပါးသောကပ်တို့တွင် တပါးပါးသင့်၍ သေကြေပျက်စီးသော သူကောင်တို့ကို မျောစိမ့်သောငှါ သည်းထန်စွာသော မိုဃ်းကြီး ရွာလေ၍ သူသေကောင်တို့ကို မျှောလေကုန်၏။

ထို့နောင်မှ မြေပြင်သန့်ရှင်းသောအခါ နံ့သာမိုဃ်း,ပန်းမိုဃ်းတို့သည် ရွာကုန်၏။ ထို့နောင်မှ ယောကျ်ားမိန်းမတို့ ဆင်ယင်စရာ အဝတ် တန်းဆာမိုဃ်းတို့တဖြိုးဖြိုးရွာလေကုန်၏။ ထိုအခါမှ ဘေးလွတ်ရာလွတ်ကြောင်း ပုန်းအောင်း၍ နေသော သူတို့သည် မိမိတို့နေရာအရပ်မှ ထွက်ကြကုန်၍ ထိုတန်းဆာတို့ကို ဆင်ယင်ဝတ်စားလျက် မတရားသော အကျင့်တို့ကို ပယ်ရှား၍ တရားသဖြင့် ကျင့်ကြံကြကုန်လျှင် ထိုသူတို့၏ သား, မြေးလက်ထက်သို့ ကျရောက်သောကာလ အသက်နှစ်ဆယ် နေကြရကုန်၏။

ဤသို့ နှင်နှင် အကျင့်တိုးကြသဖြင့် အသက်လည်း ထမြဲထပိုး တိုး၍ အသင်္ချေ နေကြရကုန်၏။

ထိုအသင်္ချေယျ အသက်တမ်းမှ တဘန် လူတို့အသက် ဆုတ်စပြု၍ ယုတ်မာသောတရား ပွါးများပြန်လျှင် ယခင်က မဟာသမ္မတမင်းအတိုင်း ဒုတိယ မဟာသမ္မတမင်း ဟု သမုတ်၍ မင်းလုပ်စေရပြန်သည်။ ဤနည်းနှင့်နှင့် အန္တရကပ် အစအစ၌ မဟာသမ္မတမင်း ဟု သမုတ်၍ တယောက်တယောက် လုပ်စေရသဖြင့် ဤဘဒ္ဒကပ်က မ္ဘာ တည်စမှစ၍ အန္တရကပ်ပေါင်း ခုနစ်ကပ်လွန်လျှင် မဟာသမ္မတမင်းလည်း ပဌမ မဟာသမ္မတ, ဒုတိယ မဟာသမ္မတ,တတိယ မဟာသမ္မတ,စတုတ္ထ မဟာသမ္မတ, ပဥ္စမ မဟာသမ္မတ,ဆဋ္ဌမ မဟာသမ္မတ,သတ္တမမဟာသမ္မတ ဟု ခုနစ်ယောက် လွန်လေ၍ အန္တရကပ် ၈စ်ကပ် အစသို့ ရောက်ပြီးလျှင်လည်း အကြင်သူတို့သည် ယခင်ကနည်းအတိုင်း တရားမစောင့်ကြသဖြင့် အဋ္ဌမ မဟာသမ္မတမင်း ဟု သမုတ်၍ မင်းလုပ်စေရပြန်သည်။

## ၃၉-ကကုသန် မြတ်စွာဘုရား အကြောင်း။

ထိုရှစ်ယောက်မြောက်သော အဋ္ဌမ မဟာသမ္မတမင်းမှစ၍ တစတစ အာယုကပ်ဆုတ်၍ လူတို့အသက် လေးသောင်းနေသောကာလ ကကုသန် မြတ်စွာဘုရား အလောင်းတော်သည် တုသိတာ နတ်ပြည်မှ ရတော့ခဲ့၍ ခေမဝတီပြည်၌ ခေမက်ရမင်း၏ ပုရောဟိတ်ဖြစ်သော အဂ္ဂိဒတ္တအမည်ရှိသော ပုဏ္ဏား၏ ဝိသာခါ အမည်ရှိသော ပုဏ္ဏေးမဝမ်းဝယ် ပဋိသန္ဓေ နေတော်မူ၍ ဖွါးတော်မူလျှင် မြောက်အရပ်သို့ ခြေ၇ လှမ်း ခုနစ်ဘဝါး ကြွသွားတော်မူလျက်"အဂ္ဂေါဟမသ္မိ လောကဿ"အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီးနောက် အရွယ်ရောက်သောကာလ ရုစိပြာသာဒ်, သုရုစိ ပြာသာဒ်, ရတိဝဍ္ဎနပြာသာဒ် [၁] ဟူ၍သုံးဆောင်သောပြာသာဒ်ထက်၌ ရောစိနီအမည်ရှိသော ပုဏ္ဏေးမ အမှူးရှိသော သုံးသောင်းသော ကိုယ်လုပ်မောင်းမတို့သည် ခြံရံအပ်သည်ဖြစ်၍ ကာမဂုဏ် ငါးပါးကို ခံစား၍ သားတော် အနုတ္တရကို ဖွါးမြင်လျှင် လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ ရထားယာဉ် စီးလျက် တောထွက်တော်မူသော အခါ ဖြပ္ပဗ္ဗာမင်း ကပ်လှူအပ်သောသင်္ကန်းဖြင့် ရဟန်းပြုတော်မူ၍ ဒုက္ကရစရိယာ

၁-ကာမ ပြာသာဒ်, ကာမဝဏ္ဏ ပြာသာဒ်, ကာမသုဒ္ဓိ ပြာသာဒ်, ဟူ၍လည်း မဟာဗုဒ္ဓဝင် ဆွေတော်ကြီး စသည်တို့၌ ရှိသည်။

အကျင့်ကို ကျင့်တော်မူလေ၏။ လေးသောင်းသော ယောက်ျားတို့သည် အတုလိုက်၍ ရဟန်း ပြုကြကုန်၏။

ကကုသန်ဘုရားအလောင်းလည်း လေးသောင်းသော ရဟန်းဖရိသတ် အပေါင်းခြံရံလျက် ဆယ်လပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်ပြီးလျှင် ကဆုန်လပြည့်နေ့၌ သုစန္ဒရ[၁] နိဂုံးဝယ် ဝဇိရိန္ဒပုဏ္ဏားသမီးသည် လှူအပ်သော ရွှေခွက်နှင့်တကွသော နို့ဃနာဆွမ်းကို ခံတော်မူလျက် နေရဥ္စရာ မြစ် သုပတိဋ္ဌာဆိပ်သို့ သက်တော်မူ၍ ရေသုံးသပ်တော်မူပြီးလျှင် နို့ဃနာ ဆွမ်းကို ဘုဉ်းပေးတော်မူပြီး၍ "ငါသည် ယနေ့ကြောန် သမ္ဗောဓိဘုရား အဖြစ်သို့ ရောက်လျှင် ဤရွှေခွက်သည် အညာသို့ ဆန်တက်စေသော၊ ထိုသို့တည်းမဟုတ် သမ္ဗောဓိဘုရားအဖြစ်သို့ မရောက်သေးလျှင် ဤရွှေခွက် သည် အကြေသို့ ရန်သွားစေသတည်း"ဟု ဓိဋ္ဌာန်တော်မူ၍ မျှောတော် မူလိုက်လျှင် ထိုရွှေခွက်သည် မြစ်ညာသို့ သွား၍ အတောင်ရှစ်ဆယ်မျှ အညာသို့ ဆန်တက်ပြီးလျှင် တခုသော ဝဲ၌ ငုပ်လေသဖြင့် ကာလနဂါး မင်း၏ဘုံသို့ ရောက်လေ၏။

ကကုသန် မြတ်စွာဘုရားလည်း နေရဥ္စရာမြစ်နားဝယ် တခုသော ရှား တော၌ နေ့သန့်တော်မူ၍ ညချမ်းသောအခါ သုဘဒ္ဒအမည်ရှိသော မုယော ခင်းစောင့်သည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ယူတော်မူခဲ့၍ ကုက္ကိုပင် ဗောဓိသို့ကပ်လျက် ကြဲဖြန့်တော်မူလျှင် နှစ်ဆဲ့ခြောက်တောင် မြင့်သော ရတနာပလ္လင်ပေါ်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၍ နေမဝင်မီ မာရ်စစ်သည် အပေါင်းကို အောင်တော်မူ၍ ပဌမယာမ်၌ ပုဗ္ဗေ နိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ် အရဟတ်တက် သည်နှင့်တပြိုင်နက် အရဟတ္တမဂ် ဉာဏ်သို့ ရောက်သဖြင့် သဗ္ဗညုဘုရား အဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစ ရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက်ပတ်လုံး ဗောဓိပင်၏ အနီး၌ နေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရား ဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား တရားဦး ဟောရ ပါအံ့နည်း ဟု ကြည့်ရှုဆင်ခြင်တော်မူလျှင် တောထွက်တော်မူစက အတု

---

၁-သုစိရိန္ဒ-ဟု ဗုဒ္ဓဝင်အဋ္ဌကထာ၌ ရှိသည်။

တကွလိုက်၍ရဟန်းပြုကြကုန်သော လေးသောင်းသော ပရိသတ်တို့၏ ဥပနိဿယကို မြင်တော်မူ၍ ထိုသူတို့၏ ရှိရာအရပ်သို့ ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဋေ လေးသောင်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမ ဓမ္မာဘိသမယတည်း။

တရံရောအခါ ကကုသန် မြတ်စွာဘုရားသည် တန်းခိုးပြာဋိဟာကို ပြတော်မူသော အခဆုံး၌ တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ကုဋေ သုံးသောင်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ဒုတိယ ဓမ္မာဘိသမယတည်း။ ။တရံရောအခါ ကကုသန် မြတ်စွာဘုရားသခင်သည် နရဒေဝဘီလူး အမှူးရှိသော ပရိသတ်အား တရားအမြိုက် တိုက်ကျွေးတော်မူလျှင် မရေမတွက်နိုင်သော နတ်လူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ဤကား တတိယ ဓမ္မာဘိ သမယတည်း။ ။ တရံရောအခါ ကကုသန် မြတ်စွာ ဘုရားသည် လေးသောင်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤကား ပဌမ သာဝက သန္နိပါတတည်း။

---

## မြတ်စွာဘုရား အလောင်းတော် ခေမ မင်းကြီး ဗျာဒိတ် ရတော်မူခြင်း။

ကကုသန်မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ရှင်ဂေါတမ မြတ်စွာဘုရားအလောင်းတော်သည် ခေမအမည်ရှိသော မင်းကြီးဖြစ်၍ ကကုသန် မြတ်စွာဘုရား အမှူးရှိသော သဃာတော်အား သပိတ်,သင်္ကန်း စသော များစွာသော ပရိက္ခရာတို့ဖြင့် အလှူကြီး ပေးတော်မူပြီးလျှင် သာသနာသို့ ဝင်လျက် ရဟန်း ပြုတော်မူလေ၏။ ။ကကုသန် မြတ်စွာဘုရားလည်း "သင်သည် ဤက မ္ဘာ၌ပင် ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ခေမ မင်းကြီးလည်း ကကုသန် မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် အားရနှစ်သက်သည်ဖြစ်၍ ဘုရားဖြစ်ကြောင်း ကောင်းသော ပါရမီတို့ကို ဖြည့်ကျင့် အားထုတ်၏။

---

## ကကုသန် မြတ်စွာဘုရား-ဓမ္မကာခိုဏ်တော် အကြောင်း။

ကကုသန် မြတ်စွာဘုရား လက်ထက်တော်၌ သိဟိုဠ်ကျွန်းသည် ဩဇာဒိပ-အမည်ရှိ၏၊ ထုပါရုံသည် ပဒိုဃာရုံ-အမည်ရှိ၏၊ ထို ဩဇာဒိပ

ကျွန်း၌ ပစ္စရက-အမည်ရှိသော အနာရောဂါ နှိပ်စက်၍ ပျက်စီးသည်ကို မြင်တော် မူလျှင် ကကုသန် မြတ်စွာဘုရားသည် ကြွတော်မူသဖြင့် ထိုရောဂါ ငြိမ်းလေ၍ တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ဓမ္မကရိုဏ် ရေစစ်ကို ပေးတော်မူခဲ့၍ ဇမ္ဗူဒိပါကျွန်းသို့ ကြွတော်မူခဲ့၏၊ ထိုဓမ္မကရိုဏ် ကို ပဒိုဇာရုံစေတီ၌ ဌာပနာ၍ ရှိသေစွာ ကိုးကွယ်ကြလေကုန်သဖြင့် သာသနာတော် အရှည် တည်ထွန်းလေ၏။

၌၌ ပစ္စရက-အနာဟူသည်ကား ရင်းနာ-ကိုယ်နာ-ကာလနာတို့ကို ခေါ်သည်။

---

## ကကုသန် မြတ်စွာဘုရား-သက်ျာရံ စသည်အကြောင်း။

ကကုသန် မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်ဝိဓုရ,အရှင်သဥ္ဇိဝတည်း။ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်သာမာ,အရှင်စမ္ပာတည်း၊ရဟန်းအလုပ်အကျွေးကား ဗုဒ္ဓိဇမထေရ် တည်း။ ဒါယကာ ယောကျ်ား အလုပ်အကျွေးကား အစ္စုတ, သုမန နှစ်ယောက်တည်း။ ဒါယိကာ မိန်းမ အလုပ်အကျွေးကား နန္ဒာ, သုနန္ဒာ နှစ်ယောက်တည်း။ ။အရပ်တော်ကား အတောင်လေးဆယ် မြင့်တော် မူ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကကုသန် မြတ်စွာဘုရား သည် ထိုက်သည်အားလျော်စွာ တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

ကကုသန် မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမ မြတ်စွာ ဘုရား အလောင်းတော် ခေမ မင်းကြီး ဗျာဒိတ် ခံတော်မူဟန် အခန်းအနား ပြီး၏။

---

## ၄၀-ကောဏာဂုံ မြတ်စွာဘုရား အကြောင်း။

ကကုသန် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် လူတို့အသက် သည် တစတစဆုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်ပြန်လျှင် ယခင်က ဆိုခဲ့ သည့်အတိုင်း ကပ်သုံးပါးတို့တွင် တပါးပါး ထိခိုက်ပြီးနောက် လူတို့ အသက် တိုးတက်၍ အသင်္ချေယျ တမ်းသို့ ရောက်ပြန်လေ သဖြင့် ထိုအသင်္ချေယျတမ်းမှ တဘန် လူတို့အသက် ဆုတ်စပြု၍ ယုတ်မာသော

တရား ပွဲများလတ်သောအခါ ကိုးကြိမ်မြောက်သော နဝမ မဟာသမ္မတ မင်း ဟု သမုတ်၍ မင်းလုပ်ပြန်စေရသည်။ ထိုနဝမ မဟာသမ္မတမင်းမှစ၍ လူတို့အသက်ဆုတ်သဖြင့် အနှစ် သုံးသောင်းတမ်းသို့ ရောက်သောကာလ ကောဏာဂုံ မြတ်စွာဘုရား အလောင်းတော်သည် ဘုသိတာနတ်ပြည်မှ ရတောခဲ့၍ သောဘဝတီအမည်ရှိသော ပြည်၌ ယညဒတ္တ အမည်ရှိသော ပုဏ္ဏား၏ ဥတ္တရာ အမည်ရှိသော ပုဏ္ဏေးမ ဝမ်းဝယ် ပဋိသန္ဓေ နေ၍ ဖွါးတော်မူပြီးလျှင် မြောက်အရပ်သို့ ခုနစ်ဘဝါး ကြွသွားတော်မူလျက် "အဂ္ဂေါဟမသ္မိ လောကဿ" အစရှိသည်ဖြင့် ကြိမ်းပတော်မူပြီး နောက် အရွယ်ရောက်လျှင် တုသိတ ပြာသာဒ်,. သန္တုသိတ ပြာသာဒ်, သန္တုဋ္ဌပြာသာဒ် ဟူ၍ သုံးဆောင်သောပြာသာဒ်ထက်၌ ရုစိဂတ္တာအမည် ရှိသော ပုဏ္ဏေးမ အမှူးရှိသော တသောင်း ခြောက်ထောင်သော မောင်းမ တို့သည် ခြံရံအပ်သည်ဖြစ်၍ ကာမဂုဏ်ငါးပါးကို ခံစား၍ သားတော် သတ္တဝါဟကို ဖွါးမြင်ပြီးလျှင် လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ ဆင်ယာဉ်ဖြင့် တောထွက်တော်မူသောအခါ ပြဟ္မာမင်း ကပ်လှူအပ်သောသင်္ကန်းဖြင့် ရဟန်းပြုတော်မူ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူလေ၏။သုံးသောင်းသော ယောကျ်ားတို့သည် ဘုရားလောင်း သို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

ကောဏာဂုံဘုရားလောင်းလည်း ထိုသုံးသောင်းသော ရဟန်းပရိသတ် ခြံရံလျက် ခြောက်လပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီး လျှင် ကဆုန်လပြည့်နေ့၌ အဂ္ဂိသေနပုဏ္ဏားသို့မီး အဂ္ဂိသေနာ ပုဏ္ဏေးမသည် လှူအပ်သော ရွှေခွက်နှင့်တကွ နို့ဂဏာဆွမ်းကို ခံတော်မူလျက် နေရဥ္စရာ မြစ်နား၌ ဘုဉ်းပေး သုံးဆောင်တော် မူပြီးလျှင် မိဋ္ဌာန်တော်မူလျက် ရွှေခွက်ကို မျှောလိုက်သောအခါ အတောင်ရှစ်ဆယ်မျှ အညာသို့ ဆန် တက်၍ တခုသော ဝဲသို့ ငုပ်၍ ကကုသန် မြတ်စွာဘုရားရွှေခွက်ကို ချင်ချင် မြည်အောင် ထိခိုက်၍ ထိုရွှေခွက်၏ အောက်၌ တည်လေ၏။ ။ထိုရွှေခွက် ချင်း ထိခိုက်သောအသံ ကြားလျှင် ကာလနဂါးမင်းကြီးသည်"ယမန်နေ့က လည်း ဘုရားတဆူ ပွင့်လေပြီ။ ယနေ့လည်း ဘုရားတဆူ ပွင့်ပြန်ပြီ" ဟု အရာအထောင်မက များစွာသော ပုဒ်ပဒတို့ဖြင့် ချီးမွမ်း၍ အိပ်ရာမှ ထလေ၏။

ကောဏာဂုံ ဘုရားလောင်းလည်း နေရဠရာမြစ်နား ရှားတောဝယ် နေ့သန့်တော်မူ၍ ညချမ်းသောအခါ ဒိန္နက-အမည်ရှိသော မုယောခင်း စောင့်သည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူခဲ့၍ ရေသဖန်းပင် ဗောဓိသို့ ကပ်တော်မူလျက် ကြဲဖြန့်လျှင် အတောင် နှစ်ဆယ် မြင့်သော ရတနာပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီးလျှင် နေမဝင်မီ မာရ်စစ်သည် အပေါင်းကို အောင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တမဂ်ဉာဏ်သို့ ရောက်သဖြင့် သဗ္ဗညု ဘုရား အဖြစ်သို့ ရောက်တော်မူလေ၏၊

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင်“အနေကဇာတိသံသာရံ” အစရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက်ပတ်လုံး ဗောဓိပင်၏ အနီး၌ သီတင်းသုံး နေတော်မူပြီးသောအခါ ဗြဟ္မာမင်း၏ တရားဟော ကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား တရားဦး ဟောပါရအံ့နည်း ဟု ကြည့်ရှု ဆင်ခြင်တော်မူလျှင် တောထွက်တော် မူစက အတူတကွ လိုက်၍ ရဟန်းပြုကြကုန်သော သုံးသောင်းသော ရဟန်းတို့၏ ဉပနိဿယကို မြင်တော်မူ၍ ထိုသူတို့ ရှိရာသို့ ကြွတော်မူ လျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဋေ သုံးသောင်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမ ဓမ္မာဘိ သမယတည်း။

တရံရောအခါ ကောဏာဂုံ မြတ်စွာဘုရားသည် တန်းခိုးပြာဋိဟာကို ပြတော်မူသောအခဆုံး၌ ကုဋေ နှစ်သောင်းသော သူတို့သည် မဂ်ဖိုလ်သို့ ရောက်ကြလေကုန်၏။ ။ဤကား ဒုတိယ ဓမ္မာဘိ သမယတည်း။ ။ တရံရောအခါ ကောဏာဂုံ မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည် သို့ တက်၍ အဘိဓမ္မာတရားကို ဟောတော်မူလျှင် ကုဋေတသောင်းသော နတ်တို့သည် သစ္စာလေးပါးကို သိကြလေကုန်၏။ ။ဤကား တတိယ ဓမ္မာဘိ သမယတည်း။

တရံရောအခါ ကောဏာဂုံ မြတ်စွာဘုရားသည် သုံးသောင်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက်ပြတော်မူ၏။ ။ဤသို့လျှင် သာဝက သန္နိပါတ တကြိမ်သာတည်း။

## မြတ်စွာဘုရား အလောင်းတော် ပဗ္ဗတမင်းကြီး ဗျာဒိတ် ရတော်မူခြင်း။

ထိုကောဏာဂုံ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ ရှင်ဂေါတမ အလောင်းတော်သည် ပဗ္ဗတ-အမည်ရှိသော မင်းကြီးဖြစ်၍ ဘုရားအမှူးရှိသောသံဃာတော်တို့အားပင့်ဘိတ်၍ အလှူကြီးကိုဖြစ်စေလျက် ပတ္တုဏ္ဏ တိုင်း စိန္နတိုင်း၌ဖြစ်သော ပိုးချည်ပုဆိုး ကမ္ဗလာဘွဲ့ပြု အစရှိသည်တို့ကို လှူ၍ ကောဏာဂုံ မြတ်စွာဘုရားအထံ၌ ရဟန်းပြုလေ၏။ ။ကောဏာဂုံ မြတ်စွာဘုရားလည်း "သင်သည် ဤကမ္ဘာ၌ ဂေါတမဘုရားဖြစ်လတ္တံ့" ဟု ပြည့်စုံစွာ ဗျာဒိတ်စကား ကြားတော်မူ၏။ ။ပဗ္ဗတမင်းကြီးလည်း ကောဏာဂုံ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် အားရနှစ်သက်သည် ဖြစ်၍ ဘုရားဖြစ်ကြောင်း ကောင်းသော ပါရမီ တို့ကို ဖြည့်ကျင့် အားထုတ်၏။

---

## ကောဏာဂုံ မြတ်စွာဘုရား ခါးပန်းတော်။

ကောဏာဂုံ မြတ်စွာဘုရား လက်ထက်တော်၌ သိဟိုဠ်ကျွန်းသည် ဝရဒိပကျွန်း ဟူသော အမည်ရှိ၏။ထိုဝရဒိပကျွန်း၌ ငတ်မွတ်ခြင်းဘေးဖြင့် နှိပ်စက်သည်ကို မြင်တော်မူလျှင် ကောဏာဂုံ မြတ်စွာဘုရားသည် ကြွ တော်မူသဖြင့် ထိုငတ်မွတ်ခြင်းဘေး ငြိမ်းလေ၍ တရားအမြိုက် တိုက်ကျွေး တော်မူပြီးလျှင် သုမနထေရ်အား ခါးပန်းတော်ကို ပေးသနားတော်မူခဲ့၍ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူခဲ့၏။ ။သုမနထေရ်လည်း ထိုခါးပန်းတော်ကို ဌာပနာ၍ စေတီတည်ပြီးလျှင် ကိုးကွယ်လေသဖြင့် သာသနာ အရှည် တည်လေ၏။

---

## ကောဏာဂုံမြတ်စွာဘုရား-လက်ျာရံ စသည် အကြောင်း။

ကောဏာဂုံ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား 'အရှင်ဘိယျောသ,အရှင်ဥတ္တရတည်း။လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမ ကား အရှင်သမုဒ္ဒါ, အရှင်ဥတ္တရာတည်း။ ရဟန်း အလုပ်အကျွေးကား အရှင်သောတ္ထိဇ မထေရ်တည်း။ ဒါယကာယောကျ်ား အလုပ်အကျွေး

ကား ဥဂ္ဂ,သောမဒေဝ နှစ်ယောက်တည်း။ ဒါယိကာမိန်းမ အလုပ်အကျွေးကား သိဝလာ,သာမာ နှစ်ယောက်တည်း။ ။အရပ်တော်ကား အတောင်သုံးဆယ် မြင့်တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကောဏာဂုံ မြတ်စွာဘုရားသည် ထိုက်သည့်အားလျော်စွာ တရား အမြိုက်တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

ကောဏာဂုံ မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမ
မြတ်စွာဘုရား အလောင်းတော် ပဗ္ဗတမင်းကြီး
ဗျာဒိတ်ခံတော်မူဟန် အခန်းအနား ပြီး၏။

## ၄၁-ကဿပ မြတ်စွာဘုရား အကြောင်း။

ကောဏာဂုံ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးနောက် လူတို့ အသက်ဆုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်လျှင် ကပ်သုံးပါးတို့တွင် တပါးပါးထိခိုက်၍ ပျက်စီးပြီးနောက် တဘန် အသင်္ချေယျ တမ်းသို့ ရောက်ပြန်လေသဖြင့် ထိုအသင်္ချေယျ တမ်းမှ လူတို့အသက်ဆုတ်၍ ယုတ်မာသော တရားပွါးများသောအခါ ဆယ်ကြိမ်မြောက် ဒသမ မဟာသမ္မတမင်းဟု သမုတ်၍ မင်းလုပ်ပြန်စေရသည်။ ထိုဆယ်ကြိမ်မြောက် ဒသမ မဟာသမ္မတမင်းမှ စ၍ တစတစ အာယုကပ် ဆုတ်သဖြင့် လူတို့ အသက်တမ်းနှစ်သောင်းနေသောကာလ ကဿပ မြတ်စွာဘုရား အလောင်းတော်သည် တုသိတာ နတ်ပြည်မှ ရတော့ခဲ့၍ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ္တ အမည်ရှိသော ပုဏ္ဏား၏ ဓိပုလဂုဏဝတိ အမည်ရှိသော ပုဏ္ဏေးမဝမ်းဝယ် ပဋိသန္ဓေနေတော်မူ၍ ဖွါးတော်မူလျှင် မြောက်အရပ်သို့ ခြေ၇လှမ်း ခုနစ်ဘဝါးကြွသွားတော်မူလျက် “အဂ္ဂေါဟမသ္မိ လောကဿ” အစရှိသည်ဖြင့် ကြွမ်းပတော်မူပြီးနောက် အရွယ်ရောက်သောကာလ ဟံသဝါပြာသာဒ်, ယသဝါပြာသာဒ်,သိရိနန္ဒပြာသာဒ် ဟူ၍ သုံးဆောင်သော ပြာသာဒ်ထက်၌ သုနန္ဒာ ပုဏ္ဏေးမ အမှူးရှိသော လေးသောင်း ရှစ်ထောင်သော မိန်းမအပေါင်းတို့သည် ခြံရံလျက် ကာမဂုဏ် ငါးပါးကို ခံစားလျက် သားတော် ဝိဇိတသေနကို ဖွါးမြင်ပြီးလျှင် လေးပါးသော နိမိတ်ကြီးတို့ကို အသီးအသီး မြင်တော်မူ၍ တောထွက်လိုသောစိတ် ဖြစ်ခါမျှဖြင့် ပြာသာဒ်တော်သည် ကောင်းကင်သို့ ပျံတက်၍ ဗောဓိမဏ္ဍိုင်သို့ ရှေးရှု သက်လေ၏။ ထိုအခါ

ကဿပ ဘုရားလောင်းသည် မြေသို့သက်၍ ဖြဟ္မာမင်း ကပ်လှူအပ်သော သင်္ကန်းဖြင့် ရဟန်းပြုပြီးလျှင် ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူလေ၏။ထိုပြာသာဒ်နှင့် ပါကြကုန်သော ယောကျ်ား ပရိသတ်တို့သည် ဘုရားလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏၊

ကဿပ ဘုရားလောင်းလည်း ထိုရဟန်းပရိသတ် အပေါင်းတို့သည် ခြံရံအပ်သည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီးလျှင် ကဆုန် လပြည့်နေ့၌ သုနန္ဒာ အမည်ရှိသော ပုဏ္ဏေးမသည် ကပ်လှူအပ်သော ရွှေခွက်နှင့်တကွသော နို့ဃနာသွမ်းကို ခံတော်မူပြီးလျှင် နေရဥ္စရာမြစ်၌ ရေသပ္ပါယ်တော်မူ၍ ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် မိဋ္ဌာန်တော်မူ၍ ရွှေခွက်ကို မျှောသောအခါ အညာသို့ အတောင်ရှစ်ဆယ်မျှ သွား၍ တခုသော ဝဲ၌ ဝပ်၍ ကကုသန်, ကောဏာဂုံ, ဘုရားနှစ်ဆူတို့၏ ရွှေခွက်နှင့် ချင်ချင်မြည်အောင် ထိခိုက်၍ ထိုရွှေခွက်နှစ်လုံးတို့၏ အောက်၌ တည်လေ၏။ထိုအခါလည်း ကာလနဂါးမင်းသည် ရွှေခွက်ချင်း ထိခိုက်သံကို ကြား၍ "ယမန်နေ့ကလည်း ဘုရားတဆူ ပွင့်လေပြီ၊ ယနေ့လည်း ဘုရားတဆူ ပွင့်ပြန်ပြီ"ဟု အိပ်ရာမှထ၍ အရာအထောင်မကသော ပုဒ်ပဒတို့ဖြင့် ချီးမွမ်းလေ၏။

ကဿပ ဘုရားလောင်းလည်း နေရဥ္စရာမြစ်နား ရှားတော၌ နေ့သန့်တော်မူ၍ ညချမ်းသောအခါ သောမ အမည်ရှိသော ရယောခင်းစောင့်သည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူခဲ့၍ ပညောင်ဗောဓိသို့ ကပ်၍ ကြဲဖြန့်လျှင် တဆဲ့ငါးတောင် မြင့်သော ရတနာပလ္လင် ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် နေမဝင်မီ မာရ်စစ်သည် အပေါင်းကို အောင်တော်မူ၍ ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်,မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်,ပစ္ဆိမယာမ် အရုဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တမဂ်ဉာဏ်သို့ ရောက်သဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် "အနေကဇာတိသံသာရံ" အစရှိသည်ဖြင့် ကျူးရင့်တော်မူလျက် လေးဆဲ့ကိုးရက်ပတ်လုံး ဗောဓိပင်၏ အနီး၌ သီတင်းသုံး နေတော်မူပြီးသောအခါ ဖြဟ္မာမင်း၏ တရားဟောကြောင်း တောင်းပန်ခြင်းကို အာမခံတော်မူ၍ အဘယ်သူအား တရားဦး ဟောပါရအံ့နည်း ဟု ကြည့်ရှု ဆင်ခြင်တော်မူလျှင် တောထွက်တော်

မူစက အခတ္တကွလိုက်၍ ရဟန်းပြုကြကုန်သော တကုဋေသော ရဟန်းတို့၏ ဥပနိဿယကို မြင်တော်မူ၍ ထိုသူတို့ရှိရာ အရပ်သို့ ကြွတော်မူလျက် ဓမ္မစကြာတရားကို ဟောတော်မူလျှင် ကုဋေ ရှစ်သောင်းသော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား ပဌမ ဓမ္မာဘိသမယတည်း။

တရံရောအခါ ကဿပ မြတ်စွာဘုရားသည် လေးလပတ်လုံး ဒေသစာရီ ကြွတော်မူလျက် တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ကုဋေ တသောင်းသော သူတို့သည် မဂ်ဉာဏ်,ဖိုလ်ဉာဏ်သို့ ရောက်ကြလေကုန်၏။ ။ဤကား ဒုတိယ ဓမ္မာဘိသမယတည်း။ ။တရံရောအခါ ကဿပ မြတ်စွာဘုရားသည် တန်ခိုးပြာဋိဟာကို ပြတော်မူသောအခါ၌ ကုဋေ ငါးထောင် ကုန်သော သူတို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။ဤကား တတိယ ဓမ္မာဘိသမယတည်း။ ။

တရံရောအခါ ကဿပ မြတ်စွာဘုရားသည် နှစ်သောင်းသော ရဟန္တာတို့၏ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ။ဤသို့လျှင် သာဝကသန္နိပါတ တကြိမ်သာတည်း။

---

## မြတ်စွာဘုရားအလောင်း ဇောတိပါလပုဏ္ဏား ဗျာဒိတ် ရတော်မူခြင်း။

ကဿပ မြတ်စွာဘုရား လက်ယက်တော်၌ ငါတို့ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် ဇောတိပါလ ပုဏ္ဏားဖြစ်၍ မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာရလျှင် ရဟန်းပြုလေ၏။ကဿပ မြတ်စွာဘုရားလည်း "သင်သည် ဤကမ္ဘာ၌ပင် ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ။ဘုရားအလောင်းတော် ဇောတိပါလပုဏ္ဏားလည်း ကဿပ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလျှင် အားရနှစ်သက်သည်ဖြစ်၍ ဘုရားဖြစ်ကြောင်း ကောင်းသော ပါရမီတို့ကို ဖြည့်ကျင့် အားထုတ်၏၊

---

## ကဿပ မြတ်စွာဘုရား ရေသနုပ်တော်။

ကဿပ မြတ်စွာဘုရား လက်ထက်၌ သိဟိုဠ်ကျွန်းသည် မဏ္ဍဒိပ ကျွန်းအမည်ရှိ၏၊ ထိုမဏ္ဍဒိပကျွန်း၌ ဖြင်းချ်ခြင်း ခိုက်ရန်ကြောင့် သတ္တဝါတို့

သေကြေပျက်စီးသည်ကို ကဿပ မြတ်စွာဘုရား မြင်တော်မူ၍ ကြွတော်မူသဖြင့် ငြင်းခုံခြင်း ဝိဝါဒငြိမ်းသောအခါ တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် သဥ္စန္ဒီ အမည်ရှိသော မထေရ်အား ရေသနုပ်တော်ကို ပေးသနားတော်မူခဲ့၍ ဇမ္ဗူဒိပါ ကျွန်းသို့ ကြွတော်မူခဲ့၏၊သဥ္စန္ဒီမထေရ်လည်း ထိုရေသနုပ်တော်ကို ဥပနာ၍ စေတီတည်လျက် ရှိသေစွာ ကိုးကွယ်သဖြင့် သာသနာ အရှည်တည်လေ၏။

---

## ကိကီမင်းကြီး၏ ဒိမ်ရွှေမင်းသားနှင့် သမီးတော် ခုနစ်ယောက် အကြောင်း။

ကဿပ မြတ်စွာဘုရား လက်ထက်တော်၌ ကိကီမင်းကြီးသည် သားတော် ပထဝိန္ဓရ မင်းသားကို ဒိမ်ရွှေအရာ ပေးတော်မူ၏။ ။သမဏီ, သမဏဂုတ္တာ, ဘိက္ခုနီ, ဘိက္ခုဒါယိကာ, ဓမ္မာ, သုဓမ္မာ,သဃ်ဒါသီ-ဟူ၍ သမီးလည်း ခုနစ်ယောက် ရှိသည်။ ထိုခုနစ်ယောက်သော သမီးတို့သည် ကျောင်း ခုနစ်ဆောင် ဆောက်၍ လှူဒါန်းကြကုန်၏။ အနှစ် နှစ်သောင်း ကာလပတ်လုံးလည်း ဒိမ်ယာမထောင်ဘဲ နန်းတော်၌ နေလျက် ကောမာရိကာသီလကို ဆောက်တည်ကြကုန်၏။ ပထဝိန္ဓရ မင်းသားလည်း ငါးရာသော ကျောင်းတို့ကို ဆောက်လုပ် လှူဒါန်း လေ၏။ ။ထိုသူတို့သည် ထိုဘဝမှ ရတော၍ သံသရာ၌ ကျင်လည် ကျက်စားပြီးလျှင် ငါတို့ မြတ်စွာဘုရား လက်ထက်တော်၌ ပထဝိန္ဓရ မင်းသားသည် ရာဟုလာမထေရ် ဖြစ်လာ၏။ သမဏီမင်းသမီးသည် ခေမာ ဘိက္ခုနီမ ဖြစ်လာ၏။ သမဏဂုတ္တာ မင်းသမီးသည် ဥပ္ပလဝဏ်ထေရီမ ဖြစ်လာ၏။ဘိက္ခုနီ မင်းသမီးသည် ပဋာစာရီ ထေရီမ ဖြစ်လာ၏။ ဘိက္ခုဒါယိကာ မင်းသမီးသည် ကုဏ္ဍလကေသီ ထေရီမ ဖြစ်လာ၏။ ဓမ္မာမင်းသမီးသည် ကိသာဂေါတမီ ထေရီမ ဖြစ်လာ၏။သုဓမ္မာ မင်းသမီးသည် ဓမ္မဒိန္နာထေရီမ ဖြစ်လာ၏။ သဃ်ဒါသီ မင်းသမီးသည် ဝိသာခါ ဖြစ်လာ၏။

ဤကား အပဒါန်ကျမ်းတွင် လာသည်ကို ဆိုလိုက်သည်။ ။ဝေဿန္တရာဇာတ် အဋ္ဌကထာ၌ကား။ ။သုဓမ္မာမင်းသမီးသည် မယ်တော်မာယာ ဖြစ်လာကြောင်းကို ဆိုသည်။ကျမ်းချင်း မညီကြ။

## ကဿပ မြတ်စွာဘုရား လက်ျာရံ-စသည် အကြောင်း။

ကဿပ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝကကား အရှင်တိဿ,အရှင်ဘာရဒွါဇတည်း။ လက်ျာရံ လက်ဝဲရံ အဂ္ဂသာဝိကာမကား အရှင်အနုဠာ, အရှင်ဥရုဝေဠာတည်း။ ရဟန်း အလုပ်အကျွေးကား သဗ္ဗမိတ္တ မထေရ်တည်း။ ဒါယကာယောကျ်ား အလုပ် အကျွေးကား သုမင်္ဂလ, ဃဋီကာရ နှစ်ယောက်တည်း။ ဒါယိကာမိန်းမ အလုပ်အကျွေးကား ဝိဇိတသေနာ, ဘဒ္ဒါ နှစ်ယောက်တည်း။ ။အရပ်တော်ကား အတောင်နှစ်ဆယ် မြင့်တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကဿပ မြတ်စွာဘုရားသည် ဝေနေယျ သတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံယူတော် မူလေ၏။

ကဿပ မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိနှင့်တကွ ဂေါတမ
မြတ်စွာဘုရား အလောင်းတော် ဇောတိပါလပုဏ္ဏား
ဗျာဒိတ်ခံတော်မူဟန် အခန်းအနား ပြီး၏။

## ၄၂-ဧကာဒသမ သမ္ဗုတမင်းက စ၍ ဥက္ကာကရာဇ်မင်း အကြောင်း။

ကဿပ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော်မူသည့်နောက် အာယုကပ် တစတစ ဆုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်လျှင် ကပ်သုံးပါးတို့တွင် တပါးပါး ထိခိုက်၍ သေကြေပျက်စီးကြပြီးနောက် အာယုကပ် တိုးတက်၍ အသက်အသင်္ချေနေသော ကာလသို့ ရောက်၍ တဖန် ထိုအသင်္ချေယျတမ်းမှ ဆုတ်စပြု၍ ယုတ်မာသော တရားပွါးများပြန်လျှင် တဆဲ့တကြိမ်မြောက် ဧကာဒသမ မဟာသမ္ဗုတမင်း ဟု သမုတ်၍ မင်းလုပ်စေပြန်သည်။ ။ထိုဧကာဒသမ မဟာသမ္ဗုတမင်း၏ သားကား ရောဇ၊ ၎င်းသားကား ဝရရောဇ၊၎င်းသားကား ကလျာဏ၊၎င်းသားကား ဝရကလျာဏ၊၎င်းသားကား ဥပေါသထ၊၎င်းသားကား မန္ဓာတ်၊၎င်းသားကား ဝရ၊ ၎င်းသားကား ဥပဝရ၊ ၎င်းသားကား စေတိယ၊ ၎င်းသားကား မုစလ်၊ ၎င်းသားကား မဟာမုစလ၊၎င်းသားကား မုစလိန္ဒ၊၎င်းသားကား သာဂရ၊ ၎င်းသားကား သာဂရဒေဝ၊ ၎င်းသားကား ဘရတ၊ ၎င်းသားကား အင်္ဂီ

ရသ၊ ၎င်းသားကား ရုစိ၊ ၎င်းသားကား သုရုစိ၊ ၎င်းသားကား ပတာပ၊ ၎င်းသားကား မဟာပတာပ၊၎င်းသားကား ပနာဒ၊ ၎င်းသားကား မဟာပနာဒ၊၎င်းသားကား သုဒဿန၊၎င်းသားကား မဟာသုဒဿန၊ ၎င်းသားကား နေရု၊၎င်းသားကား မဟာနေရု၊၎င်းသားကား အစ္စိမမင်း ဖြစ်၏။

ဤကောဒသမ မဟာသမ္ဗုတမင်းမှစ၍ အစ္စိမမင်းတိုင်အောင် ဤနှစ်ကျိပ် ရှစ်ယောက်သောမင်းတို့သည် အသက်အသင်္ချေ နေသောကာလ ကုသဝတီပြည်, ရာဇဂြိုဟ်ပြည်,မိဓိလာပြည်, ဤသုံးပြည်တို့၌ မင်းပြုကြကုန်၏။ ။၎င်းနောက် အစ္စိမမင်း၏သား-မြေး-မြစ်-ဖြစ်ကုန်သော အဂ္ဂိဒ္ဒမမင်း အဆုံးရှိသော တရာသော မင်းတို့သည် ကုသဝတီပြည်၌ မင်းပြုကြကုန်၏။ ။ထိုအဂ္ဂိဒ္ဒမမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော ဒုပ္ပသဟမင်း အဆုံးရှိသော ငါးကျိပ် ခြောက်ယောက်သော မင်းတို့သည် အယုဇ္ဈပူရ ပြည်၌ မင်းပြုကြကုန်၏။ ။ထိုဒုပ္ပသဟမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော အဗ္ဘိတမင်း အဆုံးရှိသော ခြောက်ကျိပ်သော မင်းတို့သည် ဗာရာဏသီပြည်၌ မင်းပြုကြကုန်၏။ ။ထိုအဗ္ဘိတမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော ဗြဟ္မဒတ်မင်း အဆုံးရှိသော ရှစ်သောင်းလေးထောင်သော မင်းတို့သည် ကမ္ပိလပြည်၌ မင်းပြုကြကုန်၏။

ထိုဗြဟ္မဒတ်မင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော ကမ္ပိလဝံသနမင်း အဆုံးရှိသော သုံးကျိပ်ခြောက်ယောက်သော မင်းတို့သည် ဟတ္ထိပူရ ပြည်၌ မင်းပြုကြကုန်၏။ ။ထိုကမ္ပိလဝံသနမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော သုဓိန္နေဝမင်း အဆုံးရှိသော သုံးကျိပ် နှစ်ယောက်သော မင်းတို့သည် ဧကစက္ခုပြည်၌ မင်းပြုကြကုန်၏၊ ။ထိုသုဓိန္နေဝမင်း၏ သား- မြေး-မြစ် ဖြစ်ကုန်သော သာဓိနမင်း အဆုံးရှိသော နှစ်ကျိပ်ရှစ် ယောက်သော မင်းတို့သည် ဝဇိရမုတ္တိပြည်၌ မင်းပြုကြကုန်၏။ ။ ထိုသာဓိနမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော ဓမ္မဂုတ္တမင်း အဆုံးရှိသော နှစ်ကျိပ်နှစ်ယောက်သော မင်းတို့သည် မရုရပြည်၌ မင်းပြုကြကုန်၏။ ။ ထိုဓမ္မဂုတ္တမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော သိပ္ပိမင်း အဆုံးရှိသော တကျိပ် ရှစ်ယောက်သော မင်းတို့သည် အရိဋ္ဌပူရပြည်၌ မင်းပြုကြကုန်၏။ ။ထိုသိပ္ပိမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော ဗြဟ္မဒေဝမင်း အဆုံးရှိသော တကျိပ်ခုနစ်ယောက်သော မင်းတို့သည် ဣန္ဒပတ္ထပြည်၌ မင်းပြုကြကုန်၏။

ထိုပြဟ္မဒေဝမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော ဗလဒတ္တမင်း အဆုံး ရှိသော တကျိပ်ငါးယောက်သော မင်းတို့သည် ကောစမ္ဗူပြည်၌ မင်းပြုကြကုန်၏။ ။ထိုဗလဒတ္တမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော ဟတ္ထိဒေဝမင်း အဆုံးရှိသော တကျိပ် လေးယောက်သော မင်းတို့သည် ကောသမ္ဘီပြည်၌ မင်းပြုကြကုန်၏။ ။ထိုဟတ္ထိဒေဝမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော နရဒေဝမင်းအဆုံးရှိသော ကိုးယောက်သော မင်းတို့သည် ကဏ္ဏဂေါစ္ဆပြည်၌ မင်းပြုကြကုန်၏။ ။ထိုနရဒေဝမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော မဟိန္ဒမင်း အဆုံးရှိသော ခုနစ်ယောက်သော မင်းတို့သည် ရောဇပြည်၌ မင်းပြုကြကုန်၏။ ။ထိုမဟိန္ဒမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော နာဂဒေဝ အဆုံးရှိသော တကျိပ်နှစ်ယောက်သော မင်းတို့သည် စမ္ပါပြည်၌ မင်းပြုကြကုန်၏၊ ။ထိုနာဂဒေဝမင်း၏ သား-မြေး-မြစ်-ဖြစ်ကုန်သော သမုဒ္ဒဒတ္တမင်း အဆုံးရှိသော နှစ်ကျိပ်ငါး ယောက်သော မင်းတို့သည် မိထိလာပြည်၌ မင်းပြုကြကုန်၏။ ။ထို သမုဒ္ဒဒတ္တမင်း၏သား-မြေး-မြစ် ဖြစ်ကုန်သော တိခေကရမင်း အဆုံးရှိသော နှစ်ကျိပ် ငါးယောက်သော မင်းတို့သည် ရာဇဂြိုဟ်ပြည်၌ မင်းပြုကြ ကုန်၏။ ။ထိုတိခေကရမင်း၏ သား-မြေး-မြစ် ဖြစ်ကုန်သော တာလိသရ မင်း အဆုံးရှိသော တကျိပ် နှစ်ယောက်သော မင်းတို့သည် တက္ကသိုလ် ပြည်၌ မင်းပြုကြကုန်၏။ ။ထိုတာလိသရမင်း၏ သား-မြေး-မြစ်-ဖြစ် ကုန်သော ပုရိန္ဒမင်း အဆုံးရှိသော တကျိပ်နှစ်ယောက်သော မင်းတို့သည် ကုသိနာရုံပြည်၌ မင်းပြုကြကုန်၏။ ။ထိုပုရိန္ဒမင်း၏ သား-မြေး-မြစ်- ဖြစ်ကုန်သော သာဂရဒေဝမင်း အဆုံးရှိသော ကိုးယောက်သော မင်းတို့ သည် မဇ္ဈိယပြည်၌ မင်းပြုကြကုန်၏ ။ထိုသာဂရဒေဝမင်း၏ သား- မြေး-မြစ် ဖြစ်ကုန်သော မဃဒေဝမင်းအစ နေမိမင်း အဆုံးရှိသော ရှစ်သောင်းလေးထောင်သော မင်းတို့သည် မိထိလာပြည်၌ မင်းပြုကြ ကုန်၏။

ထိုနေမိမင်း၏သားကား ကဠာရဇနက၊ ၎င်းသားကား သမက်ရ၊ ၎င်း သားကား အသောကတည်း။ ။ထိုအသောကမင်း၏ သား-မြေး-မြစ်- ဖြစ်ကုန်သော သီဟပတိမင်း အဆုံးရှိသော ရှစ်သောင်းလေးထောင်သော မင်း၊ ဤရှစ်သောင်း လေးထောင် သုံးယောက်သော မင်းတို့သည် ဗာရာ ဏသီပြည်၌ မင်းပြုကြ ကုန်၏။ ။ထိုသီဟပတိမင်း၏ သားကား

ဝိဇိတာသေန၊ ၎င်းသားကား ဓမ္မသေန၊ ၎င်းသားကား နာဂသေန၊ ၎င်းသား ကား သမ္မုတ၊ ၎င်းသားကား မဟာသမ္မတ၊ ၎င်းသားကား ရောဇ၊ ၎င်းသားကား ဝရရောဇ၊ ၎င်းသားကား ကလျာဏ၊ ၎င်းသားကား ဝရကလျာဏ၊ ၎င်းသားကား ဥပေါသထ၊ ၎င်းသားကား မန္ဓာတ်၊ ၎င်းသားကား ဝရမန္ဓာတ်၊ ၎င်းသားကား စရက၊ ၎င်းသားကား ဥပစရ၊ ၎င်းသားကား မဃဒေဝ၊ ၎င်းသားကား ဥက္ကာကရာဇ်၊ ဤတကျိပ် ခြောက်ယောက်သော မင်းတို့သည်လည်း ဗာရာဏသီပြည်၌ မင်းပြုကြကုန်၏။

ဤသို့လျှင် ဆိုခဲ့ပြီးသော ကောဒသမ မဟာသမ္မတမင်းမှစ၍ ဥက္ကာ ကရာဇ် မင်းတိုင်အောင် မင်းပေါင်းကား နှစ်သိန်း ငါးသောင်း နှစ်ထောင့် ငါးရာ ငါးကျိပ် ခြောက်ယောက်တည်း။ဤကိုရည်၍ ပလိပ်စာ၌ချေ၊

> သင်းသို့ မှတ်ထိန်း၊ဂဏန်းကိန်းဖြင့်၊နှစ်သိန်း ငါးသောင်း၊နှစ်ထောင့် ငါးရာ၊ ငါးဆယ်သာမှ၊စွန်းပါခြောက်ပါး၊ နွယ်တော်များကို၊ခြားနားသိုး သီး၊ရေချက် ခဲ့ပြီ၍။

ဟု စပ်လေသည်။

---

## ကပိလဝတ်ပြည် အကြောင်း။

ထိုသို့ ဆိုခဲ့ပြီးသော မင်းအပေါင်းတို့တွင် အဆုံးစွန်ဖြစ်သော ဥက္ကာ ကရာဇ်မင်းကြီးအား ဟတ္ထာ၊ဝိတ္ထာ၊စန္ဒာ၊ဇာလိနီ၊ဝိသာခါ ဟူ၍ မိဖုယား ကြီး ငါးယောက်ရှိသည်။ တယောက် တယောက်၌လည်း မိဖုယားငယ် အခြွေအရံ ငါးရာစီ ရှိကြကုန်သည်။ထိုမိဖုယားကြီး ငါးယောက်တို့တွင် ဟတ္ထာ မိဖုယားကြီး၌ ဥက္ကာမုခ၊ကရကဏ္ဍု၊ဟတ္ထိနိက၊နိပုဏ ဟူ၍ သား လေးယောက်၊ ပိယာ၊သုပိယာ၊ အာနန္ဒာ၊ ဝိဇိတာ၊ဝိဇိတသေနာ ဟူ၍ သမီး ငါးယောက်ရှိသည်။ ။တရံရောအခါ ထိုဟတ္ထာမိဖုယားကြီး နတ်ရွာလား လျှင် ဥက္ကာကရာဇ်မင်းကြီးသည်အဆင်းသဏ္ဍာန်နှင့်ပြည့်စုံသောမိဖုယား ငယ် တယောက်ကို မိဖုယားကြီး အရာ၌ ထားရာတွင် ဇန္တုမည်သော မင်းသားငယ်ကို ဖွါးမြင်၍ အလွန်လျှင် ချစ်ခင်လေးမြတ်ရကား မိဖုယား အား "သင်အလိုရှိသော ဆုကို ယူလော့" ဟု ဆုပေးလျှင် မိဖုယားလည်း အခြားဆုကို မတောင်း၊ မိမိသားအား မင်းအဖြစ်ကို ပေးပါမည့် အကြောင်း၊၎င်းဆုကိုသာ တောင်းလေသဖြင့် ဥက္ကာကရာဇ်မင်းကြီးလည်း

"သင်သည် ငါ၏သားတော်ကြီးတို့၏ အန္တရာယ်ကို ပြုသည်"ဟု အကြိမ်ကြိမ် မြိမ်းချောက် သော်လည်း မရ၍ ဇေတ္တုမင်းသားအား နန်းဆုကို ပေးရလေလျှင် သားတော် အကြီးတို့ကို ခေါ်တော်မူ၍ "သားတော်တို့, သားတော်တို့၏ ညီအငယ်ကို ငါနန်းဆုကို ပေးမိချေပြီ၊ ငါ၏သားတော်များမှာ မင်္ဂလာရှိသော ဆင်မြင်းရထားတို့ကို ထားခဲ့၍ အလိုရှိတိုင်း ယူပြီးသောအခါ ဟိမဝန္တာသို့ သွားကြကုန်လော့၊ ငါလွန်သည့်နောက်မှ လာ၍ မင်းပြုရစ်ကြ ကုန်လော့"ဟု မိန့်တော်မူ၍ ရှစ်သောင်းသော အမတ်တို့နှင့်တကွ လွှတ်တော်မူလိုက်၏။

သားတော်အကြီး လေးယောက်လည်း အထူးထူး အပြားပြား များစွာ ငိုကြွေးမြည်တမ်းလျက် ဆင်မြင်းရထားတို့ကို ယူပြီးလျှင် ထွက်ကြလေကုန်၏။ နှမတော် ငါးယောက်တို့လည်း "မောင်တော်တို့ မရှိလျှင် ဤတိုင်းပြည်မှာ မနေရစ်ပါပြီ"ဟု မောင်တော်တို့နှင့်ပင် အတူတကွ ထွက်၍ လိုက်ကြကုန်၏။ ထိုမှတပါးသော သူတို့သည်လည်း "ဤမင်းသားတို့သည် ခမည်းတော် နတ်ရွာစံလျှင် ဧကန်လာ၍ မင်းပြုလတ္တံ့"ဟု နှလုံးပိုက်၍ လိုက်ကြကုန်သဖြင့် ရှေးဦးစွာသောနေ့၌ ဘယူဇနာ၊ နှစ်ရက်မြောက်သောနေ့၌ နှစ်ယူဇနာ၊ သုံးရက်မြောက်သောနေ့၌ သုံးယူဇနာမျှသော စစ်သည်တို့သည် တိုးပွါး၍ မင်းသားမင်းသမီးတို့၏ နောက်သို့ လိုက်ကြလေကုန်၏။ ။ဥက္ကာမုခ စသော မင်းသားတို့ သည်လည်း ဤမျှလောက်သော စစ်သည် ဗိုလ်ပါဖြင့် "မဒ္ဒရာဇာမင်းတို့၏ နိုင်ငံကို လုယက်ဖျက်ဆီး၍ ယူလျှင်လည်း ခံနိုင်တော့မည်မဟုတ်၊ သို့ပင်ဖြစ်သော်လည်း သူတပါးတို့၏ တိုင်းနိုင်ငံကို လုယက် ဖျက်ဆီးသဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ဇမ္ဗူဒီပါ မြေအပြင်လည်း အလွန်တရာ ကျယ်ဝန်းလှစွာ၏၊ ငါတို့သည် ဟိမဝန္တာ တောအရပ်သို့ဝင်၍ မြို့ရွာ ဘန်ဆင်း၍ နေကြကုန်အံ့"ဟု ကြံ၍ စစ်သည်ဗိုလ်ပါ ရဲမက်သားတို့နှင့် အတူတကွ ဟိမဝန္တာသို့ဝင်၍ မြို့ရွာတို့ကို တည့်ပတ်ခါ ရှာကြကုန်၏။

ထိုအခါ ငါတို့ ရှင်ဂေါတမဘုရား အလောင်းတော်သည် ဗြာဟ္မဏမဟာသာလအမျိုး၌ ကပိလမည်သော ပုဏ္ဏားဖြစ်၍ ရသေ့ရဟန်းပြုပြီးလျှင် ဟိမဝန္တာ၏ အနီးအပါး ပေါက္ခရဏီ ရေကန်ကိုမှီ၍ တခုသော ကျွန်းတော၌ သစ်ရွက်မိုးသော ကျောင်းသင်္ခမ်းကို ဘန်ဆင်း၍ နေ၏။ ။

ထိုကပိလ ရသေ့သည် အထက်ကောင်းကင်၌ရှင်း အောက်မြေထဲ၌ရှင်း ဆိုးကောင်း အပြစ် ကျေးဇူးကို မြင်သိနိုင်သော ဘူမိဇာလ- မည်သော အတတ်ကို တတ်သဖြင့် တရသောအရပ်၌ မြက်ချုံနွယ်တို့သည် လကျာ ရစ်လည်၍ အရှေ့မျက်နှာသို့သော နှာမောင်းညွတ်ကုန်သည်။ ကျား,ခြသေ့, ကြောင်တို့သည် သမင်,ဝက်,ကြွက်,ဘား စသည်တို့ကို လိုက်၍ ထိုအရပ် သို့ ရောက်လျှင် သမင်,ဝက်,ကြွက်,ဘားတို့က တဘန်ပြန်၍ လိုက်မည် ဟန်ပြုသောကြောင့် ကြောင်,ကျား,ခြသေ့တို့သည် ပြန်နစ် ဆုတ်ပြေးကြ လေကုန်သည်။ ။ထိုမြေအရပ်ကို ကပိလ ရှင်ရသေ့မြင်လျှင် ဤမြေ အရပ်ကား မြတ်သောနေရာဌာန ဟု နှလုံးသွင်း၍ မိမိသင်္ခမ်းကျောင်းကို ထိုမြေအရင်သို့ ပြောင်းရွှေ့၍ နေနှင့်လေ၏။

ထိုအခါ မြို့ရွာ ရှာကြကုန်သော ဥက္ကာမုခ စသော မင်းသား ညီနောင်တို့လည်း ထိုကပိလ ရှင်ရသေ့၏ သင်္ခမ်းကျောင်း၏ အနီးအပါးသို့ ရောက်လာကြကုန်၍ အကြောင်းကို မေးပြီးလျှင် "သင်တို့သည် တပါး အရပ်သို့ မသွားကြကုန်လင့်၊ ဤငါ၏ သင်္ခမ်းကျောင်းနေရာ၌ တည်ထောင် ဘန်ဆင်းသော မြို့သည် ဇမ္ဗူဒိပါကျွန်းအပြင်၌ မြို့မြတ်ဖြစ်လတ္တံ့၊ ဤမြို့၌ ဖွါးသော ယောကျ်ားတယောက်ကို ယောကျ်ားတရာ, ယောကျ်ားတ ထောင်သော်လည်း နှိမ်နင်းခြင်းငှါ မတတ်ကောင်း။ ဤအရပ်၌ တည်မူ ကား ဒွန်းစဏ္ဍားသားပင် ဖြစ်သော်လည်း စကြဝတေးမင်းသားထက် အလွန်မြတ်သည်၊ ငါ၏သင်္ခမ်းကျောင်းနေရာ ဟု မအောက်မေ့ကြကုန် လင့်တော့၊ ဤအရပ်၌ပင် မြို့ရွာကို ဘန်ဆင်းကြကုန်လော့" ဟု မိန့်တော် မူလျှင် မင်းသားညီနောင်တို့လည်း ထိုကပိလရှင်ရသေ့၏ သင်္ခမ်းရာ၌ပင် မြို့ရွာ ဘန်ဆင်း၍ နေကြကုန်၏။ ။ယင်းမြို့ကိုလည်း ကပိလရှင်ရသေ့၏ သင်္ခမ်း၌ တည်ထောင်ဘန်ဆင်းသော မြို့ဖြစ်သောကြောင့် ကပိလမြို့ ဟု အမည်ပညတ် အမှတ်သင်္ကေတ ထားကြကုန်၏။ ။ဤကား ကပိလ ဝတ်ပြည်၏ တည်ထောင်စ အကြောင်းတည်း။

---

## သာကီဝင်မင်းမျိုးတို့ အကြောင်း။

ထိုသို့ ကပိလဝတ်ပြည်ကို တည်ထောင်၍ နေပြီးသောအခါ အမတ် တို့သည် "ဤမင်းသား မင်းသမီးတို့သည် အချိန်အရွယ်သို့ ရောက်ကုန်ပြီ၊

အကယ်၍ ခမည်းတော် ထံမှာဖြစ်လျှင် ထိမ်းမြားခြင်း မင်္ဂလာကို ပြုကုန်ရာ၏၊ ယခုမှာမူ ငါတို့၏တာဝန်သာ ဖြစ်တော့သည်”ဟု ကြံ၍ မင်းသားတို့နှင့် တိုင်ပင်လတ်သော် ထိုအခါမင်းသားတို့သည်“ငါတို့နှင့် အမျိုးတူသော မင်းသမီးလည်းမရှိ၊ နှမတော်တို့နှင့် အမျိုးတူသော မင်းသားလည်းမရှိ၊ မတူသော သူတို့နှင့် ပေါင်းဖော်စပ်ယှက်၍ ဖြစ်သော သားသမီးလည်း အမိမှဂုဏ် အဘမှဂုဏ် မစင်ကြယ်သည်ဖြစ်ရာ၏”ဟု အမျိုးပျက်မည်ကို ကြောက်သောကြောင့် အမအကြီးကို အမိအရာ၌ ထားပြီးလျှင် မင်းသားလေးယောက်တို့သည် အစဉ်အတိုင်း နှမတော် တယောက် တယောက်နှင့် ပေါင်းဖော် သင့်မြတ်ခြင်းကို ပြု၍ နေကြကုန်၏။ ထိုအကြောင်းကို ခမည်းတော် ဥက္ကာကရာဇ်မင်းကြီး ကြားလျှင် “သက္ကာ ဝတ ဇူမေ ကုမာရာ၊ ငါ၏ သားတော် သမီးတော်တို့သည် စွမ်းနိုင်လေစွ”ဟု မိန့်တော်မူ၏။

ခမည်းတော် ဥက္ကာကရာဇ်မင်းကြီးကစ၍ မိန့်တော်မူသော သက္ကာ ဝတ ဟူသော စကားကို အစွဲပြု၍ ကပိလဝတ်ပြည်ကို တည်ထောင်၍ နေသော ဥက္ကာမုခ စသော မင်းမျိုးသည် သာကီဝင် မင်းမျိုး-ဟု ထိုအခါကစ၍ တွင်လေသည်။ ။ထို့ကြောင့် ပလိပ်စားချေင်းတွင်။

> ကပိလဟုမည်ရဘုန်းဟေ့၊ ရှင်ရသေ့လျှင်၊ ဖြစ်၍တည်ညီ၊ ပြည်ဌာနီကို၊ ကပိလ
> ဝတ်မော်ကွန်းမှတ်၍၊ သက်ပြတ်လူမျှ၊ မောင်နှမတို့၊ တူ့ဘွဲ့စုံပေါင်း၊ စုံကြ
> ကြောင်းကို၊ ဆင့်လောင်း ဘခင်၊ ကြားလေရှင်သော်၊ ကျွန်းကျင်လေဖြစ်၊ ငါ့သား
> ချစ်တို့၊ မင်းစစ်ပြီလျှ၊ စွမ်းနိုင်စွဟု၊ မြွက်ဟသွန်းသွန်း၊ မိန့်ရွှေခွန်းကြောင့်၊ ပျံ့မွှန်း
> သောင်းခွင်၊ သာကီဝင်ဟု၊ လွှန်ထင်ကျော်ဘွဲ့၊ မြတ်နွယ်မျိုးတွင်။

ဟု စပ်လေသည်။

---

## ကောလိယပြည် အကြောင်း။

အခါတပါး၌ အမကြီးမှာ နူနာပေါက်ရောက်လာ၍ အတူတကွ စားသောက်က ပြန့်ပွါးမည်ကို ကြောက်သောကြောင့် တောအရပ်၌ တွင်းတူး၍ ခဲဘွယ် ဘောဇဉ်တို့ကိုလည်း စားသောက်လောက်အောင် ထည့်ပြီးလျှင် အထက်က ပိတ်၍ထားခဲ့၏။ ။ထိုအခါ ရာမအမည်ရှိသော ဗာရာဏသီမင်းလည်း နူနာပေါက်ထွက်၍ မိဖုယား,ကချေသည် မောင်းမတို့က စက်ဆုပ်သဖြင့် သံဝေဂရ၍ ထီးနန်းကို သားအား လွှဲအပ်ခဲ့ပြီးလျှင်

တောသို့ဝင်လျက် သစ်မြစ်,သစ်သီးတို့ကို သုံးဆောင် စားသောက်သဖြင့် ကပ်ရောက်သော ရောဂါသည် မကြာမြင့်မီ ကင်း၍ ရွှေအဆင်းနှင့်တူသော ကိုယ်ရှိသည် ဖြစ်၍ တရသော အခေါင်းရှိသော ကလောပင်ကြီးကို တွေ့မြင်လျှင် တဆဲ့ခြောက်တောင်ရှိသော အရပ်ကို သုတ်သင် ရှင်းလင်းလျက် လေသာပြူတင်း တံခါးရွက်တို့ကို တပ်၍ အမြဲနေခြင်းကို ပြု၏။

ထိုရာမမင်းသည် ညဉ့်ကာလ၌ ခြင်္သေ့,သစ်ကျားတို့၏ အသံကို နာခံမှတ်သား၍ အိပ်ပြီးလျှင် နံနက်အခါ ထိုအရပ်သို့သွား၍ ခြင်္သေ့, သစ်ကျားတို့၏ စားကြွင်း စလုပ်စပေါက်ကို ကောက်၍ ချက်ပြုတ်ခါ စားသောက်၍ နေသည်။ တနေ့သ၌ နံနက်ထအခါ မီးထည့်နေသည်ရှိသော် မင်းသမီး၏ ကိုယ်အနံ့ကြောင့် ကျားတို့သည် လာလျက် မင်းသမီးအထက်က မြေပုံကို ယက်လျှင် မင်းသမီးလည်း သည်းစွာဟစ်အော်၏။ ။ထိုအသံကို ရာမမင်း ကြားလျှင် မိန်းမအသံမှန်း သိ၍ ထိုအရပ်သို့သွားလျက် “အသူနည်း” ဟု မေးသောအခါ “သခင်,အကျွန်ုပ်ကား မိန်းမပါ”ဟု ဆိုပေသော် “မိန်းမ ဖြစ်လျှင် တက်ခဲ့လော့”ဟု ဆို၍ အချင်းချင်း မင်းသမီး, မင်းသား အဖြစ်ကို ပြန်ကြား၍ မင်းသမီးကို ဆောင်ယူခဲ့ပြီးလျှင် မိမိစားသော ဆေး,အာဟာရ တို့ကို အစဉ်အတိုင်း ပေးသဖြင့် မင်းသမီးလည်း မကြာမြင့်မီ ကပ်ရောက် သောရောဂါ နူနာမှ ကင်း၍ အချင်းချင်း သံဝါသကို ပြု၍ နေကြကုန်၏။ ထိုသို့ နေကြရာတွင် မင်းသမီး၌ နှစ်ယောက် အစုံအစုံ တဆဲ့ခြောက်ကြိမ် သားယောကျ်ား ဖွါးသဖြင့် သားသုံးကျိပ်နှစ်ယောက် ဖြစ်ကြကုန်၏။ ။ ထိုသားတို့ကို အရွယ်ရောက်သောကာလ ကပိလဝတ်ပြည်သို့ သွား၍ ရေဆိပ်သို့ သက်သော သာကီဝင် မင်းသမီး တယောက်တယောက်ကို ဆောင်စေ၏။ သာကီဝင်မင်းတို့ကလည်း “ငါတို့အမသားပင်”ဟု တစုံ တရသော စကားကိုမျှ မဆိုကြကုန်။

တနေ့သ၌ ရာမမင်း၏ မြို့၌ နေသော မုဆိုးတယောက်သည် ထိုအရပ် သို့ရောက်လာ၍ ရာမမင်းနှင့်တွေ့၍ အကြောင်းမျိုးကို မေးလျက် တိုင်း ပြည်သို့ ပြန်ပြီးလျှင် သားတော်အား ခမည်းတော် အကြောင်းကို တင် သောအခါ သားတော်သည် “ခမည်းတော်ကို ယူဆောင်အံ့” ဟု စစ်အင်္ဂါ လေးပါးနှင့်တကွ ထွက်ခဲ့၍ ခမည်းတော်ထံ ရောက်လျှင် မင်းပြုလုပ်တော် မူပါဦး”ဟု တောင်းပန်၏။ ။ခမည်းတော် ရာမမင်းကြီးလည်း “ငါသည် တိုင်းပြည်သို့ မပြန်လိုပြီ၊ဤယခု ငါနေသော ကလောပင်ကြီးကို ရှင်းလျက်

မြို့ဘန်ဆင်း၍ ပေးခဲ့လော့”ဟု မိန့်တော်မူလျှင် သားတော်လည်း မိန့်တော်မူတိုင်း ကလောပင်ကြီးကို ပယ်ရှားလျက် မြို့ ရွာ ဘန်ဆင်း၍ ပေးပြီးလျှင် တိုင်းပြည်သို့ ပြန်လေ၏။ ထိုမြို့ကား ကလောပင်ရာဝယ် တည်ထောင်သော မြို့ဖြစ်သောကြောင့် ကောလိယ-မြို့ ဟူ၍၎င်း ကျားတို့၏ သွားလာရာ ခရီး၌ တည်ထောင်သောကြောင့် ဗျဂ္ဃပထ-မြို့ ဟူ၍၎င်း အမည်မော်ကွန်း ထိုးကြကုန်၏။ ။ဤကား ကောလိယပြည်၏ တည်ထောင်စ အကြောင်းတည်း။

---

## ဒေဝဒဟပြည် အကြောင်း။

ကပိလဝတ်ပြည်က သာကီဝင် မင်းတို့သည် တရံသော အရပ်သို့ သွား၍ ရေကစားကြကုန်သည်။ ထိုအိုင်ကို သာကီဝင် မင်းတို့၏ ရေကစားရာ အိုင်ဖြစ်ခြင်းကြောင့် ဒေဝဒဟ-အိုင် ဟု ခေါ်ဝေါ်လေသည်။ နောက်ကာလ အချို့သော မင်းတို့သည် ကပိလဝတ်ပြည်သို့ မပြန်မူ၍ ထိုဒေဝဒဟအိုင်၌သာလျှင် မြို့ရွာတည်ထောင်၍ နေကြကုန်၏။ ထိုမြို့ကိုကား ဒေဝဒဟအိုင်၏ အနီးအပါး၌ တည်ထောင်သောကြောင့် ဒေဝဒဟ-မြို့ ဟု ခေါ်ဝေါ်ပညတ် အမှတ်ထားကြ ကုန်၏။ ။ဤကား ဒေဝဒဟ ပြည်၏ တည်ထောင်စ အကြောင်းတည်း။

---

## သာကီဝင်မင်းဆက် အကြောင်း။

ထိုသုံးပြည်ထောင် တို့တွင် ကပိလမြို့တည်၊ ဥက္ကာမုခ မင်းကြီး၏ သားတော်ကား နိပုရ၊ ၎င်းသား စန္ဒိမ၊ ၎င်းသား စန္ဒမုခ၊ ၎င်းသား သိဝိ၊ ၎င်းသား သိဉ္စယ၊ ၎င်းသား ဝေဿန္တရာ၊ ၎င်းသား ဇာလီ၊ ၎င်းသား သီဟဝါဟန၊ ၎င်းသား သီဟဿရ၊ ဤတကျိပ်သော သာကီဝင်မင်းတို့သည် ၎င်း, သီဟဿရမင်း၏ သား-မြေး-မြစ်ဖြစ်ကုန်သော ဇေယျသေနမင်း အခုံးရှိသော ရှစ်သောင်း နှစ်ထောင်သော သာကီဝင် မင်းတို့သည်၎င်း, သက္ကတိုင်း ကပိလဝတ် နေပြည်တော်ကြီးမှ ပြန့်ပွါးသော သာကီဝင် မင်းတို့တည်း။ ။ကပိလဝတ်မြို့တည်၊ ပဌမဥက္ကာမုခ မင်းကြီးမှ စ၍ ဇေယျသေန မင်းကြီးတိုင်အောင် မင်းပေါင်း ရှစ်သောင်း ‘နှစ်ထောင် တကျိပ် ရှိ၏။ ။ထို့ကြောင့် ပလိပ်စား ဇချောင်းတွင်။

ဥတ္တာခမုခ၊ နိပုရတည့်၊ မဖျာဘုန်းဖုန်း၊ သားစန္ဒိမ၊ ဇနလနွန်းရန်၊ စန္ဒမုခ၊ နှံ့မျှ ထင်ရှား၊ သားသီဝိရာဇ်၊ ရန်မြစ်ဖြတ်လျှည်း၊ သားသိဥ္စည်းက၊ ကျော်သည်းတံခွန်၊ မင်းဝေသန်နှင့်၊ သားမွန်ဇာလီ၊ နိုင်ပြီ ဘက်ကွာ၊ သီဟာဝါ က၊ သည်းချာတမွတ်၊ သီဟာသနု၊ ထိုက ဆက်မှန်၊ သောင်းရှစ်ပြန်တွင်၊ ကဲလွန်နှစ်ထောင်၊ နှောင်းဆုံး ဆောင်သား၊ မင်းခေါင်နရိန်၊ ဇေယျာသိန်သည်။ ။ဘုန်းရှိန်တည့် ပျံ့မွှေး စံငြိမ့်လေး။

ဟု စပ်လေသည်။

ဇေယျသေနမင်း၌ သားကား သီဟဟနု၊ သမီးကား ယသောဓရာ ဟု နှစ်ယောက် ရှိသည်။ ဒေဝဒဟပြည်က ဒေဝဒဟမင်းကြီး၌ သားကား အဉ္ဇန၊ သမီးကား ကဥ္စနာ ဟု နှစ်ယောက်ရှိသည်။ ထိုသို့ရှိကြရာတွင် ဇေယျ သေနမင်း၏ သား သီဟဟနုနှင့် ဒေဝဒဟမင်း၏ သမီး ကဥ္စနာကို ထိမ်းမြား ရာတွင် ဖွါးမြင်သည်ကား သုဒ္ဓေါဒန, ဓေါဒေါဒန, သုက္ကောဒန,သက္ကောဒန, အမိတ္တောဒန-ဟူ၍ သားငါးယောက်၊ သမီးကား အမိတ္တာ,ပါလိတာ-ဟူ၍ နှစ်ယောက်၊ ပေါင်း သား,သမီး ခုနစ်ယောက်ရှိသည်။

ဒေဝဒဟမင်း၏သား အဉ္ဇနနှင့် ဇေယျသေနမင်း၏သမီး ယသောဓရာကို ထိမ်းမြားရာတွင် ဖွါးမြင်သည်ကား သုပ္ပဗုဒ္ဓ,ဒဏ္ဍပါဏိ ဟူ၍ နှစ်ယောက်၊ သမီးကား မဟာမာယာ, ပဇာပတိ ဟူ၍ နှစ်ယောက်၊ ပေါင်း သား, သမီး လေးယောက် ရှိသည်။ ။ဒေဝဒဟပြည် အဉ္ဇနမင်းကြီး၏ လက်ထက်၌ လောကီချာန်ကို ရသော အရှင်ဒေဝီလရသေ့နှင့် တိုင်ပင်၍ အဉ္ဇနမင်းကြီး သည် ရှေးရှိဟောင်းသော ဂေါဇာသက္ကရာဇ် ၅စ်ထောင့်ခြောက်ရာလေးဆဲ့ ကိုးကို တပေါင်းလကွယ် စနေနေ့တွင် ချေ၍ တန်ကူးလဆန်း တရက် တနင်္ဂနွေနေ့ကို အစပြု၍ သက္ကရာဇ်တခု ထားလေသည်။ ။ထိုအဉ္ဇန မင်းကြီး ထားသော သက္ကရာဇ်ဆယ်ခု ဝါဆိုလပြည့် စနေနေ့တွင် သုဒ္ဓေါ ဒနမင်းကြီးကို ဖွါးမြင်သည်။တဆဲ့နှစ်ခုတွင် မဟာမာယာကို ဖွါးမြင်သည်။ ထိုမဟာမာယာ သတို့သမီးသည် ကောင်းခြင်းငါးပါးနှင့် ပြည့်စုံ၏။ ဆုံးမ အပ်သော ဆုံးမအပ်သော ဆင်းခြေရှိ၏။ ကောင်းစွာ စောင့်ရှောက်အပ်သော သီလရှိ၏။ ခြေဘဝါး, လက်ဘဝါးတို့သည် ညီညွတ်သော အပြင်ရှိကုန်၏၊ ယာမာ နတ်ပြည်ဝယ် ပတ္တမြားဗိမာန်၌ နေသော နတ်သမီးကဲ့သို့ တင့်တယ်၏။ ဤသို့သော လက္ခဏာနှင့် ပြည့်စုံသော သတို့သမီးကို ခမည်းတော် အဉ္ဇန မင်းကြီးမြင်လျှင် အလွန်ပင် နှစ်သက် ဝမ်းမြောက်တော်မူ၍ အမည်မှည့်

အံ့သောနေ့၌ တသိန်းသော သတ္တိသွီးတို့ကို ခြံရံစေလျက် လက္ခဏာ ဘတ်တတ်သော ပုဏ္ဏားတို့ကို ခေါ်၍ မေးလျှင် ပုဏ္ဏားတို့လည်း အလုံးစုံသော လက္ခဏာတို့၏ ပြည့်စုံခြင်းကို မြင်၍ "အရှင်မင်းကြီး၏ သွီးသည် လောကသုံးပါး၌ အတုမရှိသော ဘုရား၏ မယ်တော် ဖြစ်လတ္တံ့" ဟု နိမိတ်ဘတ်ကြကုန်၏။ ။ခမည်းတော် အဉ္ဇနမင်းကြီးလည်း ပုဏ္ဏားတို့ စကားကို ကြားလျှင် အားရနှစ်သက်တော်မူ၍ ကောင်းစွာသော နက္ခတ်သဘင်တို့နှင့် သှဉ်လျက် ကြီးစွာသော ပွဲလမ်းသဘင်ကို စီရင်ပြီးလျှင် ပခက်တင်မင်္ဂလာပြု၍ အလွန်သော အရောင်အသရေတို့နှင့် ပြည့်စုံခြင်းကြောင့် သိရိမဟာမာယာ-ဟူသော အမည်ကို မှည့်တော်မူ၏။

## သိရိမဟာမာယာ၏ အံ့ဘွယ် ၁၂-ပါး။

သိရိမဟာမာယာ သတ္တိသွီး၌ တဆဲ့နှစ်ပါးသော အံ့ဘွယ်တို့သည် ဖြစ်ကုန်၏၊ တဆဲ့နှစ်ပါး ဟူသော်ကား။ ။ထိုသတ္တိသွီးသည်။

၁-တကွမ်းစားသော ဆန်ဖြင့် ချက်သော ထမင်းအိုးကို အနီး၌ ထား၍ ဇမ္ဗူဒိပ် တကျွန်းလုံးကို ပေးသော်လည်း မကုန်နိုင်ခြင်း။

၂-အနာနှိပ်စက်သော သူတို့အား ထိုသတ္တိသွီး လက်ဖြင့် သုံးသပ်လျှင် အနာငြိမ်းခြင်း။

၃ ထိုသတ္တိသွီး လက်ဖြင့် သစ်ခက် သစ်ရွက်တို့ကို ကိုင်သည်ရှိသော် ကိုင်သောခဏ၌ ရွှေအတိ ဖြစ်ခြင်း။

၄-ထိုသတ္တိသွီးလက်ဖြင့် သစ်စေ့ကို စိုက်လျှင် ထိုခဏ၌ပင် အညွှာက်, အရွက်,အခက်တို့ ထွက်၍ အသီးကို ဆောင်ခြင်း။

၅-ရေမရှိသော တောင်ထိပ်၌ပင် ဖြစ်သော်လည်း ရေကို တောင့်တလျှင် နတ်တို့၏ ရေနံ့သာဖြင့် ချိုးစေ၍ နတ်တို့ တန်းဆာကို ဆင်စေခြင်း၊ ထန်းလုံးပမာဏသော ရေအယဉ်သည် မြေကိုခွဲ၍ထွက်လာခြင်း [၁]။

၆-ထိုသတ္တိသွီး သွားရာအရပ်၌ နတ်တို့သည် နတ်၌ဖြစ်သောအာဟာရကို ရွှေခွက်၌ထည့်၍ ဆက်သရခြင်း။

၇ ထိုသတ္တိသွီး ဥယျာဉ်သို့ ထွက်သောအခါ နတ်တို့သည် ရေနံ့သာဖြင့် ချိုးစေ၍ နတ်တို့၏ဘန်းဆာကို ဆင်စေခြင်း။

---

၁-ဘာသာဂတ ဥဒါနဒီပနီကျမ်းအဆိုနှင့် ကွဲလွဲလျက် ရှိသည်။

၈-ထိုသတို့သမီး ကြက်သရေတိုက်သို့ ဝင်၍ အိပ်သောအခါ ဘီလူး ၄,စ်ယောက်တို့သည် ဝဇိရစိန် လက်နက်ကို ထမ်း၍ စောင့်ရခြင်း။

၉-ထိုသတို့သမီး နေရာအရပ်၌ သဘင်သည်တို့၏ အသွင် ဘီလူးတို့ စောင့်ရခြင်း။

၁၀-ထိုသတို့သမီး အိုက်သောကာလ အိုင်ကြီး ခုနစ်အိုင်မှ ရေကို ဆောင်၍ နတ်တို့သည် ချိုးစေခြင်း။

၁၁-ထိုသတို့သမီး ချမ်းသောအခါ ဟိမဝန္တာ၌ ပေါက်သော ပဒေသာ ပင်မှ အလျား အတောင် ၄,စ်ဆယ်၊ အနံ အတောင် လေးဆယ် ရှိသော ပုဆိုးကို နတ်တို့ ဆက်သရခြင်း။

၁၂-သူဆင်းရဲ အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူလိုလျှင် ကောင်းကင်မှ ရတနာမိုးသွန်း ရွာခြင်း။

ဤသို့ အားဖြင့် တဆဲ့နှစ်ပါးသော အံ့ဘွယ်တို့နှင့် ပြည့်စုံ၏။

---

## သုဒ္ဓေါဒန-သိရိမဟာမာယာတို့ လက်ထပ်မင်္ဂလာ။

ထို သိရိ မဟာ မာယာ သတို့သမီး တဆဲ့ခြောက်နှစ် ရှိသော ကာလ ကပိလဝတ်ပြည်က သိဟဟနု မင်းကြီး၏ သားတော် သုဒ္ဓေါဒနမင်းသား လည်း တဆဲ့၄,စ်နှစ်အရွယ်သို့ ရောက်လတ်၍ ခမည်းတော် သိဟဟနု မင်းကြီးသည် ဘိသိက်သွန်း၍ ကြေရာဇ်မင်း အဖြစ်သို့ မြှောက်လိုရကား ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသော ဘိသိက်မြှောက်ထိုက်သော သတို့သမီး ကိုရှာအံ့သော်ငှါ လက္ခဏာကျမ်းဗေဒင်ကျမ်းတို့၌တတ်စွမ်းလေ့လာသော ပုဏ္ဏား ၄,စ်ယောက်တို့ကို အသပြာ၄,စ်ထောင်ပေး၍ လွှတ်တော်မူလိုက်၏။

ပုဏ္ဏား ၄,စ်ယောက်တို့သည် ဇမ္ဗူဒိပါမြေအပြင်ဝယ် ထိုထိုသို့သော မြို့ ရွာ နိဂုံးတို့ကို လှည့်လည်၍ ရှာသော်လည်း ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသော သတို့သမီးကို မတွေ့မမြင်၍ ပြန်ခဲ့လျှင် ဒေဝဒဟပြည်သို့ ရောက်သောကာလ အဉ္ဇနမင်းကြီး၏ သမီးတော် မဟာမာယာ သတို့သမီး၏ ဥယျာဉ်သို့ ဝင်လတ်သော် ကခြင်း, သီခြင်း, တီးမှုတ်ခြင်း သဘင်တို့ဖြင့် ခြံရံအပ်သော မင်းမောင်းမ တသိန်းတို့၏ အလယ်၌ ရတနာ ခုနစ်ပါးတို့ဖြင့် စီအပ်သော ပတ္တမြား ပလ္လင်ထက်၌ သန့်ရှင်းစင်ကြယ်သော ပတ္တမြား

တို့၏ အလယ်ဝယ် တင့်တယ်သော ဓောတရယ် ပတ္တမြားကဲ့သို့ရှင်း၊ အလုံးစုံသော ပန်းတို့၏အလယ် တင့်တယ်သောပဒုမာကြာပန်းကဲ့သို့ရှင်း၊ အလွန်တင့်တယ်သော သီရိမဟာမာယာ သတို့သမီးကို မြင်လျှင် မြင်သော ခဏ၌ပင် ထိုပုဏ္ဏား ၈ယောက်တို့သည် မိန်းမော တွေဝေ၍ သဝေချာလည်း ကြကုန်၏။ ထိုအကြောင်းကို သီရိမဟာမာယာ သတို့သမီးမြင်လျှင် မောင်းမငယ် တယောက်ကို စေလွှတ်၍ မေးစေရာ ကောဏ္ဍညပုဏ္ဏားသည် သတိရ၍ "အကျွန်ုပ်တို့သည် ကပိလဝတ်ပြည်ကြီးက သီဟဟနုမင်းကြီး၏ သားတော် သုဒ္ဓေါဒနမင်းသား၏ မိဖုရားအလို့ငှါ အရှာရောက်ပါကြောင်း"ကို တင်လျှင် ထိုမောင်းမငယ်သည် ကောဏ္ဍည ပုဏ္ဏား တင်သောအတိုင်း သီရိမဟာမာယာ သတို့သမီးထံသို့ ပြန်၍ တင်၏။ သီရိမဟာမာယာ သတို့သမီးလည်း ပုဏ္ဏား ၈ယောက်တို့ကို ရှေ့တော်သို့ ခေါ်စေပြီးလျှင် ရောက်သောကာလ "ဆရာတို့သည် အဘယ်မြို့ အဘယ်ရွာမှ အဘယ်ကိစ္စ အဘယ်အမှုကြောင့် ယခု ဤအရပ်သို့ ဆိုက်ကပ်ကြကုန်သနည်း"ဟု ကရဝိက် ငှက်မ၊ ကိန္နရီငှက်မတို့၏ အသံကဲ့သို့ သာယာသော အသံဖြင့် မေးလျှင် ပုဏ္ဏား ၈ယောက်တို့လည်း ထိုအသံကို ကြားလတ်၍ တပ်သောစိတ်ဖြင့် တဖန် မိန်းမော တွေဝေကြပြန်ကုန်၏။

ထိုမိန်းမော တွေဝေ၍ နေသည်ကို မွှေးစွာသော ရေဖြင့် ဖြန်းစေ၍ သတိရသောကာလ ပုဏ္ဏား ၈ယောက်တို့ကတင်သည်ကား "ခပ်သိမ်းသော သူတို့၏ နှလုံးကို ယူကျုံးဘိသကဲ့သို့ တင့်တယ်ခြင်း အသရေနှင့် ပြည့်စုံသော အရှင်သခင်မ၊ ကျွန်တော်တို့သည် ကပိလဝတ်နေပြည်တော်ကြီးဝယ် သီဟဟနုမင်းကြီး၏သားတော် သုဒ္ဓေါဒနမင်းသားသည် ခွန်အားဗလနှင့် ပြည့်စုံ၏၊ ဆဒ္ဒန်ဆင်ဆယ်စီး အားကို ဆောင်နိုင်၏။ အင်္ဂါကြီးငယ် အလုံးအရပ် ရူပသမ္ပတ္တိတို့နှင့်လည်း ပြည့်စုံ၏။ အဋ္ဌာရသ-အတတ်မျိုးကိုလည်း ဒိုးကဲ့သို့ နိုင်နင်း၏။ ထိုမင်းသား၏ အဘိသိက်ခံ တောင်ညာစံဒေဝီ မဟေသီ အလို့ငှါ ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် အကြင်အကြင်သို့သော မြို့ ရွာ နိဂုံး ဇနပုဒ်တို့ကို လှည့်လည်၍ ရှာသော်လည်း၊ မတွေ့မမြင်ခဲ့၍ ပြန်ခဲ့သောကာလ ယခုမှပင် သခင်မကို တွေ့မြင်ရပါသည်"ဟု တင်၏။ သီရိမဟာမာယာ မင်းသမီးလည်း ကောဏ္ဍညပုဏ္ဏား၏ စကားကို ကြားလျှင် သုဒ္ဓေါဒနမင်းသားကို မမြင်ရသော်လည်း ဘဝအဆက်ဆက်ကပင် ကျင်လည်ခဲ့ဘူး၍ အထူးသဖြင့် ချစ်ခင်လေးမြတ်သော်လည်း မိန်းမတို့၏မာယာ

ဖြင့် မချစ်သကဲ့သို့ ဖုံးလွှမ်း၍ "ထိုအကြောင်းကြောင့် လာရိုးမှန်လျှင် ခမည်းတော်ထံသို့သာ သွား၍ တိုင်ပင်ကြပါကုန်လော့"ဟု ဆို၏။

ပုဏ္ဏား တို့လည်း အဉ္ဇန မင်းကြီးထံ သွား၍ သီဟဟနု မင်းကြီးက သားတော်သုဒ္ဓေါဒနမင်းသားနှင့်ထိမ်းမြား၍ ဘိသိက်မြှောက်ရန် သ္မီးတော် သိရိမဟာမာယာ သတို့သ္မီးကို အတောင်း စေလွှတ်လိုက်၍ ရောက်ပါကြောင်းနှင့် တင်လျှောက်လျှင် အဉ္ဇနမင်းကြီးလည်း သုဒ္ဓေါဒနမင်းသား၏ အသက်, အတတ်, သီလ, အာစာရတို့ကို မေးပြီးမှ သဘောတော် ကျသောကြောင့် ကောင်းပြီဟု အာမခံပြီးလျှင် လက်ဆောင် ပဏ္ဏာ များစွာတို့ကို တဘန် ပြန်၍ ထည့်လိုက်၏။

ပုဏ္ဏား ရှစ်ယောက်တို့လည်း ကပိလဝတ်ပြည်သို့ ရောက်လျှင် အရှင်မင်းကြီး သားတော် သုဒ္ဓေါဒနမင်းသား၏ အဘိသိက်ခံ တောင်ညာစံ ဒေဝီ မဟေသီ မိဖုယားကြီးအလို့ငှါ ဇမ္ဗူဒိပ် မြေအပြင်၌ အကြွင်းမဲ့ကြွင်းသို့ သော မြို့ ရွာ နိဂုံး ဇနပုဒ်တို့သို့ လှည့်လည်၍ ရှာသော်လည်း မရ၊ ပြန်လည်၍ ဒေဝဒဟပြည်သို့ ကျခါမှ အဉ္ဇနမင်းကြီး၏ သ္မီးတော် သိရိမဟာမာယာ ကို တွေ့ခဲ့ရပါကြောင်း, ၎င်းသိရိမဟာမာယာ မင်းသ္မီးသည် ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသည့်ပြင် လက်ဘဝါး, ခြေဘဝါးအပြင်တို့၌ ခရုသင်း, ကြာမျိုးငါးပါး,စကြာရတနာ,သီတာခုနစ်တန်,ကျွန်းကြီးကျွန်းငယ်-စသော ကောင်းမြတ်သော လက္ခဏာ အရေးအသားတို့နှင့်တကွ လောက၌ အတု မရှိသော အဘိသိက်ခံ တောင်ညာစံ မိဖုယားကြီး မြှောက်ထိုက်သော သ္မီးကညာ ဖြစ်ပါကြောင်း, အရှင်မင်းကြီးက ပေးလိုက်သော လက်ဆောင် ပဏ္ဏာတို့ကို ထိုအဉ္ဇနမင်းအား ဆက်သခဲ့ပါကြောင်း, အဉ္ဇနမင်းကြီးက လည်း တဘန် လက်ဆောင်တော် ပြန်လိုက်ပါကြောင်းကို သံတော်ဦး တင်ကြကုန်၏။

သီဟဟနုမင်းလည်း ပုဏ္ဏားတို့စကားကို ကြားလျှင် အားရ နှစ်သက် တော်မူသည်ဖြစ်၍ တမန်တို့အား ပူဇော်သက္ကာရကို ပြု၍ ကောင်းသော နေ့,ရက်,နက္ခတ်,မင်္ဂလာ,အခါကို ရွေးချယ်စိစစ်ပြီးလျှင် ကပိလဝတ်ပြည် က ဒေဝဒဟပြည်တိုင်အောင် လမ်းခရီးကိုသုတ်သင်ရှင်းလင်းစေပြီးမှ ခရီး နံပါးနှစ်ဘက်တို့၌ ငှက်ပျောပင်, တမ်းခွန်,ကုက္ကား,မုလေးပွါး,ကြက်လျှာ, ကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့ကို တည်စေ၍ အထက်၌ ဗိတာန်မျက်နှာ

ကြက်တို့ကို ကြက်၍ ပန်းဆိုင်း နံ့သာဆိုင်းတို့ကို ဆွဲ၍ စည့်စောင်းသွင်း ဒုံမင်းပတ်သာတို့ကို တီးမှုတ်စေကုန်၏၊ ထို့နောက်မှ ရှေ့ကြိုးက-တန်းဆာ တို့ဖြင့် တင်အပ်သော နှစ်သောင်းသော ဆင်ဖြူထက်၌ ရတနာချနစ်ပါး စီအပ်သော ပြာသာဒ်ကို တင်၍ သာကီဝင်မင်းသားတို့ကို ထီးဖြူဆောင်း လျက် တက်စေပြီးလျှင် စီးစေ၏။ပစ္စယနာဂ ဆင်ဖြူထက်၌ကား သုဒ္ဓေါဒန မင်းသားကို တင်ပြီးလျှင် တရာ့တယောက်သော မင်းတို့ကို ခြံရံစေ၏။ ထို့နောင်မှ ကိုယ်လုံးဖြူသော တန်းဆာတို့ဖြင့် တန်းဆာ ဆင်အပ်သော သုံးသောင်းသော မြင်းတို့ကို သာကီဝင်မင်းတို့အား တက်စီးစေ၍ ခြံရံ စေ၏၊ထို့နောက်မှ ဆန်းကြယ်သော ရတနာတို့ဖြင့် တန်းဆာဆင်အပ် သော ကိုးသိန်းသော လေးသမားတို့သည် လေးလက်နက် စွဲကိုင်လျက် ဆင်အပေါင်းတို့၏ ရှေ့မှ သွားရကုန်၏၊ သုံးသောင်းသော လှည်းတို့ကို ဆန် စသည်ဟို့ကို တင်၍ သွားနှင့်စေ၏။ ထို့နောင်မှ ယောက်မ ဟင်းချို- စသည်တို့ကို တင်၍ လေးထောင်သော လှည်းတို့ကို သွားနှင့် စေ၏။ ထို့နောင် ငါး,အခဲ-စသည်တို့ကိုတင်၍ ခြောက်ထောင်သော လှည်းတို့ကို သွားနှင့်စေ၏။ အလုံးစုံတို့နောက်မှ သိဟဟာနု မင်းကြီးသည် စစ်အင်္ဂါ လေးပါးနှင့်တကွ ထွက်တော်မူ၏။

အဥ္စနမင်းကြီးလည်း သိဟဟာနုမင်းကြီးလာလျှင် ဆီးကြို၍ အသောက ဥယျာဉ်မှာ စစ်သည်ဗိုလ်ပါနှင့်တကွ တည်နေလေ၏။ နံနက် မိုးသောက် သောကာလ ယူဇနာခွဲရှိသော အရပ်၌ မဏ္ဍပ်ကိုငင်း,တရာသော သည် တိုင်ရှိသော ဘုံကိုးဆင့် ရှိသော ပြာသာဒ်ကိုငင်း ပြုစေ၏။ သိဟဟာနု မင်းကလည်း နှစ်ဆောင်သော ပြာသာဒ်ကို ပြုစေ၏။ ထိုသုံးဆောင်သော ပြာသာဒ်တို့သည် တလဖြင့် အပြီးသို့ ရောက်၏။ တပေါင်းလ၌ကား ဒေဝ ဒဟမြို့ကို တာဝတိံသာ နတ်ပြည်ကဲ့သို့ တန်းဆာဆင်၍ အသောက ဥယျာဉ်၌လည်း တံတိုင်းသုံးထပ်ရံ၍ ပြာသာဒ်သုံးဆောင် မဏ္ဍပ်တို့ကို လည်း တန်းဆာဆင်၍ မဏ္ဍပ်၏အလယ် ပလ္လင်ထက်၌ ရတနာချနပါးတို့ကို အံပုံအရပြု၍ အဘိုးအနဂ္ဃ ထိုက်သော ကမ္ဗလာကို ခင်း၍ အရုဏ်တက် သောအခါ သိရိမဟာမာယာ သတို့သမီးသည် အထူထူးသော တန်းဆာ တို့ဖြင့် တန်းဆာဆင်၍ မင်းသမီး ခုစ်သိန်း ခြံရံလျက် ပြာသာဒ်မှ သက်ပြီး လျှင် ရထားသို့ တက်၍ အသောက ဥယျာဉ်သို့ ထွက်၏။

ထိုခဏ၌ သုဇိတာ မိဖုယားသည် နတ်သွီးအပေါင်း ခြံရံလျက် သိရိမဟာမာယာ၏ ရှေ့က ရွှေရထားစီး၍ သွားကြကုန်၏။ သိကြားမင်းသည်၎င်း, အဋ္ဌနမင်းကြီးသည်၎င်း, မှူး မတ် ပရိသတ်အပေါင်းတို့သည်၎င်း,သိရိမဟာမာယာ မင်းသွီး၏ နောက်က လိုက်ကြကုန်၏။ ဤသို့လျှင် နတ် လူ ပရိသတ်တို့ဖြင့် ခြံရံလျက် ဒေဝဒဟပြည်မှ ထွက်ခဲ့၍ နှစ်ကောသအရပ်သို့ ရောက်သောကာလ သိပ္ပဟာနု မင်းကြီးသည် များစွာသော ဆင်,မြင်းတို့ကို အစဉ်လိုက် ထားပြီးလျှင် ထို့နောက်မှ ပစ္စယနာဂ-မည်သော ဆင်ပြူထက်၌ ရတနာအတိပြီးသော ပြာသာဒ်ကို တင်ထား၍ သားတော် သုဒ္ဓေါဒန မင်းသားကို တက်စေပြီးလျှင် တရာ့တယောက်သော မင်းတို့ကို ခြံရံစေ၏။

သုဒ္ဓေါဒနမင်းသား၏ ရှေ့က သုဒ္ဓါဝါသဗြဟ္မာကြီးတို့သည် ထီးဖြူကို ကိုင်လျက် သွားကြကုန်၏၊ထို့နောက်မှ ဒေါဒေါဒန, သုက္ကောဒန, သက္ကောဒန,အမိတ္တောဒန ဟူ၍ ညီတော်လေးယောက်တို့သည် စစ်အင်္ဂါလေးပါးနှင့်တကွ ထွက်၏။ ထို့နောက်မှ သိပ္ပဟာနုမင်းကြီးသည် သာကီဝင်မင်းခြောက်သိန်း ခြံရံလျက် သားတော်သုဒ္ဓေါဒနမင်းသား နောက်ကလိုက်၍ နှစ်ကောသသို့ ရောက်အောင် ဆီးကြိုပြီးလျှင် နှစ်ဦးသော ပရိသတ်တို့သည် မဏ္ဍပ်သို့ ဝင်ကြကုန်၏။ ။ထို့နောက်မှ သုဒ္ဓါဝါသဗြဟ္မာကြီးတို့သည်"ထိမ်းမြားအံ့သောအခါ တန်ပြီ"ဟု သုဒ္ဓေါဒနမင်းသားလက်ကို ကိုင်၍ ရတနာပုံထက်သို့ တင်၏။သုဇိတာ နတ်မိဖုယားသည် သိရိမဟာမာယာ လက်ကိုကိုင်၍ ရတနာပုံထက်သို့ တင်၏။

ထိုအခါ သိကြားမင်းသည် တခါမှုတ်လျှင် မိုးယံလေးလပတ်လုံး အသံမဆိတ်သော ခရုသင်းကိုမှုတ်၏။ပဉ္စသိခနတ်သားလည်း သုံးဂါဝုတ်အတိုင်းအရှည်ရှိသော နတ်စောင်းကို တီး၏။နတ်၌ဖြစ်သော စည်စောင်းညှင်းတို့ကို၎င်း, လူ၌ဖြစ်သော စည်စောင်းညှင်းတို့ကို၎င်း, တပြိုင်နက် တီးကြကုန်၏။ သုဒ္ဓါဝါသဗြဟ္မာကြီးသည် အနဝတတ်အိုင်ရေဖြင့် ပြည့်သော ရေကရားကို ကိုင်လျက် မင်္ဂလာစကား ကြားလျက် ထိမ်းမြားသော မင်္ဂလာရေဖြင့် မင်းသားမင်းသွီးနှစ်ပါးတို့၏ ဦးထိပ်၌ သွန်း၏၊ ထိုအခါ ငွေမြတုန်လှုပ်ခြင်း ပွဲတင်ထပ်ခြင်း စသည်တို့သည် ဖြစ်ကြကုန်၏။ ။ နတ်ဗြဟ္မာတို့လည်း မင်းသွီးမင်းသားတို့အား ဆုံးမဩဝါဒ ပေးပြီးလျှင် နတ်ပြည် ဗြဟ္မာ့ပြည်သို့ ပြန်ကြလေကုန်၏။

သိဟဟနုမင်းကြီးလည်း ထိုမဟာ်ပ်သို့ သုံးလပတ်လုံး သဘင်ကစား ပြီးသော် ကပိလဝတ် နေပြည်တော်သို့ ပြန်အံ့သော၌ တိုင်ပင်ပြီးလျှင် ထိုကပိလဝတ်ပြည်၌ စန္ဒနသာရမည်သော ပြာသာဒ်,ဗာကူလမည်သော ပြာသာဒ်,သဟာသသာရမည်သော ပြာသာဒ်, ဤပြာသာဒ်သုံးဆောင်ကို ဆောက်နှင့်စေ၍ ခရီးကို သုတ်သင်စေပြီးလျှင် သားတော် ချွေးမတော် တို့ကိုလည်း ရထားထက်သို့ တက်စေလျက် တသောင်းခြောက်ထောင် သော သွီးကညာတို့ကိုငင်း, တသိန်းသော မင်းသွီးတို့ကိုငင်း, တချော တယောက်သော မင်းတို့ကိုငင်း, ခြောက်သိန်းသောမင်းတို့ကိုငင်း, ခြံရံ စေပြီးသော် စစ်အင်္ဂါလေးပါးနှင့်တကွ ဒေဝဒဟပြည်မှ ကပိလဝတ်ပြည် သို့ ထွက်ခဲ့၏။ ။အဥ္စနမင်းကြီးက လက်ထပ်ပွဲတွင် သွီးတော်ကိုလက်ဖွဲ့ လိုက်သော ကုဋေတသိန်းသော ကျွန်မိန်းမ၊ ကုဋေတသိန်းသော ကျွန် ယောကျ်ား၊ ကိုးသောင်းသော ဆင်မ၊ ကိုးသောင်းသော ဆင်ပေါက်၊ ၄,စ်သောင်း လေးထောင်သောမြင်း၊ နှစ်ခေါဘဏီရှိသော ဆိတ် ဝက် ကျွဲ နွား၊ဤအလုံးစုံတို့သည်ငင်း,ထိုမှတပါး များစွာသော ပရိသတ်တို့သည်ငင်း လိုက်ကြကုန်၏။ ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်၏ အကြားခရီး၌ နတ် လူပရိသတ်တို့၏ အကြားဝယ် လက်လွှဲသွားလောက်ရုံမျှ အကြားမရှိဘဲ တခဲနက်အတိ ဖြစ်ကုန်၏.တိုင်းပြည်သို့ ရောက်သောကာလ ခမည်းတော် သိဟဟနုမင်းကြီးသည် သားတော် သုဒ္ဓေါဒနမင်းသားကို သက္ကတိုင်း ကပိလဝတ်ပြည်ကြီး၌ အဘိသိက်သွန်း၍ မင်းအဖြစ်သို့ မြှောက်တော်မူ၏။

**မယ်တော်မာယာ သုဒ္ဓေါဒနတို့ လက်ထပ်ခန်းကို ဥဒါနဒီပနီ မည်သော ကျမ်းမှာ တွေ့သောကြောင့် သဒ္ဓါပသန္နဖြစ်စိမ့်သော၌ ထည့်သွင်းရေးသား လိုက်သည်။**

နောက်သောကာလ သုဒ္ဓေါဒန မင်းကြီးသည် သိရိမဟာမာယာ၏ ညီမ ပဇာပတိဂေါတမီ ကိုလည်း သိမ်းပိုက်၏၊သိဟဟနုမင်းကြီး၏သွီး အမိတ္တာနှင့် အဥ္စနမင်းကြီး၏ သားတော် သုပ္ပဗုဒ္ဓနှင့်လည်း ထိမ်းမြားး၏၊ ။ သိဟဟနုမင်းကြီးလည်း သားတော် သုဒ္ဓေါဒနမင်းသားအား ထီးနန်းအပ် လွှဲ၍ အသက်အတိုင်း နေပြီးလျှင် နတ်ရွာစံတော်မူ၏။သားတော် သုဒ္ဓေါ ဒနမင်းသားသည် ကပိလဝတ်ပြည်၌ ထီးဖြူကိုအုပ်၍ မင်းလုပ်တော်မူ၏။

## ၄၃-ဂေါတမ မြတ်စွာဘုရား အကြောင်း။

ထိုအခါ ငါတို့ ရှင်ဂေါတမ အလောင်းတော်သည် ဝေဿန္တရာမင်း အဖြစ်မှစုတေတော်မူ၍ တုသိတာနတ်ပြည်၌သေတကေတုနတ်သားဖြစ်၍ တုသိတာနတ်သက် ငါးဆဲ့ ခုနစ်ကုဋေ ခြောက်သန်း စေ့သောကာလ လူတို့၏ရက်ဖြင့် ခုနစ်ရက်တည်၍ သေရလတ္တံ့သောကာလ နတ်တို့ ပဒို သန္ဓေနေစက ပန်သောပန်းညှိုးခြင်း,ဝတ်သော အဝတ်တန်းဆာနွမ်းခြင်း, ကိုယ်မှချွေးတို့သည် အပေါက်အပေါက် ယိုထွက်ခြင်း,အဆင်းမလှသော အဖြစ်သို့ရောက်ခြင်း,နတ်တို့၏ နေရာ၌ မမွေ့လျော်ခြင်း ဟု ဆိုအပ်သော ငါးပါးသော ပုဗ္ဗနိမိတ်ထင်လျှင် တသောင်းသော စကြဝဠာမှ နတ်ဗြဟ္မာ အပေါင်းတို့သည်"အလောင်းမင်းတရား; ဘုရားဖြစ်အံ့သော အခါတန် ပါပြီ၊လူ့ပြည်သို့ သက်ဆင်း၍ ဘုရားဖြစ်တော်မူပါလော့"ဟု တောင်းပန် သောအခါ ရှေးဦးစွာ အခါမ မခံဦးဘဲ အသက်တရာတမ်းမှ အောက်၌ သတ္တဝါတို့ လောဘဒေါသ ထူပြော၍ တရားတော်ကို မနာနိုင်သော ကြောင့် ခပ်သိမ်းသော ဘုရားရှင်တို့ ပွင့်တော်မမူကုန်။ တသိန်းတမ်းမှ အထက်၌ကား သတ္တဝါတို့ အလွန်အသက်ရှည်၍ အနိစ္စ-စသော လက္ခ ဏာရေးသုံးပါးကို မထင်နိုင်သောကြောင့် ခပ်သိမ်းသော ဘုရားရှင်တို့ ပွင့်တော်မမူကြကုန်။ တသိန်းတမ်းမှအောက်၊ တရာ့တမ်းမှ အထက်၊ ဤအကြား ဤအခါ ဤကာလတို့၌သာလျှင် ခပ်သိမ်းသော ဘုရားရှင်တို့ ပွင့်တော်မူကြကုန်သောကြောင့် ဘုရားဖြစ်အံ့သော အခါ ကာလကို ကြည့်တော်မူလျှင် လူတို့အသက် တရာတမ်းတည်းဟူသော ဘုရား ဖြစ်ရာ အခါကာလကို မြင်တော်မူ၏။ထို့နောင် ခပ်သိမ်းသော ဘုရား ရှင်တို့ပွင့်ရာ ကျွန်းကိုကြည့်တော်မူလျှင် ဇမ္ဗူဒီပါကျွန်းကို မြင်တော်မူ၏။ ထို့နောင် ဇမ္ဗူဒီပါကျွန်းသည်လည်း အလွန်တရာ ကျယ်ဝန်း၏။အဘယ် အရပ် အဘယ်ဒေသ၌ ခပ်သိမ်းသော ဘုရားရှင်တို့သည် ပွင့်တော်မူကြ ကုန်သနည်း ဟု ပွင့်ရာ အရပ်ဒေသကို ကြည့်တော်မူပြန်လျှင် အရှေ့ အရပ် ဇင်္ဂလနိဂုံး,တောင်ထောင့်အရပ်၌ သလ္လဝတီမြစ်, တောင်အရပ်၌ သေတကဏ္ဏိနိဂုံး,အနောက်အရပ်၌ ရှနမည်သောပုဏ္ဏားရွာ, မြောက်အ ရပ်၌ ဥသိရဒ္ဓဇတောင်၊ဤသို့နိမိတ်ကြီး ငါးပါးတို့ဖြင့် ပိုင်းခြား မှတ်သား အပ်သော• တောင်မြောက်အားဖြင့် အလျားယူဇနာ သုံးရာ အရှေ့ အနောက်အားဖြင့် အနံယူဇနာ နှစ်ရာ့ငါးဆယ်၊အဝန်းအားဖြင့် ယူဇနာ

ကိုးရာရှိသော မဏ္ဍိမဒေသ အရပ်၌သာလျှင် ဘုရား,ပစ္စေကဗုဒ္ဓါ,အဂ္ဂသာဝက,မဟာသာဝက,စကြဝတေးမင်း, ဘုရား့ခမည်းတော်,မယ်တော်တို့သည် ဖြစ်ကုန်၍ ယခုလည်း မဏ္ဍိမဒေသ ကပိလဝတ် နေပြည်တော်ကြီးဝယ် ဖြစ်ရလတ္တံ့ ဟု ဒေသကို မြင်တော်မူ၏။

ထို့နောက်မှ ခပ်သိမ်းသော ဘုရားတို့ မည်သည် ကုန်သည်မျိုး သူဆင်းရဲမျိုးတို့၌ ဖြစ်တော်မမူကြကုန်။မြတ်သောမင်းမျိုး ပုဏ္ဏားမျိုးတို့၌သာလျှင် ဖြစ်ကုန်သောကြောင့် ဘုရားဖြစ်ရာ အမျိုးကို ကြည့်တော်မူပြန်လျှင် ယခုအခါ သာကီဝင်မင်းမျိုးသည် မြတ်၏ ဟု သမုတ်အပ်သောကြောင့် သာကီဝင်မင်းမျိုး၌ သုဒ္ဓေါဒနမင်းကြီး၏ သား ဖြစ်ရလတ္တံ့ ဟု အမျိုးကို မြင်တော်မူ၏။ ။ထို့နောက်မှ မယ်တော်၏ အသက်အပိုင်းအခြားကို ကြည့်တော်မူပြန်လျှင် ဆယ်လနှင့် ခုနစ်ရက် ကြွင်းတော့သည်ဟု မယ်တော် မဟာမာယာ၏ အသက်အပိုင်းအခြားကို မြင်တော်မူ၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော ငါးပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူပြီးမှ တသောင်းသော လောကဓာတ်မှ တောင်းပန်လာသော နတ်ဗြဟ္မာတို့၏ တောင်းပန်ခြင်းကို အာမခံတော်မူ၏။

## ဘုရားလောင်း ပဋိသန္ဓေ နေတော်မူခြင်း။

ထိုအခါ သိရိမဟာမာယာ မိဖုယားလည်း ဝါဆိုလဆန်း ကိုးရက်နေ့မှစ၍ ပန်းနံ့သာ အခိုးအထုံတန်းဆာတို့ဖြင့် တန်းဆာဆင်၍ နက္ခတ်သဘင် ခြောက်ရက်ပတ်လုံး ခံစားပြီးလျှင် ခုနစ်ရက်မြောက် ဝါဆိုလပြည့်နေ့၌ ရှစ်ပါးသော ဥပုသ်ကို ဆောက်တည်၍ ညဥ့်အခါ ကြက်သရေရှိသော တိုက်ခန်း၌ အိပ်၍ နံနက်ချိုးသောက်ထ အားကြီးသောအခါ ဘုရားလောင်း ပဋိသန္ဓေပယူခြင်း၏ ပုဗ္ဗနိမိတ်ဖြစ်သော အိပ်မက်ကို မြင်မက်ဟန်ကား။ ။ သိရိမဟာမာယာ မိဖုယားကို စာတုမဟာရာဇ် နတ်သားလေးယောက်တို့ထမ်း၍ အနဝတတ်အိုင်၏ အနီးအပါး၌ ထားကုန်၏။ထိုအခါ နတ်တို့သည် ရေမိုးချိုးစေ၍ အဝတ်ပုဆိုး ပန်းနံ့သာတို့ဖြင့် တန်းဆာဆင်ကြကုန်၏။မနီးမဝေးသော အရပ် ငွေတောင်၏အနီး ရွှေဗိမာန်၌ အရှေ့သို့ ဦးခေါင်းပြုလျက် အိပ်စေသည်။ထိုငွေတောင်၏ မနီးမဝေး ရွှေတောင်တခု၌ ကျက်စားသော ဆင်ဖြူတစီးသည် ထိုရွှေတောင်မှ သက်၍

ငွေတောင်သို့ တက်ပြီးလျှင် မြောက်အရပ်မှလာ၍ ငွေဗိမာန်တွင်းသို့ ဝင်လျက် မိဖုယားကို လက်ျာရစ်လှည့်ပြီးလျှင် လက်ျာနံပါးဖြင့် ဝင်သည်ဟု မြင်မက်၏။

ထိုခဏာ၌ပင် အလောင်းတော် သေတကေတုနတ်သားသည် တုသိတာနတ်ပြည် နန္ဒဝန်ဥယျာဉ်မှ ရတိစိတ်ကျ၍ သက်ခဲ့သဖြင့် ဘိုးတော် အဉ္ဇနမင်းကြီး ထားသော မဟာသက္ကရာဇ် ခြောက်ဆဲ့ရှနှစ်ရှ ဝါဆိုလ ပြည့်နေ့ ညဉ့်မိုးသောက် အားကြီးတွင် ဥတ္တရာသဠ် နက္ခတ်နှင့် ယှဉ်လျက် မေတ္တာပုဗ္ဗကဖြစ်သော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်၏ အကျိုးဖြစ်သော မဟာဝိပါက်စိတ်ဖြင့် မယ်တော် မဟာမာယာ ဝမ်းဝယ် ပဋိသန္ဓေ စွဲနေတော်မူ၏။ ထိုအခါ ယသောဓရာ အလောင်းသည် တုသိတာနတ်ပြည်မှ ရတော၍ ဒေဝဒဟပြည် သုပ္ပဗုဒ္ဓမင်းကြီး၏ မိဖုယား သုဒ္ဓေါဒနမင်းကြီး၏ နှမတော် အမိတ္တာ၏ဝမ်း၌ ပဋိသန္ဓေ စွဲနေ၏။ ဘုရားလောင်း ပဋိသန္ဓေ နေသောအခါ မဟာပထဝီ တုန်လှုပ်ခြင်းစသော သုံးဆဲ့နှစ်ပါးသော နိမိတ်ကြီးတို့သည် ဖြစ်ကုန်၏။

သိရိမဟာမာယာ မိဖုယားလည်း နိုးသောကာလ ထိုအိပ်မက်ကို သုဒ္ဓေါဒနမင်းကြီးအား ကြားလျှင် ပုဏ္ဏားခြောက်ကျိပ် ရှစ်ယောက်တို့ကို ခေါ်၍ အိပ်မက်ကို ဘတ်စေရာ ရှစ်ယောက်သော ပုဏ္ဏားတို့သည် "အရှင် မိဖုယားဝမ်း၌ ပဋိသန္ဓေစွဲသော ယောကျ်ားကား အကယ်၍ အိမ်ယာ ထောင်သော လူတို့ဘောင်၌ နေအံ့၊ စကြာဝတေးမင်း ဖြစ်လတ္တံ့" ဟု အိပ်မက် ဘတ်ကြကုန်၏။ ထိုအခါမှစ၍ စာတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် ဝဇိရစိန်လက်နက်ကိုထမ်း၍ တိုက်ခန်း၏ လေးမျက်နှာမှ သိရိမဟာမာယာမိဖုယားကို စောင့်ရှောက်ကြကုန်၏။ ဤစကြာဝဠာ၌ နတ်မင်းကြီးလေးယောက် လေးယောက်တို့သာ မဟုတ်သေး၊ တသောင်းသော စကြာဝဠာတိုက်မှ နတ်မင်းကြီး လေးယောက် လေးယောက်စီ စောင့်ရှောက်ကြကုန်သည်ဖြစ်၍ လေးသောင်းသော စာတုမဟာရာဇ် နတ်တို့သည် ဝဇိရစိန်လက်နက်ကိုထမ်း၍ တိုက်ခန်း၏ လေးမျက်နှာမှာ တမျက်နှာလျှင် တသောင်း တသောင်းစီ စောင့်ရှောက်ကြ ကုန်၏။ ဗြဟ္မာကြီး လေးယောက်တို့သည် ကောင်းကင်မှ နေ့ညဉ့်မပြတ်စောင့်ရှောက်ကြကုန်၏။ နဂါးမင်းကြီး လေးယောက်တို့သည် တိုက်ခန်း၏ အောက်ဘ

နေ့ညဉ့်မပြတ် စောင့်ရှောက်ကြကုန်၏။ အာကာသဇိုဝ်း၊ ဘုမ္မဇိုဝ်းစသော နတ်တို့သည်လည်း တိုက်ခန်း၏ ထက်ဝန်းကျင်သော အရပ်မှ စောင့်ရှောက်ကြ ကုန်၏။

---

## ဘုရားလောင်း ဖွါးမြင်တော်မူခြင်း။

ထိုသိရိမဟာမာယာ မိဖုယားကြီးသည် ဘုရားလောင်းကို ကိုးလလွယ်၍ ဆယ်လစေ့သောအခါ ကိုယ်ဝန်မှ ချလို၍ သုဒ္ဓေါဒနမင်းကြီးအားကြား၍ များစွာသော ခြွေရံပရိသတ်အပေါင်းတို့ဖြင့် ဒေဝဒဟပြည်သို့ သွားလေ၍ လုမ္ဗိနီ ဥယျာဉ်သို့ ရောက်လေ၏၊ ထိုအခါ လုမ္ဗိနီဥယျာဉ်သို့ ဝင်လိုသောစိတ် ရှိသည်ဖြစ်၍ ဥယျာဉ်သို့ ဝင်လေ၏။

ထိုအခါ များစွာသော နတ်အပေါင်းတို့သည် "ယနေ့ကား ဘုရားလောင်းကို ဖွါးလတ္တံ့"ဟု ကြွေးကြော် ကြကုန်၍ တသောင်းသော လောကဓာတ်သည် အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်၏။ မင်္ဂလာရှိသော သီချင်းတို့ကို သီကြကုန်၍ ပတ်သာ ဒုံမင်း စည်စောင်းညှင်း စသော တူရိယာမျိုးတို့ကို တီးမှုတ်ကြကုန်၏၊ သိရိမဟာမာယာ မိဖုယားလည်း ဥယျာဉ်သို့ ဝင်သောခဏ၌သာလျှင် အားနည်းပါးလှသည်ဖြစ်၍ အင်ကြင်းပင်ရင်း၌ တင်းတိမ်ကိုကာရံလျက် အင်ကြင်းခက်ကိုကိုင်၍ ဘိုးတော်အဉ္စနမင်းကြီး ထားသော မဟာသက္ကရာဇ်ခြောက်ဆဲ့ရှစ်ခု ကဆုန်လပြည့်သောကြာနေ့ ဝိသာခါ နက္ခတ်နှင့် ယှဉ်၍ နေဘက်အခါတွင် ဘုရားလောင်းကို ဖွါးတော်မူ၏။ ထိုသို့ ဘုရားလောင်းကို ဖွါးသောခဏ၌ နှစ်သိန်းလေးသောင်း အထုရှိသော ပထဝီမြေ တုန်လှုပ်ခြင်း၊ အထူးထူးသော တန်းဆာတို့သည် အလိုလို မြည်ခြင်း၊ နှောင်အိမ်၌ အနှောင်အဖွဲ့တို့သည် အလိုလို ပြေကျွတ်ခြင်း၊ ခပ်သိမ်းသော အနာတို့သည် အလိုလိုငြိမ်းခြင်း၊ ကန်းသောသူတို့သည် အလိုလိုမြင်ခြင်း၊ နားပင်းသောသူတို့သည်အလိုလို ကြားခြင်းစသော သုံးဆဲ့နှစ်ပါးသော နိမိတ်ကြီးတို့သည် ထင်ရှားဖြစ်ကုန်၏။ ဤသို့လျှင် များစွာသော နိမိတ်ကြီးတို့ထင်၍ သန့်ရှင်းစင်ကြယ်စွာ ဖွါးသော ဘုရားလောင်းကို သုဒ္ဓါဝါသ ရဟန္တာ ဗြဟ္မာကြီး တို့သည် ရွှေကွန်ရက်ဖြင့် ရှေးဦးစွာခံကုန်၏။ ထို့နောင်မှ လေးယောက်သော စာတုမဟာရာဇ် နတ်မင်းကြီးတို့သည် သစ်နက်ရေဖြင့် ခံကုန်၏။ ထိုနောင် စာတု

မဟာရာဇ် နတ်မင်းကြီး လေးယောက်တို့၏ လက်မှ လူတို့သည် ငါးကြွင်း မျက်စိနှင့် တူသော ဘွဲ့ဖြူပုဆိုးဖြင့် ခံကုန်၏။

ထိုအခါ ဘုရားလောင်းအား တစုံတခုသော အညစ်အကြေး မရှိစိမ့်သောငှါ၎င်း,မယ်တော်အား တစုံတခုသော အနာရောဂါ မရှိစိမ့်သော ငှါ၎င်း, ပူဇော်ခြင်းငှါ၎င်း, ကောင်းကင်မှ အပူအအေးဖြင့် နှစ်ပါးသော ထန်းလုံး ပမာဏရှိသော ရေအယဉ်သည် ယျောက်ကြ၍ ဦးခေါင်းမှ စ၍ ချိုးစေ၏။

---

## ဖွါးတော်မူစ ခုနစ်ဘွား ကြွသွားတော်မူခြင်း။

လူတို့၏ လက်မှ လွတ်သောအခါ ဘုရားလောင်းသည် မြေ၌ရပ်လျက် အရှေ့အရပ်သို့ ကြည့်၍ "ဤအရပ်၌ ငါနှင့်တူသော သူသည်၎င်း ငါထက် လွန်မြတ်သော သူသည်၎င်း ရှိအံ့လော မရှိအံ့လော"ဟု ဆင်ခြင်တော်မူ၏။ ထိုအခါ အရှေ့မျက်နှာ အရပ်၌ တသိန်းမက များစွာလှသော စကြဝဠာ တိုက်တို့သည် တပြိုင်နက် ဟင်းလင်းဖြစ်၍ အရှေ့မျက်နှာအရပ်၌ နေကုန်သောနတ်လူတို့သည် ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်၍"အလောင်းတော် မင်းသား,အရှေ့မျက်နှာအရပ်၌ အလောင်းတော် မင်းသားထက် လွန်သော သူကို ထားဘိဦး၊ တူသောသူမျှ မရှိပါကုန်"ဟု လျှောက်ကြကုန်၏။ ထို့အတူ အရပ်ရှစ်မျက်နှာကို ကြည့်တော်မူလျှင် ကိုယ်တော်ထက် လွန်သောသူ တူသောသူကို မြင်တော်မမူ၍ မြောက်အရပ်သို့ ရှေးရှု ရပ်တော်မူလျက် ခုနစ်ဘဝါးဖြင့် ကြွသွားတော်မူ၏။

ထိုအခါ ဗြဟ္မာကြီးတို့သည် သုံးယူဇနာရှိသော ထီးကိုဆောင်း၍ လိုက်ကြကုန်၏။သုယာမနတ်သားလည်း သားမြီးယပ်ကို ထမ်း၍လိုက်၏။ နတ်သား တယောက်သည် ရတနာအတိပြီးသော သန်လျက်ကိုထမ်း၍ လိုက်၏။နတ်သားတယောက်သည် ရွှေခြေနင်းကို ကိုင်၍လိုက်၏၊နတ်သား တယောက်သည် သင်းကျစ်ကို ကိုင်၍လိုက်၏၊ ဤမင်းမြောက်တန်းဆာ ငါးပါးသည် သူခပ်သိမ်းတို့ ထင်မြင်ကြကုန်၏။ထမ်းသောနတ်သားတို့ကို မူကား မမြင်ကြရကုန်။မြောက်အရပ်သို့ ကြွတော်မူသော ဘုရားလောင်းသည် မြေပြင်ဖြင့်သာ ကြွတော်မူသော်လည်း သူခပ်သိမ်းတို့ကမူကား ကောင်းကင်၌ သွားသည် ဟု ထင်ရကုန်၏။ဘုရားလောင်းသည် ငယ်စွာသော သတ္တသားပင် ဖြစ်သော်လည်း သူခပ်သိမ်းတို့ကမူကား တဆဲ့

ခြောက်နှစ်ရှည် ဟု ထင်ရကုန်၏။ ဘုရားလောင်းသည် အဝတ်မဝတ်ဘဲနှင့် ခြောက်အရပ်သို့ ကြွတော်မူသော်လည်း သူခပ်သိမ်းတို့ကမူကား ကာသိတိုင်း၌ဖြစ်သော ပုဆိုးကိုဝတ်သကဲ့သို့ ထင်ရကုန်၏။ ဘုရားလောင်းသည် တန်းဆာမဆင်ဘဲ ကြွတော်မူသော်လည်း သူခပ်သိမ်းတို့ကမူကား စကြဝတေးမင်း တန်းဆာကို ဆင်သကဲ့သို့ ထင်ရကုန်၏။ နတ်လူတို့သည်လည်း အထူးထူးသော စည်စောင်းညှင်းတို့ကို တီးမှုတ်ကြကုန်၏ ဘုရားလောင်းသည် ခုနစ်ဘဝါ ထက်၌ ရပ်တော်မူ၏။

ထိုအခါ ဗြဟ္မာမင်းသည် ဘွဲ့ဖြူပုဆိုးကို ပခုံးတဘက်၌ တင်၍ လက်ျာ ပုဆစ်ကို တုပ်လျက် "အလောင်းတော်မင်းသား, အရပ် မျက်နှာ၄ ကြည့်သဖြင့် အဘယ်မူ၍ အုံ့နည်း၊ အထက်ဘဝဂ် အောက်အဝီစိ အခ[illegible] ရှိသော လောကဓာတ်၌ အလောင်းမင်းသားနှင့် တူသောသူ မရှိပါပြီ"ဟု လျှောက်၏။ ထိုအခါ ဘုရားလောင်းသည် တသောင်းသော လောကဓာတ်၌ အသံမရှိ ဆိတ်ဆိတ်ရှိကုန်၍ ကိုယ်တော်နှင့်တူသော တရုံ တယောက်သော သူကိုမျှ မြင်တော်မမူ၍ ရှေးဘုရားလောင်းတို့၏ စရိုက်အား လျော်စွာ။

> အဂ္ဂေါဟမသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိ လောကဿ၊ ဇေဋ္ဌောဟမသ္မိ လောကဿ။ ။အယမန္တိမာ ဇာတိ၊နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

ဟူသော ဥဒါန်းကို ကျူးရင့်တော်မူ၏။

> အနက်ကား။ ။အဟံ၊ ငါသည်။လောကဿ၊ သုံးပါးသော လောကထက်။ အဂ္ဂေါ၊ မြတ်သည်။ အသ္မိ၊ဖြစ်တော်မူ၏။ အဟံ၊ ငါသည်။ လောကဿ၊ လောကထက်။သေဋ္ဌော၊ အထူးသဖြင့် ပူဇော်အပ်သည်။ အသ္မိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ လောကဿ၊ လောကထက်။ဇေဋ္ဌော၊ကြီးသည်။အသ္မိ၊ဖြစ်၏၊အယံ ဇာတိ၊ဤပဋိသန္ဓေသည်။အန္တိမာ၊အဆုံးဖြစ်သော ပဋိသန္ဓေတည်း။ဒါနိ ဣဒါနိ၊ ယခုအခါ၌။ပုနဗ္ဘဝေါ၊တဘန်ဖြစ်ခြင်းသည်။ နတ္ထိ၊မရှိပြီ။

ဤသို့လျှင် မကြောက်မရွံ့သော စကားကို ဆိုပြီးလျှင် ဘုရားလောင်းကို ကပိလဝတ်ပြည်သို့ ဆောင်ယူကြကုန်၏။

## ဖွါးဘက်တော် ခုနစ်ယောက်။

၁-ဘုရားလောင်း ဖွါးသောနေ့၌ သုဒ္ဓေါဒနမင်းကြီး နှမတော် အမိတ္တာ အားလည်း ယသောဓရာကို ဖွါးမြင်သည်။

၂-ညီတော် အမိတ္တောဒနမင်း၏ မိဖုယား အားလည်း အာနန္ဒာကို ဖွါးမြင်သည်။

၃-ဆန်လည်း ဖွါးမြင်သည်။

၄-ကာလုဒါယိ အမတ်လည်း ဖွါးမြင်သည်။

၅-ကဏ္ဍက မြင်းလည်း ဖွါးမြင်သည်။

၆-ဗောဓိပင်လည်း ပေါက်သည်။

၇-ဥယျာဉ်တော်၌ ရွှေအိုးကြီးလေးလုံးလည်း ပေါက်သည်။ တလုံးကား တဂါဝုတ်၊တလုံးကား နှစ်ဂါဝုတ်၊တလုံးကား သုံးဂါဝုတ်၊တလုံးကား တယူဇနာ အဝကျယ်၏၊အစောက်ကား နှစ်သိန်းလေးသောင်း အထု ရှိသော မြေကြီးနှင့် အမျှတည်း။ယူတိုင်းယူတိုင်း ပြည့်သည်သာ လျှင်တည်း။ ။ဤကား ဖွါးဘက်တော် ခုနစ်ယောက်တည်း။

မယ်တော်မာယာလည်း ဘုရားလောင်းကို ဖွါးပြီးနောက် ခုနစ်ရက် မြောက်တွင် ဘုရားလောင်း၏ ဘိုးတော် အဉ္ဇနမင်းကြီး ထားသော မဟာ သက္ကရာဇ် ခြောက်ဆဲ့ရှစ်ခု ကဆုန်လပြည့်ကျော် ခုနစ်ရက်နေ့ သက်တော် ငါးဆဲ့ခြောက်နှစ်က လေးလနှင့် နှစ်ဆယ့်ခုနစ်ရက် အစွန်းတွင် နတ်ရွာ လားတော်မူ၍ တုသိတာနတ်ပြည်၌ သန္တုသိတနတ်သား ဖြစ်လေ၏။ သည်ကိုရည်၍။

ဆပညာသာငါးဓေသဝယ်၊သုံးရက်ပသ်၊အကာသ်မန္တက်၊မယ်တော်သက်။

ဟု ဆိုကြကုန်၏။

---

## ခမည်းတော်မင်းကြီး ပဉ္စမ်အကြိမ် ရှိခိုးခြင်း။

သုဒ္ဓေါဒနမင်းကြီး၏ ဆရာ ကာလဒေဝိလရသေ့သည် နေ့သန့်အံ့သော ငှါ တာဝတိံသာ နတ်ပြည်သို့ သွားလျှင် ဘုရားလောင်း ဖွါးတော်မူ၍ ဝမ်းမြောက် ဝမ်းသာ မြူးရွှင်ပျော်ပါး ကစားကြ ကုန်သော နတ်တို့ကို

မြင်၍ "အဘယ့်ကြောင့် အထူးသဖြင့် မြူးထူးပျော်ပါး ကစားကြကုန်သနည်း"ဟု မေးသောအခါ ဘုရားလောင်း ဖွါးသော အဖြစ်ကို ပြောကြားလျှင် ကာလဒေဝိလရသေ့သည် အဆောတလျင် ဆင်းခဲ့၍ နန်းတော်သို့ ဝင်ပြီးလျှင်"သင်မင်းကြီးမှာ သားကောင်းရတနာ ဖွါးသည်ဟု ကြားသည်၊ ဟုတ်သလော"ဟု မေး၏။ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် သားတော်ဘုရားလောင်းကို ဒေဝိလ ရသေ့ထံ ဆောင်ခဲ့၍ ထိုဒေဝိလရသေ့အား ရှိခိုးစေခြင်းငှါ အားထုတ်လျှင် ပစ္ဆိမဘဝိက ဘုရားလောင်းတို့ မည်သည် ရှိခိုးထိုက်သောသူ မရှိသောကြောင့် ဘုရားလောင်း၏ ခြေတော်သည် ဒေဝိလရသေ့၏ ဆံကျစ်သို့တက်၍ ဘည်လေ၏။ ထိုအံ့ဘွယ်သရဲကို မြင်လျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် လက်အုပ်ချီ၍ သားတော်ဘုရားလောင်းအား ရှိခိုး၏၊ဒေဝိလရသေ့လည်း "ဤမင်းသားကား ဘုရားဧကန် ဖြစ်လတ္တံ့"ဟု ဝမ်းမြောက်ဝမ်းသာ ရယ်၏၊ထို့နောင် "ထိုမင်းသား ဘုရားဖြစ်၍ ဘူးတွေ့ရပါအံ့လော"ဟု ဆင်ခြင်လျှင် ဘုရား မဖြစ်ခင်ပင် ဗုတေ၍ အရူပဘုံ၌ မိမိ ဖြစ်ရလတ္တံ့သည်ကို မြင်၍ "ငါ့အား ရှုံးခြင်းကြီး ရှုံးလေစွ"ဟု ဝမ်းနည်းပက်လက် ငို၏။ ထိုသို့ ငိုပြီးလျှင် ဒေဝိလရသေ့သည် "ငါပင် မဘူးမြင် ထိုက်သော်လည်း ငါ၏ဆွေမျိုး ဉာတိတို့တွင် ဘူးမြင်ထိုက်သောသူ ရှိပါအံ့လော"ဟု ကြည့်ရှု ဆင်ခြင်လျှင် ဘူးမြင်ထိုက်သော တူတော် နာဠကကို မြင်၍ အိမ်သို့သွားပြီးလျှင် "တူတော် နာဠက,သုဒ္ဓေါဒနမင်းကြီး သားသည် ဘုရားဧကန်ဖြစ်လတ္တံ့၊သင် ဘူးမြင်ရလတ္တံ့၊ ထိုမင်းသား တောမထွက်ခင်ပင် တင်ကူး၍ တောထွက်လျက် ရဟန်းပြုလော့"ဟု တူတော် နာဠကကို သုံးမပြဒါဒကို ပေး၏။ တူတော် နာဠကလည်း ဦးရီးတော် သုံးမသော အခြားမဲ့၌သာ ဈေးပွဲသဘင်တို့၌ ရဟန်းတို့၏ အသုံးအဆောင်ကို ဝယ်စေ၍ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် ဘုရားလောင်းရှိရာသို့ ရှိခိုးပြီးသောအခါ ဟိမဝန္တာသို့ဝင်၍ ရဟန်းတရားကို ကြိုးစားအားထုတ်၍ နေနှင့်၏။ နောင် သိဒ္ဓတ်မင်းသား ဘုရား ဖြစ်သော အခါ ချဉ်းကပ်၍ မောနေယျ အကျင့်ကို ကြားနာရသဖြင့် မောနေယျအကျင့်ကို ကျင့်လျက် ရဟန္တာအဖြစ်သို့ ရောက်၍ ခုနစ်လခန့်ရှိလျှင် တခုသော ရွှေတောင်ကိုမှီ၍ ရပ်လျက် ပရိနိဗ္ဗာန် စံတော်မူ၏။ ။ဤကဲ့သို့သော မောနေယျပဋိပတ်ကား ဘုရားတဆူသျှင် တယောက်သာတည်း။

သုဒ္ဓေါဒနမင်းကြီးလည်း သားတော်ကို အမည်မှည့်အံ့ ဟု နံ့သာမျိုးတို့ဖြင့် နန်းတော်ကို လိမ်းကျံ၍ ပေါက်ပေါက်လျှင် ငါးခုမြောက်သော ပန်းတို့ကို ကြဲစေ၍ ဗေဒင်သုံးပုံတို့၌ တတ်ကျွမ်း လိမ္မာသော တရာ့ရှစ်ယောက်သော ပုဏ္ဏားတို့ကို ပင့်ပြီးလျှင် လက္ခဏာ ဘတ်စေရာ ထိုတရာ့ရှစ်ယောက်သော ပုဏ္ဏားတို့တွင် ရာမပုဏ္ဏားတယောက်, ဓဇပုဏ္ဏားတယောက်, လက္ခဏပုဏ္ဏားတယောက်, ဇောတိမန္တပုဏ္ဏားတယောက်, ယညပုဏ္ဏားတယောက်, သုဘောဂပုဏ္ဏားတယောက်, သုယာမပုဏ္ဏားတယောက်, သုဒတ္တအနွယ် ရှိသော ကောဏ္ဍညပုဏ္ဏား တယောက်၊ ဤပုဏ္ဏား ရှစ်ယောက် တို့သည် ပဋိသန္ဓေနေစဉ်က အိပ်မက်ကိုလည်း ထိုပုဏ္ဏား ရှစ်ယောက်ပင် ဘတ်ရသည်။ ထိုရှစ်ယောက်သော ပုဏ္ဏားတို့တွင် ပုဏ္ဏားကြီး ခုနစ်ယောက်တို့သည် လက်နှစ်ချောင်းကို ထောင်ပြီးလျှင် "အိမ်ယာထောင်သော လူ၏ဘောင်၌ နေအံ့၊ စကြဝတေးမင်း ဖြစ်လတ္တံ့၊ တောထွက်၍ ရဟန်းပြုအံ့၊ ဘုရားဧကန် ဖြစ်လတ္တံ့" ဟု နှစ်ခွစကားဖြင့် လက္ခဏာဘတ်၍ ကြားကုန်၏။ အငယ်ဆုံးဆရာ ကောဏ္ဍညမှုကား ဘုရားပွင့်ခါနီး တခိုတွင် သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံသော ယောကျ်ားကား ဘုရားဧကန် ဖြစ်လတ္တံ့ ဟု ဗေဒင်ကျမ်းတို့၌ ထည့်သွင်း၍ ထားသည်ကို အကုန်အစင် သိမြင်သောကြောင့် လက်ညှိုးတချောင်းကို ထောင်ပြီးလျှင် "အရှင်မင်းကြီး သားသည် တောထွက်၍ ဘုရားဧကန် ဖြစ်လတ္တံ့၊ အိမ်ယာထောင်သော လူ၏ဘောင်၌ ကြာရှည်စွာ နေခြင်း၏ အကြောင်းမရှိ" ဟု ဧကဂုစ်စကားဖြင့် လက္ခဏာဘတ်၍ ပြောကြား၏။

---

## **ယောကျ်ားမြတ်တို့၏ ၃၂-ပါးသော လက္ခဏာတော်ကြီး။**

ထိုတွင် သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ဟူသည်ကား။

၁-ခြေဘဝါးတော် နှစ်ဘက်၌ တထောင်သော အကန့်အကွက် အချက်တို့နှင့်တကွ တရာ့ ရှစ်ကွက် စက်လက္ခဏာ-ဟု ဆိုအပ်သော စက္ကေနင်္ဂတပါဒ လက္ခဏာတော်။

၂၈-ဗြဟ္မာမင်း၏ အသံကဲ့သို့ သာယာသော အသံတော် ရှိခြင်းတည်းဟူသော ဗြဟ္မဿရ လက္ခဏာတော်။
၂၉-အလွန်ညိုသော မျက်လုံးတော် ရှိခြင်းတည်းဟူသော အဘိနီလနေတ္တ လက္ခဏာတော်။
၃၀-နွားသူငယ်၏ မျက်မွေးကဲ့သို့ နူးညံ့သော မျက်မွေးတော်ရှိခြင်းတည်းဟူသော ဂေါပခုမ လက္ခဏာတော်။
၃၁-မျက်မှောင်တော် နှစ်ဘက်ကြား၌ ဖြူစင်နူးညံ့သော လဲဝါအဆင်းနှင့်တူသော အမွေးကိုကိုင်၍ ဆန့်လိုက်သောအခါ မောင်းထက်ဝက်ပမာဏ၊ လွှတ်လိုက်သောအခါ နဖူးပြင်သို့တက်၍ လက်ျာရစ်လည်သဖြင့် အထက်သို့တက်သော အမွေးရှိသော ဥဏ္ဏာလုံတော် ဟုဆိုအပ်သော ဥဏ္ဏာလောမ လက္ခဏာတော်။
၃၂-နဖူး သင်းကျစ်တော် ဟု ဆိုအပ်သော ဥဏှီသသီသ လက္ခဏာတော်။

ဤကား လက္ခဏာတော်ကြီး သုံးဆဲ့နှစ်ပါးတည်း။

---

## ၁၀၈-ကွက် စက်လက္ခဏာတော်။

ထိုလက္ခဏာတော်ကြီး သုံးဆဲ့နှစ်ပါးတွင် စက္ကေနင်္ဂတ ပါဒလက္ခဏာတော်၌ တရာ့ရှစ်ကွက် စက်လက္ခဏာဟူသော်ကား လှံမ၊ အိမ်မွန်၊ ဇလပ်ပန်း၊ လည်ရေးသုံးဆင့်၊ ဦးဆောက်ပန်း၊ ထမင်းပွဲ တည်ဟန်၊ ရွှေသလွန်၊ချွန်းတောင်း၊ပြာသာဒ်၊တံခါးတိုင်၊ ထီးဖြူ၊သန်လျက်၊ ထန်းရွက်ယပ်၊ဥဒေါင်းမြီးယပ်၊သင်းကျစ်၊ပတ္တမြားသပိတ်၊ပန်းဆိုင်း၊ကြာမျိုးငါးပါး၊ မှန်ညင်းဖြူစေ့ စသည်ဖြင့် ပြည့်သောအိုး၊ မှန်ညင်းဖြူစေ့ စသည်ဖြင့် ပြည့်သောခွက်၊ သမုဒ္ဒရာ၊စကြဝဠာတောင်၊ မြင်းမိုရ်တောင်၊ဟိမဝန္တာတောင်၊ နေ၊လ၊နက္ခတ်၊ ကျွန်းငယ်နှစ်ထောင် အခြံအရံနှင့်တကွသော ကျွန်းကြီးလေးကျွန်း၊စကြာမင်း၊လက်ျာရစ်လည်သော ခရုသင်း၊ငါးကြင်းအစုံ၊ စကြာရတနာ၊ သိတာခုနစ်တန်၊ တောင်စဉ်ခုနစ်ထပ်၊ အိုင်ကြီးခုနစ်အိုင်၊ဂဠုန်၊မိကျောင်း၊တံခွန်၊ကုက္ကား၊ သံလျှင်း၊သားမြီးယပ်၊ကေလာသဘတောင်၊ ခြင်္သေ့မင်း၊ ကျားမင်း၊ ဝဠာဟကမြင်းမင်း၊ ဥပေါသထဆင်မင်း၊ ဆဒ္ဒန်ဆင်မင်း၊ ဧရာဝဏ်ဆင်မင်း၊နဂါးမင်း၊ ဟင်္သာမင်း၊ဥသဘ

နွားမင်း၊မကာရန်း၊ ရွှေလှော်မျက်နှာလေးပါး၊ နွားသားအမိ၊ ကိန္နရာမို၊ ကိန္နရိမ၊ကရဝိက်၊ ဥဒေါင်း၊ကြိုးကြာ၊စက္ကဝက်၊ဇီဝဇိုး၊ နတ်ပြည်ခြောက်ထပ်၊ ပြဟ္မာ့ပြည်တဆဲ့ခြောက်ထပ်၊ ဤသို့လျှင် တရာ့ရှစ်ကွက်၊ စက်လက္ခဏာတော်တည်း။

---

## လက္ခဏာတော်ငယ်-၈၀။

ရှစ်ဆယ်သော လက္ခဏာတော်ငယ် ဟူသည်ကား။

၁-နီသော ခြေသည်း လက်သည်းတော် ရှိခြင်း တည်းဟူသော တမ္ဗနခတာ လက္ခဏာတော်။

၂-မြင့်သော ခြေသည်း လက်သည်းတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော တုင်္ဂနခတာ လက္ခဏာတော်။

၃-သိမ်မွေ့သော ခြေသည်း လက်သည်းတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သိနိဒ္ဓနခတာ လက္ခဏာတော်။

၄-လုံးသောခြေချောင်းတော် လက်ချောင်းတော် ရှိခြင်းတည်းဟူသော ဝဋ္ဋင်္ဂုလိ လက္ခဏာတော်။

၅-စိတ်သော ခြေချောင်းတော် လက်ချောင်းတော် ရှိခြင်းတည်းဟူသော စိတ္တင်္ဂုလိ လက္ခဏာတော်။

၆-အစဉ်အားလျော်သော ခြေချောင်းလက်ချောင်းတော် ရှိခြင်းတည်းဟူသော အနုပုဗ္ဗင်္ဂုလိ လက္ခဏာတော်။

၇-လုံးသော ဖမျက်တော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော နိဂူဠ ဂေါပ္ဖကတာ လက္ခဏာတော်။

၈-ညီညွတ်သော ငါးချောင်းသော ခြေတော်ရှိသည်၏ အဖြစ်ဟုဆိုအပ်သော သမပါဒတာ လက္ခဏာတော်။

၉-ဆဒ္ဒန်ဆင်မင်းနှင့် တူစွာ ခြေတော် ဖြန့်လျက် သွားတော် မူခြင်း ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ဂဇသမာနက္ကမတာ လက္ခဏာတော်။

၁၀-ကေသရရာဇာ ခြင်္သေ့မင်းနှင့် တူစွာ ခြေတော်ဖြန့်လျက် သွားတော်မူခြင်းရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သီဟသမာနက္ကမတာ လက္ခဏာတော်။

၁၁-နွားမင်းနှင့်တူစွာ ခြေတော်ဖြန့်လျက် သွားတော်မူသည်၏ အဖြစ်ဟု ဆိုအပ်သော ဥသဘ သမာနက္ကမတာ လက္ခဏာတော်။

၁၂-ဟင်္သာမင်းနှင့်တူစွာ ခြေတော်ဖြန့်လျက် သွားတော်မူသည်၏ အဖြစ်ဟု ဆိုအပ်သော ဟံသ သမာနက္ကမတာ လက္ခဏာတော်။

၁၃-လက်ျာရစ်လည်၍ ကြွတော်မူလေ့ ရှိတော်မူသည်၏ အဖြစ်ဟု ဆိုအပ်သော ဒက္ခိဏာဝဋ္ဋဂတတာ လက္ခဏာတော်။

၁၄-ထက်ဝန်းကျင် ပုဆစ်တော်အဝန်း၏ တင့်တယ်သော အဖြစ်ဟု ဆိုအပ်သော သမန္တတောစာရု ဇာဏုမဏ္ဍလတာ လက္ခဏာတော်။

၁၅-ဆင့်နှာမောင်းနှင့်တူသော မြတ်သော မောင်းလက်ရုံးတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ဣဘကရသဒိသ ဥရုဘုဇတာ လက္ခဏာတော်။

၁၆-ထက်ဝန်းကျင် ပြည့်ရုံသော ယောက်ျားတို့၏ နိမိတ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ပရိပုဏ္ဏ ပုရိသဗျဉ္ဇနတာ လက္ခဏာတော်။

၁၇-ဖြူစင်သော ကိုယ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သုစိဂတ္တတာ လက္ခဏာတော်။

၁၈-အစဉ်အားလျော်စွာ တင့်တယ်သော ကိုယ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အနုပုဗ္ဗစာရုဂတ္တတာ လက္ခဏာတော်။

၁၉-အစဉ်အားလျော်စွာ ဖြိုးဖြိုးဖြက်သော ကိုယ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အနုပုဗ္ဗ ရုစိရ ဂတ္တတာ လက္ခဏာတော်။

၂၀-ပါးရာတွင် မရှိ၊ ပို့ရာတွင် မကြိုသော ကိုယ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အနုဿန္နာနုဿန္န သဗ္ဗဂတ္တတာ လက္ခဏာတော်။

၂၁-နူးညံ့သော ကိုယ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော မုဒုဂတ္တတာ လက္ခဏာတော်။

၂၂-ပြေပြစ်သော ကိုယ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သိနိဒ္ဓဂတ္တတာ လက္ခဏာတော်။

၂၃-ချောမြေ့သိမ်မွေ့သော ကိုယ်တော်ရှိခြင်း တည်းဟူသော သုခုမာလ ဂတ္တတာ လက္ခဏာတော်။

၂၄-မတွန့်သော ကိုယ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အလိန ဂတ္တတာ လက္ခဏာတော်။

၂၅-မှည့်မည်းစသည်မှ ကင်းသော ကိုယ်တော်ရှိခြင်း တည်းဟူသော တိလကာဒိရဟိတ ဂတ္တတာ လက္ခဏာတော်။

၂၆-အညစ်အကြေးကင်းသော ကိုယ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော မလဝိရဟိတတာ လက္ခဏာတော်။

၂၇-အထူးသဖြင့် စင်ကြယ်သော ကိုယ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သုဝိသုဒ္ဓဂတ္တတာ လက္ခဏာတော်။

၂၈-ကုဋေတထောင်သော ဆင်တို့၏အားကို ဆောင်နိုင်သောကိုယ်တော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ကောဋိသဟဿ ဟတ္ထိ ဗလဓာရဏတာ လက္ခဏာတော်။

၂၉-အလွန်တောက်ပသော ချမ်းမြသော ကိုယ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အတိဥဇ္ဇလိတ သောမဂတ္တတာ လက္ခဏာတော်။

၃၀-ကောင်းစွာမွေးသော မဏိတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သုဂန္ဓဗုဒ္ဓနတာ လက္ခဏာတော်။

၃၁-ကောင်းစွာမွေးသော ခံတွင်းတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သုဂန္ဓမုခတာ လက္ခဏာတော်။

၃၂-ကောင်းစွာမွေးသော ကိုယ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သုဂန္ဓတနူတာ လက္ခဏာတော်။

၃၃-သိမ်မွေ့သော ထွက်သက်ဝင်သက်ကို ဆောင်သည်၏ အဖြစ်ဟု ဆိုအပ်သော သုခုမာအဿာသပဿာသ ဓာရဏတာ လက္ခဏာတော်။

၃၄-ထက်ဝန်းကျင် တလံမျှလောက်သော ကိုယ်တော်ရောင်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ပရိသမန္တကာယ ပဘာဝန္တတာ လက္ခဏာတော်။

၃၅-ညီညွတ်သော မွေးညှင်းတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သမလောမတာ လက္ခဏာတော်။

၃၆-လက်ျာရစ်လည်သော မွေးညှင်းတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ဒက္ခိဏာဝဋ္ဋတာ လက္ခဏာတော်။

၃၇-သိမ်မွေ့ ပြေပြစ်သော မွေးညှင်းတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သိနိဒ္ဓလောမတာ လက္ခဏာတော်။

၃၈ နူးညံ့သော မွေးညှင်းတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ကောမလလောမတာ လက္ခဏာတော်။

၃၉-ပြေပြစ်သော မျက်စဉ်းတောင်နှင့် တူသော ညိုသော မွေးညှင်းတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သိနိဒ္ဓဉ္ဇန သဒိသ လောမတာ လက္ခဏာတော်။

၄၀-လက်ျာရစ်လည်သော ချက်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ဒက္ခိဏာဝဋ္ဋ နာဘိတာ လက္ခဏာတော်။

၄၁-မပြတ်သော ချက်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အစ္ဆိဒ္ဒ နာဘိတာ လက္ခဏာတော်။

၄၂-နက်သော ချက်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ဂမ္ဘီရ နာဘိတာ လက္ခဏာတော်။

၄၃-နက်သော လက်ကြားအရေးတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ဂမ္ဘီရပါဏိ လေခတာ လက္ခဏာတော်။

၄၄-ဖြောင့်သော လက်ချောင်းရေးရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ဥဇုကလေခတာ လက္ခဏာတော်။

၄၅-ရှည်သော လက်ကြားရေးတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အာယတ လေခတာ လက္ခဏာတော်။

၄၆-နှစ်လိုဘွယ် သဏ္ဌာန်ရှိသော အရေးရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သုရုစိ သဏ္ဌာန လေခတာ လက္ခဏာတော်။

၄၇ ထက်ဝန်းကျင် ပြည့်ရုံသော ပါးတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ပရိပုဏ္ဏကပေါလတာ လက္ခဏာတော်။

၄၈-လျားသော ခံတွင်းတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အာယတ ဝဒနတာ လက္ခဏာတော်။

၄၉-အထူးသဖြင့် စင်ကြယ်သော စွယ်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ဝိသုဒ္ဓဒါဠတာ လက္ခဏာတော်။

၅၀-နီသော နှုတ်ခမ်းတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ရတ္တောဋ္ဌတာ လက္ခဏာတော်။

၅၁-လုံးသော စွယ်တော် ရှိသည်၏ အဖြစ် ဟု ဆိုအပ်သော သုဝဋ္ဋဒါဠတာ လက္ခဏာတော်။

၅၂-ထက်သော စွယ်တော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော တိက္ခဒါဌတာ လက္ခဏာတော်။

၅၃-အလွန်ဖြူစင်သော သွားတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အတိသုဒ္ဓ ဒန္တတာ လက္ခဏာတော်။

၅၄-နီသော သွားဖုံးတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ရတ္တဒွိဇမံသတာ လက္ခဏာတော်။

၅၅-နူးညံ့သော ပါးသော လျှာတော်ရှိသည်၏ အဖြစ် ဟု ဆိုအပ်သော မုဒုတနုက ဇိဝှာတာ လက္ခဏာတော်။

၅၆-နီသောလျှာတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ရတ္တ ဇိဝှာတာ လက္ခဏာတော်။

၅၇-မြင့်သော နှာခေါင်းတော် ရှိသည်၏ အဖြစ် ဟု ဆိုအပ်သော တုင်္ဂနာသတာ လက္ခဏာတော်။

၅၈-လျားသော ကျယ်သော မျက်စိတော် ရှိသည်၏အဖြစ်ဟု ဆိုအပ်သော အာယတ ဝိသာလ နေတ္တတာ လက္ခဏာတော်။

၅၉-ကြည်ညိုဖွယ်ရှိသော ငါးပါးသော အဆင်းနှင့် ယှဉ်သော မျက်စိတော် ရှိသည်၏အဖြစ်ဟု ဆိုအပ်သော ပဉ္စပသာဒယုတ္တတာ လက္ခဏာတော်။

၆၀-မကောက်သော အဖျားရှိသော မျက်မွေးတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အကုဉ္စိတဂ္ဂ ပခုမတာ လက္ခဏာတော်။

၆၁-ကောင်းသော သဏ္ဍာန်ရှိသော မျက်မှောင်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သုသဏ္ဌိတ ဘမုကတာ လက္ခဏာတော်။

၆၂-လျားသော ကြီးသော မျက်မှောင်တော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အာယတ မဟန္တဘမုကတာ လက္ခဏာတော်။

၆၃-သက်တင်ရေးသို့ ညွတ်သော မျက်မှောင်တော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အနုနတဘမုကတာ လက္ခဏာတော်။

၆၄-သိမ်မွေ့သော မျက်မှောင်မွေးတော် ရှိသည်၏အဖြစ်ဟု ဆိုအပ်သော သဏှလောမ ဘမုကတာ လက္ခဏာတော်။

၆၅-စဉ်းငယ်ညွတ်သော နှစ်လိုဖွယ်သော နားတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အနုနတရုစိရ ကဏ္ဏတာ လက္ခဏာတော်။

၆၆-ရှည်သော နားတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အာယတ ကဏ္ဏတာ လက္ခဏာတော်။

၆၇-ရှည်သော အထူးထူးအပြားပြား တင့်တယ်သော နဖူးတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အာယတ ပုထုလ နလာတ သောဘဏာတာ လက္ခဏာတော်။

၆၈-ထွတ်ဖြင်းမရှိသော ဦးခေါင်းတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော နိဂဏ္ဍ သိရတာ လက္ခဏာတော်။

၆၉-ရှိုင်းနိမ့်ခြင်းမရှိသော ဦးခေါင်းတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ် သော နိဂုဋ္ဌသိရတာ လက္ခဏာတော်။

၇၀-ထီးနှင့်တူသော တင့်တယ်သော ဦးခေါင်းတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ဆတ္တနိဘ စာရုသိရတာ လက္ခဏာတော်။

၇၁-အလွန်မည်းသော ဆံတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သုနီလ ကေသတာ လက္ခဏာတော်။

၇၂-အလွန်သိမ်မွေ့သော ဆံတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သုသဏှကေသတာ လက္ခဏာတော်။

၇၃-ပြေပြစ်သော ဆံတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သိနိဒ္ဓ ကေသတာ လက္ခဏာတော်။

၇၄-ကောင်းသော သဏ္ဌာန်ရှိသော ဆံတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ် သော သုသဏ္ဌာန ကေသတာ လက္ခဏာတော်။

၇၅-မနှောင့်ယှက်သော ဆံတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အနာကုလ ကေသတာ လက္ခဏာတော်။

၇၆-ညီညွတ်သော ဆံတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သမ ကေသတာ လက္ခဏာတော်။

၇၇-နူးညံ့သိမ်မွေ့သော ဆံတော် ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ကောမလ ကေသတာ လက္ခဏာတော်။

၇၈-အသီးအသီးတည်သော ဆံတော်ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော နာနာဝဋ္ဋိတ ကေသတာ လက္ခဏာတော်။

၇၉-ဦးဆောက်ပန်းကဲ့သို့ လက်ျာရစ်လည်သော ဆံတော်ရှိသည်၏အဖြစ် ဟု ဆိုအပ်သော ဝဋ္ဋံသကဓိဝ ဒက္ခိဏာဝဋ္ဋ ကေသတာ လက္ခဏာ တော်။

၁၀-ဦးထိပ်တော်ထက်၌ အရောင်ရတည်းဟူသော ကေတုမာလာရောင် ရှိသည့်၏အဖြစ်ဟု ဆိုအပ်သော ကေတုမာလာဝိလိနတာ လက္ခဏာ တော်။

ဤသို့အားဖြင့် လက္ခဏာတော်ငယ် ၈၀ဆယ်ကို မှတ်အပ်၏။

သုဒ္ဓေါဒနမင်းကြီးလည်း ဘုရားဖြစ်လတ္တံ့ ဟု ပောဖြီးနောက် ဤမင်း သားသည် လူသုံးဆါးတို့၏ အကျိုးကို ပြီးစေလတ္တံ့ ဖြစ်သောကြောင့် "သိဒ္ဓတ်မင်းသား"ဟူ၍ အမည်ကို မှည့်တော်မူ၏။လက္ခဏာဘတ် ပုဏ္ဏား ၈ယောက်တို့သည် လက္ခဏာဘတ်ပြီးလျှင် အိမ်သို့ပြန်၍ မိမိ၏သား တို့ကို ခေါ်၍ "အမောင်တို့, သုဒ္ဓေါဒနမင်းကြီးသား သိဒ္ဓတ်မင်းသားသည် ဘုရားဧကန် ဖြစ်လတ္တံ့၊ငါတို့မှာမူကား မှီမည် မမှီမည်ကို မသိ၊ ထိုမင်း သား တောထွက်၍ ဘုရားဖြစ်သောအခါ သာသနာသို့ ဝင်၍ ရဟန်းပြုရစ် ကြလော့"ဟု မှာထားပြီးလျှင် ပုဏ္ဏားကြီး ခုနစ်ယောက်တို့သည် ရတေ မနေ သေလွန်ကြလေကုန်၏။ ကောဏ္ဍည ပုဏ္ဏားငယ်သာ အနာရောဂါ ကင်း၍ ကျန်ရစ်လေသဖြင့် ထိုကောဏ္ဍညပုဏ္ဏားသည် ပုဏ္ဏားကြီး ခုနစ် ယောက်တို့တွင် လေးယောက်သော ပုဏ္ဏားကြီးတို့၏ သားလေးယောက် နှင့်တကွ သိဒ္ဓတ်မင်းသား တောမထွက်မီကပင် တင်ကူးတောထွက်ပြီး လျှင် ရဟန်းပြု၍ ထိုထို မြို့ ရွာ နိဂုံးတို့၌ အစဉ်သဖြင့် လှည့်လည်၍ နေကြ ကုန်၏။ ။ဤကား ဇဒ္ဓဝင် အဋ္ဌကထာအလို၊

မူလပဏ္ဏာသ အဋ္ဌကထာ, သာရတ္ထဒီပနီ ဋီကာ တို့၌ကား။ ။ လက္ခဏာဘတ် ပုဏ္ဏား၈ယောက်တို့တွင် သုံးယောက်သော ပုဏ္ဏားတို့ သည် "ဤလက္ခဏာနှင့် ပြည့်စုံသော ယောကျ်ားကား အိမ်၌ နေအံ့၊ စကြာမင်း ဖြစ်လတ္တံ့။ တောထွက်အံ့၊ ဘုရားဖြစ်လတ္တံ့"ဟု ဘတ်ကြကုန် သည်။ကောဏ္ဍည-စသော ငါးယောက်သော ပုဏ္ဏားတို့သည် "ဤလက္ခ ဏာနှင့်ပြည့်စုံသော ယောကျ်ားကား အိမ်၌ မနေလတ္တံ့၊ တောထွက်၍ ဘုရား ဧကန် ဖြစ်လတ္တံ့"ဟု ဘတ်ကြကုန်၏၊ ထိုကောဏ္ဍည-စသော ငါးယောက်သော ပုဏ္ဏားတို့သည် အိမ်သို့ပြန်၍"ဤမင်းသားကား ဘုရား ဧကန် ဖြစ်လတ္တံ့၊ငါတို့သည် နောက်ကာလ သား မယားရှိလျှင် ထိုသား မယားကို စွန့်ပစ်၍ တောထွက်ခြင်းငှါ မတတ်နိုင်ရာ၊ သား မယား မရှိခင် ငယ်ရွယ်စဉ် ကာလကပင် တောထွက်ကြကုန်အံ့"ဟု မိမိတို့ရအပ်သော

လာဘ်ပူဇော်သက္ကာရတို့ကို ဆွေမျိုးဉာတိတို့အား စွန့်ထားခဲ့၍ ငယ်ရွယ်သော ကာလကပင် ဘုရားလောင်းကို ရည်၍ ဘုရားလောင်း၏ ရှေးဦးစွာ တောထွက်၍ ရဟန်းပြုပြီ လျှင် မွေ့လျော်ဘွယ်ရှိသော သစ်မ်းကျောင်းတို့ကို သုံးဆောင်၍ အစဉ်သဖြင့် လှည့်လည်လျက် ရံခါရံခါ ဘုရားလောင်း၏ တောထွက်သော အကြောင်းကို မေးလျက် ဘုရားလောင်း၏ ဉာဏ်ရင့်တော် ကျက်ခြင်းကို ငံ့လင့်၍ နေကြကုန်သည် ဟု ဆိုသည်။ ။ ဤကား မူလပဏ္ဏာသ အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာတို့ အလို။ ။ ကျမ်းချင်း မညီကြကုန်။

သုဒ္ဓေါဒနမင်းကြီးလည်း လေးပါးသော နိမိတ်ကို မြင်၍ တောထွက်လတ္တံ့ ဟု ဟောသောကြောင့် တောထွက်၍ ဘုရားဖြစ်သဖြင့် အဘယ် မှုစအံ့နည်း ဟု ကောင်းကင်၌ သွားသော စကြာမင်း အဖြစ်ကို မြင်လို၍ အရပ်လေးမျက်နှာမှ တဂါဝုတ်တိုင်တိုင် နိမိတ်ကြီး လေးပါးကို တားမြစ်ခြင်းငှါ အစောင့်အရှောက်ကို ထား၍ နှစ်ရာ့လေးယောက်သော နို့ထိန်းတို့ကို ဘုရားလောင်းအား ပေးတော်မူ၏။ ထိုသို့ပင် နို့ထိန်းတို့ကို ပေးကုန်သော်လည်း မိထွေးတော် ဂေါတမီသည် မိမိသား နန္ဒမင်းသားကို နို့ထိန်းတို့အား အပ်၍ ဘုရားလောင်းကိုကား ကိုယ်တော်တိုင်သာ နို့တိုက်၍ မွေးကျွေးသုတ်သင်၏။ ဆွေတော် ၄ စ်သောင်းတို့ကလည်း သိဒ္ဓတ်မင်းသား၏ အခြံအရံ အလို့ငှါ တယောက် တယောက်သော သားတို့ကို ပေးကြကုန်၏။ ။မိထွေးတော် ဂေါတမီ၏သားကား နန္ဒမင်းသား၊ သမီးကား ဇနပဒကလျာဏီတည်း။ ။နန္ဒမင်းသားကား ဘုရားလောင်း အောက် လေးငါးရက်သာ ငယ်သည်။ အရပ်လည်း လက်လေးသစ် ခန့်သာ နိမ့်သည်။ ။ သုဒ္ဓေါဒန မင်းကြီး၏ ညီတော် သုက္ကောဒနသားကား မဟာနာမ်နှင့် အနုရုဒ္ဓါတည်း။ ၎င်းညီတော် အမိတ္တောဒနသားကား အာနန္ဒာတည်း။

---

## ခမည်းတော်မင်းကြီး ဒုတိယအကြိမ် ရှိခိုးတော်မူခြင်း။

တနေ့သ၌ သုဒ္ဓေါဒန မင်းကြီးသည် လယ်ထွန်မင်္ဂလာ ပြုအံ့သောငှါ ကပိလဝတ်မြို့အလုံးကို နတ်၏ဗိမာန်ကဲ့သို့ တန်းဆာဆင်စေ၍ သားတော် သိဒ္ဓတ်မင်းသားကို ယူ၍ ထွက်တော်မူ၏။ ရောက်လျှင် သိဒ္ဓတ်မင်းသားကို ဇမ္ဗူသပြေပင် အောက်၌ နံပါးမှ တင်းတိမ် ကာရံလျက် ထားပြီးလျှင်

သုဒ္ဓေါဒနမင်းကြီးသည် အမတ်အပေါင်း ခြံရံလျက် ရွှေထွန်တုံးသို့ တက်တော်မူ၍ ထိုမှ ဤမှ ထွန်တော်မူ၏။ အမတ်တို့လည်း ခုနစ်ရာ့ ကိုးဆဲ့ကိုးရသော ထွန်တုံးထက်သို့ တက်၍ ထိုမှ ဤမှ ထွန်ကြကုန်၏။ ကျွန်အမှုလုပ်တို့လည်း နှစ်ရာသော ထွန်တုံးထက်သို့ တက်၍ ထိုမှ ဤမှ ထွန်ကြကုန်၏။ ထိုသို့ အံ့ဘွယ်သရဲ ထွန်ကြသည်ကို သိဒ္ဓတ်မင်းသား၏ အထိန်းတို့သည် တင်းတိမ်အပသို့ ထွက်သွား၍ ကြည့်ရှုကြ ကုန်၏။ ထိုအခါ သိဒ္ဓတ်မင်းသားသည် တစုံတယောက်သော သူကိုမျှ မမြင်၍ လျင်မြန်စွာ အိပ်ရာမှ ထပြီးလျှင် ထက်ဝယ် ဖွဲ့ခွေ နေတော် မူလျက် ထွက်သက်ဝင်သက်တို့ကို သိမ်းဆည်း၍ ပဌမဈာန်ကို ဖြစ်စေတော် မူ၏။ ဇမ္ဗူသပြေပင်ရိပ်သည် နေအနောက်သို့ ရောက်သော်လည်း အရိပ် အရှေ့သို့ မထွက်မူ၍ ထက်ဝန်းကျင်မှ ဝန်း၍ တည်၏။

အထိန်းတို့လည်း အရှင့်သား တယောက်သာ ကျန်ခဲ့သည်ဟု အဆောတလျင် တင်းတိမ်ကို ဘွင့်၍ ကြည့်လျှင် ထက်ဝယ်ဖွဲ့ခွေ နေသော ဘုရားလောင်းကိုငင်း, ဇမ္ဗူသပြေပင်ရိပ် မပြောင်းမရွေ့ တည်နေသည်ကိုငင်း မြင်၍ လျင်မြန်စွာသွား၍ သုဒ္ဓေါဒန မင်းကြီးအား ကြားလျှင် သုဒ္ဓေါဒနမင်းကြီးလည်း လျင်မြန်စွာ လာ၍ ထိုအံ့ဘွယ်သရဲကို မြင်သောအခါ "အလောင်းမင်းသား, ဤရှိခိုးခြင်းကား နှစ်ကြိမ်မြောက် ရှိခိုးခြင်းပါ" ဟု ဆို၍ ရိုသေစွာ ရှိခိုပြီးလျှင် နန်းတော်သို့ ဝင်တော်မူ၏။

ဘုရားလောင်း ခုနစ်နှစ်, ရှစ်နှစ်အရွယ်သို့ ရောက်သောအခါ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် မှူး မတ် အစည်းအဝေး၌ "ခုနစ်နှစ်ရွယ်, ရှစ်နှစ်ရွယ် သူငယ်တို့သည် အဘယ်၌ မြူးထူးပျော်ပါးကြသနည်း" ဟု မေးတော်မူလျှင်"အရှင်မင်းကြီး, ခုနစ်နှစ်, ရှစ်နှစ်ရွယ် သူငယ်ဘတွေမှာ ရေ၌ မြူးထူးပျော်ပါး ကစားကြပါကုန်သည်"ဟု သံတော်ဦး တင်ကြလျှင် ကပိလဝတ် ပြည်တော်၌ ရှိရှိသမျှသော မြေတူးသမားတို့ကို စည်းဝေးစေ၍ ရေကန်တော်တူးရန် ဘူမိနက်သန် မြေကြန်နှင့်ညီစွာသော အရပ်ကို ရွေးချယ်ပိုင်းစစ်တော်မူသည်။ ထိုအကြောင်းကို သိကြားမင်း သိမြင်လျှင် ပါရမီရှင် ဖြစ်သော ဘုရားလောင်းအား လူအများတို့ သုံးဆောင်အပ်သော မာနုဿိက ရေကန်ကို သုံးဆောင်ခြင်းငှါ မသင့် ဟု ဝိသုကြံနတ်သားကို ခေါ်တော်မူပြီးလျှင် "အချင်း ဝိသုကြံနတ်သား, ဘုရားလောင်း သိဒ္ဓတ်

မင်းသား၏ ကစားတော်မူရန် ရေကန် ဘန်ဆင်း၍ ပေးချေရမည်” ဟု ဆိုသောအခါ “မာဃိန်မှူး ဖြစ်တော်မူသော အရှင်သိကြားမင်း, ဘုရားလောင်း သုံးဆောင် ကစားတော်မူရန် ဘယ်သို့သော ရေကန်ကို ဘန်ဆင်း၍ ပေးရပါအံ့နည်း”ဟု ပြန်လျှောက်သောအခါ “အချင်း ဝိသုကြံနတ်သား, ပုလဲ, ပတ္တမြားတို့ဖြင့် များစွာ ခင်းထားအပ်သော သဲအပြင်, ထက်ဝန်းကျင်မှ ရတနာ ခုနစ်ပါး အခတိ ပြီးသော တံတိုင်း, ပတ္တမြားစောင်းတန်းဘောင်,ရွှေလှေကားပျဉ်, ငွေလှေကားပျဉ်, ဖလ်လှေကားပျဉ်တို့ဖြင့် တင့်တယ်စွာ စီရင်အပ်သော စောင်းတန်းတို့နှင့် ပြည့်စုံသော ရေကန်ကြီးကိုင်း၊ရေသွင်းရန် ရွှေပြွန်,ငွေပြွန်,ပတ္တမြားပြွန်,သန္တာပြွန်တို့ကိုင်း၊ ကြာမျိုးငါးပါး တို့ကိုင်း၊ စီးတော်မူရန် ထိုရေကန်၌ ရွှေလှေ, ငွေလှေ, ပတ္တမြားလှေ,သန္တာလှေ,လေးစင်းတို့တွင် ရွှေလှေ၌ ငွေပလ္လင်၊ ငွေလှေ၌ ရွှေပလ္လင်၊ ပတ္တမြားလှေ၌ သန္တာပလ္လင်၊သန္တာလှေ၌ ပတ္တမြားပလ္လင်တို့ကိုင်း၊စီရင်ဘန်ဆင်း၍ ပေးခဲ့လော့” ဟု မှာတော်မူလိုက်၏။ ဝိသုကြံ နတ်သားလည်း သိကြားမင်း မှာလိုက်သောအတိုင်း ညဉ့်အခါ လာ၍ ဘန်ဆင်းစီရင်ပြီးလျှင် ပြန်သွားလေ၏။ နံနက်သောက်သောအခါ မှူးမတ်တို့သည် ထိုရေကန်ကို မြင်ရကား သုဒ္ဓေါဒန မင်းကြီးထံ တင်ကြကုန်၏။ သုဒ္ဓေါဒန မင်းကြီးလည်း ထွက်တော်မူခဲ့ပြီးလျှင်“ငါ၏သားတော် အလို့ငှါ သိကြားနတ်မင်းတို့ ဘန်ဆင်း ပေးလာကြပေသည်” ဟု ဝမ်းမြောက်တော်မူလှ၍ ထိုနေ့မှစ၍ သားတော် မင်းသိဒ္ဓတ်ကို နတ်တို့ ဘန်ဆင်း စီရင်၍ ပေးအပ်သော ရေကန်တော်မှာ မွေ့လျော်ပျော်ပါး ကစားစေတော်မူသည်။

**သုံးပါးသော နန်းပြာသာဒ်တော်။**

ဤသို့သော အစဉ်ဖြင့် နတ်၏သဘင်ကဲ့သို့ ပျော်ရွှင်မြူးထူးကစား၍ ဘုရားလောင်း တဆဲ့ခြောက်နှစ်ရွယ်သို့ ရောက်တော်မူသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော်မင်းသိဒ္ဓတ်ကို ထီးနန်းအပ်လိုသောကြောင့် မြို့တော်လေးပြင်လေးရပ် ရှိရှိသမျှ ပန်းရံ ပန်းပု ပန်းချီတို့ကို ရရုံးစေပြီးလျှင် ဆောင်းဥတု,နွေဥတု,မိုဃ်းဥတု ဟု ဆိုအပ်သော ဥတုသုံးပါးနှင့် လျောက်ပတ်သော ပြာသာဒ်သုံးဆောင်တို့ကို ဆောက်လုပ်စေခိုင်းတော်မူသည်။ ထိုသုံးဆောင်သော ပြာသာဒ်တို့တွင် ဆောင်းဥတုမှာ ကျဉ်းမြောင်းသော တိုက်ခန်းရှိသော ပြာသာဒ်သာ လျောက်ပတ်ရာ၏ ဟု နှလုံးပိုက်၍ ဆောင်းဥတု စံတော်မူရန် ရမ္မ-ပြာသာဒ်မှာ ဘုံကိုးဆင့်၊အလွန်

စေ့စပ်သော နံရံတိုက်ခန်းလေသာပြူတင်း။ ။ရွှေဥတုမှာ ကျယ်ဝန်းသော တိုက်ခန်းရှိသော ပြာသာဒ်အားသာ လျှောက်ပတ်ရာ၏ ဟု နှလုံးပိုက်၍ ရွှေဥတု စံတော်မူရန် သုရမ္မ-ပြာသာဒ်မှာ ဘုံငါးဆင့်၊မစေ့မစပ်လွန်းသော တိုက်ခန်းနံရံ လေသာပြူတင်း။ ။မိုးဥတုမှာ မကျဉ်းလွန်း မကျယ်လွန်းသော တိုက်ခန်းရှိသော ပြာသာဒ်သာ လျှောက်ပတ်ရာ၏ ဟု နှလုံးပိုက်၍ မိုးဥတု စံတော်မူရန် သုဘ-ပြာသာဒ်မှာ ဘုံခုနစ်ဆင့်၊အချို့အချို့သော အရပ်၌ အလွန်လျှင် စေ့စပ်သော တိုက်ခန်းနံရံ လေသာပြူတင်း၊ အချို့အချို့သော အရပ်၌ မစေ့မစပ်လွန်းသော တိုက်ခန်းနံရံ လေသာပြူတင်း။ ။ဤသို့သျှင် အချင်း အလျား ပမာဏ တူမျှကြသော ပြာသာဒ်သုံးဆောင်ကို အရောင်ချင်းရောယှက် စပ်လုအောင် ပန်းပုဆရာကြီးတို့က အသီးအသီး ဘန်ဆင်းဆောက်လုပ်ကြပြီးသော် ပန်းချီဆရာကြီးတို့ကလည်း ဆောင်းဥတုအား လျှောက်ပတ်သော နဝဘုမ္မိကရမ္မ-ပြာသာဒ်၏ နံရံ သည်တိုင်တို့မှာ မီးတိုင် မီးခွက် နံ့သာဆိုင်း ပန်းဆိုင်း ရွှေကြယ် ငွေကြယ် ပတ္တမြားကြယ်တို့ဖြင့် စီချယ်သော ဗိတာန်၊ အလွန်လျှင် သိမ်မွေ့နူးညံ့လှစွာသော ကမ္ဗလာဗိတာန်၊အထူးထူးသော အရောင်တို့ဖြင့် ပြောင်ပြောင်တောက်ပသော ပိုးထည်ဗိတာန်၊ ရွှေခြင်ရံတို့ကိုလည်း အရံသင့်အရံသင့် ဥတုနှင့်ချင့်၍ သင့်တင့်အောင် စီမံခင်းကျင်း၍ထားလေ၏၊

နွေဥတုအား လျှောက်ပတ်သော ပဥ္စဘုမ္မိကသုရမ္မ-ပြာသာဒ် နံရံသည်တိုင်တို့မှာ ကြာဖြူကြာညို စသော ကြာမျိုးငါးပါး၊တလျှပ်လျှပ် တပြောင်ပြောင် အရောင်တောက်ပသော ဘွဲ့ဖြူပုဆိုးဗိတာန်၊ခြင်ရံ အခင်း အရံတို့ကိုရင်း၊ပြာသာဒ်၏အတွင်း ညွှန်ပြောင်းဖြင့် ပြည့်သော အိုးတို့၌ ကြာမျိုးငါးပါးတို့ကို စိုက်ထားခြင်းကိုရင်း၊ လေသာပြူတင်းအနီး၌ ကိုးလုံးသော အိုးစရည်းကြီးတို့ကို တည်ထား၍ ငါးပါးသော ကြာမျိုးတို့ကို တင်ထားခြင်းကိုရင်း၊ပြာသာဒ်၏ အမိုး၌ တူရိယာငါးမျိုးတို့၏ အသံကဲ့သို့ အလွန်တရာ ငြိမ့်ညောင်းသာယာသော အသံရှိသော ရွှေချူကွန်ရက်ကိုတို့ရင်း၊ ပြာသာဒ်၏ လေးမျက်နှာ၌ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်ကြီးလေးကန်တို့ကိုရင်း စီမံခင်းကျင်းကြကုန်၏၊

ပြာသာဒ်၏အတွင်း ရွှေဗိတာန်၌ အလွန်သိမ်မွေ့လှစွာသော အပေါက်တို့ကို ဖေါက်၍ ထိုဗိတာန်၏ အထက်၌ကား အလွန်သွေ့ခြောက်လှစွာ

သော ကွဲ့ရေပြားတို့ကို ကြက်ထားပြီးလျှင် ထိုကွဲ့ရေပြားပေါ်သို့ ယန္တရားစက်ဖြင့် ကျောက်စစ်တို့ကို ကျစေသောအခါ မိုးစယ်းချုန်းသော အသံကဲ့သို့ ဖြစ်စေပြီးလျှင် ရေကန်ကြီး လေးကန်မှ ရေတို့ကို ယန္တရားစက်ဖြင့် ရွှေဗိမာန်၏ အထက်သို့ ကျစေသောအခါ သိမ်မွေ့လှစွာသော အပေါက်တို့မှ အောက်သို့ လျှောကျ၍ ဝသန္တဥတုကဲ့သို့ မြေတော်မူလှအောင် အစီအရင်ကိုလည်း စီရင်ကြကုန်၏။

ရေကန်ကြီး လေးကန်တို့တွင် အရှေ့မျက်နှာမှ ဟသ်ာ စက္ကဝက် စသော ငှက်အပေါင်းတို့သည် ကောင်းစွာ မြည်တွန် မြူးထူးလတ်၍ ပြာသာဒ်၏ အထက်အပြင်ဖြင့်ပျံသွား၍ အနောက်မျက်နှာ ရေကန်၌ ကျနားကြကုန်၏၊ အနောက်မျက်နှာ ရေကန်မှလည်း ဟသ်ာ စက္ကဝက် စသော ငှက်အပေါင်းတို့သည် ကောင်းစွာ မြည်တွန် မြူးထူးလတ်၍ ပြာသာဒ်၏ အထက်အပြင်ဖြင့် ပျံသွား၍ အရှေ့မျက်နှာ ရေကန်၌ ကျနားကြကုန်၏။ တောင်မျက်နှာ ရေကန်မှလည်း ဟသ်ာ စက္ကဝက် စသော ငှက်အပေါင်းတို့သည် ကောင်းစွာ မြည်တွန် မြူးထူးလတ်၍ ပြာသာဒ်၏ အထက်အပြင်ဖြင့် ပျံသွား၍ မြောက်မျက်နှာ ရေကန်၌ ကျနားကြကုန်၏၊ မြောက်မျက်နှာ ရေကန်မှလည်း ဟသ်ာ စက္ကဝက် အစရှိသော ငှက်အပေါင်းတို့သည် ကောင်းစွာ မြည်တွန် မြူးထူးလတ်၍ ပြာသာဒ်၏ အထက်အပြင်ဖြင့် ပျံသွား၍ တောင်မျက်နှာ ရေကန်၌ ကျနားကြကုန်၏၊ ။ မိုးစယ်းဥတုအား လျောက်ပတ်သော သတ္တဘုမ္မိကာသုဘာ ပြာသာဒ်၏ နံ့ရံ သည်တိုင် စသည်တို့မှာကား ယခင်ဆိုအပ်ခဲ့ပြီးသော ပြာသာဒ်နှစ်ဆောင်တို့မှာ ပြုပြင်စီရင် ခဲ့သည်အတိုင်း ပြုပြင်စီရင် ခင်းကျင်းကြကုန်၏။ ။ဘုရားလောင်း ရနစ်နှစ်ရွယ်က ဝိသုကြံုနတ်သား ရေကန်ကြီး ဘန်ဆင်းကြောင်း နန်းပြာသာဒ် သုံးဆောင်၏ အကြောင်းကို တိကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ ဇိနာလင်္ကာရဋီကာတို့မှာ လာသည်၊

ဤသို့ ဆိုအပ်ခဲ့ပြီးသော အစီအရင်ဖြင့် နန်းပြာသာဒ်သုံးဆောင်တို့ကို အရောင်ချင်း ယှက်လုအောင် ပန်းပုဆရာ ပန်းချီဆရာကြီးတို့ စီရင် ဘန်ဆင်း ဆောက်လုပ်ကြပြီးသော် သားတော်မင်းသိဒ္ဓတ်အား ထီးနန်း အပ်တော် မူလိုသောကြောင့် ဆွေတော် မျိုးတော် သာကီဝင်မင်း အပေါင်း၊ရှစ်သောင်းတို့ထံ တမန်စေလွှတ်လိုက်သည်ကား “သားတော် မင်းသိဒ္ဓတ်ကို ထီးနန်း အပ်၍ ပြာသာဒ်သုံးဆောင်၌ မင်္ဂလာဆောင်ရန်

မိမိတို့ သွီးကညာ ရတနာတို့ကို ပို့သဆက်လာကြရမည်”ဟု စေလွှတ် လိုက်သောအခါ သာကီဝင်မင်းတို့က စကားပြန် လိုက်ကြသည်ကား “သုဒ္ဓေါဒနမင်းကြီး၏ သားတော် သိဒ္ဓတ်မင်းသားမှာ အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ ဆိုစရာမရှိ၊ ရူပနိကာယ်နှင့် တင့်တယ် ပြည့်ရုံပါ ပေ၏၊သို့ရာတွင် ကချေသဘင် ပျော်ရွှင်မှု၌သာ လေ့လာ၍ မင်းသား တကာတို့ တတ်အပ်သော အဋ္ဌာရသ အတတ်များကို သင်ကြားသည် ဟူ၍ ငါတို့ မကြားစဘူးချေ၊ တတိုင်းတပြည်က ရန်သူတော်ပေါ်လျှင် အဘယ်သို့ ချခံမည်နည်း၊ သားမယားတို့ကို ဘယ်သို့မွေးမြူမည်နည်း၊ ယင်းသို့ဖြစ်၍ ငါတို့ သွီးကညာ ရတနာကို ဘဟာကြောင့် ပေးရမည် နည်း”ဟု စကားပြန်လိုက်ကြကုန်၏။

ထိုအကြောင်းကို ခမည်းတော် သုဒ္ဓေါဒန မင်းကြီး ကြားသိတော်မူ၍ သားတော်အားပြန်ကြားလျှင်“မြတ်သော ခမည်းတော်မင်းကြီး, အကျွန်ုပ် အား လောကီအတတ်နှယ်ကို သင်ဘွယ် ကိစ္စမရှိပါ၊ အဘယ်မည်သော အတတ်ကို ပြရပါအံ့နည်း”ဟု တင်လေသော်“လေးအတတ်ကိုပြရမည်” ဟု မိန့်တော်မူ၍“ယနေ့မှ ခုနစ်ရက်မြောက်၌ သားတော်မင်းသိဒ္ဓတ်သည် ဆွေတော်မျိုးမြတ်တို့၏ အလယ်၌ တင့်တယ်ရဲရင့်စွာ လေးအတတ်ကို ကမ်းခင်အောင် ပြလတ္တံ့ ဟု စည်လည်ပါစေလော့၊ လေးအတတ်ကို ကမ်းခင်အောင် ပြပါမည်”ဟု သံတော်ဦးတင်ပြီးလျှင် စည်လည်စေ၍ ခုနစ်ရက်မြောက်သော နေ့၌ကား ဆွေတော်မျိုးမြတ် အရပ်ရပ်သော သာကီဝင်မင်းတို့ကိုရင်း၊ လေးသမားတို့ကိုရင်း၊စည်းဝေးစေ၍ ကြီးစွာ သော ပရိသတ်ဗိုလ်ပုံအလယ်၌ တင့်တယ်စွာ လေးအတတ်ကို ကမ်းခင် အောင် ပြတော်မူပေသည်။

---

## ၄၅-သိဒ္ဓတ်မင်းသား လေးအတတ်ကို ပြတော်မူခြင်း။

အဘယ်သို့ လေးအတတ်ကို ပြတော်မူသနည်း ဟူမူကား။ များစွာ သော သာကီဝင်မင်း မှူး မတ် ပရိသတ်တို့၏ အလယ်၌ ယောကျ်ား တစ်ထောင်တင်မှ တင်နိုင်သော ဗိုလ်တထောင်တင် လေးကို ဆောင်စေ၍ ထက်ဝယ်ဖွဲခွေ နေပြီးလျှင် ခြေမဖြင့် လေးညှို့ကို ရစ်ပတ်၍ လက်ဝဲ လက်ဖြင့် လေးဖြင်ကို ကိုင်လျက်တင်ပြီးလျှင် လက်ျာလက်ဖြင့် လေးညှို့

ကို ကိုင်ငင်၍ ဖြန့်လိုက်လျှင် ထိုအသံသည် ကပိလဝတ်မြို့ အလုံးကို ခိုးယိုးချွန်းသော အသံကဲ့သို့ ပဲ့တင်ထပ်လေ၏။ထိုအသံကို အချို့ကလည်း ခိုးယိုးချွန်းသော အသံ ဟု ဆိုကြ၏။ အချို့ကလည်း ဥပရာဇာအိမ်ရှေ့ မင်း၏ လေးညို့ဖြန့်သံ ဟု ဆိုကြ၏၊ ထိုအသံကို ကြားကတည်းကပင် သာကီဝင်မင်းတို့က အားရနှစ်သက်၍ သားမက်ဘမ်းလိုကြကုန်၏။

ထို့နောင် ဘုရားလောင်းသည် ဗိုလ်တထောင်တင်သော လေးကို ကိုင်းကွေးအောင် တင်ပြီးလျှင် လက်နှစ်သစ် အထုရှိသော သံပြားကို ဖေါက်သွားအောင် ပစ်ခြင်း၊လက်၄စ်သစ် အထုရှိသော ပိတောက်ပျဉ်ကို ထုတ်ချင်းခတ် ဖေါက်သွားအောင်ပစ်ခြင်း၊ ထုတထွာရှိသောရေသဖန်း ပျဉ်ကို ဖေါက်သွားအောင်ပစ်ခြင်း၊ လှည်း ကောက်ရိုးလှည်း တို့ကို ဖေါက်သွားအောင် ပစ်ခြင်း၊ ရေ၌ တဥသဘ၊ ကြည်း၌ ၄စ်ဥသဘ ရောက်အောင် ပစ်ခြင်း၊တယူဇနာထက်၌ ခရမ်းသီးကို သားမြီးမျှင်ဖြင့် ဆွဲထားစေ၍ ခရမ်းသီးအမှတ်ဖြင့် သားမြီးကို ခွဲအောင်ပစ်ခြင်း စသော လေးအတတ်ကို ကမ်းခပ်အောင် ပြတော်မူပေသည်။

ထိုအစည်းအဝေး၌ ဘုရားလောင်းသည် ထိုဆိုအပ်ခဲ့ပြီးသော လေးအတတ်ကိုသာ ပြတော်မူသည်မဟုတ်။ လောက၌ ဖြစ်စကောင်းသော အတတ်မျိုးတို့ကိုလည်း မိုးကဲ့သို့ မိုင်းနှင်းအောင် ပြတော်မူပေသည်။ ။ထို့ကြောင့် ဇာတ္တဝင်အဋ္ဌကထာ၌။ ။နကေဝလံ တာဒိသမေဝ၊တံ ဒိဝသံ ပန မဟာပုရိသော လောကေ ဝတ္တမာနံ သဗ္ဗသိပ္ပမေဝ ဒဿေသိ။

ဟု မိန့်တော်မူ၏။

အနက်ကား။ ။ကေဝလံ၊သက်သက်။တာဒိသမေဝ၊ ထိုသို့သဘောရှိသော ပြဆိုခဲ့ပြီးသော အတတ်တို့ကိုသာ လျှင်။ဒဿေသိ၊ပြပေသည်ကား။န၊မဟုတ်။တံ ဒိဝသံ ပန၊ ထိုနေ့၌ကား။ မဟာပုရိသော၊ ဘုရားလောင်းသည်။ လောကေ၊လောက၌။ ဝတ္တမာနံ၊ ဖြစ်စကောင်းသော။ သဗ္ဗသိပ္ပမေဝ၊ အလုံးစုံသော အတတ်ကို သာလျှင်။ ဒဿေသိ၊ ပြတော်မူပေ၏။

## ၄၅-အသဒိသမင်းသား လေးအတတ်ကို ပြခြင်း။

ဤဆိုအပ်ခဲ့ပြီးသော လေးအတတ် တို့ကို ကမ်းခပ်အောင် ဘုရားလောင်း ပြတော်မူခြင်းကား ပန္တိမဘာဝိကဖြစ်၍ အလွန်ဘာရ အံ့ဘွယ်မကောင်းလှသေး။ ပါရမီဖြည့်ခိုက် နှစ်ဦးအခါက အသဒိသ မင်းသားဖြစ်တော်မူသောအခါ ပြအပ်သော လေးအတတ်ကား ထို့ထက်အလွန်အံ့ဘွယ်သရဲ ကောင်းလှ ပေသည်။ ။အဘယ် သို့လျှင် အသဒိသမင်းသား၏ လေးအတတ်ကို အံ့ဘွယ်သရဲ ကောင်းလေသနည်းဟူမူကား။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ ပြည်မြတ်ဝယ် ဗြဟ္မဒတ်မင်းမင်းမူစဉ် ငါတို့ မြတ်စွာဘုရား အလောင်းတော်သည် တောင်ညာစံဒေဝီ မဟေသီ မိဖုယားကြီး ဝမ်းဝယ် ပဋိသန္ဓေနေ၍ ဆယ်လစေ့လျှင် ဖွါးမြင်တော်မူသောအခါ အသဒိသ ကုမာရ လုလင် ဟု အမည် မှည့်၍ ဘုရားလောင်း သွားလာနိုင်သောအခါ သားတော် တယောက် ဖွါးမြင် ပြန်၍ ဗြဟ္မဒတ္တ ကုမာရ လုလင် ဟု အမည်မှည့်၏။ ထိုအသဒိသ မင်းသားသည် တဆဲ့ခြောက်နှစ်ရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့ သွား၍ တဆဲ့ရှစ်ရပ်သော အတတ်တို့ကို ကမ်းခပ်အောင် သင်ကြားခဲ့၍ တိုင်းပြည်သို့ ရောက်သောအခါ ခမည်းတော် နတ်ရွာစံခါနီးတွင် သားတော်အသဒိသမင်းသားကို မင်းမြှောက်၍ ညီတော် ဗြဟ္မဒတ္တ ကုမာရမင်းသားကို အိမ်ရှေ့အရာ တင်ရစ်ကြလော့ ဟု မှာထား၍ နတ်ရွာစံတော်မူလေ၏။

မှူး မတ်တို့လည်း ခမည်းတော် မှာထားခဲ့သည့်အတိုင်း အသဒိသမင်းသားကို ထီးနန်းအပ်နှင်း၍ အဘိသိက်သွန်းလျက် မင်းမြှောက်ကြမည်ရှိရာ အသဒိသမင်းသားသည် "ငါထီးနန်းကို အလိုမရှိ၊ ငါ၏ ညီတော်ဗြဟ္မဒတ္တကုမာရမင်းသားကိုပင် နန်းတင်ကြလော့"ဟု ထီးနန်းကို ညီတော်အား လွှဲအပ်၍ မိမိမှာမူကား ခမည်းတော် လက်ထက်က နေမြဲတိုင်းသာနေတော်မူ၏။ မှူး မတ်တို့လည်း ညီတော် ဗြဟ္မဒတ္တမင်းသားကို နန်းတင်၍ မင်းလုပ်ကြစေရာ တရံရေ-အခါ မင်းချင်းယောကျ်ားတို့သည် "နောင်တော် အသဒိသမင်းသားသည် ထီးနန်းကို အလိုရှိပါသည်"ဟု ညီတော်ထံ အကြိမ်ကြိမ် ကုန်းစကား ပြောကြားကြ၍ ယုံကြည်တော် မူသောကြောင့် "နောင်တော်ကို လက်ရ ဘမ်းရမည်" ဟု အမိန့်တော် ရေတ်လျှင် ကို

အကြောင်းကို နောင်တော် အသဒိသ မင်းသား ကြားသိတော် မူ၍ ညီတော်ကို စိတ်နာတော် မူသောကြောင့် မထင်ရှားသော အသွင်ဖြင့် တတိုင်းတပြည်သို့ထွက်သွား၍ ရောက်သောအခါ လေးသမားတယောက် ရောက်ကြောင်းကို တင်စေ၏။မင်းကြီးလည်း ခေါ်တော်မူပြီးလျှင်“အဘယ် မျှလောက် လခ-ရိက္ခာ အလိုရှိသနည်း”ဟု မေးတော်မူလျှင် “အရှင် မင်းကြီး, အကျွန်ုပ်အား လခ-ရိက္ခာ တနှစ်ကို တသိန်း သုချတော်မူပါ”ဟု တင်လျှောက်သောအခါ တနှစ်လျှင် အသပြာ တသိန်း လခ-ရိက္ခာ သုလာဘ်ချတော်မူ၍ လေးအမှုဖြင့် အပါးတော်တွင် ထမ်းရွက်နေထိုင်စေ သည်။ရှေးရှိဟောင်း လေးသမားတို့ကလည်း “နောက်မှ ရောက်လာသော လေးသမားအား ငါတို့ထက် လခ-ရိက္ခာကြီး ရကောင်းအံ့လော” ဟု အလွန်ပင် ဝန်တိုရှုသော နှုတ်ကြလေကုန်သည်။

တရံရောအခါ မင်းကြီး ဥယျာဉ်တော်သို့ ထွက်တော်မူ၍ သစ်ကိုင်း ဖျား၌ သရက်သီးတလုံးကို မြင်တော်မူလျှင် ရှေးလေးသမားဟောင်းတို့ကို ခေါ်တော်မူလျက် “ထိုသရက်သီးမှည့်ကို လက်ဖြင့် ချွေချခြင်းငှါ မတတ် ကောင်း၊မြားဖြင့် ချွေချ၍ ဆက်ရမည်”ဟု မိန့်တော်မူလျှင်“အရှင်မင်းကြီး, ထိုသရက်သီးကို မြားဖြင့် ချွေချခြင်းငှါ အကျွန်ုပ်တို့အား ဝန်မလေးပါ၊ သို့ရာတွင် နောက်မှ ရောက်လာသော လေးသမား၏ စွမ်းရည်သတ္တိကို မသိကြပါသေး၊ထိုသူကို ချွေချစေတော်မူပါလော့”ဟု သံတော်ဦး တင်ကြ လေသော် မင်းကြီးလည်း သဘောတော်ကျ၍ နောက်မှ ရောက်လာသော လေးသမားသစ်ကို ခေါ်၍ “ထိုသရက်သီး မှည့်ကို မြားဖြင့် ချွေချ၍ ဆက်သ နိုင်ပါအံ့လော” ဟု မေးတော် မူသောအခါ “အရှင်မင်းကြီး, တင်းတိမ် အကာအရံကို ရပါမူကား တတ်နိုင်ပါ၏” ဟု သံတော်ဦး တင်လေ၏။ မင်းကြီးလည်း တရသော တင်းတိမ် အကာအရံကို ကာရံ စေသောကာလ ထိုတင်းတိမ် အကာအရံတွင်းသို့ ဝင်လျက် နီသောပုဆိုး တထည်ကို ဝတ်လျက် နီသောပုဆိုးတထည်ကို ခါးစည်းပြီးလျှင် အဆက် အစပ်နှင့်ယှဉ်သော ဆိတ်ချိုလေးကို အိတ်မှထုတ်ပြီးလျှင် အဆက်အစပ် တို့ကို စေ့ဆက်၍ ဝဇီရစိန် ညှို့ကိုတင်ပြီးလျှင်၊ လက်ဝဲပခုံးဖြင့် ထမ်းပြီး သောအခါ မဟာပထဝီမြေကြီးကိုနှစ်ဖြာခွဲ၍ ထွက်သော နဂါးလုလင်ကဲ့ သို့ တင့်တယ်ရဲရင့်စွာ ထွက်လာပြီးလျှင် “မြတ်သောမင်းကြီး,တက်သော မြားဖြင့် ချွေချသော သရက်သီးကို သုံးဆောင်တော် မူလိုသလော၊

သို့ဘည်းမဟုတ် သက်လာသော မြားဖြင့် ချွေချသော သခွက်သီးကို သုံးဆောင်တော် မူလိုသလော"ဟု သံတော်ဦး တင်လေသော် "ချစ်သား, တက်သောမြားဖြင့် ချွေချသည်ကို အကြိမ် များစွာ မြင်ဘူးလှလေပြီ၊ အောက်သို့ သက်သောမြားဖြင့် ချွေချလော့"ဟု မိန့်တော်မူ၏၊

ထိုအခါ ဘုရားလောင်းသည်"မြတ်သောမင်းကြီး,ယခု ပစ်လတ္တံ့သော ပဌမမြားကား စာတုမဟာရာဇ်သို့ ကျအောင် တက်လတ္တံ့၊ သင်မင်းကြီး ဆိုင်းငံ့နိုင်အံ့လော"ဟု တင်လျှင်"ကောင်းပါပြီ၊ပစ်သာပစ်လော့ ချစ်သား" ဟု မိန့်တော်မူသောအခါမှ ပဌမမြားကို ပစ်လွှတ်လိုက်၏။ ထိုမြားသည် သခွက်သီးညှာကို ထက်ဝက်ဖြတ်၍ တက်လေ၏၊ ထို့နောင် ပဌမမြား ကား စာတုမဟာရာဇ်သို့ ရောက်အောင် တက်လတ္တံ့ဟု သိတော်မူ၍ ထိုမြားထက် အလွန်ပြင်းသော အဟုန်ကို ဖြစ်စေ၍ ဒုတိယမြားတစင်းကို ပစ်လွှတ်လိုက်သောအခါ ထိုဒုတိယ မြားသည် ပဌမမြားကို ထိခိုက် လှည့်ဆင်းစေ၍ တာဝတိံသာ နတ်ပြည်တိုင် တက်လေ၏။ မြားနှစ်စင်း ထိခိုက်ကြသော အသံသည် မိုးကြိုးကျသော အသံကဲ့သို့ ပြင်းထန်စွာ မြည်ဟီးလေ၏။ ထိုမြားကို တာဝတိံသာနတ်တို့ ကောက်ယူ သိမ်းထား ကြလေ၏။ထိုအသံကို ကြားသောအခါ များစွာသော လူအပေါင်းတို့သည် ခေါင်းထက်သို့ ကျမည်ကို အလွန်စိုးရိမ်ကြလေ၏။ထိုပဌမမြားသည်လည်း ထိခိုက်ရာအရပ်မှ ဆင်းသက်၍ ထက်ဝက် ကျန်သော သခွက်သီးခိုင်ကို ဖြတ်၍ ဆင်းသက် လာသောအခါ ဘုရားလောင်းသည် သခွက်သီးနှင့် တကွသောမြားကို မြေသို့ မကျစေရအောင် လက်ဖြင့်ခံယူ၍ မင်းကြီးအား သခွက်သီးကို ဆက်လေ၏၊ ။ထိုအံ့ဘွယ်သရဲကို မြင်လျှင် များစွာသော ပရိသတ်အပေါင်းတို့သည် ခေါင်းဦးရစ်ပစ်ခြင်း,ပုဆိုးပစ်ခြင်း စသည်ဖြင့် ပူဇော်သက္ကာရ ပြုကြကုန်၏။ထိုအစည်းအဝေး၌ မင်း မှူး မတ်တို့ ပေးကြ သော အသပြာ ရတနာကား တကုဋေမျှဘည်း။မင်းကြီးကမူကား ရတနာ မိုးယိုကို ရွာစေသကဲ့သို့ များစွာသော အသပြာ ရတနာတို့ကို အခါခါ သုလာဘ် ချတော်မူ၏။

• ဗာရာဏသီပြည်မှာမူကား အသဒိသ မင်းသားမရှိ ဟု ကြားသိကြ လျှင် ခုနစ်ပြည်ထောင်သော မင်းတို့သည် ဗာရာဏသီပြည်သို့ ချီလာကြ ပြီးလျှင် "ထီးနန်းကိုသော်လည်း အပ်မည်လော၊ စစ်သော်လည်း ထိုးမည်

လော" ဟု ရာဇသံနှင့် စေလွှတ်လိုက်ကြသောအခါ ဗာရာဏသီမင်းမှာလည်း နောင်တော်မရှိ၍ ကြံရာမသိသောကြောင့် နောင်တော်ကို ရုံစမ်းထောက်လှမ်းစေရာ သာမန္တရာဇ်မင်းထံ ခစား ထမ်းရွက်နေကြောင်းကို ကြားသိလျှင် "နောင်တော်ထံ ငါ၏စကားဖြင့် သွား၍ ကန်တော့ကြချေ၊ နောင်တော်မကြွလာကညီတော်မှာသေရတော့မည်၊ခုနစ်ပြည်ထောင်မင်းတို့ကလည်း ယခုဝိုင်းအုံလျက် ရှိချေသည် ဟု သံတော်ဦး တင်ကြချေ" ဟု အမတ်တို့ကို စေလွှတ်လိုက်လျှင် အမတ်တို့လည်း လျင်မြန်စွာ သွား၍ ဘုရားလောင်း အသဒိသ မင်းသားအား တင်လျှင် ဘုရားလောင်းလည်း "ငါမှာပါး ကိုးကွယ်ရာ မရှိပြီ" ဟု ညီတော်၏ အပြစ်ကြီးငယ် အသွယ်သွယ်ကို သည်းခံ၍ သာမန္တရာဇ်မင်းကြီးအား ပန်ကြား၍ နေပြည်တော် ဗာရာဏသီသို့ အမတ်တို့နှင့်တကွ ကြွရောက်တော်မူလာသည်၊

ရောက်တော်မူသောအခါ ညီတော်ကို သက်သာရာရစေ၍ မြို့ရိုး ပစွင်ထက်သို့ တက်ပြီးလျှင် "ငါအသဒိသမင်းသား ရောက်တော်မူပြီ၊ နောက်မြားတစင်း ထပ်မံ စေလွှတ်ရလျှင် သင်တို့အသက် မရှိပြီ" ဟု မြားခုနစ်စင်း၌ အက္ခရာ အသီးအသီး ရေးသားပြီးလျှင် ခုနစ်ပြည်ထောင် မင်းတို့၏ ထမင်းပွဲတော်တည်သော ရွှေခွက်၌ ကျရောက်စေသဖြင့် ခုနစ်ပြည်ထောင်သော မင်းတို့လည်း သေရခြင်းဘေးမှ အလွန်တရာ ကြောက်ကြရကား ပြန်သွားကြလေ ကုန်၏။ ။ဤသို့လျှင် ဘုရားလောင်း အသဒိသမင်းသားသည် များစွာသော စစ်သည်ထုအင်ကို ယင်ငယ်တကောင်မျှ သောက်လောက်အောင် သွေးကို မဖြစ်စေဘဲ ပြေငြိမ်းအောင်မြင်တော် မူစေပြီးမှ ညီတော်ကို ပန်ကြား၍ ဟိမဝန္တာတောသို့ ဝင်လျက် ရသေ့ရဟန်းပြုလုပ်၍ ဈာန်တရားကို အားထုတ်ပြီးလျှင် စုတေသောအခါ ဗြဟ္မာ့ပြည်သို့ လားလေ၏။ ။ဤသည်ကား အသဒိသ မင်းသား အကြောင်းတည်း။ ။ ၎င်းအကြောင်းသည် တိကနိပါတ် အဋ္ဌကထာမှာ လာ၏။

---

## ၄၆-ဇောတိပါလသူငယ် လေးအတတ်ကို ပြခြင်း။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ ပြည်မြတ်ဝယ် ဗြဟ္မဒတ်မင်း မင်းမူစဉ် ငါတို့မြတ်စွာဘုရား အလောင်းတော်သည် ပုရောဟိတ်ပုဏ္ဏား၏ ပုဏ္ဏေးမဝမ်းဝယ် ပဋိသန္ဓေစွဲနေ၍ ဆယ်လစေ့သောအခါ မိုးသောက်ထ

နံနက် အချိန်တွင် ဖွါးမြင်သော ခဏ၌ ဗာရာဏသီမြို့ ထက်ဝန်းကျင် လေးပြင်လေးရပ်၌ တလျှပ်လျှပ် တပြောင်ပြောင် လက်နက်ရောင်တို့သည် တောက်လောင် ထွန်းလင်းလေကုန်၏။ ပုရောဟိတ် ပုဏ္ဏားကြီးသည် ထို အကြောင်းနိမိတ်ကို မြင်သောကြောင့် ထွက်နက္ခတ်ကို ကြည့်ရှုပြီး လျှင် "ဤနက္ခတ်နှင့် ယှဉ်၍ ဖွါးသော သူငယ်ကား ဇမ္ဗူဒိပါကျွန်း အပြင်၌ တုဘက်မရှိသော လေးအတတ်ကို ကမ်းခပ်အောင် တတ်လိမ့်မည်" ဟု နိမိတ်ဘတ်ပြီးလျှင် မိုးလင်းသောအခါ နန်းတော်သို့ ဝင်၍ မင်းကြီး ထံသို့ ညီလာခံရာ "အရှင်မင်းကြီး, ယမန်နေ့ညက ချမ်းချမ်း သာသာ အိပ်ရပါ၏လော" ဟု မေးသောအခါ အဘယ်မှာ ချမ်းချမ်း သာသာ အိပ်ရပါအံ့နည်း၊ တညဉ့်လုံး လက်နက်ရောင်တို့သည် တပြောင်ပြောင် တောက်ပရကား များစွာ ထိတ်လန့်ခြင်းနှင့် အိပ်ရသည်၊ အဆွေပုရော ဟိတ်"ဟု ပြောကြားသောအခါ "အရှင်မင်းကြီး,စိုးရိမ်တော်မမူနှင့်၊အရှင် မင်းကြီး နန်းတော်မှာသာ မဟုတ်၊ မြို့တွင်း မြို့ပြင် လေးပြင် လေးရပ်တို့မှာ ပင် လက်နက်ရောင်တို့သည် ပြောင်ပြောင်တောက်ပသည်၊အကျွန်ုပ်အိမ်၌ လည်း သူငယ်ယောကျ်ား ဖွါးမြင်သည်၊ ထိုသူငယ်ကား ဇမ္ဗူဒိပါ မြေအပြင်ဝယ် အတုမရှိ လေးအတတ်ကို ကမ်းခပ်အောင် တတ်မည့် သူငယ်ပေတည်း"ဟု သံတော်ဦး တင်လေ၏။

မင်းကြီးကလည်း "နောင်ကြီးသောအခါ ငါ၏ထံမှာ ခစားထမ်းရွက်စေ ရမည်"ဟု နို့ဘိုးအလို့ငှါ အသပြာတထောင်ကို ပေးတော်မူလိုက်၏။ ထိုသူငယ်ကို အရွယ်ရောက်၍ အမည်မှည့်သော အခါ၌လည်း ဖွါးသည် ကာလ လက်နက်ရောင်တို့သည် ပြောင်ပြောင်တောက်ပသောကြောင့် ဓောတိပါလ ဟူသော အမည်ကို မှည့်လေ၏။ နောင်တဆဲ့ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ အသပြာထောင်ထုပ်နှင့်တကွ တက္ကသိုလ် ဆရာ့ထံ သွားပြီးလျှင် တဆဲ့ရှစ်ရပ်သော အတတ်တို့ကို သင်ကြားလျှင် များမကြာမီ ခနစ်ရက်အတွင်း၌ အပြီးအဆုံးသို့ ရောက်လေ၏။တက္ကသိုလ် ဆရာကြီးကလည်း မိမိ၏ အဆက်အစပ်နှင့်ယှဉ်သော သန်လျက်,အဆက် အစပ်နှင့် ယှဉ်သော ဆိတ်ချိုလေး မြားတို့ကိုရင်း၊သင်းတိုင်း သင်းကျစ် တို့ကိုရင်း အပ်နှင်း၍ "ချစ်သားဓောတိပါလ, ဆရာလည်း ကြီးရင့်သော အရွယ်သို့ ရောက်ကပြီ၊ဤတပည့် အပေါင်းတို့ကို အမောင်ပင် သင်ကြား ပို့ချပါလော့"ဟု ငါးရာသော တပည့်တို့ကို အပ်နှင်းလေသည်။ဘုရား

လောင်းလည်း ငါးရာသော တပည့်တို့ကို ထိုဆရာကြီးအား ပြန်အပ်၍ ဆရာကိုလည်း ရှိသေစွာ ရှိခိုးပြီးသော် ဗာရာဏသီပြည်သို့ ပြန်လည်ခဲ့၍ ဗာရာဏသီမင်းထံ တနေ့တနေ့လျှင်.အသပြာ တထောင်တထောင်သော လခ-ရိက္ခာနှင့် အမှုတော် ထမ်းရွက်နေထိုင်လေသည်။

ထိုအခါ ခြေတော်ရင်း သားတို့က "ဇောတိပါလကို တနေ့လျှင် အသပြာ တထောင်တထောင် ပေးရသည်၊သူ၏အတတ်ကိုလည်း မသိ မမြင်ကြရ"ဟု စကားဖြစ်ကြသောအခါ ထိုစကားကို မင်းကြီးကြားသိ တော်မူ၍ အကြောင်းကို ပုရောဟိတ်ပုဏ္ဏားအား ကြားလျှင် ပုရောဟိတ် ပုဏ္ဏားကလည်း သားဇောတိပါလကို ပြန်ကြား၍"ယနေ့မှ ခုနစ်ရက် မြောက်၌ လေးအတတ်ကို ကမ်းခပ်အောင်ပြပါမည်၊လေးသမားတို့ကိုသာ စည်းဝေးစေပါလော့"ဟု ဆိုလျှင် ပုရောဟိတ် ပုဏ္ဏားလည်း ထိုအကြောင်း ကို မင်းကြီးအား တင်၍ မင်းကြီးကလည်း ဗာရာဏသီပြည်ကို စည့်လည် စေပြီးလျှင် ခြောက်သောင်းသော လေးသမားတို့ကို နန်းရင်ပြင်၌ စည်းဝေး စေတော်မူသည်။ဗာရာဏသီ မြို့နေသူ လူအပေါင်းတို့ကလည်း ဘုရား လောင်းမြတ် ဇောတိသတ်၏ လေးအတတ်ကို ကြည့်ရှုကြအံ့သောငှါ စည်းဝေးရောက်လာကြကုန်သည်။

ထိုအခါ ဘုရားလောင်း ဇောတိပါလ လုလင်လည်း တက္ကသိုလ် ဆရာကြီး ပေးလိုက်သော အဆက်အစပ်နှင့်ယှဉ်သော ဆိတ်ချိုလေး,မြား, တောင့်,သန်လျက်, သင်းကျစ်တို့ကို အဝတ်တွင်းကသာ ယူဆောင်၍ နန်းရင်ပြင်သို့ ချဉ်းကပ်လာသည်ကို အဝေးကပင် လေးသမားခြောက် သောင်းတို့က မြင်လျှင် "ဇောတိပါလလုလင်မှာ လေးအတတ်ကိုလည်း ပြမည်ဆို၏၊လေးလည်းမပါ၊ငါတို့ လေးကိုပင် သူယူ၍ ပြမည်ထင်သည်၊ မပေးကြစတမ်း"ဟု ကတိကဝတ် ထားကြကုန်၏။ဇောတိပါလ လုလင် လည်း မင်းကြီးထံ ရောက်သောအခါ"ချစ်သား ဇောတိပါလ,လေးသမား ခြောက်သောင်းတို့ အလယ် မှူး မတ်တို့အလယ် တိုင်းသူ ပြည်သားတို့၏ အလယ်၌ အံ့ဘွယ်သရဲ ဖြစ်လောက်အောင် လေးအတတ်ကို ပြရမည်."ဟု မိန့်ဆိုသောအခါ တင်းတိမ် အကာအရံတွင်းသို့ ဝင်ပြီးလျှင် သင်တိုင်း သင်းကျစ်တို့ကို ဝတ်ဆင်၍ အဆက်အစပ်နှင့် ယှဉ်သော ဆိတ်ချိုလေး ကြီးကို စေ့စပ်ဆက်လက်၏။ သန္တာညှို့ကို တင်ပြီးလျှင် သန်လျက်ကို

လက်ဝဲပခုံးဖြင့် ထမ်းဆောင်၍ ဝဇီရစိန်စဉ်းမြားကို လက်သည်းအခြင်ဖြင့် ပုတ်ခတ်၍ လျောက်ပတ်တင့်တယ်စွာ မဟာပထဝီ မြေပြင်ကို နှစ်ဖြာ ခွဲ၍ ထွက်သော နဂါးလုလင်ကဲ့သို့ တွန့်တိုကြောက်ရွံ့ခြင်းမရှိ၊ တင်းတိမ် အကာအရံတွင်းမှ ထွက်ပြီးလျှင် မင်းကြီးရှေ့၌ ရှိသေစွာ နေထိုင်လေ၏။

ထိုအခါ မင်းကြီးကလည်း "ချစ်သားဇောတိပါလ, လေးအတတ်ကို ပြလော့"ဟု မိန့်ဆိုသောအခါ "မြတ်သောမင်းကြီး, အကျွန်ုပ် လေးအတတ် ကို ပြရလျှင် သင်မင်းကြီး၏ လေးသမား ခြောက်သောင်းတို့တွင် အက္ခဏ ဝေဓိ,ဝါလဝေဓိ,သဒ္ဒဝေဓိ, သရဝေဓိ ဟု ဆိုအပ်သော လေးသမားလေး ယောက်တို့ကိုအကျွန်ုပ်၏လေးမျက်နှာကဝန်းရံပါစေလော့"ဟု သံတော်ဦး တင်ပြီးသော် လေးမျက်နှာက ဝန်းရံစေ၍ တယောက်တယောက်လျှင် သုံးသောင်းသုံးသောင်းသော မြားတို့ကို မြားပေးယောကျ်ား တယောက် တယောက်စီနှင့်ထား၍"အစ်ကိုတို့ စွမ်းရည်သတ္တိရှိလျှင် အကျွန်ုပ်အား ပစ်သတ်ကြပါလော့၊ အစ်ကိုတို့ ပစ်သောမြားကို အကျွန်ုပ်မြားဖြင့် ခံပါ မည်"ဟု ဆိုပေ၏။လေးသမား လေးယောက်တို့ကလည်း"ငါညီ, အစ်ကို တို့ကား အက္ခဏဝေဓိ, ဝါလဝေဓိ, သဒ္ဒဝေဓိ,သရဝေဓိ လေးသမား တို့တည်း၊ ငါညီကား ငယ်လှသည်၊မပစ်ပရစေနှင့်"ဟု ဆိုကြသော်လည်း "ပစ်သာပစ်ကြပါ၊အစ်ကို လေးသမား လေးယောက်တို့ ပစ်သောမြားကို မြားချင်းဖြင့်ပင် ခံပါမည်"ဟု ကေသရရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းစွာ အာမခံသောကာလ လေးသမား လေးယောက်တို့သည် မြားပေးသော ယောကျ်ား တယောက်စီနှင့် တပြိုင်နက်ချင်း မြားတသိန်း နှစ်သောင်း ကုန်အောင် ပစ်ကြလေ၏။ထိုတသိန်း နှစ်သောင်းသော မြားတို့ကို ဘုရား လောင်း ဇောတိပါလလုလင်သည် မြားချင်းဖြင့်သာ ခံတော်မူ၍ အရိုးလျှင် အရိုးချင်း အသွားလျှင် အသွားချင်း တညီတညွတ်တည်း စီလျက် ကျစေ တော်မူသည်။ထိုအံ့ဘွယ်သရဲကို လေးပွဲကြည့်သူ လူအပေါင်းတို့ မြင်ကြ ရကား :အားရနှစ်သက်ကြ၍ ကဟာပဏ အသပြာရတနာတို့ကို ပစ်ခါ ပစ်ခါ ပေးကြသဖြင့် တဆဲ့ရှစ်ကုဋေသော အသပြာ ရတနာတို့ကို ထိုနေ ရာ၌ပင် ရတော်မူလေသည်။

မင်းကြီးကလည်း"ချစ်သား ဇောတိပါလ,ဤအတတ်ကား အဘယ် အတတ်နည်း"ဟု မေးတော်မူလျှင် "သရပဋိဗာဟန အတတ်ပါ"ဟု

တင်လေသော်"ချစ်သားဘောဇိပါလ, ပြဦးလော့"ဟု မိန့်တော်မူ၍"အရှင်မင်းကြီး, လေးသမားကြီး လေးယောက်တို့သည် အကျွန်ုပ်တယောက်ကို လေးမျက်နှာက ပစ်ကြပါပြီ၊ အကျွန်ုပ်တယောက်က ထိုလေးသမားကြီး လေးယောက်ကို တစင်းတည်းသောမြားဖြင့် တချက်တည်းသေအောင် ပစ်ပါမည်"ဟု သံတော်ဦးတင်ရာ လေးသမားကြီးလေးယောက်တို့ မခံဝံ့ကြသောကြောင့် ငှက်ပျောပင် လေးပင်ကို လေးထောင့်ဗိုက်စေ၍ မြား၌ ကြိုးတပ်ပြီးလျှင် တချက်တည်း ပစ်လေသော် ငှက်ပျောပင် လေးပင်ကို အစဉ်အတိုင်း ဖေါက်၍ ဈေးဦးစွာသော ငှက်ပျောပင်ကို တဘန်ဖေါက်၍ လက်တော်သို့ မြားတော် ကျရောက်လာသည်။ ငှက်ပျောပင်လေးပင် တို့မှာ တသီတည်း ကြိုးသီလျက် နေလေ၏။ ။ဤအတတ်ကား စက္ကဝိဒ္ဓနှ လေးအတတ်တည်း။

ထို့နောင် သရလဋ္ဌိ-မြားနွယ်ကဲ့သို့ ကျသော အတတ်၊သရရဇ္ဇု-မြားကြိုးတန်းကဲ့သို့ ကျသောအတတ်၊ သရဝေဓိ-မြားကို မြားချင်း ဖေါက်ထွင်းသောအတတ်၊ သရပါသာဒ-မြားပြာသာဒ်ကဲ့သို့ ကျသော အတတ်၊ သရမဏ္ဍပ-မြားမဏ္ဍပ်ကဲ့သို့ ကျသောအတတ်၊ သရသောပါဏ-မြားစောင်းတန်းကဲ့သို့ ကျသောအတတ်၊သရပါကာရ-မြားတံတိုင်းကဲ့သို့ ကျသောအတတ်၊ သရပေါက္ခရဏီ-မြားရေကန်ကဲ့သို့ ကျသော အတတ်၊သရပဒုမ-မြားပဒုမာကြာကဲ့သို့ ကျသောအတတ်၊ သရဝဿ-မြားမိုးရွာသကဲ့သို့ ကျသော အတတ်တို့ကိုလည်း ပရိသတ်တို့၏ အလယ်၌ တင့်တယ်ရဲရင့်စွာ ပြပေ၏။ ။ပေါင်း လေးအတတ် တဆဲ့နှစ်ပါး။

ထို့နောင် လက်ရှစ်သစ် ထုရှိသော ရေသဖန်းပျဉ်ကို ဖေါက်ထွင်းအောင်ပစ်ခြင်း၊လက်လေးသစ် ထုရှိသော ပိတောက်ပျဉ်ကို ဖေါက်ထွင်းအောင်ပစ်ခြင်း၊လက်နှစ်သစ် ထုရှိသော ကြေးပြားကို ဖေါက်ထွင်းအောင် ပစ်ခြင်း၊လက်တသစ် ထုရှိသောသံပြားကို ဖေါက်ထွင်းအောင် ပစ်ခြင်း၊ ကောက်ရိုးလှည်း သဲလှည်း ဆီးသီးလှည်းတို့ကို ရှေ့အဘို့မှ နောက်အဘို့သို့ ထွက်အောင်ပစ်ခြင်း၊နောက်အဘို့မှ ရှေ့အဘို့သို့ ထွက်အောင်ပစ်ခြင်း၊ ရေ၌ လေးဥသဘ ကြည်း၌ ရှစ်ဥသဘ သွားအောင် ပစ်ခြင်း၊ခရမ်းသီး အမှတ်ဖြင့် တဥသဘထက်ရှိ သားမြီးမျှင်ကို ခွဲအောင် ပစ်ခြင်း၊ ဤသို့

အစရှိသော လေးအတတ်တို့ကိုလည်း ပရိသတ်တို့ အလယ်၌ တင့်တယ်စွာ ပြတော်မူပေသည်။

ထိုသို့ ဘုရားလောင်း လေးအတတ်တို့ကို ပြစဉ် နေဝင်လေ၏။ ထိုအခါ မင်းကြီးက "ချစ်သား‌ဇောတိပါလ, ယနေ့ကား မိုးချုပ်ကပြီ၊ နက်ဖြန်နံနက် အခါမှ စစ်သူကြီး အရာကို ပေးသနားတော်မူမည်၊ ရိက္ခာအလို့ငှါ အသပြာတသိန်း ယူနှင့်လော့" ဟု ဆုလာဘ် ချတော်မူလျှင် ထိုအသပြာ တသိန်းကိုလည်း အလိုမရှိ၊ ပယ်ပြီးလျှင် မိမိအား တိုင်းသူပြည်သားတို့က ဆုချအပ်သော တဆဲ့ခုနစ်ကုဋေသော အသပြာတို့ကိုလည်း မင်းအား ဆက်သလေ၏။ မင်းကြီးလည်း နန်းတော်သို့ ဝင်လေ၏။

ဇောတိပါလလုလင်လည်း ထိုနေ့ညဉ့်ပုရိမယာမ်, မဇ္ဈိမယာမ် အိပ်ပြီးလျှင် ပစ္ဆိမယာမ်၌ ထ၍ ထက်ဝယ်ဖွဲ့ခွေ နေပြီးလျှင် မိမိအတတ်၏ အစ အလယ် အဆုံးတို့ကို ကြည့်ရှုဆင်ခြင်လတ်သော် "အစကား ပါဏာတိပါတနှင့်ယှဉ်၏၊ အလယ်ကား ကိလေသာ၏ အစွမ်းဖြင့် သုံးဆောင်ခြင်းနှင့် ယှဉ်၏၊ အဆုံးကား ငရဲသို့ ရောက်စေခြင်းနှင့် ယှဉ်၏" ဟု မိမိ အတတ်၌ များသော အပြစ်ဒေါသတို့ကိုမြင်၍ ထိုညဉ့်ပင်လျှင် တစုံ တယောက်သော သူကိုမျှ မပြောကြားဘဲ ပြာသာဒ်မှ ဆင်းသက်၍ မင်္ဂလာ ရှိသော တံခါးမှ ထွက်လျက် ဂေါဓာဝရီ မြစ်နား၌ ရသေ့ရဟန်းပြုလုပ်၍ နေလေ၏။ ။ဤကား ဇောတိပါလ လုလင်အကြောင်းတည်း။ ။၎င်းကို စတ္တာလီသနိပါတ် သရဘင်္ဂဇာတ်မှာ အကျယ်ဆို၏။

---

## ၄၇-ထီးနန်းစည်းစိမ် စိုးစံတော်မူခြင်း။

ဤသို့လျှင် ဘုရားလောင်းဖြစ်တော် မင်းသိဒ္ဓတ်သည် လေးအတတ်ကို ကမ်းခပ်အောင် ပြတော်မူသောအခါ သာကီဝင်မင်းတို့သည် ဝမ်းသာ အားရ သဘောကျသောကြောင့် မိမိတို့အိမ်၌ရှိသော သမီးကညာ ရတနာ တို့ကို တန်းဆာဆင်ပြီးလျှင် အသီးအသီး ဆက်သလာကြသဖြင့် မင်းသမီး ပေါင်း လေးသောင်း ဖြစ်လေသည်။ ထိုလေးသောင်းတို့တွင် ဖွါးဘက်တော် နှမတော် ယသောဓရာ မင်းသမီးကို မိဖုယားကြီး မြှောက်၍ ပြာသာဒ် သုံးဆောင်၌ တသောင်း တသောင်းစီ အမြဲနေစေ၍ တသောင်းကိုကား ယသောဓရာ မိမ္ဗာဒေဝီ မိဖုယားခေါင်ကြီး၏ အခြံအရံ ပြုလုပ်စေ၍ ခမည်း တော် သုဒ္ဓေါဒနမင်းကြီးသည် သားတော် သိဒ္ဓတ်မင်းသားအား ဘိုးတော်

အဋ္ဌနမင်းကြီး ထားသော မဟာသက္ကရာဇ် ၅၈၆ ဆဲ့လေးခု သက်တော် တဆဲ့ခြောက်နှစ်တွင် သာကီဝင် မင်းအနေပေါင်း မြိရုံချုပ် မင်းအဖြစ်၌ အဘိသိက်သွန်း၍ ပြာသာဒ်နန်းတက် မင်္ဂလာ ပြုတော်မူ၏။

ကောဒသမ မဟာသမ္မတမင်းမှ စ၍ ဥက္ကာကရာဇ် မင်းကြီးတိုင် မင်းပေါင်း နှစ်သိန်း ငါးသောင်း နှစ်ထောင် ငါးရာ ငါးကျိပ် ခြောက် ယောက်၊ ကပိလဝတ်မြို့တည် ဥက္ကာမုခ မင်းကြီးမှ စ၍ ဇေယျသေန မင်းကြီးတိုင် မင်းပေါင်း ၅စ်သောင်း နှစ်ထောင် တကျိပ်၊ ၎င်းဇေယျသေန မင်းသား သိဟဟနု၊ ၎င်းသား သုဒ္ဓေါဒန၊ ၎င်းသား သိဒ္ဓတ်မင်း၊ ပေါင်း သုံးယောက်။ ဤသုံးယောက်ကို ပေါင်း၍ ကောဒသမမင်းမှ စ၍ သိဒ္ဓတ်မင်းတိုင် မင်းပေါင်း သုံးသိန်း သုံးသောင်း လေးထောင် ငါးရာ ခြောက်ကျိပ် ကိုးယောက် ရှိသည်။ ။ထို့ကြောင့် ပလိပ်စားချေင်းတွင်။

**လုံးစုံ မှတ်ထိန်း၊ ဂဏန်းကိန်းဖြင့်၊ သုံးသိန်း သုံးသောင်း၊ လေးထောင် ငါးရာ၊ စွန်းပါခြောက်ဆယ်၊ မင်းကိုးသွယ်သည်။ ။မြတ်နွယ်တည့် ဆက်ဝေး၊ လွှန် လေရှေး။**

ဟု စပ်လေသည်။

ဤသို့လျှင် သိဒ္ဓတ်မင်းသားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက တဆဲ့ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ ထီးနန်းကို အပ်သော ကြောင့် ပြာသာဒ်သုံးဆောင်၌ တသောင်း တသောင်းသော ကချေသည် မောင်းမတို့ကို အခြံနေစေ၍ ကချေသည် မောင်းမ တသောင်းကိုကား ယင်သာရော ဓိဖုယားခေါင်ကြီး၏ နောက်တော်ပါ အခြံအရံ ပြုလုပ်စေ၍ ဆောင်းဥတု, နွေဥတု, မိုးဥတု ဟု ဆိုအပ်သော ဥတု သုံးပါးတို့အား လျော်ပတ်သော ရမ္မပြာသာဒ်, သုရမ္မပြာသာဒ်, သုဘပြာသာဒ် ဟု ဆိုအပ်သော ပြာသာဒ်သုံးဆောင်၌ အချင်းခပ်သိမ်း ယသောဓရာ ဗိမ္ဗာ ဒေဝီ မိဖုယားခေါင်ကြီး အမှူးရှိသော မင်းမောင်းမအပေါင်း နှစ်သောင်း အခြံအရံ ကာမဂုဏ် အလုပ်အကျွေးဖြင့် ဖြေနှစ်သက်တော် မူလောက် သော နန်းစည်းစိမ်ကို ဝတိနမိုးနတ်တို့ပမာ လူတို့ရွာ၌ စံ၍မရလောက် အောင် ခံစား စံစားတော် မူရလေသည်။

ထိုနှစ်သောင်းသော မောင်းမ အပေါင်းတို့တွင် အချို့အချို့သော မှင်း မောင်းမငယ်တို့သည် ရေချိုးကာသယ်မှုနှင့်ဖြင့် ပွတ်တိုက်၍ ရေချိုးပြီး သော် ကခြင်း, သီခြင်း အလို့ငှါ ဒွါဒရာဘယက်, လက်ကောက်,

လက်ကြပ်, လည်ကပ်, နားဒေါင်း, ကောင်းနှိုးရေရာ အဝတ်တန်းဆာတို့ကို သင့်လျော်ရာ အရပ်မှာ ဆင်ယင် ဝတ်စား၍ နေကြ ကုန်၏။ အချို့အချို့သော မောင်းမငယ်တို့ကလည်း ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာကို လျော်စွာလျော်စွာ အရပ်၌ လျောက်ပတ်လှအောင် သုံးဆောင်တော်မူရန် စီခံခင်းကျင်း၍ ထားကြ ကုန်၏။ အချို့အချို့သော မောင်းမငယ်တို့ကလည်း တင့်တယ်လျောက်ပတ် ချောမွေ့ နူးညံ့လှစွာသော အခင်းအရံ အလုံးစုံတို့ကို စုံလင်စွာ နန်းပြာသာဒ် အပြင်မှာ စီရင်ခင်းကျင်းကြကုန်၏၊ အချို့အချို့သော မောင်းမငယ်တို့ကလည်း တင့်တယ်လျောက်ပတ်လှစွာသော အဝတ်တန်းဆာတို့ဖြင့် ဘုရားလောင်းမြတ် မင်းသိဒ္ဓတ်ကို လျောက်ပတ်စွာ တန်းဆာ ဆင်ကြကုန်၏။ အချို့အချို့သော မင်းမောင်းမငယ်တို့ကလည်း တင့်တယ် လျောက်ပတ်လှစွာသော အဝတ်တန်းဆာပဿာတို့ကို ကာမဂုဏ်တရား ပွါးများလောက်အောင် ဆင်ယင် ဝတ်စား၍ ဘုရားလောင်းမြတ် မင်းသိဒ္ဓတ်ကို သားမြီးယပ်ဖြင့် ခတ်ကြကုန်၏။ အချို့အချို့ကုန်သော မင်းမောင်းမငယ်တို့ကလည်း တင့်တယ် လျောက်ပတ်လှစွာသော ဘယက်တန်းဆာ ဒွါဒရာတို့ဖြင့် ကာမဂုဏ်တရား ပွါးများလောက်အောင် ဆင်ယင်ဝတ်စားလျက် ပတ္တမြားညှိုယပ်ဝန်းကိုရင်း၊ ကိုယ်လုံးပေါ် ကြေးမုံပြင်ကိုရင်း၊ နံ့သာ ညွှန်ဖြောင်းတို့ဖြင့် ကောင်းစွာပြည့်သော ရွှေခွက်တို့ကိုရင်း ကိုင်ကြ၍ အပအပြင်၌ တည်ကြကုန်၏။

ထိုမောင်းမငယ်တို့၏ အလယ်၌ကား ကြီးစွာသော သဘင်ဖြင့်ထား၍ တရာတန်းစသည်ဖြင့် အစဉ်အတိုင်း တန်းနေကြပြီ လျှင် ထိုအတန်းတို့တွင် အလွှန်လျှင် ကခြင်း, သီခြင်း၌ လိမ်မာသော မောင်းမငယ်က လက်မြှောက်လျှင် မြှောက်ခြင်း၊ လက်ချလျှင် ချခြင်း၊ ထိုမောင်းမငယ်က သီချင်းဆိုသော အခါလည်း တညီတညာတည်း ဝိုင်းအုံ၍ ဘုံဗိမာန်ပြာသာဒ်မှာ တောင်ပန်ခတ်၍ တွန်မြူးသော ကရဝိက်ငှက်မတို့၏ အသံကဲ့သို့ တသံတည်းထွက်အောင် ကဆို တီးမှုတ်လတ်၍ ဘုရားလောင်းမြတ် မင်းသိဒ္ဓတ်ကို ငါးရပ်သော ကာမဂုဏ်တို့ဖြင့် စုံလင်စွာ လုပ်ကျွေးကြကုန်၏။

ထိုကာချေသည် မောင်းမငယ်တို့၏ ရွှေနှယ်ပန်းနှင့် တူသော မောင်းလက်ရုံးတို့ကို ချီမြှောက်လိုက်သောအခါ ရတနာပြာသာဒ် အပြင်မှာ

မိုးစည်းဆင်၍ လျှပ်စစ် ပြက်သကဲ့သို့ တလက်လက် တပြောင်ပြောင် အရောင်မစဲ ဖြစ်လေသည်။ထိုကချေသည့် မောင်းမငယ်တို့၏ ရွှေတန်းဆာတို့ဖြင့် လျော်ရာလျော်ရာ အရပ်မှာ လျောက်ပတ်စွာ ဆင်အပ်သော ဦးခေါင်းတို့ကို လှုပ်လိုက်သောအခါ ပြာသာဒ်နန်းဆောင်မှာ နေတထောင်ပြိုင်၍ ထွက်သကဲ့သို့ တလက်လက် တပြောင်ပြောင် အရောင်မစဲ ဖြစ်လေသည်။ရွှေမြှုပ် ရွှေပွက်နှင့်တူသော သားမြတ်ကို ဆောင်သော ကချေသည့် မောင်းမငယ်တို့၏ တင့်တယ် လျောက်ပတ်သော ကိုယ်ကို ထိုထိုအရပ်သို့ ယိမ်းမူရာပြုသော အခါ၌ကား များစွာသော ရွှေဟင်္သာမ-တထောင်ကို ယူဆောင်၍ ထားသကဲ့သို့ များစွာ တင့်တယ်ခြင်းနှင့် ပြည့်စုံလေကုန်၏။ထိုကချေသည့် မောင်းမငယ်တို့သည် ရွှေပြာသာဒ် ရွှေမြေမှာ ခြေတို့ကို တပြိုင်နက်တည်း ချချသောအခါ ရွှေဟင်္သာမ-တထောင်တို့၏ ကခြင်း, သီခြင်း ကဲ့သို့ အပေါအဿရိယ, အဗ္ဘုတ ဖြစ်လှ ပေ၏သည်။ ထိုနှစ်သောင်းသော မောင်းမတို့၏ ရွှေခြေကျင်း, ငွေခြေကျင်းသံတို့ဖြင့်၎င်း၊ ရွှေခါးစီးသံတို့ဖြင့်၎င်း၊စောင်း,ညှင်း,ပတ္တလား,များစွာသောတူရိယာသံတို့ဖြင့်၎င်း၊ထိုမောင်းမငယ်တို့၏ သာယာ ချိုမြိန်လှစွာသော သီချင်းသံတို့ဖြင့်၎င်း၊ ပျားပိတုန်းတို့၏ အသံဖြင့်၎င်း၊ တဒုံးဒုံး တညံ့ညံ့ အသံမစဲ ပွဲသဘင် အငြိမ့်မျိုး အတီးမျိုးတို့ဖြင့် မိုးစည်းနတ်သို့ မခြား များစွာ အလိုရှိသမျှ ကာလပတ်လုံး ပျော်မြေကြလေကုန်သည်။

---

## ၄၈-နိမိတ်ကြီး လေးပါး မြင်တော်မူခြင်း။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော အစဉ်ဖြင့် နေ့စဉ်မပြတ် ငါးရပ်သော ကာမဂုဏ်တို့ဖြင့် လုပ်ကျွေးအပ်သော ထီးနန်းစည်းစိမ်ကို ဝတိန်မိုးစည်းနတ်တို့ပမာ ခံစား၍ သက်တော် နှစ်ဆဲ့ရှစ်နှစ်သို့ ရောက်သောကာလတနေ့သ၌ ဥယျာဉ် ကစားလို၍ ရထားစီးလျက် ထွက်တော် မူလျှင် ထိုအခါ နတ်တို့သည် ပြအပ်သော ဆံဖြူ, သွားကျိုး, နံရိုး ကိုင်းကောက် ဘောက်ပြန်သော သွားခြင်းဖြင့် ပြင်းစွာတုန်လှုပ်သော သူအိုကို မြင်၍ "အချင်းရထားထိန်း, ဤသူကား သူတပါးနှင့်မတူ အဘယ်သူနည်း" ဟု မေးတော်မူလေသော် "အရှင့်သား,ဤသူကား သူအိုပါဘုရား"ဟု တင်၏။ ထိုသို့ဖြစ်လျှင် "အချင်းရထားထိန်း, ငါသည် ဤသူကဲ့သို့ပင် အိုရလတ္တံ့လော"ဟုမေးတော်မူပြန်လျှင်"အရှင့်သား,အရှင့်သားသည်လည်းကောင်း,

အကျွန်ုပ်သည် လည်းကောင်း, သူခပ်သိမ်းတို့ သည်လည်းကောင်း ထို အိုခြင်း သဘောတရားကို မလွန်နိုင်ကြပါကုန်ဘုရား” ဟု တင်လေ၏၊ ထိုသို့ဖြစ်လျှင် အချင်းရထားထိန်း ဥယျာဉ်သို့ သွားခြင်းငှါ မသင့်ဟု ပြန်ခဲ့၍ ပဒိုသန္ဓေ နေခြင်းကြောင့် အိုခြင်းသဘောတရား ဖြစ်ရသည် ဟု နှလုံး မသာမယာ မှိုင်တွေဝေလျက်သာ နေတော်မူ၏၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကလည်း “အချင်းရထားထိန်း, ဥယျာဉ်ကစားသွားရာ၌ သားတော်သည် မွေ့လျော်ပါစ”ဟု မေးတော်မူလျှင်“အရှင်မင်းကြီးသား သည် သူအိုကို မြင်ခဲ့၍ မသက်မသာ ရှိပါသည်” ဟု တင်လေသော် သုဒ္ဓေါဒန မင်းကြီးသည် သားတော် သိဒ္ဓတ်မင်းသားအား ငါးပါးသော ကာမဂုဏ်တို့ဖြင့် အတိုင်းထက်အလွန် ဖြားယောင်းစေ၏။

သိဒ္ဓတ်မင်းသားလည်း ငါးပါးသော ကာမဂုဏ်တို့ကို ခံစား၍ တဘန် လေးလမြောက်ပြန်သောအခါ ဥယျာဉ်သို့ ထွက်တော်မူပြန်လျှင် နတ်တို့ သည် ပြအပ်သော သူတပါးတို့သည် ထူမှထစေနိုင်သော သူနာကို မြင်တော်မူ၍ ရှေးနည်းအတူ မေးတော်မူပြီးလျှင် နန်းတော်သို့ ဝင်တော် မူ၏။ ။နောက်တဘန် လေးလမြောက်၌ ဥယျာဉ်သို့ ထွက်တော်မူပြန်လျှင် နတ်တို့သည် ပြအပ်သော သူသေကို မြင်တော်မူ၍ ရှေးနည်းအတူ မေးတော်မူပြီးလျှင် နန်းတော်သို့ ဝင်တော်မူ၏။ ။နောက်တဘန် လေးလ မြောက်၌ ဥယျာဉ်သို့ ထွက်တော်မူပြီးလျှင် နတ်တို့သည် ပြအပ်သော ရဟန်းကို မြင်တော်မူ၍“အချင်းရထားထိန်း,ဤသူကား သူတပါးနှင့်မတူ၊ ထိုသူကား အဘယ်သူနည်း”ဟု မေးတော်မူလျှင် ရထားထိန်းသည် “အရှင့်သား, ဤသူကား ရဟန်းပေတည်း၊ တရားကို ကျင့်ခြင်းသည် ကောင်း၏”ဟု စသည်ဖြင့် ရဟန်း၏အဖြစ် ရဟန်း၏ ကျေးဇူးတို့ကို လျှောက်ပေ၏။

ဤသို့လျှင် နိမိတ်ကြီးလေးပါးကို ငါတို့ ဘုရားမှာ အသက် တမ်း ကိုသော ဘုရား ဖြစ်သောကြောင့် လေးလသာ ခြား၍ ထင်မြင်သည်။အသက်တမ်း ရှည်သော ဘုရားတို့ မှာကား အနှစ်တရာ, အနှစ်တရာလွန်မှ ထင်မြင်သည်။ ။ ဤကား ဗုဒ္ဓဝင်အဋ္ဌကထာအလို။ ။ဒီဃနိကာယ် အဋ္ဌ ကထာ၌ကား ငါတို့ ဘုရားလောင်းမှာ လေးပါးသော နိမိတ်ကို တနေ့ခြင်းဖြင့်သာ မြင်သည်ဟု ဆို၏။

ထိုအခါ သိဒ္ဓတ်မင်းသားသည် အားရနှစ်သက်တော်မူသည်ဖြစ်၍ "ငါလည်း ထိုသူကဲ့သို့ပင် ရဟန်းပြုတော့အံ့"ဟု စိတ်ကို ဆုံးဖြတ်ပြီးလျှင် ဥယျာဉ်သို့ ရောက်အောင် ရထားကို နှင်စေတော်မူ၏။ ဥယျာဉ်သို့ ရောက်လျှင် များစွာသော စည့်,စောင်း,ညှင်း,တို့ဖြင့် နေ့အဘို့ကုန်ခြင်းသို့ ရောက်စေ၍ ညချမ်းသောအခါ မင်္ဂလာရှိသောရေကန်၌ ရေချိုး၍ တန်းဆာ ဆင်ခြင်း၌ အလိုတော်ရှိလျှင် သိကြားမင်းသည် ဝိသုကြုံနတ်သားကို ခေါ်၍"အချင်း ဝိသုကြုံနတ်သား,ယနေ့ကား ဘုရားလောင်းသည် အဆုံး စွန်သော တန်းဆာဆင်ခြင်းတည်း၊ သွား၍ တန်းဆာ ဆင်ချေလော့"ဟု စေလိုက်၏၊ဝိသုကြုံနတ်သားလည်း ဆတ္တာသည်အသွင် ဘန်ဆင်းပြီးလျှင် ဆတ္တာသည့်၏ လက်မှ ဦးရစ်ပုဆိုးကိုယူ၍ ဘုရားလောင်း၏ ဦးခေါင်း တော်၌ ရစ်လျှင် ပတ္တမြား ရတနာ၏ အခြင်းအရာဖြင့် ဦးရစ်ပုဆိုး တထောင်တက်၏။ တဘန် ရစ်ပြန်သော် တထောင် တက်ပြန်၏။ဤကဲ့သို့ ဆယ်ကြိမ်ရစ်သဖြင့် ဥဿျောင်တော်၌ ဦးရစ်ပုဆိုး တသောင်းတက်၏။

ဦးခေါင်းတော်ကား ငယ်၏၊ ဦးရစ်ပုဆိုးကား များ၏ ဟု မကြံသင့်။

ခပ်သိမ်းသော တန်းဆာတို့ဖြင့် တန်းဆာဆင်ပြီးသော သိဒ္ဓတ်မင်းသည် ခပ်သိမ်းသော မောင်း ကြေးနင်း တို့သည် မိမိတို့အသံကို ပြုအပ်ကုန်သည်ရှိသော် အဘိသိက် မင်္ဂလာမြွောက်သော ပုဏ္ဏားတို့သည် "ဇေယျတု တုဠ္ဌ နန္ဒနာ"အစရှိသော မင်္ဂလာစကားကို ကြားအပ်ကုန်သည် ရှိသော် ရထားထက်သို့ တက်တော်မူ၏။

---

## ၄၃-သားတော် ရာဟုလာ ဖွါးမြင်တော်မူခြင်း။

ထိုအခါ နန်းတော်၌ ယသောဓရာမိဖုယားမှာလည်း သားတော်ဖွါး၍ သုဒ္ဓေါဒန မင်းကြီးသည် သားတော် သိဒ္ဓတ်မင်းသားထံ တမန်စေ၍ ကြားစေသဖြင့် ထိုအခါ သိဒ္ဓတ်မင်းသားသည်"ငါ့အား ရာဟုသည် လ-ကိုဘမ်းသကဲ့သို့ အနှောင်အဖွဲ့ဖြစ်ခဲ့ပြီ"ဟု ဆိုလိုက်၏။တမန်တို့ ပြန်လာသောကာလ"ရာဟုသည် လ-ကို ဘမ်းသကဲ့သို့ ငါ့အား အနှောင်အဖွဲ့ ဖြစ်ခဲ့ပြီ"ဟု သားတော် သိဒ္ဓတ်မင်းသားက ဆိုလိုက်ကြောင်းကို တင်လျှင် သုဒ္ဓေါဒနမင်းကြီးသည် သားတော်က ဆိုလိုက်သော စကားကို အစွဲပြု၍ မြေးတော်အား ရာဟုလာ-ဟူသော အမည်ကို မှည့်တော်မူ၏။

ဘုရားလောင်း ဥယျာဉ်မှ ထွက်တော်မူ၍ များစွာသော အခြံအရံတို့ဖြင့် လက်ျာရစ်လည်၍ မြို့သို့ဝင်လေ၏။ ထိုအခါ ဘထွေးတော် သုဒ္ဓောဒနမင်း၏ သမီးတော် ကိသာဂေါတမီသည် ဘုရားလောင်းကို မြင်လျှင် နှစ်သက်ဝမ်းမြောက်သည် ဖြစ်၍။

နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာယံ ဤဒိသော ပတိ။ ။

ဟူသော ဂါထာဖြင့် ဥဒါန်းကျူး၏။

အနက်ကား။ ။သော သဒိယော၊ ဒိုခင်ပွန်းတို့။ ယဿ မာတုယာ၊ အကြင်အမိအား။ ဤဒိသော၊ ဤသို့ သဘော ရှိသော။ အယံ အသဒိသပုတ္တော၊ ဤအတုမရှိသော သားသည်။ အတ္ထိ၊ ရှိ၏။ သာ မာတာ၊ ထိုသားကောင်းအမိသည်။ နိဗ္ဗုတာ နူန၊ ငြိမ်းလေစွတကား။ ယဿ ပိတုနော၊ အကြင်အဘအား။ ဤဒိသော၊ ဤသို့ သဘော ရှိသော။ အယံ အသဒိသပုတ္တော၊ ဤအတုမရှိသော သားသည်။ အတ္ထိ၊ ရှိ၏။ သော ပိတာ၊ ထိုသားကောင်းအဘသည်။ နိဗ္ဗုတော နူန၊ ငြိမ်းလေစွတကား။ ယဿာ နာရိယာ၊ အကြင် မယားအား။ ဤဒိသော၊ ဤသို့ သဘော ရှိသော။ အယံ ပတိ၊ ဤလင်သည်။ အတ္ထိ၊ ရှိ၏။ သာ နာရီ၊ ထိုလင်ကောင်းမယားသည်။ နိဗ္ဗုတာ နူန၊ ငြိမ်းလေစွတကား။

ဤသို့လျှင် နှမတော် ကိသာဂေါတမီ၏ ဥဒါန်းစကားကို ဘုရားလောင်း ကြားလျှင် "ငါ့အား နိမိတ်မင်္ဂလာရှိသော နိဗ္ဗုတာ-ဟူသော စကားကို ကြားစေသည်၊ ငါလည်း နိဗ္ဗာန်ကို ရှာ၍နေသည်၊ ယနေ့ပင် တောထွက်တော့အံ့"ဟု စိတ်ကို ဆုံးဖြတ်၍ "နှမတော် ကိသာဂေါတမီအားလည်း ဆရာစားအဘို့ ဖြစ်စေ"ဟု လည်၌ဝတ်သော အဘိုး တသိန်းထိုက်သော ပုလဲသွယ်ကို ဖြုတ်၍ပေးလိုက်၏။ ကိသာဂေါတမီက မူကား "ငါ့ကို ကြိုက်နှစ်သက်သောကြောင့် မောင်တော်သည် လက်ဆောင် ပဏ္ဏာ ပေးသည်"ဟု ယူဆ၏။ ဘုရားလောင်းလည်း နန်းတော်သို့ ဝင်တော်မူ၍ အသရေရှိသော အိပ်ရာ၌ အိပ်၍ နေတော်မူ၏။ ထိုအခါ ကချေသည် မောင်းမတို့သည် စည်စောင်းညှင်းတို့ဖြင့် အလောင်းမင်းသားကို ဖျော်ဖြေ

ကြကုန်၏။သိဒ္ဓတ်မင်းသားသည် တရဟုတ်သော ခဏဖြင့် အိပ်ပျော်
ခြင်းသို့ သက်လေသော် ထိုကချေသည် မောင်းမတို့လည်း“အလောင်း
မင်းသား၏ အလို့ငှါ တီးမှုတ်ကြကုန်သည်၊ယခု အလောင်းမင်းသား
အိပ်ပျော်တော်မူပြီ”ဟု စည် စောင်း ညှင်း တို့ကို ပိုက်ဖက်လျက်ပင်
အိပ်စက်ကြကုန်၏။ သိဒ္ဓတ်မင်းသားလည်း နိုးတော်မူ၍ ညှိထွန်းသော
နံ့သာဆီမီးရောင်ဖြင့် ပါးစောင်နှစ်ဘက်မှ အရိအရွဲယိုစီး၍ ဘယမ်း
ပတာ အိပ်ပျော်ကြကုန်သော ကချေသည် မောင်းမတို့ကို မြင်တော်
မူလျှင် အတိုင်းထက်အလွန် ကာမဂုဏ်ငါးပါး၌ အပြစ်မြင်လျက် နန်းတော်
ပြာသာဒ်ကို သုသာန် သင်းချိုင်းကဲ့သို့ မှတ်ထင်တော်မူ၍ တံခါးခုံ၌
ခေါင်းဆိုက်၍ အိပ်သော ဣန္န ဆေန်ထံသို့ သွားပြီးလျှင် “ဣန္နတော်
ဆေန်,ယနေ့ညဉ့်ပင် တောထွက်တော်မူလိုသည်၊ မည်သူမျှ မသိစေနှင့်၊
မြင်းတစီး ငါ့အားပြင်၍ ပေးလော့”ဟု မိန့်တော်မူ၏။ဣန္န ဆေန်လည်း
မြင်း၏ ကကြိုးတန်းဆာပလာတို့ကို ယူလျက် မြင်းတင်းကုပ်သို့သွား၍
အလျား တဆဲ့ရှစ်တောင် အနံ ထိုအလျားနှင့် မျှသော ကိုယ်လုံးဖြူသော
ကဏ္ဍကမြင်းကို ကြပ်ကြပ်တည်းတည်း ကလေ၏။ကဏ္ဍကမြင်းကလည်း
“ဤအခါ ကခြင်းသည် ဥယျာဉ်သို့ ထွက်တော်မူသောအခါ ကခြင်းနှင့်
မတူ၊ အမူထူးကဲ၍ မြဲမြံစွာကသည်၊ ယနေ့ညဉ့်ပင် အလောင်းတော် မင်း
သိဒ္ဓတ်သည် မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူလတ္တံ့”
ဟု ဝမ်းမြောက်သော စိတ်ဖြင့် သည်းစွာဟီ၏။ ။ထိုဟီသံသည် ကပိလ
ဝတ်ပြည် အလုံးကို လွှမ်းမိုးပျံ့နှံ့၏။ ထိုသို့ပင် ပျံ့နှံ့သော်လည်း နတ်တို့
ပိတ်ပင်၍ ထားသောကြောင့် တစုံတယောက်သောသူမျှ မကြားရကုန်။

---

## ၃၀-သားတော် ရာဟုလာကို ရှုကြည့်ပြီး တောထွက်တော်မူခြင်း။

ဘုရားလောင်းလည်း ဣန္နဆေန် မြင်းပြင်သွားသောခဏ သားတော်
ရတနာရာဟုလာကိုလည်း ကြည့်ရှုဦးတော့အံ့”ဟု ယသောဓရာဗိမ္ဗာဒေ
ဝီဖုယားကြီး အဆောင်သို့ သွား၍ တိုက်ခန်း တံခါးကို ဖွင့်လှစ် ကြည့်ရှု
သောအခါ တအမွှာကျသော မုလေးပန်းတို့ဖြင့် ကြဲဖြန့်၍ မွေ့ရာခင်းထား
အပ်သော နေရာဝယ် နံ့သာဆီမီးရောင်ဖြင့် သားတော် အထက်သို့
တင်သောလက်ဖြင့် အိပ်စက်ပျော်လှည့်သော ယသောဓရာ ဗိမ္ဗာဒေဝီ

မိဖုယားကြီးကို မြင်တော်မူ၍ တံခါးခုံခြေရင်း၌ ချထားသော ခြေတော်ကို ကန့်ရပ်၍ ကြံတော်မူသည်ကား။

အကယ်၍ ကြင်ရာတော် ယသောဓရာ၏ လက်ကို ဖယ်၍ သားတော်ကို ပွေ့ယူက ယသောဓရာ မိဖုယားနိုးဘိ၍ ငါ၏အကြံတော် ပျက်လတ္တံ့၊ ဘုရားဖြစ်မှပင် သားတော်ရတနာ ရာဟုလာကို လာ၍ ကြည့်ရှုတော့အံ့၊ ငါ့အား ဝတ္ထုကာမ ကိလေသာ ကာမတို့ဖြင့် တစုံတခုသော အကျိုးမရှိ၊ ငါအလိုရှိအပ်သော နိဗ္ဗာန်ကိုလည်း ဝတ္ထုကာမ ကိလေသာကာမတို့ကို မစွန့်က မရရာ၊ အကယ်၍ ငါသည် ဝတ္ထုကာမ ကိလေသာကာမကို မှီဝဲသဖြင့် အဘယ်မှာလျှင် ဝေနေယျကြာ သတ္တဝါတို့ကို ဝတ္ထုကာမ ကိလေသာ ကာမတို့၏ မရှိရာအမှန် ပြည်နိဗ္ဗာန်သို့ လျင်မြန်ထုတ်ချောက် ရောက်အောင် ဆောင်နိုင်ပါတော့အံ့နည်း။

ပဋိသန္ဓေနေခြင်း ဇာတိရှိသည်ရှိသော် အိုရခြင်း ဇရာသို့ငင်း၊ အိုရခြင်း ဇရာရှိသည်ရှိသော် သေရခြင်း မရဏာသို့ငင်း၊ သေရခြင်းမရဏာ ရှိသည်ရှိသော် ပဋိသန္ဓေနေရခြင်း ဇာတိသို့ငင်း၊ ကြေနိမ့်ရချ ရောက်ကြရမည်၊ တစုံတယောက်သော နတ်တို့သည်ငင်း လူတို့သည်ငင်း ဗြဟ္မာတို့သည် ငင်း တားမြစ်ခြင်းငှါ မတတ်ကောင်း၊ ခုနစ်ရက်အတွင်း ရောက်လတ္တံ့သော စကြာရတနာကိုလည်း ငါကိုယ်တော်အား သင်ရန်းစက်ကဲ့သို့ ထင်တော်မူသည်။ နှစ်သောင်းသော ကချေသည် မောင်းမ တတွေကိုလည်း သေသောက်ကြူးမတွေကဲ့သို့ ထင်တော့သည်။ များစွာသော ဆွေတော် မျိုးတော် အပေါင်းကိုလည်း မကောင်းသဖြင့် ဆီးဘား ချည်နှောင်မည် လာသော ပစ္စာမိတ္တ-ရန်သူကဲ့သို့ ထင်တော့သည်။ ဤသားတော်ရတနာ ရာဟုလာသည်ကား ငါလည်း ယနေ့ပင် ထွက်တော်မူမည် ကြံသည်၊ သင်လည်း ဖွါးတော့သည်၊ ထိုကြောင့် ငါ၏ တောထွက်ခြင်းကို တားမြစ်ခြင်းငှါ ကိလေသာ၏ တမန်ကဲ့သို့ပင် ဖြစ်တော့သည်။ ယခု နွေလအခါ ငါစံတော်မူအပ်သော သုရမ္မပြာသာဒ်သည်လည်း တလျှပ်လျှပ် တပြောင်ပြောင် အရောင်မစဲ အမြဲတောက်ပ၍ လောက၌ အလွန် တင့်တယ် လျှောက်ဖတ် သော်လည်း ငါကိုယ်တော်ကို ဖြားယောင်း ဖွဲ့နှောင်၍ သံသရာထောင်၌ ချတတ်သောကြောင့် လတ်တလော အဆောတလျှင်

သေစေတတ်သော အဆိပ်ရှိသော မြွေပွေး၊ မြွေဟောက် တို့၏ နေရာ တောင်ပို့ ကဲ့သို့ ထင်တော့သည်။ ဤနှစ်သောင်းသော ကချေသည် မောင်းမတို့သည်လည်း ငါကိုယ်တော် ကြွသွားတော်မူလတ္တံ့သော နိဗ္ဗာန် ခရီး၌ တားဆီးထားသော အဆူးရှိသော စည်းစောင်ရန်းကဲ့သို့ ဖြစ်တော့ သည်၊ ထိုစည်းစောင်ရန်းကို ယနေ့ပင် ဖြတ်တော့အံ့၊ ငါကိုယ်တော်၏ ရှေ့ရှုတည်သော ယသောဓရာ ဗိမ္ဗာဒေဝီ မိဖုယားကြီး၏ အဆင်းအသရေ ကို တနေ့လုံး ကြည့်ရှုသော်လည်း အဟောအန္တရာယ ဖြစ်၍ အဘယ်မှာ ရောင့်ရဲနိုင်တော့အံ့နည်း၊သို့ရာတွင် ယသောဓရာ ဗိမ္ဗာဒေဝီကို ကြည့်ရှု၍ နေသဖြင့် အဘယ်မှာ ငါ့အား အကျိုး ရှိတော့အံ့နည်း၊ ငါးစင်းသော မြားတို့ဖြင့် တင်ထားအပ်သော ဒိုဠ-အဂ်ဏာ မည်သော ကိလေသာ၊ အရန်ယစ်သော ဆင်၏ ဦးနှောက်ကို ဖေါက်စားအံ့သော၌ ဦးကင်း ထက် ကွန့်မြူးသော ခြင်္သေ့မင်းကဲ့သို့ သင်၏ အဝိဇ္ဇာ တည်းဟူသော ဦးခေါင်းကို ယနေ့ပင် ငါဖြတ်တော့အံ့၊ အစမထင် သံသရာ၌ ကျင်လည် သမျှကာလပတ်လုံး သင်ကား ငါ့အား ရူပရာဂစသော မြားငါးစင်းနှင့် ခွင်းပစ်သတ်လှလေပြီ၊ယနေ့ကား သင်၏ မြားတို့ကို ယုတ်သိမ်း ခေါက် ထား၍ မြားတောင့်သို့ တဘန် ပြန်သွတ်လော့။ ။ဒိုဠ-အဂ်ဏာအမည် ရှိသော ကိလေသာ၊သင်ကား ဤအရပ်မှာပင် နေရစ်လော့၊ သင်သည် ငါ့ကို မင်းသိဒ္ဓတ်သည် ရဟာတ်ပမာ သံသရာမှာ ငါနှင့် အတူတကွ ပေါင်းဘော် ယှဉ်တွဲ၍ အမြဲ နေထိုင်ဘက် အဘော်ဖြစ်ပါလျက် ယနေ့ ကား ငါ၏ ဦးခေါင်းကို ဖြတ်၍ နန်းပြာသာဒ်မှ ထွက်သွားသည် ဟု သင် မစိုးရိမ်ရစ်လင့်။ဤတခါ သွားခြင်းကား ရှေးရှေးသော ဘဝတို့က ထွက် သွားခြင်းနှင့်မတူ၊ ရှေးရှေးသော ဘဝတို့က ထွက်သွားခြင်းမှာ သွားပင် သွားသော်လည်း မျှားမကြာခင် သင်၏ထံသို့ ငါပြန်လာသည်။ ယနေ့မှာ ကား အဆုံးစွန်သော သွားခြင်းတည်း။ သင့်ထံသို့ ငါမပြန်လာပြီ ဟု ကိလေသာ မာရ်ကို စစ်ထိုး အောင်မြင်တော်မူ၍ ခြေတော်ကို ယုတ်သိမ်း ပြီးလျှင် ကဏ္ဍကမြင်းထံ ချဉ်းကပ်တော်မူ၏

သိဒ္ဓတ်မင်း၏ နန်းစည်းစိမ်အကြောင်းနှင့် တံခါးခုံ၌ ရပ်လျက် ကြံတော် မူဟန်ကို နယဂ္ဂါဟဖြင့် ဇိနာလင်္ကာရ ဋီကာဆရာ အကျယ်ပြသည်မှ ချိုးခြင်း ဆုတ်နုတ်၍ ရေးသည်။

ကဏ္ဍကမြင်းထံ ချဉ်းကပ်ပြီးလျှင်"ချစ်သား ကဏ္ဍက,ယနေ့တညဉ့်မျှ ငါ၏ အကျိုးကို သည်ပိုး ရွက်ဆောင်ပါ" ဟု ဆို၍ ကဏ္ဍကမြင်း၏ ကျောက်ကုန်းသို့ တက်ပြီးလျှင် ဘိုးတော် အဇ္ဇုနမင်းကြီး ထားတော်မူသော မဟာသက္ကရာဇ် ကိုးဆဲ့ခုနစ်ခု၊ သက်တော် နှစ်ဆဲ့ကိုးနှစ်၊ ဝါဆိုလပြည့်၊ တနင်းလာနေ့ ညဉ့် သန်းခေါင်ယံ အချိန်တွင် မြင်းမြီးဆွဲ မောင်ဆန်နှင့်တကွ တောထွက်တော် မူ၏။ ။နတ်တို့သည် ကဏ္ဍကမြင်း၏ ခွါသံကို ကပိလဝတ်ပြည်သားတို့ မကြားရအောင် လက်ဝါးဖြင့် ခွါကို ခံကြကုန်၏။

တံခါးသို့ ရောက်သောအခါ ဘုရားလောင်း အကြံ ဖြစ်ဟန်ကား "အကယ်၍ တံခါးမပွင့်သည် ဖြစ်အံ့၊ကျွန်ဆန်ကို မြင်းမြီး၌ ဆွဲမြဲတိုင်း ဆွဲစေ၍ ကဏ္ဍကမြင်းကို ငါ၏ပေါင်ဖြင့် ကြပ်ကြပ်ညှပ်၍ တဆဲ့ရှစ်တောင် မြင့်သော မြို့ရိုးကို ခုန်အံ့"ဟု ကြံတော်မူ၏။ ။ကျွန် ဆန်ကလည်း "အကယ်၍ တံခါးမပွင့်သည်ဖြစ်အံ့၊အရှင့်သားကို မြင်း၏ကျောက်ကုန်း၌ နေစေ၍ မြင်းကို လက်ကတီးကြားက ထား၍ တဆဲ့ရှစ်တောင် မြင့်သော မြို့ရိုးကို ခုန်အံ့"ဟု ကြံ၏။ ။ကဏ္ဍကမြင်းကလည်း "အကယ်၍ တံခါး မပွင့်သည်ဖြစ်အံ့၊အရှင့်သားကို ကျောက်ကုန်းထက်၌ နေစေ၍ ဆန်ကိုလည်း အမြီး၌ဆွဲစေ၍ တဆဲ့ရှစ်တောင် မြင့်သော မြို့ရိုးကို ခုန်အံ့"ဟု ကြံ၏။

**အကယ်၍ တံခါးမပွင့်သည်ရှိသော် ထိုသူ့သုံးသည် ကြံသော အဝိုင်းပင် စွမ်းနိုင်ကြကုန်၏။**

ထိုသို့ ကြံကြကုန်စဉ်သာလျှင် ဘုရားလောင်း၏ ပါရမီတော် ဂုဏ် သကတ်ကြောင့် မြို့စောင့်နတ်တို့သည် တံခါးရွက်တခုကို လူတထောင် ဖွင့်မှ ပွင့်နိုင်သော တံခါးရွက်ကို ဖွင့်လှစ်၍ ပေးကြကုန်၏။ ထိုအခါ မာရ်နတ်သားသည် ကောင်းကင်ကရပ်၍ "သိဒ္ဓတ်မင်းသား, သင် တော မထွက်လင့်၊ယနေ့မှ ခုနစ်ရက်မြောက်၌ စကြာရတနာ ရောက်လတ္တံ့"ဟု ဆိုလျှင်"အချင်း မာရ်နတ်,စကြာရတနာရောက်မည်ကို ငါသိ၏၊ သို့ပင် ဖြစ်သော်လည်း ဘုရားအဖြစ်ကိုသာ ငါအလိုရှိသည်၊ သင်မတားနှင့်"ဟု ပယ်ရှား၍ ကပိလဝတ် ပြည်တော်မှ ထွက်တော်မူပြီး၍ တဘန် ကပိလ ဝတ်မြို့ကို ကြည့်ပြန်လိုလျှင် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ လည်၍ ပေးသဖြင့် ကြည့်တော်မူပြီးလျှင် တောသို့ ရှေးရှု နှင်တော်မူ၏။

ထိုအခါနတ်တို့သည် လက်ဝဲခြောက်သောင်း၊လက်ျာခြောက်သောင်း၊ ရှေ့ခြောက်သောင်း၊ နောက်ခြောက်သောင်း၊ မီးရှူး မီးတိုင်တို့ကို ကိုင်၍ လိုက်ကြကုန်၏၊ ထက်ဝန်းကျင်မှ စည်စောင်းညှင်းတို့ကိုလည်း တီးမှုတ်ကြကုန်၏။တပါးသော နတ်,နဂါး,ဂဠုန်တို့လည်း အခိုးအထုံ ပန်းနံ့သာတို့ဖြင့် ကဏ္ဍကမြင်း၏ ပုဆစ် ပေါင်ခြံ မြုပ်နစ် လောက်အောင် ပူဇော်သက္ကာရကို ပြုကြကုန်၏၊ ဤသို့သော အသရေ၏ တင့်တယ်ခြင်းဖြင့် သွားတော်မူသည်ရှိသော် ပုဆစ်ပေါင်ခြံ ကျံမြုပ်သော ပန်းနံ့သာတို့ကို နှုတ်၍ သွားရသောကြောင့် ပကတိအားဖြင့် စကြဝဠာတံတိုင်းကို နံနက်စာမီအောင် လှည့်လည်နိုင်သော်လည်း ယခုအခါ ညဉ့်ထက်ဝက်ဖြင့် သုံးပြည်ထောင်ကိုသာ လွန်၍ ယူဇနာ သုံးဆယ်ထက်၌ အရုဏ်တက်သောအခါ အနောမာမြစ်သို့ ဆိုက်ရောက်တော် မူလေ၏၊ ရောက်လျှင် "အမောင် ဆန်, ဤမြစ်သည် အဘယ်မြစ်နည်း" ဟု မေးတော်မူလျှင် "အရှင့်သား,ဤမြစ်သည် အနောမာမြစ်ပါဘုရား"ဟု တင်လေသော်"ငါ၏ ရဟန်းအဖြစ်သည် မယုတ်ရာ"ဟု နိမိတ်ဘတ်တော်မူပြီးလျှင် ရှစ်ဥသဘ ကျယ်သော အနောမာမြစ်ကို ကဏ္ဍကမြင်း, ကျွန် ဆန်တို့နှင့်တကွ ခုန်တော်မူ၍ ကမ်းတဘက်သို့ ရောက်သောအခါ "အမောင် ဆန်,ငါ၏ အဝတ်တန်းဆာ တို့ကိုရင်း, ကဏ္ဍက မြင်းကိုရင်း ယူ၍ တိုင်းပြည်သို့ ပြန်လေတော့၊ငါသည် ဤအရပ်တွင်ပင် ရဟန်းပြုတော့အံ့" ဟု မိန့်တော်မူ၏၊ ကျွန် ဆန်က "ကျွန်တော်လည်း အရှင့်သားနှင့် အတူပင် ရဟန်း ပြုချင်ပါသည်"ဟု တင်လေသော် အခွင့်မရ၍ ကျွန် ဆန်လည်း ကဏ္ဍက မြင်းကို ယူ၍ တိုင်းပြည်သို့ ပြန်ပါတော့မည်"ဟု အာမခံရ၏၊

---

## ၅၁-ဘာဝတိံသာ ရှုဠာမဏိ စေတီတော်။

ထို့နောင်မှ ဘုရားလောင်းသည် ဆံတော်ကို သံလျက်ဖြင့် ပယ်ရှင်း၍ "အကယ်၍ ငါသည် ဘုရားဧကန်ဖြစ်အံ့၊ ဤဆံတော်သည် ကောင်းကင်၌ တည်စေသော။ဘုရားမဖြစ်အံ့၊မြေသို့ ကျောကျစေသော"ဟု မိဋ္ဌာန်တော်မူ၍ ကောင်းကင်သို့ မြှောက်လိုက်လျှင် ဥဿျောင်နှင့်တကွ ဆံတော်သည်:ကောင်းကင်သို့တက်၍ ပန်းဆိုင်းဆွဲသကဲ့သို့ တည်လေ၏။သိကြားမင်းလည်း တယူဇနာမျှသော ရွှေပန်းတောင်းဖြင့် ခံ၍ တာဝတိံသာ

နတ်ပြည်သို့ ဆောင်ပြီးလျှင် အစောက် တယူဇနာ အဝန်း သုံးယူဇနာ ရှိသော ဣန္ဒနီလာကျောက်ဖြင့် ပြီးသော စူဠာမဏိ စေတီကို တည်၍ ဌာပနာပြီးလျှင် ကိုးကွယ်လေ၏။

ဇိနဝင်အဋ္ဌကထာ၌“တာဝတိံသဘဝနေ တိယောဇနံ သတ္တရတနမယံ စူဠာမဏိ စေတိယံနာမ ပတိဋ္ဌာပေသိ” ဟု စူဠာမဏိစေတီတော် သုံးယူဇနာ ရှိကြောင်းကို ဆိုသည်။အဝန်း အစောက်-ဟူ၍ မသိသာ။ ။တထာ ဂတုပ္ပတ္တိ ကျမ်းတွင်လည်း ဤနည်းတူ သုံးယူဇနာရှိ ကြောင်းကို လာသည်။ ။ပါရာဇိကကဏ်အဋ္ဌကထာ၌ကား “သက္ကော ဒေဝါနမိန္ဒော ယောဇနပ္ပမာဏံ ထူပံ ဥဿါပေ့ တွာ၊ဒက္ခိဏက္ခကဓာတုံ နိဟာရိတွာ သုမနဿ အဒါသိ” ဟု သုမနသာမဏေအား တယူဇနာရှိသော စူဠာမဏိ စေတီကို ဖေါက်၍ လက်ျာ မြပ်ရိုးတော်ကို ပေးလိုက် ကြောင်းကို ဆိုသည်။ ။မဟာဝင် အဋ္ဌကထာ၌လည်း ၎င်းနည်းတူ တယူဇနာရှိကြောင်းကိုသာ ဆိုသည်။ ။ ထိုနှစ်စောင်သော ကျမ်းတို့၌သည်း အဝန်း အစောက်- ဟူ၍ သေချာစွာမပါ။ ။မဟာမာယာဝတ္ထုတွင်“ယောဇ နုဗ္ဗေဓံ စူဠာမဏိ စေတိယမကာသိ” ဟု တယူဇနာ အစောက်မြင့်ကြောင်းကို ဆိုသည်။ ။ဤသို့လျှင် မဟာ မာယာဝတ္ထုကျမ်းက တယူဇနာအစောက်မြင့်သည် ဟု သေချာစွာဆိုသဖြင့် ပါရာဇိကကဏ်အဋ္ဌကထာ မဟာဝင် တို့၌ တယူဇနာရှိသည် ဟု သာမညပင်ဆိုသော်လည်း အစောက်တယူဇနာ ရှိသည်ကို ဆိုသည်ယူရမည်။ ။ ထိုသုံးကျမ်းတို့က တယူဇနာ အစောက်ရှိသည် ဟု ဆိုသောကြောင့် ဇိနဝင်အဋ္ဌကထာ, တထာဂတုပ္ပတ္တိ ကျမ်းတို့၌ သုံးယူဇနာ ရှိသည် ဟု ဆိုသောစကားကို အဝန်းကိုရည်၍ ဆိုသည် ဟု ယူရမည်။ သို့မှသာလျှင် ကျမ်းဂန်ချင်း နှီးနှောမိမည်။

## ၅၂-အင္ဂနိဒ္ဓ ဖြဟ္မာ့ပြည် ဒုဿစေတီတော်။

ထို့နောင်တဘန် ကြံပြန်သည်ကား ဤအဘိုးများစွာထိုက်သော ပုဆိုးသည် ရဟန်းအားမလျောက်ပတ် ဟု ကြံတော်မူလေ၏၊ထိုအခါ ကဿပမြတ်စွာဘုရား လက်ထက်က အဆွေတော်ဖြစ်ဘူးသော ဃဋိကာရဖြဟ္မာကြီးသည်"ယနေ့ကား ငါ၏အဆွေတော်သည် တောထွက်ခဲ့ပြီ၊ရဟန်းတို့ပရိက္ခရာကို သွား၍ပေးတော့အံ့"ဟု ကြံ၍ ပရိက္ခရာ၈ပါးကို ယူ၍လာပြီးလျှင် ဘုရားလောင်းအား လှူလေ၏။ဘုရားလောင်းလည်း ဃဋိကာရဖြဟ္မာ ကပ်လှူအပ်သော သင်္ကန်းတို့ကို ဝတ်ရုံ၍ ဝတ်လဲတော် ပုဆိုးကိုလည်း ဇှေးနည်းအတူပင် မိဋ္ဌာန်တော်မူ၍ မြှောက်လိုက်လျှင် ကောင်းကင်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်နေသည်ကို ဃဋိကာရ ဖြဟ္မာကြီးဆောင်ယူပြီးလျှင် မိမိနေရာ အင္ဂနိဒ္ဓ ဖြဟ္မာ့ပြည်မှာ အစောက် တဆဲ့နှစ်ယူဇနာမြင့်သော ဒုဿစေတီကို တည်၍ ဌာပနာပြီးလျှင် ရှိသေစွာကိုးကွယ်ကြကုန်၏။

ဘုရားလောင်း ရဟန်းအသွင်ကို ယူပြီးလျှင် "အမောင် ဆန္န,တိုင်းပြည်သို့ ပြန်လေတော့၊ ခမည်းတော် မယ်တော်တို့အားလည်း အနာမရှိသော အဖြစ်ကို ကြားလေလော့"ဟု မှာထား၍ လွှတ်တော်မူလိုက်သဖြင့် မြင်းတော်ခံ ကျွန်ဆန္နလည်း ကဏ္ဍကမြင်းနှင့်တကွ ပြန်လေသော် ကဏ္ဍကမြင်းသည် ဘုရားလောင်းနှင့် ကွေကွင်းခြင်း ဆင်းရဲကြောင့် မျက်စိတဆုံးကို လွန်သောအခါ ရင်ကွဲနာ နာ၍ သေလေလျှင် တာဝတိံသာနတ်ပြည်၌ ကဏ္ဍကနတ်သား ဖြစ်လေ၏။ ။ကျွန်ဆန္နလည်း ဘုရားလောင်းနှင့် ကွေကွင်းခြင်း ဆင်းရဲကြောင့် တောက်စွဲပူပန်၍ နေသည်တွင် ကဏ္ဍကမြင်းသေပြန်လျှင် အလွန်ပင် စိုးရိမ်သောက ပရိဒေဝမီးတို့သည် ကြီးစွာလောင်သည်ဖြစ်၍ ငိုမြည်တမ်းလျက်သာ ပြန်သဖြင့် တိုင်းပြည်သို့ ရောက်လေ၏။

---

## ၅၃-ဘုရားလောင်းသည် ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရ မင်းကြီးနှင့် တွေ့တော်မူခြင်း။

ရဟန်းပြုပြီးသော ဘုရားလောင်းသည် ထိုအရပ်၌ မလ္လာမင်းတို့၏ သရက်ဥယျာဉ်ဝယ် ခုနစ်ရက်ပတ်လုံး သမဏသုခကိုခံစား၍ နေတော်

မူ၏။ ထိုသို့နေ၍ ဝါဆိုလပြည့်ကျော် ၄ရက် နံနက်မိုးသောက်ထသို့ ကျသောအခါ ထိုအနုပိယသရက်ဥယျာဉ်တောမှ ထွက်တော်မူ၍ ယူဇနာ သုံးဆယ်ရှိသော ခရီးကို တနံနက်ချင်းဖြင့်လွန်၍ တရဂ်ဂင်္ဂါ အသင်္ ဂင်္ဂါကို လွန်၍ ရာဇဂြိုဟ်ပြည်သို့ ရောက်သျှင် အရှေ့တံခါးကဝင်၍ တအိမ်မလပ် ဆွမ်းရပ်ခံတော်မူလျှင် ထိုအခါ ရာဇဂြိုဟ်ပြည်သား အပေါင်းတို့တွင် တယောက်သောသူသည်"ဤသူကား လူမဟုတ်၊ အသူ ရိန်ကို ကြောက်သောကြောင့် လ-နတ်သား လူ့ရွာသို့လာသည်"ဟု ဆို၏။ တယောက်သော သူသည် နဂါး-ဟု ဆို၏။ ဤသို့စသည်ဖြင့် သိကြား ဗြဟ္မာ ဟု ဆိုကြကုန်စဉ် မင်းချင်းယောကျ်ား တယောက်သည် ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးအား တင်လျှင် ဗိမ္ဗိသာရမင်းကြီးသည် "အကယ်၍ နဂါးဖြစ်အံ့၊ မြေ၌လျှိုးငုပ်လိမ့်မည်။ ဘီလူးဖြစ်အံ့၊ပျောက်လိမ့် မည်။နတ်ဖြစ်အံ့၊ကောင်းကင်သို့ တက်လိမ့်မည်။ ရုံထောက်ချေလော့"ဟု စေလိုက်၏။

ဘုရားလောင်းလည်း ငြိမ်သက်သော ဣန္ဒြေတော်ဖြင့် ဆွမ်းရပ်၍ ပြောင်း-ပဲ-ဆပ်-လူး-အထူးထူးသော ဆွမ်းကို မျှတလောက်ရုံ ရလျှင် အရှေ့တံခါးဖြင့်သာလျှင် ထွက်တော်မူ၍ ပဏ္ဍဝတောင်ရိပ်တွင် အရှေ့သို့ မျက်နှာမူလျက် စားအံ့သော၌ သပိတ်တော်ကိုဖွင့်၍ ကြည့်လိုက်လျှင် ရှေးအခါ၌ နတ်၏ သုဓာဘုတ်ကဲ့သို့သော အစာအာဟာရကို သုံးဆောင် စားသောက်တော်မူသော ဘုရားလောင်းသည် ရုန့်ရင်း ကြမ်းတမ်းသော ပြောင်း-ပဲ-ဆပ်-လူး-အထူးထူးသော.အာဟာရကိုမြင်သောအခါ အူသိမ် အူမတို့သည် အထက်သို့ ပြန်တက်၍ ခံတွင်းသို့ ထွက်အံ့သော အခြင်း အရာသို့ ရောက်လေ၏။ထိုအခါ ဘုရားလောင်းသည်"အမောင်သိဒ္ဓတ်, အမောင်သိဒ္ဓတ်သည် ရဟန်းတပါးကို တွေ့သောအခါ အဘယ်ကာလ၌ ဤရဟန်းကဲ့သို့ ဆွမ်းခံ၍ စားရပါအံ့နည်း-ဟု ကြံလျက် တောထွက် ခဲ့သည် မဟုတ်လော၊ အဘယ့်ကြောင့် ဤ ပြောင်း-ပဲ-လူး-ဆပ် တို့ကို မြင်မှ အလွန်ပင်ပန်း ငြီးငွေ့တော့သနည်း"ဟု မိမိကိုယ်ကို မိမိသုံးမ တော်မူပြီးလျှင် မချိမဆန့် ဘုဉ်းပေးတော်မူရှာ၏။

မင်းချင်းယောကျ်ားလည်း ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးအား ပြန်ကြားလျှင် ဗိမ္ဗိသာရမင်းကြီးလည်း အဆောတလျင် ထွက်တော်မူခဲ့

ပြီးလျှင် ဘုရားလောင်း၏ အမျိုးအမည်အလုံးစုံကို မေး၍ မင်းစည်းစိမ်ကို အကြိမ်ကြိမ် အပ်နှင်းသော်လည်း လက်မခံဘဲ လှန်တော်မူသဖြင့်"ဘုရား ဖြစ်သောအခါ အကျွန်ုပ်နိုင်ငံသို့ ရှေးဦးစွာ ကြွတော်မူခဲ့ပါ"ဟု တောင်းပန် လျှင် ဘုရားလောင်း အာမခံသဖြင့် ဗိမ္ဗိသာရမင်းကြီးသည် နန်းတော်သို့ ဝင်လေ၏။

## ၅၄-ဘုရားလောင်းသည် အာဠာရ-ဥဒကတို့ထံ ရောက်တော်မူခြင်း။

ဘုရားလောင်းလည်း ဆွမ်းစားခြင်း ကိစ္စပြီးလတ်သော် နေရာမှထ၍ အစဉ်သဖြင့် ကြွတော်မူလျှင် အာဠာရ၏အထံသို့ရောက်၍ သမာပတ် ၄-ပါးကို နည်းခံသောအခါ ခုနစ်ပါးသော သမာပတ်ကိုသာ နည်းပေး နိုင်၍ အဆုံး နေဝသညာ နာသညာယတန သမာပတ်ကို နည်းမပေး နိုင်လျှင် အာဠာရ၏အထံမှ ခုနစ်ပါးသော သမာပတ်ကိုရ၍ ခွါခဲ့ပြီးသော် ဥဒက၏အထံသို့ ရောက်လျှင် နေဝသညာ နာသညာယတန သမာပတ်၏ ပရိကံကို မေး၍ အားထုတ်သောအခါ မကြာခင် နေဝသညာ နာသညာ ယတန သမာပတ်ကို ရသော့နှစ်ပါးတို့၏ အထံမှ ရအပ်သည်ဖြစ်၍ ဆင်ခြင်ပြန်သော်"ထိုသမာပတ်၄ပါးသည် သစ္စာလေးပါးကို သိခြင်း၏ အကြောင်း မဟုတ်သေး"ဟု တဖန် ခွါခဲ့ပြန်၍ ဥရုဝေဠ တောသို့ ရောက်တော်မူလျှင် ဒုက္ကရစရိယာအကျင့်ကို ကျင့်ခြင်းငှါ အားထုတ် တော်မူ၏။ ။ကောဏ္ဍည စသော ငါးယောက်သော ပဥ္စဝဂ္ဂီ ရဟန်း တို့လည်း ထိုအရပ်တွင် ဘုရားလောင်းနှင့်တွေ့၍ ဒုက္ကရစရိယာကျင့်သော ဘုရားလောင်းကို ဝတ်ကြီးဝတ်ငယ် ပြုလျက် လုပ်ကျွေး၍ နေကြကုန်၏။

## ၅၅-ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူခြင်း။

အဘယ်သို့လျှင် ဘုရားလောင်း ဒုက္ကရစရိယာ အကျင့်ကို ကျင့်သနည်း ဟူမူကား။

ဘုရားလောင်းသည် ဆွမ်းစသော ကြမ်းတမ်းသော အာဟာရကို ပယ်၍ သစ်သီးဖြင့် မျှတ၏။ထို့နောက်မှ နှမ်းတစေ့မျှသော အာဟာရဖြင့်

မျှတ၏။ထိုနောက် အချင်းခပ်သိမ်း အာဟာရကို ဖြတ်တော်မူ၏။ထိုအခါ နတ်တို့သည် မွေးတွင်းတော်မှ နတ်သြဇာကို ထည့်သွင်းကြကုန်၏။ နောက်ကာလ ထိုနတ်တို့ထည့်သွင်းသော နတ်သြဇာကိုလည်း ပယ်တော်မူ၏။ဤသို့ ငြိုငြင်စွာသော အကျင့်ကို ကျင့်သောကြောင့် ရွှေစင်နိက္ခအဆင်းနှင့်တူသော အဆင်းတော်သည်လည်း မည်းနက်သော အဆင်းရှိတော်မူ၏။ သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်ကြီးတို့သည်လည်း ကွယ်ပျောက်ကုန်၏။အသားအသွေးတို့လည်း ခန်းခြောက်ကုန်၏၊

တရံရောအခါ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းလျှင် ဆာလောင် မွတ်သိပ်ခြင်းကြောင့် စင်္ကြံဦး၌ မူးမော်၍ လည်းတော်မူ၏။ထိုအခါ နတ်သားတယောက်သည် ဘုရားလောင်းသေပြီ ဟူသော အမှတ်ဖြင့် သုဒ္ဓေါဒနမင်းကြီးထံ သွား၍ "သင်မင်းကြီးသား, သေပြီ"ဟု ပြောကြားလျှင် သုဒ္ဓေါဒနမင်းကြီးသည် "ငါ၏သားတော်သည် ဘုရားမဖြစ်ဘဲ မသေ" ဟု နတ်သားပြောသည်ကို မယုံကြည်။ ဘုရားလောင်းလည်း သတိရတော်မူ၍ ထတော်မူပြန်သော် နတ်သားတယောက်သည် သွား၍ "သင်မင်းကြီးသား,မသေ"ဟု သုဒ္ဓေါဒနမင်းကြီးအား ကြားပေ၏။

ဘုရားလောင်းလည်း ငြိုငြင်သဖြင့် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီး၍ "ဤဒုက္ကရစရိယာ အကျင့်ဖြင့်လည်း သဗ္ဗညုတဉာဏ်သို့ မရောက်သေး။အားကို ဖြစ်စေ၍ အာနာပါနစျာန်ကို ဖြစ်စေတော့အံ့"ဟု ကြံ၍ သေနနိဂုံး၌ ဆွမ်းခံလျက် အာဟာရကို သုံးလေးရက်သုံးဆောင်မိလျှင် သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်ကြီး တို့သည် •ပေါ်လာပြန်၍ ကိုယ်တော်လည်း ရွှေအဆင်းကဲ့သို့ ဖြစ်တော်မူပြန်၏။ ထိုအခါ ငါးယောက်သော ပဉ္စဝဂ္ဂီ ရဟန်းတို့သည် "ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်၍မှ ဘုရားမဖြစ်၊ယခုမှာမူကား မြို့ ရွာ နိဂုံးသို့ သွားလာ၍ အာဟာရကို ရှာသဖြင့် အဘယ်မှာ ဘုရားဖြစ်တော့အံ့နည်း၊ဤရဟန်း ဂေါတမသည် လာဘ်သပ္ပကာ ပေါများခြင်းကိုသာ အလိုရှိတော့သည်၊ငါတို့သည် ရဟန်းဂေါတမထံ၌ နေသဖြင့် အဘယ်အကျိုးရှိတော့အံ့နည်း"ဟု ကြံ၍ ဘုရားလောင်းကို စွန့်လျက် ဉရုဝေဠတောမှ ၁၈ယူဇနာကွာသော ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တောသို့ သွား၍ နေကြကုန်၏။

---

## ၃၆-သူဌေးသမီး သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူခြင်း။

ထိုအခါ သေနနိဂုံး၌ သေနသူဌေးသမီး အရွယ်သို့ ရောက်ပြီးသော သုဇာတာသည် တခုသော ပညောင်ပင်၌ "အရှင်ရုက္ခစိုးနတ်၊ အကယ်၍ အကျွန်ုပ်သည် ဇာတ်တူသော အမျိုးအိမ်သို့သွား၍ ပဌမကိုယ်ဝန် သား ယောကျ်ားကို ရပါအံ့၊ ရှင်ရုက္ခစိုးနတ်အား တသိန်းသော ဥစ္စာတို့ကို စွန့်၍ ဗလိနတ်စာ တင်ခြင်းကို ပြုပါအံ့" ဟု ဆုတောင်းသည့်အတိုင်း ပြည့်စုံ၍ ကဆုန်လပြည့်နေ့၌ ရုက္ခစိုးနတ်အား ပူဇော် သက္ကာရကို ပြုလို၍ ရှေးမဆွကပင် တထောင်သော နွားမ တို့ကို နွယ်ချိုတော၌ ကျောင်းစေပြီးလျှင် ထိုတထောင်သော နွားမတို့၏နို့ကိုညှစ်၍ ငါးရာသော နွားမတို့ကို တိုက်ပြန်၏။ ထိုငါးရာသော နွားမတို့၏နို့ကို ညှစ်ပြီးလျှင် နှစ်ရာငါးဆယ်သော နွားမတို့ကို တိုက်ပြန်၏။ဤသို့သောနည်းဖြင့် တဆဲ့ ခြောက်ကောင်သော နွားမတို့၏နို့ကို ညှစ်၍ ရှစ်ကောင်သော နွားမတို့ကို တိုက်ပြန်၏။ထိုရှစ်ကောင်သော နွားမတို့၏ နို့ကို ညှစ်၍ ပြစ်ချွဲချိုမြ သြဇ ဝန္တဖြစ်သော နို့ရည်ကိုမှ ဃနာထမင်း ချက်လေ၏။

ဤအရာ၌ တထောင်သော နွားမတို့၏ နို့တိုက်ပုံ ဝါဒ
မညီကြ။ ။ဆရာအချို့တို့ တိုက်ဟန်ကား။ ။တထောင်
သော နွားမတို့၏ နို့ကို ညှစ်၍ ငါးရာသော နွားမတို့ကို
တိုက်ပြန်၏။ ငါးရာသော နွားမတို့၏ နို့ကို ညှစ်၍ နှစ်ရာ့
ငါးဆယ်သော နွားမတို့ကိုတိုက်ပြန်၏။ထိုနှစ်ရာ့ငါးဆယ်
သော နွားမတို့၏နို့ကို ညှစ်၍ တရာ့ နှစ်ဆဲ့ ငါးကောင်
သော နွားမတို့ကို တိုက်ပြန်၏။ ထိုတရာ့နှစ်ဆဲ့ငါးကောင်
သော နွားမတို့၏ နို့ကို ညှစ်၍ ခြောက်ဆဲ့ လေးကောင်
သော နွားမတို့ကို တိုက်ပြန်၏။ ထိုခြောက်ဆဲ့လေးကောင်
သော နွားမတို့၏နို့ကိုညှစ်၍ သုံးဆဲ့နှစ်ကောင်သော နွားမ
တို့ကို တိုက်ပြန်၏။ ထိုသုံးဆဲ့နှစ်ကောင်သော နွားမတို့၏
နို့ကို ညှစ်၍ တဆဲ့ခြောက်ကောင်သော နွားမတို့ကို
တိုက်ပြန်၏။ ထိုတဆဲ့ခြောက်ကောင်သော နွားမ တို့၏
နို့ကိုညှစ်၍ ရှစ်ကောင်သော နွားမတို့ကို တိုက်ပြန်၏။

တနည်း ဆရာအချို့ တိုက်ဟန်ကား။ ။တထောင်သော နွားမတို့ကို ငါးစုပြု၍ လေးစု၊ နှစ်ရာသော နွားမတို့၏ နို့ကိုညှစ်၍ တစု၊ နှစ်ရာသော နွားမတို့ကို တိုက်ပြန်၏။ ထို နှစ်ရာသော နွားမတို့ကို ငါးစုပြု၍ လေးစု၊ တရာ့ခြောက်ဆယ်သော နွားမတို့၏ နို့ကိုညှစ်၍ တစု၊ လေးဆယ်သော နွားမတို့ကို တိုက်ပြန်၏။ ထိုလေးဆယ်သော နွားမတို့ကို ငါးစုပြု၍ လေးစု၊ သုံးဆဲ့ နှစ်ကောင်သော နွားမတို့၏ နို့ကို ညှစ်၍ တစု၊ ရှစ်ကောင်သော နွားမတို့ကို တိုက်ပြန်၏။

အပဒါန် အဋ္ဌကထာ၌ကား။

ဓေနုသဟဿံ၊ လဋ္ဌိမဓုကဝနေ စရာပေတွာ တာသံ ခီရံ ပဉ္စဓေနုသတာနိ ပါယေတွာ၊ တာသံ ခီရံ အဍ္ဎတိယာနီတိ ဧဝံ ယာဝ သောဠသန္နံ ဓေနူနံ ခီရံ အဋ္ဌဓေနုယော ပိဝန္တိ၊ တာဝ ခီရဿ ဗဟလတဉ္စ မဓုရတဉ္စ ဩဇဝန္တတဉ္စ။ ပတ္ထယမာနာ ခီရပဝတ္တနံနာမ အကာသိ။

ဟူ၍ မိန့်တော်မူ၏။ ။ဇာတကနိဒါန်း အဋ္ဌကထာတို့မှာလည်း ၎င်းနည်း မိန့်တော်မူကြကုန်၏။

အနက်ကား။ ။ဓေနုသဟဿံ၊ နွားမ တထောင်ကို။ လဋ္ဌိမဓုကဝနေ၊ နွယ်ချိုတော၌။ စရာပေတွာ၊ ကျောင်းစေ၍။ တာသံ၊ ထိုတထောင်သော နွားမတို့၏။ ခီရံ၊ နို့ရည်ကို။ ပဉ္စဓေနုသတာနိ၊ ငါးရာသော နွားမတို့ကို။ ပါယေတွာ၊ သောက်စေ၍။ တာသံ၊ ထိုငါးရာသော နွားမတို့၏။ ခီရံ၊ နို့ရည်ကို။ အဍ္ဎတိယာနိ၊ နှစ်ရာငါးဆယ်သောနွားမတို့ကို။ ပါယေတွာ၊ သောက်စေ၍။ ဣတိ ဧဝံ၊ ဤသို့။ ယာဝ၊ အကြင်မျှလောက်။ သောဠသန္နံဓေနူနံ၊ တဆဲ့ခြောက်ကောင်သော နွားမတို့၏။ ခီရံ၊ နို့ရည်ကို။ အဋ္ဌဓေနုယော၊ ရှစ်ကောင်သော နွားမတို့သည်။ ပိဝန္တိ၊ သောက်စို့ကြကုန်၏။ တာဝ၊ ထိုမျှလောက်၊ သောက်စို့ ဘန်ဘန်၊ နို့ပြန် များသဖြင့်။ ခီရဿ၊ နို့ရည်၏။ ဗဟလတဉ္စ၊ ပြစ်ချွဲသော အဖြစ်သို့ရင်း။

မဓုရတဉ္စ၊ ချိုမြိန်မြသော အဖြစ်သို့ရင်း၊ သြဇဝန္တတဉ္စ၊ သြဇာရှိသော အဖြစ်သို့ရင်း။ ပတ္တုယာမာနာ၊ ရောက်သည် ဖြစ်၍။ ခီရပဝတ္တနံ နာမ၊ နို့ဖြစ်သည် မည်သည်ကို။ အကာသိ၊ ပြု၏။

ဇိနာလင်္ကာရ ဋီကာ၌ကား။

သတ္တဓေနူယော လဋ္ဌိဝနေ ခါဒါပေတွာ၊ တေသံပိ ဓီတရောလဒ္ဓေ။ တထေဝ ခါဒါပေတွာ ပုန တာသံ ပုတ္တိယော တထေဝါတိ၊ တာသ ပုတ္တနေတ္တ ပရံပရာဂတဓေနူတော ခီရံ ဂဟေတွာ ခီရပါယာသံ ပစိတုံ အာရဘိ။ ။

ဟူ၍ မိန့်တော်မူ၏။

အနက်ကား။ ။သာ၊ ထိုသူဌေးသမီး သုဇာတာသည်။ သတ္တဓေနူယော၊ ခုနစ်ကောင်သော နွားမတို့ကို။ လဋ္ဌိဝနေ၊ နွယ်ချိုတော၌။ ခါဒါပေတွာ၊ စားစေ၍။ တေသံပိ၊ ထိုခုနစ်ကောင်သော နွားမတို့၏လည်း။ ဓီတရော၊ သမီးတို့ကို။ လဒ္ဓေ၊ ရလတ်သော်။ တထေဝ၊ ထို့အတူပင်လျှင်။ ခါဒါပေတွာ၊ စားစေ၍။ ပုန၊ တဖန်။ တာသံ၊ ထိုနွားမတို့၏။ ပုတ္တိယော၊ သမီးတို့ကို။ တထေဝ၊ ထို့အတူလျှင်။ ခါဒါပေတွာ၊ စားစေ၍။ ဣတိ ဧဝံ၊ ဤသို့။ တာသ ပုတ္တနေတ္တပရံပရာဂတဓေနူတော၊ ထို သား,မြေး,မြစ်,ခုနစ်ဆက်တိုင်တိုင်ရောက်သော နွားမှ။ ခီရံ၊ နို့ရည်ကို။ ဂဟေတွာ၊ ယူ၍။ ခီရပါယာသံ၊ နို့ဃနာကို။ ပစိတုံ၊ ချက်ခြင်းငှါ။ အာရဘိ၊ အားထုတ်၏။

ဤဇိနာလင်္ကာရဋီကာ၏ အဓိပ္ပါယ်မှာ။ ။ခုနစ်ကောင်သော နွားမတို့ကို နွယ်ချိုတော၌ ကျောင်း၍ ထိုခုနစ်ကောင်သော နွားမတို့၏ သမီးကိုလည်း ထို့အတူ နွယ်ချိုတော၌ ကျောင်း၍ ဤနည်းနှင်နှင် ခုနစ်ဆက်တိုင်အောင် နွယ်ချိုတောမှာ ကျောင်း၍ နောက်ဆုံး သတ္တမနွားတို့မှ နို့ရည်ကိုယူ၍ ဖြူစင်သန့်ရှင်း ဃနာထမင်းကို ချက်ခြင်း ငှါ အားထုတ်၏ ဟူလိုသည်။ ။ဤဋီကာ ဆရာစကား

သည် အဌကထာကြီးတို့နှင့် ဆန့်ကျင်၏။ ။ဤသို့ ဆိုအပ်ပြီးသော နည်းတို့တွင် အဌကထာနှင့် ညီရာကို ယူ။

ထို၇စ်ကောင်သော နွားမတို့၏ နို့ကိုညှစ်စေရာ အလိုလိုယိုကျလာသဖြင့် သူဌေးသွီး သုဇာတာသည် မိမိကိုယ်တိုင် အားထုတ်၍ ချက်ပြုတ်သည်ရှိသော် ကြီးစွာသော အမြုပ်တို့သည် ထကုန်လျက် လက်ျာရစ်လည်၍သွားကုန်၏။ပြင်သို့ တစက်မျှ မကျကုန်။ခုံလောက်မှ အထက်သို့ အခိုးတို့သည် မတက်ကုန်၊စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် ခုံလောက်ကို စောင့်ကုန်၏။မဟာဗြဟ္မာကြီးသည် တဆဲ့နှစ်ယူဇနာရှိသော ထီးကိုဆောင်းမိုး၏။ သိကြားမင်းသည် ထင်းမီးစတို့ကို ကိုင်၍ ဆိုက်၏။နတ်တို့သည် ကျွန်းငယ်နှစ်ထောင်နှင့်တကွ ကျွန်းကြီးလေးကျွန်း၌ရှိသော နတ်သြဇာ ဟူသမျှတို့ကိုယူ၍ ထည့်ကြကုန်၏။ ။ သူဌေးသွီး သုဇာတာလည်း ဤကဲ့သို့သော အံ့ဘွယ်သရဲကို မြင်၍ အိမ်ပြည့်ဝကို ခေါ်ပြီးလျှင်“အမယ်အိမ်ပြည့်ဝ,ယနေ့ကား ပဉ္စောင်ပင်စောင့်နတ်ကြီးသည် ငါတို့အား အလွန်ကြည်ညိုပြီ၏။ ဤမျှလောက်သော ကာလပတ်လုံး ဤကဲ့သို့သော အံ့ဘွယ်သရဲကို မမြင်စဘူး၊ လျင်မြန်စွာသွား၍ နတ် ပသရာ အရပ်ကို တံမြက်တလင်း ၇ှင်းလင်းသုတ်သင်နှင့်လော့”ဟု စေလိုက်၏။ကျွန်မ အိမ်ပြည့်ဝလည်း သွားလေ၏။

---

## အိပ်မက်တော် ၅-ပါး။

ထိုအခါ ငါတို့ဘုရားလောင်းလည်း ကဆုန်လပြည့်နေ့ နံနက်မိုးသောက်ထအခါတွင် ဘုရားဖြစ်ခြင်း၏ ပုဗ္ဗနိမိတ်ဖြစ်သော ငါးပါးသော အိပ်မက်ကို မြင်တော်မူ၏။ ။ငါးပါးဟူသော်ကား။

၁-ဗိတာန် မျက်နှာကြက်နှင့်တကွ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးထက်၌အိပ်၍ ယူဇနာငါးရာ အစောက်မြင့်သော ဟိမဝန္တာတောင်မင်းကို ခေါင်းအုံး၍ အရှေ့သမုဒ္ဒရာ၌ လက်ဝဲလက်, အနောက်သမုဒ္ဒရာ၌ လက်ျာလက်, တောင်သမုဒ္ဒရာ၌ ခြေနှစ်ဘက်ကိုထား၍ အိပ်ရသည်ဟု မြင်မက်သည်။

၂-ထို့နောင် ချက်တော်မှ တိရိယ မည်သော မြက်သည်ထွက်၍ ကောင်းကင်သို့ထိလျက် တည်သည်ဟု မြင်မက်သည်။

၃-ထို့နောင် ဖြူသောအဆင်းရှိသော ပိုးတို့သည် ခြေဘနိုးတော်မှ တက်၍ ပုဆစ်ဒူးတိုင်အောင် ဖုံးလွှမ်းသည်ဟု မြင်မက်သည်။

၄-ထို့နောင် အထူးထူးသော အဆင်းရှိသော ငှက်လေးကောင်တို့သည် အရပ်လေးမျက်နှာမှလာ၍ ခြေတော်ရင်းသို့ရောက်လျှင် အဖြူချည်းသာ ဖြစ်ကုန်သည်ဟု မြင်မက်သည်။

၅-ထို့နောင် ကြီးစွာသော မစင်တောင်သို့တက်၍ စင်္ကြံကြွသွားတော်မူသော်လည်း လိမ်းကပ်ခြင်း မရှိဟု မြင်မက်သည်။ ။ဤကား ငါးပါးတည်း။

ထိုအခါ ဘုရားလောင်းသည် အကယ်၍ နေပြည်တော် ကပိလဝတ်မှာ ဖြစ်ပါဘိမူ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား ထိုအိပ်မက်ကို ကြား၍ ငါးပါးသော အိပ်မက်၏ ပုဗ္ဗနိမိတ်ကို ဘတ်ရာ၏။

မယ်တော်မာယာ ထင်ရှားရှိဘိမူ မယ်တော်အားကြား၍ ငါးပါးသော အိပ်မက်၏ ပုဗ္ဗနိမိတ်ကို ဘတ်ရာ၏။ ယခုမှာမူ မည်သူတယောက်မျှ ကြားစရာမရှိ၊မိမိအိပ်မက်ကို မိမိပင်ဘတ်တော့အံ့ ဟု ကြံတော်မူ၍။

၁။ ။ပဌမအိပ်မက်တွင် မဟာပထဝီမြေကြီးထက် အိပ်လျက်မက်ခြင်းကား အရဟတ္တမဂ် ဉာဏ်ကို ရ၍ ဘုရား ဖြစ်ခြင်း၏ အကြောင်း ပုဗ္ဗနိမိတ်တည်း။ဟိမဝန္တာတောင်ကို ခေါင်းအုံးရသည်ဟု မြင်မက်ခြင်းကား သဗ္ဗညုတဉာဏ်ကို ရခြင်း၏အကြောင်း ပုဗ္ဗနိမိတ်တည်း။လက်ခြေလေးဘက်ကို မဟာသမုဒ္ဒရာထက် တင်ထားရသည် ဟု မြင်မက်ခြင်းကား ဓမ္မစကြာတရား ဟောတော်မူရခြင်း၏ အကြောင်း ပုဗ္ဗနိမိတ်တည်း။ ကိုယ်တော်ကို ပက်လက်အိပ်နေရသည် ဟု မြင်မက်ခြင်းကား သုံးပါးသောဘဝ၌ တမှောက်တည်းမှောက်၍ နေကြကုန်သော သတ္တဝါတို့၏ တချက်တည်း ပက်လက်လန်ခြင်း၏ အကြောင်း ပုဗ္ဗနိမိတ်တည်း။ မျက်စိတို့ကို ဖွင့်သကဲ့သို့ မြင်မက်ခြင်းကား ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရခြင်း၏ အကြောင်း ပုဗ္ဗနိမိတ်တည်း။

၂။ ။ဒုတိယအိပ်မက်၌ တိရိယမည်သော မြေစာမြက်သည် ချက်တော်မှထွက်၍ အထက်ကောင်းကင်သို့ ယူဇနာရာထောင်မက ထိုးခိုက်၍ တည်သည် ဟု မြင်မက်ခြင်းကား ရှစ်ပါးသော မဂ္ဂင်တို့ကို တသွင်တည်း

သိတော်မူ၍ လူနတ်ဗြဟ္မာသတ္တဝါတို့ကို ဒေသနာရေဇ တိုက်ကျွေးတော်မူခြင်း၏ အကြောင်း ပုဗ္ဗနိမိတ်တည်း။

၃။ ။တတိယအိပ်မက်၌ ဖြူသော အဆင်းရှိသော ပိုးတို့သည် ခြေဘမိုးမှ တက်၍ အထက်ပုဆစ်ဒူးတိုင် ဖုံးလွှမ်းသည် ဟု မြင်မက်သည်ကား များစွာသော အဝတ်ဖြူ ဝတ်သူတို့သည် ငါ့ဘုရားကို များစွာအသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ် အမြတ်တနိုး ရိုကြိုး၍ သရဏဂုံတည်ခြင်း၏ အကြောင်း ပုဗ္ဗနိမိတ်တည်း။

၄။ ။စတုတ္ထအိပ်မက်၌ အထူးထူးသော အဆင်းရှိသော ငှက်လေးကောင်တို့သည် အရပ်လေးမျက်နှာမှ လာ၍ ခြေရင်းတော်သို့ ရောက်လျှင်အဖြူချည်းသာ ဖြစ်ကုန်သည် ဟု မြင်မက်တော်မူသည်ကား မင်း,ပုဏ္ဏား, ကုန်သည်, သူဆင်းရဲ ဟု ဆိုအပ်သော အမျိုးလေးပါးတို့သည် ငါ့ဘုရားသာသနာတော်သို့ သက်ဝင်၍ ရှင်ရဟန်း ပြုကြသောအခါ လျှင်မြန်စွာအရဟတ္တမဂ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်း၏အကြောင်း ပုဗ္ဗနိမိတ်တည်း။

၅။ ။ပဉ္စမအိပ်မက်၌ တယူဇနာ အစောက်မြင့်သော မစင်တောင်ထက်သို့ တက်၍ စင်္ကြံကြွသွားတော်မူသော်လည်း လိမ်းကပ်ခြင်းမရှိ ဟု မြင်မက်သည်ကား ဘုရားဖြစ်တော်မူသောအခါ လေးဖြာသော ပစ္စည်းတို့သည် သိမ်းဆည်း၍ မကုန်နိုင်အောင် ပေါသော်လည်း ထိုပစ္စည်း၌ သိမ်းဆည်း ငြိကပ်ခြင်းမရှိ၊ အပြစ်ဟုသာ ရှုတော်မူခြင်း၏ အကြောင်း ပုဗ္ဗနိမိတ်တည်း ဟု ကိုယ်တော်တိုင်ပင် ငါးချက်သော အိပ်မက်တော်၏ အကြောင်း ပုဗ္ဗနိမိတ်ကို ဘတ်တော်မူ၏။

ထိုတွင် အသက်ရှည်သော ဘုရားတို့မှာ ပဉ္စမအိပ်မက်၌ မစင်တောင်တွင်းသို့ ဝင်ရဘိသကဲ့သို့ မြင်မက်သည်။ ထို့ကြောင့် ပဉ္စအင်္ဂုတ္တိုရ် အဋ္ဌကထာ၌။

ဒီဃာယုကဗုဒ္ဓါ ဟိ ယောဇနိကေ မိဠ္ဌပဗ္ဗတေ အနုပဝိသိတ္တွာ နိသိန္နာ ဝိယ ဟောန္တိ။

ဟု မိန့်တော်မူ၏။

- အနက်ကား။ ။ဟိ၊ထိုစကား သင့်စွ။ ဒီဃာယုကဗုဒ္ဓါ၊ အသက်ရှည်သော ဘုရားတို့သည်။ ယောဇနိကေ၊

တယူဇနာ အစောက်မြင့်သော။ မိဋ္ဌပဗ္ဗတော၊ မစင်တောင်၏ အတွင်းသို့။ အနုပဝိသိတွာ၊ ဝင်၍။ နိသိန္နာ ဝိယ၊ ထိုင်နေရသကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့လျှင် ကိုယ်တော်မြတ်သည် ငါးချက်သော အိပ်မက်ကို ဘတ်တော်မူပြီး၍ "ယနေ့ကား ဘုရားဧကန် ဖြစ်လတ္တံ့"ဟု စိတ်တော်ကို ဆုံးဖြတ်၍ နေအရုဏ်တက်၍ နံနက် စောစောကပင် ဆွမ်းခံအံ့သော အခါကို ငံ့လင့်၍ ဆိတ်ကျောင်းညောင်ပင်အောက်၌ အရှေ့သို့ မျက်နှာပြုလျက် ကိုယ်တော်ရောင်ဖြင့် ပညောင်ပင်အလုံးကို ထွန်းလင်းတောက်ပလျက် နေတော်မူ၏။ အိမ်ပြည့်ဝလည်း ထိုအရပ်သို့ ရောက်၍ ဘုရားလောင်းကိုမြင်လျှင် "ပညောင်ပင်စောင့် နတ်ကြီးသည် ယနေ့ကား ငါတို့ကို ကိုယ်တိုင်ပြသည်"ဟု ဝမ်းမြောက်ဝမ်းသာ သုဇာတာသူဌေးသမီးကို ပြန်ကြားလျှင် "သူဌေးသမီးသုဇာတာလည်း ဝမ်းသာနှစ်သက်၍ အိမ်ပြည့်ဝအား အသက်ထက်ဆုံး သမီးကြီး အရာ၌ တည်ပါလော့"ဟု ဆိုပြီး လျှင် နို့ဃနာကို အသပြာတသိန်းထိုက်သော ရွှေခွက်ဖြင့် ထည့်၍ ကိုယ်တိုင်ရွက်ပြီးလျှင် ပညောင်ပင်သို့ လာ၍ ဘုရားလောင်းအား ရှိသေ့စွာ နို့ဃနာကို ဆက်ကပ်လေ၏။ ဘုရားလောင်းမှာလည်း ထိုခဏ၌ပင်လျှင် ဃဋီကာရဗြဟ္မာ ကပ်လှူအပ်သောမြေသပိတ်သည် ကွယ်ပျောက်လေသောကြောင့် လက်တော်ဖြင့်သာ နို့ဃနာကို ခံတော်မူလေသော် သူဌေးသမီး သုဇာတာသည် ရွှေခွက်နှင့်တကွ လှူပြီးလျှင် အိမ်သို့ပြန်လေ၏။

ဘုရားလောင်းလည်း နို့ဃနာ ရွှေခွက်ကို ယူ၍ နေရဉ္ဇရာ မြစ်နားသို့ ကြွတော်မူပြီးသော အခါ ထိုနို့ဃနာ ရွှေခွက်ကို မြစ်ကမ်းထက်က ထားပြီးလျှင် ခပ်သိမ်းသော ဘုရားလောင်းတို့၏ ဘုရားဖြစ်အံ့သော နေ့၌ ရေချိုးတော်မူရာ သုပတိဋ္ဌိတဆိပ်သို့ သက်တော်မူ၍ ရေသပ္ပါယ်တော်မူပြီးမှ လေးဆဲ့ကိုးလုပ်ဖြင့် မယုတ်မပို နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၏။ ပြီးသောကာလ "အကယ်၍ ငါသည် လူသုံးပါးတို့၏ ရှေ့သွား ဘုရားဖြစ်အံ့၊ ထိုရွှေခွက်သည် မြစ်ညာသို့ ဆန်တက်၍ သွားစေသော၊ အကယ်၍ လူသုံးပါးတို့၏ ရှေ့သွား ဘုရားမဖြစ်တုံအံ့၊ ထိုရွှေခွက်သည် အကြေသို့ ရန်သွားစေသော"ဟု ဓိဋ္ဌာန်တော်မူလျက် အဘိုး တသိန်း ထိုက်သော ရွှေခွက်ကို နေရဉ္ဇရာ မြစ်သို့ မျှောလိုက်၏။ ထိုအခါ ရွှေခွက်သည်

ရေအယဉ်ကို ဖြတ်၍ မြစ်လယ်သို့ ကူးလတ်သောအခါ လျင်မြန်စွာသော မြင်းကဲ့သို့ အတောင်ရှစ်ဆယ်မျှ ပမာဏရှိသော အရပ်သို့ ဆန်တက်၍ တရသောဝဲ၌ ငုပ်ပြီးလျှင် ကာလနဂါးမင်း၏ ဘုံသို့ သွား၍ ကကုသန်, ကောဏာဂုံ, ကဿပ၊ ဤဘုရားသုံးဆူတို့၏ ရွှေခွက်သုံးလုံးကို ချင်ချင် မြည်အောင် ထိခိုက်၍ ထိုရွှေခွက်သုံးလုံး၏ အောက်၌ တည်လေ၏။ ။ ထိုအသံကို ကြားသောကာလ ကာလနဂါးမင်းသည် "ယမန်နေ့ကလည်း ဘုရားတဆူပွင့်ပြီ၊ ယနေ့လည်း ဘုရားတဆူ ပွင့်ပြန်ပြီ"ဟု ဆို၏။ ။ ဘုရားလောင်းလည်း နေ့အခါ နေရဥ္စရာမြစ်နားတွင် ပင်လုံးကျွတ်ပွင့်သော အင်ကြင်းတော၌ နေ့သန့်တော်မူပြီးလျှင် ညချမ်းသော ကာလ နတ်တို့ သည် ဘန်ဆင်း အပ်သော ရှစ်ဥသဘ အနံ ကျယ်သော ခရီးဖြင့် ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူ၏။ ထိုအခါ နဂါး,ဂဠုန်, နတ်တို့သည် ပန်း နံ့သာတို့ဖြင့် ပူဇော်ကုန်၏။ စည်စောင်းညှင်းတို့ကို တီးမှုတ်ကြ ကုန်၏။ စကြဝဠာ တသောင်းသည် တခဲနက်သော ပန်းနံ့သာရှိ၏။ တခဲနက်သော ကောင်းချီးသံ ရှိ၏။ သောတ္ထိယ ပုဏ္ဏား တယောက်သည် မြက်ရှစ်ဆုပ် ကိုဘုရားလောင်းအား ဆီး၍ လှူ၏။

ဤအရာတွင်အချို့၌မြက်လှူယောက်ျားကို သုဒ္ဓိယ ငစင် ဟု ဆိုကြကုန်၏။ မသင့်။အဘယ့်ကြောင့်နည်းဟူမူကား အဋ္ဌသာလိနီအဋ္ဌကထာ,ဇိနဝင်အဋ္ဌကထာတို့၌ သောတ္ထိ ယ ဟု ပဉ္စမအက္ခရာ ဒုတိယအက္ခရာဆင့်လျက်ရှိသည်။ ။ သောတ္ထိယ သဒ္ဒါသည်လည်း ပုဏ္ဏားကို ဟောသည်။ သောတ္ထိယသဒ္ဒါ ပုဏ္ဏားဟောသော အဖြစ်ကိုလည်း "ဒွေ သောတ္ထိယေတိ ဒွေ ဗြာဟ္မဏော" ဟု ဓမ္မပဒ အဋ္ဌကထာ ဘွင့်သောကြောင့်သိရသည်။သောတ္ထိယသဒ္ဒါကိုလည်း။ ။ "သုတ္တံ အဓိတေတိ သောတ္ထိယော"။ ။"သုတ္တံ၊ဗေဒင်ကို။ အဓိတေ၊သင်သည်တည်း။ သောတ္ထိယော၊ဗေဒင်ကို သင် သည်"။ ။ဤသို့ ဝစနတ္ထ ပြုရသည်။ ။ဤသို့သော အကြောင်းကြောင့် သုဒ္ဓိယ-ငစင် ဆိုသော စကားသည် သင့်အံ့မထင်။သောတ္ထိယပုဏ္ဏားမျိုးက ပုဏ္ဏားတယောက် ဟု ဆိုသော်သာလျှင် သင့်မည်ဟု ထင်ပေသည်။

**မဟာဗောဓိပလ္လင်။** ။ဘုရားလောင်းလည်း ထိုမြက်ရှစ်ဆုပ်ကို ခံတော်မူ၍ ဗောဓိမဏ္ဍိုင်သို့ ရောက်သောအခါ တောင်မျက်နှာအဘို့က မြောက်မျက်နှာအဘို့သို့ ရှေးရှုရပ်တော်မူလျှင် တောင်စကြဝဠာ တခြမ်းသည် နစ်၍ အောက် အဝီစိသို့ ထိအံ့သကဲ့သို့ ဖြစ်သည်။ မြောက်စကြဝဠာ တခြမ်းသည် အနားထောင်၍ အထက်ဘဝဂ်သို့ ထိအံ့သကဲ့သို့ဖြစ်သည်။ ထို့နောင်မှ ဘုရားလောင်းသည် "ဤအရပ်ကား သဗ္ဗညုတ ဉာဏ်ကို ရအပ်သော အရပ်မဟုတ်သေး"ဟု အနောက်အရပ် မြောက်အရပ်တို့က လည်း တောင်အရပ်က နည်းတူ ရပ်တော်မူလျှင် ယခင်က နည်းအတူ ဖြစ်တော်မူ၍ "ဤအရပ်လည်း သဗ္ဗညုတဉာဏ်ကို ရအပ်သော အရပ်မဟုတ်သေး"ဟု အရှေ့အရပ်က အနောက်အရပ်သို့ ရှေးရှု ရပ်တော်မူသော အခါမှသာလျှင် ခပ်သိမ်းသော ဘုရားရှင်တို့၏ ပလ္လင်တော်တည်ရာဖြစ်၍ မတုန်မလှုပ် ငြိမ်သက်စွာ တည်လေ၏။ ။ထိုအခါမှ ဘုရားလောင်းသည် "ဤအရပ်ကား သဗ္ဗညုတ ဉာဏ်ကို ရအပ်သော အရပ်တည်း" ဟု ရှစ်ဆုပ်သော မြက်ကို အဖျားကကိုင်၍ ကြဲဖြန့်တော်မူလျှင် တဆဲ့လေးတောင် အစောက်မြင့်သော ရတနာပလ္လင်သည် ပေါက်လာ၏။

မဏိဒီပဋီကာ၌ကား ပလ္လင်တော်သည် အစောက်မရှိ၊ အလျားသာ ဖြန့်သည် ဟု ဆိုသည်။ ။ပရိတ်ကြီးဋီကာ၌ကား၊ မဏိဒီပဋီကာစကားကို ပယ်၍ ပလ္လင်တော် အစောက်ရှိကြောင်းကို ဆိုသည်။ ။ဆရာကြီးတို့ကား ပဒုမုတ္တရ မြတ်စွာဘုရားသည် ပလ္လင်တော်မှ သက်သော အခါ တဆဲ့နှစ်တောင်မြင့်သော ကြာပေါက်၍ ခံသည် ဟု ဗုဒ္ဓဝင် အဋ္ဌကထာ၌ ဆိုသည်ကို ထောက်၍ အစောက် ရှိ၏ ဟု ယူကြကုန်သည်။ ။ပါရမီခန်းတွင်လည်း "ပလ္လင် နိမ့်မြင့်၊ အကျင့် တို့ရှည်" ဟု အနိမ့်အမြင့်ရှိကြောင်း၊ အစောက် ရှိကြောင်းကို စပ်ဆိုသည်။ ထို့ကြောင့် အစောက်ရှိသည် ဟူသော အယူ သာလျှင် သင့်မြတ်ရာ သည်။

## ၅၇-နတ် ပြဟ္မာတို့ ပူဇော်ကြခြင်း။

ထိုပလ္လင်ထက်၌ ထက်ဝယ် ဖွဲ့ခွေ နေတော်မူပြီးလျှင် အတောင်တရာ မြင့်သော ညောင်ဗုဒ္ဓဟော ဗောဓိကို မှီတော်မူ၍ အရှေ့လောကဓာတ်သို့ ရှေးရှု၍ "ဘုရားမဖြစ်က ငါမထ"ဟု လေးပါးသော လုံ့လကို ယှဉ်လျက် နေတော်မူ၏။ ။ထိုအခါ သိကြားမင်းသည် တခါမှုတ်လျှင် ရိယ်းလေးလ ပတ်လုံး အသံမစဲသော အတောင် တရာ့နှစ်ဆယ်ရှိသော ဝိဇယုတ္တရ ခရုသင်းကို မှုတ်လျက် တည်၏။ ပဉ္စသိခနတ်သားသည် သုံးဂါဝုတ်ရှိသော ဗေလုဝမည်သော စောင်းကို တီးလျက် တည်၏။ သုယာမနတ်သားသည် သားမြီးယပ်ကို ယပ်လျက်တည်၏။ သန္တုသိတ နတ်သားသည် ပတ္တမြား ယပ်ဝန်းကို ယပ်လျက် တည်၏။ သဟမ္ပတိ ပြဟ္မာကြီးသည် သုံးယူဇနာ ရှိသော ထီးကို ဆောင်းလျက် တည်၏။ ကာလနဂါးကြီးသည် များစွာသော ပုဒ်ပဒတို့ဖြင့် ချီးမွမ်းထောမနာပြု၍ နေ၏။ စကြဝဠာတသောင်း၌ နေကုန်သော နတ်တို့သည် ပန်းနံ့သာတို့ဖြင့် ပူဇော်သက္ကာရကို ပြု၍ နေကြကုန်၏။

ထိုအခါ မာရ်နတ်မင်းက အစောင့်ထားသော မာရ်နတ်မင်းသားသည် သိဒ္ဓတ်မင်းသား ရောက်ကြောင်းကို သွား၍ ကြားလျှင် မာရ်နတ်မင်းသည် သိဒ္ဓတ်မင်းသားအား "ငါ၏နိုင်ငံမှ လွန်ခြင်းကို ငါမပေးအံ့"ဟု ကြံ၍ မာရ်၏ ကြွေးကြော်ခြင်းဖြင့် ကြွေးကြော်လျက် မာရ်စစ်သည်အပေါင်းကို စည်းဝေးပြီးလျှင် တယောက်နှင့်တယောက်ကို မတူသော ကြောက်မက်ဘွယ်သော အဆင်း, မတူသောမျက်နှာ, မတူသော လက်နက်ကြီးတို့ကို အသီးအသီး ဘန်ဆင်းဖွဲ့ကိုင်စေ၍ မိမိမှာမူကား ဂိရိမေခလာ ဆင်ထက် တက်စီး၍ လက်ရုံးတထောင် ဘန်ဆင်းလျက် အထူးထူးသော လက်နက်တို့ကိုစွဲ၍ လက်ဝဲ တဆဲ့နှစ်ယူဇနာ၊ လက်ျာ တဆဲ့နှစ်ယူဇနာ၊ ရှေ့တဆဲ့နှစ်ယူဇနာ၊ အထက် ကိုးယူဇနာ၊ နောက် စကြဝဠာသို့ ဆိုက်အောင် များပြောင်စွာ စစ်သည်ဗိုလ်ပါတို့နှင့်တကွ ဘုရားလောင်းရှိရာ ဗောဓိ မဏ္ဍိုင်သို့ ချီတက်လေ၏။

•နတ်ပြဟ္မာအပေါင်းတို့တွင် တစုံတယောက်သောသူမျှ ရပ်တည်မရကြကုန်။ သိကြားမင်းသည် ဝိဇယုတ္တရ ခရုသင်းကို ကုန်းပိုး၍ ပြေးလေ၏။ သဟမ္ပတိ ပြဟ္မာကြီးသည် ထီးဖြူကို ကိုင်၍ ပြေးလေ၏။ ကာလနဂါးကြီး

လည်း ကချေသည် နဂါးမတို့ကို ငွန့်ပစ်၍ နဂါးပြည်သို့ ပြေးပြီးလျှင် မျက်နှာကို လက်ဝါးအုပ်လျက် အိပ်၍ နေလေ၏၊ စကြဝဠာ တသောင်းမှ လာ၍ ကောင်းချီးပေးကြသော နတ်တို့သည်လည်း မိမိတို့မျက်နှာ ရှေးရှုရာ အရပ်သို့ ပြေးကြလေကုန် ပြီးလျှင် စကြဝဠာ အနားစကနေ၍ ဘုရား လောင်းကို ကြည့်ကြကုန်၏။ ။ထိုအခါ ဘုရားလောင်းသည် လက်ဝဲ လကျ်ာ ရှေ့တူရူအားဖြင့် သုံးပါးသော အရပ်ကို ကြည့်တော်မူသည် ရှိသော် နတ်,သိကြား,ဗြဟ္မာ အစရှိသော တယောက်သောသူကိုမျှ မမြင်၊ လွှမ်းမိုး၍လာသော မာရ်စစ်သည် အပေါင်းကိုသာ မြင်တော်မူ၍ "ယခု အခါ ဤအရပ်၌ ငါ၏မယ်တော် သိရိမဟာမာယာသည်၎င်း၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သည်၎င်း၊ ကြင်ရာတော် ယသောဓရာ သည်၎င်း၊ သားတော် ရာဟုလာသည်၎င်း၊ ညီတော် နန္ဒမင်းသား၊ နှမတော် ဇနပဒ ကလျာဏီသည်၎င်း၊ ဆွေတော် မျိုးတော် တို့သည်၎င်း မရှိကြကုန်။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ဆည်းပူး အပ်သော ပါရမီဆယ်ပါးဖြင့်သာလျှင် မာရ်စစ်သည် အပေါင်းကို ထောင်းထောင်း ညက်ညက် ပယ်ဖျက်ခုတ်ထွင် အောင်မြင်စေရတော့အံ့"ဟု ကြံလျက် ပါရမီဆယ်ပါးကိုသာလျှင် ဆင်ခြင် အောက်မေ့၍ နေတော်မူ၏။

---

## ၃၇-မာရ်နတ်သားကို အောင်တော်မူခြင်း။

ထိုအခါ မာရ်နတ်သားသည် သိဒ္ဓတ် မင်းသားကို စကားဖြင့် ခြိမ်း ခြောက်၍ ပြေးစေရတော့အံ့ ဟု ကြံလျက် "အချင်း စစ်သည်အပေါင်းတို့, အဘယ့်ကြောင့် သိဒ္ဓတ်မင်းသားကို မဖမ်းကြ ကုန်သနည်း၊ ဖမ်းဆီး ချည်တုပ်ကြကုန်လော့၊ အရပ်တပါးသို့ မပြေးမသွားကြစေကုန်လင့်"ဟု များစွာသော အမနာပစကားဖြင့် ခြိမ်းခြောက်သော်လည်း ဘုရားလောင်း သည် မကြားသကဲ့သို့ ပါရမီဆယ်ပါးကိုသာလျှင် ဆင်ခြင်အောက်မေ့၍ နေတော်မူ၏။

ထိုအခါ မာရ်နတ်သားသည် သိဒ္ဓတ်မင်းသားကို လေဖြင့် ပြေးစေအံ့ ဟု ကြံ၍ ဝေရမ္ဘလေကို ထစေလျှင် တယူဇနာ, နှစ်ယူဇနာမျှလောက် သော တောင်ထွတ်, သစ်ပင်, ချုံပိတ်ပေါင်းတို့ကို တိုက်လွှင့်၍ ဘုရား လောင်း၏သို့ ရောက်လျှင် သင်္ကန်းတော်စွန်းကိုမျှ တုန်လှုပ်ခြင်း၄ါ မတတ်

နိုင်ကုန်။ ထို့နောင် မာရ်နတ်သားသည် သိဒ္ဓတ်မင်းသားကို ရေတွင်နစ်၍ သေစေအံ့ဟု တိမ်တိုက် တိမ်လွှာကို ထစေ၍ ကြီးစွာသော မိုးကို ရွာစေသော်လည်း ဘုရားလောင်း၏ သင်္ကန်းတော်စွန်းကို ဆိုးနှင်းပေါက်မျှ မစွတ်ကုန်။ ထို့နောက် ခဲမိုးကို ရွာစေသည်ရှိသော် အခိုးအလျှံနှင့်တကွ ကျောက်ခဲမိုး ရွာ၍ ဘုရားလောင်း အထံသို့ ရောက်လျှင် ပန်းဆိုင်း ဖြစ်ကုန်၏။

ထို့နောက် လက်နက်မိုးရွာစေသည်ရှိသော် တဘက်သွား နှစ်ဘက်သွားရှိသော လက်နက်တို့သည် အခိုးအလျှံနှင့်တကွ ကောင်းကင်က လာ၍ ဘုရားလောင်း အထံသို့ ရောက်လျှင် ပန်းဆိုင်း ဖြစ်လေကုန်၏။ ထို့နောက် ပြာပူမိုးကို ရွာစေသည်ရှိသော် မီးခဲကဲ့သို့ အဆင်းရှိသော ပြာပူတို့သည် ကောင်းကင်က လာ၍ ဘုရားလောင်းအထံသို့ ရောက်လျှင် ပန်းနံ့သာမှုန့် ဖြစ်ကုန်၏။ ထို့နောက် သဲမိုးကို ရွာစေသည်ရှိသော် ထိုသဲမိုးတို့သည် အခိုးအလျှံနှင့်တကွ ကောင်းကင်က လာ၍ ဘုရားလောင်းအထံသို့ ရောက်လျှင် ပန်းဝတ်ပန်းမှုန် ဖြစ်လေကုန်၏။

ဤသို့စသော အထူးထူး အပြားပြား များစွာသော ကြောက်မက်ဘွယ်တို့ဖြင့် ဘုရားလောင်းကို ခြိမ်းခြောက်သော်လည်း ထိတ်လန့်စေခြင်းငှါ မတတ်နိုင်ရကား သိဒ္ဓတ်မင်းသားကို ဂိရိမေခလာဆင်နှင့် ထိုး၍ ပလ္လင်မှ ချအံ့ ဟု ဘုရားလောင်း၏ အနီးသို့ ဂိရိမေခလာဆင်ကို စီး၍ ချဉ်းကပ်လျှင် ဘုရားလောင်း၏ မေတ္တာတော် ပါရမီကြောင့် ဂိရိမေခလာဆင်သည် မြေတွင် ပုဆစ်တုပ်လျက် ဝပ်လေ၏။ မာရ်နတ်သားလည်း မြေသို့ လျှောကျလေ၏၊

ထိုအခါ မာရ်နတ်သားသည် သိဒ္ဓတ်မင်းသားကို စစ်ထိုးခြင်းငှါ မတတ်နိုင်။ သိဒ္ဓတ်မင်းသားမှာ သက်သေမရှိ၊ ငါ့မှာသက်သေရှိသည်၊ သက်သေဖြင့် အောင်စေအံ့ ဟု ကြံ၍ "သိဒ္ဓတ်မင်းသား, ထ၍သွားလော့၊ ဤပလ္လင်သည် သင့်အားမရောက်၊ ငါ့အားသာ ရောက်သည်" ဟု ဆိုလျှင် "ဟယ်မာရ်နတ်, ဤပလ္လင်အလို့ငှါ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရာ၌ သင့်အားသက်သေရှိ၏လော" ဟု မေးတော်မူသောအခါ မာရ်နတ်မင်းသည် "ဤပလ္လင်အလို့ငှါ ဒါန-စသော ပါရမီတို့ကို ငါဖြည့်ကျင့်ရာ၌ ဤစစ်သည်အပေါင်းပင် သက်သေဖြစ်တော့သည်" ဟု သက်သေပြလျှင်

စစ်သည်အပေါင်းတို့ကလည်း"ငါတို့အရှင် မာရ်နတ်မင်းသည် ဤပလ္လင်အလို့ငှါ အလှူကောင်းမှု များစွာပြုသည်ကို ငါတို့သိမြင်သည်"ဟု တပြိုင်နက် ကြွေးကြော်ကြကုန်၏။

ထို့နောင် မာရ်နတ်မင်းက"သိဒ္ဓတ်မင်းသား,သင်သည် ဤပလ္လင်အလို့ငှါ အလှူကောင်းမှု ပြုသည်၌ သက်သေထုတ်လော့"ဟု ဆိုလျှင် ဘုရားလောင်းသည် "ငါ့အား သင်ကဲ့သို့ သဝိညာဏက သက်သေမရှိ၊ တပါးသော အဖြစ်တို့ကို ထားဘိဦး၊ဝေဿန္တရာမင်းအဖြစ်၌ပင် ခုနစ်ကြိမ်ခုနစ်လီ ဤပလ္လင်အလို့ငှါ ငါအလှူကြီးပေးသည်ကို အဝိညာဏကဖြစ်သော ဤမဟာပထဝီ မြေကြီးပင်သိတော့သည်"ဟု လက်ျာလက်မောင်းတော်ကို ဆန့်တန်းလျက် သက်သေညွှန်ပြတော်မူလျှင် နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည်"အိုးထိန်းစက်ကဲ့သို့ ပတ်ပတ်လည်၍ ဤပလ္လင်အလို့ငှါ သိဒ္ဓတ်မင်းသား အလှူကောင်းမှုပြုသည်၌ ငါပင် သက်သေဖြစ်တော့သည်"ဟု အရာအထောင်မကသော မာရ်စစ်သည်အပေါင်းတို့ကို လွှမ်းမိုး၍ ပဲ့တင်ထပ်လေ၏။

**ဝသုန္ဓရေနတ်သား။**

> ဤအရာတွင် ဝသုန္ဓရေ-မြေစောင့်နတ်သည် ထွက်၍ ဆံရည်ကိုညှစ်၍ သက်သေခံသည်ဟု အပြောအပြု များကြကုန်၏။ ။ဘုရားပုထိုးတို့၏ ရှေ့၌လည်း ဝသုန္ဓရေ မြေစောင့်နတ် ဆံရည်ညှစ်၍ သက်သေခံဟန် အရုပ်ထုလုပ်ကြသည်များ၏။ ။ကျမ်းဂန်၌ကား "အစေတနောပိ စာနမဟာပထဝီ သက္ခီ"ဟူ၍ စိတ်မရှိသော မဟာပထဝီ မြေကြီး သက်သေခံကြောင်း ကိုသာ လာသည်။ ။ ထို့ကြောင့် ဝသုန္ဓရေ-မြေစောင့်နတ်သားသည် ထွက်၍ ဆံရည်ညှစ်လျက် သက်သေခံသည် ဟု ပြောဆိုပြုလုပ်ကြခြင်းကို သင့်အံ့သကဲ့သို့ မထင်။

ထိုအခါ မာရ်နတ်မင်းလည်း ကိုးကွယ်ရာမရှိ၍ မိမိ၏ ဝသဝတ္တီဘုံသို့ ပြေးလေ၏။ မာရ်နတ်စစ်သည် အပေါင်းတို့လည်း မိမိတို့ဆင်သော အဝတ်တန်ဆာ လက်နက်ကိရိယာတို့ကို စွန့်ပစ်၍ တယောက်တကွဲ

ပြေးကြလေကုန်၏။ ။ဤသို့ မာရ်စစ်သည်တို့ ပြေးကုန်လျှင် "ငါတို့သခင် အရှင်သိဒ္ဓတ်မင်းသားက အောင်ပြီ၊ မာရ်ယုတ်သည် ရှုံးပြီ" ဟု တပြိုင်နက်သော အသံကို ကြွေးကြော်လျက် အောင်တော်မူသော ဘုရားလောင်းအား ပူဇော်ခြင်းငှါ နဂါး, ဂဠုန်, နတ်, ဗြဟ္မာ, သိကြားတို့သည် အချင်းချင်းခေါ်ကြပြီးလျှင် ပန်းနံ့သာလက်စွဲကုန်လျက် ဗောဓိမဏ္ဍိုင်သို့ လာကြကုန်၍ အောင်ဆုပေးကြကုန်၏။

ဤသို့လျှင် သိဒ္ဓတ် မင်းသား ဘုရားလောင်းသည် ဗောဓိပင်နှင့် ရှုပလ္လင်၌ နေမဝင်မီ မာရ်စစ်သည် အပေါင်းကို အောင်တော် မူ၍ ညဉ့်ဦးယာမ်၌ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို ဆင်ခြင်အောက်မေ့နိုင်ခြင်း တည်းဟူသော ပုဗ္ဗေနိဝါသဉာဏ်ကို အဘန်တလဲလဲ အောက်မေ့တော်မူ၍ သန်းခေါင်ယာမ်၌ နတ်တို့၏ မျက်စိအမြင်နှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ကို သုတ်သင်တော်မူ၍, ပစ္ဆိမယာမ် မိုးသောက်ထအခါတွင် ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို ဆင်ခြင်တော်မူစဉ် နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးသည် တဆဲ့နှစ်ကြိမ် တုန်လှုပ်လျက် တသောင်းသော လောကဓာတ်ကို ပွဲတင်ခတ်စေပြီးလျှင် ဘိုးတော်အဋ္ဌနမင်းကြီး ထားသော မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့ ညဉ့်၊ အရုဏ်တက်သည်နှင့် တပြိုင်နက် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

---

## ၅၉-သတ္တ သတ္တာဟ စံနေတော်မူခြင်း။

ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ခပ်သိမ်းသော ဘုရားရှင်တို့သည် မစွန့်အပ်သော။

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။ ။

ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖါသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။ ။

ဟူသော ဥဒါန်းဂါထာကို မနသာဝစီဂ္ဂပိတ ဒေသနာတို့၏ ရှေ့ဦးစွာ စိတ်ဖြင့်သာ ဥဒါန်းကျူးရင့်တော်မူ၏။

ဂဟကာရ၊ အတ္တဘောတည်းဟူသော အိမ်ကို ပြုပြင်စီရင်တတ်သော တဏှာယောက်ျား။ တံ၊သင့်ကို။ဂဝေသန္တော၊ ရှာသောငါသည်။ ယေန ဉာဏေန၊အကြင် သဗ္ဗညုတဉာဏ်ဖြင့်။တံ၊ သင့်ကို။ဒဋ္ဌုံ၊ မြင်ခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။တံ ဉာဏံ၊ ထိုသဗ္ဗညုတဉာဏ်တော်ကို။ အနိဗ္ဗိသံ-အဝိန္ဒန္တော၊ မရသည်ဖြစ်၍။ အနေကဇာတိသံသာရံ၊ များစွာသော ဘဝသံသရာ ကာလပတ်လုံး။သန္ဓာဝိဿံ-သံသရိံ၊ကျင်လည်ရပြီ။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဇာတိ၊ ပဋိသန္ဓေ နေရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲ၏။

ဂဟကာရက၊ အတ္တဘောတည်းဟူသော အိမ်ကို ပြုပြင်တတ်သော တဏှာယောက်ျား။ ဧဒါနိ၊ယခု။တံ၊သင့်ကို။ဒိဋ္ဌော၊ မြင်အပ်သည်။အသိ၊ ဖြစ်ပြီ။ပုန၊တဖန်။ဂေဟံ၊အတ္တဘောတည်းဟူသော အိမ်ကို၊န ကာဟသိ၊ သင်မပြုရလတ္တံ့။ တေ၊သင်၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဖါသုကာ၊ ကိလေသာ တည်းဟူသော အိမ်ခြင်တို့ကို။ဘဂ္ဂါ၊ ချိုးဖျက်အပ်ပြီ။ဂဟကူဋံ၊အတ္တဘောတည်းဟူသော အိမ်၏ အဝိဇ္ဇာတည်းဟူသော အထွတ်ကို။ ဝိသင်္ခတံ၊ချအပ်ပြီ။

မေ၊ငါ၏။စိတ္တံ၊စိတ်သည်။ဝိသင်္ခါရဂတံ၊ ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်သို့ရောက်ပြီ။ အဟံ၊ငါသည်။တဏှာနံ၊တဏှာတို့၏။ ခယံ၊ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်သို့။အဇ္ဈဂါ၊ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။

ထို့နောင် ကသုန်လပြည့်ကျော် အထွက်တရက်နေ့ ညဉ့်ပဌမယာမ်၌ ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"အစရှိသည်ဖြင့် အနုလုံ-ပဋိလုံ အရုန်အဆန် ဆင်ခြင်သုံးသပ်တော်မူပြီးလျှင်။

ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။ ။

ဟူသော ဥဒါန်းဂါထာကို ဝါစသိကဒေသနာတို့၏ ရှေးဦးစွာ နှုတ်မြွက်၍ ဥဒါန်းကျူးရင့်တော်မူ၏၊

မဏ္ဍိမယာမ်၌လည်း ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်ကို အနုလုံ-ပဋိလုံ အစုန်အဆန် ဆင်ခြင်သုံးသပ်တော်မူပြီးလျှင်။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။ ။

ဟူသော ဥဒါန်း ဂါထာကို နှုတ်တော် မြွက်လျက်သော ကျူးရင့်တော်မူ၏။ ။

ပစ္ဆိမယာမ်၌လည်း ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို အနုလုံ-ပဋိလုံ အစုန်အဆန် ဆင်ခြင် သုံးသပ်တော်မူပြီးလျှင်။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။ ။

ဟူသော ဥဒါန်းဂါထာကို နှုတ်တော်မြွက်လျက်သော ကျူးရင့်တော်မူ၏။

ဥဒါန်း သုံးဂါထာ အနက်ကား။ ။ယတော၊အကြင့်ကြောင့်။ သဟေတုဓမ္မံ၊အကြောင်းနှင့် တကွသော တရားကို။ပဇာနာတိ၊ အပြားအားဖြင့် သိ၏။တတော၊ ထို့ကြောင့်။အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော ဝိရိယရှိသော။ ဈာယတော၊ မကောင်းမှုကို ဖုတ်ကြည်းထသော။ ဗြာဟ္မဏဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ယဒါ၊အကြင်အခါ၌။ ဟဝေ၊စင်စစ်။ ဓမ္မာ၊ဗောဓိပက္ခိယ တရားတို့သည်။ဝါ၊ သစ္စာလေးပါးတို့သည်။ ပါတုဘဝန္တိ၊ထင်ရှားဖြစ်ကုန်၏။ အထ၊ထိုအခါ၌။အဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။သဗ္ဗာ၊ အလုံးစုံကုန်သော။ ကင်္ခါ၊ယုံမှားခြင်းတို့သည်။ ဝပယန္တိ၊ ကင်းကုန် ငြိမ်းကုန်၏။ ။

ယတော၊ အကြင့်ကြောင့်။ ပစ္စယာနံ၊အကြောင်းတရားတို့၏။ ခယံ၊ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို။ အဝေဒီ၊ ထိုထွင်း၍ သိပြီ။ ။[နောက်ကို ရှေးဂါထာနှင့်အနက်အတူ ပေးလော]။ ။ယဒါ၊အကြင်အခါ၌။ ဟဝေ၊ စင်စစ်။အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော ဝိရိယရှိသော။

ဈာယတော၊မကောင်းမှုကို ဖုတ်ကြည်းထသော။ဗြာဟ္မဏာသာ၊ ရဟန္တာ ပုဂ္ဂိုလ်အား။ဓမ္မာ၊ ဗောဓိပက္ခိယတရား တို့သည်။ပါတုဘဝန္တိ၊ ထင်ရှား ဖြစ်ကုန်၏။တဒါ၊ ဥဒ္ဓိ။သော ဗြာဟ္မဏော၊ထိုရဟန္တာပုဂ္ဂိုလ်သည်။ တေဟိ ဓမ္မေဟိ၊ ထိုဗောဓိပက္ခိယတရားတို့ဖြင့်။ မာရသေနံ၊ မာရ်စစ်သည် အပေါင်းကို။ဝိဓူပယံ-ဝိဓူပယန္တော၊ ပယ်ဖျောက်လျက်။ တိဋ္ဌတိ၊တည်၏။ ကိမိဝ၊အဘယ်သို့ နည်းဟူမူကား။သူရိယော၊ နေမင်းသည်။အန္တလိက္ခံ၊ ကောင်းကင်ကို။ ဩဘာသယံ-ဩဘာသယန္တော၊ ထွန်းလင်းတောက် ပလျက်။တိဋ္ဌတိ ဣဝ၊တည်သကဲ့သို့တည်း။

ဓမ္မပဒ ဘာဏကဆရာတို့ကား “အနေကဇာတိသံသာရံ”ဟူသော ဥဒါန်းနှစ်ဂါထာကို ပဌမဗုဒ္ဓဝစန ဟု ဆိုကြကုန်၏။ ။ခန္ဓက ဘာဏကဆရာတို့ကား “ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ”အစရှိသော ဥဒါန်းသုံးဂါထာသာ နတ်ဖြင့် ရှေးဦးစွာမြွက်၍ ကျူးရင့်တော်မူသောကြောင့် ပဌမဗုဒ္ဓဝစန ဟု ဆိုကြကုန်၏။ ။ထိုတွင် ဓမ္မပဒ ဘာဏကဆရာတို့၏ အလိုကား ဝေနေယျတို့အား ကျေးဇူးများသည်ဖြစ်စေ၊မများသည်ဖြစ်စေ ဘုရားအဖြစ်သို့ရောက်လျှင် ခပ်သိမ်းကုန်သော တရားတို့၏ ရှေးဦးစွာ စိတ်ဖြင့် ဥဒါန်းကျူးသောကြောင့် ဤ“အနေကဇာတိသံသာရံ”အစရှိသော နှစ်ဂါထာသည် ပဌမဗုဒ္ဓဝစန မည်သင့်၏။ ။ခန္ဓက ဘာဏကဆရာတို့၏ အလိုကား“အနေကဇာတိသံသာရံ”အစရှိသော ဂါထာသည် စိတ်တော်ဖြင့်သာ ကျူးရင့်တော်မူသောကြောင့် ဝေနေယျတို့အား အကျိုးမများကုန်“ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ”အစရှိသော သုံးဂါထာသာ နှုတ်မြွက်၍ ရှေးဦးစွာ ဥဒါန်းကျူးရင့်တော် မူသောကြောင့် ပဌမဗုဒ္ဓဝစန မည်သင့်၏။ ထို့ကြောင့် ထိုဆရာတို့၏ စကားသည် အချင်းချင်းမဆန့်ကျင်ကြကုန်။

ဤသို့လျှင် ကဆုန်လပြည့်ကျော် တရက်နေ့မှစ၍ ခုနစ်ရက်ပတ်လုံး ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို နှလုံးသွင်းတော်မူလျက် ရတနာပလ္လင်

ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။ ။ဤကား ပလ္လင်္ကသတ္တာဟတည်း။

**၂-အနိမိသ သတ္တာဟ။** ။ထိုအခါ အချို့သော နတ်တို့သည် "သိဒ္ဓတ်မင်းသားကား ဘုရား၏ကိစ္စကို ပြုဘွယ်ရှိသေးသည်"ဟု ယုံမှားတွေးတောကြကုန်၏။ထိုအခါ မြတ်စွာဘုရားသည် ထိုနတ်တို့၏ ယုံမှားခြင်းကို ကင်းစိမ့်သောငှါ ကောင်းကင်သို့ ပျံတက်တော်မူလျက် တန်းခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် ပလ္လင်တော်မှ စဥ်းငယ် အရှေ့အရပ်သို့ မှီသော မြောက်အရပ်က ရပ်တော်မူလျက် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်အပ်သော ပါရမီတော်အစွမ်းကြောင့် ရအပ်သော ပလ္လင်တော်နှင့် ဗောဓိပင်ကို မမှိတ်သောမျက်စိဖြင့် ကြည့်တော်မူလျက် ခုနစ်ရက် ပတ်လုံးလွန်စေ၏ ထိုအရပ်သည် အနိမိသစေတီမည်၏။ ။ဤကား အနိမိသ သတ္တာဟတည်း။

**၃-စင်္ကမ သတ္တာဟ။** ။ထိုအခါ၌လည်း အချို့သော နတ်တို့သည် "သိဒ္ဓတ်မင်းသားအား ဘုရားအဖြစ်ကို ပြုတတ်သော တရားရှိသေးသလော၊ပလ္လင်တော်၌ အာလယကို မစွန့်သေး"ဟု အကြံ ဖြစ်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုနတ်တို့၏ ယုံမှားခြင်းကို ကင်းစိမ့်သောငှါ ကောင်းကင်သို့ ပျံတက်တော်မူလျက် တန်းခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် ပလ္လင်တော်၏ရင်း, တည်ရာအရပ်၏ရင်း အကြား၌ အရှေ့အနောက် အားဖြင့် အတောင်ခြောက်ဆယ် အလျားရှည်သော နတ်တို့သည် ဖန်ဆင်းအပ်သော ရတနာဖြင့်ပြီးသော စင်္ကြံတော်၌ စင်္ကြံကြွတော်မူလျက် ခုနစ်ရက်ပတ်လုံး လွန်စေ၏။ ။ထိုအရပ်သည် ရတနာစင်္ကမ စေတီမည်၏။ ။ဤကား စင်္ကမ သတ္တာဟတည်း။

**၄-ရတနာဃရ သတ္တာဟ။** ။ထို့နောင် ဗောဓိပင်မှ အနောက်အရပ်၌ နတ်တို့သည် ဖန်ဆင်းအပ်သော ရတနာဃရ ရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် အဘိဓမ္မာခုနစ်ကျမ်းကို ဆင်ခြင်သုံးသပ်တော်မူ၍ ခုနစ်ရက်ပတ်လုံး သီတင်းသုံးနေတော်မူ၏။ထိုခုနစ်ကျမ်းသော အဘိဓမ္မာတို့တွင် ဓမ္မသင်္ဂဏီကျမ်း,ဝိဘင်းကျမ်း, ဓာတုကထာကျမ်း,- ပုဂ္ဂလပညတ်ကျမ်း,ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်း ဟု ဆိုအပ်သော အဘိဓမ္မာခြောက်ကျမ်းတို့ကို အစဉ်သဖြင့် ဆင်ခြင်သုံးသပ်တော်

မူသော မြတ်စွာဘုရားအား ခြောက်ပါးသော ရောင်ခြည်တော်တို့သည် ကိုယ်တော်မှ မပေါ်မထွက်ကုန်။ အထက်ဖြစ်သော ပဋ္ဌာန်းကျမ်းကို ဆင်ခြင် သုံးသပ်တော်မူသော အခါမှ ယူဇနာနှစ်ရာရှိသော တိမိရ မည်သောငါးကြီး, ယူဇနာသုံးရာရှိသော တိမိင်္ဂလ မည်သော ငါးကြီး, ယူဇနာလေးရာရှိသော တိမိပိင်္ဂလ မည်သော ငါးကြီး, ယူဇနာငါးရာ ရှိသော တိမိရပိင်္ဂလ မည်သော ငါးကြီး,ယူဇနာတထောင်စီ ရှိသော အာနန္ဒာ မည်သော ငါးကြီး,တိမိနန္ဒာ မည်သော ငါးကြီး,အဇ္ဈာရောဟ မည်သော ငါးကြီး,မဟာတိမိ မည်သော ငါးကြီး,ဤငါးကြီး ၇စ်စင်း တို့သည် သမုဒ္ဒရာ၌သာ ကျက်စားရာအခွင့်ကို ရကြသကဲ့သို့ ထို့အတူ သဗ္ဗညုတ ဉာဏ်တော်သည်လည်း သမုဒ္ဒရာနှင့်တူသော ပဋ္ဌာန်းကျမ်း ကြီး၌သာ ကျက်စားရာ အခွင့်ရသောကြောင့် ကိုယ်တော်မှ ညိုသော ရောင်ခြည်တော်, ရွှေသောရောင်ခြည်တော်, နီသော ရောင်ခြည်တော်, ဖြူသော ရောင်ခြည်တော်, မောင်းသောရောင်ခြည်တော်,ပြိုးပြိုးပြက် တခဲ နက်သော ရောင်ခြည်တော် ဟု ဆိုအပ်သော ခြောက်ပါးသော ရောင်ခြည် တော်တို့သည် ထွက်ကုန်၏။

ထိုခြောက်ပါးသော ရောင်ခြည်တော်တို့တွင် ညိုသော ရောင်ခြည် တော်တို့သည် ဆံမုတ်ဆိတ်တော်တို့မှ၎င်း,မျက်စိတော်တို့၏ ညိုရာအရပ် မှ၎င်း ထွက်ကုန်၏။ ထိုသို့သော ရောင်ခြည်တော်တို့၏ အစွမ်းဖြင့် ကောင်းကင်အပြင်သည် မျက်စဉ်းမှုန့် အောင်မည်းညို ကြာညိုပန်းတို့ကို ကြဲဖြန့်ဘိသကဲ့သို့၎င်း တလွဲလွဲယပ်အပ်သော ပတ္တမြားယပ်ဝန်း ပုဆိုးညို ကဲ့သို့၎င်း ဖြစ်လေ၏။ ။ရွှေသော ရောင်ခြည်တော်တို့သည် အရေတော် မှ၎င်း မျက်စိတော်တို့၏ ရွှေရာအရပ်မှ၎င်း ထွက်ကုန်၏။ထိုရောင်ခြည် တော်တို့၏ အစွမ်းဖြင့် အရပ်မျက်နှာအဘို့တို့သည် ရွှေရည်အပေါင်းကို သွန်းလောင်းဘိသကဲ့သို့၎င်း, ကောင်းစွာဖြန့်ထားအပ်သော ရွှေပြားပုဆိုး ကဲ့သို့၎င်း,မာလာကျိုကျူမှုန့် မဟာလှေကားပန်း စသည်တို့ကို ထက်ဝန်း ကျင် ကြဲဘိသကဲ့သို့၎င်း တင့်တယ်လေကုန်၏။ ။နီသောရောင်ခြည် တော်တို့သည် အသားတော်အသွေးတော်တို့မှ၎င်း,မျက်စိတော်၏ နီရာ အရပ်မှ၎င်း ထွက်ကုန်၏။နီသော ရောင်ခြည်တော်တို့၏ အစွမ်းအားဖြင့် အရပ်မျက်နှာအဘို့တို့သည် ဆုန်းမှုန့် ဟင်္သပဒါးတို့ဖြင့် ရေးသားဘိသကဲ့ သို့၎င်း ကောင်းစွာချက်အပ်သော ချိတ်ရည်ရွှန်းရွှန်းကို သွန်းလောင်းဘိ

သကဲ့သို့၎င်း,နီမြန်းလှစွာသော ကမ္ဗလာသစ်ကို ရစ်ပတ်ဘိ သကဲ့သို့၎င်း, လယ်ခေါင်ရန်းပန်း ပင်လယ်ကသစ်ပန်း ရိုးသီးဆွေပန်းတို့ကို ထက်ဝန်းကျင်မှ ကြဲဖြန့်ဘိသကဲ့သို့၎င်း ထွက်လေကုန်၏။ ။ဖြူသော ရောင်ခြည်တော်တို့သည် အရိုးတော်တို့မှ၎င်း, မျက်စိတော်၏ ဖြူရာအရပ်မှ၎င်း, ထွက်ကုန်၏။ထိုဖြူသော ရောင်ခြည်တော်တို့၏ အစွမ်းအားဖြင့် အရပ်မျက်နှာအတို့တို့သည် ငွေတို့ဖြင့် သွန်းလောင်းအပ်သော နို့ရည်အယဉ်ဖြင့်• ထက်ဝန်းကျင် ခြံရံဘိသကဲ့သို့၎င်း,ကောင်းစွာ ဖြန့်ထားအပ်သော ငွေပြားပုဆိုး တလွဲလွဲ ယပ်အပ်သော ငွေယပ်ဝန်းကဲ့သို့၎င်း, သင်းခွေကြာဖြူ ရေအုန်လှဲ မလေးပန်း ကြက်ရိုးပန်း အစရှိသော ပန်းတို့ဖြင့် ကြဲဖြန့်ဘိသကဲ့သို့၎င်း တင့်တယ်လေကုန်၏။ ။မောင်းသော ရောင်ခြည်တော် ပြိုးပြိုးပြက် တခဲနက်သော ရောင်ခြည်တော်၊ဤရောင်ခြည်တော် နှစ်ပါးတို့သည် ခြေဘဝါးတော်မှစ၍ ဦးခေါင်းတော်တိုင်အောင် ထိုထိုကိုယ်အရပ်တော်မှ ထွက်ကုန်၏။

ဤသို့လျှင် ခြောက်ပါးသော ရောင်ခြည်တော်တို့သည် ထွက်ကုန်၍ မြေကို စွဲလမ်းကုန်၏၊ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် ယှော်ပြီးဦး ပြီးသော ရွှေဆိုင်ကဲ့သို့၎င်း ဖြစ်ကုန်၏။ထို့နောင် မြေအထုကိုခွဲ၍ ရေအထုကို စွဲလမ်းကုန်၏။ထိုအခါ လေးသိန်း ရှစ်သောင်း အထုရှိသော ရေသည် ရွှေညွန့်ပြောင်းတို့ဖြင့် သွန်းလောင်းဘိသကဲ့သို့ ဖြစ်လေ၏။ထို့နောင်:ရေအထုကိုခွဲ၍ လေအထုကို စွဲလမ်းလေ၏၊ထိုအခါ ကိုးသိန်းခြောက်သောင်း အထုရှိသော လေသည် ကောင်းစွာ ဆောက်အပ်သော ရွှေတုံးကဲ့သို့ ဖြစ်လေ၏၊ ထို့နောင် ထိုလေကို ဖေါက်ခွဲ၍ အောက်အဇဋာကာသ ဟင်းလင်းအပြင်သို့ ပြေးဝင်လေကုန်၏၊အထက်အဘို့ အားဖြင့်ကား ထိုခြောက်ပါးသော ရောင်ခြည်တော် တို့သည် အထက်သို့တက်၍ စာတုမဟာရာဇ် နတ်ပြည်မှစ၍ နေဝသညာနာသညာယတန ဘုံတိုင်အောင် ဖေါက်ထွင်း၍ အထက် ကောင်းကင် ဟင်းလင်းအပြင်သို့ ပြေးဝင်လေကုန်၏၊ ဖီလာအားဖြင့်ကား အတိုင်းမသိ စကြဝဠာသို့ ပြေးဝင်လေကုန်၏။ထိုရောင်ခြည်တော် ရောက်ရာအရပ်၌ နေမိမာန်, လမိမာန် စသည်တို့၏ အရောင်တို့သည် ပြောင်ပြောင်ပဝင်း မထွန်းလင်းနိုင်လေကုန်၏။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ရတနာစင်္ကြံအိမ်၌ အကြိမ်ကြိမ် အထပ်ထပ် ခုနစ်ရပ်သော အဘိဓမ္မာကို ဆင်ခြင်သုံးသပ်တော်မူလျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံး နေတော်မူ၏။ ။ထိုအရပ်သည် ရတနာဃရ စေတီမည်၏။

ထိုရတနာဃရ စေတီအရပ်ကို ဝိနည်းမဟာဝါ အဋ္ဌကထာ၌ "ပစ္ဆိမ ဒိသာဘာဂေ ဒေဝတာ ရတနဃရ မာပယိံသု"ဟု ဗောဓိပင်မှ အနောက် အရပ်၌ နတ်တို့သည် ဘန်ဆင်းကြောင်းကို ဆိုသည်။ ။အဋ္ဌသာလိနီ၌ကား "ပစ္ဆိမုတ္တရာယ ဒိသာဘာဂေ ရတနဃရေ နိသိဒိ" ဟု အနောက်မြောက် အရပ်အဘို့၌ ရှိသော ရတနာဃရ အိမ်၌ သီတင်းသုံး နေတော်မူကြောင်းကို ဆိုသည်။ ။ ညီအောင်ယူသော် အနောက်လည်း မတည့်လွန်း၊မြောက် သို့လည်း စဉ်းငယ် ယွန်းသောကြောင့် အဋ္ဌသာလိနီ၌ "ပစ္ဆိမုတ္တရာယ ဒိသာဘာဂေ"ဟု ဆိုသည်။ ။မဟာဝါ အဋ္ဌကထာ၌ကား အနောက်မြောက် မတည့်လွန်း၊ အနောက်သို့ အားကြီးသောကြောင့် "ပစ္ဆိမဒိသာဘာဂေ" ဟု ဆိုသည်။ ။ဤကဲ့သို့ ယူသည်ရှိသော် ကျမ်းနှစ်ကျမ်း၏ အဓိပ္ပါယ်သည် မကွဲမပြား တသားတည်းပင် ဖြစ်တော့ သည်။

ဤကား ရတနာဃရသတ္တာဟတည်း။ ။ဤသို့ ဆိုအပ်ပြီးသော လေးသတ္တာဟကို ဗောဓိပင်၏ အနီး၌ လွန်စေတော်မူ၏။

၅-**အဇပါလသတ္တာဟ**။ ။ထို့နောင် ဗောဓိပင်၏အရှေ့ဆိတ်ကျောင်း ညောင်ပင်အောက်၌ ခုနစ်ရက်ပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရားကို ဆင်ခြင်တော်မူလျက် ဝိမုတ္တိချမ်းသာကို ခံစားတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏ ထိုအခါ မာရ်နတ်သားသည် "အကြင်မျှလောက်သော ကာလပတ်လုံး သိဒ္ဓတ်မင်းသား၏ ယုတ်မာသော အခွင့်ကို ကြည့်လင့်၍ နေသော်လည်း ယုတ်မာသောအခွင့်ကို မရ၊ သိဒ္ဓတ်မင်းသားသည် ငါ၏နိုင်ငံကို ကျော် စင်စစ် လွန်မြောက်တော့မည်" ဟု နှလုံး မသာသောကြောင့် ဆောင့် ကြောင့် မြေမှာ ထိုင်ပြီးလျှင် "ဤရဟန်းကြီးကဲ့သို့ ငါသည် ဒါနပါရမီ

စသော ပါရမီဆယ်ပါးကို မဖြည့်မကျင့်သောကြောင့် ဤရဟန်းကြီးနှင့် တူစွာ ငါမဖြစ်ရလေ"ဟု ဆယ်ခုသောအရေးအသားတို့ကိုရင်း "ဤရဟန်းကြီးကဲ့သို့ ဣန္ဒြိယပရောပရိယတ္တိဉာဏ် ရခြင်း၏အကြောင်း ပါရမီတို့ကို ငါမဖြည့်မကျင့်သောကြောင့် ဤရဟန်းကြီးနှင့် တူစွာ ငါမဖြစ်ရလေ"ဟု တဆဲ့တခု မြောက်သော အရေးအသားကိုရင်း "ဤရဟန်းကြီးကဲ့သို့ အာသယာနုသယဉာဏ်ကို ရခြင်း၏အကြောင်း ပါရမီတို့ကို ငါမဖြည့်မကျင့်ခဲ့သောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါမဖြစ်ရလေ"ဟု တဆဲ့နှစ်ခုမြောက်သော အရေးအသားကိုရင်း "ဤရဟန်းကြီးကဲ့သို့ မဟာကရုဏာ သမာပတ္တိဉာဏ်ကို ရခြင်း၏အကြောင်း ပါရမီတို့ကို ငါမဖြည့်မကျင့်သောကြောင့် ဤရဟန်းကြီးနှင့် တူစွာ ငါမဖြစ်ရလေ"ဟု တဆဲ့သုံးခုမြောက်သော အရေးအသားကိုရင်း "ဤရဟန်းကြီးကဲ့သို့ ယမကပါဋိဟာရိယဉာဏ်ကို ရခြင်း၏ အကြောင်းဖြစ်သော ပါရမီတို့ကို ငါမဖြည့်မကျင့်သောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါမဖြစ်ရလေ" ဟု တဆဲ့လေးခု မြောက်သော အရေးအသားကိုရင်း "ဤရဟန်းကြီးကဲ့သို့ အနာဝရဏဉာဏ်ကို ရခြင်း၏အကြောင်း ပါရမီတို့ကို ငါမဖြည့်မကျင့်သောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါမဖြစ်ရလေ"ဟု တဆဲ့ငါးခု မြောက်သော အရေးအသားကိုရင်း "ဤရဟန်းကြီးကဲ့သို့ သဗ္ဗညုတဉာဏ်ကို ရခြင်း၏အကြောင်း ပါရမီတို့ကို ငါမဖြည့်မကျင့်ခဲ့သောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါမဖြစ်ရလေ"ဟု တဆဲ့ခြောက်ခု မြောက်သော အရေးအသားကိုရင်း ငင်၍ မြေ၌ ထိုင်နေသည်တွင် တဏှာ,ရာဂါ,အရတိ-ဟု အမည်ရှိသော မာရ်နတ်မင်း သမီးသုံးယောက်တို့သည် လာလျက် "ကောင်းသောမျက်နှာရှိသော အိုဘခင်,အဘယ့်ကြောင့် နှလုံးမသာမယာ ရှိဘိသနည်း"ဟု မေးလျှင် "ချစ်သမီးတို့, ဤရဟန်းကြီးသည် ငါ၏နိုင်ငံကို လွန်ချေပြီ၊ ထို့ဖြစ်၍ နှလုံးမသာမယာ ငါရှိသည်" ဟု ဆိုသောအခါ "မစိုးရိမ်နှင့် ဘခင်, ကျွန်ုပ်တို့ သမီးသုံးယောက်သည် ဤရဟန်းကြီးကို အဘ၏ နိုင်ငံသို့ရောက်အောင် ဆောင်ပါအံ့" ဟု ဆိုပြီးလျှင် မာရ်မင်း၏ သမီးသုံးယောက်တို့သည် အသီးအသီး လှပယဉ်ကျေးသော အရုပ်အရေ အသွင်အဆင်းတို့ကို ဖန်ဆင်းလျက် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ "အကျွန်ုပ်တို့သည် အရှင်ဘုရားခြေရင်း၌လုပ်ကျွေးလိုပါသည်"ဟုဆိုလျှင် မြတ်စွာဘုရားသည် ထိုမာရ်မင်း သမီးတို့၏ စကားကို နှလုံးထားတော်မမူ၊

ဝိဝေကာသုခကိုသာ ခံစား၍ နေတော်မူသည့်တွင် တဘန် မာရ်မင်း၏သ္မီး သုံးယောက်တို့သည် အကြီး,အငယ်,အလယ်,အလတ်,တပ်နှစ်သက်ဘွယ် အရွယ် သုံးပါးကို ဘန်ဆင်းပြီးလျှင် ချဉ်းကပ်၍ ဖြားယောင်းပြန်သော် လည်း မြတ်စွာဘုရားသည် "မာရ်မင်း၏ သ္မီးတို့, သင်တို့သည် သွားကြ ကုန်လော့၊ရာဂစသည်တို့ကို အောင်ပြီးဖြစ်သော ငါဘုရားအား သင်တို့ ဖြားယောင်းခြင်းငှါ မတတ်ကောင်း" ဟု မိန့်တော်မူသဖြင့် မာရ်မင်း၏ သ္မီးသုံးယောက်တို့သည် မိမိတို့နောက်သို့ ပါအောင် မြတ်စွာဘုရားကို ဖြားယောင်းခြင်းငှါ မတတ်ကောင်းရကား မိမိတို့နေရာ ဝသဝတ္တိပြည် သို့ ပြန်ကြလေကုန်၏။

ထိုအခါလ သတ္တာဟ၌ပင် မာရ်အမျက် တဟုန်းဟုန်းထွက်သော ပုဏ္ဏား တယောက်သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဝမ်းမြောက် ဝမ်းသာ အသက်ထက်ဆုံး မှတ်အပ်သော စကားကို ပြောပြီးလျှင်။

ကိတ္တာဝတာနုခေါ ဘောဂေါတမ ဗြာဟ္မဏော ဟောတိ၊
ကတမေ စ ပန ဗြာဟ္မဏကာရကာ ဓမ္မာ။

ဟု ပုဏ္ဏား မည်ကြောင်းကိုရင်း, ပုဏ္ဏား၏ အဖြစ်ကို ပြုတတ်သော တရားကိုရင်း မေး၏။မြတ်စွာဘုရားလည်း "ယော ဗြာဟ္မဏော ဗာဟိတ ပါပဓမ္မော" စသည်ဖြင့် မကောင်းမှုကို အပပြုသောသူအား ဗြာဟ္မဏ မည်ကြောင်းကို မိန့်တော်မူ၏။ ။ဤအခါလ သတ္တာဟ၌လည်း အဘိ ဓမ္မာ၏ ယထာက္ကမအစဉ်ကို ဆင်ခြင်သုံးသပ်သည့်တွင် ခြောက်ကျမ်း အလွန် ခုနစ်ကျမ်းမြောက်ဖြစ်သော ပဋ္ဌာန်းကျမ်းသို့ ရောက်သောအခါ ရှေ့ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့သည် အဆုံးမရှိသော အရှေ့စကြဝဠာသို့ ပြေးဝင်ကုန်လေ၏။ နောက်ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့သည် အဆုံးမရှိသော အနောက်စကြဝဠာသို့ ပြေးဝင် လေကုန်၏။လကျ်ာပခုံးစွန်းတော်မှ ထွက်သော ရောင်ခြည်တော်တို့သည် အဆုံးမရှိသော တောင်စကြဝဠာသို့ ပြေးဝင်လေကုန်၏။ လက်ဝဲ ပခုံးစွန်း တော်မှ ထွက်သော ရောင်ခြည်တော်တို့သည် အဆုံးမရှိသော မြောက် စကြဝဠာသို့ ပြေးဝင်လေကုန်။ခြေဘဝါးတော်မှ ထွက်သော ရောင်ခြည် တော်တို့သည် မြေ ရေ လေတို့ကို ဖေါက်ခွဲ၍ အောက် အဇဋာကာသ- ကောင်းကင်သို့ ပြေးဝင်လေကုန်၏။ ။ဦးခေါင်းတော်မှ ထွက်သော

ရောင်ခြည်တော် တို့သည် အထက်ဘဝဂ်ကို လွန်၍ အထက် အဇဋာကာသ-ကောင်းကင်ပြင်သို့ ပြေးဝင်လေကုန်၏။ ။ဤကား အဇပါလသတ္တာဟတည်း။

**၆-မုစလိန္ဒသတ္တာဟ။** ။အဇပါလသတ္တာဟကို လွန်၍ ထိုနောက်မှ ဗောဓိပင်၏ အရှေ့တောင် ကျည်းပင်ရင်း၌ ဝိမုတ္တိချမ်းသာကို ခံစားလျက် ခုနစ်ရက်ပတ်လုံး ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။ထိုအခါ အခါမဲ့ဖြစ်သော မိုးကြီးသည် သည်းထန်စွာ ရွာသည် ဖြစ်၍ မုစလိန္ဒာ နဂါးမင်းသည် မိမိနေရာ နဂါးပြည်မှ ထွက်ခဲ့၍ မြတ်စွာဘုရား၏ ကိုယ်တော်ကို ခုနစ်ပတ်သော အခွေတို့ဖြင့် ရစ်သေစွာ ရစ်ပတ်လျက် မြတ်စွာဘုရား ဦးခေါင်းထက်၌ ကြီးစွာသော ပါးပျဉ်းကို ထား၍ "မြတ်စွာဘုရားကို တရုံတခုသော မိုးဖွဲ့,လေကြမ်း,အချမ်း,အပူ,နေပူ,ကင်းသန်း တို့သည် မညှဉ်းပန်းစေသင့်"ဟု စောင့်ရှောက်၍ နေပြီးလျှင် ခုနစ်ရက်လွန်၍ မိုးတိမ်တိုက်တို့ ကင်းသည်ရှိသော် မုစလိန္ဒာ နဂါးကြီးသည် မိမိ၏ နဂါး အဆင်းကို ပယ်ရှင်း၍ လုလင်အဆင်းကို ဘန်ဆင်း ပြီးလျှင် မြတ်စွာဘုရား၏ ရှေ့၌ တည်လေ၏။ထိုအခါ မြတ်စွာဘုရားသည်။

သုခေါ ဝိဝေကော တုဋ္ဌဿ၊သုတဓမ္မဿ ပဿတော။
အဗျာပဇ္ဇံ သုခံ လောကေ၊ပါဏဘူတေသု သံယမော။ ။
သုခါ ဝိရာဂတာ လောကေ၊ကာမာနံ သမတိက္ကမော။
အသ္မိ မာနဿ ယော ဝိနယော၊ဧတံ ဝေ ပရမံ သုခံ။ ။

ဟူသော ဥဒါန်း နှစ်ဂါထာကို ကျူးရင့်တော်မူ၏။

လောကေ၊လောက၌။တုဋ္ဌဿ၊ လေးပါးသော မဂ်ဉာဏ်ဖြင့် နှစ်သက်သော ပုဂ္ဂိုလ်အား။သုတဓမ္မဿ၊ပြအပ်သော တရားရှိသော ပုဂ္ဂိုလ်အား။ ပဿတော၊ဉာဏ်စက္ခုဖြင့် ရှုသော ပုဂ္ဂိုလ်အား။ ဝိဝေကော၊ ဥပဓိတို့၏ ဆိတ်ရာသည်။ သုခေါ၊ချမ်းသာ၏။ အဗျာပဇ္ဇံ၊ အမျက်မထွက်ခြင်းသည်။ သုခံ၊ချမ်းသာ၏။ပါဏဘူတေသု၊သတ္တဝါတို့၌။ သံယမော၊ မညှဉ်းဆဲခြင်းသည်။ သုခေါ၊ချမ်းသာ၏။

လောကေ၊လောက၌။ဝိရာဂတာ၊ရာဂကင်းသော အဖြစ်သည်။ သုခါ၊ ချမ်းသာ၏။ကာမာနံ၊ကာမတို့အား။သမတိက္ကမော၊လွန်ခြင်းသည်။သုခေါ၊

ချမ်းသာ၏။အသိမ္မာနသာ၊ ငါဟူသောမာနကို။ ယော ပိနယော၊ အကြင် ပယ်ခြင်းသည်။ အသ္မိ၊ ရှိ၏။ ဧတံ၊ထိုသို့ပယ်ခြင်းသည်။ဝေ၊စင်စစ်။ပရမံ၊ မြတ်သော။သုခံ၊ချမ်းသာတည်း။ ။ဤကား မုစလိန္ဒာသုတ္တာဟာတည်း။

၇-**ရာဇာယတန သတ္တာဟ**။ ။ထို့နောင် မြတ်စွာဘုရားသည် ဇောဓိပင်မှ တောင်အရပ်ဖြစ်သော လင်းလွန်းပင်ရင်းသို့ ကပ်ချဉ်းတော်မူ၍ ခုနစ်ရက်ပတ်လုံး ဝိမုတ္တိချမ်းသာကို ခံစားတော်မူလျက် ထက်ဝယ် ဖွဲ့ခွေနေတော်မူ၏။ခုနစ်ရက်စေ့သောအခါ သမာပတ်မှ ထတော်မူ၍ လင်းလွန်းပင်ရင်း၌ပင် သီတင်းသုံး နေတော်မူစဉ် သိကြားမင်းသည် ဖန်ခါးသီးကို ဒုင်း,ဒန်ပူကိုဒုင်း ကပ်လာသဖြင့် မြတ်စွာဘုရားသည် ဘုဉ်းပေးသုံးဆောင်တော်မူ၏။

---

## **တဖုဿ ဘလ္လိကတို့ အကြောင်း။**

ထိုအခါ ဥက္ကလာ ဇနပုဒ်က တဖုဿ,ဘလ္လိက အမည်ရှိသော လှည်းကုန်သည် ညီနောင်နှစ်ယောက်တို့သည် မုံ့ကြွက်ကျစ် ပျားမုံ့ဆုပ်တို့ကို ရိက္ခာပြု၍ မဇ္ဈိမဒေသ အရပ်သို့ ကုန်ရောင်း လာကြသည် ရှိသော် လင်းလွန်းပင်ရင်း၌ သီတင်းသုံး နေတော်မူသော မြတ်စွာဘုရား၏ အနီးအပါးသို့ ရောက်လျှင် ထို တဖုဿ-ဘလ္လိက လှည်းကုန်သည် ညီနောင်နှစ်ယောက်တို့၏ မိဆွေ, ဘဆွေ တော်စပ်သော နတ်တယောက်သည် ထိုသူတို့၏ လှည်းဘီးစက်ကို ဆွဲထားသဖြင့် မသွားနိုင်ရှိသည်တွင် ပူဇော်ပသ၍ အကြောင်းကို မေးသောအခါ ထိုနတ်သားသည် ကိုယ်တိုင်ပြ၍ "အချင်းတို့,မြတ်စွာဘုရားသည် လင်းလွန်းပင်ရင်း၌ သီတင်းသုံး နေတော်မူသည်၊သင်တို့သည် မုံ့ကြွက်ကျစ်, ပျားမုံ့ဆုပ်တို့ကို သွား၍ လှူကြချေ၊ သင်တို့အား ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွါး ကြီးများလတ္တံ့." ဟု တိုက်တွန်း စေခိုင်းသောကြောင့် ကုန်သည် ညီနောင်နှစ်ယောက်တို့သည် မုံ့ကြွက်ကျစ်,ပျားမုံ့ဆုပ်တို့ကို ယူ၍ လင်းလွန်းပင်ရင်း၌ သီတင်းသုံး နေတော်မူသော မြတ်စွာဘုရားထံ ကပ်ပြီးလျှင် "ဘုန်းတော်ကြီးလှပေသော အရှင်ဘုရား, တပည့်တော်တို့အား သနားသဖြင့် ဤမုံ့ကြွက်ကျစ်, ပျားမုံ့ဆုပ် တို့ကို ခံတော်မူပါ" ဟု လျှောက်လျက် လှူလေ၏။

ထိုအခါ မြတ်စွာဘုရားအား ဃဋိကာရဗြဟ္မာ လှူအပ်သော မြေသပိတ်သည် သုဇာတာ ရွှေခွက်နှင့်တကွသော ဂဏာဆွမ်းကို ခံခါနီး ကာလကပင် ကွယ်ပျောက်ခဲ့သဖြင့် ခံစရာ သပိတ်တော်မရှိခဲ့လျှင် “ရှေးဘုရားတို့ သပိတ်တော်ဖြင့်ပင် ခံလေသလော၊လက်တော်ဖြင့်ပင် ခံလေသလော”ဟု တွေးတော ဆင်ခြင်တော်မူသော ခဏ၌ စာတုမဟာရာဇ် နတ်မင်းကြီး လေးယောက် တို့သည် အရပ် လေးမျက်နှာမှ ဣန္ဒနီလာ ကျောက်ဖြင့် ပြီးသော သပိတ်တော် လေးလုံးကို ယူခဲ့၍ လှူလျှင် ပယ်တော်မူ၏။တဘန်ပဲနောက်အဆင်းရှိသော ကျောက်ဖြင့်ပြီးသော သပိတ်လေးလုံးကို လှူသောအခါမှ မြတ်စွာဘုရားသည် နတ်မင်းကြီး လေးယောက်တို့အား သနားသည်ကို အကြောင်းပြု၍ သပိတ်လေးလုံးကိုပင် ခံတော်မူလင့်၍ ထပ်ဆင့်ကာ နှိပ်တော်မူလျှင် တလုံးတည်း ဖြစ်၍ အသစ်စက်စက်သော ကျောက်သပိတ်ဖြင့် မုံ့ကြွက်ကျစ်, ပျားမုံ့ဆုပ်တို့ကို ခံတော်မူ၍ ဘုဉ်းပေးတော်မူ၏။

တဖုဿ- ဘလ္လိက ကုန်သည် ညီနောင်တို့လည်း မုံ့ကြွက်ကျစ်, ပျားမုံ့ဆုပ်တို့ကို ရှေးဦးစွာ လှူပြီးလျှင် ရှေးဦးစွာ ဒွေဝါစိက-သရဏဂုံ တည်၍ “အရှင်ဘုရား, ယနေ့မှစ၍ အကျွန်ုပ်တို့သည် အဘယ်သူအား အမြတ်တနိုး ရှိခိုးပူဇော်ရပါအံ့နည်း” ဟု လျှောက်သောအခါ မြတ်စွာဘုရားသည် ဦးခေါင်းတော်ကို သုံးသပ်တော်မူလျှင် ငြိကပ်၍ ပါလာသော ဆံတော် ရှစ်ဆူကို ယူ၍ သွားကြ ကုန်လော့ ဟု ပေးသနားတော်မူလိုက်၏။

အနာဂတဝင် အဋ္ဌကထာ၌ကား တဆုပ်သောဆံတော်ဓာတ်ကို ပေးအပ်လိုက်ကြောင်း ဆိုသည်။ ။ဝိနည်း မဟာဝါ အဋ္ဌကထာ၌ကား အရေအတွက် သင်္ချာမပါ။ “ကေသာ ဟတ္ထေ လဂ္ဂိံသု၊ တေ တေသံ အဒါသိ”ဟု ဆံတော်ဓာတ်တို့ကို ပေးလိုက်ကြောင်းကို ဗဟုဝုစ်ဖြင့် သာမညသာ ဆိုလေသည်။ ။အင်္ဂုတ္တိုရ် ဧကကနိပါတ် အဋ္ဌကထာ-စသော ကျမ်းတို့၌ကား “အဋ္ဌ ကေသဓာတုယော အဒါသိ”ဟု ရှစ်ဆူသော ဆံတော်ဓာတ်တို့ကို ပေးအပ်လိုက်ကြောင်းကို ဆိုသည်။

ထိုတဖုဿ-ဘလ္လိက ကုန်သည် ညီနောင် နှစ်ယောက်တို့လည်း ဆံတော်ဓာတ် ရှစ်ဆူကို ယူလျက် မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးပူဇော်ပြီးသော် မိမိတို့နေရာ ဥက္ကလာဇနပုဒ်သို့ပြန်လည်ခဲ့၍ ဆံတော်ဓာတ် ရှစ်ဆူကို ဌာပနာပြီးလျှင် စေတီတည်၍ ရှိသေစွာ ကိုးကွယ် ကြလေကုန်၏။ ထိုတဖုဿ-ဘလ္လိက ကုန်သည် ညီနောင် နှစ်ယောက်တို့သည် နောက်အခါ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူပြီး၍ ရာဇဂြိုဟ်ပြည်၌ နေတော်မူစဉ် ရောက်လာကြသဖြင့် တရားတော်ကို နာရ၍ နောင်တော် တဖုဿသည် သောတာပန် တည်လေ၏၊ ညီတော်-ဘလ္လိကသည် ရဟန်းပြု၍ ဝိပဿနာတရားကို ပွါးများလျှင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထိုကုန်သည် ညီနောင်တို့၏ ဆွမ်းဦး လှူရခြင်း၏ ဥပနိဿယကား။ ။ ဤဘဒ္ဒကပ် ကမ္ဘာမှ သုံးဆဲ့တကမ္ဘာထက်၌ ဘုရားမပွင့်မီ သုမနမည်သော ပစ္စေကဗုဒ္ဓါအား သစ်သီး ကြီး,ငယ်တို့ကို လှူပြီးလျှင် ရတောမနေ သေလွန်သောအခါ လူ့ပြည်နတ်ရွာ၌ ခံစား၍ သိခီ မြတ်စွာဘုရားလက်ထက် ၌ အရုဏဝတီမည်သော မြို့ဝယ် ပုဏ္ဏားမျိုး၌ ဖြစ်သာ၏။ သိခီ မြတ်စွာ ဘုရား ရှေးဦးစွာ ဗောဓိမဏ္ဍိုင်၌ နေသောအခါ ဥဇိတ,ဩဇိတ ကုန်သည် ညီနောင် နှစ်ယောက်တို့သည် သိခီ မြတ်စွာဘုရားအား ရှေးဦးစွာ ဆွမ်း အာဟာရကို လှူရသည် ဟု ပြောဆိုသော စကားကို ကြားလျှင် ထိုပုဏ္ဏား လည်း မိမိ အဆွေခင်ပွန်းနှင့် တိုင်ပင်၍ သိခီ မြတ်စွာဘုရားသို့ ကပ်လျက် ပင့်ဘိတ်ပြီးလျှင် ဆွမ်းဖြင့် လုပ်ကျွေး၍ "နောင်ပွင့်လတ္တံ့သော ဘုရားတို့၏ လက်ထက်၌ ရှေးဦးစွာ ဆွမ်းအာဟာရကို လှူရပါလို၏"ဟု ဆုတောင်း ပတ္ထနာ ပြုလိုက်၏။ထိုသူနှစ်ယောက်တို့သည် ထိုဘဝမှ ရတောလတ်သော် ကဿပ မြတ်စွာဘုရား လက်ထက်၌ သူဌေးသား ညီနောင် ဖြစ်ကြ၍ ရဟန်းသံဃာတော်တို့အား နို့ရည်ဆွမ်းကို လုပ်ကျွေးခဲ့ဘူး၏၊ ထိုဘဝမှ ရတောပြန်သော် လူ့ရွာ,နတ်ရွာ၌ ကျင်လည် ကျက်စား၍ ငါတို့ မြတ်စွာ ဘုရားလက်ထက်၌ ပေါက္ခရဝတီ မြို့၌ လှည်းကုန်သည်သား ညီနောင် ဖြစ်လာသည်။အကြီးကား တဖုဿ၊အငယ်ကား ဘလ္လိက ဟု ငယ်မည် တွင်၏။

ထိုတဖုဿ-ဘလ္လိက ကုန်သည်တို့၏ နေရပ်ကိုဆိုရာ
ကျမ်းချင်း မညီကြ။ ။ဝိနည်းမဟာဝါ ပါဠိတော်၌ကား။

တဖုဿ ဘလ္လိကာ ဒွေ ဝါဏိဇာ၊ ဥက္ကလာ တံ ပဒေသံ
အဋ္ဌါနမဂ္ဂပဋိပ္ပန္နာ ဟောန္တိ။

ဟု ဥက္ကလာဇနပုဒ်က လာကြောင်းကို ဆိုသည်။ ။အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ကား။

အဂ္ဂုနော နဂရံ နေတွာ အသိတဉ္ဇနဂရဒွါရေ ဓိဝကေသ
ဓာတုယော ပတိဋ္ဌပေသုံ။

ဟု မိမိမြို့သို့ဆောင်၍ အသိတဉ္ဇ မြို့တံခါး၌ ဌာပနာကြောင်းကို ဆိုသည်။

ထေရ အဋ္ဌကထာတွင်ကား။ ။တဖုဿ ဘလ္လိက ညီနောင် နှစ်ယောက်တို့သည် ပေါက္ခရဝတီမြို့သား ဟု ဆိုသည်။ ။ထိုသို့ အသီးအသီး တဖုဿ ဘလ္လိကတို့၏ နေရပ်ကိုဆိုရာ ကျမ်းချင်း အမည်မတူ၊ ထူခြားကွဲလွဲသော်လည်း "အမည်သာကွဲ၍ ထမနဲ့နှင့်-ယာဂု" ဆိုဘိသကဲ့သို့ တခုသော မြို့ကိုပင် အမည်သုံးပါး ပြားသောကြောင့် အသီးအသီး ကြိုက်နှစ်သက်ရာ အမည်ကို ယူ၍သာ ရေးသားတင်ထားကြပေသည် ဟု မှတ်ရမည်။ သို့မှ ကျမ်းချင်းညီမည်။ ။ထိုတဖုဿ ဘလ္လိကတို့၏ နေရာ အသိတဉ္ဇမြို့၊ ပေါက္ခရဝတီမြို့၊ ဥက္ကလာမြို့၊ ဟူ၍ အမည်သုံးပါးရသော မြို့သည် နောက်ကာလ၌ တိဂုံမြို့ ဟု တွင်ပြန်သည်။

ထိုတိဂုံမြို့ကို အလောင်းမင်းတရားကြီး လက်ထက်၌ ရန်ကုန်ရာ ဖြစ်သောကြောင့် ရန်ကုန်မြို့ ဟု ပညတ်အသစ်ပြင်၍ တင်ထားပြန်သောကြောင့် ယခုထက်တိုင် ရန်ကုန်မြို့ ဟု တွင်လေသည်။ ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော ပါဠိ အဋ္ဌကထာတို့ကို ထောက်ချင့်၍၎င်း၊ သံပိုင်း၊ ကျောက်စာ၊ ရာဇဝင်၊ ဥဒါန်းစကားတို့ကို ထောက်ချင့်သဖြင့်၎င်း ယခုကာလ နေလအသွင် အလွန်ထင်ရှားသော ရာမညတိုင်း ရန်ကုန်မြို့၌ရှိသော ရွှေတိဂုံစေတီတော်ကြီးကို တဖုဿ ဘလ္လိကတို့၏ ဆံတော်ဓာတ် ၄ ဆူကို ဌာပနာသော စေတီဟူ၍ မှတ်ယူသင့်သည်။

၍ကား ရာဇာယတန သတ္တာဟတည်း။ ။ရှေ့လေး သတ္တာဟ ဌာနမှာ ဗောဓိပင်နှင့် နီးသည်ဆိုသောကြောင့် နောက်သုံးသတ္တာဟ ဌာနမှာ အနီးအဝေးကို မဆိုသော် လည်း ဗျတိရေကအားဖြင့် ရှေ့လေးသတ္တာဟ ဌာနထက် ဗောဓိပင်နှင့်ဝေး၏ ဟု ယူသင့်သည်။ ။ထိုသတ္တဌာန တို့၏ ဗောဓိပင်နှင့်အကွာအဝေးကို အသေအချာ ပါဠိ အဋ္ဌကထာ ဋီကာတို့မှာ မတွေ့၊ရှေ့လေးသတ္တာဟဌာနကို ဗောဓိပင်နှင့် နီးကြောင်းကိုသာ တွေ့ဘူးသည်။

---

## ၆၀-သဟမ္ပတိဗြဟ္မာကြီး တရားဟော တောင်းပန်ခြင်း။

၍သို့လျှင် မြတ်စွာဘုရား သခင်သည် လင်းလွန်းပင်ရင်း၌ ဆံတော် ၄,စ်ဆူကို တဖုဿ ဘလ္လိကတို့အား ပေးအပ်တော်မူပြီးလျှင် တဖန် အဇပါလ ညောင်ပင်ရင်းသို့ ကပ်တော်မူ၍ ကြံတော်မူသည်ကား “ငါသိသော တရားကား အလွန်တရာ သိမ်မွေ့နက်နဲ၏၊သတ္တဝါတို့ကား နူးသော ဥာဏ်ရှိ၏၊ထို့ကြောင့် သတ္တဝါတို့အား ငါတရားဟောသော်လည်း ပင်ပန်းကာမျှသာ ဖြစ်တော့မည်”ဟု စသည်ဖြင့် ကြံတော်မူ၏။

ထိုအကြံကို သဟမ္ပတိ ဗြဟ္မာကြီးသိလေလျှင် ကွေးသောလက်ကို ဆန့်တန်းဘိသကဲ့သို့ လျင်မြန်စွာလာ၍“ဘုန်းတော်ကြီးလှသော အရှင် ဘုရား,တရားအမြိုက် တိုက်ကျွေးတော်မူပါ၊ပညာတည်းဟူသော မျက်စိ၌ ကိလေသာမြူ နည်းပါးသော သတ္တဝါလည်း ရှိပါသည်”ဟု တောင်းပန်လျှင် မြတ်စွာဘုရားသည် သည်းခံတော်မူ၏။

မူလပဏ္ဏာသ အဋ္ဌကထာ, သဂါထာဝဂ္ဂသံယုတ် အဋ္ဌ ကထာ,သာရတ္ထဒီပနီဋီကာတို့၌။

သော ကိ်ရ ကဿပဘဂဝတော သာသနေ သဟာသ ကောနာမ ထေရော ပဌမဇ္ဈာနံ နိဗ္ဗတ္တေတွာ ပဌမဇ္ဈာန ဘုမ္မိယံ ကပ္ပါယုကဗြဟ္မာ ဟုတွာ နိဗ္ဗတ္တော။ တတြ သဟမ္ပတိ ဗြဟ္မာတိ သဉ္ဇာနန္တိ။

ဟူ၍ သဟမ္ပတိဗြဟ္မာသည် ကဿပမြတ်စွာဘုရား သာသနာ၌ ပဉ္စမဈာန်ကိုရ၍ ပဉ္စမဈာန်ဘုံ၌ ဖြစ်ကြောင်းကို ဆိုသည်။
သုတ္တနိပါတ်အဋ္ဌကထာ၌ကား။

> အယံ ကဿပ ဘဂဝတော သာသနေ သဟ
> ကောနာမ ဘိက္ခုအနာဂါမီ ဟုတွာ သုဒ္ဓါဝါသေသု ဥပ
> ပန္နော၊သဟမ္ပတိနာမာတိ သဉ္ဇာနန္တိ။

ဟူ၍ သဟမ္ပတိဗြဟ္မာသည် ကဿပမြတ်စွာဘုရား လက်ထက်၌ အနာဂါမ်တည်၍ သုဒ္ဓါဝါသဘုံ၌ ဖြစ်ကြောင်းကို ဆိုသည်။ ။ကျမ်းချင်းမညီကြ။

မြတ်စွာဘုရားလည်း သဟမ္ပတိ ဗြဟ္မာကြီး၏ တောင်းပန်ခြင်းကို အာမခံတော်မူပြီးလျှင် "ဝေနေယျသတ္တဝါ အပေါင်းတို့တွင် အဘယ်သတ္တဝါအား ဇွေးဖျားစူးစူး တရားဦး ဟောပါရအံ့နည်း" ဟု ကြံဆင်ခြင်တော်မူလျှင် ကာလာမအမျိုး၌ ဖြစ်သော အာဠာရ ရသေ့သည် ပညာတည်းဟူသော မျက်စိ၌ ကိလေသာ တည်းဟူသော မြူနည်းပါး၏၊ ထိုအာဠာရ ရသေ့အား ဇွေးဖျားအစ ဓမ္မမြိုက်ဆေး တိုက်ကျွေးရတော့မည် ဟု ကြံတော်မူ၏၊ထိုအခါ နတ်သားတယောက်သည် "ဘုန်းတော်ကြီးလှပေသော အရှင်ဘုရား, ကာလာမအမျိုး၌ ဖြစ်သော အာဠာရ ရသေ့သည် သေ၍ ခုနစ်ရက်ရှိပါပြီ ဘုရား" ဟု လျှောက်၏။ ။ထိုအခါ မြတ်စွာဘုရားသခင်သည် သေ၍ ခုနစ်ရက်ရှိပြီးသော အာဠာရ ရသေ့သည် အာကိဉ္စညာယတနဘုံ၌ ဖြစ်လေသည်ကို မြင်တော်မူ၍ "အာဠာရသည် ရှုံးခြင်းကြီး ရှုံးလေစွ" ဟု မိန့်တော်မူ၍ တဖန် "အဘယ်သူအား ဇွေးဖျားစူးစူး လက်ဦးတရား ဟောရပါအံ့နည်း" ဟု ဆင်ခြင်တော်မူပြန်လျှင် "ရာမ၏သားဖြစ်သော ဥဒကရသေ့သည် လျှင်မြန်သော ပညာရှိ၏၊ ထိုဥဒက ရသေ့အား ဇွေးဖျားအစ ဓမ္မမြိုက်ဆေး တိုက်ကျွေးရတော့မည်" ဟု ကြံတော်မူ၏။ ထိုအခါ၌လည်း နတ်သားတယောက်သည် "အရှင်ဘုရား,ဥဒကရသေ့သည် ယမန်နေ့ ညဉ့်သန်းခေါင်ကပင် သေလွန်ခဲ့ပြီ" ဟု လျှောက်လျှင် မြတ်စွာဘုရားသည် "ယမန်နေ့ ညဉ့်သန်းခေါင်က သေပြီးသော ဥဒကရသေ့သည် နေဝသညာ နာသညာယတနဘုံ၌ ဖြစ်လေပြီ၊ ရှုံးခြင်းကြီး ရှုံးလေစွ" ဟု မိန့်တော်မူ၍ တဖန် "အဘယ်သူအား

ဈေးများရှုးရှုး တရားဦးဟောပါရအံ့နည်း”ဟု ကြံဆင်ခြင်တော်မူပြန်လျှင် “ပဥ္စဝဂ္ဂီ ငါးယောက်တို့သည် ငါ့အားလည်း ကျေးဇူးများပေသည်၊ ငါဟောသော တရားကိုလည်း လျင်မြန်စွာ သိလတ္တံ့၊ ထိုပဥ္စဝဂ္ဂီ ငါးယောက်တို့အား လက်မှန်ဈေးများ တရားအမြိုက် တိုက်ကျွေးရတော့မည်”ဟု ကြံတော်မူ၍ ထိုပဥ္စဝဂ္ဂီရဟန်း ငါးယောက်တို့သည် အဘယ်အရပ်မှာ နေရှာသနည်း ဟု ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုတော်မူလျှင် မိဂဒါဝုန်တော၌ နေကြသည်ကို မြင်တော်မူ၍၊ ဈေးဘုရားတို့မှာ ဓမ္မစကြာတရားကို ဟောအံ့သော၌ မိဂဒါဝုန်တောသို့ ကြွတော်မူသည်ရှိသော် ကောင်းကင်ခရီးဖြင့် ကြွတော်မူကြကုန်သော်လည်း ငါးတို့ မြတ်စွာဘုရားမှာမူကား ခရီးအကြား၌ ဥပကနှင့် တွေ့တော်မူလတ္တံ့သည်ကို မြင်တော်မူ၍ မိဂဒါဝုန်တောသို့ ခြေကျင်ဖြင့်သာ ကြွတော်မူ၍ ဗောဓိပင်၏၎င်း ဂယာသီသ၏၎င်း အကြား၌ ဥပကနှင့် တွေ့လျှင် ဥပကသည် “ငါ့ရှင်, သင်၏ အသား အသွေး အရေ အဆင်း တို့သည် ကြည်လင်သန့်ရှင်း၏၊ အဘယ်သူကို ရည်မှန်း၍ သင် ရဟန်းပြုသနည်း၊ သင်၏ဆရာကား အဘယ်သူနည်း။ အဘယ်သူ၏ တရားကို သင် နှစ်သက်သနည်း”ဟု မေးသောအခါ မြတ်စွာဘုရားသည်“ငါ့ရှင် ဥပက,မိမိအလိုလိုကိုယ်တော်တိုင်သာလျှင် သစ္စာလေးပါးကို ထိုးထွင်း၍ သိသောကြောင့် မည်သည့်ပုဂ္ဂိုလ်သည် ငါ၏ဆရာဟူ၍ ညွှန်ပြစရာမရှိ၊ဒေဝပုတ္တ စသော မာရ်ငါးပါးကို အောင်မြင်တော်မူသောကြောင့်လည်း ငါ၏အမည် ဇိန”ဟု မိန့်တော်မူ၏။

---

## ၆၀-ဥပက ရဟန်းနှင့် စာပါတို့ အကြောင်း။

ဥပက ရဟန်းကြီးလည်း မြတ်စွာဘုရား စကားတော်ကိုကြားလျှင် ဟုတ်ပေရာ၏ ဟုတ်ပေရာ၏ ဟု ဦးခေါင်းအိမ့်ခါလည်ငြိမ့်ခါနှင့် သွားလေသော် ဝင်္ဂဟာရ ဇနပုဒ်သို့ ရောက်လေ၏။ ထိုဝင်္ဂဟာရ ဇနပုဒ်၌လည်း မုဆိုးကြီးတဦးရှိ၏။ထိုမုဆိုးကြီး၌ကားလေး၏အပြဉ်းနှင့်တူစွာကိုယ်အင်္ဂါ လက်အင်္ဂါတို့သည် ချောမွေ့ပြေပြစ်သောကြောင့် စာပါ အမည်ရှိသော သမီးတယောက်ရှိ၏။ထိုမုဆိုးကြီးသည် မိမိရွာသို့ ရောက်လာသော ဥပက ရဟန်းကြီးကို မြင်လျှင် ကြည်လင်မြတ်နိုး၍ ကိုးကွယ် ဆည်းကပ်လျှက်

နေ့စဥ်မပြတ် ဆွမ်းဖြင့် ကာလရှည်ကြာစွာ လုပ်ကျွေးလေ၏။ တနေ့သ၌ မုဆိုးကြီးသည် အရပ်ဝေးသို့ သားငါးအလို့ငှါ အရှာအဖွေ သွားသော အခါ သ္မီး စာပါကို“ငါ၏ ဆရာ ဥပကအား ဆွမ်းဘောဇဥ် တို့ဖြင့် နေ့စဥ် မပြတ် လုပ်ကျွေးရစ်လော့”ဟု မှာထားခဲ့၏။

ဥပက ရဟန်းကြီးလည်း နံနက်မိုးသောက်သောကာလ ဒါယကာ မုဆိုးကြီးအိမ်သို့ သွား၍ ရောက်သောအခါ ပျိုပျိုရွယ်ရွယ် စာပါသတို့ သ္မီးငယ် ဆွမ်းကပ်လာသည်ကို မြင်လျှင်ပင် တပ်နှစ်သက်ခြင်း ရာဂသည် ပြင်းစွာ ဖုံးလွှမ်း၍ ဆွမ်းကို ဘုဉ်းပေးခြင်းငှါ မတတ်ကောင်းသဖြင့် ကျောင်းသို့ ယူဆောင်ခဲ့ပြီးလျှင် သပိတ်နှင့် တကွသော ဆွမ်းကို သင့်တင့်ရာ၌ထား၍ “စာပါကို ငါမရလျှင် အသက်သေစေတော့”ဟု အစာအာဟာရကို မစားဘဲ ခုနစ်ရက်ပတ်လုံးအိပ်၍ နေလေ၏၊ခုနစ်ရက် လွန်လျှင် မုဆိုးလည်း သားငါးရှာလျက် ပြန်လည်ခဲ့၍ အိမ်သို့ရောက်သော အခါ “ချစ်သ္မီး စာပါ, ငါ၏ ဆရာကို သင့်တင့် လျောက်ပတ်စွာ ဆွမ်း လုပ်ကျွေးပါ၏လော”ဟု မေး၏။ ထိုအခါ စာပါသည် “အိုဘခင်, ဘခင်၏ ဆရာသည် သွားစက တရက်မျှသာ လာပါသည်၊ နောက်ကို ယနေ့တိုင် မကြွလာပါ”ဟု ပြောလျှင် လျင်မြန်စွာ ကျောင်းသို့ သွား၍ အကြောင်းမျိုး ကို မေးသောအခါ ဆရာဥပကလည်း ပရိယာယ်စကားဖြင့်“ငါ၏နှလုံးကို ခြောင့်စူးခဲ့သည်၊ သ္မီး စာပါမှ တပါးသောသူသည် နုတ်ခြင်းငှါ မတတ် ကောင်း”ဟု ပြောကြားလျှင် မုဆိုးကြီးလည်း ရိပ်မိ၍ လူဝတ် လဲစေပြီး သော် သ္မီး စာပါနှင့် ထိမ်းမြားလေ၏။ ။စာပါနှင့် သင့်မြတ်၍ ကာလ ကြာလေသော် သားတယောက် ဖွါးမြင်လာ၏။ ထိုသားကို သုဘဒ္ဒ ဟု အမည်မှည့်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး ကာလ၌ နောက်ဆုံးပိတ် တရားတော်ကို နာရ၍ အကျွတ်တရား ရသော သုဘဒ်ပရိဗိုဇ် ဖြစ်လတ္တံ့. ဟူသတည်း ဟု ဆိုကြကုန်၏။

တနေ့သ၌ မိခင် စာပါသည် မိမိလင်ကို ပြက်ရယ်ကြည်ဆယ် ပြုလို သဖြင့် “အမဲရောင်းထမ်း၊ရှူးနှမ်းပေါ်ပျက်၊ငါ့ကို မက်၍၊ လူထွက်လာသော အသက်လွန်ပြီး၊လူအိုကြီး၏ သား၊အိပ်ပါတော့လား” ဟု ဆိုလျက် မိန်းမ တို့ဘာသာဖြင့် မြည်တွန်လျက် သားကို ချော့လေလျှင် ဥပကလည်း သည်းမခံနိုင် ရှိလှ၍ “ငါ၏အဆွေ အနန္တဇိန ရှိသည်၊ငါ၏ အဆွေထံသို့

398-35

ငါသွားမည်၊နင့်ကို ငါအလွန်တရာ ချစ်နှစ်သက်သည်ထင်၍ နင်ပြက်ရယ်ပြုသလော”ဟု ဆိုသော်လည်း စာပါသည် အကြိမ်ကြိမ် အခါခါ ဆို၍ သားကို ချော့ဘန် များလျှင် ဥပကကြီးသည် “ငါ၏ အဆွေ အနန္တဇိန ထံသို့ ငါသွားတော့အံ့၊နင့်ကို ရုံမက်နှစ်သက်၍ ငါမနေပြီ”ဟု သွားအံ့သော အခြင်းအရာတို့ကို အားထုတ်လျှင် စာပါသည် “ကျွန်ုပ်သက်မျှ-ဥပက၊ မသွားပါနှင့်၊ရှေးအခါကာလကဲ့သို့ ကာမဂုဏ်ကို ခံစားပါဦး၊ မချစ်မနှစ်သက်၍ ဆိုသည်မဟုတ်ပါ၊ အမျက် မထွက်ပါနှင့်၊ သည်းခံပါ”ဟု အကြိမ်ကြိမ် တောင်းပန်သော်လည်း မရ၊ “နင့်ကို ရုံမက်နှစ်သက်၍ ငါမနေပြီ၊ ငါ၏အဆွေ အနန္တဇိနထံ ယခုသွားတော့အံ့” ဟု ဝင်္ကဟာရ ဇနပုဒ်မှ ထွက်၍ အစိရဝတီ မြစ်ညာသို့ ရှောက်ခါ ရှောက်ခါ မေးမြန်း၍ သွားလေသော် မြတ်စွာဘုရားလည်း ထိုကာလ ဓမ္မစကြာတရားကို ဟောတော်မူပြီးနောက် အစဉ်သဖြင့် ဇေတဝန် ကျောင်းတော်သို့ ရောက်တော်မူ၍ နေနှင့်သဖြင့် ဇေတဝန် ကျောင်းတော်သို့ ရောက်လျှင် မြတ်စွာဘုရားထံ ရဟန်းခံ၍ ဘာဝနာ တရားကို ပွါးများလျှင် မကြာခင် အနာဂါမ် တည်လေသဖြင့် စုတေလေသော် အဝိဟာဘုံသို့ ရောက်လေ၏။ ရောက်လျှင် ရောက်ခြင်း ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ဤကဲ့သို့သော အနာဂါမ် ပုဂ္ဂိုလ်ကို အန္တရာပရိနိဗ္ဗာယီ အနာဂါမ် ပုဂ္ဂိုလ်ဟု ခေါ်သည်။

ဤကဲ့သို့ အဝိဟာဘုံသို့ ရောက်လျှင် ရောက်ခြင်း ရဟန္တာ အဖြစ်သို့ ရောက်သော အန္တရာပရိနိဗ္ဗာယီ အနာဂါမ် ပုဂ္ဂိုလ် ခုနစ်ယောက်တည်း။

၁-ဥပကလည်း တယောက်။
၂-ဖလကဏ္ဍလည်း တယောက်။
၃-ပက္ကုသာတိမင်းလည်း တယောက်။
၄-ဘဒ္ဒိယလည်း တယောက်။
၅-ခဏ္ဍဒေဝလည်း တယောက်။
၆-ဗဟုရန္တိလည်း တယောက်။
၇-ပိင်္ဂိယလည်း တယောက်။ ။ဤခုနစ်ယောက်တည်း။

စာပါ သတို့သမီးလည်း မိမိခင်ပွန်း ဥပက ထွက်သွားလျှင် မိမိခင်ပွန်းကို လွမ်းသောစိတ်ဖြင့် ငြိုငွေ့ရကား သားတော် သုဘဒ်ကို မိဘတို့အား အပ်ထားခဲ့ ပြီးလျှင် ခရီးလမ်းကို မေးမြန်း ရှုးစမ်း၍ သွားလေသော်

သာဝတ္ထိပြည် ဘိက္ခုနီမကျောင်းသို့ ရောက်၍ ရဟန်းပြုပြီးလျှင် ဝိပဿနာ
တရားကို ပွါးများလျှင် ရဟန္တာထေရီမ အဖြစ်သို့ ရောက်လေ၏။ ။

ဥပက စာပါတို့အခက်းကို ရှေ့သို့ လှမ်း၍ ဆိုလိုက်သည်။

---

## ၆၂-ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာတရား ဟောတော်မူခြင်း။

မြတ်စွာဘုရားသည် ဥပကကြီးနှင့် တွေ့ပြီးနောက် အစဉ်သဖြင့် မိဂဒါဝုန်တောသို့ ကြွတော်မူလေ၏။ ပဉ္စဝဂ္ဂီ ငါးယောက်တို့လည်း အဝေးကပင် မြတ်စွာဘုရား ကြွလာတော် မူသည်ကို မြင်လျှင် "ငါ့ရှင်တို့, ဤရဟန်း ဂေါတမသည် ဒုက္ကရစရိယာ အကျင့်ကို မကျင့်ပြီ၊ သက်န်း သပိတ် ပရိက္ခရာ ပေါများအောင်သာ ကျင့်တော့သည်၊ ထိုရှင်ဂေါတမ၏ သပိတ် သက်န်းကို မယူကြစတမ်း"ဟု ကတိကဝတ် ထားကြကုန်၏။ ထိုသို့ ကတိကဝတ် ထားကြကုန်သော်လည်း အနီးသို့ မြတ်စွာဘုရား သခင် ရောက်တော်မူလျှင် ပဉ္စဝဂ္ဂီ ငါးယောက်တို့သည် မိမိတို့ပြုကြသော ကတိကဝတ် အတိုင်း မတည်နိုင်၍ ခရီးဦး ကြိုဆိုခြင်း, သပိတ်သက်န်းကို လှမ်းယူခြင်း, ခြေဆေးခြင်း အစရှိသော ဝတ်ကြီးဝတ်ငယ်တို့ကို အသီး အသီး ဆီးကြို၍ ပြုကုန်၏။ မြတ်စွာဘုရားလည်း ထိုသူတို့ ခင်းအပ်သော နေရာထက်၌ သင့်တင့် လျောက်ပတ်စွာ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ပဉ္စဝဂ္ဂီ ငါးယောက်တို့သည် အာဝုသော-ဟူသော ခေါ်ဝေါ် ခြင်းဖြင့် ခေါ်ဝေါ်ကြလျှင် မြတ်စွာဘုရားသခင်သည် "ချစ်သား ရဟန်း များတို့,ငါဘုရားကို အာဝုသော-ဟူသော ခေါ်ဝေါ်ခြင်းဖြင့် မခေါ်ဝေါ် အပ်၊မခေါ်ဝေါ်ကြကုန်လင့်၊သစ္စာလေးပါးတရားကို ငါသိပြီ၊ သင်တို့အား တရားဟောအံ့၊ နာကြကုန်လော့"ဟု မိန့်တော် မူသော်လည်း ပဉ္စဝဂ္ဂီ ငါးယောက်တို့သည် "ငါ့ရှင်ဂေါတမ၊ ငါ့ရှင် ဂေါတမသည် သူတထူးတို့ ပြုခဲစွာသော တလက်ဆွမ်းမျှသော အစာအာဟာရကို စားခြင်း အစရှိသော ဒုက္ကရစရိယာ အကျင့်ကို ကျင့်တုန်းကမှ သဗ္ဗညုဘုရားအဖြစ်သို့ မရောက်၊ယခု ဒုက္ကရစရိယာအကျင့်မှ ထွက်၍ ပစ္စည်းလေးပါး ပေါများ ခြင်း၌ လှည့်ပတ်သောအခါမှ သဗ္ဗညုဘုရား အဖြစ်သို့ ရောက်၏ ဟု ဆိုသော်လည်း ငါတို့ မယုံကြည်ကုန်"ဟု လျှောက်သောအခါ "ငါ၏ ချစ်သား ရဟန်းများတို့, ငါဘုရားသည် ပစ္စည်းလေးပါးအလို့၌ မကျင့်၊

သစ္စာလေးပါး တရားကို အလိုလို ကိုယ်တော်တိုင်သာ သိသဖြင့် သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်ပြီ၊သင်တို့အား ငါတရားဟောအံ့” ဟု မိန့်တော်မူ သော်လည်း ပဉ္စဝဂ္ဂီ ငါးယောက်တို့သည် မယုံနိုင်၍ “ချစ်သားရဟန်းတို့, ဤအခါမှ ရှေးဗုဒ္ဓရစရိယာ ကျင့်သောအခါ၌ ငါဘုရားအဖြစ်သို့ ရောက် ပြီ ဟု သင်တို့အား ပြောကြားခဲ့ဘူးသလော”ဟု မိန့်တော်မူသော အခါမှ ပဉ္စဝဂ္ဂီ ငါးယောက်တို့သည် “ရှေးအခါ ကာလက ဤကဲ့သို့ ဘုရားအဖြစ် သို့ ရောက်ပြီ ဟု မပြောကြားဘူးပါ” ဟု ယုံကြည်ကြကုန်လျှင် မြတ်စွာ ဘုရားသခင်သည် “ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ” အစရှိသော ဓမ္မစကြာတရားကို ဝါဆိုလပြည့်နေ့၌ ဟောတော်မူသဖြင့် ဒေသနာတော် အဆုံး၌ အရှင်ကောဏ္ဍညသည် တဆဲ့ရှစ်ကုဋေသော နတ်ပြဟ္မာ အပေါင်းနှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ။ မြတ်စွာဘုရားသည်။

ဧဟိ ဘိက္ခု သွာက္ခာတော ဓမ္မော စရ ဗြဟ္မစရိယံ၊သမ္မာ ဒုက္ခဿ အန္တကိရိယာယ။

ဟု ခေါ်တော်မူသဖြင့် ဧဟိ ဘိက္ခု ဥပသမ္ပဒ အဖြစ်သို့ ရောက်လေ၏။

လပြည့်ကျော် တရက်နေ့၌ အရှင်ဝပ္ပသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။မြတ်စွာဘုရားသည်လည်း ဝါဆိုလပြည့်ကျော် တရက်နေ့၌ ထိုမိဂဒါဝုန်တော၌ပင် ပဌမဝါ ကပ်တော်မူ၏။ ။နှစ်ရက်နေ့၌ အရှင် ဘဒ္ဒိယ၊ သုံးရက်နေ့၌ အရှင်မဟာနာမ်၊ လေးရက်နေ့၌ အရှင်အဿဇိ၊ အစဉ်အတိုင်း သောတာပတ္တိဖိုလ်သို့ ရောက်ကြလေသဖြင့် ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ကြလေကုန်၏။ ။ဝါဆို လပြည့်ကျော် ငါးရက် နေ့၌ကား ငါးဦးသော ပုဂ္ဂိုလ်တို့ကို တပေါင်းတည်း စည်းဝေးစေ၍ “ရူပံ ဘိက္ခဝေ အနတ္တာ” အစရှိသည်ဖြင့် အနတ္တလက္ခဏာ သုတ်ကို ဟော တော်မူလျှင် ဒေသနာတော်အဆုံး၌ ရဟန္တာအဖြစ်သို့ ရောက်လေကုန်၏။

---

## ၆၃-ရှင်ယသ-စသော ပုဂ္ဂိုလ်များ အကြောင်း။

ဤသို့လျှင် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား, အနတ္တလက္ခဏာသုတ်တို့ကိုဟောတော်မူပြီး၍ မိဂဒါဝုန်တော၌သီတင်းသုံး နေတော်မူသောအခါ ဗာရာဏသီပြည်၌ သူဌေးကြီးသား ယသသည်

သုံးပါးသော ဥတုနှင့် လျောက်ပတ်သော ပြာသာဒ်သုံးဆောင်၌ အလှည့် အလည် မောင်းမမိဿံအပေါင်း ခြံရံလျက် ကာမဂုဏ်ငါးပါးကို ခံစား၍ နေသည်တွင် တနေ့သ၌ ယသသူဌေးသားသည် အခများတို့၏ ရှေးဦးစွာ နိုးလင့်၍ တညဉ့်ပတ်လုံး ထွန်းအပ်သော ဆီမီးယောင်ဖြင့် ကြည့်လိုက်လျှင် စည် စောင်း ညှင်း ပတ်သာ တူရိယာတို့ကို ပိုက်လျက် မှောက်ခုံ ပက်လက်၊ အရှက်မလွှမ်း၊ ပယမ်းပတာ၊ စက်ဆုပ်ရွံ့ပျို့ဘွယ်ရာ မသာ အလောင်းတွေကဲ့သို့ ခေါင်းချင်းဆိုင်၍ အိပ်နေကြသော သတို့သမီးတို့ကို မြင်လျှင် မိမိ၏ ပြာသာဒ်အပြင်ကို သုသာန်သင်းချိုင်းကဲ့သို့ မှတ်ထင်၍ "ဣဒံ ဥပဒ္ဒုတံ ဝတ ဘော"ဟု ဥဒါန်းကျူးရင့်၍ ရွှေခြေနင်းကို စီးလျက် ပြာသာဒ်အထက်မှ ဆင်းသက်၍ သွားလေလျှင် တံခါး ဟူသမျှကို နတ်တို့သည် ဖွင့်လှစ်၍ ပေးသဖြင့် အဆီးအတား မရှိဘဲ ဣသိပတနမည်သော မိဂဒါဝုန်တောသို့ ရောက်လေသော် မြတ်စွာဘုရားသခင်နှင့်တွေ့၍ တရားတော်ကို နာရသဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

နံနက် မိုးသောက်သောအခါ အဘ သူဌေးကြီးသည် သားပျောက်၍ ရွှေခြေနင်းရာကို အစဉ်လိုက်၍ ရှာလျှင် မိဂဒါဝုန်တောသို့ ရောက်လာ၍ မြတ်စွာဘုရားနှင့် တွေ့သောအခါ "အရှင်ဘုရား, အကျွန်ုပ်သား ယသကို မြင်ပါသလော"ဟု လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားသည် သူဌေးကြီး, ထိုင်ဦးလော့၊ သင်၏သား ယသကို မြင်ရလတ္တံ့"ဟု မိန့်တော်မူလျှင် သူဌေးကြီးသည် ရိုသေစွာထိုင်၍ မြတ်စွာဘုရား တရားတော်ကို နာရလျှင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။သူဌေးသား ယသလည်း မိမိ အဘအား ဟောသောတရားကို နာရသဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ကိုယ်တော်၏အနီး၌ တန်ခိုးဖြင့် ကွယ်ဝှက်၍ ထားအပ်သော သူဌေးသား ယသကို အဘ သူဌေးကြီးအား မြင်စေတော်မူလျှင် သူဌေးကြီးသည် "ချစ်သား ယသ,သင်၏အမိအား အသက်ရှင်ခြင်းကို ပေးလော့"ဟု ဆိုသောအခါ "သူဌေးကြီး, သင်၏သား ယသသည် ရှေးအခါနှင့် မတူပြီ၊ တစုံတခုသော အာရုံကို မပြုမယူမူ၍ အာသဝေါ ကင်းပြီးသော ရဟန္တာအဖြစ်သို့ ရောက်ပြီ"ဟု မိန့်တော်မူသဖြင့် သူဌေးကြီးသည် ချီးမွမ်းထောမနာပြု၍ ပင့်ဘိတ်ပြီးလျှင် အိမ်သို့ ပြန်လေ၏။ သူဌေးသား ယသလည်း ဧဟိဘိက္ခု ဥပသမ္ပဒ အဖြစ်သို့ ရောက်လေ၏။

နံနက်အခါ မြတ်စွာဘုရားသည် ရှင်ယသနှင့်တကွ အိမ်သို့ကြွတော်မူ၍ ရောက်လျှင် အရှင်ယသ၏ အမိနှင့် မယားတို့သည် ရှိသေစွာ ရှိခိုးလျက်နေသည်တွင် တရားအမြိုက် တိုက်ကျွေးတော်မူသဖြင့် အရှင်ယသ၏ အမိ၊နို့ဃနာ ဆွမ်းကို ကပ်လှူသော သုဇာတာသည်၎င်း, မယားသည်၎င်း ရှေးဦးစွာ တေဝါစိက သရဏဂုံတည်၍ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် မိဂဒါဝုန်တောသို့ ကြွတော်မူခဲ့၏။အရှင်ယသ၏ အဆွေခင်ပွန်းဖြစ်သော ဝိမလလည်း တယောက်၊သုဗာဟုလည်းတယောက်၊ ပုဏ္ဏဇိလည်းတယောက်၊ဂဝံပတိလည်းတယောက်၊ဤသူဌေးသား လေးယောက်တို့သည် မိမိတို့အဆွေ ရှင်ယသသည် ဆံမုတ်ဆိတ်ကိုပယ်၍ ရှင်ရဟန်းပြုကြောင်းကို ကြားသိလျှင်“ငါတို့လည်း ရှင်ယသကဲ့သို့ပင် ရှင်ရဟန်းပြုကြကုန်အံ့”ဟု မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တရားတော်ကို နာရသောအခါ သောတာပတ္တိဖိုလ်သို့ ရောက်ကြလေကုန်၏။ဧဟိဘိက္ခု ဥပသမ္ပဒ အဖြစ်သို့လည်း ရောက်ကြလေကုန်၏။

ထို့နောင် ရှင်ယသ၏ အဆွေဖြစ်သော ငါးကျိပ်သော သူတို့သည် “ငါတို့လည်း ရှင်ယသကဲ့သို့ ရဟန်းပြုကြကုန်အံ့”ဟု မြတ်စွာဘုရားထံ ချဉ်းကပ်၍ တရားတော်ကို နာရသောအခါ သောတာပတ္တိ ဖိုလ်သို့ ရောက်ကြလေကုန်၏။ဧဟိဘိက္ခု ဥပသမ္ပဒ အဖြစ်သို့လည်း ရောက်ကြကုန်၏။ ။ဤသို့လျှင် လောက၌ မြတ်စွာဘုရားနှင့် တကွ ပဌမဝါ တွင်ပင် ခြောက်ကျိပ် တယောက်သော ရဟန္တာတို့သည် ထင်ရှား ဖြစ်ကုန်၏။

တနေ့သ၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ခေါ်တော်မူ၍ “ငါ၏ချစ်သား ရဟန်းများတို့, ထိုထို မြို့ ရွာ နိဂုံး ဇနပုဒ်သို့ တကြောင်း တည်းသော ခရီး၌ နှစ်ပါးသော ရဟန်းတို့ မသွားမူ၍ အသီးအသီး လှည့်ပတ်သွားလာလျက် ပညာတည်းဟူသော မျက်စိ၌ ကိလေသာတည်း ဟူသော မြူနည်းပါးသော သတ္တဝါအား ငါဘုရား၏ ကောင်းခြင်းသုံး ပါးနှင့် ပြည့်စုံသော တရားတော်ကို ဟောကြားပြသ၍ သွန်သင်ဆုံးမ ကြလေ”ဟုစေလွှတ်တော် မူလိုက်လျှင် အသီးအသီး ခြောက်ကျိပ်သော ရဟန္တာ အရှင်မြတ်တို့သည် ထိုထို မြို့ ရွာ နိဂုံး ဇနပုဒ်သို့ ရောက်၍

ရောက်ရာရောက်ရာအရပ်၌ ထိုက်သည်အားလျော်စွာ တရားအမြိုက်ဆေး တိုက်ကျွေးတော်မူကြကုန်၍ ရှင်ရဟန်းပြုလိုသော သူတို့ကို မြတ်စွာဘုရားထံသို့သာ ဆောင်ခဲ့ရသဖြင့် ပင်ပန်းသည်ကို မြင်တော်မူ၍ မြတ်စွာဘုရားသခင်သည် "တုမှေဝ ဒါနိ"အစရှိသည်ဖြင့် "သင်တို့သည်သာ သရဏဂုံဖြင့် ရှင်ရဟန်း ပြုကြကုန်လော့"ဟု ခွင့်ပြု၍ လွှတ်တော်မူလိုက်၏။

ဥပသမ္ပဒကံမှာ သည်အခါကာလက သရဏဂုံဖြင့် မြောက်ကြ၏။ ။ နောက်မှ နုတ်တော်မူ၍ ဉတ္တိစတုတ္ထကံဖြင့် ခွင့်ပြုတော်မူ၏။

မြတ်စွာဘုရားလည်း ပုရိမဝါမှထတော်မူ၍ တန်ဆောင်မုန်း လပြည့်နေ့တိုင်အောင် မိဂဒါဝုန်တော၌ သီတင်းသုံး နေတော်မူပြီးလျှင် ဉရုဝေဠတောသို့ ကြွတော်မူ၍ တခုသောသစ်ပင်ရင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့သည် ထိုတောအုပ်၌ မင်းသြိုးတို့နှင့် တကွ မွေ့လျော်ပျော်ပါးကြရာ တယောက်သောသူအား မင်းသြိုးမရှိ၍ ထိုသူ၏အလို့ငှါ ပြည့်တန်ဆာမ တယောက်ကို ဆောင်၍လာသဖြင့် မွေ့လျော် ပျော်ပါးကြကုန်၏။ ထိုမင်းသား သုံးကျိပ်တို့၏ မွေ့လျော် ပျော်ပါး မေ့လျော့စဉ် ပြည့်တန်ဆာမသည် အဝတ်တန်ဆာ ဘဏ္ဍာ ပစ္စည်း ရပ်များကို ယူ၍ပြေးသွားလျှင် ထိုသုံးကျိပ်သော ယောက်ျား တို့သည် ထိုပြည့်တန်ဆာမကို လိုက်လံရှာဖွေကြရာ မြတ်စွာဘုရားနှင့် တွေ့၍"ဤအရပ်သို့ မိန်းမတယောက် ရောက်လာသည်ကို မြင်တော်မူပါသလော"ဟု လျှောက်ကြကုန်လျှင်"သင်တို့သည် အဘယ်ကို ရှာကြကုန်သနည်း" ဟု မိန့်တော်မူသည် ရှိသော် ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ ကလည်း မိမိတို့ဖြစ်ပုံ အလုံးစုံကို အကုန်ပြန်လျှောက်လျှင် ထိုအခါ မြတ်စွာဘုရားသည် "သင်တို့သည် သူတပါးကို ရှာခြင်းသည် မြတ်သလော၊မိမိကိုယ်ကို မိမိရှာခြင်းသည် မြတ်သလော"ဟု စသည်ဖြင့် တရား အမြိုက် တိုက်ကျွေးတော်မူလျှင် အချို့ကား သောတာပန်၊ အချို့ကား သကဒါဂါမ်၊ အချို့ကား အနာဂါမ် တည်ကြလေကုန်၍ ဧဟိဘိက္ခု ဥပသမ္ပဒ အဖြစ်သို့ ရောက်ကြလေကုန်၏။ ။ဤဘဒ္ဒဝဂ္ဂီ ရဟန်း သုံးကျိပ် တို့အားလည်း မြတ်စွာဘုရားသည် အသီးအသီး လွှတ်တော်မူလိုက်၏။

## ၆၄-ရှင်တသောင်တို့ အကြောင်း။

ထိုအခါ ဥရုဝေဠတော၌လည်း ဥရုဝေဠကဿပ, နဒီကဿပ,ဂယာကဿပဟူ၍ ရသေ့ညီနောင် သုံးယောက်တို့သည် အစဉ်အတိုင်း နေကြကုန်၏။ဥရုဝေဠကဿပကား ငါးရာသောရသေ့တို့၏ အကြီးအကဲတည်း။ နဒီကဿပကား သုံးရာသော ရသေ့တို့၏ အကြီးအကဲတည်း။ဂယာကဿပကား နှစ်ရာသော ရသေ့တို့၏ အကြီးအကဲတည်း။ ။မြတ်စွာဘုရားသည်လည်း ဘဒ္ဒဝဂ္ဂီ ရဟန်း သုံးကျိပ်တို့အား တရားအမြိုက်တိုက်ကျွေးတော်မူပြီးလျှင် ကိုယ်တော်တယောက်ထီးထီး ဒေသစာရီ ကြွချီတော်မူသည် ရှိသော် ဥရုဝေဠ ကဿပ၏ သင်္ခမ်းကျောင်းသို့ ရောက်တော်မူလျှင်"ငါ့ရှင် ကဿပ,သင်ဝန်မလေးသည်ဖြစ်အံ့၊ သင်၏ မီးတင်းကုပ်၌ တညဉ့်မျှ နေလိုပါသည်"ဟု မိန့်တော်မူသောအခါ ငါ့ရှင် ရဟန်းကြီး,ငါ့အား ဝန်မလေး၊ သို့ပင် ဖြစ်သော်လည်း မီးတင်းကုပ်၌ ပြင်းသော အဆိပ်ဒေါသရှိသော ကြမ်းကြုတ်သော နဂါးကြီးရှိသည်၊ ထိုနဂါးကြီးသည် သင့်ကို နှိပ်စက်လတ္တံ့"ဟု ဆို၏။ထိုအခါ မြတ်စွာဘုရားသည် "ငါ့ရှင်ကဿပ, နဂါးကြီးသည် ငါ့ကို မနှိပ်စက်နိုင်၊ သင်ကသာ ခွင့်ပေးပါလော့"ဟု မိန့်တော်မူပြန်လျှင် "ငါ့ရှင်ရဟန်းကြီး, သင်အလိုရှိလျှင် ချမ်းသာစွာ နေလော့" ဟု ခွင့်ပေးသောအခါ မြတ်စွာဘုရားသည်လည်း မီးတင်းကုပ်သို့ ဝင်လျက် ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။

ထိုအခါ နဂါးကြီးသည် ကြီးစွာသော အဆိပ်ဒေါသ လွှမ်းမိုး၍ အခိုးလွှတ်လျှင် မြတ်စွာဘုရားလည်း နဂါးကြီးအခိုးကို လွှမ်းမိုး၍ အခိုးလွှတ်တော်မူ၏။ထိုအခါ နဂါးကြီးသည် သည်းမခံနိုင်၍ ကြီးစွာသောအလျှံကို လွှတ်လျှင် မြတ်စွာဘုရားလည်း နဂါးကြီး၏ အလျှံကို နှိမ်နင်းတော်မူ၍ တေဇောကသိုဏ်းကို ဝင်စားတော်မူလျက် အလျှံ လွှတ်တော်မူ၏။ ထိုအခါ ရသေ့တို့သည် မီးတင်းကုပ်ကို ဝန်းရံ၍"အချင်းတို့,ရဟန်းကြီးသည် အလွန်အဆင်းလှလေစွ၊ နဂါးကြီး ညှဉ်းဆဲ၍ သေရှာလေတော့မည်"ဟု ဆိုကြကုန်၏။ မြတ်စွာဘုရားလည်း ထိုညဉ့်ကုန်၍ မိုးသောက်သောအခါ နဂါးကြီး၏ အပေါ်ရေ အတွင်းရေတို့ကို မပျက်စေမူ၍ တန်းခိုးကို ကုန်ခန်းစေပြီးလျှင် သပိတ်တော်၌ထည့်၍ ဥရုဝေဠကဿပအား "သင့်နဂါးကိုကြည့်လော့"ဟု ပြတော်မူ၏။ထိုအခါ ဥရုဝေဠကဿပသည်

"ဤရဟန်းကြီးကား တန်းခိုးအာနုဘော် ကြီးပါပေ၏၊ နဂါးကြီးကိုလျက် နှိမ်နင်းနိုင်ပါပေ၏၊ ငါကဲ့သို့ဖြင့် ရဟန္တာ မဟုတ်ချာလေ" ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားကိုလည်း "ဤအခရပ်၌ ပျော်သမျှ ကာလပတ်လုံး သီတင်းသုံး နေတော်မူပါ၊ အကျွန်ုပ်က ဆွမ်းလုပ် ကျွေးပါမည်"ဟု ပင့်ဘိတ်၏။ မြတ်စွာဘုရားလည်း ဥရုဝေဠ ကဿပ၏ သခ်မ်းအနီး တခုသောတောအုပ်၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ စာတု မဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် ညဥ့်သန်းခေါင်ယာမ် အခါ၌ အလုံးစုံသော တောအုပ်ကို ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေလျက် မြတ်စွာဘုရားထံ ချဉ်းကပ် ပြီးလျှင် ရိုသေစွာ ရှိခိုး၍ နေ၏။ ဥရုဝေဠကဿပလည်း နံနက်မိုးသောက် သောအခါ မြတ်စွာဘုရားထံ သွား၍ "ရဟန်းကြီး, ဆွမ်းစားချိန် တော်ပြီ၊ ကြွလော့၊ သန်းခေါင်ယာမ်က ရဟန်းကြီး၏ အရပ်လေးမျက်နှာအတို့၌ မီးပုံကြီးကဲ့သို့ ရပ်လျက်တည်သည်ကား အဘယ်သူနည်း"ဟု မေးလျှင် "ငါ့ရှင်ကဿပ,သန်းခေါင်ယာမ်က စာတုမဟာရာဇ် နတ်မင်းကြီးလေး ယောက်တို့သည် ငါဘုရားထံ ဆည်းကပ်လာကြသည်"ဟု မိန့်တော် မူ၏။ ထိုအခါ ဥရုဝေဠကဿပသည် "ဤရဟန်းကြီးသည် ဘုန်းတန်းခိုး အာနုဘော် ကြီးပါပေ၏။ စာတုမဟာရာဇ် နတ်မင်းကြီးတို့ စဉ်လျက် ဆည်းကပ်လာရ၏၊ ငါကဲ့သို့ဖြင့် ရဟန္တာမဟုတ်ရာလေ"ဟု ကြံ၍ မြတ်စွာဘုရားကို ပင့်ပြီးလျှင် ဆွမ်းလုပ်ကျွေးလေ၏။

မြတ်စွာဘုရားလည်း ကဿပဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် နေမြဲ တိုင်းသော အရပ်၌ နေတော်မူ၏။ ထိုညဥ့်သန်းခေါင်ယာမ်၌ သိကြားမင်းသည် အလုံးစုံသော တောအုပ်ကို ယက်ဝန်းကျင်မှ ထွန်းလင်း တောက်ပစေလျက် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရိုသေစွာ နေ၏။ နံနက် မိုးသောက်သောအခါ ဥရုဝေဠကဿပသည် မြတ်စွာဘုရားထံ လာ၍ "ရဟန်းကြီး, ဆွမ်းစားအံ့သော အခါတန်ပြီ၊ကြွလော့၊သန်းခေါင်ယာမ်က ရဟန်းကြီး၏အနီး၌ မီးပုံကြီးကဲ့သို့ ရှေးညဥ့် ထွန်းလင်းတောက်ပသော အရောင်ထက်တိုး၍ ထွန်းလင်းတောက်ပလျက် ဆည်းကပ်လာသည်ကား အဘယ်သူနည်း"ဟု မေးလျှင် "ငါ့ရှင် ကဿပ, သိကြားမင်းသည် ငါဘုရားထံ တရားနာအံ့သောငှါ ဆည်းကပ်လာသည်"ဟု မိန့်တော်မူ၏။

ထိုအခါ ဥရုဝေဠကဿပသည် ဤရဟန်းကြီးသည် ဘုန်းတန်းခိုး အာနုဘော် ကြီးပါပေ၏၊သိကြားမင်းစဉ်လျက် ဆည်းကပ်လာရ၏၊ငါကဲ့သို့ဖြင့် ရဟန္တာ မဟုတ်ရှာလေ”ဟု ကြံပြီးလျှင် ပင့်၍ ဆွမ်းလုပ်ကျွေးလေ၏။ မြတ်စွာဘုရားလည်း ကဿပ၏ ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် နေမြဲတိုင်းသော အရပ်၌ နေတော်မူ၏။

ထိုနေ့ညဉ့် သန်းခေါင်ယာမ်၌ ဗြဟ္မာကြီးသည် တောအုပ် အလုံးကို ရှေးထွန်းလင်း တောက်ပသော အရောင်ထက် ထွန်းလင်း တောက်ပစေလျက် ဆည်းကပ် ခစားလာ၏။ နံနက် မိုးသောက်သောအခါ ဥရုဝေဠ ကဿပလည်း လာ၍ “ရဟန်းကြီး, ဆွမ်းစားအံ့သော အခါတန်ပြီ၊ ကြွလော့၊ သင့်သန်းခေါင်ယာမ်က ရဟန်းကြီး၏ အနီး၌ မီးပုံကြီးကဲ့သို့ ရှေးထွန်းလင်း တောက်ပသော အရောင်ထက် ထွန်းလင်းတောက်ပလျက် ဆည်းကပ်လာသည်ကား အဘယ်သူနည်း”ဟု မေးလျှင်“ဗြဟ္မာကြီးသည် ငါဘုရား၏ တရားတော်ကို နာအံ့သောငှါ ဆည်းကပ် လာသည်” ဟု မိန့်တော်မူ၏။ ဥရုဝေဠကဿပလည်း“ဤရဟန်းကြီးသည် ဘုန်းတန်းခိုး အာနုဘော် ကြီးပါပေ၏၊ ဗြဟ္မာကြီးတို့စဉ်လျက် ဆည်းကပ်လာကြရ၏၊ ငါကဲ့သို့ဖြင့် ရဟန္တာမဟုတ်ရှာလေသည်”ဟု ကြံပြီးလျှင် မြတ်စွာဘုရား ကိုပင့်၍ ဆွမ်းလုပ်ကျွေးလေ၏။မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးတော် မူပြီးလျှင် နေမြဲတိုင်းသောအရပ်၌ နေတော်မူ၏။

တနေ့သ၌ အင်္ဂတိုင်း, မဂဓရာဇ်တိုင်းသူတို့သည် “ဥရုဝေဠကဿပ အား နက်ဖြန်ခါ များစွာသော ပူဇော်သက္ကာရကို ပြုကြကုန်အံ့”ဟု စီရင် ခန့်ခွဲကြကုန်၏။ ထိုအခါ ဥရုဝေဠကဿပအား ဤသို့သောဒ..ကြံဖြစ်၏။ “အင်္ဂတိုင်း, မဂဓရာဇ်တိုင်းသူတို့သည် နက်ဖြန် ငါ့အား များစွာသော ပူဇော်သက္ကာရကို ပြုအံ့သောငှါ လာကုန်လတ္တံ့၊ ထိုအခါ ရဟန်းကြီး လာ၍ ပရိသတ်တို့၏ အလယ်၌ တန်းခိုးပြာဋိဟာကို ပြလျှင် ရဟန်းကြီး အားသာ လာဘ်သပ္ပကာ ပေါများ ပြန့်ပြောလတ္တံ့၊ ငါတို့အား လာဘ် သပ္ပကာ ဆုတ်ယုတ်လတ္တံ့၊ အကယ်၍ နက်ဖြန် ရဟန်းကြီး မလာပါမူ ကောင်းလေစွ”ဟု အကြံဖြစ်၏။ထိုအကြံကို မြတ်စွာဘုရား သိတော်မူ၍ မိုးသောက်သောအခါ မြောက်ကျွန်းသို့ ကြွတော်မူလျက် ဆွမ်းခံတော် မူပြီးလျှင် အနဝတတ်အိုင်၌ သုံးဆောင်တော်မူ၍ နေ့သန့်ခြင်းကို ပြုတော်

မူ၏။ညချမ်းသော အခါ၌ကား သိပ်ကိုင်ကျွန်း၌ သာသနာတော် အရှည် တည်လတ္တံ့သည့်ကို မြင်တော်မူ၍ အလျား သုံးယူဇနာ, အနံ တယူဇနာ ရှိသော မဟာမေဃဝန် ဥယျာဉ်တည်လတ္တံ့သော အရပ်၌ စည်းဝေး ကုန်သော ဘီလူးတို့ကို သုတ်သင်ခြင်း၌ ကိုယ်တော်တိုင် သိပ်ကိုင်ကျွန်း သို့ ကြွတော်မူ၍ မဟိယင်္ဂဏစေတီ၏ ထီးတော် တည်လတ္တံ့သော အရပ်၌ ကောင်းကင်က ရပ်တော်မူလျက် အရပ်လေးမျက်နှာမှ လေနှင့် တကွသော မိုးသက်ကြီးကို သည်းထန်စွာ ရွာစေ၍ ဘီလူးတို့အား ထိတ် လန့်ခြင်းကို ဖြစ်စေတော်မူ၏။ ထိုအခါ ဘီလူးအပေါင်းတို့သည် "အရှင် ဘုရား, အကျွန်ုပ်တို့အား ချမ်းဧခြင်း ဘေးကို ငြိမ်းစေတော် မူပါ"ဟု လျှောက်လျှင်"သင်တို့သည် ငါ့အား နေရာကိုပေးကြကုန်လော့၊ချမ်းဧခြင်း ဘေးကို ငြိမ်းစေအံ့"ဟု မိန့်တော်မူသောအခါ ဘီလူးတို့သည် "အရှင် ဘုရား, ဤသိပ်ကိုင်ကျွန်းအလုံး၌ နေလော့၊ အကျွန်ုပ်တို့အား ချမ်းဧခြင်း ဘေးမှ ငြိမ်းခြင်းကိုသာ ပေးတော်မူပါ"ဟု လျှောက်လျှင် မြတ်စွာဘုရား သည် ကောင်းကင်မှ သက်တော်မူ၍ မဟိယင်္ဂဏ စေတီတော် တည် လတ္တံ့သော အရပ်၌ စမ္မခဏ်ကို ခင်းပြီးလျှင် သီတင်းသုံး နေတော်မူ၍ ဘီလူးအပေါင်းကို ပယ်ရှားလျက် သမာပတ်ကို ဝင်စားတော်မူ၏။ထိုအခါ များစွာသောနတ်တို့သည် စည်းဝေးရောက်လာကြကုန်၍ တရားတော်ကို ကြားနာရသဖြင့် အကုဋေမကသော နတ်တို့သည် မဂ်ဖိုလ်ကို ရကြလေ ကုန်၏။သုမနကူဋ်တောင်၌•နေသော သုမန နတ်မင်းသည်လည်း သောတာ ပတ္တိဖိုလ်သို့ ရောက်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် "ကိုယ်တော် အရှင်မြတ် ကြွသွားလျှင် ပူဇော်သက္ကာရပြုရစ်စရာ သနားတော်မူခဲ့ပါ"ဟု လျှောက်ထား တောင်းပန်လျှင် ဦးခေါင်းတော်ကို သုံးသပ်တော် မူ၍ ပြကပ်လျက် ပါလာသော တဆုပ်သော ဆံတော်ကို ပေးသနားတော် မူသဖြင့် ရွှေပန်းတောင်းနှင့်ခံ၍ မြတ်စွာဘုရား သီတင်းသုံး နေတော်မူရာ အရပ်၌ အထူးထူးသော ရတနာအပေါင်းတို့ဖြင့် စီအပ်သော ခုနစ်တောင် ပမာဏမြင့်သော မဟိယင်္ဂဏအမည်ရှိသော ဣန္ဒနီလာ စေတီကိုတည်၍ ရိုသေစွာ ဌာပနာပြီးလျှင် ကိုးကွယ်လေ၏။မြတ်စွာဘုရားလည်း ဆံတော် ဓာတ်ကို သုမန နတ်မင်းအား ပေးအပ်တော်မူခဲ့၍ ဥရုဝေဠတောသို့ ကြွ တော်မူခဲ့ပြီးလျှင် နေမြဲတိုင်းသော အရပ်၌ သီတင်းသုံး နေတော်မူ၏၊

ကဿပ ရသေ့လည်း အင်္ဂတိုင်း, မဂဓရာဇ်တိုင်းသူတို့၏ ပူဇော် သက္ကာရကို ခံပြီးနောက်၊ နောက်တနေ့နံနက် မိုးလင်းသောက်သောအခါ မြတ်စွာဘုရားထံ လာပြီးလျှင် "ရဟန်းကြီး,ယမန်နေ့က အဘယ်ကြောင့် မကြွလာသနည်း၊ငါတို့သည် ဆွမ်းပြင်ပြီးလျှင် မြှော်လင့်၍နေသည်" ဟု ဆိုလျှင် မြတ်စွာဘုရားသည် "ငါ့ရှင်ကဿပ,ရဟန်းကြီး မလာမူ ကောင်း လေစွ ဟု ကြံသည်မဟုတ်တုံလော၊ ထို့ကြောင့် ငါမလာမူ၍ ဥတ္တရကုရု ကျွန်းမှာ ဆွမ်းခံ၍ စားသည်"ဟု မိန့်တော်မူလျှင် ဥရုဝေဠကဿပလည်း "ဤရဟန်းကြီးကား ဘုန်းတန်းခိုးအာနုဘော် ကြီးပါပေ၏၊ငါ၏စိတ်အကြံ ကိုလျက် သိနိုင်ပေ၏၊ ငါကဲ့သို့ဖြင့် ရဟန္တာမဟုတ်ရှာလေ"ဟု ကြံပြီးလျှင် မြတ်စွာဘုရားကို ပင့်၍ ဆွမ်းလုပ်ကျွေး လေ၏။ မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် နေမြဲတိုင်းသောအရပ်၌ နေတော်မူ၏။

တနေ့သ၌ မြတ်စွာဘုရားအား ပံသုကူသင်္ကန်းကို ရ၍ ထိုပံသုကူ သင်္ကန်းကို "ငါသည် အဘယ်အရပ်၌ ဖွပ်ခြင်း လှမ်းခြင်းတို့ကို ပြုပါရအံ့ နည်း" ဟု ကြံတော် မူလျှင် မြတ်စွာဘုရား၏ အကြံတော်ကို သိ၍ သိကြားမင်းသည် ရေကန်ကိုငင်း, ကျောက်ဖျာကြီးကိုငင်း ဘန်ဆင်း၍ ဤအရပ်၌ ဖွပ်လျှော်ပါ ဟု ပေးလာ၏။ ရေခံတက်ပင်စောင့် နတ်သည် ဤကိုင်း၌ လှမ်းတော်မူပါ ဟု ခံတက်ပင်ကိုင်းကို ညွတ်၍ ပေးလာ၏၊နံနက် မိုးသောက်သောအခါ ဥရုဝေဠကဿပ ရောက်လာလျှင် ထိုရေကန် စသည်တို့ကို မြင်၍ "ရဟန်းကြီး, ဤအရပ်၌ ရှေးက ရေကန်လည်းမရှိ၊ ကျောက်ဖျာကြီးလည်း မရှိ၊ဤရေခံတက်ပင်ကိုင်းလည်း ဤကဲ့သို့ မညွတ်၊ အကြောင်း အဘယ်သို့နည်း"ဟု မေးလျှင် "ငါ့ရှင်ကဿပ, ငါဘုရား ပံသုကူ သင်္ကန်းကို ရ၍ အဘယ်အရပ်၌ ဖွပ်ခြင်း လျှော်ခြင်း, လှမ်းခြင်းတို့ကို ပြုရ ပါအံ့နည်း ဟု ကြံတော်မူလျှင် ငါ၏ အကြံတော်ကို သိ၍ သိကြားမင်း, ရေခံတက်ပင်စောင့်နတ်တို့သည် လာ၍ ဘန်ဆင်းလျက်ပေးလာသည်"ဟု မိန့်တော်မူသော အခါ ဥရုဝေဠ ကဿပသည် "ဤရဟန်းကြီးသည် ဘုန်းတန်းခိုးအာနုဘော် ကြီးပါပေ၏၊သိကြားနတ်ဘို့စဉ်လျက် ရဟန်းကြီး ၏ ကိစ္စကို ရွက်ဆောင်ကြပေကုန်၏၊ ငါကဲ့သို့ဖြင့် ရဟန္တာ မဟုတ်ရှာ လေ"ဟု ကြံပြီးလျှင် မြတ်စွာဘုရားကို ပင့်၍ ဆွမ်းလုပ်ကျွေး လေ၏။ မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးတော် မူပြီ လျှင် နေမြဲတိုင်းသော အရပ်၌ နေတော်မူ၏။

ဥရုဝေဠကဿပလည်း နံနက်မိုးသောက်သောအခါ "ငါ့ရှင်ရဟန်းကြီး, ဆွမ်းစားရန်လာလော့"ဟု ပင့်လာသောအခါ "ငါ့ရှင်ကဿပ, သွားနှင့်လော့ ငါလာခဲ့မည်"ဟု မိန့်တော်မူ၍ ဥရုဝေဠကဿပသည် အလျင်သွားနှင့်၏။ မြတ်စွာဘုရားလည်း ဥရုဝေဠကဿပ သွားသည် နောက် ကျွန်းဦးဇမ္ဗူသပြေပင်သို့ သွား၍ ဇမ္ဗူသပြေသီးကို ဆောင်၍ လာခဲ့သော် ဥရုဝေဠကဿပ၏ ရှေးဦးစွာ မီးတင်းကုပ်သို့ ရောက်တော်မူ၏။ဥရုဝေဠကဿပလည်း ရှေးဦးစွာ မီးတင်းကုပ်သို့ ရောက်တော်မူနှင့်သော မြတ်စွာဘုရားကို မြင်လျှင်"ရဟန်းကြီး, အဘယ်ခရီးဖြင့်လာ၍ ရှေးဦးစွာ ရောက်နှင့်သနည်း"ဟု မေးလျှင်"ငါ့ရှင်ကဿပ,ငါဘုရားသည် သင်၏ နောက်မှ ဇမ္ဗူသပြေပင်သို့ သွားလျက် ဇမ္ဗူသပြေသီးကို ဆောင်၍ သင်၏ ရှေးဦးစွာ ငါရောက်၏၊ဇမ္ဗူသပြေသီးကို သုံးဆောင်လော့"ဟု ပေးတော်မူ၏၊ထိုအခါ ဥရုဝေဠကဿပသည်"အကျွန်ုပ်တို့နှင့် မထိုက်တန်ပေ၊ ရဟန်းကြီးသာ သုံးဆောင် ပါလော့"ဟု ဆိုပြီးလျှင် "ဤရဟန်းကြီးသည် တန်ခိုးအာနုဘော် ကြီးပါပေ၏၊သို့ရာတွင် ငါကဲ့သို့ ဖြင့် ရဟန္တာ မဟုတ်ရှာလေ"ဟု ကြံပြီးလျှင် ဆွမ်းဖြင့် လုပ်ကျွေး၏။ မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးတော် မူပြီးလျှင် နေမြဲတိုင်းသော အရပ်၌ နေတော်မူ၏။ ။တနေ့သ၌ မြတ်စွာဘုရားသည် ဇမ္ဗူသပြေ ပင်၏ အနီး၌ ရှစ်ရှားသီးတို့ကို၊တနေ့သ၌ ဖန်ခါးသီးတို့ကို၊ တနေ့သ၌ တာဝတိံသာက ပင်လယ်ကသစ်ပွင့်တို့ကို၊ ဥရုဝေဠကဿပနောက်မှ ကြွတော်မူ၍ ဆောင်တော်မူပြီးလျှင် ရှေးဦးစွာ မီးတင်းကုပ်သို့ ရောက်တော်မူနှင့်လေ၏။ ထိုအခါ၌လည်း ဥရုဝေဠကဿပသည်"ဤရဟန်းကြီးသည် ဘုန်းတန်းခိုး အာနုဘော် ကြီးပါပေ၏၊ငါကဲ့သို့ဖြင့် ရဟန္တာမဟုတ်ရှာလေ"ဟု ကြံပြီးလျှင် ဆွမ်းဖြင့် လုပ်ကျွေးလေ၏။

တနေ့သ၌ ရသေ့တို့သည် မီးတို့ကို ပူဇော်အံ့သော်၌ ထင်းတို့ကို ခွဲသည်ရှိသော် ကွဲအောင် မတတ်နိုင်လျှင် မြတ်စွာဘုရားသည် ငါးရာသော ထင်းတို့ကို တပြိုင်နက် ဖရိဖရဲ ကွဲစေတော်မူ၏၊ ထို့နောင် ရသေ့တို့သည် မီးတို့ကို ညှိသည်ရှိသော် ညှိအောင် မတတ်နိုင်လျှင် မြတ်စွာဘုရားသည် ငါးရာသော မီးတို့ကို တပြိုင်နက် တောက်စေတော်မူ၏။ ထို့နောင် ရသေ့တို့သည် မီးတို့ကိုပူဇော်ပြီးလျှင် ငြိမ်းအောင် မတတ်နိုင်သော်

မြတ်စွာဘုရားသည် ငါးရာသော မီးတို့ကို တပြိုင်နက် ငြိမ်းစေတော်မူ၏။ ထိုအခါ၌လည်း ဥရုဝေဠကဿပသည် ဈေးကြီးမြဲကိုင်းကိုသာ ကြံလေ၏။

ရသေ့တို့သည် ဆောင်းကာလ တရသောနေ့၌ နေရဋ္ဌရာမြစ်သို့ ဆင်း၍ ရေငုပ်ခြင်း,ပေါ်ခြင်းတို့ကို ပြုကြကုန်၏။ မြတ်စွာဘုရားသည် ထိုရသေ့တို့ ရေမှတက်သောအခါ မီးကင်ရန် ငါးရာသော မီးမယ်ဖြူတို့ကို ဖန်ဆင်းတော်မူ၏။ရသေ့တို့ ရေမှ တက်သောအခါ၌ အသီးသီး မီးကင်ကြကုန်၏၊ထိုအခါ၌လည်း ဥရုဝေဠကဿပသည် ဈေးကြီးမြဲကိုင်း ကိုသာ ကြံလေ၏။ တနေ့သ၌ သည်းထန်စွာသော မိုးကြီးရွာလျှင် မြတ်စွာဘုရားသည် ထက်ဝန်းကျင်မှ ရေတို့ကို ပယ်ရှား၍ အလယ်၌ မြူတထောင်းထောင်းနှင့် စင်္ကြံကြွသွားလျက် နေတော်မူ၏။ထိုအခါ ဥရုဝေဠကဿပသည် "ရဟန်းကြီးကို ရေမမျောပါစေနှင့်"ဟု လှေဖြင့် များစွာသော ရသေ့တို့နှင့်တကွ လာလတ်သောအခါ ထက်ဝန်းကျင်မှ ရေတို့ကိုပယ်ရှား၍ စင်္ကြံကြွသွားလျက် နေတော်မူသည်ကို မြင်လျှင် "သင်ကား ရဟန်းကြီး မဟုတ်လော"ဟု မေး၏။ မြတ်စွာဘုရားသည်း "ဟုတ်၏"ဟု ဆိုတော်မူလျှင် ဥရုဝေဠကဿပသည် ဈေးနည်းအတူ အကြံဖြစ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ကဿပ ရသေ့သည် မိမိကိုသာ ရဟန္တာဟု ထင်မှတ်၍ ငါ့ကိုကား ရဟန်းကြီးသည် ဘုန်းတန်းခိုး အာနုဘော်ကြီးပါပေ၏၊ ငါကဲ့သို့ဖြင့် ရဟန္တာ မဟုတ်ရှာလေ ကြံသည်ကား အကြိမ်များလှလေပြီ၊ယခုအခါ ကဿပကို ထိတ်လန့်စေအံ့ ဟု ကြံတော်မူ၍ "ငါ့ရှင်ကဿပ, သင်ကား ရဟန္တာမဟုတ်၊ရဟန္တာ အဖြစ်သို့ ရောက်ကြောင်းတရားလည်း သင်၏ သန္တာန်ဝယ် တခံချည်မျှ မရှိ"ဟု မိန့်တော်မူလျှင် ဥရုဝေဠကဿပသည် ထိတ်လန့်ခြင်း သံဝေဂကိုရ၍ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်ပြီးလျှင်"အရှင်ဘုရား၏ ထံ၌ ရဟန်း ပြုလိုပါသည်"ဟု လျှောက်၏။ ၊မြတ်စွာဘုရားလည်း "ငါ့ရှင်ကဿပ, သင်သည် ငါးရာသော ရသေ့တို့၏ အကြီးအကဲ ဖြစ်ပေသည်။ ထိုရသေ့တို့ကို တိုင်ပင်ဦးလော့"ဟု မိန့်တော်မူလျှင် ကဿပရသေ့လည်း ငါးရာသော ရသေ့တို့နှင့် တိုင်ပင်လတ်သော် အတူတကွ သဘောညီမျှကြ၍၊ ဆံကျစ်,ပြာစစ်ထမ်းပိုး,မီးမွှေယောက်မ အစရှိသော အလုံးစုံသော ရသေ့တို့၏ ပရိက္ခရာ ဘဏ္ဍာ အသွယ်သွယ်ကို မြစ်ငယ်သို့ မျှောပြီးလျှင်

မြတ်စွာဘုရားထံ ချဉ်းကပ်လျက် ရဟန်းအဖြစ်ကို တောင်းပန်ကြကုန်လျှင် မြတ်စွာဘုရားသည် "ဧထ ဘိက္ခဝေါ" စသည်ဖြင့် ခေါ်တော်မူ၍ ဧဟိဘိက္ခု ရဟန်းတို့ချည်း ဖြစ်ကြကုန်၏။

နဒီကဿပလည်း မြစ်လယ်၌ မျောလာသော အလုံးစုံသော ရသေ့တို့၏ ပရိက္ခရာ ဘဏ္ဍာတို့ကို မြင်လျှင် "ငါ၏နောင်တော်သည် တစုံတခု ဘေးရန် ရှိလေသလော" ဟု သုံးရာသော ရသေ့တို့နှင့် တကွ လာ၍ ရောက်လျှင် "နောင်တော်ကဿပ, မြတ်သော အကျင့်လော" ဟု မေး၏။ "မြတ်သော အကျင့်" ဟု ဆိုလျှင်၊ သုံးရာသော ရသေ့တို့နှင့် တကွ နဒီကဿပသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်းပန်လေသော် မြတ်စွာဘုရားသည် "ဧထ ဘိက္ခဝေါ" စသည်ဖြင့် ခေါ်တော်မူ၍၊ ဧဟိဘိက္ခု ဥပသမ္ပဒ အဖြစ်သို့ချည်း ရောက်ကြလေကုန်၏။ ။ ဂယာကဿပလည်း နဒီကဿပနည်းတူ ရောက်လာ၍ နှစ်ရာသော ရသေ့တို့နှင့်တကွ မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရဟန်း အဖြစ်ကို တောင်းပန်လျှင် မြတ်စွာဘုရားသည် "ဧထ ဘိက္ခဝေါ" စသည်ဖြင့် ခေါ်တော်မူ၍ ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ချည်း ရောက်ကြ လေကုန်၏။ မြတ်စွာဘုရားလည်း ဥရုဝေဠ ကဿပ အစရှိသော တထောင်သော ရသေ့တို့ကို ဧဟိဘိက္ခု ဥပသမ္ပဒ အဖြစ်သို့ ရောက်အောင် ချီးမြှောက်တော် မူပြီးလျှင် ဥရုဝေဠတော၌ မွေ့လျော်တော်မူသမျှ ကာလပတ်လုံး သီတင်းသုံး နေတော်မူပြီးသောအခါ ရဟန်းတထောင် အခြံအရံနှင့် တကွ ကြွတော်မူ၍ ဂယာသီသအရပ်သို့ ရောက်တော် မူလျှင် ထို တထောင်သော ရဟန်းတို့အား အာဒိတ္တသုတ်ကို ဟောတော်မူသဖြင့် ဥရုဝေဠကဿပစသော တထောင်သော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

---

## ၆၅-ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း။

ဤသို့လျှင် မြတ်စွာဘုရားသည် ဂယာသီသအရပ်၌ မွေ့လျော်တော် မူသမျှ ကာလပတ်လုံး သီတင်းသုံး နေတော်မူပြီးလျှင် တောထွက်တော် မူစက "ဘုရားအဖြစ်သို့ ရောက်လျှင် အကျွန်ုပ်ပြည်သို့ ရှေးဦးစွာ ကြွတော် မူခဲ့ပါ" ဟု တောင်းပန်သောကြောင့် ရာဇဂြိုဟ်ပြည်သို့ ဥရုဝေဠကဿပ

စသော ရဟန်းတထောင် ခြံရံလျက် ကြွတော်မူ၍ ရောက်လျှင် ထန်းဘော ဥယျာဉ်ဝယ် တင့်တယ်သော အခက်အရွက်တို့နှင့် ပြည့်စုံသော သစ်ပင် ရင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ ဗိမ္ဗိသာရ မင်းကြီးသည်"အချင်း တို့,သာကီဝင် မင်းမျိုးတို့မှ ထွက်၍ ရဟန်းပြုသော အရှင်ဂေါတမသည် ငါတို့ ရာဇဂြိုဟ်ပြည်သို့ ကြွလာ၍ ထန်းဘောဥယျာဉ်၌ နေသတတ်၊ အရှင်ဂေါတမထံ ငါတို့ သွားကြကုန်အံ့"ဟု ဆို၍ တသိန်း တသောင်း အရေအတွက် ရှိသော မဂဓရောဇ်တိုင်းသား ပုဏ္ဏား သူကြွယ် တို့နှင့် တကွ မြတ်စွာဘုရားထံသို့ ချဉ်းကပ် လာကြကုန်ပြီးလျှင် ရှိသေစွာ မြတ်စွာဘုရားကို ရှိခိုး၍ နေကြကုန်၏။ ထိုပရိသတ် အပေါင်းတို့တွင် အချို့သော သူတို့သည် အကြံ ဖြစ်ကြကုန်၏။"အရှင်ဂေါတမ၏ အထံ၌ ဥရုဝေဠကဿပသည် မြတ်သော အကျင့်ကို ကျင့်လေသလော၊ အရှင် ဂေါတမသည် ဥရုဝေဠကဿပထံ၌ မြတ်သောအကျင့်ကို ကျင့်လေ သလော"ဟု အကြံ ဖြစ်ကြကုန်၏။

ထိုသူတို့၏ အကြံကို မြတ်စွာဘုရား သိတော်မူ၍ ဥရုဝေဠကဿပ အား"ကိံ မေ ဥရုဝေဠဝါသိ" အစရှိသော ဂါထာဖြင့်"ဥရုဝေဠအရပ်၌ သီတင်းသုံးနေလေ့ရှိသော ကဿပ,သင်သည် ရသေ့တို့၏ အကြီးအကဲ ဖြစ်လျက် အဘယ့်ကြောင့် မီးပူဇော်ခြင်းကို စွန့်ဘိသသနည်း"ဟု မေးတော်မူလျှင် ဥရုဝေဠကဿပသည်"ရူပေ သဒ္ဒေစ" အစရှိသော ဂါထာဖြင့်"ဘုန်းတော်ကြီးပေသော အရှင်ဘုရား,ရူပါရုံ, သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ တို့ကိုဂုင်း၊မိန်းမတို့ကိုဂုင်း၊ယဇ်ပူဇော်ခြင်းကြောင့် ရကုန်၏"ဟု ဆိုကုန်၏၊ဤအလုံးစုံသည် ခန္ဓာ ဟူသော ဥပဓိကင်းရာ နိဗ္ဗာန်၌ အညစ် အကြေး ဟုအကျွန်ုပ် သိသောကြောင့် ယဇ်ပူဇော်ခြင်း၌ မမွေ့လျော်ပါ" ဟု လျှောက်ပြီးလျှင် ရှိသေစွာ ပုဆစ်တုပ်၍ "ဘုန်းတော်ကြီးပေသော အရှင်ဘုရား, အရှင်ဘုရားကား အကျွန်ုပ်၏ ဆရာပေ၊ အကျွန်ုပ်ကား အရှင်ဘုရား၏ တပည့်ပါ"ဟု လျှောက်ပြီးလျှင် ထန်းတာဆင့်,နှစ်ဆင့်, သုံးဆင့်,လေးဆင့်,ငါးဆင့်,ခြောက်ဆင့်,ခုနစ်ဆင့် မြင့်အောင် ခုနစ်ကြိမ် ကောင်းကင်သို့ပျံတက်၍ တန်းခိုးပြာဋိဟာကို ပြလျက် ကောင်းကင်မှ သက်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ နေလေ၏။

ထိုအခါ လူများအပေါင်းတို့သည် "ဥရုဝေဠကဿပကား ဘပည့်၊ မြတ်စွာဘုရားကား ဆရာ"ဟု ကေန္တ သိကြကုန်သည်ဖြစ်၍ "ပြော်

အံ့ဘွယ်ရှိစွ၊ ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိအယူရှိသော မိမိကိုယ်ကိုသာ ရဟန္တာ ဟု ထင်မှတ်သော ဥရုဝေဠကဿပကိုလျှက် ဆုံးမနိုင်ပေ၏” ဟု မြတ်စွာ ဘုရားဂုဏ်ကို ချီးမွမ်းထောမနာ ပြုကြကုန်၏။ ထိုသို့ လူတို့ချီးမွမ်းကြ သော အသံကို ကြားလျှင် မြတ်စွာဘုရားသည် ဥရုဝေဠကဿပအား ယခုမှသာ ငါဆုံးမသည်မဟုတ်၊လွန်လေပြီးသော အခါကလည်း ဆုံးမခဲ့ ဘူးပြီ ဟု အတိတ်ကို ဆောင်တော်မူ၍ နာရဒဇာတ်ကို ဟောတော်မူပြီး လျှင် သစ္စာလေးပါးကို ပြတော်မူ၍ ဒေသနာတော် အဆုံး၌ ဗိမ္ဗိသာရမင်း ကြီးနှင့်တကွ တသိန်းသော လူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြ ကုန်၏။ တသောင်းသော လူတို့သည် ဥပါသကာ အဖြစ်ကို ကြားကြ ကုန်၏။

မှတ်ချက်အဋ္ဌကထာ၌ကား။ ။ကောဒသနဟုတေဟ် သဒ္ဓိံ သောတာပတ္တိ ဖလေ ပတိဋ္ဌာသိ-ဟု တသိန်း တသောင်းသော လူတို့သည် သောတာပတ္တိ ဖိုလ်သို့ ရောက်ကြောင်းကို ဆို၏။

ဗိမ္ဗိသာရ မင်းကြီးသည်လည်း သောတာပတ္တိဖိုလ်သို့ ရောက်ပြီးလျှင် “အရှင်ဘုရား, အကျွန်ုပ်သည် ရတနာသုံးပါးသို့ ဆည်းကပ်ပါ၏၊ နက်ဖြန် နံနက်လည်း အကျွန်ုပ်နန်းတော်သို့ သင်္ဃာတော်နှင့်တကွ ကြွတော်မူပါ၊ ဆွမ်းလုပ်ကျွေးလိုပါသည်”ဟု ပင့်ဘိတ်ပြီးလျှင် နန်းတော်သို့ ဝင်လေ၏။ နံနက် မိုးသောက်သောအခါ မြတ်စွာဘုရားသည် နောက်ပါ သင်္ဃာ တထောင်နှင့်တကွ မြို့တွင်းသို့ ဝင်တော်မူ၏။ထိုအခါ သိကြားမင်းသည် သူငယ်အသွင် ဘန်ဆင်း၍ မြတ်စွာဘုရား၏ ရှေ့ကသွားလျှက်။

ဒန္တော ဒန္တေဟိ သဟ ပုရာဏဇဋိလေဟိ၊
ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီနိက္ခသုဝဏ္ဏော ၁ ၊
ရာဇဂဟံ ပါဝိသိ ဘဂဝါ။ ။

မုတ္တော မုတ္တေဟိ သဟ ပုရာဏဇဋိလေဟိ၊
ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီနိက္ခသုဝဏ္ဏော၊
ရာဇဂဟံ ပါဝိသိ ဘဂဝါ။ ။

၁-သုဝဏ္ဏော-ဟု ပါဠိစာတ် အဋ္ဌကထာ စသည်တို့၌ ရှိသည်။

တိဏ္ဏော တိဏ္ဏော်ပတိ သဟ ပုရော်ကာဇ ဓိုလေဟိ၊
ဝိပ္ပမုတ္တော ဝိပ္ပမုတ္တော်ပတိ။
သိင်္ဃိနိက္ခသုဝဏ္ဏော၊
ရာဇဂဟံ ပါဝိသိ ဘဂဝါ။ ။
ဒသဝါသော ဒသဗလော၊
ဒသ ဓမ္မဝိဒူ ဒသဟိ စ ဉပေတော။
သော ဒသသတပရိဝါရော၊
ရာဇဂဟံ ပါဝိသိ ဘဂဝါ။ ။

ဟူ၍ လေးဂါထာဖြင့် သိချင်း သီဆို၏။

အနက်ကား။ ။ဒန္တော၊ယဉ်ကျေးသော နှလုံးရှိတော်မူထသော။ ဝိပ္ပမုတ္တော၊ ကိလေသာမှ လွတ်တော်မူပြီးထသော။ သိင်္ဃိနိက္ခသုဝဏ္ဏော၊ တနိက္ခ အခတိုင်းအချည်ရှိသော သိင်္ဃီရွှေဖြင့် ပြုအပ်သောရွှေပြား၏ အဆင်းနှင့် တူသော အဆင်း ရှိတော်မူထသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒန္တေဟိ၊ယဉ်ကျေးသောနှလုံး ရှိကုန်ထသော။ ဝိပ္ပမုတ္တေဟိ၊ကိလေသာမှ လွတ်မြောက်ကုန်ပြီးထသော။ ပုရာဏ ဇဋိလေဟိ၊ ရှေးရသေ့ဟောင်း ဖြစ်ကုန်သော ရဟန္တာတို့နှင့်။သဟ၊တကွ။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ ပါဝိသိ၊ဝင်တော်မူ၏။

မုတ္တော၊ သံသရာဝဋ်မှ ကင်းလွတ်တော်မူပြီးထသော။ ။တိဏ္ဏော၊ သံသရာရေအယဉ်မှ ကူးမြောက်တော် မူပြီးထသော။ ။[နောက်နည်းတူ ပေးလေ]။

ဒသဝါသော၊ အရိယာတို့၏ နေခြင်းလည်း ရှိတော်မူထသော။ ဒသ ဗလော၊ ကိုယ်အားဆယ်တန်၊ဉာဏ်အား ဆယ်ဝ၊ ဗလနှင့်လည်း ပြည့်စုံ တော်မူထသော။ဒသဓမ္မဝိဒူ၊ဆယ်ပါးသော ကုသိုလ်ကမ္မပထတို့ကိုလည်း သိတော်မူထသော။ဒသဟိစ၊ဆယ်ပါးသော အသေက္ခအင်္ဂါတို့နှင့်လည်း။ ဉပေတော၊ပြည့်စုံတော်မူထသော။ သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဒသသတပရိဝါရော၊ တထောင်သော ရဟန္တာ အပေါင်း ခြံရံလျက်။ ရာဇဂဟံ၊ရာဇဂြိုဟ်ပြည်သို့။ပါဝိသိ၊ဝင်တော်မူလေ၏။

**သင်္ဃီရွှေစသည်**။ ။"သိင်္ဃိနိက္ခသုဝဏ္ဏော" ဟူသောပါဠိ၌ သိင်္ဃီရွှေ ဟူသည်ကား သိင်္ဃီမည်သော ငါး၏ အဆင်းနှင့်တူသော ရွှေသည်ရင်း,

သိင်္ဂီမည်သောကျောက်မှ ဖြစ်သော ရွှေသည်၎င်း သိင်္ဂီရွှေ မည်၏။ ။ ထိုရွှေအပြားကား အဘိဓာန်၌။

၁-စာမိကရရွှေ။ ၃-ဇမ္ဗူရာဇ်ရွှေ။
၂-သာတကုမ္ဘရွှေ။ ၄-သိင်္ဂီရွှေ။

ဟူ၍ ရွှေ ၄-မျိုးကို ပြ၏။

ဝိမာနဝတ္ထု အဋ္ဌကထာ၌ကား။

ယထေဝဟိ မာနုသပရိဘောဂသုဝဏ္ဏေသု ယုတ္တကတော ဒသဂိဏံ သေဋ္ဌံ၊ ဒသဂိဏတော ဩကြုရပုန္နံ၊ တတော ယံကိဉ္စိ ဒိဗ္ဗံ သေဋ္ဌံ၊ ဧဝံ ဒိဗ္ဗသုဝဏ္ဏေသုပိ စာမိကရတော သာတကုမ္ဘံ၊ သာတကုမ္ဘတော ဇမ္ဗုနဒံ၊ ဇမ္ဗုနဒတော သိင်္ဂီသုဝဏ္ဏံ၊ တံ ဟိ သဗ္ဗသေဋ္ဌံ။

ယုတ္တကရွှေထက် ဒသဂိဏရွှေ မြတ်သည်၊ ဒသဂိဏရွှေထက် ဩကြုရပုန္နရွှေ မြတ်သည်၊ ဩကြုရပုန္န ရွှေထက် အမှတ်မရှိ နတ်တို့ သုံးဆောင်သော ရွှေမြတ်သည်၊ နတ်တို့ သုံးဆောင်သော ရွှေတို့တွင်လည်း စာမိကရ ရွှေထက် သာတကုမ္ဘရွှေ မြတ်သည်၊ သာတကုမ္ဘရွှေထက် ဇမ္ဗူရာဇ်ရွှေမြတ်သည်၊ ဇမ္ဗူရာဇ်ရွှေထက် သိင်္ဂီရွှေမြတ်သည် ကို ဆိုသည်။

ဤဝိမာနဝတ္ထု အဋ္ဌကထာအလိုအားဖြင့် ယုတ္တကရွှေ, ဒသဂိဏရွှေ,ဩကြုရပုန္နရွှေ,ဤရွှေသုံးပါးမှာ လူတို့သုံးဆောင်သောရွှေ၊ စာမိကရရွှေ, သာတကုမ္ဘရွှေ, ဇမ္ဗူရာဇ်ရွှေ, သိင်္ဂီရွှေ, ဤရွှေလေးပါးမှာ နတ်တို့ သုံးဆောင်သောရွှေ။ ။ ပေါင်း ခုနစ်ပါးတည်း။

လူတို့သုံးဆောင်သော ရွှေသုံးပါးတွင် ဒသဂိဏရွှေအရကို အမည် သာမညမတ္တကို မယူမူ၍ ဆယ်ပါးအပြား ရှိသော ရွှေဟု ယူလျှင် လူတို့သုံးဆောင်သော ရွှေဘဲ့ နှစ်ပါး ဖြစ်ရာ၏။ ။ဆယ်ပါး သဒ္ဒါကို အဋ္ဌကထာ၌ မထုတ်။ ။လောကီကျမ်းဂန် စာစောင်ငယ်တို့၌ အမှတ်

အသသား ရှေ့အပြားကား နှစ်ဆယ်တည်း။ ။နှစ်ဆယ်ဟူသော်ကား။

အရမတ်, အညာမတ်, အဠမတ်,နိရမတ်,နာရဏီ,နာရိကာ,နာရရဥ္တာ,နာလာရေ,အဏ္ဏရနိ,ဥရနိ,ဥရကုမ်,ဥတဝါ,သုဝဏ္ဏသာရ,သုဝဏ္ဏရာဂိ,သုဝဏ္ဏမဏိ, သုဝဏ္ဏရတ်,ခမ္ဗနာဒ, ဇာတရူပ, သိဂ်နိကာ, ဝိဟာနက။ ။ဤသည်လျှင် နှစ်ဆယ်တည်း။

တနည်း တဆဲ့နှစ်ပါးတည်း။ ။တဆဲ့နှစ်ပါး ဟူသော်ကား။ ။နိဗလံ, နာရဏီ, နာရဝေါ, နာဠိကာ, နာဠိရဥ္တာ, အဠနိ,အဠနိရဥ္တာ,အဇတာဝနိ,ဇာတရူပ,ဥရနိတာ, သိဂ်ဂီနိက်,ဇမ္ဗုရာဇ်။ ။ဤသည်လျှင် တဆဲ့နှစ်ပါးတည်း။

**ရှေ့အပြားကို စကားစပ်လျှင်း၍ ဆိုလိုက်သည်။**

မြတ်စွာဘုရားလည်း နန်းတော်သို့ ရောက်လျှင် ခင်းထား အပ်သော နေရာထက်၌ နေတော်မူ၏။ဗိမ္ဗိသာရမင်းကြီးလည်း သဃာတော်နှင့်တကွ မြတ်စွာဘုရားကို ရိုသေစွာ ဆွမ်းလုပ်ကျွေးပြီးသော် "မြတ်စွာဘုရားသည် အဘယ်အရပ်၌ ကိန်းဝပ်တော် မူခြင်းငှါ လျောက်ပတ်အံ့နည်း" ဟု ကြံဆင်ခြင်လျှင် "ငါ၏ ဝေဠုဝန်ဥယျာဉ်သည် ရွာနှင့်လည်း မနီးလွန်း မဝေးလွန်း၊ အလားအလာနှင့်လည်း ပြည့်စုံ၏။ မြတ်စွာဘုရားကို ဖူးလို တွေ့လိုသောသူတို့သည်လည်း အလွယ်တကူ ရောက်လွယ်၏။ ငါသည် ဝေဠုဝန်ဥယျာဉ်ကို ဘုရားအမှူးရှိသော သဃာတော်အား လှူရလျှင် ကောင်း၏"ဟု ကြံ၍ ရွှေကရားကို ကိုင်လျက် ဘုရားအမှူးရှိသော သဃာတော်အား ရေစက်သွန်းချ၍ ဝေဠုဝန်ဥယျာဉ်ကို လှူတော်မူ၏။ မြတ်စွာဘုရားလည်း ဝေဠုဝန် ဥယျာဉ်ကို အလှူခံတော်မူ၍ နန်းတော်မှ ထွက်ပြီးလျှင် ဝေဠုဝန် ဥယျာဉ်သို့ နောက်ပါ သဃာတထောင်နှင့်တကွ ကြွတော်မူ၍ သီတင်းသုံးတော်မူ၏။

---

## ၆၆-ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့ အကြောင်း။

ဤသို့လျှင် မြတ်စွာဘုရားသည် ဝေဠုဝန်ဥယျာဉ်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အနောမဒဿီ မြတ်စွာဘုရား လက်ထက်မှစ၍

အဂ္ဂသာဝက ပါရမီတော်ကို တသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ဆည်းပူး၍ ဖြည့်အပ်သော ပါရမီ ရှိသော အရှင်သာရိပုတ္တရာ အလောင်း, အရှင်မောဂ္ဂလာန်၏ အလောင်းတို့သည် ပုဏ္ဏားမျိုး၌ ဖြစ်၍ ဥပတိဿ, ကောလိတ ဟု ငယ်မည် တွင်လေသည်။ ထိုဥပတိဿ, ကောလိတ နှစ်ယောက်တို့သည် နှစ်ရာ့ငါးကျိပ်သော အခြံအရံနှင့်တကွ တောင်ထိပ်ပွဲသဘင်ကို ကြည့်အံ့ ဟု လာကြကုန်သည်ရှိသော် များစွာသော လူတို့ကိုမြင်၍ "ဤလူတို့သည် အသက်တရာ မပြည့်ခင်အတွင်း သေမင်း၏ ခံတွင်းသို့ ဧကန်မုချ ရောက်ကြကုန်လတ္တံ့"ဟု ကြံ၍ ပရိသတ်တို့သည် ဘဲသွားကြကုန်သည်ရှိသော် "အချင်း အသေ့, လောက၌ သေခြင်းသဘော ရှိသည်ရှိသော် မသေခြင်း သဘောလည်း ရှိရာ၏" ဟု အချင်းချင်းတိုင်ပင်လျက် သိဉ္စည်းပရိဗိုဇ်ကြီးထံ ဝင်ပြီးလျှင် ပရိဗိုဇ်ရဟန်း ပြုလေ၏။ သုံးရက် လေးရက် ရှိသောအခါ သိဉ္စည်းဆရာကြီး၏ ဉာဏ်အမြင်၌ အနှစ်သာရမမြင်၍ "ဆရာ၏ ဉာဏ်အမြင်သည် ဤမျှပင်လော" ဟု မေးလေ၏။ "ငါ၏ ဉာဏ်အမြင်သည် ဤမျှပင်တည်း" ဟု ဆိုလျှင် ဥပတိဿ, ကောလိတတို့သည် "အကြင်သူသည် ရှေးဦးစွာ အမြိုက်တရားကို ရ၏၊ ထိုသူသည် ပြောကြစေတမ်း" ဟု ကတိကဝတ်ထားပြီးလျှင် ထိုမှဤမှ ရှာစမ်း ရှာဖွေကြသည်ရှိသော် အရှင်သာရိပုတ္တရာ၏အလောင်း ဖြစ်သော ဥပတိဿသည် ရာဇဂြိုဟ်ပြည်တွင်းသို့ ငြိမ်သက်စွာသော ဣန္ဒြေဖြင့် ဆွမ်းခံ ဝင်လေသော် ပဉ္စဝဂ္ဂီငါးယောက်တွင် အငယ်ဆုံး ဖြစ်သော အရှင်အဿဇိမထေရ်ကို မြင်လျှင် ထိုပုဂ္ဂိုလ်၏ သန္တာန်၌ ဧကန်မုချ အရဟတ္တဖိုလ်တည်းဟူသော တရားထူးရှိရာ၏၊ ထိုပုဂ္ဂိုလ်သို့ ချဉ်းကပ်၍ အခွင့်သာသောအခါ ငါမေးအံ့ ဟု ကြံ၍ ရှင်အဿဇိမထေရ်၏ နောက်၌ အစဉ်တစိုက် လိုက်လေ၏။

အရှင်အဿဇိ မထေရ်လည်း ရာဇဂြိုဟ်မြို့တွင်းသို့ လှည့်ပတ်၍ ဆွမ်းခံပြီးလျှင် တခုသော နံရံခြေကို မှီလျက် ဆွမ်းဘုဉ်းပေးအံ့သောငှါ နေတော်မူ၏။ ထိုအခါ အရှင်သာရိပုတ္တရာ အလောင်းဥပတိဿသည် ဝတ်ကြီးဝတ်ငယ်ကို ရိုသေစွာပြု၍ အရှင်အဿဇိမထေရ် ဆွမ်းဘုဉ်းပေးပြီးလျှင် "ငါ့ရှင်,သင်သည် အဘယ်သူကို ရည်၍ ရဟန်းပြုသနည်း၊ သင်၏ ဆရာကား အဘယ်သူနည်း၊ အဘယ်သူ၏ တရားကို သင်နှစ်သက်သနည်း"ဟု မေးလျှင် အရှင်အဿဇိသည် "ငါ့ရှင်, သာကီဝင် မင်းမျိုးမှ

ရဟန်းပြုသော မြတ်စွာဘုရားကို ရည်၍ ငါရဟန်းပြု၏၊ ငါ၏ဆရာကား မြတ်စွာဘုရားတည်း၊ ထိုမြတ်စွာဘုရား၏ တရားကို ငါနှစ်သက်၏”ဟု ဆိုသော် “ငါ့ရှင်၏ ဆရာကား အသို့ အယူရှိသနည်း၊ အသို့ ဟောသနည်း”ဟု ထပ်၍ တဘန်မေးပြန်သော် “ငါ့ရှင်,ငါသည် သာသနာတော်၌ ရဟန်းပြုစသာ ဖြစ်ပေသည်၊ သင့်အား အကျယ်ကို ငါမဟောနိုင်”ဟု ဆိုလျှင် “အကျယ်ကို မလိုပါ၊ အကျဉ်းဖြင့်သာ ဟောတော်မူပါ” ဟု လျှောက်သော် အရှင်အဿဇိသည်။

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ ယော နိရောဓော၊ဧဝံ ဝါဒီ မဟာသမဏော။

ဟူသော ဂါထာကို ဟောတော်မူသဖြင့် လေးပါဒလုံး မဆုံးမီ နှစ်ပါဒ အခန်း၌ ရှင်သာရိပုတ္တရာ အလောင်းတော် ဥပတိဿသည် သောတာ ပတ္တိဖိုလ်သို့ ရောက်လေ၏။

ဂါထာအနက်ကား။ ။ယေ ဓမ္မာ၊အကြင်တရားတို့သည်။ ဟေတုပ္ပဘဝါ၊သမုဒယသစ္စာလျှင် အမွန်ရှိကုန်၏။တေသံ ဓမ္မာနံ၊ ထိုခန္ဓာငါးပါး တရားတို့၏။ ဟေတုံ၊ အကြောင်းဖြစ်သော သမုဒယသစ္စာကို။ တထာ ဂတော၊မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။တေသဉ္စ ဓမ္မာနံ၊ ထိုဒုက္ခသစ္စာ,သမုဒယသစ္စာနှစ်ပါးတို့၏။ယော နိရောဓော၊အကြင်ချုပ်ရာ ဖြစ်သော နိဗ္ဗာန်သည်။အတ္ထိ၊ရှိ၏။တဉ္စ၊ထိုနိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓ သစ္စာကိုလည်း။တထာဂတော၊ မြတ်စွာဘုရားသည်။အာဟ၊ ဟောတော် မူ၏။မဟာသမဏော၊ ငါတို့ဆရာ ရဟန်းဂေါတမသည်။ဧဝံ ဝါဒီ၊ဤသို့ အယူတော်ရှိ၏။

ဤသို့လျှင် ရှင်သာရိပုတ္တရာ အလောင်းဖြစ်သော ဥပတိဿသည် သောတာပတ္တိဖိုလ်သို့ ရောက်လေသော် အဆွေဖြစ်သောကောလိတထံသို့ ပြန်၍ ၎င်းဂါထာကို တဆင့်ဟောပြန်လျှင် အရှင်မောဂ္ဂလာန်၏ အလောင်း ဖြစ်သော ကောလိတသည်လည်း သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ။ ထိုအခါ ဥပတိဿကောလိတတို့သည် သိဉ္စည်းပရိဗိုဇ်ကြီးအား မြတ်စွာ ဘုရားထံသို့ သွားရန် ခေါ်သော်လည်း မနာမယူမူ၍ မိမိတို့ဘာပည့် နှစ်ရာ့ ငါးကျိပ်သော ပရိဗိုဇ်တို့ကိုယူ၍ မြတ်စွာဘုရားရှိရာ ဝေဠုဝန်ကျောင်း တော်သို့ သွားကြလေကုန်၏။

သို့ပြည်းပရိဗိုဇ်ကြီးလည်း ဥပတိဿ,ကောလိတတို့ ထွက်သွားလျှင် များစွာသော ပရိသတ်တို့ ပျက်ပြုန်း၍ နှလုံးသွေးအန်လေ၏၊ ထိုဥပတိဿ, ကောလိတတို့လည်း အခြံအရံ နှစ်ရာ့ငါးကျိပ်နှင့်တကွ ဝေဠုဝန်ကျောင်းတော်သို့ ရောက်၍ မြတ်စွာဘုရားထံ ချဉ်းကပ်သျက် ရဟန်းအဖြစ်ကို တောင်းပန်ကြကုန်လျှင် မြတ်စွာဘုရားသည် "ဧထ ဘိက္ခဝေါ" စသည်ဖြင့် ခေါ်တော်မူ၍ ဧဟိဘိက္ခုရဟန်းတို့ချည်း ဖြစ်ကြလေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် စရိက်အားလျော်စွာ တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ဥပတိဿ,ကောလိတ နှစ်ပါးတို့ကို ထား၍ နှစ်ရာ့ငါးကျိပ်သော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

အရှင်မောဂ္ဂလာန်သည် ရဟန်းဖြစ်သည်မှ ခုနစ်ရက်မြောက်၌ မြတ်စွာဘုရားဟောတော်မူအပ်သော ဓာတုကမ္မဋ္ဌာန်းကို နာရသဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အရှင်သာရိပုတ္တရာသည် ရဟန်းဖြစ်သည်မှ လခွဲမြောက်၌ သုကရခတလိုဏ်၌ နေသည်ရှိသော် မိမိ၏တူဖြစ်သော ဒီဃနခပရိဗိုဇ်အား ဝေဒနာပရိဂ္ဂဟသုတ်ကို မြတ်စွာဘုရားဟောလျှင် ဒေသနာကို အစဉ်လျှောက်၍ အရဟတ္တဖိုလ်သို့ ပေါက်လေ၏။ ထိုနေ့၌ပင်လျှင် မြတ်စွာဘုရားသခင်သည် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့အား အဂ္ဂသာဝက ရာထူးကိုပေးတော်မူ၍ ဩဝါဒပါတိမောက် ပြတော်မူ၏။

ထိုအခါ ရဟန်းတို့သည် ကဲ့ရဲ့ကြကုန်၏။ မြတ်စွာဘုရားသည် မျက်နှာကိုကြည့်လျက် အဂ္ဂသာဝကအရာကို ပေးသည်။ ပေးခြင်းပေးလျှင် ပဉ္စဝဂ္ဂီ ငါးယောက်တို့အား ပေးသင့်သည်၊ ထိုပဉ္စဝဂ္ဂီ ငါးယောက်တို့ကို မပေးလျှင်လည်း ယသထေရ် အမှူးရှိသော ငါးကျိပ်ငါးယောက်သော ရဟန်းတို့အား ပေးသင့်သည်၊ ထိုငါးကျိပ်ငါးယောက်သော ရဟန်းတို့အား မပေးလျှင်လည်း သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီရဟန်းတို့အား ပေးသင့်သည်၊ ထိုသုံးကျိပ်သော ဘဒ္ဒဝဂ္ဂီ ရဟန်းတို့အား မပေးလျှင်လည်း ဥရုဝေဠကဿပစသော ညီနောင် သုံးယောက်တို့အား ပေးသင့်သည်၊ ယခုမှာ မြတ်စွာဘုရားသည် ရှေးဦးစွာ ရဟန်းဖြစ်သောသူတို့ကို ပယ်၍ အလုံးစုံတို့၏ နောက်မှ ရဟန်းဖြစ်သော ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့အား အဂ္ဂသာဝကအရာကို ပေးသည်၊ မျက်နှာကြည့်သည် ဟု ကဲ့ရဲ့ကြကုန်၏။

ပြုခဲ့ကြကုန်သည်။ ထို့ကြောင့် ငါဘုရားသည်လည်း ယသအမှူးရှိသော ငါးကျိပ် ငါးယောက်သော သူတို့အား အဂ္ဂသာဝကအရာကို မပေးမူ၍ အရဟတ္တဖိုလ်ကိုသာပေးတော်မူသည်၊ငါဘုရား မျက်နှာကြည့်တော်မမူ။

**ဘဒ္ဒဝဂ္ဂီ ညီနောင်တို့-ရှေးအကြောင်း။**

သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီ ရဟန်းတို့သည်လည်း ရှေးဘုရားတို့၏ ထံ၌ အရဟတ္တဖိုလ်ကိုသာ တောင့်တ၍ ကုသိုလ် ကောင်းမှုကို ပြုခဲ့ကြဘူး သည်။နောက်ကာလ ဘုရားမပွင့်သော ကမ္ဘာဝယ် သုံးကျိပ်သော သေ သောက်ကြူး ယောကျ်ား ဖြစ်ကြ၍ တုဏ္ဍိလဝက်မင်း၏ အဆုံးအမ၌ တည်လျက် အနှစ်ခြောက်သောင်း ကာလပတ်လုံး ပဉ္စသီ ငါးပါးကို မကျိုး မပေါက် ကျင့်သုံး ဆောက်တည်ခဲ့ဘူးသည်။ ဤသို့လျှင် သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီ ရဟန်းတို့သည် အရဟတ္တဖိုလ်ကိုသာ တောင့်တ၍ ကုသိုလ် ကောင်းမှု ပြုခဲ့ကြသည်။ထို့ကြောင့် ငါဘုရားသည်လည်း သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီ ရဟန်းတို့အား အဂ္ဂသာဝကအရာကို မပေးမူ၍ အရဟတ္တဖိုလ် မျှကိုသာ ပေးတော်မူသည်၊ငါဘုရား မျက်နှာ ကြည့်တော်မမူ။

**ရှင်တသောင်းတို့-ရှေးအကြောင်း။**

ဥရုဝေဠကဿပ ညီနောင်သုံးယောက်တို့သည်လည်း အရဟတ္တဖိုလ် မျှကိုသာ တောင့်တ၍ ကုသိုလ်ကောင်းမှု ပြုခဲ့ဘူးသည်။ အဘယ်သို့ ပြုခဲ့ ဘူးသနည်း ဟူမူကား။ ။ဤဘဒ္ဒကပ် ကမ္ဘာမှ ကိုးဆဲ့နှစ်ကမ္ဘာထက်၌ ဖုဿ မြတ်စွာဘုရား ပွင့်တော်မူသည်။ထိုဖုဿ မြတ်စွာဘုရား၏ ခမည်း တော် မဟိန္ဒမင်းကြီးသည် မြတ်စွာဘုရားထံ ကပ်ပြီးလျှင် ငါ၏ သားကြီး ကား ဘုရား၊ငါ့ညီတော်၏သားကား ပဌမ အဂ္ဂသာဝက၊ ပုရောဟိတ်၏ သားကား ဒုတိယ အဂ္ဂသာဝက၊ငါ၏ ဘုရား, ငါ၏ တရား, ငါ၏ သင်္ဃာ တော်ဟု ကြိမ်၍ အသက်ရှည်သမျှ ကာလပတ်လုံး အမြဲလုပ်ကျွေးရပါမည် အကြောင်း တောင်းပန်လျှင် အခွင့်ရ၍ အမြဲလုပ်ကျွေးလေ၏။

တရံရောအခါ ပစ္စန္တရာဇ်၌ သူပုန်တို့ ထသဖြင့် ငြိမ်းစေခြင်းငှါ ဥရု ဝေဠကဿပ စသော ညီနောင် သုံးယောက်တို့၏ အလောင်းဖြစ်သော သားတော် သုံးယောက်ကို စေခိုင်းလိုက်၍ ပစ္စန္တရာဇ်၌ ဖြစ်သော ဘေး ရန်ကို တွန်းလှန်ပြီးပျက်လျက် ပြန်လည်ခဲ့သောအခါ ခမည်းတော်သည် ဒ.လွန်တရာ နှစ်သက်၍ သားတော်တို့မှာ အလိုရှိရာဆုကို ယူကြလော့ဟု

မိန့်တော်မူလျှင် သားတော် သုံးယောက်လည်း အခြားဆုကို မတောင်း၊ နောင်တော် မြတ်စွာဘုရားအား လုပ်ကျွေးလိုကြောင်းကို တောင်းဆိုကြလျှင် ဝါတွင်းသုံးလမျှသာရ၍ မင်းသားသုံးယောက်တို့သည် ကျိုးတို့ကိုငှင်း အမတ်တို့ကိုငှင်း ခေါ်စေ၍ "အမောင်တို့,ငါတို့သည် ဝါတွင်းသုံးလပတ်လုံး ဆယ်ပါးသီလကို ယူလျက် နှစ်ထည်သော ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ပြီးလျှင် မြတ်စွာဘုရားနှင့်တကွ နေခြင်းကို ပြုအံ့၊သင်တို့သည် ဒါနဝတ်ကို ဖြစ်စေ၍ ဝါတွင်း သုံးလပတ်လုံး နေ့တိုင်းနေ့တိုင်း ဘုရား အမှူးရှိသော ကိုးသောင်းသော ရဟန်း သင်္ဃာ တို့အားငှင်း တထောင်သော ယောကျ်ားတို့အားငှင်း ခဲဘွယ် ဘောဇဉ် တို့ဖြင့် လုပ်ကျွေးကြကုန်လော့၊ ငါတို့သည် ယနေ့မှစ၍ တစုံတခုကိုမျှ မဆိုကုန်ဟု မှာထားခဲ့၍ ယောကျ်ား အခြံအရံ တထောင်နှင့် တကွ ကျောင်းတော်သို့သွား၍ ဆယ်ပါးသီလ၌ တည်စေပြီးလျှင် ဝါတွင်း သုံးလပတ်သုံး နေလေကုန်၏။

ကျိုးသည်ငှင်း, အမှုခပ်သိမ်းကို စီရင်သော အမတ်သည်ငှင်း တပေါင်းတည်း ဖြစ်ကြ၍ သုံးယောက်သော မင်းသားညီနောင်တို့၏ ကျိုးမှ အလှည့်အလည်ယူ၍ ရှစ်သောင်း လေးထောင်သော အမှုလုပ်ယောကျ်ားတို့နှင့်တကွ ဒါနဝတ်ကို ဖြစ်စေကြကုန်၏။ ထိုသို့ ဖြစ်စေရာ၌ အမှုလုပ်သော ယောကျ်ားတို့သည်၊ မိမိတို့၏ သားသူငယ်တို့အား ရဟန်းသင်္ဃာ မရောက်မီ ယာဂုဘတ်စသည်တို့ကို ပေးကုန်၏။ မိမိတို့လည်း စားကြကုန်၏။ ထိုသူတို့သည် ထိုအကုသိုလ်ကံ၏ အကျိုးကြောင့် စုတေလေသော် ပြိတ္တာဘုံ၌ ဖြစ်လေကုန်၏။ ကျိုးသည် ယခုအခါ ဝိသာခါ ဒါယကာ ဖြစ်လာ၏။ ခပ်သိမ်းသော အမှုမျိုးကို စီရင်သော အမတ်သည် ဗိမ္ဗိသာရ မင်းကြီးဖြစ်လာ၏။ မင်းသား ညီနောင်သုံးယောက်တို့သည်လည်း ထိုဘဝမှ စုတေလေသော် ယောကျ်ား တထောင်နှင့်တကွ နတ်ပြည်၌ ဖြစ်လေ၍ ကိုးဆဲ့နှစ်ကမ္ဘာပတ်လုံး သံသရာ၌ ကျင်လည်ကုန်ပြီးလျှင် ယခုအခါ ဥရုဝေဠကဿပ,နဒီကဿပ, ဂယာကဿပ-ဟူ၍ ရသေ့ညီနောင်တို့ ဖြစ်လာကုန်၏။

•

ဤသို့လျှင် ဥရုဝေဠကဿပ စသော ညီနောင် သုံးယောက်တို့သည် အရဟတ္တဖိုလ်ကိုသာ တောင့်တ၍ ကုသိုလ်ကောင်းမှု ပြုခဲ့ကြကုန်သည်။

ထို့ကြောင့် ငါဘုရားလည်း ဥရုဝေဠကဿပ စသော ညီနောင် သုံးကျိပ် တို့အား အဂ္ဂသာဝက အရာကို မပေးမူ၍ အရဟတ္တဖိုလ်မျှကိုသာ ပေး တော်မူသည်၊ ငါဘုရား မျက်နှာ ကြည့်တော် မမူ။ ။သာရိပုတ္တရာ မောဂ္ဂလာန်တို့မှာ မူကား တသင်္ချေနှင့်ကမ္ဘာတသိန်းထက် အနောမဒဿီ မြတ်စွာဘုရား လက်ထက်ကပင် အဂ္ဂသာဝကဆုကို ပန်၍ အကြိမ်ကြိမ် အဘန်ဘန် ကုသိုလ်ကံ သမ္ဘာရတို့ကို ပြုခဲ့ကြကုန်သည်။ ထို့ကြောင့် သာရိပုတ္တရာ, မောဂ္ဂလာန်တို့အား အဂ္ဂသာဝက အရာကို ငါဘုရား ပေးတော်မူသည်၊ မျက်နှာကြည့်၍ ပေးတော်မူသည်မဟုတ် ဟု မိန့်တော် မူ၏။

---

## ၆၈-ရှင်ကောဏ္ဍညမထေရ် ပရိနိဗ္ဗာန် စံတော်မူခြင်း။

ဤသို့လျှင် လက်ျာရံ,လက်ဝဲရံ အဂ္ဂသာဝက ထင်ရှားပြီး နောက်ကာလ၌ မြတ်စွာဘုရား တရားတော် ဟောတော်မူသောအခါ လက်ျာနံပါး၌ ရှင်သာရိပုတ္တရာ၏ နေရာကို၊ လက်ဝဲနံပါး၌ ရှင်မောဂ္ဂလာန်၏ နေရာကို ခင်း၍ လက်ျာ, လက်ဝဲက ထိုမထေရ် နှစ်ဦးမှာ နေရာထူး နေရသည်။ ထိုနောင်မှ အရှင်ကောဏ္ဍည၏ နေရာကိုခင်း၍ အရှင်ကောဏ္ဍညမထေရ် နေသည်။ကြွင်းသော ရဟန်းတို့မှာ အရှင်ကောဏ္ဍည မထေရ်၏ ထက် ဝန်းကျင်မှ နေရသည်။ ထိုသို့ အစဉ်သဖြင့် နေကြရာတွင် အရှင်သာရိ ပုတ္တရာ, အရှင်မောဂ္ဂလာန် တို့သည် အရှင်ကောဏ္ဍည မထေရ်အား တရားဦးကို သိသောကြောင့်၎င်း, သိက္ခာဝါကြီးသောကြောင့်၎င်း, အထူး သဖြင့်အရိုအသေပြုကြကုန်၏၊ ရှက်စနိုးကြကုန်၏။ထိုအခါ ရှင်ကောဏ္ဍည မထေရ်သည် ဤသူတို့သည် နေရာဦး အလို့ငှါ တသင်္ချေနှင့် ကမ္ဘာ တသိန်း ကာလပတ်လုံး ပါရမီကို ဖြည့်ကျင့်ပေသည်၊ ထိုသူတို့သည် နေရာဦး၌ နေသည်ရှိသော် ငါ့ကို ရှက်စနိုးကြကုန်၏၊ငါသည် ထိုသူတို့၏ ချမ်းသာကို ပြုတော့အံ့ ဟု ကြံလျက် ကပိလဝတ်ပြည်သို့ သွား၍ နှမ တော် မန္တာနီ မည်သော ပုဏ္ဏားမသား တူတော်ပုဏ္ဏကို ရဟန်းခံပြီးလျှင် ပြန်ခဲ့၍ မြတ်စွာဘုရားထံ ကင်လျက် ဆိတ်ငြိမ်ရာအရပ်၌ နေလိုကြောင်း ကို တောင်းပန်လျှင် အခွင့်ရ၍ ဆဒ္ဒန်ဆင်တို့၏နေရာ မန္ဒာကိနီအိုင်သို့ ကြွတော်မူလေ၏။ တူတော် ပုဏ္ဏ မထေရ်မှာမူကား မြတ်စွာဘုရားကို

လည်း မဘူးမြင်ရသေး ဖြစ်၍ ကပိလဝတ်ပြည်က မြတ်စွာဘုရားကို စောင့်၍နေလေ၏။

မန္ဒာကိနီအိုင်ကား ယူဇနာငါးဆယ်ကျယ်၏။နှစ်ဆဲ့ငါးယူဇနာမျှသော အရပ်၌ ရေမှော်တို့သည် ကင်း၍ ဖလ်အဆင်းနှင့် တူ၏။ ထိုမှ ပြင်ပ၌ ပဒုမာကြာတော၊ထိုမှပြင်၌ ကုမုဒ္ဒြာကြာတော၊ထိုမှပြင်၌ ကြာညိုတော၊ ထိုမှပြင်၌ သလေးတော,ကြံတော,ဌက်ပျောတော,ပိန္နဲတော,သခွက်တော, ဇမ္ဗူ့သပြေတော,သီးတော,အစရှိသော စားကောင်းသော တောသစ်ပင် တို့သည် ထက်ဝန်းကျင်မှ ခြံရံကြကုန်၏။ မန္ဒာကိနီ အိုင်သို့ ရောက်တော် မူလျှင် ဂှစ်သောင်းသော ဆင်အပေါင်းတို့လည်း "ငါတို့၏ အရှင်သခင် သည် ကြွလာပြီတကား" ဟု ဝမ်းသာအားရ အလှည့်ကျ လုပ်ကျွေးကြ ကုန်သည်ဖြစ်၍ တဆဲ့နှစ်နှစ်တိုင်ပတ်လုံး ထိုအိုင်၌ သီတင်းသုံး နေတော်မူ ပြီး၍ မြတ်စွာဘုရားထံသို့ ကပ်လျက် ပရိနိဗ္ဗာန် စံလိုကြောင်း အခွင့် တောင်းပြီးလျှင် မိမိနေရာ မန္ဒာကိနီအိုင်သို့ ပြန်၍ ပရိနိဗ္ဗာန် စံတော် မူလေ၏။

ထိုအခါ လုပ်ကျွေးလှည့်ကျသော ဆင်သည် နံနက်စောစောကပင် ချက်သစ် ဒန်ပူစသည်တို့နှင့် သင်္ခမ်းကျောင်း၏ ပြင်ဘက်မှ စောင့်လင့်၍ နေသဖြင့် အချိန်ကာလလွန်လျှင် သင်္ခမ်းတံခါးကို ဖွင့်လှစ်၍ ကြည့်လတ် သော် ပရိနိဗ္ဗာန်စံမှန်းသိ၍ သည်းစွာသော အသံဖြင့် မြည်ကြွေးဟစ် အော်လေ၏။ဟိမဝန္တာတော အလုံးသည် မိုးချုန်းသောအသွင် ပဲ့တင် ထပ်လေ၏။ဂှစ်သောင်းသော ဆင်တို့သည် အကြီးခုံးဖြစ်သော ဆင်၏ ဦးခေါင်းသို့တင်၍ ဟိမဝန္တာတောအလုံးသို့ လှည့်လည်ကြပြီးလျှင် နေရာ ဟောင်းသို့ပြန်၍ ထားကြကုန်၏။ ။ထို့နောင်မှ သိကြားမင်းသည် ဝိသုကြုံနတ်သားကိုခေါ်၍ "အချင်းဝိသုကြုံနတ်သား, ငါတို့နောင်တော် ပရိနိဗ္ဗာန်စံပြီ၊ ယူဇနာကိုးရာရှိသော အလုံးစုံသော ရတနာဖြင့်ပြီးသော ပြာသာဒ်ကို ဘန်ဆင်းလော့" ဟု စေခိုင်း၍ ဘန်ဆင်းစေပြီးလျှင် မထေရ် အလောင်းကို ပြာသာဒ်၌တင်၍ ဆင်တို့အား အပ်ထားခဲ့၏။ ထိုအခါ ဆင်တို့သည် ပြာသာဒ်နှင့်တကွ ယူဇနာသုံးထောင်ရှိသော ဟိမဝန္တာ တောကို လှည့်လည်၏၊ထိုအခါ ဆင်တို့၏လက်မှ အာကာသဇိုစ်းနတ် တို့သည်ယူ၍ သာရက်ပင်ဒြွနသဘင် ဆင်ယင်ကျင်းပကြကုန်၏၊ထို့နောင်မှ ဝသလဝဠာဟာကနတ်သား, သီတဝဠာဟာကနတ်သား, ဥဏှဝဠာဟာက

နတ်သား,စာတုမဟာရာဇ်, တာဝတိံသာမှ စ၍ အစဉ်အတိုင်း ဗြဟ္မာတို့သည် လာကြကုန်၍ ပြာသာဒ်နှင့်တကွ အလောင်းတော်ကို မ၍ ဆင့်ကာဆင့်ကာ သာရက္ခိတ္တနသဘင် ဆင်ယင်ကြကုန်၏။ ဗြဟ္မာတို့ လက်မှ တဘန် ဆင်တို့ကိုအပ်ပြန်၏။

အလောင်းတော်ကို သင်္ဂြိုဟ်ရန် တယောက် တယောက်သော နတ်သားသည် စန္ဒကူး နှစ် လက်လေးသစ်စီ ဆောင်ကြကုန်သဖြင့် စန္ဒကူး နှစ် ထင်းပုံ ကိုးယူဇနာ မြင့်လေ၏၊ထိုအခါ အလောင်းတော်နှင့် တကွ ပြာသာဒ်ကို စန္ဒကူးထင်းပုံသို့တင်၍ သင်္ဂြိုဟ်ကြကုန်၏၊ ငါးရာသော အရှင်မြတ်တို့သည် ကောင်းကင် ခရီးဖြင့် ကြွလာ၍ ညဉ့်သုံးယာမ် ပတ်လုံး သရဇ္ဈာယ်ကြကုန်၏။ အရှင်အနုရုဒ္ဓါသည် တရားဟောတော်မူ၏၊ အရဟတ်တက်သော ကာလ မီးကိုငြိမ်းစေပြီးသော် ငါးရာသော ရဟန္တာအရှင်မြတ်တို့သည် မြတ်လေးလုံးအဆင်းနှင့်တူသော ဓာတ်တော်တို့ကို ယူတော်မူခဲ့၍ မြတ်စွာဘုရားလက်တော်သို့ ကပ်လျှင် ဝေဠုဝန် ကျောင်းတော် တံခါးမုခ်ဝ၌ ကိုယ်တော်တိုင် ဌာပနာတော်မူ၍ စေတီ တည်တော်မူသည်။

ဤကား သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ, ဇုဒ္ဒဝင် အဋ္ဌကထာ နှစ်ရပ်ကို စပ်၍ ရေးလိုက်သော အဓိပ္ပါယ်။ ဂေါတမီ ထေရီဂါထာ ကျမ်းနှင့်ကား မညီ။ ။မညီ ဟန်ကား။ ။သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ, ဇုဒ္ဒဝင် အဋ္ဌကထာတို့၌ ရှင်ကောဏ္ဍညသည် မြတ်စွာဘုရားနှင့် အတူတကွ မိဂဒါဝုန်တော၌ ပဌမဝါကပ်ပြီးလျှင် ဝါမှ ထ၍ ရာဇဂြိုဟ်ပြည်သို့ ရောက်သောအခါ မြတ်စွာ ဘုရားထံ ခွင့်ပန်လျက် ဆဒ္ဒန်အိုင်သို့သွား၍ တဆဲ့နှစ်နှစ် ရှိလျှင် ပရိနိဗ္ဗာန်ဝင်သည် ဟု ဆိုသောကြောင့် မိဂဒါဝုန် တောမှာ ကပ်သောဝါနှင့် တဆဲ့သုံးဝါတွင် ပရိနိဗ္ဗာန်ဝင် သည် ဟု သိသာသည်။ ။မြတ်စွာဘုရားသည်း ရှင် ကောဏ္ဍညနှင့် ဝါတူဖြစ်သောကြောင့် ရှင်ကောဏ္ဍည ပရိနိဗ္ဗာန်ဝင်သောအခါ မြတ်စွာဘုရားလည်း ဝါတော် တဆဲ့သုံးဝါမျှသာ ရှိသေးသည်ဟု တွက်ပုံရသည်။ ။

ဂေါတမီထေရီ ဂါထာပါဠိတော်၌ကား။ အသက်တရာ့နှစ်ဆယ်စေ့သော ဂေါတမီ ထေရီမ နိဗ္ဗာန်ဝင်သောကာလ ကောဏ္ဍည မထေရ်ရှိသေးသည် ဟု ဆို၏။ ဂေါတမီ ထေရီမ နိဗ္ဗာန်ဝင်သော ကာလ မြတ်စွာဘုရားလည်း ဝါတော်သုံးဆယ်ကျော်ပြီ။ ။သုံးဆယ်ကျော်ကြောင်းကို အထက်၌ဆိုလတ္တံ့။ ။ဤသို့လျှင် ကျမ်းချင်းမညီဟန်တည်း။ ရှင်ကောဏ္ဍည အခဏ်းကို ပရိနိဗ္ဗာန်စံသည်တိုင်အောင် ရှေ့ကိုလှမ်း၍ ဆိုလိုက်သည်။ ။

---

## ၆၉-ပိပ္ပလိလုလင်- မယ်ဘဒ္ဒါတို့ အကြောင်း။

ဤသို့လျှင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ ရှင်မဟာ ကဿပသည် မြတ်စွာဘုရားထံသို့ ရောက်လာ၏။ ။အဘယ်သို့ ရောက်လာသနည်း ဟူမူကား။ ။အရှင်မဟာ ကဿပ အလောင်းတော်သည် ကမ္ဘာတသိန်းထက် ပဒုမုတ္တရ မြတ်စွာဘုရားသခင် လက်ထက်၌ ဝေဒေဟ သူဌေး ဖြစ်စဉ်ကလျှင် ရတင်ကို ဆောင်နိုင်သောအရာ၌ ပတ္ထနာဆုပန်ပြီးလျှင် သံသရာ၌ ကျင်လည်လတ်သော် ငါတို့ မြတ်စွာဘုရားသခင် လက်ထက်၌ ဖြဟ္မဘုပြည်မှ သက်၍ မဂဓရောဇ်တိုင်း မဟာတိဌမည်သော ရွာ၌ ရှစ်ဆဲ့ရှစ်ကုဋေကြွယ်ဝသော ကပိလပုဏ္ဏားခ၏ သုမနဒေဝီမည်သော ပုဏ္ဏေးမဝမ်းဝယ် ပဋိသန္ဓေနေ၍ ဖွါးသောကာလ ပိပ္ပလိ ဟူသော အမည်ဖြင့် ထင်ပေါ် ကျော်စောလေ၏။ ။ဘဒ္ဒကာပိလာ ထေရီမ အလောင်းလည်း ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်က ထိုဝေဒေဟ သူဌေး၏ ခင်ပွန်းဖြစ်၍ ခုနှစ်ရက်ပတ်လုံး အလှူဒါနကိုပြု၍ ပဋိသမ္ဘိဒါသညာဏ်၏ ဌာနန္တရအရာကို ပတ္ထနာပြီးလျှင် သံသရာ၌ ကျင်လည်သည်ရှိသော် ငါတို့မြတ်စွာဘုရားသခင် လက်ထက်၌ ဗြဟ္မဘုပြည်မှ သက်၍ သာဂလမြို့၌ ကပိလမည်သော ပုဏ္ဏားခ၏ သုစိမတီမည်သော ပုဏ္ဏေးမဝမ်းဝယ် ပဋိသန္ဓေနေ၍ ဖွါးလေသော် ဘဒ္ဒါဟူသော အမည်ဖြင့် ထင်ပေါ် ကျော်စောလေ၏။

ပိပ္ပလိ လုလင်လည်း အရွယ်သို့ ရောက်သောအခါ အိမ်ယာထောင်စိမ့်သောငှါ မိဘတို့ တိုက်တွန်းသည်ကို "ငါသည် အိမ်ယာထောင်ခြင်း၌ အလိုမရှိ၊မိဘတို့ကို လုပ်ကျွေးအံ့၊မိဘတို့သေလွန်လျှင် ရဟန်းပြုအံ့"ဟု ဆိုသော်လည်း အကြိမ်ကြိမ် တိုက်တွန်းသောကြောင့် မိဘတို့စကားကို မလွန်ဆန်နိုင်၍ မရရာသော အမှတ်ဖြင့် "တထောင်သောရွှေစင်ကို မိန်းမရုပ်ထုလုပ်၍ ဝတ်စား တန်ဆာဆင်ယင်လျက် သည်ကဲ့သို့ မိန်းမကိုရလျှင် အိမ်ထောင်အံ့"ဟု ဆိုလေသော် ထိုအခါ မယ်တော်တို့သည်"ငါ့သားနှင့် ကောင်းမှုပြုဘက်ရှိရာ၏"ဟု ရှစ်ယောက်သော ပုဏ္ဏားတို့ကိုခေါ်၍ "ဤရွှေရုပ်နှင့် တူသော မိန်းမကိုတွေ့လျှင် ဤရွှေရုပ်ကို လက်ဆောင်ပြု၍ လာခဲ့ကြလော့"ဟု စေလွှတ်လိုက်၏။

ပုဏ္ဏား ရှစ်ယောက်တို့သည်လည်း ရွှေရုပ်ကိုထမ်း၍ ဇမ္ဗူဒိပါ မြေပြင်ဝယ် အကြင်အကြင်သို့သော မြို့ ရွာ နိဂုံးသို့ လှည့်ပတ်၍ ရှာလေသော် မဂဓရာဇ်တိုင်း သာဂလ မြို့ကြီးသို့ ရောက်ကြသောအခါ လူအများတို့ ရေချိုးရာ ရေဆိပ်အနီး၌ ရွှေရုပ်ကို ချထား၍ ပုဏ္ဏားရှစ်ယောက်တို့ နားနေစဉ် ထိုအခါ ဘဒ္ဒါ၏ အထိန်းသည် ရေဆိပ်သို့ သက်ဆင်းလာ၍ ထိုရွှေရုပ်ကို မြင်လျှင် မိမိသခင် ဘဒ္ဒါ ဟု ထင်မှတ်၍ "သခင်မကို ဤအရပ်သို့ ဘယ်သူဆောင်ယူခဲ့သနည်း"ဟု လက်ဝါးဖြင့် ပုတ်ခတ်မိမှ ရွှေရုပ်မှန်း သိလေသည်တွင် "အို မိခင်, ဤရွှေရုပ်နှင့်တူသော မိန်းမရှိသလော"ဟု မေးလျှင်"ဤရွှေရုပ်ထက် အဆရာထောင်မက သာလွန်၍လှသော ငါတို့အရှင်သမီးရှိသည်၊ တဆဲ့နှစ်တောင်တိုက်ခန်းတွင်း၌ ဆီမီးမထွန်းဘဲ လင်းစေနိုင်သည်"ဟု ဆိုလေသော် ပုဏ္ဏားရှစ်ယောက်တို့သည် ထိုအထိန်း မိန်းမကြီးကို ခရီးညွှန်ပြု၍ အိမ်သို့လိုက်လျက် အမိအဘတို့အား အကြောင်းမျိုးကိုကြားသော် မိဘတို့သည် သဘောပြုံ၍ အနိုင်အထက် မရှိဘဲလျက်နှင့် ထိမ်းမြားလေ၏။

ထိုသူနှစ်ယောက်တို့သည် ပန်းကုံးခြား၍ တခုတည်းသော နေရာ၌ ဗြဟ္မာ၏ နေခြင်းကဲ့သို့ သံဝါသကင်းလျက် လက်ဝဲ လကျာ ချမ်းသာစွာ နေကြကုန်၏။နေ့တိုင်း နေ့တိုင်း တဆဲ့နှစ်ကွမ်းစားသော ရွှေမှုန့်တို့ဖြင့် လိမ်းကျံပွတ်တိုက်ကုန်၏။ တနေ့သ၌ ပိပ္ပလိလုလင်သည် များစွာသော အခြံအရံနှင့်တကွ လယ်ထွန် မင်္ဂလာ ပြုရာအရပ်သို့ သွားလေလျှင် ထွန်ချောင်း၌ ပေါ်သော ပိုးမွှားတိရစ္ဆာန်တို့ကို ကျီး ငှက်ရဲတို့ စားသည်ကို

မြင်၍ "ဤအကုသိုလ်ကို အဘယ်သူ ခံရမည်နည်း" ဟု မေးလတ်သော် "အရှင်သားသာ ခံရလတ္တံ့"ဟု လျှောက်လျှင် "အဘယ်မူ၍ ဤအကုသိုလ်ကံတို့ကို ငါခံ၍ နေတော့အံ့နည်း၊ ဤစည်းစိမ်တို့ကို ဘဒ္ဒါအား အပ်နှင်း၍ ချက်ခြင်းရဟန်းပြုတော့အံ့"ဟု ကြံ၍ တောမှအိမ်သို့ ပြန်၍လာစဉ် အိမ်၌ ဘဒ္ဒါလည်း နှမ်းလှမ်းစေရာတွင် နှမ်းပိုးတို့ကို ကျီးငှက်တို့ စားသည်ကို မြင်လျှင် "ဤအကုသိုလ်ကို အဘယ်သူ ခံရအံ့နည်း"ဟု မေးသောအခါ အရှင့်သမီးသာ ခံရလတ္တံ့"ဟု ဆိုပေသော် "ငါသည် ဤအကုသိုလ်ကို ခံ၍ မနေပြီ၊ ပိပ္ပလိလုလင်အား ဤစည်းစိမ်တို့ကို အပ်နှင်း၍ ချက်ခြင်းရဟန်းပြုတော့အံ့"ဟု ကြံ၍ နေနှင့်လေ၏။

ပိပ္ပလိလုလင်လည်း အိမ်သို့ရောက်လျှင် "အဘယ်ဘဒ္ဒါ, သင်၏အိမ်မှာ သုံးဆောင်ရန် ၄၅စ်သောင်းဖြင့်ထိုက်သော ဘဏ္ဍာတို့ကိုင်၎င်း ဤအိမ်၌ ရှိသော နှစ်ဆဲ့ခုနစ်ကုဋေသောဥစ္စာ ယန္တရားဖွဲ့သော ကန်ခြောက်ဆယ်၊ တဆဲ့နှစ်ယူဇနာရှိသော လယ်တာ၊ အနုရာဓမြို့ပမာဏရှိသော တဆဲ့လေးရသော ကျွန်အမှုလုပ်ရွာ၊ ထိုရွာ၌ရှိသော ဆင်း မြင်း ရထား၊ ဤအလုံးစုံသော ဘဏ္ဍာပစ္စည်းရပ်များကို သင့်အား အပ်ထားခဲ့၏။ ငါကား ရဟန်းပြုတော့အံ့"ဟု ဆိုလျှင် ဘဒ္ဒါသည် "အရှင့်သား, အကျွန်ုပ်လည်း အရှင့်သားကို မြော်လင့်၍ နေပါသည်၊ အကျွန်ုပ်လည်း ရဟန်းပြုပါအံ့"ဟု ဆို၍ အလိုတူကြသဖြင့် တယောက်ဆံကို တယောက်ရိတ်လျက် ရဟန်းပြုပြီးလျှင် ကျွန်အမှုလုပ်တို့ မသိစေဘဲ များစွာသော ဘဏ္ဍာပစ္စည်းရပ်တို့ကို စွန့်ထားခဲ့၍ အတူတကွ ထွက်ခဲ့ကြကုန်၏။ လမ်းခရီးသို့ ရောက်သောအခါ ဘဒ္ဒါကို စွန့်သွားရလျှင် ကောင်း၏.ဟု ကြံ၍ အတန်ငယ် သွားပြီးလျှင် ခရီးနှစ်ကြောင်းကို တွေ့၍ "အဘယ်ဘဒ္ဒါ, ခရီးဘကြောင်းကို သင်ယူလော့"ဟု ဆိုလျှင် "အရှင့်သား,မိန်းမတို့မည်သည် ရဟန်းတို့၏ အညစ်အကြေး ဖြစ်ပေသည်၊ အရှင့်သားမှာ ယောကျ်ား ဖြစ်သောကြောင့် လကျ်ာခရီးကို ယူပါလော့၊ အကျွန်ုပ်မှာ လက်ဝဲခရီးကို ယူပါအံ့"ဟု ဆို၍ လကျ်ာရစ်လှည့်၍ ရိုသေစွာ ရှိခိုးပြီးလျှင် တယောက်တကွဲ သွားကြလေကုန်၏၊ ထိုအခါ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးသည် မြင်းရိရဲ စကြာဝဠာ စသော တော တောင်တို့ကို ငါရွက်ဆောင်နိုင်၏၊ ထိုသူနှစ်ယောက်တို့၏ ဂုဏ်ကျေးဇူးကို ငါမရွက်ဆောင်နိုင် ဟု ဆိုဘိသကဲ့သို့ ပြင်းစွာ တုန်လှုပ်ခြင်း, အကာလ အခါ၌ မိုးလုံး ကြိုးစွာရွာခြင်း,

စကြဝဠာ မြင်းမိုရ် တော တောင်တို့ တုန်လှုပ်ခြင်း အစရှိသည်တို့ဖြင့် ကြီးစွာသော နိမိတ်တို့သည် ထင်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ကြီးစွာသောနိမိတ်တို့ ထင်သောကြောင့် ဆင်ခြင်တော်မူလျှင် ပိပ္ပလိလုလင်လာကြောင်းကို သိတော်မူ၍ "ထိုလုလင်အား ငါချီးမြှောက်ခြင်းသည် သင့်၏" ဟု ကြံတော်မူ၍ ဝေဠုဝန်ကျောင်း ဂန္ဓကုဋိတိုက်မှ ထွက်တော်မူ၍ ကိုယ်တော် တယောက် ထီးထီးသာလျှင် သုံးဂါဝုတ်ကွာသောရာဇဂြိုဟ်ပြည်နှင့်နာလိန္ဒတိုင်း၏အကြား ဗဟုပုတ္တက အမည်ရသော ပညောင်ပင်ရင်း၌ အတောင်ရှစ်ဆယ်မျှသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူလျက် နေတော်မူ၏။ ပိပ္ပလိလုလင်လည်း မြတ်စွာဘုရားကိုမြင်လျှင် "အရှင်ဘုရားကို ရည်မှန်း၍ အကျွန်ုပ်ရဟန်းပြုပါသည်" ဟု ရိုသေစွာ ချဉ်းကပ်လျက် ရှိခိုး၍ နေသည်တွင် "ချစ်သား ကဿပ, သင့်အား ဗုဒ္ဓဒါယဇ္ဇကို ငါပေးအံ့" ဟု သုံးပါးသော ဩဝါဒဖြင့် ပဉ္စင်းအဖြစ်သို့ ရောက်စေတော်မူပြီးလျှင် ကြွတော်မူ၍ တခုသော သစ်ပင်ရင်းသို့ ရောက်သောအခါ ထိုင်တော်မူအံ့သော အခြင်းအရာကို ပြတော်မူလျှင် ရှင်မဟာကဿပသည် မိမိ၏ဒုကုဋ်ကို ခင်း၍ ထိုဒုကုဋ်၌ ထိုင်တော်မူလျက် "ချစ်သား ကဿပ, သင်၏ ဒုကုဋ်သည် နူးညံ့သိမ်မွေ့လှ၏" ဟု ချီးမွမ်းတော် မူလျှင် "အရှင်ဘုရား, အကျွန်ုပ်အား သနားသည်ကို အကြောင်းပြု၍ ဤဒုကုဋ်ကို ခံတော်မူပါ" ဟု လျှောက်၏။ "ချစ်သား ကဿပ, ငါ၏ ပံသုကူသင်္ကန်းကို ဆောင်နိုင်ပါမည်လော၊ ဤပံသုကူသင်္ကန်းကို ကောက်သောအခါ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီ မြေကြီး တုန်လှုပ်သည်" ဟု မိန့်တော်မူလျှင် "ငါသည် ဆင်ပြောင် ငါးစီးအားကို ဆောင်နိုင်သည်၊ ဤအားကိုရည်၍ မိန့်တော်မမူ၊ ဤသင်္ကန်းနှင့် လျော်စွာ ကျင့်ဝတ်ကို ကျင့်နိုင်ပါမည်လော ဟု မေးတော်မူသည်" ဟု သိ၍ "စွမ်းနိုင်ပါ၏ဘုရား" ဟု လျှောက်လျှင် မြတ်စွာဘုရားသည် ကိုယ်တော်၏ ပံသုကူ သင်္ကန်းနှင့် လဲလှယ်တော်မူ၍ သုံးဆောင်တော်မူ၏။ ရှင်မဟာကဿပလည်း ရတင် တေရသကို ဆောင်၍ ခုနစ်ရက် လွန်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ရတင်ကို ဆောင်သောအရာ၌လည်း ဧတဒဂ် ထားတော်မူ၏။

ဘဒ္ဒါမှာလည်း တယောက်ထီးထီး သွားလေသော် ထိုအခါ ဘိက္ခုနီမတို့ မရှိသေး၍ ပရိဗိုဇ်မတို့၏ ကျောင်းသို့ဝင်၍ ငါးနှစ်ပတ်လုံး နေပြီးမှ

ဘိက္ခုနီမတို့ထံ ဝင်၍ တရားကို အားထုတ်လျှင် ရဟန္တာ ထေရီမ အဖြစ်သို့ ရောက်လေ၏။

---

## ၇၀-သုဒ္ဓေါဒနမင်းကြီး သား-ဘုရားကို ပင့်ခြင်း။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် မြတ်စွာဘုရားသခင်သည် ၅၆သာရိပုတ္တရာ, ၅၆မောဂ္ဂလာန် အစရှိသော ရဟန်းသံဃာအပေါင်း ခြံရံလျက် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် နေတော်မူသောအခါ သုဒ္ဓေါဒန မင်းကြီးသည် ဘုရားလောင်း တောထွက်တော်မူသည်မှစ၍ သတင်းစကားကို နားထောင်လျက် နေသောကြောင့် သားတော် သိဒ္ဓတ်မင်းသားသည် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်လျက် ဘုရားဖြစ်၍ ရာဇဂြိုဟ်ပြည်သို့ ရောက်ကြောင်းကို ကြားသိလျှင် အမတ်တယောက်ကို ခေါ်တော်မူ၍ "အချင်းအမတ်, သင်သည် ယောကျ်ား တထောင်ကို ယူ၍ ရာဇဂြိုဟ်ပြည်သို့ သွားလျက် ငါ့စကားဖြင့် အရှင်ဘုရား ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် အိုမင်းသော အရွယ်သို့ ရောက်ချေပြီ၊ သားတော်ဘုရားကို မဘူးမြင်ရသည်ကား ကာလရှည်လျားလှပါပြီ၊ ဘူးမြင်လိုပါသည်၊ ကြွတော်မူပါ ဟု လျှောက်ပင့်ချေ"ဟု စေလွှတ်တော်မူလိုက်၏။

ထိုအမတ်လည်း ယောကျ်ား တထောင်နှင့်တကွ ရာဇဂြိုဟ်ပြည်သို့ သွား၍ ရောက်လျှင် ဝေဠုဝန်ကျောင်းတော်သို့ ဝင်သည်ရှိသော် ပရိသတ်တို့၏ အလယ်၌ တင့်တယ် လျောက်ပတ်စွာ တရားဟော၍ နေခိုက်နှင့် ကြုံကြိုက်သဖြင့် ပရိသတ်တို့၏ အစွန်အပျားက နေလျက် တရားနာကြကုန်လျှင် အကြီးအကဲ ဖြစ်သော အမတ်နှင့်တကွ တထောင်သော ယောကျ်ားတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။ သုဒ္ဓေါဒန မင်းကြီးက စေလွှတ်အပ်သော အကြောင်းကို တစုံတယောက်သောသူမျှ မြတ်စွာဘုရားကို မလျှောက် မကြားကြဘဲ လျစ်လျူရှု၍ ရဟန်းပြုလိုကြောင်းကို လျှောက်ကြကုန်လျှင် မြတ်စွာဘုရားသည် "ဧထ ဘိက္ခဝေါ" စသည်ဖြင့် ခေါ်တော်မူ၏။ တထောင်သော ယောကျ်ားတို့သည် ဧဟိ ဘိက္ခု ဥပသမ္ပဒအဖြစ်သို့ ရောက်ကြလေကုန်၏။ သုဒ္ဓေါဒန မင်းကြီးထံသို့

အကြောင်း ဤကဲ့သို့ ဟု တစုံတယောက်သောသူမျှ မပြန်မကြားမူ၍ မြတ်စွာဘုရား ခြေရင်းတော်၌သာ နေကြကုန်၏။

သုဒ္ဓေါဒန မင်းကြီးသည်လည်း သားတော် မြတ်စွာဘုရားကို ပင့်၍ လာမည်ဝေးစွ၊ သတင်းစကားကိုမျှ မကြားရ၍ အမတ်တယောက်လျှင် ယောကျ်ား တထောင်စီနှင့် ၉စ်ယောက်သော အမတ်တို့ကို ထပ်ခါ ထပ်ခါ လွှတ်တော်မူ၏။ထိုအလုံးစုံသော ၉စ်ထောင်သော ယောကျ်ားတို့ သည် မြတ်စွာဘုရား တရားတော်ကိုနာရ၍ အရဟတ္တဖိုလ်သို့ ရောက်ကုန် လျှင် "ဧထ ဘိက္ခဝေါ" စသည်ဖြင့် ခေါ်တော်မူ၍ ဧဟိဘိက္ခု ဥပသမ္ပဒ အဖြစ်သို့ ရောက်ကြလေကုန်၏။

သုဒ္ဓေါဒနမင်းကြီးလည်း အမတ်ကိုးယောက်နှင့်တကွ ဖိုလ်ကိုးထောင် သာကုန်၍ တစုံတခုသော သတင်းစကားကိုမျှ မကြားရ၊ ငါ၏ နန်းတော်၌ ငါကို ချစ်သောသူမရှိ၍ သတင်းစကားကိုမျှ မကြားလာကြကုန်၊ အဘယ် သူသည် ငါ၏သားတော် မြတ်စွာဘုရားကို ပင့်၍ ပေးနိုင်ပါမည်နည်း ဟု ဖိုလ်ထု၏ အလယ်၌ ကြည့်ရှုသည်ရှိသော် ကာဠုဒါယီအမတ်ကို မြင်၍ ဤကာဠုဒါယီ အမတ်သည် ငါ၏သားတော်နှင့် ငယ်စဉ်တောင်ကြေး ကလေးကပင် အတူပျော်ပါး ကစားဘက်ဖြစ်၍ အလွန်လျှင် အကျွမ်းဝင် သည်၊ မြတ်စွာဘုရားကို ပါအောင် ပင့်၍ ပေးနိုင်ရာ၏ ဟု အကြံဖြစ်၍ "အချင်း ကာဠုဒါယီအမတ်, ရာဇဂြိုဟ်ပြည်၌ စံနေတော်မူသော ငါ၏ သားတော် မြတ်စွာဘုရားကို အပင့် စေလွှတ်ပါသော်လည်း ဖိုလ် ကိုးထောင်သာ ကုန်၍ တစုံတခုသော သတင်းစကားကိုမျှ မကြားရ၊ အမောင်သည် ငါ၏သားတော် မြတ်စွာဘုရားကို ပါအောင်ပင့်၍ ပေးနိုင် ပါမည်လော"ဟု မေးတော်မူလျှင် "အရှင်မင်းကြီး, အကယ်၍ အကျွန်ုပ် အား ရဟန်းအဖြစ်၌ ခွင့်လွှတ်ပါလျှင် စွမ်းနိုင်ပါ၏"ဟု တင်လျှောက်၏။ "အချင်း ကာဠုဒါယီအမတ်, အမောင်မှာ ရဟန်းပြုလိုလျှင်ပြု၊မပြုလိုလျှင် နေ၊ငါ၏ သားတော်ကိုသာ ပါအောင်ပင့်၍ ပေးပါလော့"ဟု မိန့်တော်မူ လျှင် "ကောင်းပါပြီဘုရား"ဟု အာမခံပြီးလျှင် ယောကျ်ားတထောင်နှင့် တကွ ကာဠုဒါယီအမတ်သည် ရာဇဂြိုဟ်ပြည်သို့ သွား၍ ရောက်လျှင် ဝေဠုဝန်ကျောင်းတော်သို့ ဝင်သည်ရှိသော် တရားတော်ကို နာရ၍ အရ ဟတ္တဖိုလ်သို့ ရောက်လျှင် "ဧထ ဘိက္ခဝေါ" စသည်ဖြင့် ခေါ်တော်မူ၍

ကာဠုဒါယီ အမတ်နှင့်တကွ တထောင်သော ယောကျ်ားတို့သည် ဧဟိဘိက္ခု ဥပသမ္ပဒအဖြစ်သို့ ရောက်ကြလေကုန်၏၊

ဤသို့လျှင် ကာဠုဒါယီအမတ်ရောက်၍ လေးငါးရက်မြောက် တပေါင်းလပြည့်နေ့၌ ဤသို့လျှောက်၏။ “အရှင်ဘုရား,ယခုအခါသည် ဆောင်းလကုန်၍ နွေလသို့ရောက်ပါပြီ၊မြေကြီးတို့သည်လည်း စိမ်းစိုသော မြက်သစ်ပင်တို့ဖြင့် ဖုံးလွှမ်းပါပြီ၊လမ်းခရီးလည်း သာယာပါပြီ၊ အထူးထူးသော ပန်းတို့သည်လည်း ပွင့်ပါကုန်ပြီ၊ အသီးကိုဆောင်ကုန်သော သစ်ပင်တို့လည်း အသီးကို ဆောင်ပါကုန်ပြီ” ဤသို့စသောအားဖြင့် ထောမနာဂါထာခြောက်ဆယ်တို့ဖြင့် ချီးမွမ်း၍ မြတ်စွာဘုရားသခင်အား ဆွေတော်မျိုးတော်တို့၏နေရာ ကပိလဝတ်ပြည်သို့ ကြွတော်မူပါမည်အကြောင်းကို လျှောက်လေ၏။

ဂါထာခြောက်ဆယ်သည် ဗုဒ္ဓဝင် အဋ္ဌကထာ၌ လာ၏၊ ကျယ်လွန်းမည်စိုး၍ မရေးလိုက်သည်။

## ၇၁-ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း။

မြတ်စွာဘုရားသည် “ကောင်းပြီ ငါ့ရှင်ကာဠုဒါယီ, ဆွေတော်မျိုးတော်တို့၏ နေရပ် ကပိလဝတ်ပြည်မြတ်သို့ ကြွတော်မူအံ့၊သံဃာတို့အား ကြားလော့၊ဂမိယဝတ်ကို ပြုကြကုန်လော့ ဟု မိန့်တော်မူလျှင် ကာဠုဒါယီမထေရ်လည်း သံဃာတော်တို့အားကြား၍ ဂမိယဝတ်ကို ပြုကုန်ပြီးလျှင် နှစ်သောင်းသော ရဟန္တာသံဃာတော်နှင့်တကွ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ထွက်တော်မူ၍ ယူဇနာ ခြောက်ဆယ်ကွာသော ခရီးကို တနေ့လျှင် တယူဇနာ မလျှင်လွန်းသော ဒေသစာရီဖြင့် ကြွတော်မူ၏။

ကာဠုဒါယီ မထေရ်သည်လည်း မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှ ထွက်တော်မူသည်ကို ကြားနှင့်အံ့ ဟု ကောင်းကင်ခရီးဖြင့်ကြွ၍ သုဒ္ဓေါဒနမင်းကြီး၏ ရှေ့တော်၌ တည်၏၊ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် ကာဠုဒါယီမထေရ်ကို မြင်လျှင် အလွန်ပင်နှစ်သက် ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ မြတ်သောနေရာထက်၌ နေစေပြီးလျှင် အထူးထူးသော ဘောဇဉ်တို့ဖြင့် သပိတ်ကိုပြည့်စေ၍ ကပ်လှူ၏၊ ကာဠုဒါယီ မထေရ်လည်း

ကြွတော်မူအံ့သော အခြင်းအရာကိုပြလျှင် "အရှင်ဘုရား၊ သုံးဆောင်တော်မူပါ" ဟု လျှောက်၍ "မြတ်သောမင်းကြီး၊ ဘုရားသခင်အထံသို့ သွားအံ့" ဟု ဆိုသည်ရှိသော် "အရှင်ဘုရား မြတ်စွာဘုရား အဘယ်မှာနည်း" ဟု မေးသည်ရှိသော် "မြတ်သောမင်းကြီး၊ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်က ထွက်၍ ရဟန်းအပေါင်း နှစ်သောင်းခြံရံလျက် ကြွလာပြီ" ဟု ဆိုလျှင် သုဒ္ဓေါဒနမင်းကြီးသည် အတိုင်းထက်အလွန် ရွှင်လန်းနှစ်သက်သည်ဖြစ်၍ "အရှင်ဘုရား၊ အရှင်ဘုရားမှာ ဤနန်းတော်ကပင် ဘုဉ်းပေး သုံးဆောင်၍ ကြွတော်မူပါ။ အကျွန်ုပ်၏သား မြတ်စွာဘုရားသည် ဤမြို့သို့ ရောက်သည်တိုင်အောင် နေ့တိုင်းနေ့တိုင်း နန်းတော်ကဆွမ်းကို ဆောင်တော်မူပါလော့" ဟု လျှောက်လျှင် ကာဠုဒါယီမထေရ်လည်း ကောင်းပြီဟု အာမခံ၍ ရာဇဂြိုဟ်ပြည်မှ ထွက်သောနေ့ကစ၍ ကပိလဝတ်ပြည်သို့ ရောက်သောနေ့တိုင်အောင် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်က ဆွမ်းကို မြတ်စွာဘုရားထံ ဆောင်၏။

မြတ်စွာဘုရားလည်း ခရီးအကြား၌ တပါးသော သူတို့ဆွမ်းကို ဘုဉ်းပေးတော်မမူ၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ဆွမ်းကိုသာ ဘုဉ်းပေးတော်မူ၍ နှစ်လဖြင့် ယူဇနာခြောက်ဆယ်ကွာသော ကပိလဝတ်နေပြည်တော်ကြီးသို့ နောက်ပါ သင်္ဃာတော်အပေါင်း နှစ်သောင်း အခြံအရံနှင့်တကွ ရောက်တော်မူ၏။ သာကီဝင် မင်းအပေါင်းတို့သည်လည်း ဘုရားသခင် ကြွလာတော်မူကြောင်းကို ကြားလျှင် နိဂြောဓသာကီဝင်မင်း၏ ဥယျာဉ်ကို သုတ်သင်ရှင်းလင်း၍ ခရီးဦးကြိုဆိုကြပြီးလျှင် နိဂြောဓသာကီဝင်မင်း၏ ဥယျာဉ်တွင်းသို့ မြတ်စွာဘုရားသခင်ကို ပင့်ကြကုန်၏။ မြတ်စွာဘုရားလည်း ခင်းထားအပ်သော ဘုရားနေရာ၌ ရဟန်းအပေါင်း နှစ်သောင်းခြံရံလျက် တင့်တယ်လျောက်ပတ်စွာ နေတော်မူ၏။

---

## ၄၂-ဗုဒ္ဓဝံသ ဒေသနာကို ဟောတော်မူခြင်း။

ထိုအခါ သာကီဝင်မင်းတို့သည် မာန်မာန ခက်ထန်ကုန်သည်ဖြစ်၍ "သိဒ္ဓတ်မင်းသားကား ငါတို့အောက်ငယ်သည်၊ ငါတို့၏ညီ ငါတို့၏သား ငါတို့၏တူသာ တကား" ဟု ရှိမခိုးမူ၍ သူငယ်တို့ကိုသာ ရှိခိုးကြကုန်လော့ ဟု ဆို၍ နောက်၌ နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသခင်

သည် သာကီဝင်မင်းတို့၏ အဇ္ဈာသယကို မြင်တော်မူ၍ "ငါ၏ဆွေတော်မျိုးတော်တို့သည် မိမိတို့၏ အချည်းစည်း အလိုအလျောက် ကြီးပွါးသဖြင့် မာန်မာန ခက်ထန်လွန်းရိုး၍ ရှိမခိုးကြကုန်၊ ဤငါ၏ ဆွေတော်မျိုးတော်တို့သည် ဘုရားဟူ၍ အဘယ်သို့သဘောရှိသည်၊ ဘုရား၏အားသည် အဘယ်သို့ဟူ၍ မသိကြကုန်၊ယခုအခါ ငါဘုရား၏အားငါဘုရား၏တန်းခိုးပြာဋိဟာကို ပြအံ့၊ကောင်းကင်၌ စင်္ကြံဝဋ္ဋာ တသောင်းအပြန့်ကျယ်သော ရတနာစင်္ကြံကို ဘန်ဆင်းအံ့၊ ထိုရတနာ စင်္ကြံ၌ကြွတော်မူ၍ တရားဟောအံ့"ဟု ကြံတော်မူ၏။ထိုသို့ ကြံတော်မူကာမှုဖြင့် ဘုရားအကြံတော်ကို သိ၍ ဗုဒ္ဓဗိုလ်းနတ်တို့သည် နှစ်လိုဝမ်းသာကြော်ငြာကြကုန်၏။ဗုဒ္ဓဗိုလ်းနတ်တို့၏ အသံကိုကြား၍ အာကာသဗိုလ်းနတ်တို့သည်၊ အာကာသဗိုလ်းနတ်တို့၏ အသံကိုကြား၍ အန္တဝလာဟကနတ်သားတို့သည်၊အန္တဝလာဟက နတ်သားတို့၏ အသံကိုကြား၍ ဥဏှဝလာဟက နတ်သားတို့သည်၊ ဥဏှဝလာဟက နတ်သားတို့၏ အသံကိုကြား၍ သီတဝလာဟကနတ်သားတို့သည်၊ ဤသို့ အဆင့်အဆင့်ကြား၍ ဗြဟ္မာ့ပြည်တိုင်အောင် ဝမ်းမြောက်ဝမ်းသာ ကြော်ငြာကြကုန်၏။

ကြံတော်မူသော အခြားမဲ့၌ မြတ်စွာဘုရားသည် ပါဒကတ-ကသိုဏ်းကို ဝင်စားတော်မူ၍"စကြဝဠာ တသောင်းအတွင်းသည် အလင်းဖြစ်စေသတည်း"ဟု မိန့်တော်မူလျှင် စကြဝဠာတသောင်းအတွင်း၌ အထက်အောက် ဟင်းလင်းအတိ ဖြစ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် တသောင်းသော စကြဝဠာ အတွင်း၌ အလင်းပျံ့နှံ့သည်ကိုပြု၍ အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စားတော်မူ၍ ထတော်မူပြီးလျှင် ကောင်းကင်သို့ ပျံတက်တော်မူလျက် ဆွေတော်မျိုးတော်တို့၏ ဦးခေါင်း၌ ခြေမှုန့်တို့ကို ကြဲဖြန့်တော်မူသကဲ့သို့ပြု၍ ကြီးစွာသော နတ်လူပရိသတ်တို့ အလယ်၌ ရေမီးအစုံအစုံသော တန်းခိုးပြာဋိဟာကို ပြတော်မူ၏။ တန်းခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် ရှု၍မညီးဘွယ်ရာ ရတနာစင်္ကြံတော်ကို စကြဝဠာ တသောင်းအတွင်းဝယ် မြင်းမိုရ်တောင်တို့ကိုတိုင်ကဲ့သို့ပြု၍ ထိုမြင်းမိုရ်တောင်တို့၏ အထက်၌ ဘန်ဆင်းတော်မူပြီးလျှင် စင်္ကြံကြွတော်မူလေ၏။

၄ ထိုအခါ စာတုမဟာရာဇ် တာဝတိံသာ စသော နတ်တို့သည် ရောက်လာကြကုန်၍ ပန်းနံ့သာတို့ဖြင့် ပူဇော်ကြကုန်၏။ ကြက်သီး

မွေးညှင်းထခြင်း ဟိန်ဟိန်ဟူသော အသံကိုပြုခြင်း လေချွန်ခြင်း ရတနာသုံးပါးနှင့် စပ်သော သီချင်းသီခြင်း အစရှိသည်တို့ကို ပြုကြကုန်၏။ ထိုအခါ ရှင်သာရိပုတ္တရာသည် ကပိလဝတ်ပြည်သို့ မပါ၊ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံး နေရစ်၍ ကောင်းကင်၌ ရတနာစင်္ကြံ ဘန်ဆင်း၍ စင်္ကြံကြွတော်မူသော မြတ်စွာဘုရားကို မြင်တော်မူလျှင် "ငါသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးကို ပြရာပြကြောင်း ဖြစ်သော ဗုဒ္ဓဝံသ ဒေသနာကို တောင်းပန်အံ့"ဟု ကြံလျက် မိမိ၏အခြံအရံ ငါးရာသော ရဟန္တာတို့နှင့်တကွ ကြွလာပြီးလျှင် ရှိသေစွာနေ၍ ဗုဒ္ဓဝံသ ဓမ္မဒေသနာကို တောင်းပန်လျှင် မြတ်စွာဘုရားသည် ရတနာစင်္ကြံထက်၌ "ကပ္ပေ စ သတသဟဿေ" အစရှိသည်ဖြင့် ဗုဒ္ဓဝံသ ဒေသနာတော်မြတ်ကို ဟောတော်မူ၏။

---

## ခမည်းတော်မင်းကြီး တတိယအကြိမ် ရှိခိုးတော်မူခြင်း။

ဤကဲ့သို့ တန်ခိုးပြာဋိဟာကို မြင်လျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အလုံးစုံသော သာကီဝင်မင်းတို့၏ ရှေးဦးစွာ "အရှင်ဘုရား, အကျွန်ုပ်သည် အရှင်ဘုရားဖွါးစက ဒေဝိဠရသေ့၏ ထိပ်ထက်၌ ခြေတော်တင်သည်ကို မြင်၍ ရှေးဦးစွာတကြိမ် ရှိခိုးပါပြီ၊ လယ်ထွန်မင်္ဂလာ ထွက်သောအခါ ဇမ္ဗူသပြေပင်ရိပ်၌ အရှင်ဘုရားကို သိပ်၍ ထားရာ ဇမ္ဗူသပြေပင်ရိပ် မပြောင်းမရွေ့သည်ကို မြင်၍လည်း နှစ်ကြိမ်မြောက် ရှိခိုးပါပြီ၊ ယခုလည်း မမြင်ဘူးသော အထူးထူးသော တန်ခိုးပြာဋိဟာကို မြင်၍ သုံးကြိမ်မြောက် ရှိခိုးခြင်းပါဘုရား"ဟု လျှောက်၍ ရှိခိုးလေ၏။ သုဒ္ဓေါဒနမင်းကြီး ရှေးဦးစွာရှိခိုးလျှင် သာကီဝင် မင်းအပေါင်းတို့တွင် တယောက်သောသူမျှ ရှိမခိုးဘဲမနေဝံ့ကြ၊ ရှိခိုးကြလေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ကောင်းကင်မှသက်တော်မူ၍ စွတ်စေလိုသောသူတို့အားသာ စွတ်စေလျက်၊ မစွတ်စေလိုသောသူတို့အား တစက်မျှ စွတ်စေတော်မမူဘဲ ပေါက္ခရဝဿမိုးကို ရွာစေတော်မူ၏။ သာကီဝင်မင်းအပေါင်းတို့သည် မဖြစ်ဘူးမြဲဖြစ်သည်၊ အံ့ဘွယ်သရဲရှိစွ ဟု ချီးမွမ်းကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် "ယခုအခါ၌သာလျှင် ခမည်းတော်မျိုးတော်တို့၏ အလယ်၌ ပေါက္ခရဝဿ-မိုးကို ရွာစေတော်မူသည် မဟုတ်၊ ရှေးလွန်လေပြီးသော အခါ၌လည်း ခမည်းတော်မျိုးတော်တို့၏ အလယ်၌ ပေါက္ခရဝဿ-မိုးကို ရွာစေတော်မူဘူးပြီ" ဟု အတိတ်ကို ဆောင်တော်မူ၍ ဝေဿန္တရာဇာတ်တော်ကို ဟောတော်မူ၏၊ သုဒ္ဓေါဒနမင်းကြီး အစရှိသော အလုံးစုံသော သာကီဝင်မင်းတို့သည်လည်း တရားနာကုန်ပြီးသော် နေရာမှထ၍ အမှတ်မဲ့သွားကြကုန်၏။ မည်သူတယောက်မျှ နက်ဖြန် ဆွမ်းလုပ်ကျွေးလိုပါသည် ကြွတော်မူပါ ဟု ပင့်ဘိတ်၍ မသွားကြကုန်။ နံနက်မိုးသောက်သောအခါ မြတ်စွာဘုရားသည် နှစ်သောင်းသော သင်္ဃာအခြံအရံနှင့်တကွ ဆွမ်းခံအံ့သောငှါ ကပိလဝတ်ပြည်သို့ဝင်တော်မူ၍ တခါးခုံ၌ ရပ်တော်မူလျက် "ရှေးရှေးသောဘုရားတို့သည် ချက်သိုရာ ဌာန၌ ဆွမ်းခံကြကုန်သလော၊ သို့တည်းမဟုတ် ရွှေနန်းတော်သို့သာ ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူကြကုန်သလော" ဟု ဆင်ခြင်တော်မူလျှင် အိမ်စဉ် မပြတ် ဆွမ်းရပ်တော်မူကုန်သည် ဟု သိတော်မူ၍ "ငါသည်လည်း နောင်တော် ရှေးရှေးဘုရားတို့ ထုံးတမ်းကို တနှမ်းမျှလွန်၍ ကျင့်ခြင်းငှါမအပ်၊ နောင်သောအခါ ငါ၏တပည့်သားတို့သည်လည်း ငါသို့ အစဉ်လိုက်၍ ပိဏ္ဍစာရိကဝတ်ကို ကျင့်ကုန်လတ္တံ့" ဟု အရှည်ကို မြင်တော်မူ၍ ကပိလဝတ် နေပြည်တော်၌ နောက်ပါသင်္ဃာ နှစ်သောင်းနှင့်တကွ အိမ်စဉ်မပြတ် လှည့်လည်၍ ဆွမ်းရပ်တော်မူ၏။

ထိုအခါ ပြည်သူ ပြည်သား အပေါင်းတို့သည် သောင်းသောင်း ကျက်ကျက် ဘုံနှစ်ဆင့်သုံးဆင့်မြင့်သော ပြာသာဒ်ထက်သို့ တက်၍ ကြည့်ရှုကြကုန်၏။ ရာဟုလာမယ်တော် ယသောဓရာ မိဖုယားလည်း "အရှင်သားသည် ရှေးကာလက ရွှေထမ်းစင်စီးလျက် လှည့်ပတ်သည်၊ ယခုမူကား ဆံမုတ်ဆိတ်ကို ဖြတ်၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်လျက် ခွက်လက်စွဲ၍ ဆွမ်းခံခြင်းသည် တင့်တယ်တော်မူပါ၏လော" ဟု လေသာနန်းတံခါးကို ဖွင့်လှစ်၍ ကြည့်ရှုသည် ရှိသော် အထူးထူးသော အဆင်းတော်ဖြင့် တပ်စွန်းလျက် ခရီးလမ်းကို ထွန်းပစေ၍ ဘုရား၏အသရေဖြင့် တင့်တယ်သည်ကို မြင်လျှင် နဖူးသင်းကျစ်တော်မှ စ၍ ခြေဘဝါးတော် အပြင်တိုင်အောင် နရသီဟ အစရှိသော ရှစ်ဂါထာ တို့ဖြင့် ချီးမွမ်း၍ သုဒ္ဓေါဒန

မင်းကြီးထံ သွားပြီးလျှင် "အရှင်မင်းကြီး, အရှင်မင်းကြီး၏ သားတော်သည် အိမ်စဉ်မပြတ် လှည့်ပတ်၍ ဆွမ်းရပ်သည်ကို ကြည့်ရှုတော်မူပါလော့" ဟု လျှောက်လျှင် သုဒ္ဓေါဒနမင်းကြီးသည် အဆောတလျင်ထလျက် နန်းတော်မှ ထွက်၍ ရှေ့တော်၌ ရပ်ပြီးလျှင် "အရှင်ဘုရား, အဘယ့်ကြောင့် အကျွန်ုပ်တို့ကို အရှက်ခွဲသနည်း၊ ဤမျှသော သံဃာတို့အား မျှတလောက်သော ဆွမ်းကို ရလိမ့်မည် မထင်သောကြောင့် အိမ်စဉ်မပြတ် ဆွမ်းရပ်တော်မူသလော" ဟု လျှောက်၏။ "မြတ်သော မင်းကြီး, ဤသို့ အိမ်စဉ်မပြတ် ဆွမ်းရပ်ခြင်းသည် အနွယ်အဆက်တို့၏ အလေ့အကျက်" ဟု မိန့်တော်မူလျှင် "အရှင်ဘုရား, မဟာ သမ္မတမင်းတို့၏ အနွယ် အဆက်သည် အကျွန်ုပ်တို့၏ အနွယ်အဆက် မဟုတ်တုံလော၊ ထိုမဟာသမ္မတမင်းတို့၏ အနွယ်အဆက်၌လည်း တယောက်ယောက်သော မင်းမျှ အိမ်စဉ်မပြတ် ရပ်၍ စားသည်မရှိပါ" ဟု လျှောက်၏။ "မြတ်သော မင်းကြီး, မဟာသမ္မတစသော မင်းတို့၏ အနွယ်အဆက်သည် သင်မင်းကြီးတို့၏ အနွယ်အဆက်ပေတည်း၊ ရှေးဘုရားတို့၏ အနွယ် အဆက်ကား ငါဘုရား၏ အနွယ်အဆက်တည်း" ဟု မိန့်တော်မူ၍ ခရီးလမ်းမ၌ ရပ်တော်မူလျက်သာ။

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။ ။

ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား။ ။မဟာရာဇ၊ မြတ်သော မင်းကြီး။ ဥတ္တိဋ္ဌေ၊ ဆွမ်းခံဝတ်၌။ နပ္ပမဇ္ဇေယျ၊ မမေ့ရာ။ သုစရိတံ၊ ကောင်းစွာ ကျင့်အပ်သော။ ဓမ္မံ၊ တရားနှင့် လျော်သော အကျင့်ကို။ စရေ၊ ကျင့်ရာ၏။ ဓမ္မစာရီ၊ တရားနှင့် လျော်သော အကျင့်ကို ကျင့်လေ့ရှိသော သူသည်။ အသ္မိံ လောကေ စ၊ ဤလောက၌ ၎င်း။ ပရမှိ စ၊ တမလွန်လောက၌ ၎င်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။

ထိုဂါထာ အဆုံး၌ သုဒ္ဓေါဒန မင်းကြီးသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ သုဒ္ဓေါဒနမင်းကြီးသည်လည်း သောတာပန် တည်ပြီးလျှင် မြတ်စွာဘုရား၏ သပိတ်တော်ကိုယူ၍ သံဃာတော်နှင့်တကွ နန်းတော်သို့ ပင့်၍ ဆွမ်းလုပ်ကျွေးတော် မူလေ၏။ ဆွမ်းလုပ်ကျွေးပြီးသော အဆုံး၌ အလုံးစုံသော မောင်းမအပေါင်းတို့သည် လာ၍ ဘုရားသခင်ကို ရိုသေစွာ ရှိခိုး၍ နေကြကုန်၏။ ထိုအစည်းအဝေး၌ မြတ်စွာဘုရားသည်။

ဓမ္မံ စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊အသ္မိံ လောကေ ပရမှိ စ။

ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား။ ။သုစရိတံ၊ ကောင်းစွာ ကျင့်အပ်သော။ ဓမ္မံ၊တရားနှင့် လျော်သော အကျင့်ကို။စရေ၊ကျင့်ရာ၏၊ဒုစ္စရိတံ၊မကောင်းသော၊နံ အဓမ္မံ၊ ထိုတရားနှင့် မလျော်သော အကျင့်ကို။ န စရေ၊ မပြုမကျင့်ရာ၊ ဓမ္မစာရီ၊ တရားကို ကျင့်လေ့ရှိသောသူသည်။သုခံ၊ချမ်းသာစွာ။အသ္မိံ လောကေ စ၊ ဤလောက၌၎င်း။ပရမှိ စ၊တမလွန် လောက၌၎င်း။သေတိ၊နေရ၏။

ထိုဂါထာ၏ အဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမ်တည်လေ၏။ မိထွေးတော် ဂေါတမီသည် သောတာပန် တည်လေ၏။

ဤသို့လျှင် ဝိနည်းမဟာဝါ အဋ္ဌကထာ၌ မြတ်စွာဘုရားသည် နန်းတော်၌ "ဓမ္မံ စရေ သုစရိတံ" ဟူသော ဂါထာကို ဟောကြောင်းကို လာသည်။ ။ယသောဓရာ ထေရီအပဒါန် ပါဠိတော်၌ကား။ ။အောက်နိဒါန်းက ဆိုခဲ့ပြီးသော "ပဋ္ဌ ကောဥိသတာ ဗုဒ္ဓါ" အစရှိသော ဂါထာကို ဟောကြောင်း ကို လာသည်။

## ယသောဓရာ တိုက်ခန်းသို့ ကြွတော်မူခြင်း။

ယသောဓရာ မိဖုယားမှာမူကား အကယ်၍ ငါ၏ကျေးဇူးရှိအံ့၊ ငါ၏ နေရာသို့ မြတ်စွာဘုရားသခင် ကြွလာတော် မူလိမ့်မည်၊ ထိုအခါမှ ဖူး တော့အံ့ ဟု နေရာတိုက်ခန်း၌သာ နေလေ၏။မြတ်စွာဘုရားလည်း သုဒ္ဓေါ ဒနမင်းကြီးကို သပိတ်တော်ကို ယူစေ၍ အရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂ လာန်တို့နှင့် တကွ ယသောဓရာ မိဖုယား၏ တိုက်ခန်းသို့ ကြွတော်မူ၍ ယနေ့ကား ယသောဓရာမိဖုယား အလိုရှိတိုင်း ဖူးပါစေ၊ တစုံတယောက် သောသူမျှ မတားမြစ်ကြကုန်လင့် ဟု မိန့်တော်မူပြီးလျှင် ကြွတော်မူ၍ ခင်းထားအပ်သော နေရာ၌ နေတော်မူ၏။ ယသောဓရာ မိဖုယားလည်း မြတ်စွာဘုရား၏ ခြေဖျက်တော်ကို ကိုင်လျက် ဦးခေါင်းဖြင့် တိုက်၍ တပြောင်းပြန်ပြန် ပွတ်သပ်ပြီးလျှင် အလိုရှိတိုင်း ရှိခိုးလေ၏။

ထိုအခါ သုဒ္ဓေါဒန မင်းကြီးသည် "အရှင်ဘုရား, အရှင်ဘုရားသည် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သည် ဟု ကြားလျှင် အကျွန်ုပ်၏ချွေး

ယသောဓရာသည်လည်း ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ပေသည်၊ အရှင်ဘုရားသည် တထပ်သာ စားသည် ဟု ကြားလျှင် အကျွန်ုပ်သို့ ယသောဓရာသည်လည်း တထပ်သာ စားပေသည်၊ မြတ်သော နေရာ အခင်းကို ပယ်သည် ဟု ကြားလျှင်လည်း မြတ်သောနေရာ အခင်းကို ပယ်ပေသည်၊ မိမိဆွေမျိုးတို့က လုပ်ကျွေးအံ့ ဟု သတင်းစကား ကြားလာ သော်လည်း တစုံတယောက်သော သူကိုမျှ ပြန်၍ မကြည့်ပေ၊ ဤသို့လျှင် အကျွန်ုပ်သို့ ယသောဓရာသည် ထိန်းသိမ်း စောင့်ရှောက်ပေသည်”ဟု လျှောက်၏။“မြတ်သောမင်းကြီး,ယခုမှာမူကား သင်မင်းကြီး စောင့်ရှောက် ထိန်းသိမ်းသည်ဖြစ်၍ အံ့သြဖွယ် မရှိသေး၊ရှေးလွန်လေပြီးသောအခါက ပင် မိမိကိုယ်ကို မိမိ စောင့်ရှောက် ထိန်းသိမ်းဘူးပြီ” ဟု အတိတ်ကို ဆောင်တော်မူ၍ စန္ဒကိန္နရီဇာတ်ကို ဟောတော်မူ၏။

---

## ၇၃-ညီတော် မင်းနန္ဒ-သားတော် ရာဟုလာတို့ အကြောင်း။

ထိုနေ့ပင် ညီတော်နန္ဒမင်းသား၏ဥဆျှောင်ထုံးမင်္ဂလာ,သင်းကျစ်ဆောင်း မင်္ဂလာ, အိမ်တက်မင်္ဂလာ, ထိမ်းမြားမင်္ဂလာ, အိမ်ရှေ့မင်း၏ ထီးဆောင်း မင်္ဂလာ၊ ဤငါးပါးသော မင်္ဂလာတို့သည် ဖြစ်ကုန်၏။ မြတ်စွာဘုရားသည် နန်းတော်မှ ထွက်တော်မူသောအခါ ညီတော် နန္ဒမင်းသားကို သပိတ် ထမ်း၍ လိုက်ခဲ့ရမည် ဟု ခေါ်တော်မူ၍ ကျောင်းတော်သို့ ရောက်တော် မူလျှင် ရှင်ရဟန်း ပြုတော်မူလေ၏၊

ဂိနည်းအဋ္ဌကထာ၌ ကျောင်းတော်သို့ ရောက်တော် မူလျှင် နှစ်ရက်မြောက်သောနေ့၌ ညီတော်နန္ဒမင်းသားကို ရှင်ရဟန်းပြုသည် ဟု ဆို၏။ ။ဓမ္မပဒအဋ္ဌကထာ၌ကား သုံးရက်မြောက်၌ ရှင်ရဟန်းပြုကြောင်းကို ဆိုသည်။

ထို့နောင် ခုနစ်ရက်မြောက်သောနေ့၌ ရာဟုလာမယ်တော် ယသော ဓရာ မိဖုယားသည် သားတော် ရာဟုလာ မင်းသားကို တန်းဆာဆင်စေ၍ “ချစ်သား, ရဟန်းအပေါင်း ခြံရံလျက် ရွှေအဆင်းကဲ့သို့ အဆင်းရှိသော ရဟန်းကြီးသည် သင်၏ အဘတည်း၊ သင်၏အဘမှာ ရွှေအိုးကြီးလေးလုံး ရှိသည်၊ တောထွက်သော အခါမှစ၍ ကွယ်ပျောက်ခဲ့ပြီ၊ ယခု သွား၍ တောင်းချေလော့”ဟု စေခိုင်းလိုက်လျှင် ရာဟုလာမင်းသားသည် မြတ်စွာ

ဘုရား နောက်တော်က အစဉ်အတိုင်းလိုက်၍ "ဒိုဘခင်, အကျွန်ုပ်အား ဥစ္စာနည်းပါး ပါသည်၊ဥစ္စာ ပေးတော်မူပါ၊ အဘ၏ အမွေကို သားတို့သာ ခံထိုက်ပါသည်"ဟု တောင်းလျှင် မြတ်စွာဘုရားသည် ကျောင်းတော်သို့ ရောက်တော်မူသောအခါ "ချစ်သား ရဟန်းများတို့,ရာဟုလာမင်းသားအား လောကီဥစ္စာတို့သည် ဝဋ်တရား၌ အကျုံးဝင်၏၊ ပင်ပန်းဆင်းရဲစေတတ်သည်၊လောကုတ္တရာ ဥစ္စာကို ပေးအံ့၊ ရှင်ပြုကြလော့" ဟု မိန့်တော်မူလျှင် အရှင်မောဂ္ဂလာန်သည် ဆံကို ရိတ်၍ သင်္ကန်းဝတ်စေ၏။ ရှင်သာရိပုတ္တရာသည် သရဏဂုံပေး၍ ဥပဇ္ဈာယ်ပြုလျက်၊ ရှင်မဟာကဿပသည် ဩဝါဒ ပေးတော်မူ၏။

ထိုအကြောင်းကို သုဒ္ဓေါဒနမင်းကြီး ကြားလျှင် သားတော် မြေးတော်တို့နှင့် ကွေကွင်းရခြင်း ဆင်းရဲသည် ပြင်းစွာ နှိပ်စက်အပ်သည်ဖြစ်၍ မြတ်စွာဘုရားထံ ကပ်ပြီးလျှင် "အရှင်ဘုရား,အမိအဘတို့သည် ခွင့်မလွှတ်သော သားကို ရှင်ပြုတော်မမူပါနှင့်၊ဤဆုကို တပည့်တော်အား သနားတော်မူပါ"ဟု လျှောက်လျှင် မြတ်စွာဘုရားလည်း ငါ၏ ခမည်းတော်မင်းကြီးသည် တရားနှင့်လျော်သော ဆုကို လျှောက်ပေသည် ဟု ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင်။

န ဘိက္ခဝေ မာတာပိတူဟိ အနနုညာတော ပုတ္တော
ပဗ္ဗာဇေတဗ္ဗော၊ယော ပဗ္ဗာဇေယျ အာပတ္တိ ဒုက္ကဋဿ။

ဟု အမိအဘတို့က အခွင့်မလွှတ်သောသားကို ရှင်ရဟန်းပြုလျှင် ဒုက္ကဋ် အာပတ်သင့်စေ ဟု ပညတ်တော်မူ၏။

ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် "အရှင်ဘုရား,အရှင်ဘုရား ဒုက္ကရစရိယာကျင့်စဉ်က နတ်သားတယောက်သည် 'သင်မင်းကြီး၏ သားသေပြီ' ဟု ပြောလာပါသည်၊ထိုစကားကို အကျွန်ုပ်မယုံကြည်"ဟု လျှောက်၏။ "ခမည်းတော်မင်းကြီး, ယခုဘဝမှာ ပါရမီရင့်ပြီးသည်ကို အဘယ်သို့ ဆိုဘွယ်ရှိတော့အံ့နည်း၊ ရှေးသောအခါ ပါရမီနုစဉ်ကပင် သင်၏သား သေပြီ"ဟု အရိုးကိုယူ၍ ယုံရာယုံကြောင်း ပြသော်လည်း မယုံကြည် ဟု အတိတ်ကိုဆောင်၍ မဟာဓမ္မပါလဇာတ်တော်ကို ဟောတော်မူ၏။ ။ ဒေသနာတော်အဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမ်တည်လေ၏။

## ၇၄-ကောလိယမင်း-သာကီဝင်မင်းတို့ အကြောင်း။

ဤသို့လျှင် မြတ်စွာဘုရားသခင်သည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ တနေ့သ၌ သက္ကတိုင်းသား ကောလိယတိုင်းသားတို့သည် ကပိလဝတ်မြို့ ကောလိယ မြို့တို့၏ အလယ်၌ စီးဆင်း၍ သွားသောမြစ်ကို ဆီးတားပိတ်ဆို့၍ ကောက် ကို လုပ်ကြရာ နယုန်လသို့ ရောက်လျှင် ကောက်တို့သည် ညှိုးနွမ်းသွေ့ ခြောက်၍ နှစ်ဦးတို့လည်း မယူလောက်ရကား ကောလိယ တိုင်းသား တို့က "ဤရေကို နှစ်ဦးယူကုန်သည်ရှိသော် သင်တို့လည်း မလောက်၊ ငါတို့လည်း မလောက်၊ငါတို့၏ ကောက်မှာ ရေတကြိမ်ဖြင့်ပင် အောင်ပါ တော့မည်၊ငါတို့ကို ပေးကြပါကုန် ဟု ဆိုလျှင် သက္ကတိုင်း ကပိလဝတ် မြို့သားတို့ကလည်း၊ထို့အတူ ဆိုကြကုန်၍ ရေကို အခွဲပြုလျက် ငြင်းခုံ ခိုက်ရန် ဒေါသ ဖြစ်ပွါး၍ ပုတ်ခတ်ထောင်းသတ် ရိုက်ထုပြီးလျှင် မင်းမျိုး တို့၏ ဇာတ်ကို ထုတ်ဘော်၍ ကောလိယတိုင်းသားတို့က အနာဒရဆိုကြ သည်မှာ"သင်တို့၏ ကပိလဝတ် မြို့သားတို့သည် ခွေးတို့ကဲ့သို့ မိမိတို့၏ နှစ်မနှင့်ပင် ပေါင်းဘော်ခြင်းကို ပြုကြကုန်၏၊ထိုသူတို့၏ ဆင် မြင်း ရထား စသည်တို့ဖြင့် အဘယ်ပြုအံ့နည်း"ဟု ဆိုကြကုန်၏။ကပိလဝတ်တိုင်းသား အခမှုလုပ် ယောကျ်ားတို့ကလည်း သင်တို့၏ ကောလိယမြို့သားတို့သည် နူသောအမျိုး ကိုးကွယ်ရာမဲ့ တိုင်းပြည်မှ နှင်ထုတ်အပ်သည် ဖြစ်၍ တိရစ္ဆာန်တို့ကဲ့သို့ ကလောပင်ခေါင်း၌ အောင်းကြကုန်၏"ဟု အနာဒရ ဆိုကြကုန်၏။ထိုအခမှုလုပ် ယောကျ်ားတို့သည် ထိုသို့ တဦးကိုတဦး၊အကြူး အလွန် ဆိုကြကုန်ပြီးလျှင် အိမ်သို့ရောက်သောအခါ ဤကဲ့သို့ ဆိုလိုက် ကြောင်းကို အမတ်တို့အား ပြောကြားကြကုန်၏။ ထိုအခါ သက္ကတိုင်း ကပိလဝတ်မင်းတို့သည် နှစ်မနှင့် သံဝါသပြုသောသူတို့၏ စွမ်းရည်သတ္တိ ကို သိစေအံ့ ဟု စစ်ထိုးခြင်းငှါ ထွက်ကြကုန်၏။ ကောလိယမင်းသားတို့ ကလည်း ကလောပင်ခေါင်း၌ အောင်းသောသူတို့၏ စွမ်းရည်သတ္တိကို သိစေအံ့ဟု စစ်ထိုးခြင်းငှါ ထွက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ညဉ့်မိုးသောက်ထအခါ၌ မဟာကရု ဏာ သမာပတ်မှ ထတော်မူ၍ လောကကို ကြည့်ရှု ဆင်ခြင်တော် မူလျှင် သာကီဝင်မင်း,ကောလိယမင်းတို့၏ စစ်ထိုးခြင်းငှါ ထွက်ကြကုန်

သည်ကို မြင်တော်မူ၍ ကိုယ်တော်တပါးထီးထီးသာလျှင် နိဂြောဓာရုံကျောင်းတော်မှ ကြွတော်မူ၍ ထိုစစ်သည် နှစ်ဦးတို့၏အလယ် အထက်ကောင်းကင်က ရောင်ခြည်တော် ခြောက်ပါးကို လွှတ်လျက် ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။ ထိုအခါ သာကီဝင်မင်းတို့သည် ငါတို့၏သခင် အရှင်ဘုရား ကြွလာတော်မူသည် ဟု လက်နက်ကြိယာတို့ကို စွန့်ထား၍ မြတ်စွာဘုရားကိုသာ ရှိသေစွာရှိခိုး၍ နေကြကုန်၏။ ကောလိယမင်းတို့သည်လည်း ထို့အတူပင် လက်နက်ကြိယာတို့ကို စွန့်ထား၍ မြတ်စွာဘုရားကိုသာ ရှိသေစွာ ရှိခိုး၍ နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် "သင်တို့သည် အဘယ် အလို့ငှါ ဤအရပ်သို့ စည်းဝေး ရောက်လာကြကုန်သနည်း" ဟု မေးတော်မူလျှင် ရေကို အစွဲပြု၍ စစ်ထိုးကြအံ့သောငှါ ရောက်လာကြပါသည်ဘုရား ဟု လျှောက်ထားလေသော် ရေသည် အဘယ်မျှ အဘိုးထိုက်သနည်း ဟု မေးတော်မူလျှင် အဘိုးအနည်းအငယ်မျှသာ ထိုက်ပါသည် ဟု လျှောက်၏။ မင်းတို့သည် အဘိုးမည်မျှ ထိုက်သနည်း ဟု မေးတော်မူလျှင် အဘိုး အတိုင်းမသိထိုက်ပါသည် ဟု လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားသည် အဘိုးအနည်းငယ်မျှသော ရေဖြင့် အဘိုးများစွာ ထိုက်သော မင်းတို့ကို မပျက်စီးစေကြကုန်လင့်။ ငြင်းခုံခြင်း၌ သာယာအပ်သော တရားမည်သည် မရှိ ဟု ဖန္ဒနဇာတ်ကို ဟောတော်မူ၏။

ထို့နောင် မြတ်သော မင်းတို့, သူတပါး စကားကို မယုံကြည်သင့်၊ တကောင်သော ယုန်ငယ်၏ မြေပြို၏ ဟု ဆိုသောစကားကို ယုံကြည်ခြင်းကြောင့် ယူဇနာသုံးထောင်ရှိသော ဟိမဝန္တာ တောအပေါင်း၌ အခြေလေးချောင်းရှိသော သတ္တဝါတို့သည် သမုဒ္ဒရာသို့ ပြေးဝင်ဘူးလေကုန်ပြီ ဟု ပထဝီဥန္ဒြိယဇာတ်ကို ဟောတော်မူ၏။ ထို့နောင် မြတ်သောမင်းတို့၊ ရံခါ အားကြီးသော သူသည် အားနည်းသောသူအား အခွင့်ရသည်၊ ရံခါ အားနည်းသောသူသည် အားကြီးသောသူအား အခွင့်ရသည် ဟု တဏ္ဍိလဇာတ်ကို ဟောတော်မူ၏။ ။ထို့နောင် သမဂ္ဂဖြစ်စေခြင်းငှါ ရုက္ခဓမ္မဇာတ်, ဝဋ္ဋကဇာတ်ကို ဟောတော်မူ၏။ ။ထို့နောင်မှ အတ္တဒဏ္ဍသုတ်ကို ဟောတော်မူ၏။

ထိုအခါ နှစ်ပြည်ထောင်သော မင်းတို့သည် မြတ်စွာဘုရား၌ အလွန်လျှင် ကြည်ညိုကြကုန်သည်ဖြစ်၍ အချင်းချင်း တိုင်ပင်ပြီးလျှင် "အကယ်၍

မြတ်စွာဘုရား မကြွလာသည်ဖြစ်အံ့၊ငါတို့သည် အချင်းချင်း သတ်ကြကုန်သည်ဖြစ်၍ သေကြေပျက်စီးကြကုန်ရာ၏၊ မြတ်စွာဘုရားကို အခွင့်ပြု၍ အသက်ကို ရကြပေကုန်သည်၊ အကယ်၍ မြတ်စွာဘုရားသည် အိမ်၌ နေသည်ဖြစ်အံ့၊ မင်းပရိသတ်တို့ဖြင့် ခြံရံ၍ လှည့်ပတ်လတ္တံ့၊ ယခုလည်း မင်းပရိသတ် အခြံရံ ရှိသည်ဖြစ်၍သာလျှင် တင့်တယ်ကြစေကုန်အံ့”ဟု ကောလိယမင်းမျိုးမှ နှစ်ရာ့ငါးဆယ်၊ သာကီဝင်မင်းမျိုးမှ နှစ်ရာ့ငါးဆယ်၊ ပေါင်းငါးရာသော သတို့သားတို့ကို မြတ်စွာဘုရားအား အခြံအရံ ပေးကြကုန်၏၊မြတ်စွာဘုရားသည် ထိုငါးရာသော သူတို့ကို ရှင်ပြုပြီးလျှင် ခေါ်တော်မူ၍ မဟာဝုန်တောသို့ ကြွတော်မူ၏၊ ထိုငါးရာသော ရဟန်းတို့သည် သာသနာတော်၌ မမွေ့မလျော် ငြီးငွေ့ကြကုန်၏။ ထိုရဟန်းငါးရာတို့၏ မယားဟောင်းတို့ကလည်း ဖြားယောင်းသော သတင်းစကား မှာကြားလိုက်ကြကုန်၍ အတိုင်းထက် အလွန် သာသနာတော်နှင့် ဆန့်ကျင်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ဆင်ခြင်တော်မူလျှင် ထိုရဟန်းတို့၏ အဇ္ဈာသယကိုသိတော်မူ၍ ထိုငါးရာသောရဟန်းတို့ကိုဆောင်တော်မူလျက် ကိုယ်တော်၏ ကုဏာလ ငှက်မင်းဖြစ်စဉ် ကာလက နေတော်မူသော ကျောက်ဖျာထက်၌ နေတော်မူပြီးလျှင် ကုဏာလ ဇာတ်ကို ဟောတော်မူ၏။ ဒေသနာတော် အဆုံး၌ ငါးရာသော ရဟန်းတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်လေကုန်၏။ ထိုငါးရာသော ရဟန်းတို့ သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်လျှင် မြတ်စွာဘုရားသည် တဖန် ငါးရာသော ရဟန်းတို့နှင့်ပင် မဟာဝုန်တောသို့ ပြန်ရောက်တော်မူခဲ့၍ ငါးရာသော ရဟန်းတို့အား သုံးပါးသောမဂ်၏ အလို့ငှါ ကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ငါးရာသော ရဟန်းတို့သည်လည်း အသီးအသီး ကမ္မဋ္ဌာန်းကို ယူပြီးလျှင် သစ်ပင်ရင်းသို့ အသီးအသီးကပ်၍ အားထုတ်သောအခါ ရှေးဦးစွာ ကမ္မဋ္ဌာန်းယူသော ရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ထို့နောင် ငါးရာသောရဟန်းတို့သည် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။ရှေးဦးစွာ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန်းသည် မိမိရသောဂုဏ်ကို မြတ်စွာဘုရားအား လျှောက်ကြားအံ့ ဟု မြတ်စွာဘုရားထံ ချဉ်းကပ်၍ တစုံတယောက်သော သူရှိသလော ဟု လှည့်၍ကြည့်လျှင် ဤနည်းအတူ အသီးအသီး မိမိတို့ရသော ဂုဏ်ကို

မြတ်စွာဘုရားအား လျှောက်ကြားအံ့ ဟု လာကြကုန်သော ရဟန်းတို့ကို မြင်၍ မိမိရသောဂုဏ်ကို မြတ်စွာဘုရားအား မလျှောက်မကြားဘဲ ရှိသေစွာ ရှိခိုး၍ နေလေ၏။ ။ကြွင်းသောရဟန်းတို့သည် ဤအတူ မိမိတို့ရသော ဂုဏ်ကို လျှောက်အံ့သောငှါ လာသော်လည်း အခွင့်မရ ရှက်နိုး ကြ၍ မလျှောက်ဘဲ ရှိသေစွာ ရှိခိုး၍ နေကြကုန်၏။

---

## ၇၈-မဟာသမယသုတ်ကို ဟောတော်မူခြင်း။

ထို့နောင် မဟာဝုန်တော၌ ထက်ဝန်းကျင်မှ နေကြကုန်သော နတ်တို့သည် "အိုနတ်များတို့,ဘုရားကို ဖူးမြင်ခြင်းမည်သည် များသော အကျိုး ရှိသည်၊တရားနာခြင်း သဃ်ာတော်ကို ဖူးမြင်ရခြင်းသည် များသောအကျိုး ရှိသည်၊သွားကြကုန်အံ့"ဟု ကျယ်စွာသော အသံကိုပြု၍ လာကြပြီးလျှင် ရိုသေစွာ ရှိခိုး၍ နေကြလေကုန်၏။ ဤသို့သောနည်းဖြင့် ဆင့်ကာ ဆင့်ကာ တရားနာအံ့သောငှါ ကြော်ငြာသဖြင့် ဗြဟ္မာ့ပြည် တိုင်အောင် စကြဝဠာ တသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် စည်းဝေး ရောက်လာကြကုန်၏။ ဤစကြဝဠာ အတွင်း၌ ဗြဟ္မာ့ပြည်တိုင်အောင် အပ်ကျည်၌ ထားအပ်သော အပ်ကဲ့သို့ ပြည့်လေ၏၊သားမြီးဖျား ပမာဏရှိသောအရပ်၌ တကျိပ် တကျိပ်သော နတ်တို့သည် ငယ်စွာသော အတ္တဘောကို ဘန်ဆင်း၍ နေကြရကုန်၏။ အလုံးစုံတို့၏ နောက်၌ ခြောက်ကျိပ် ခြောက်ကျိပ်သော နတ်တို့သည် ဘန်ဆင်း၍ နေကြကုန်၏။ ဤကဲ့သို့ ကြီးစွာသော အစည်းအဝေး၌ မြတ်စွာဘုရားသည် မဟာသမယသုတ်ကို ဟောတော်မူ၏။ ။ ဒေသနာတော် အဆုံး၌ ကုဋေတသိန်းသော နတ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ သောတာပန်တည်သော နတ်တို့၏ အရေအတွက် အပိုင်းအခြားမရှိ။

ဤမဟာသမယသုတ်ကို ကျောင်းသစ်, အိမ်သစ်, မြို့သစ်, ရွာသစ် တည်ထောင်သော ကာလတို့၌ ရွတ်ဘတ် သရဇ္ဈာယ်အပ်၏၊နတ်တို့သည် ကြည်ညိုကြကုန်၏။ ။ဝတ္ထုသက်သေကား။ ။သိဟိုဠ်ကျွန်း၊ ကောဠိ ပဗ္ဗတကျောင်း နာဂလိုဏ်၌ သီတင်းသုံးနေသော ရဟန်းငယ်တပါးသည် ဤမဟာသမယသုတ်ကို သရဇ္ဈာယ်၏။ထိုလိုဏ်ဝ ကံ့ကော်ပင်၌ နေသော နတ်သမီးတယောက်သည် ၎င်းသုတ်ကို နာရသဖြင့် သရဇ္ဈာယ်ပြီးသော

အခရုံ၌ ကြီးစွာသော အသံဖြင့် သာရ-ခေါ်လေ၏။ ထိုအခါ ရဟန်းငယ်သည် "သင်ကား အသူနည်း"ဟု မေးလျှင် "အကျွန်ုပ် နတ်သမီးပါ" ဟု လျှောက်၏၊ "နတ်သမီးဖြစ်လျက် အဘယ့်ကြောင့် သာရနမော် ကောင်းချီး ခေါ်သနည်း"ဟု မေးလျှင် "အရှင်ဘုရား, မြတ်စွာဘုရားသည် မဟာဝုန်တော၌ ဟောတော်မူသည်မှစ၍ ယနေ့မှသာလျှင် ကြားနာရပါတော့သည်၊ မြတ်စွာဘုရား ဟောတော်မူတိုင်း အက္ခရာ တလုံးတပါဒမျှ မယုတ်မူ၍ အရှင်ဘုရား ဟောကြားပေသည်"ဟု လျှောက်လျှင် "သင်သည် အဘယ် အရပ်က နာလိုက်ရသနည်း၊ နတ်အစည်းအဝေး အားကြီးလှသည်" ဟု ဆိုသောအခါ "အရှင်ဘုရား,အကျွန်ုပ် မဟာဝုန်တော၌ နေရင်းဖြစ်သော နတ်ပါတည်း၊ သို့ပင် ဖြစ်သော်လည်း တန်ခိုးကြီးသော နတ်တို့လာကုန်၍ ဇမ္ဗူဒိပ်ကျွန်း၌ နေရာအခွင့်မရသောကြောင့် သီဟိုဠ်ကျွန်းသို့လာ၍ ဇမ္ဗူ့ ကောလဘိပ်က နာအံ့ ဟု အားထုတ်သော်လည်း တန်ခိုးကြီးသော နတ်တို့ လာပြန်ကုန်သည်ဖြစ်၍ အစဉ်အတိုင်း ဆုတ်၍ ဆုတ်၍ လာခဲ့ရသဖြင့် ရောဟနဇနပုဒ် မဟာဂါမ၏အနောက် မဟာသမုဒ္ဒရာ၌ လည်မျိုပမာဏမျှ သော ရေသို့ ဆင်း၍ နာရပါသည်"ဟု လျှောက်၏။ "အရပ်သည် အလွန် ဝေးလှ၏၊ မြတ်စွာဘုရားကို မြင်ရပါ၏လော" ဟု မေးပြန်လျှင် "မြတ်စွာ ဘုရားသည် မဟာဝုန်တောကနေ၍ ဟောသော်လည်း အကျွန်ုပ်ကိုသာ ကြည့်၍ဟောသကဲ့သို့ ထင်ပါသည်"ဟု လျှောက်၏။ ။ဤကား မဟာ သမယသုတ်ကို နာရ၍ နတ်သာရခေါ်ရာ၌ သက်သေတည်း။

---

## ၇၆-မိထွေးတော် ဂေါတမီ ဘိက္ခုနီသာသနာကို တောင်းပန်ခြင်း။

မြတ်စွာဘုရားလည်း မဟာသမယသုတ်ကို မဟာဝုန်တော၌ ဟော တော်မူပြီးလျှင် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်သို့ ပြန်လည် တော်မူခဲ့၏။ ။သာကီဝင် မင်းသို့ ငါးရာတို့လည်း မိမိတို့ခင်ပွန်းဟောင်း ငါးရာသော ရဟန်းတို့ကို ဖြားယောင်း၍ မရလျှင် ငါတို့လည်း ရဟန်းပြုအံ့ ဟု မဟာပဇာပတိဂေါတမီ မိဖုယားထံ ချဉ်းကပ်၍ အကျွန်ုပ်တို့အား ရဟန်းအဖြစ်၌ ခွင့်တောင်း၍ ပေးပါဟု ဆိုလျှင် မိထွေးတော် ပဇာပတိ သည် ငါးရာသော သာကီဝင် မင်းသမီးတို့နှင့်တကွ ချဉ်းကပ်၍ မြတ်စွာ

ဘုရားထံ ရဟန်းခံလိုကြောင်း ခုတောင်းလျှင် "မိထွေးတော် ဂေါတမီ ရဟန်းအဖြစ်ကို သင်မနှစ်သက်လင့်၊ မာတုဂါမတို့ မည်သည့် သာသနာ တော်၏ အညစ်အကြေးဖြစ်သည်" ဟု ပယ်တော်မူ၍ မဟာပဇာပတိ ဂေါတမီလည်း အခွင့်မသာသောကြောင့် ငါးရာသော သာကီဝင် မင်းသမီး တို့နှင့်တကွ မြို့တွင်းသို့ ဝင်လေ၏။ မြတ်စွာဘုရားလည်း ကပိလဝတ်ပြည် နိဂြောခါရုံ ကျောင်းတော်၌ မွေ့လျော်တော်မူသမျှ ကာလ ပတ်လုံး သီတင်းသုံး နေတော်မူပြီးလျှင် ရဟန်းအပေါင်း ခြံရံလျက် ဒေသစာရီ ကြွချီတော်မူသည်ရှိသော် မလ္လာမင်းတို့၏နေရာ အနုပိယ နိဂုံးသို့ ရောက် တော်မူ၏။

---

## ၇၇-ဘဒ္ဒိယ အနုရုဒ္ဓါ စသော မင်းသားတို့ အကြောင်း။

ထိုအခါ မြတ်စွာဘုရား၏ လက္ခဏာကို ဘတ်သော နေ့၌သာလျှင် ရှစ်သောင်းသော ဆွေတော် မျိုးတော်တို့မှ မင်းမူလည်း ဖြစ်စေ၊ ဘုရား မူလည်း ဖြစ်စေ၊ မင်းပရိသတ် ခြံရံ၍ သွားလာလှည့်ပတ်လတ္တံ့၊ ရှစ်သောင်း သော သာကီဝင် မင်းသားတို့လည်း ဘုရား၏ အခြံအရံအလို့ငှါ အာမ ခံကြကုန်သည်။ ထိုရှစ်သောင်းသော သာကီဝင် မင်းသားတို့သည် များ သောအားဖြင့် ရဟန်းပြုကြကုန်ပြီ၊ ဘဒ္ဒိယမင်းသား, အနုရုဒ္ဓါမင်းသား, အာနန္ဒာမင်းသား, ဘဂုမင်းသား, ကိမိလ မင်းသား, ဒေဝဒတ် မင်းသား၊ ဤမင်းသား ခြောက်ယောက်တို့မှာ ရဟန်းမပြုကြကုန်သေး၊ ထိုမင်းသား ခြောက်ယောက်တို့တွင် အနုရုဒ္ဓါမင်းသားကား အလွန် နူးညံ့သိမ်မွေ့၏၊ မရှိဟူသော စကားကိုမျှ မသိစဘူး၊ ထမင်း၏ ဖြစ်ရာ အရပ်ကိုမျှ မသိ။

တနေ့သ၌ မင်းသား ခြောက်ယောက်တို့သည် မုန့်လောင်းတမ်း ဂုံညင်း ကစားကြကုန်သည်ရှိသော် အနုရုဒ္ဓါမင်းသားသည် မုန့်ရှုံးသဖြင့် အမိထံ တမန်စေ၍ တောင်းစေရာ မယ်တော်သည် နှစ်ကြိမ် သုံးကြိမ်မြောက် မုန့်တို့ကို စီရင်၍ ပေးလိုက်၏။ စတုတ္ထအကြိမ်၌ကား "မုန့်မရှိပြီ" ဟု စေ လိုက်၏။ အနုရုဒ္ဓါမင်းသားလည်း မရှိ ဟူသော စကားကိုမျှ မကြားမသိ စဘူး၍ "မရှိမုန့်ကိုသာ ပေးလိုက်ပါ" ဟု စေလိုက်ပြန်လျှင် မယ်တော်သည် "ငါ၏သားသည် မရှိ-ဟူသော စကားကိုမျှ မသိလေ၊ ဤပရိယာယ်ဖြင့် သိစေအံ့" ဟု တခုသော ရွှေခွက်၌ တခုသောရွှေခွက်ကို ဖုံးအုပ်၍ ပေးလိုက်

၏၊ ထိုအခါ မြို့စောင့်နတ်တို့သည် "ဤအနုရုဒ္ဓါ မင်းသားသည် မိမိ၏အဘိုး ထမင်းကို ပစ္စေကဗုဒ္ဓါအား လှူ၍ မရှိ ဟူသော စကားကို မကြားမသိရပါ လို၏" ဟု ဆုတောင်းပတ္တနာ ပြုဘူးသည်၊ အကယ်၍ အချည်းနှီးသော ရွှေခွက်ကို မြင်ကုန်အံ့၊ ငါတို့သည် နတ် အစည်းအဝေးသို့ ဝင်ခြင်းငှါ မရ သတ္တုံ့၊ ဦးခေါင်း ၄ စိတ်စိတ်သော်လည်း ကွဲရာ၏ဟု ကြံ၍ ရွှေခွက်၌ နတ်တို့၏ မုံ့တို့ဖြင့် အပြည့်ထည့်လိုက်ကြကုန်၏။ အစေအပါး ယောကျ်ားရောက်၍ ရွှေခွက်ကို ဖွင့်လိုက်လျှင် အလုံးစုံသော မြို့အလုံးသို့ လွှမ်းမိုးဘိသကဲ့သို့ မွှေးကြိုင်၏၊ ထိုမုံ့ကို ခံတွင်း၌ ထည့်ကာမျှဖြင့် ခုနစ်ထောင်သော အကြော တို့ကို စိမ့်၍ တည်လေ၏။ ထိုအခါ အနုရုဒ္ဓါမင်းသားသည် "ငါ၏အမိသည် ဤနေ့ရှမှ ကာလပတ်လုံး ကြာအောင် ငါ့အား မရှိမုံ့ကို မပေးဘဲ ထားဘိ သည်၊ ယနေ့မှစ၍ မရှိမုံ့ကိုသာ ပေးလော့" ဟု ဆိုလျှင် မယ်တော်လည်း "ငါ၏သားသည် ပြုအပ်သော ကောင်းမှု ရှိသောကြောင့် နတ်တို့သည် ရွှေခွက်၌ မုံ့ကို ထည့်ရသည်" ဟု သိ၍ ယနေ့မှစ၍ အချည်းနှီးသော ရွှေခွက်ဖြင့်သာ ပေးလိုက်၍ နတ်တို့လည်း အချည်းနှီးသော ရွှေခွက်၌ မုံ့တို့ကို ထည့်ကြရသဖြင့် အိမ်၌နေသမျှ ကာလပတ်လုံး နတ်တို့၏မုံ့ကို သာ အမြဲစားသောက်ရလေ၏။

တနေ့သ၌ မင်းသားသုံးယောက်တို့သည် "ထမင်းမည်သည် အဘယ် က ဖြစ်သနည်း" ဟု စကား ဖြစ်ကြကုန်၏၊ ကိမိလမင်းသားသည် တနေ့သ၌ ကျီမှ စပါးထုတ်သည်ကို မြင်လိုက်၍ "ထမင်း ဟူသည် ကျီမှ ဖြစ်သည်" ဟု ဆို၏။ ဘဒ္ဒိယမင်းသားသည် တနေ့သ၌ ထမင်းအိုး မှ ထမင်းခူးသည်ကို မြင်လိုက်၍ "ထမင်းအိုးမှ ဖြစ်သည်" ဟု ဆို၏။ အနုရုဒ္ဓါမင်းသားမှာမူကား ကျီမှ ထုတ်သည်ကိုလည်း, ထမင်းအိုးမှ ခူးသည်ကိုလည်း မမြင်စဘူး၊ ရွှေခွက် နှင့်ထည့်၍ ရှေ့သို့ ရောက်မှသာလျှင် မြင်ဘူး၍ ထမင်းဟူသည် ရွှေခွက်မှ ဖြစ်သည် ဟူသော အမှတ်နှင့် "သင်တို့သည် ထမင်း၏ ဖြစ်ရာအရပ်ကိုမျှ မသိ၊ ထမင်းဟူသည် ရွှေခွက်က ဖြစ်သည်" ဟု ဆို၏။ ။ရဟန်းမပြုကြ ကုန်သေးသော ခြောက်ယောက်သော မင်းသားတို့ကို မြင်လျှင် သာကီဝင် မင်းတို့သည် "ငါတို့မှာ ငါတို့သားတို့ကို မြတ်စွာဘုရား၏ အခြံအရံအလို့ ငှါ ရဟန်းပြုစေကုန်၏၊ ဤသူတို့သည် မြတ်စွာဘုရားနှင့် ဆွေမတော် မျိုးမတော်သကဲ့သို့ ၎င်း၏" ဟု ကွဲ့ရဲ့စကား ပြောကြားကြကုန်လျှင် နောင် တော် မဟာနာမ်သာကီဝင် မင်းသားသည် "ငါ့ညီအနုရုဒ္ဓါ, ငါတို့၏ အိမ်မှ

ရဟန်းပြုသူ မရှိသေး၊ ငါသော်လည်း ရဟန်းပြုအံ့၊ ငါ့ညီသော်လည်း ရဟန်းပြုလော့” ဟု ဆိုလျှင် “အစ်ကို, ရဟန်းတို့မည်သည် အဘယ်သို့ သဘောရှိကုန်သနည်း”ဟု မေး၏။“ငါ့ညီ, ရဟန်းမည်သည် ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် ညောင်စောင်း အင်းပျဉ် သားရေနယ်စသည်တို့၌ အိပ်၍ ဆွမ်းအလို့ငှါ သွားလာလှည့်ပတ်ရသည်”ဟု ဆိုလျှင် “အစ်ကို, အကျွန်ုပ်သည် သိမ်မွေ့နူးညံ့သည်၊ ရဟန်းပြုခြင်းငှါ မတတ်ကောင်း”ဟု ဆို၏။“ငါ့ညီ,ထိုသို့ဖြစ်လျှင် အိမ်၌ အမှုလုပ်မျိုးတို့ကို သင်၍ နေရစ်လော့၊ ငါတို့နှစ်ယောက်တွင် တယောက်ယောက်သည် ရဟန်းမပြုဘဲ နေခြင်းငှါမသင့်၊ ရဟန်း ပြုတော့အံ့” ဟု ဆိုလျှင် “အစ်ကို,အိမ်၌ အမှုလုပ်မျိုးဟူသည် အဘယ်နည်း”ဟု မေးပြန်၏။ “ငါ့ညီ အနုရုဒ္ဓါ,အိမ်၌ အမှုလုပ်မျိုးဟူသည် ရှေးဦးစွာ လယ်ကိုထွန်စေအပ်သည်၊ ထို့နောင် မျိုးကိုကြဲစေအပ်သည်၊ ထို့နောင် ရေကိုသွင်းစေအပ်သည်၊ ထို့နောင် ရေကိုထုတ်စေအပ်သည်၊ထို့နောင် ရိတ်စေအပ်သည်၊ ဤသို့ အစရှိသည်ဖြင့် ပြောကြားလျှင်“အစ်ကို အဘယ်အခါ အမှုလုပ်၍ ဆုံးနိုင်တော့အံ့နည်း၊ ကာမဂုဏ်ချမ်းသာကို ခံစား၍ ကြောင့်ကြခဲ့နေရသော အကွက်ရှိတော့အံ့နည်း၊အကျွန်ုပ်ရဟန်းပြုတော့အံ့”ဟု အမိထံ ခွင့်ပန်လျှင် “အမောင့်အဒေွ ဘဒ္ဒိယမင်းသား ရဟန်းပြုလျှင် ပြုလေလော့”ဟု အခွင့်ရရှိ၍ ဘဒ္ဒိယမင်းသားနှင့် တိုင်ပင်သောအခါ ယနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ရဟန်းပြုကြကုန်အံ့ ဟု အချိန်းအချက်ထားပြီးလျှင် ခုနစ်ရက်မြောက်သောနေ့၌ကား မင်းသား ခြောက်ယောက်တို့သည် ရှေးအခါ ဟောလကဲ့သို့ စစ်သည်ဗိုလ်ပါနှင့်တကွ ထွက်၍ မင်းတပါး၏ နိုင်ငံသို့ကူး၍ စစ်သည်တို့ကို ပြန်၍ လွှတ်လိုက်လျှင် ခြောက်ယောက်သော မင်းသားတို့သည် မိမိတို့ဝတ်သော အဝတ်တန်ဆာတို့ကို ချွတ်၍ “အချင်းဆတ္တာသည်,သင်သည် ပြန်နစ်လော့၊ဤမျှသော ဘဏ္ဍာတို့ဖြင့် သင့်အား အသက်မွေးခြင်းငှါ လျောက်ပတ်ပြီ”ဟု ဆို၍လွှတ်လိုက်၏။

ဥပါလိဆတ္တာသည်လည်း ခြေရင်း၌လူလည်း ငိုကြွေး မြည်တမ်းလျက် အဝတ်တန်ဆာတို့ကို ထမ်း၍ အတန်ငယ်သော အရပ်သို့ ရောက်လေသော် “သာကီဝင် မင်းတို့သည် ကြမ်းထမ်းကုန်၏။ငါရောက်လျှင် မင်းသား ခြောက်ယောက်တို့ကို သတ်၍ အဝတ်တန်ဆာတို့ကို သင်ယူခဲ့သည် ဟု ငါ့ကိုသတ်ရာ၏”ဟု ကြံ၍ မင်းသားခြောက်ယောက်တို့က ပေးလိုက်သော

အခဝတ်တန်းဆာတို့ကို သစ်ပင်၌ ဆွဲထားခဲ့ပြီးလျှင် မင်းသားခြောက်ယောက်တို့ထံ ပြန်၍"အကျွန်ုပ်လည်း အရှင်တို့နှင့် အတူလိုက်၍ ရဟန်းပြုပါတော့အံ့"ဟု လျှောက်လေသော် မင်းသားခြောက်ယောက်တို့သည် ဥပါလိဆတ္တာသည်နှင့်တကွ သွားကြ၍ မြတ်စွာဘုရားထံသို့ ရောက်လျှင် "အရှင်ဘုရား၊အကျွန်ုပ်တို့ သာကီဝင် မင်းမျိုးတို့မည်သည် မာန်မာနခက်ထန်ပါသည်၊ဤဆတ္တာသည်ကို ရှေးဦးစွာ ရဟန်းပြုတော်မူပါ၊ ထိုသူအား အကျွန်ုပ်တို့ ရှိခိုးခြင်း လက်အုပ်ချီခြင်းကို ပြုရလျှင် မာန်မာနကျပါလိမ့်မည်"ဟု လျှောက်၍ ရှေးဦးစွာ ဥပါလိဆတ္တာသည်ကို ရဟန်းပြုစေပြီးလျှင် နောက်မှ မင်းသားခြောက်ယောက်တို့သည် ရဟန်းပြုကြကုန်၏။

ထိုမင်းသား ခြောက်ယောက်တို့တွင် အရှင်ဘဒ္ဒိယ မထေရ်သည် ၎င်းနှစ် ဝါတွင်းသို့ ရောက်သောအခါ ဝိဇ္ဇာသုံးပါးသို့ ရောက်လေ၏။ အရှင်အနုရုဒ္ဓါမထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဉ်သို့ ရောက်လေ၍ နောက်ကာလ၌ ပုဂ္ဂိုလ်ဝိတက္ကသုတ်ကို ကြားနာရသဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေ၏။အရှင်အာနန္ဒာသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏၊ ဘဂုမထေရ်,ကိမိလမထေရ်တို့သည် နောက်ကာလ၌ ဝိပဿနာကိုပွါး၍ အရဟတ္တဖိုလ်သို့ ရောက်လေကုန်၏။ အရှင်ဒေဝဒတ်သည် ပုထုဇ္ဇန်တို့၏ တန်ခိုးဈာန်ပါဒ်နှင့် ပြည့်စုံသည်၏ အဖြစ်သို့ ရောက်လေ၏။

---

## ၃၈-အနာထပိဏ် သူဌေးကြီး အကြောင်း။

မြတ်စွာဘုရားသည် အနုပိယနိဂုံး၌ မွေ့လျော်တော်မူသမျှ ကာလပတ်လုံး သီတင်းသုံးနေတော်မူလျှင် အစဉ်သဖြင့် ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ ယင်းတိုက်တော၌ သီတင်းသုံးနေတော်မူ၏။ထိုကာလ သာဝတ္ထိပြည် အနာထပိဏ်သူဌေးနှင့် ရာဇဂြိုဟ်သူဌေးသည် အချင်းချင်း မောင်လှယ်နှမလှယ် သို့ယောက်ဖဖြစ်ကြ၍ အကြင်အခါ၌ ရာဇဂြိုဟ်သူဌေးသည် ရာဇဂြိုဟ်၌ ဖြစ်သောဘဏ္ဍာတို့ကို လှည်းငါးရာနှင့်တင်၍ သာဝတ္ထိပြည်သို့ သွားသည်ရှိသော် တယူဇနာခန့် ရောက်လျှင် မိမိလာကြောင်းကို အနာထပိဏ်သူဌေးအား ကြားမှာလိုက်လျှင် အနာထပိဏ်သူဌေးလည်း ခရီးဦးကြိုဆို၍ ယာဉ်နှင့်တင်ပြီးလျှင် သာဝတ္ထိပြည်သို့ ဆောင်လေ၏။ရောက်လျှင် ပါသောဘဏ္ဍာတို့ကို ရောင်း၍ မကုန်တည့်လျှင် မိမိနှစ်မထံ အပ်နှံခဲ့ပြီးသော် ပြန်၍လာ

လေ၏။အနာထပိဏ်သူဌေးကလည်း ဤနည်းအတူ သွားလာရောင်းဝယ်၍ နေကြကုန်၏။

မြတ်စွာဘုရားသည် ယင်းတိုက်တော၌ သီတင်းသုံး နေတော်မူသော အခါ၌ကား အနာထပိဏ်သူဌေးသည် သာဝတ္ထိပြည်၌ဖြစ်သော ကုန်စည် ဘဏ္ဍာတို့ကို တင်၍ ရာဇဂြိုဟ်ပြည်သို့ လာသည်ရှိသော် တယူဇနာခန့်သို့ ရောက်လျှင် ရာဇဂြိုဟ်သူဌေးထံ တမန်စေလိုက်သော်လည်း ရာဇဂြိုဟ် သူဌေးသည် မြတ်စွာဘုရားထံ တရားနာ၍ သံဃာတော်တို့နှင့်တကွ မြတ်စွာဘုရားအား ပင့်၍ ဆွမ်းလုပ်ကျွေးခြင်း၌ ခုံလောက်ပြင်ခြင်း ထင်းဖြတ်ခြင်း အစရှိသော ကိစ္စကြီးငယ်တို့ကို ရွက်ဆောင်၍ နေရသော ကြောင့် အကြိုမလာအား ရှိသည်။အနာထပိဏ်သူဌေးလည်း အကြိုလာ လိမ့်မည် ဟု မြော်လင့်လျက်သာ လာခဲ့သော် ရာဇဂြိုဟ်ပြည် မိမိအဆွေ ယောက်ဖအိမ်သို့ ရောက်လေသော် ကြီးစွာသောလုံ့လ ဥဿာဟဖြင့် အားထုတ်၍ နေသည်ကိုမြင်လျှင်“အဆွေ, အသို့အကြောင်းရှိသနည်း”ဟု မေးလတ်သော် “ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းလုပ်ကျွေးရန်” ဟုပြောလျှင် ဘုရားဟူသောအသံကိုကြားခါမျှဖြင့် ငါးပါးသောပီတိတို့ဖြင့် ထိသော ကိုယ်ရှိသည်ဖြစ်၍“ဘုရားဟု ဆိုသလော၊ဘုရားဟုဆိုသလော” ဟု သုံးကြိမ်တိုင်တိုင် ထပ်ခါထပ်ခါ မေးပြီးလျှင် ဘုရားဟု ငါဆိုပေသည် ဟု ဆိုလေသော်“ယခုအခါ ထိုမြတ်စွာဘုရားထံ ကပ်အံ့သော၌ မတတ် ကောင်းလော”ဟု မေးလျှင်“ယခုအခါ မသင့်၊နက်ဖြန်မှ ဘုရားမြင်ခြင်း၌ ကပ်ရလတ္တံ့”ဟု ဆို၏။

ထိုအခါ အနာထပိဏ်သူဌေးသည် ကုန်စည်ဘဏ္ဍာတို့၌ရင်း အလုပ် အကျွေးတို့၌ရင်း စိတ်ကိုမျှ မဖြစ်မူ၍ ဘုံခုနစ်ဆင့် မြင့်သော ပြာသာဒ် ထက်သို့ တက်၍ ဘုရား-ဘုရား"ဟု သရဇ္ဈာယ်လျက် အိပ်ပျော်ခြင်းသို့ သက်လေ၏။ပဌမယာမ် လွန်လျှင် လင်းခဲ့ပြီ"ဟု ထ၍ မြတ်စွာဘုရားကို အောက်မေ့ဆင်ခြင်သည်ရှိသော် အားကြီးသော သဒ္ဓါပီတိရှိသည်ဖြစ်၍ အရောင်အလင်းတို့သည် ထွန်းလင်းသော လနေတို့ကဲ့သို့ ဖြစ်လေလျှင် “ကောင်းကင်သို့ ကြည့်လတ်သော် ပဌမယာမ်သာ လွန်ချေသေးသည်၊ မဇ္ဈိမယာမ် ပစ္ဆိမယာမ် ကျန်သေးသည်”ဟု အိပ်ပြန်လေ၏။ မဇ္ဈိမယာမ် လွန်သော အခါ၌လည်း ထို့အတူထ၍ အိပ်ပြန်လေ၏။ ပစ္ဆိမယာမ်၏ အဆုံး မိုးသောက်ထအခါ၌ကား ထ၍ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်တံခါး

တို့လည်း အလိုလို ပွင့်လျှင် ပြာသာဒ်မှ ဆင်းသက်၍ သွားသည်ရှိသော် မသာတံခါးသို့ ရောက်လေ၏။နတ်တို့သည် တံခါးကိုဖွင့်လှစ်၍ ပေးကြကုန်၏။တံခါးခုံသို့ ထွက်မိလျှင် ညဥ့်အခါက သေသောလူကောင်တို့ကို ပြင်ပသို့ဆောင်ခြင်းငှါ မတတ်ကောင်း၍ မြို့ရိုးပစ္စင်တို့မှ ပြင်ဘက်သို့ ချထားကြသော သူသေကောင်တို့ကို နင်းမိ ခတ်မိလေ၏။ယင်တို့သည် တရုံးရုံး ထကုန်၏။အပုပ်နံ့တို့သည် လှိုင်ကုန်၏။

ထိုအခါ အနာထပိဏ် သူဌေးသည် နုံ့နှေးသော သဒ္ဓါဖြစ်လာ၏။ ထို့ကြောင့် ပီတိ၏ အစွမ်းဖြင့်ဖြစ်သော အရောင်အလင်း တို့သည် ကွယ်ခြင်းသို့ ရောက်လေသဖြင့် ထိတ်လန့်ခြင်းပြင်းစွာဖြစ်ရကား သုတ်နစ်လိုသော စိတ်အကြံ ဖြစ်လေ၏။ထိုအကြံကိုသိ၍ သီဝက အမည်ရှိသော နတ်သည် "အိုသူဌေးကြီး, ဆင်တသိန်း၊ မြင်းတသိန်း၊ အဿတိုရ်မြင်းကသော ရထားတသိန်း၊ပုတီး နားဒောင်းတို့ဖြင့် တန်ဆာဆင်အပ်သော မင်းသမီးတသိန်း၊ဤမျှသော ရတနာတို့သည် မြတ်စွာဘုရားတို့ထံ တရားနာအံ့သောငှါ ကပ်သောသူ၏ တခုသော ဘဝါးလှမ်းကို တဆဲ့ခြောက်စိတ် တဆဲ့ခြောက်ကြိမ်စိတ်၍ တစိတ်ကိုမျှ မမှီနိုင်ချေ။ နောက်သို့မဆုတ်လင့်၊ ရှေ့သို့သာ တက်လော့"ဟု နှိုးဆော်တိုက်တွန်းလျှင် ထိုအခါ အနာထပိဏ် သူဌေးအား ပီတိ၏အရောင်တို့ဖြင့် ထွန်းလင်းတောက်ပလေ၏။ အမိုက်ကွယ်ပျောက်လေ၏။ ဤသို့လျှင် အနာထပိဏ် သူဌေးအား သုံးကြိမ်တိုင်တိုင် ပီတိရောင် ပျောက်၍ သုတ်နစ်မည်ရှိရာ သုံးကြိမ်တိုင်တိုင် သီဝကနတ်သား နှိုးဆော်သဖြင့် သဒ္ဓါတရားတိုးတက်၍ သုံးကြိမ်တိုင်တိုင် ပီတိရောင်တို့ဖြင့် ထွန်းလင်းတောက်ပလျက် နှစ်သက်ဝမ်းသာ၍ "မသုတ်နှစ်ဘဲ ငါ့အားဂုဏ်အားဖြင့် ရအပ်သော အနာထပိဏ်သူဌေး ဟူသော အမည်သာလျှင် ထင်ရှားသည်၊ မိဘတို့ ပေးအပ်သော သုဒတ္တ-ဟူသော အမည်ကို တစုံတယောက်မျှ မသိကြကုန်၊အကယ်၍ ဘုရားစင်စစ်ဖြစ်အံ့၊ ငါ့အား မိဘတို့သည် ပေးအပ်သော သုဒတ္တ-ဟူသော အမည်ဖြင့် ခေါ်တော်မူလတ္တံ့"ဟု ကြံ၍သွားလေသော် မြတ်စွာဘုရားထံသို့ ရောက်လေ၏။ ။မြတ်စွာဘုရားလည်း "လာခဲ့လော့ သုဒတ္တ"ဟု ခေါ်တော်မူ၍ တရားအမြွက် တိုက်ကျွေးတော်မူလျှင် ဒေသနာတော်အဆုံး၌ သောတာပန်တည်လေ၏။

## ၇၉-မြတ်စွာဘုရား သာဝတ္ထိပြည်သို့ ကြွတော်မူခြင်း။

သောတာပန်တည်ပြီးလျှင် ဘုရားအမှူးရှိသောသံဃာတို့အား ဆွမ်းလုပ်ကျွေးလျက် သာဝတ္ထိပြည်သို့ ကြွတော်မူပါမည့်အကြောင်း ခွင့်တောင်း၍ လေးဆဲ့ငါးယူဇနာခြားသော ခရီးအကြား၌ တသိန်းသော ဥစ္စာတို့ကို ပေး၍ တယူဇနာလျှင်တကျောင်း၊တယူဇနာလျှင်တကျောင်း ဆောက်လုပ်စေ၍ သာဝတ္ထိပြည်သို့ ရောက်လျှင် ဇေတမင်းသား၏ ဥယျာဉ်ရာကို တဆဲ့ရှစ်ကုဋေသောဥစ္စာတို့ဖြင့်ဝယ်၍တဆဲ့ရှစ်ကုဋေသောဥစ္စာတို့ဖြင့်ကျောင်းကြီးကို ဆောက်လုပ်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာတို့အား စတုဒိသာ သံဃိကလှူ၏။မြတ်စွာဘုရားလည်း ဇေတဝန်ကျောင်းတော်ကို ခံတော်မူ၍ သီတင်းသုံး နေတော်မူ၏။ ။ထိုအခါ ညီတော် နန္ဒ မထေရ်သည် သာသနာတော်၌ မပျော်၊ လူ၏ဘောင်သို့ မြော်သည်ဖြစ်၍ လူထွက်လိုရကား ထိုအကြောင်းကို ရဟန်းအပေါင်းအား ပြောကြားစေလျှင် မြတ်စွာဘုရား ကြားသိတော်မူသဖြင့် "အဘယ့်ကြောင့် သာသနာတော်၌ မမွေ့လျော် မပျော်ဘိသနည်း" ဟု မေးတော်မူလျှင် "အရှင်ဘုရား, ဇနပဒကလျာဏီ မင်းသွီးသည် အရှင့်သား လျင်လျင် လျှားလျှား ပြန်ခဲ့ပါ-ဟု မှာလိုက်သောစကားကို အစဉ် အောက်မေ့၍ မမွေ့မလျော် မပျော်နိုင်ပါ၊ လူထွက်ပါတော့မည်ဘုရား" ဟု လျှောက်၏။ ။ထိုအခါ မြတ်စွာဘုရားသည် အရှင်နန္ဒ မထေရ်ကို ခေါ်တော်မူ၍ တာဝတိံသာ နတ်ပြည်သို့ သွားလေလျှင် ခရီးအကြား၌ မီးလောင်ဒုတ်၌ ထိုင်၍နေသော မျောက်မတကောင်ကိုပြ၍ အစဉ်သဖြင့်ကြွတော်မူပြန်လျှင် တာဝတိံသာနတ်ပြည်သို့ရောက်သောကာလ ငါးရာသောနတ်သွီးတို့ကိုပြ၍"ဇနပဒကလျာဏီနှင့် ဤနတ်သွီးတို့သည် အဘယ်သူက သာလွန်၍ အဆင်းလှသနည်း" ဟု မေးတော်မူလျှင် "အရှင်ဘုရား,ဤနတ်သွီးတို့နှင့် စာလျှင် ဇနပဒကလျာဏီသည် ယခင်ပြခဲ့သော မျောက်မနှင့် တူပါသည်ဘုရား" ဟု လျှောက်၏။ "ဤနတ်သွီးတို့ကို လိုချင်လျှင် မြတ်သော အကျင့်ကို ကျင့်လော့" ဟု မိန့်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့ ပြန်တော်မူခဲ့၏။ အရှင်နန္ဒမထေရ်လည်း ငါးရာသော နတ်သွီးတို့၏ အလို့ငှါကျင့်၏။ထိုအခါ ရဟန်းအပေါင်းတို့သည် "အရှင်နန္ဒမထေရ်သည် ငါးရာသော နတ်သွီးတို့၏ အလို့ငှါကျင့်၏"ဟု ကဲ့ရဲ့ကြကုန်သဖြင့် ရှက်နိုးရကား ဘိတ်ငြိမ်ရာအရပ်သို့ သွား၍

တရားကို အားထုတ်လျှင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ရဟန္တာအဖြစ်သို့ ရောက်လျှင် "အရှင်ဘုရား, အကျွန်ုပ်သည် ငါးရာသော နတ်သမီးတို့ကို အလိုမရှိပါပြီ"ဟု လျှောက်၏။

---

## ၁၀-ဝေသာလီပြည်၌ ဘေးကြီး ၃-ပါး အကြောင်း။

မြတ်စွာဘုရားလည်း ဇေတဝန်ကျောင်းတော်၌ မွေ့လျော်တော်မူသမျှ ကာလပတ်လုံး သီတင်းသုံး နေတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ တဖန် ပြန်လည်တော်မူခဲ့၍ ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဝေသာလီပြည်၌ ဘေးသုံးပါး ထိခိုက်ကုန်၏။ ။အဘယ်သို့ ထိခိုက်သနည်းဟူမူကား။ ။ဝေသာလီ ပြည်သည် စည်ပင် ပြန့်ပြော ပေါများသော လူတို့ဖြင့် ပြွမ်းကုန်၏။ ခုနစ်ထောင် ခုနစ်ရာ ခုနစ်ယောက်သော လိစ္ဆဝီမင်းတို့သည် အလှည့်အလည် မင်းပြုကြကုန်၏။ ထိုမင်းတို့၏ နေရာအလို့ငှါ ခုနစ်ထောင် ခုနစ်ရာ ခုနစ်ဆောင်သော ပြာသာဒ်၊ ဥယျာဉ်, ရေကန် ဗိမာန်တို့ဖြင့်တင့်တယ်၏။ဝေသာလီပြည်သည် ထိုအခါ ငတ်မွတ် ခေါင်းပါးသည်ဖြစ်၍ ဆင်းရဲသောသူတို့သည် ဇွဲဦးစွာ သေကြလေကုန်၏။ထိုသူသေကောင်တို့၏ အပုပ်နံ့ဖြင့် ဘီလူးတို့သည် မြို့တွင်းသို့ ဝင်ကြကုန်သဖြင့် ဘီလူးဘေးကြောင့် များစွာသောလူတို့သည် သေကြကုန်၏၊ မကောင်းသော အနံ့ကြောင့် သတ္တဝါတို့အား အဟိဝါတ ရောဂါကပ် ရောက်ကြကုန်၏၊

ထိုအခါ ဝေသာလီပြည်၌ နေကြသူ လူအလုံးတို့သည် ရုံးစည်းဝေး ပြီးလျှင် ယခုအခါ ငါတို့၌ ဘေးသုံးပါး ထိခိုက်ခဲ့ပြီ၊ဤမင်းမှ မင်းခုနစ်ဆက် တိုင်တိုင် ဤကဲ့သို့မဖြစ်စဘူး၊ တရားစောင့်သော မင်းတို့၏ လက်ထက်၌ လည်း ဤကဲ့သို့မဖြစ်"ဟု မင်းအား ကြားလျှောက်ကြကုန်လျှင် မင်းလည်း "ငါ့အား မတရားသဖြင့် ပြုသည်ကို စိစစ်ကြလော့" ဟု မိန့်တော်မူသည် ဖြစ်၍ စိစစ်ကြသော်လည်း တစုံတခုမျှ မတရားသဖြင့် ပြုသည်ကို မမြင် ဘူး၍ ဘေးသုံးပါးတို့၏ ငြိမ်းရာဖြစ်သော အကြောင်းမှာ မြတ်စွာဘုရား သာ တတ်နိုင်ရာ၏ဟု ကြံကြကုန်ပြီးလျှင် ဗိမ္ဗိသာရမင်းကြီးထံ ဆက်သရန် လက်ဆောင်ပဏ္ဏာနှင့်တကွ မဟာလိမည်သော လိစ္ဆဝီမင်း တယောက်, ပုရောဟိတ်သား တယောက်၊ဤနှစ်ယောက်ကို ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရ

မင်းကြီးထံ မြတ်စွာဘုရားကို ပင့်၍ ပေးပါမည့်အကြောင်းနှင့် လွှတ်လိုက်၍ ရောက်လျှင် လက်ဆောင်ပဏ္ဏာတို့ကို ဗိမ္ဗိသာရမင်းကြီးအား ဆက်သ၍ မြတ်စွာဘုရားကို ပင့်သောကာလ မြတ်စွာဘုရားလည်း ဘေးသုံးပါးတို့ ငြိမ်း၍ အကျိုးစီးပွါး များလတ္တံ့သည်ကို မြင်တော်မူ၍ အာမခံတော်မူ၏။

ဗိမ္ဗိသာရမင်းကြီးလည်း မြတ်စွာဘုရား ဝေသာလီပြည်သို့ ကြွအံ့ ဟု ဝန်ခံသည်ကို ကြားသိလျှင် ရာဇဂြိုဟ်ပြည် ဂင်္ဂါမြစ်အကြား ငါးယူဇနာ ခြားသော အရပ်၌ လျောက်ပတ် တင့်တယ်စွာသော မြေတို့ကို အညီ အညွတ်ပြုပြီးလျှင် တယူဇနာ တယူဇနာသော အရပ်၌ ကျောင်းတို့ကို ဆောက်လုပ်စေ၍ မြတ်စွာဘုရား ကြွတော်မူအံ့သော အခါကို ကြား လျှောက်၏။ မြတ်စွာဘုရားသည် ငါးရာသော ရဟန်းတို့နှင့်တကွ ကြွတော် မူ၏။ ဗိမ္ဗိသာရမင်းကြီးလည်း ပုဆစ်ဒူး ကျွံနစ်အောင် ငါးပါးသော အဆင်း ရှိသော ပန်းတို့ကို ကြဲစေ၍ တံခွန်,ကုက္ကား,မုလေးပွါး,ငှက်ပျောပင် စသည် တို့ကို စိုက်စေပြီးလျှင် မြတ်စွာဘုရားအား နှစ်စင်းသော ထီးဖြူတို့ကို၊ ငါးရာသော ရဟန်းတို့အား တစင်းစီသော ထီးဖြူတို့ကို ဆောင်းစေလျက် ပန်းနံ့သာ အစရှိသည်တို့ဖြင့် ပူဇော်၍ တခုတခုသောကျောင်း၌ မြတ်စွာ ဘုရားကို သီတင်းသုံး နေစေပြီးလျှင် အလှူကြီးပေး၍ ငါးရက်ဖြင့် ဂင်္ဂါ မြစ်သို့ ဆိုက်ရောက်လေ၏။ ဂင်္ဂါမြစ်သို့ ရောက်လျှင် ဝေသာလီပြည် လိစ္ဆဝီမင်းတို့ထံ တမန်စေလိုက်၍ လိစ္ဆဝီမင်းတို့ကလည်း ဗိမ္ဗိသာရ မင်းကြီးထက် နှစ်ဆတက် တံခွန်, ကုက္ကား, မုလေးပွါး, ကြက်လျှာ,ထီးဖြူ ငှက်ပျောပင် အစရှိသည်တို့ဖြင့် စီရင်ခင်းကျင်းလျက် ခရီးဦး ကြိုဆို၍ နေကြကုန်၏။

ဗိမ္ဗိသာရမင်းကြီးလည်း နှစ်စင်းသောလှေကို ပေါင်းဖွဲ့၍ မြတ်စွာဘုရား နေရာကိုခင်း၍ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ ရဟန်း အပေါင်းတို့သည်လည်း လှေသို့တက်၍ မြတ်စွာဘုရားကို ခြံရံကြကုန် သဖြင့် ဗိမ္ဗိသာရမင်းကြီးသည် လည်မျိုသို့ ရောက်အောင် ရေသို့ ဆင်း သက်၍ ပို့ပြီးလျှင် ဂင်္ဂါမြစ်နားသို့ ပြန်နစ်၍ နေလေ၏။ မြတ်စွာဘုရား လည်း ရဟန်းအပေါင်း ငါးရာနှင့်တကွ ရေကြောင်းခရီး ကြွတော်မူသဖြင့် တယူဇနာဝေးကွာသော ဝေသာလီပြည်သို့ ရောက်တော်မူလေ၏။ လိစ္ဆဝီ မင်းတို့သည်လည်း လည်မျိုပမာဏရှိသော ရေသို့ သက်ဆင်း၍ ခရီးဦး ကြိုဆိုခြင်းကို ပြုကြကုန်သဖြင့် မြတ်စွာဘုရားသည် ဂင်္ဂါမြစ်မှဘက်တော်

မှု၍ ကမ်းကို ခြေတော် နင်းမိသော ခဏ၌ ကြီးစွာသော ပေါက္ခရဝဿ မိုးသည်းကြီး ရွာလေ၏။ အလုံးစုံသော အရပ်၌ ပုဆစ်ဒူးပမာဏ ပေါင်ပမာဏ ခါးပမာဏရှိသော ရေတို့သည် ဝေသာလီပြည်၌ အလုံးစုံသော အကောင် ပုပ်တို့ကို ဂင်္ဂါမြစ်သို့ ဆောင်ကြကုန်၏။ မြေအတိုသည် သန့်ရှင်းစင်ကြယ် လေ၏။ ထိုအခါ လိစ္ဆဝီမင်းသားတို့သည် မြတ်စွာဘုရားကို ဗိမ္ဗိသာရ မင်းကြီးထက် နှစ်ဆတက် ပူဇော်ချီးမြှင့်၍ သုံးရက်ဖြင့် ဝေသာလီပြည်သို့ ရောက်ကြလေကုန်၏။

ထိုအခါ သိကြားမင်းလည်း နတ်ပရိသတ်အပေါင်း ခြံရံလျက် မြတ်စွာ ဘုရားထံသို့ ရောက်လာ၏။ တန်ခိုးကြီးသောနတ်တို့ စည်းဝေးရောက်လာ လျှင် ဘီလူးတို့သည် လျင်မြန်စွာ ပြေးကြကုန်၏။ မြတ်စွာဘုရားသခင် သည် ညချမ်းသောအခါ၌ အရှင်အာနန္ဒာအား ရတနသုတ်ကို သင်၍ ရွတ် စေတော်မူလျှင် အလုံးစုံသော ဘီလူးတို့သည် မြို့နံရံစသည်တို့ကိုဖောက်၍ ပြေးကြကုန်သဖြင့် ဘီလူးဘေးမှ ငြိမ်းလေကုန်၏။ မြတ်စွာဘုရားသည် ခင်းထား အပ်သော နေရာထက်၌ နေတော်မူ၍ ထို ရတနသုတ်ကိုပင် ဟောတော် မူပြီးလျှင် ဒေသနာအဆုံး၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့သည် အကျွတ်တရား ရကြကုန်၏။ ခုနစ်ရက်ပတ်လုံး မြတ်စွာ ဘုရားသည် ထို ရတနသုတ်ကိုပင် ဟောတော်မူ၍ အလုံးစုံသော ဘေးတို့ ငြိမ်းပြီးသည်ရှိသော် လိစ္ဆဝီမင်းတို့ကို ခေါ်၍ ဝေသာလီပြည်မှ ထွက် တော်မူခဲ့၏။ လိစ္ဆဝီမင်းတို့လည်း နှစ်ဆတက်သောပူဇော်ခြင်းဖြင့် ပူဇော်၍ သုံးရက်ဖြင့်သာလျှင် ဂင်္ဂါမြစ်သို့ ရောက်အောင် ပို့ဆောင် လိုက်ကြ ကုန်၏။

ထိုအခါ ဂင်္ဂါမြစ်၌နေသော နဂါးတို့သည် "လူတို့သာ မြတ်စွာဘုရားကို ပူဇော်အပ်သည်မဟုတ်၊ ငါတို့လည်း ပူဇော်ကြအံ့" ဟု ရွှေလှေ,ငွေလှေ, ပတ္တမြားလှေတို့၌ ရွှေပလ္လင်,ငွေပလ္လင်,ပတ္တမြားပလ္လင် တင်ပြီးလျှင် မိမိတို့၏ လှေသို့ တက်စိမ့်သောငှါ မြတ်စွာဘုရားအား ခွင့်တောင်းကြ ကုန်၏။ ဘုမ္မဇိုဝ်းနတ်တို့ကို အစပြု၍ အကနိဋ္ဌဗြဟ္မာ့ပြည်သို့ တိုင်အောင် အလုံးစုံ သော နတ်ဗြဟ္မာတို့သည် ပူဇော်အပ်သည်သာ ဟု ထီး, တံခွန်, ကုက္ကား, မုလေးပွါး,ကြက်လျှာ အစရှိသည်တို့ဖြင့် အုံ၍ မပြီး ချီး၍ မကုန်နိုင်အောင် လိုက်ထောင် တီးမှုတ်လျက် ကောင်းချီးသံ ကြော်ငြာ၍ သွားလာ လှည့်ပတ် ကြကုန်၏။

အံ့၍မပြီး၊ ကြီးကျယ်သော အစည်းအဝေး သုံးပါးတည်း။ ။သုံးပါး ဟူသော်ကား။

၁-ယခိုက်ပြာဋိဟာကို ပြတော်မူသောအခါ အစည်းအဝေးတပါး။

၂-တာဝတိံသာ နတ်ပြည်မှ သက်တော်မူသောအခါ အစည်းအဝေး တပါး။

၃-ဂင်္ဂါမြစ်သို့ သက်တော်မူသောအခါ အစည်းအဝေးတပါး။

ဤသုံးပါးတို့တည်း။

မြတ်စွာဘုရားလည်း နဂါးတို့၏ အဇ္ဈာသယကို သိတော်မူ၍ တစင်း တစင်းသောလှေ၌ ငါးရာ ငါးရာသော ရဟန်းအခြံအရံနှင့်တကွ တဆူ တဆူသော နိမ္မိတဘုရား ရုပ်ပွါးတော်ကို ဘန်ဆင်းတော်မူ၏။ နဂါးမင်း တို့သည် ဘုရားအမှူးရှိသော သံဃာတော်တို့ကို နဂါးပြည်သို့ဆောင်၍ ညဉ့်သုံးယာမ်ပတ်လုံး တရားတော်နာ၍ နှစ်ရက်မြောက်သောနေ့၌ နတ်၌ ဖြစ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် ဘုရားအမှူးရှိသော သံဃာတော်အား လုပ်ကျွေး၏။ မြတ်စွာဘုရားလည်း နဂါးတို့အား တရားအနုမောဒနာပြုပြီး လျှင် နဂါးပြည်မှ ထွက်တော်မူခဲ့၍ အလုံးစုံသောနတ်ဘို့သည် ပူဇော်အပ် သည်ဖြစ်၍ ငါးရာသောလှေတို့ဖြင့် ရာဇဂြိုဟ်ပြည်ဆိပ်သို့ ရောက်တော်မူ လေ၏။ ဗိမ္ဗိသာရမင်းကြီးလည်း ဝေသာလီပြည် လိစ္ဆဝီမင်းတို့ထက် နှစ်ဆ တက်ပူဇော်၍ ငါးရက်ဖြင့် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်သို့ ရောက်အောင် ဆောင်တော်မူ၏။ မြတ်စွာဘုရားလည်း ရောက်တော်မူ၍ ဝါဆိုလပြည့်ကျော် တရက်နေ့တွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း တော်၌ ဒုတိယဝါကပ်တော်မူလေ၏။ တတိယဝါ စတုတ္ထဝါ တို့ကိုလည်း ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ပင် ကပ်တော်မူ၏။ ။ပဉ္စမဝါကို ဝေသာလီပြည် ကူဋာဂါရကျောင်းတော်၌ ဝါကပ်တော်မူ၏။

---

## ၈၁-မဟာပဇာပတိဂေါတမီနှင့် သာကီဝင် မင်းသွီးများ အကြောင်း။

ဝေသာလီပြည် ကူဋာဂါရ ကျောင်းတော်၌ သီတင်း သုံးနေတော် မူသောအခါ မိထွေးတော် မဟာပဇာပတိဂေါတမီသည် သုဒ္ဓေါဒနမင်းကြီး

ထိုးဖြိုအောက်၌ပင် အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန် စံလေပြီးသော် ရောဟနီမြစ်ရေကို အစွဲပြု၍ ခိုက်ရန်ဖြစ်ကြသောအခါ မြတ်စွာဘုရားသည် ထိုခိုက်ရန်ကို ငြိမ်းစေတော်မူသောအဆုံး၌ ရဟန်းပြုကြကုန်သော သာကီဝင်မင်းသားတို့၏ မယားဟောင်း ဖြစ်သော သာကီဝင် မင်းသမီး ငါးရာတို့နှင့် အတူတကွ မိမိဆံတို့ကို ပယ်ရှင်း၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ပြီးလျှင် ကပိလဝတ်ပြည်မှ ယူဇနာ-ငါးဆဲ့တယူဇနာ ကွာသော ဝေသာလီပြည်သို့ ခြေကျင်ဖြင့် လာခဲ့ကြကုန်၍ ဝေသာလီပြည်သို့ ရောက်လျှင် ပေါက်သောခြေဘဝါး ဖူအလိမ်းလိမ်း ကပ်သော ကိုယ်ရှိသည်ဖြစ်၍ ပိယိုမြည်ဘမ်းလျက် ကူဋာဂါရကျောင်းတော်၏ တံခါးမုခ်ဝ၌ နေကြလေကုန်၏။

ထိုအခါ အရှင် အာနန္ဒာသည် မဟာပဇာပတိ ဂေါတမီကိုမြင်၍ အကြောင်းမျိုးကိုမေးလျှင် "အရှင်ဘုရား အာနန္ဒာ,ရဟန်းပြုလိုပါသည်၊ အခွင့်ပန်ကြား အသနားခံ၍ ပေးတော်မူပါ"ဟု လျှောက်သောအခါ အရှင် အာနန္ဒာသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ အခွင့်တောင်းလျှင် "မာတုဂါမတို့မည်သည် သာသနာတော်၏ အညစ်အကြေးဖြစ်သည် အာနန္ဒာ"ဟု ပယ်တော်မူသော်လည်း "အရှင်ဘုရား, မိထွေးတော် ဂေါတမီသည် ကိုယ်တော်အရှင်ဘုရားအား ကျေးဇူးများပါပေသည်၊ ငယ်စဉ်တောင် ကျေးကပင် မွေးကျွေးသုတ်သင်၍ အစဉ်သဖြင့် ကြီးပွါးအောင် ရှက်ဆောင် ထိန်းသိမ်းရသော အမှုကို ပြုပါပေသည်၊ ရဟန်းအဖြစ်၌ အခွင့်ပေးသနားတော်မူပါ"ဟု အကြိမ်ကြိမ်လျှောက်သဖြင့် "ချစ်သားအာနန္ဒာ, မိထွေးတော်ဂေါတမီသည် ရှစ်ပါးသော ဂရုဓမ္မကို အာမခံသဖြင့် ရဟန်းဖြစ်စေလော့"ဟု မိန့်တော်မူ၍ ရှစ်ပါးသော ဂရုဓမ္မတို့ကို မသွေမလှန် ကျင့်ကြံပါတော့မည်ဟု အာမခံကာမျှဖြင့် မိထွေးတော် မဟာပဇာပတိဂေါတမီသည် ဘိက္ခုနီဟေရိ ရဟန်းမိန်းမ အဖြစ်သို့ ရောက်လေ၏။ ရဟန်းအဖြစ်သို့ ရောက်လျှင် တရားတော်ကို နာရ၍ ရဟန္တာထေရီမအဖြစ်သို့ ရောက်လေ၏။ ငါးရာသော သာကီဝင် မင်းသမီးတို့မှာ အရှင်အာနန္ဒာ ကမ္မဝါ တင်ရွတ်ဘတ်၍ ရဟန်းပြုသဖြင့် ဧကတောဥပသမ္ပန္န ဘိက္ခုနီမ ရဟန်းအဖြစ်သို့ ရောက်ကြလေကုန်၏။ ထိုအခါ ငါးရာသော ဘိက္ခုနီမတို့လည်း နောင်ကာလ ရဟန္တာထေရီမ အဖြစ်သို့ ရောက်ကြလေကုန်၏။

မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် သာသနာသို့ဝင်၍ ရဟန်းပြုလျှင် ရာဟုလာမယ်တော် ယသောဓရာသည်၎င်း,ဇနပဒကလျာဏီ မင်းသမီးသည်၎င်း,သာဝတ္ထိပြည် သူဌေးသမီး ဥပ္ပလဝဏ်သည်၎င်း, ဗိမ္ဗိသာရမင်းကြီး၏မိဖုယား-ခေမာ မိဖုယားသည်၎င်း၊ဤသို့ အစရှိသည်ဖြင့် သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော အမျိုးသမီး တို့သည် အသီးအသီး သာသနာတော်သို့ဝင်၍ ရဟန်းပြုကြကုန်သဖြင့် အသီးအသီး ရဟန္တာ ဘိက္ခုနီမ အဖြစ်သို့ ရောက်ကြလေကုန်၏။

မြတ်စွာဘုရား သည်လည်း ထိုသူတို့၏ ဆုတောင်း ပတ္ထနာအား လျော်စွာ ခေမာဘိက္ခုနီမအား၊ ပညာအရာ၌ ဧတဒဂ်ပေး၍ လက်ျာရံ ဌာနန္တရရာထူးကို ပေးသနားတော်မူ၏။ဥပ္ပလဝဏ် ဘိက္ခုနီမအား တန်ခိုးအရာ၌ ဧတဒဂ်ပေး၍ လက်ဝဲရံ ဌာနန္တရ ရာထူးကို ပေးသနားတော်မူ၏။ မိထွေးတော် ဂေါတမီထေရီမအား ညဉ့်၏ အပိုင်းအခြားကို သိသော အရာ ဘိက္ခုနီမတကာတို့ထက် မြတ်သောအရာ၌ ဧတဒဂ်ထားတော်မူ၏။ယသောဓရာထေရီမအား အဘိညာဉ်အရာ၌ ဧတဒဂ်ထားတော်မူ၏။

## ၈၂-မဟောဒရ စူဠောဒရနဂါးတို့ကို ဆုံးမတော်မူခြင်း။

မြတ်စွာဘုရားသည် ဝေသာလီပြည်ကူဋာဂါရ ကျောင်းတော်၌ ဝါမှ ထမြောက်ပြီးနောက် မွေ့လျော်တော်မူသမျှ ကာလပတ်လုံး သီတင်းသုံး နေတော်မူပြီးလျှင် အစဉ်သဖြင့် ဒေသစာရီ ကြွချီတော်မူသည်ရှိသော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်၍ သီတင်းသုံးနေတော်မူ၏။ ။ထိုအခါ သီဟိုဠ်ကျွန်း၏အနီး သမုဒ္ဒရာ၌ နဂါးပြည်ကို အစိုးရသော နဂါးမင်းကြီးအား မဟောဒရမည်သော သားတယောက်၊ ကိရိပ္ပကာ မည်သော သမီးတယောက်ရှိသည်တွင် ကိရိပ္ပကာမည်သော သမီးအား ပတ္တမြားပလ္လင်ကို ပေး၍သေလေ၏။ နဂါးမင်းကြီး မရှိလျှင် မဟောဒရ အမည်ရှိသော သားသည် နဂါးမင်းအဖြစ်သို့ ရောက်လေ၏။မိမိ၏ ကိရိပ္ပကာအမည်ရှိသော နှမကိုလည်း ဝဍ္ဎမာနတောင်၌နေသော နဂါးမင်းနှင့် ထိမ်းမြား၍ စူဠောဒရမည်သော သားကို ဖွါးမြင်လေ၏၊ ထိုစူဠောဒရနဂါး မင်းသည် အချိန်အရွယ်သို့ ရောက်သောကာလ အမိအား ပေးခဲ့သော

ပတ္တမြားပလ္လင်ကို လှ၍ ဦးရိုးတော် မဟောဒရနဂါးမင်းနှင့် စစ်ထိုးကြကုန်၏။

ထိုအကြောင်းကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားသည် သိတော်မူသဖြင့် သီဟိုဠ်ကျွန်းသို့ တန်းခူးလကွယ်နေ့ ကြွတော်မူ၏။ ဇေတဝန် ကျောင်းတော်၏ အနီး သမိဒ္ဓိသုမန မည်သော လင်းလွန်းပင်စောင့်နတ်လည်း လင်းလွန်းပင်ကို ထီးပြု၍ မြတ်စွာဘုရားကို ဆောင်းလျက်လိုက်၏။ ရောက်လျှင် မြတ်စွာဘုရားသည် နဂါးမင်းတို့၏ စစ်ဘဲ့အထက် ကောင်းကင်က ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် ကြောက်မက်ဘွယ်သော အခိုက်မှောင်ကို ဖြစ်စေတော်မူလျှင် ထိုအခါ နဂါးတို့သည် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ နေကြကုန်သဖြင့် တရားအမြိုက် တိုက်ကျွေးတော်မူသောအခါ နဂါးတို့သည် အချင်းချင်း ညီညွတ်ကြကုန်ရကား ပတ္တမြားပလ္လင်ကို မြတ်စွာဘုရားအားလှူကြကုန်၏။မြတ်စွာဘုရားလည်း ပတ္တမြားပလ္လင်ထက်၌ နေတော်မူ၏။ဆယ်ကုဋေသောနဂါးတို့အား သရဏဂုံပဉ္စသီ၌ တည်စေတော်မူ၏၊

ထိုအခါ မဏိအက္ခိကမည်သော နဂါးသည် "ဤသီဟိုဠ်ကျွန်းသို့ နောက်ကိုလည်း တကြိမ်တခါ ကြွတော်မူပါဦး"ဟု မြတ်စွာဘုရားထံ ခွင့်တောင်း၏။မြတ်စွာဘုရားလည်း မဏိအက္ခိကနဂါးမင်း၏ တောင်းပန်ခြင်းကို အာမခံတော်မူ၍ ပတ္တမြားပလ္လင်နှင့် လင်းလွန်းပင်ကိုလည်း ပရိဘောဂစေတီပြု၍ ကိုးကွယ်ရစ်ကြလော့၊ အကျိုးများလတ္တံ့"ဟု မိန့်တော်မူခဲ့ပြီးလျှင် ပြန်တော်မူခဲ့၍ မကုဋ္ဌတောင်၌ ဆဋ္ဌမဝါ ကပ်တော်မူ၏။

**စန္ဒကူးသပိတ်တော်။** ။ဝါမှထတော်မူလျှင် မွေ့လျော်တော်မူသမျှ ကာလပတ်လုံး သီတင်းသုံး နေတော်မူပြီး၍ ဒေသစာရီ ကြွချီတော်မူလတ်သော် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ ရောက်၍ သီတင်းသုံးနေတော်မူ၏။ ။ထိုအခါ ရာဇဂြိုဟ် သူဌေးကြီးသည် ဂင်္ဂါမြစ်၌ စန္ဒကူးတုံးကိုရ၍ သပိတ်ပွတ်ပြီးလျှင် ကောင်းကင်၌ ဝါးအဆက်ဆက် ထောင်လျက် ဆွဲထား၍ "အကြင်ပုဂ္ဂိုလ်သည် ကောင်းကင်သို့ ပျံ၍ ယူခြင်းငှါ စွမ်းနိုင်၏။ ထိုပုဂ္ဂိုလ်သည် ယူစေသတည်း" ဟု ဆို၏။ ထိုအခါ ဆသတ္ထာရ ဖြစ်သော ဗိဒ္ဒိတက္ကတွန်းတို့သည် "သူဌေးကြီး, စန္ဒကူးသပိတ်ကို ငါတို့အားပေးလော့"ဟု ဆိုလျှင် "ကောင်းကင်သို့ ပျံနိုင်လျှင် ယူလော့"ဟု ဆို၏၊ ဗိဒ္ဒိတက္ကတွန်းတို့၏ တပည့်တို့ကလည်း "သူဌေးကြီး,အနည်းငယ်

သော သပိတ်နှင့် ကောင်းကင်ပျံခြင်း တန်းခိုးဣဒ္ဓိပါဒ်ကို အလိုမရှိလင့်၊ ငါတို့ဆရာအား လှူပါလော့”ဟု အသီးအသီး ဆိုကြကုန်၏၊ခြောက်ရက်မြောက်သောနေ့၌ကား နာဋပုတ္တိကမည်သော ဒိဋ္ဌိတက္ကတွန်းသည် မိမိတပည့်တို့အား “ကောင်းကင်ပျံအံ့သောအသွင် လက်ခြေကို ပြမည်၊ သင်တို့ကဆွဲ၍ ထားကြကုန်”ဟု အမှတ်သညာပေးပြီးလျှင် သူဌေးကြီး အိမ်သို့သွား၍ “သူဌေးကြီး ဤစန္ဒကူးသပိတ်ကို ငါ့အားပေးလော့”ဟု ဆိုလျှင်“အလိုရှိလျှင်ကောင်းကင်သို့ပျံလော့”ဟုဆို၏၊ထိုအခါ နာဋပုတ္တိကမည်သောဒိဋ္ဌိတက္ကတွန်းသည် ကောင်းကင်သို့ပျံတော့မည်အသွင် လက်ခြေကိုပြလျှင် ထိုအခါ တပည့်တို့သည် “အရှင်ဘုရား, အဘိုးမများသစ်သားသပိတ်ကလေးနှင့် အရဟတ္တဖိုလ်၏ကျေးဇူးဂုဏ်ကို ဖိုလ်ပုံဘို့၏အလယ်၌ပြခြင်းငှါ မသင့်”ဟု ဆွဲထားကြကုန်၏။ သူဌေးကြီးလည်း“ကောင်းကင်သို့ မပျံနိုင်လျှင် မပေး”ဟု ဆို၍ နာဋပုတ္တိက ဒိဋ္ဌိတက္ကတွန်းသည် စန္ဒကူးသပိတ်ကို မရ၊ပြန်လည်ခဲ့ရ၏။

ခုနစ်ရက်မြောက်သောနေ့၌ကား အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်တို့လည်း ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်အံ့ ဟု တခုသော ကျောက်ဖျာထက်၌ သင်္ကန်းသပ္ပါယ်၍ နေသည်တွင် သေသောက်ကြူးတို့သည်“လောက၌ ငါကား ရဟန္တာ၊ငါကား ရဟန္တာ-ဟု လှည့်ပတ်သွားလာကြကုန်၏၊ရာဇဂြိုဟ်ပြည် သူဌေးကြီး စန္ဒကူးသပိတ်ကို မည်သည့်ပုဂ္ဂိုလ်မျှ ကောင်းကင်သို့ ပျံတက်၍ ယူခြင်းငှါ မစွမ်းနိုင်ကြကုန်၊ယခုမှပင်လောက၌ ရဟန္တာမရှိသော အဖြစ်ကို သိရတော့သည်” ဟု မြည်တွန်တောက်တီး၍ သွားကြကုန်၏။ ။ထိုသူတို့၏စကားကို ကြားလျှင် “ငါ့ရှင်ဘာရဒွါဇ၊ ထိုသူတို့၏ စကားသည် သာသနာတော်နှင့် ဆန့်ကျင်သော စကား ဖြစ်သည်၊ ထိုစန္ဒကူးသပိတ်ကို ယူလော့”ဟု အရှင်မောဂ္ဂလာန် တိုက်တွန်းသောကြောင့် အရှင်ပိဏ္ဍောလ ဘာရဒွါဇ မထေရ်သည် သုံးဂါဝုတ် အတိုင်းအရှည်ရှိသော ကျောက်ဖျာကြီးနှင့်တကွ ရာဇဂြိုဟ်ပြည်၏ အထက်၌ ခုနစ်ကြိမ်လှည့်ပတ်ပြီးလျှင် ကျောက်ဖျာကြီးကို ခြေဖြင့်ကန်၍ တည်မြဲတိုင်းသောအရပ်၌ တည်စေပြီးလျှင် သူဌေးကြီးအိမ်၏ အထက်၌ တည်လေ၏။ သူဌေးကြီးလည်း “ကောင်းကင်မှ သက်တော်မူပါ” ဟု တောင်းပန်၍ မြတ်သောနေရာထက်၌ နေစေပြီးသော် စန္ဒကူးသပိတ်ကို ထောပတ်,ဆီ,ပျား,တင်လဲ စသည်တို့ဖြင့် ပြည့်စေ၍ လှူ၏။ ။တောအခံ

ကန္တား သွားသောသူတို့သည် မမြင်ရ၍ တန်းနိုးပြတော်မူပါဦး ဟု လျှောက်လျှင် အရှင်ပိဏ္ဍောလ ဘာရဒွါဇမထေရ်သည် စန္ဒကူးသပိတ်ကို ဆောင်၍ ကောင်းကင်ခရီးဖြင့် တန်းနိုးပြလျက် ကျောင်းတော်သို့ လာခဲ့၏။ ထိုအခါ လူတို့သည် အုံးအုံးကျွက်ကျွက် အရှင်ပိဏ္ဍောလ ဘာရဒွါဇ မထေရ်၏ နောက်သို့ လိုက်ကြကုန်၏။ ထိုအသံကို မြတ်စွာဘုရား ကြားတော်မူ၍ အရှင်အာနန္ဒာကို မေးတော်မူလျှင် ထိုအကြောင်းကို သိတော်မူသဖြင့် "တန်းနိုးပြာဋိဟာကို မပြကြစေနှင့်၊ ပြလျှင် ဒုက္ကဋ်အာပတ် သင့်စေ"ဟု ပညတ်တော်မူ၏။စန္ဒကူးသပိတ်ကိုလည်း ခွဲ၍ ပစ်စေတော်မူ၏။

---

## ၈၃-မြတ်စွာဘုရား တန်းနိုးပြာဋိဟာကို ပြတော်မူခြင်း။

ထိုအခါ တိတ္ထိတို့သည် "ငါတို့သည် ယခုအခါ အခွင့်ရပြီ၊ ရဟန်းဂေါတမနှင့် တန်းနိုးပြိုင်အံ့"ဟု ပြောကြကုန်၏။ ထိုစကားကို ကြားလျှင် ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ "အရှင်ဘုရား, ယခုအခါ တိတ္ထိတို့က တန်းနိုးပြိုင်အံ့-ဟု ပြောကြပါကုန်သည်၊ တန်းနိုးမပြစေနှင့်ဟု ပညတ်တော်မူပါသလော"ဟု လျှောက်လေသော် "မြတ်သောမင်းကြီး, တပည့်သားတို့ကိုသာ ငါဘုရားပညတ်တော်မူသည်၊ငါဘုရားနှင့် တန်းနိုးပြိုင်အံ့"ဟု မိန့်တော်မူလျှင် "အဘယ်အခါ အဘယ်အရပ်၌ ပြိုင်အံ့နည်း" ဟု လျှောက်ပြန်သော် "ဤလမှ လေးလမြောက် ဝါဆိုလပြည့်နေ့ သာဝတ္ထိပြည်၌ ပြိုင်အံ့"ဟု မိန့်တော်မူ၏။ ဤသို့လျှင် မိန့်တော်မူပြီးသော် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ထွက်တော်မူခဲ့သဖြင့် သာဝတ္ထိ ပြည်သို့ ရောက်တော်မူလေ၏။တိတ္ထိတို့လည်း အစဉ်သဖြင့် မြတ်စွာဘုရားနောက်က လိုက်ကြ၍ သာဝတ္ထိပြည်သို့ ရောက်လျှင် တသိန်းသော အသပြာတို့ဖြင့် ကြံညိုပန်းတို့ကို မိုး၍ ရှားသည်တိုင်တို့ဖြင့် မဏ္ဍပ်ဆောက်ကြကုန်၏။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် "အရှင်ဘုရား, တိတ္ထိတို့သည် မဏ္ဍပ်ဆောက်ကြကုန်ပါပြီ၊ အကျွန်ုပ်လည်း မဏ္ဍပ် ဆောက်ပါအံ့" ဟု လျှောက်လေသော် "မြတ်သောမင်းကြီး, သင်မင်းကြီးသည် မဏ္ဍပ် ဆောက်ဘွယ်မရှိပြီ၊ သိကြားမင်း ဆောက်လုပ်လတ္တံ့" ဟု မိန့်တော်မူ၏။ "အရှင်ဘုရား,အဘယ်အရပ်၌ တန်းနိုးပြာဋိဟာ ပြုတော်မူလတ္တံ့နည်း"ဟု လျှောက်ပြန်သော် "ကဏ္ဍမ္ဗ မည်သော သရက်ပင်ရင်း၌ ပြုတော်မူလတ္တံ့"

ဟု မိန့်တော်မူ၏။ ထိုအခါ ဒိဋ္ဌိတို့သည် "ရဟန်းဂေါတမသည် သရက်ပင်ရင်း၌ တန်းခိုးပြာဋိဟာ ပြလတ္တံ့"ဟု တယူဇနာ အတွင်း၌ ရှိသော ထိုနေ့ ပေါက်သော သရက်ပင်ကို အစပြု၍ မိမိတို့ အလုပ်အကျွေး ဖြစ်သော တကာတို့ကို ဖျက်ဆီးစေ၏။ ဝါဆိုလပြည့်နေ့၌ကား ကဏ္ဍ မည်သော ဥယျာဉ်စောင့်သည် လှူအပ်သော သရက်သီး တလုံးကို ဘုဉ်းပေးတော်မူပြီးလျှင် ထိုသရက်စေ့အထက်၌ လက်တော်ကို ဆေးတော် မူသောအခါ ထွန်တုံး ပမာဏရှိသော အညှောက်သည် ပေါက်လာ၍ ခက်မ ငါးဖြာနှင့် တကွ အမြင့် အားဖြင့် အတောင် ငါးဆယ် ရှိလတ်၍ ထိုခဏ၌ပင် အရွက်,အပွင့်, အသီးတို့ကို ဆောင်သဖြင့် နောက်ပါသင်္ဃာ အခြွေအရံ ပရိသတ် အလုံးတို့သည် ဘုဉ်းပေးသုံးဆောင်ကြရကုန်၏။

ပူရဏကဿပ အစရှိသော ဒိဋ္ဌိတို့ကလည်း မိမိတို့ မဏ္ဍပ်က ခြွေရံ ပရိသတ်နှင့်တကွ နေကြကုန်၏။ သေသောက်ကြူးတို့ကလည်း ကဏ္ဍမွ သရက်ပင်မှ သရက်သီးတို့ကို စားပြီးလျှင် "ဟယ် ဒိဋ္ဌိတို့, နင်တို့သည် တယူဇနာအတွင်း၌ ထိုနေ့ပေါက်သော သရက်ပင်ကို အစပြု၍ သရက်ပင် ပေါင်း ဟူသမျှကို တစမကြွင်း ရှင်းလင်း သုတ်သင်ကြကုန်သည်၊ ရဟန်း ဂေါတမမှာ ကဏ္ဍမွ သရက်ပင်ရင်း၌ တန်းခိုးပြာဋိဟာကို ပြလတ္တံ့" ဟု သရက်စေ့အဖတ်နှင့် ပစ်ခတ်၍ သွားကြကုန်၏။ ။သိကြားမင်းသည် စေခိုင်းအပ်သည်ဖြစ်၍ လေနတ်သားသည် ဒိဋ္ဌိတို့၏မဏ္ဍပ်ကို လေရူးတိုင်း တိုက်၍ ဖျက်လေ၏။ နေနတ်သားလည်း ဒိဋ္ဌိတို့၏ ကိုယ်ကို နှိပ်စက်၍ ပူစေ၏။ တဖန် လေနတ်သားသည် လေဖွေကို ထစေ၍ ဒိဋ္ဌိတို့၏ ကိုယ်၌ ဖုံမှုန့်တို့ကို ကပ်စေ၏။ ရိုးနတ်သားသည် ကြီးစွာသော ရိုးပေါက်တို့ကို ရွာစေ၏။ ထိုအခါ ဒိဋ္ဌိတို့သည် အရှက်ရကြကုန်သည်ဖြစ်၍ မိမိတို့ မျက်နှာ ရှေးရှုရာအရပ်သို့ ပြေးကြလေကုန်၏။ ။ထိုသို့ ပြေးကြရာတွင် ပူရဏ ကဿပသည် မိမိ၏တကာ လယ်ထွန်ယောကျ်ားကလည်း "ယနေ့ကား ငါတို့ဆရာ၏ တန်းခိုးပြာဋိဟာကို ကြည့်ရပေတော့အံ့" ဟု ပေါက်တူး, လွန်ကြိုးတို့ကို ယူလျက် လာခဲ့သော် ခရီးအကြား၌ တွေ့လျှင် "ဆရာ, ဆရာ၏ တန်းခိုးပြာဋိဟာကို ကြည့်လို၍ လာပါသည်၊ အကြောင်းဘယ်သို့ နည်း" ဟု မေးလတ်သော အခါ "တန်းခိုးပြာဋိဟာကို ကြည့်သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ပါသော ပေါက်တူး,ကြိုးတို့ကိုသာ ပေးလော့"ဟု

တောင်းယူပြီးလျှင် လည်ပင်းကို ကွင်းတပ်လျက် မြစ်သို့ဆင်း၍ သေလေသော် အဝီစိငရဲသို့ ရောက်လေ၏။

မြတ်စွာဘုရားလည်း ကောင်းကင်၌ အရှေ့စကြဝဠာ အနောက်စကြဝဠာသို့ ဆိုက်အောင် ရတနာစင်္ကြံကို ဖန်ဆင်းတော်မူ၍ အညီအညွတ် စည်းဝေးရောက်လာကြကုန်သော သုံးဆဲ့ခြောက်ယူဇနာရှိသောပရိသတ်၌ နေမွန်းယိမ်းသောအခါ တန်ခိုးပြာဋိဟာကို ပြအံ့သော၌ တန်ပြဟု ဂန္ဓကုဋိကိုက်တော်မှ ထွက်တော်မူ၍ အဦး၌ ရပ်တော်မူ၏။ ။ထိုအခါ ဃရဏီ အမည်ရှိသော ဥပါသိကာမသည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ "အရှင်ဘုရား,အကျွန်ုပ်ကဲ့သို့သော သမီးကောင်း ရှိပါလျက် အရှင်ဘုရား၏ ပင်ပန်းခြင်းကိစ္စ မရှိသင့်ပါ၊ အကျွန်ုပ် တန်ခိုးပြာဋိဟာကို ပြပါအံ့" ဟု လျှောက်လျှင် "ချစ်သမီး ဃရဏီ, သင်သည် အဘယ်သို့ ပြအံ့နည်း"ဟု မိန့်တော်မူသောအခါ "အရှင်ဘုရား,အကျွန်ုပ်သည် တရသော စကြဝဠာ၌ မြေအပြင်ကို ရေအပြင်ချည်း ဖြစ်စေလျက် ရေကြက်မသဏ္ဍာန် ဖန်ဆင်းပြီးလျှင် အနောက်စကြဝဠာနားကငုပ်၍ အရှေ့စကြဝဠာနား၌ ပေါ်ပါအံ့၊ အရှေ့စကြဝဠာနားကငုပ်၍ အနောက်စကြဝဠာနား၌ ပေါ်ပါအံ့၊တောင်စကြဝဠာနားကငုပ်၍ မြောက်စကြဝဠာနား၌ ပေါ်ပါအံ့၊ မြောက်စကြဝဠာနားကငုပ်၍ တောင်စကြဝဠာနား၌ ပေါ်ပါအံ့၊ ဤသို့ တန်ခိုးပြာဋိဟာကို ပြပါအံ့"ဟု လျှောက်လျှင် "ချစ်သမီး ဃရဏီ, သင်၏ တန်ခိုးပြာဋိဟာကို ငါသိတော်မူ၏၊ သို့ပင် ဖြစ်သော်လည်း ဤအစည်းအဝေးကို သင်၏ အကျိုး၌ ဖွဲ့တော်မူသည်မဟုတ်၊ ငါဘုရား၏ အရာသာ"ဟု ပယ်တော်မူ၏။

ထို့နောက် စူဠအနာထပိဏ်သူဌေးသည် ငါကဲ့သို့သော အနာဂါမ်သားကောင်း ရှိပါလျက် မြတ်စွာဘုရား ပင်ပန်းခြင်း၌ မသင့် ဟု ကြံ၍ "အရှင်ဘုရား, အကျွန်ုပ်သည် တန်ခိုးပြာဋိဟာကို ပြပါအံ့" ဟု လျှောက်လျှင် "သင် အဘယ်သို့သော တန်ခိုးပြာဋိဟာကို ပြအံ့နည်း"ဟု မိန့်တော်မူသောအခါ "အရှင်ဘုရား, အကျွန်ုပ်သည် တဆဲ့နှစ်ယူဇနာ ရှိသော ဗြဟ္မာမင်းကိုယ်ကို ဖန်ဆင်း၍ ဤပရိသတ် အလယ်၌ မိုးထစ်ချုန်းသော အသံနှင့်တူစွာ ဗြဟ္မာမင်း၏ လက်ပန်းပေါက်ခတ်ပါအံ့၊ဤသို့သော တန်ခိုးပြာဋိဟာကို ပြပါအံ့"ဟု လျှောက်လျှင် "ချစ်သား စူဠအနာထပိဏ်,သင်၏

တန်ခိုးပြာဋိဟာကို ငါသိတော်မူ၏၊ သို့ပင် ဖြစ်သော်လည်း ဤအစည်းအဝေးကို သင်၏အလို့ငှါ ဖွဲ့သည်မဟုတ်၊ ငါဘုရား၏ အရာသာ”ဟု ပယ်တော်မူ၏။

ထို့နောင် ပဋိသမ္ဘိဒါ၏ အထွတ်အထိပ်သို့ ရောက်သော ခုနစ်နှစ်သာ အသက် ရှိသော စီရ-မည်သော သာမဏေရီမသည် “အရှင်ဘုရား, အကျွန်ုပ် တန်ခိုးပြာဋိဟာကို ပြပါအံ့”ဟု လျှောက်သောအခါ“အဘယ်သို့ ပြအံ့နည်း”ဟု မိန့်တော်မူလျှင် “အရှင်ဘုရား,အကျွန်ုပ်သည် ဟိမဝန္တာ စကြဝဠာတောင်တို့ကို ဤအရပ်သို့ ဆောင်ပြီးလျှင် ဟင်္သာမသဏ္ဌာန် ဖန်ဆင်း၍ ထိုထိုအရပ်မှ မငြိမကပ် ပေါ်ထွက်ပါအံ့၊ ဤသို့သော တန်ခိုးပြာဋိဟာကို ပြပါအံ့”ဟု လျှောက်လျှင် မြတ်စွာဘုရားသည်“သင်၏အရာမဟုတ်”ဟု ပယ်တော်မူ၏။ ။ထို့နောင် ပဋိသမ္ဘိဒါပတ္တဖြစ်သော ခုနစ်နှစ်မျှသာ အသက်ရှိသော စန္ဒ-သာမဏေငယ်သည် “အရှင်ဘုရား, အကျွန်ုပ် တန်ခိုးပြာဋိဟာကို ပြပါအံ့”ဟု လျှောက်လျှင် “သင်သည် အဘယ်သို့သော တန်ခိုးပြာဋိဟာကို ပြအံ့နည်း”ဟု မိန့်တော်မူသောအခါ “အရှင်ဘုရား,အကျွန်ုပ်သည် ဇမ္ဗူ့သပြေပင်ကို ဤအရပ်သို့ ဆောင်၍ လှုပ်ခါချပြီးလျှင် ဤပရိသတ်များကို စားပါစေအံ့၊ ပင်လယ်ကသစ်ပန်းကို ဆောင်ပါအံ့၊ဤသို့သော ပြာဋိဟာကိုပြပါအံ့”ဟု လျှောက်လျှင် မြတ်စွာဘုရားသည် “သင်၏အရာမဟုတ်”ဟု ပယ်တော်မူ၏၊

ထို့နောင် ဥပ္ပလဝဏ်ထေရီမသည် လေးမျက်နှာ ညီညွတ်စွာသော ရထားကိုဖန်ဆင်း၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် “အရှင်ဘုရား အကျွန်ုပ် တန်ခိုးပြာဋိဟာကို ပြပါအံ့”ဟု လျှောက်လျှင် “သင်သည် အဘယ်သို့ ပြအံ့နည်း”ဟု မိန့်တော်မူသောအခါ “အရှင်ဘုရား,အကျွန်ုပ်သည် ထက်ဝန်းကျင်မှ တဆဲ့နှစ်ယူဇနာရှိသော ပရိသတ်ကို ပြ၍ လည်သောအားဖြင့် သုံးဆဲ့ခြောက်ယူဇနာရှိသော ပရိသတ်ဖြင့် ခြံရံ၍ စကြဝတေးမင်းကြီးသဏ္ဌာန်ဖန်ဆင်းပြီးလျှင် အရှင်ဘုရားကိုရှိခိုးလာပါအံ့၊ ဤသို့သော တန်ခိုးပြာဋိဟာကို ပြပါအံ့”ဟု လျှောက်လျှင်“သင်၏ အရာမဟုတ်၊ ငါဘုရား၏ အရာသာ”ဟု ပယ်တော်မူ၏။ထို့နောင် ရှင်မောဂ္ဂလာန်သည် “အရှင်ဘုရား, အကျွန်ုပ် တန်ခိုးပြာဋိဟာကို ပြပါအံ့”ဟု လျှောက်လျှင်“ချစ်သားမောဂ္ဂလာန်, အဘယ်သို့သော တန်ခိုးပြာဋိဟာကို

သင်ပြအုံနည်း”ဟု မိန့်တော်မူသောအခါ“အရှင်ဘုရား, အကျွန်ုပ်သည် မြင်းမိုရ်တောင်မင်းကို ခံတွင်း၌ ထား၍ ဝါးချေပါအံ့၊ သင်ဖြူးဖျာကဲ့သို့ ဤမဟာပထဝီမြေကြီးကို လိပ်ပြီးလျှင် လက်ချောင်းအကြား၌ ထားပါအံ့၊ အိုးထိန်းစက်ကဲ့သို့ ဤမဟာပထဝီမြေကြီးကို ပြန်လှန်ပြီးလျှင် လူအများတို့အား မြေဩဇာကို စားပါစေအံ့၊လက်ဝဲလက်ကို မြေပြု၍ လကျ်ာလက်ဖြင့် ဤသတ္တဝါတို့ကို တပါးသောကျွန်း၌ ထားပါအံ့၊ မြင်းမိုရ်တောင်ကို ထီးရိုးပြု၍ မဟာပထဝီမြေကြီးကို ထီးရွက်ပြုပြီးလျှင် ထီးစွဲသော ရဟန်းကဲ့သို့ လက်တဘက်ဖြင့်ယူ၍ ကောင်းကင်၌ စင်္ကြံသွားပါအံ့၊ ဤသို့သော တန်ခိုးပြာဋိဟာတို့ကို ပြပါအံ့”ဟု လျှောက်လျှင်“ချစ်သား မောဂ္ဂလာန်, သင်၏အလို့ငှါ ဤပရိသတ်ကိုဘုရားတော်မူသည်မဟုတ်၊ငါဘုရား၏ အရာ ဌာနသာ ဖြစ်သည်”ဟု ပယ်တော်မူ၏။

ဤသို့လျှင် အသီးအသီး ပယ်တော်မူပြီးလျှင် မြတ်စွာဘုရားသခင်သည် ရတနာစင်္ကြံထက်သို့ တက်တော်မူ၍ တောင်မြောက်အဖြောင့်အားဖြင့် လေးဆဲ့ကိုးယူဇနာရှိသော ပရိသတ်အလယ်၌ တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ။အဘယ်သို့ ပြတော်မူသနည်းဟူမူကား။

အထက်အဘို့ဖြစ်သော ကိုယ်တော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် အောက်အဘို့ဖြစ်သော ကိုယ်တော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။ အောက်အဘို့ ဖြစ်သော ကိုယ်တော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် အထက်အဘို့ ဖြစ်သော ကိုယ်တော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။

ရှေ့အဘို့ဖြစ်သော ကိုယ်တော်မှ မီးလျှံကိုဖြစ်စေတော်မူလျှင် နောက်အဘို့ဖြစ်သော ကိုယ်တော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။ နောက်အဘို့ဖြစ်သော ကိုယ်တော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် ရှေ့အဘို့ဖြစ်သော ကိုယ်တော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။

လကျ်ာမျက်စိတော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် လက်ဝဲမျက်စိတော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။လက်ဝဲမျက်စိတော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် လကျ်ာမျက်စိတော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။

လကျ်ာနားတွင်းတော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် လက်ဝဲနားတွင်းတော်မှ ရေအယဉ်ကို ဖြစ်စေတော် မူသည်။ လက်ဝဲနားတွင်းတော်မှ

မီးလျှံကို ဖြစ်စေတော်မူလျှင် လက်ျာနားတွင်းတော်မှ ရေအယဉ်ကို ဖြစ်စေတော်မူ၏။

လက်ျာနှာခေါင်းတော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် လက်ဝဲနှာခေါင်းတော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။ လက်ဝဲနှာခေါင်းတော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် လက်ျာ နှာခေါင်းတော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။

လက်ျာပခုံးတော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် လက်ဝဲပခုံးတော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။လက်ဝဲလက်တော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် လက်ျာလက်တော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။

လက်ျာလက်တော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် လက်ဝဲလက်တော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။ လက်ဝဲလက်တော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် လက်ျာလက်တော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။

လက်ျာနံပါးတော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် လက်ဝဲနံပါးတော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။လက်ဝဲနံပါးတော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် လက်ျာနံပါးတော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။

လက်ျာခြေတော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် လက်ဝဲခြေတော်မှ ရေအယဉ်ကိုဖြစ်စေတော်မူသည်။လက်ဝဲခြေတော်မှ မီးလျှံကိုဖြစ်စေတော်မူလျှင် လက်ျာခြေတော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။

တခုတခုသော မွေးတွင်းတော်မှ မီးလျှံကို ဖြစ်စေတော်မူလျှင် တခုတခုသော မွေးတွင်းတော်မှ ရေအယဉ်ကို ဖြစ်စေတော်မူသည်။ တခုတခုသော မွေးတွင်းတော်မှ ရေအယဉ်ကို ဖြစ်စေတော်မူလျှင် တခုတခုသော မွေးတွင်းတော်မှ မီးလျှံကို ဖြစ်စေတော်မူသည်။

ရောင်ခြည်တော်ခြောက်ပါးကို လွှတ်လျက် ပကတိသောကိုယ်တော်ဖြင့် စင်္ကြံကြွတော်မူလျှင် နိမ္မိတကိုယ်တော်က ရပ်ခြင်း ထိုင်ခြင်း စသော ဣရိယာပုထ်ကို ဖြစ်စေတော်မူသည်။ နိမ္မိတကိုယ်တော် စင်္ကြံကြွတော်မူလျှင် ပကတိသော ကိုယ်တော်က ရပ်ခြင်း ထိုင်ခြင်း စသော ဣရိယာပုထ်ကို ဖြစ်စေတော်မူသည်။

နိမ္မိတကိုယ်တော်က မေးအပ်သော ပြဿနာကို ပကတိသောကိုယ်တော်က ဖြေတော်မူသည်။ပကတိသော ကိုယ်တော်က မေးအပ်သော ပြဿနာကို နိမ္မိတကိုယ်တော်က ဖြေတော်မူသည်။

ဤသို့လျှင် သာဝကတို့နှင့် မဆက်ဆံသော ရေမီး အစုံအစုံသော တန်ခိုးပြာဋိဟာကို ရတနာစင်္ကြံထက်၌ ပြတော်မူ၏။ ။ထိုအခါ အသစ်ဝင်း၌ တရားတော်ကို ကြားနာရကုန်သော ကုဋေနှစ်ဆယ်သော လူတို့သည် အကျွတ်တရား ရကြကုန်၏။ ။ကဿပ မြတ်စွာဘုရားသခင်လက်ထက်က လင်းနို့ အမျိုး၌ဖြစ်၍ တရသောလိုဏ်၌ တွဲလျားဆွဲလျက်နှစ်ပါးသော အဘိဓမ္မာကို ဆောင်ကုန်သောရဟန်းတို့၏ အဘိဓမ္မာတရားသံကို နာခံမှတ်သားခဲ့ဘူးသော ငါးရာသော ယောကျ်ားတို့သည် ယမိုက်ပြာဋိဟာကို ကြည်ညိုသဖြင့် ရှင်သာရိပုတ္တရာထံ၌ ရဟန်းခံကြကုန်၏။

---

## ၈၄-တာဝတိံသာ၌ အဘိဓမ္မာတရား ဟောတော်မူခြင်း။

မြတ်စွာဘုရားလည်း တန်ခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် ရှေးဘုရားတို့သည် အဘယ်အရပ်၌ ဝါကပ်တော်မူကြကုန်သနည်း ဟု ကြည့်ရှုဆင်ခြင်တော်မူသောအခါ တာဝတိံသာ နတ်ပြည်၌ မယ်တော်မိနတ်သားအား အဘိဓမ္မာတရားကို ဟောတော်မူအံ့သော၄ါ ဝါကပ်တော်မူကြကုန်သည် ဟု မြင်တော်မူ၍ လက်ျာခြေတော်ကို ချီတော်မူလျှင် ယုဂန္ဓိုရ်တောင်ထွတ်သည် ညွတ်၍ခံလာသဖြင့် ယုဂန္ဓိုရ်တောင်ထိပ်၌ လက်ျာခြေတော်ကို ထားတော်မူ၍ တဘန်လက်ဝဲခြေတော်ကို ချီတော်မူပြန်လျှင် မြင်းမိုရ်တောင်ထွတ်သည် ညွတ်၍ခံလာသောကြောင့် တာဝတိံသာနတ်ပြည်သို့ နှစ်လှမ်းနှင့် သုံးဘဝါးဖြင့် ရောက်တော်မူ၍ တာဝတိံသာနတ်ပြည်၌ သတ္တမဝါ ကပ်တော်မူ၏။ ။ဝါကပ်တော်မူပြီးလျှင် ပင်လယ်ကသစ်ပင်ရင်းဝယ် ခင်းထား အပ်သော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်ဝယ် ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၍ တသောင်းသော လောကဓာတ်မှ စည်းဝေးရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား မယ်တော်-သန္တုသိတနတ်သားကို အကြီးအမှူးပြု၍ ဝါတွင်းသုံးလပတ်လုံး။

ကုသလာ ဓမ္မာ၊အကုသလာ ဓမ္မာ၊အဗျာကတာဓမ္မာ။

အစရှိသော အဘိဓမ္မာ ခုနစ်ကျမ်းကို အကျယ်အားဖြင့် မပြတ် ဟောကြားတော်မူ၏။

အဘယ်သို့လျှင် ဝါတွင်းသုံးလပတ်လုံး မပြတ်ဟောတော်မူသနည်း ဟူမူကား။ ။နံနက်အခါ၌ မြတ်စွာဘုရားသည်“ဤမျှ အတိုင်းအရှည်

ရှိသော အဘိဓမ္မာတရားကို ငါဘုရားကြွလာသည်တိုင်အောင် ဟောချစ်စေသတည်း”ဟု နိမ္မိတရုပ်ပွါး ကိုယ်စားတော်သဉာ္ဘာန် ဘန်ဆင်းပြီးသော အခါ ဟိမဝန္တာသို့ ကြွတော်မူလျက် ကွမ်းရိုးဒန်ပူကို စားပြီးလျှင် အနဝတတ်အိုင်၌ ချက်နှာ သစ်တော်မူ၍ မြောက်ကျွန်းသို့ ဆွမ်းခံ ကြွတော်မူလျက် ပြန်လည်တော်မူခဲ့လျှင် အင်ကြင်းတော၌ ဆွမ်းဘုဉ်းပေးတော်မူ၏။

အရှင်သာရိပုတ္တရာလည်း အနဝတတ်အိုင်၏အနီး အင်ကြင်းတောသို့ သွား၍ မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ်ကိုပြု၏။မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် “ချစ်သား သာရိပုတ္တရာ,ယနေ့ကား ဤမျှ အတိုင်းအရှည်ရှိသော အဘိဓမ္မာကို ငါဟောတော်မူခဲ့သည်” ဟု သင်္ခေပ ဒေသနာ အကျဉ်းအားဖြင့်သာ ဟောတော်မူ၏၊ ရှင်သာရိပုတ္တရာသည်လည်း အကျဉ်းအားဖြင့် မြတ်စွာဘုရား ဟောတော်မူသည်ကို မှတ်သား၍ ပြန်ခဲ့သျှင် မကျဉ်းလွန်း မကျယ်လွန်းသော နာတိသင်္ခေပ နာတိဝိတ္ထာရ ဖြစ်သော ဒေသနာဖြင့် ယနိုက်ပြာနှိုဟာပွဲ၌ မိမိအထံဝယ် ရဟန်းခံကြကုန်သော ငါးရာသော တပည့်တို့အား ဟောတော်မူ၍ အလုံးစုံသော ရဟန်းတို့၏ ရှေးဦးစွာ ထိုငါးရာသော ရဟန်းတို့သည် အဘိဓမ္မာတရားကို ဆောင်ကြကုန်၏။မြတ်စွာဘုရားလည်း အရှင်သာရိပုတ္တရာအား အကျဉ်းအားဖြင့်သာ ဟောတော်မူပြီးလျှင် တာဝတိံသာသို့ တက်၍ နိမ္မိတကိုယ်တော်နေရာ၌ နေ၍ အကျယ်အားဖြင့် အဘိဓမ္မာ တရားတော်မြတ်ကို ဆက်၍ ဟောတော်မူ၏၊ဤသို့နှင့်နှင့် မပြတ် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ တရားတော်မြတ်ကို မယ်တော်မိနတ်သားအား အမှူးထား၍ ဟောကြားတော်မူသည်။ ။ကုဋေ ရှစ်သန်းသော နတ်တို့သည် သစ္စာလေးပါးကို သိကြကုန်၏။ ။သည်ကိုရည်၍ ဘုရှိဒဟ်ဇာတ်ပေါင်းတွင်။

တဝါတွင်းသုံး၊ ယူကျုံးချုပ်နာစ်၊ ငါးဘောသံကို၊ နာခံဖွှန်စွာ၊ စိတ်မိတ်နာသော်၊
ကန်ိဒိဋ္ဌိ၊ မစွန်းငြိ၍၊ အာဒိဖလ၊ ဖိုလ်အစကို၊ရလေတုံလျှင်း၊ တုပ်နှောင်ကင်း
သည်။ ။ဓိမင်းဘာဝ ညာဆန်သော်။

ဟု စပ်လေသည်။

## ၈၄-တာဝတိံသာမှ လူ့ပြည်သို့ ဆင်းသက်တော်မူခြင်း။

သုံးဆဲ့ခြောက် ယူဇနာရှိသော ပရိသတ်တို့သည် ရှင်မောဂ္ဂလာန်သို့ ဆည်းကပ်၍ "အရှင်ဘုရား, ယနေ့မှ ခုနစ်ရက်မြောက်၌ သီတင်းဝါလ ကျွတ်လတ္တံ့၊ မြတ်စွာဘုရားသည် အဘယ်နံရောအခါမှ လူ့ပြည်သို့ သက်လာပါအံ့နည်း၊ မြတ်စွာဘုရားကို ဖူးမြင်လိုပါသည်"ဟု လျှောက်ကြလျှင် ရှင်မောဂ္ဂလာန်သည် ကောင်းပြီဟု အာမခံတော်မူလျက် ထိုအရပ်၌ မြေသို့ လျှိုးငုပ်ပြီးလျှင် မြင်းမိုရ်တောင်၏ အလယ်ဖြင့် လူအများကို ပတ္တမြား ရတနာဖြင့် သီအပ်သော ကမ္ဗလာနီကြိုးကဲ့သို့ တန်းခိုးဖြင့် ထင်ရှားစွာ ပြပြီးလျှင် တာဝတိံသာနတ်ပြည်သို့ တက်၍ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းညွတ်တွား၍ "အရှင်ဘုရား,ပရိသတ်များသည် အရှင်ဘုရားကို ဖူးမြင်လိုသောကြောင့် မြော်လင့်၍ နေကြပါကုန်သည်၊ အဘယ်နံရော အခါမှ လူ့ပြည်သို့ သက်တော်မူပါမည်နည်း" ဟု လျှောက်ထားလျှင် "ချစ်သား မောဂ္ဂလာန်,သင်၏နောင်တော် သာရိပုတ္တရာ အဘယ်အရပ်မှာ ဝါကပ်သနည်း"ဟု မေးတော်မူ၍ သင်္ကဿနဂိုရ်ပြည်မှာ ဝါကပ်ပါသည်" ဟု လျှောက်လျှင် "ချစ်သား မောဂ္ဂလာန်, ငါဘုရားသည် ယနေ့မှ စ၍ ခုနစ်ရက်မြောက် သီတင်းကျွတ်လပြည့်နေ့၌ တာဝတိံသာ နတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူခဲ့မည်၊ ငါဘုရားကို ဖူးမြင်လိုကုန်သော ပရိသတ်တို့သည် သင်္ကဿနဂိုရ် ပြည်သို့သာ စည်းဝေးကြစေကုန်လော့"ဟု မှာတော်မူလိုက်၏။

ရှင်မောဂ္ဂလာန်လည်း လျင်မြန်စွာ ဆင်းသက်ခဲ့ပြီးလျှင် မြတ်စွာဘုရား မှာထားတော်မူလိုက်တိုင်း မိန့်တော်မူ၍ မြတ်စွာဘုရားကို ဖူးမြင်လိုကုန်သော သူတို့သည် သင်္ကဿနဂိုရ်ပြည်သို့ စည်းဝေးရောက်လာကြကုန်၏။ မြတ်စွာဘုရားလည်း သီတင်းကျွတ်လပြည့် ပဝါရဏာပြီးလျှင် လူ့ပြည်သို့ သက်အံ့သော အကြောင်းကို သိကြားမင်းအားပန်ကြားလေသော် သိကြားမင်းသည် ရွှေဖြင့်ပြီးသော စောင်းတန်း,ပတ္တမြားဖြင့်ပြီးသော စောင်းတန်း, ငွေဖြင့်ပြီးသော စောင်းတန်း၊ ဤစောင်းတန်း သုံးသွယ်တို့ဖြင့် မြင်းမိုရ် တောင်ထိပ်မှစ၍ သင်္ကဿနဂိုရ်ပြည်သို့ ဆိုက်အောင် ဖန်ဆင်းအပ်သည် ဖြစ်၍ ပတ္တမြားဖြင့်ပြီးသော အလယ်စောင်းတန်းဖြင့် မြတ်စွာဘုရားသည် ဆင်းသက်တော်မူ၏။လက်ျာနံပါးမှ ရွှေဖြင့်ပြီးသောစောင်းတန်းဖြင့် နတ်တို့

သည် မြတ်စွာဘုရားကို ခြံရံ၍ ဆင်းသက်ကြကုန်၏၊ လက်ဝဲနံပါးမှ ငွေဖြင့် ပြီးသော စောင်းဘန်းဖြင့် ဗြဟ္မာတို့သည် မြတ်စွာဘုရားကို ခြံရံလျက် ဆင်းသက်ကြကုန်၏။ ပဉ္စသိခ နတ်သားသည် ဥသျှစ်မှည့် အဆင်းနှင့်တူသော စောင်းကိုပိုက်လျက် လိုက်၏။ မာတလိနတ်သားသည် စာမရီ သားမြီးယပ်ကို တလွဲလွဲယပ်လျက် လိုက်၏၊ ဗြဟ္မာကြီးတို့သည် ထီးကို မိုးကာလျက် လိုက်ကုန်၏၊သုယာမနတ်သားသည် သားမြီးယပ်ကို တလွဲလွဲ ယပ်လျက် လိုက်၏၊ဤသို့လျှင် များစွာသော နတ်ဗြဟ္မာ အပေါင်းတို့သည် ခြံရံအပ်သည်ဖြစ်၍ တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူခဲ့လျှင် သင်္ကဿနဂိုရ်ပြည်သို့ ဆိုက်ရောက်တော်မူလေ၏၊ ။ဤသို့လျှင် တာဝတိံသာ နတ်ပြည်မှ ဆင်းသက်တော်မူသော မြတ်စွာဘုရား၏ တင့်တယ်ခြင်း ကြက်သရေကို မြင်၍ နှစ်သက် ရွှင်လန်း ဝမ်းမြောက်ကြကုန်ရကား သုံးဆဲ့ ခြောက်ယူဇနာ အဝန်းရှိသော ပရိသတ်တို့တွင် ထိုအခါ တစုံ တယောက်သော သူမျှ ဘုရားဆုကို မပန်သောသူ မရှိကြကုန်၊ ပန်သော သူတို့ချည်းသာတည်း၊ ။ထိုပရိသတ် အစည်းအဝေး၌ တရားမြိုက်ဆေး တိုက်ကျွေးတော်မူလျှင် ကုဋေသုံးဆယ်သော သတ္တဝါတို့သည် အကျွတ် တရားရကြကုန်၏။

---

## ၇၆ သိဟိုဠ်ကျွန်းသို့ကြွရန် နဂါးမင်း တောင်းပန်ခြင်း။

မြတ်စွာဘုရားသည် တရားအမြိုက် ထိုက်သည်အားလျော်စွာ ဝေနေယျသတ္တဝါတို့အား တိုက်ကျွေးတော်မူပြီးလျှင် အဋ္ဌမဝါကို အင်္ဂတိုင်း သုံသုမာရဂိရိမြို့၌ သိသကဠာဝနမိဂဒါယ၌ ဝါကပ်တော်မူ၏။ ။ဝါမှထ၍ ထိုအရပ်၌ မွေ့လျော်တော်မူသမျှ ကာလပတ်လုံး သီတင်းသုံးနေတော်မူပြီးလျှင် အစဉ်သဖြင့် ဒေသစာရီ ကြွချီတော်မူလေသော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူ၍ သီတင်းသုံး နေတော်မူ၏၊

ထိုသို့ နေတော်မူသောအခါ ကဆုန်လဆန်း တဆဲ့လေးရက်နေ့ ညချမ်းအချိန်တွင် မဏိအက္ခိကနဂါးမင်းသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ အရှင်ဘုရား, သဃ်ာတော်နှင့်တကွ အကျွန်ုပ်တို့ နေရာ သိဟိုဠ်ကျွန်းသို့ ကြွတော်မူပါမည့် အကြောင်းကို တောင်းပန်လျှင် မြတ်စွာဘုရားသည် သည်းခံတော် မူလိုက်၍ တောင်းပန်လာသောနောက် နှစ်ရက်မြောက်

ကသုန်လပြည့်နေ့ နံနက်ဆွမ်း ဘုဉ်းပေးတော်မူပြီးလျှင် နောက်ပါသံဃာတော် အများနှင့်တကွ သိဟိုဠ်ကျွန်း ကလျာဏီအရပ်သို့ ကြွတော်မူ၍ မဏိအက္ခိကမည်သော နဂါးမင်းသည် ဘန်ဆင်းအပ်သော ရတနာမဏ္ဍပ် အလယ်၌ တင့်တယ်စွာ ခင်းထားအပ်သော ပလ္လင်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျှင် မဏိအက္ခိက နဂါးမင်းကြီးသည် မွန်မြတ်သော ခဲဘွယ်ဘောဇဉ် တို့ဖြင့် သံဃာတော်နှင့် တကွ မြတ်စွာဘုရားကို လုပ်ကျွေး၏။

မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် တရားဒေသနာ ဟောတော်မူပြီးသော် ရတနာမဏ္ဍပ်မှ ကောင်းကင်သို့ ပျံတက်၍ သုမန နတ်မင်း၏နေရာ သုမနကူဋတောင်ထိပ်သို့ ကြွရောက်တော်မူ၍ ထိုတောင်ထိပ်၌ လူတို့၏ ကိုးကွယ်ရာ ခြေတော်ရာစေတီကို ချတော်မူ၏။ ခြေတော်ရာစေတီကို ချတော်မူပြီးလျှင် ထိုတောင်ခြေရင်း၌ သံဃာတော်နှင့်တကွ ချမ်းသာသာသမျှ ကာလပတ်လုံး သီတင်းသုံးနေတော်မူပြီးသော် ဒီဃဝါပီ အရပ်သို့ ကြွတော်မူ၍ စေတီတည်လတ္တံ့သော အရပ်၌ သမာပတ်ကို ဝင်စားတော်မူပြီးသောအခါ မဟာမေဃဝန် ဥယျာဉ်တည်လတ္တံ့သော အရပ်၊ မဟာဗောဓိတည်လတ္တံ့သော အရပ်၊ ထူပါရုံစေတီ တည်လတ္တံ့သောအရပ်၊ မဟာစေတီ တည်လတ္တံ့သော အရပ်၊ သီလာစေတီ တည်လတ္တံ့သော အရပ်တို့သို့ ကြွတော်မူ၍ အသီးအသီး သမာပတ်ကို ဝင်စားတော်မူပြီးလျှင် သမာပတ်မှ ထတော်မူလျက် အခြံအရံ သံဃာနှင့်တကွ ဇေတဝန်ကျောင်းသို့ ကြွတော်မူခဲ့၏။ ဤသို့လျှင် သုံးလူ့ထွတ်ထား မြတ်စွာဘုရားသည် နောင်သောအခါ သာသနာ အရှည် တည်လတ္တံ့သည်ကို မြော်ခေါ်တော်မူ၍ သုံးကြိမ်တိုင်တိုင် သိဟိုဠ်ကျွန်းသို့ ကြွတော်မူလေသည်။

---

## ၈၇ မြန်မာနိုင်ငံသို့ မြတ်စွာဘုရား ကြွရောက်တော်မူခြင်း။

သိဟိုဠ်ကျွန်းသို့သာ သာသနာတော် အရှည် တည်လတ္တံ့သည်ကို မြော်ခေါ်တော်မူ၍ ကြွတော်မူသည် မဟုတ်၊ အပရန္တ၊ သုနာပရန္တ နှစ်မည်ရသော ငါတို့မြန်မာတိုင်းသို့လည်း နောင်အခါ သာသနာတော် အရှည် တည်လတ္တံ့သည်ကို မြော်ခေါ်တော်မူ၍ ဝါတော်နှစ်ဆယ်ကျော်စ

ပဌမဗောဓိအလွန်တွင် နှံ့သာကျောင်းယာဉ် ဆောက်တော်မူသောအခါမှ စ၍ ပြီးသည့်တိုင်အောင် သုံးကြိမ်မက အကြိမ်များစွာ ကြွလာတော်မူပေသည့် ကြွသာတော်မူဟန် အကြောင်းအရှုပ္ပတ္တိကား။

ဤကမ္ဘာမှ ကိုးဆဲ့တကမ္ဘာထက် ဘုရားမပွင့်မီ ကာလက အမျိုးသားတယောက်သည် ရသေ့ရဟန်းပြု၍ ဟိမဝန္တာ အရပ်မှာ နေသော် ထိုရသေ့၏ အနီး၌လည်း ပစ္စေကဗုဒ္ဓါတပါး ပရိနိဗ္ဗာန်စံလေ၍ နှံ့သာထင်းတို့ဖြင့် သဂြိုဟ်၏။ ထိုအခါ နတ်သားတယောက်သည် ကောင်းကင်က ရပ်၍"အိုသူတော်ကောင်း, ကောင်းစွကောင်းစွ-ဟု သာရနှုမော် ခေါ်ချက် သင့်အား ဤကောင်းမှုကြောင့် သုဂတိဘဝတို့၌သာ ကျင်လည်ကျက်စား၍ ဖြစ်လေတိုင်းသောဘဝတို့၌ ပုဏ္ဏဟူသောအမည်တွင်၍ နှံ့သာနိဿရှာလတ္တံ့"ဟု ဆို၏။ ထိုရသေ့လည်း ထိုဘဝမှ ရတောလေသော် သုဂတိဘဝတို့၌သာ ကျင်လည်ကျက်စား၍ ငါတို့ မြတ်စွာဘုရားသက်ထက်၌ကား အပရန္တတိုင်း သုပ္ပါဒက သဘော်ဆိပ်၊ ဝါဏိဇ္ဇဂါမ၌ သူကြွယ်သား ဖြစ်၍ ဖွါးသောခဏ၌လည်း နှံ့သာနိဿရှာသည်၊ အမည်မှည့်သောကာလ၌လည်း ပုဏ္ဏဟူသော အမည်ဖြင့်သာ တွင်လေ၏။ ထို့နောင်သူကြွယ်သား အား သားတယောက် ရပြန်လျှင် အကြီးကို မဟာပုဏ္ဏ၊ အငယ်ကို စူဠပုဏ္ဏ ဟု အမည်အားဖြင့် ထင်ရှား၏။ ထိုမဟာပုဏ်၊ စူဠပုဏ်တို့သည် အချို့အရွယ်သို့ ရောက်၍ နောက်ကာလ ကုန်ရောင်းကြကုန်လျှင် အခါတပါး၌ အစ်ကိုမဟာပုဏ်သည် ညီစူဠပုဏ်ကို အိမ်၌ အစောင့်အရှောက်ထားခဲ့၍ ငါးရာသောလှည်းတို့ဖြင့် ကုန်စည်ဘဏ္ဍာတို့ကို တင်လျက် မဇ္ဈိမဒေသအရပ်သို့ ကုန်ရောင်းသွားကြကုန်လျှင် အစဉ်သဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၏ အနီးအပါးသို့ ရောက်၍ ချမ်းသာစွာ လှည်းဝိုင်းချ၍ နားနေကြသောအခါ သာဝတ္ထိပြည်သူ ပြည်သားတို့သည် နံနက်စာစားပြီးလျှင် ဥပုသ်ဆောက်တည်၍ ပန်းနံ့သာစသည်တို့ကို လက်စွဲလျက် ဇေတဝန်ကျောင်းတော်သို့ တရားနာအံ့သော၄ါ အသီးအသီး သွားကြကုန်သည်ကို မဟာပုဏ် လှည်းသူကြီးမြင်၍"အဘယ်အရပ်သို့ သွားကြကုန်သနည်း"ဟု မေးလျှင်"လောက၌ ဘုရား တရား သင်္ဃာ ဟု ဆိုအပ်သော ရတနာသုံးပါး ထင်ရှားကုန်သည်၊ မြတ်စွာဘုရားထံ ငါတို့တရားနာသွားကြကုန်အံ့"ဟု ဆိုလေသော် မဟာပုဏ် လှည်းကုန်သည်ကြီးသည် ဘုရားဟူသော အသံကို ကြားခါမျှဖြင့် သောမနဿပီတိတို့သည် ရိုးတွင်း

ခြင်ဆီကိုထိ၍ တည်သဖြင့် မိမိပရိသတ် ခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ သွားပြီးလျှင် ပရိသတ်တို့၏ အစွန်အဖျားကနေ၍ ကြားနာရသဖြင့် ပရိသတ်တို့ ဘဲသွားသည့်ရှိသော် မြတ်စွာဘုရားကို ပင့်ဘိတ်၍ နှစ်ရက်မြောက်သောနေ့၌ အလှူကြီးပေး၏။ ပြီးလျှင် အဘော်ကုန်သည်တို့ကို ခေါ်၍ ဤမျှသောဘဏ္ဍာတို့သည် ကျန်သေး၏၊ ထိုဘဏ္ဍာတို့ကို ငါ့သည့်ရှင်ပုဏ်အား ပေးကြလေလော့ ဟု အလုံးစုံကို မှာထား၍ မြတ်စွာဘုရားထံ ရဟန်းခံလျက် နေလေ၏။

ထိုမဟာပုဏ်မထေရ်လည်း တနေ့သ၌ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား,အကျွန်ုပ်သည် တယောက်ထီးသီး ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ နေလိုပါသည်၊ အကျဉ်းအားဖြင့် ဆုံးမဩဝါဒပေးတော်မူပါ"ဟု လျှောက်လျှင် မြတ်စွာဘုရားသခင်သည်။

သန္တိ ခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ။

အစရှိသော ပုဏ္ဏောဝါဒသုတ်ဖြင့် အကျဉ်းအားဖြင့် ဆုံးမဩဝါဒပေးတော်မူပြီးလျှင် "ချစ်သားပုဏ္ဏ,သင်သည် ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ နေလို၏၊ ဆိုသော် အဘယ်အရပ်သို့ကပ်၍ နေလိုသနည်း"ဟု မေးတော်မူသောအခါ "အရှင်ဘုရား,အကျွန်ုပ်သည် သုနာပရန္တတိုင်း ဇနပုဒ်သို့သွားပါအံ့"ဟု လျှောက်လျှင် "ချစ်သားပုဏ္ဏ, သုနာပရန္တတိုင်းသို့သွားလိုသော် သုနာပရန္တတိုင်းသားတို့သည် ကြမ်းတမ်းခက်ထန်ကုန်၏၊ အကယ်၍ ထိုသုနာပရန္တတိုင်းသားတို့သည် သင့်ကိုဆဲရေးချုတ်ချယ်ခဲ့အံ့၊သင်သည် အဘယ်ကဲ့သို့ နှလုံးသွင်းအံ့နည်း"ဟု မေးတော်မူလျှင် "အရှင်ဘုရား, အကယ်၍ သုနာပရန္တတိုင်းသားတို့သည် အကျွန်ုပ်ကို ဆဲရေးချုတ်ချယ်ခဲ့အံ့၊ သုနာပရန္တဇနပုဒ်သားတို့သည် အလွန်တရာကောင်းပါပေ၏၊ လက်ခြေစသည်တို့ဖြင့် မပုတ်ခတ်ပေ၊ နှုတ်ဖြင့်သာ ဆဲရေးချုတ်ချယ်ပေသည် ဟု နှလုံးသွင်းပါအံ့"ဟုလျှောက်၏။ "ချစ်သားပုဏ္ဏ,အကယ်၍ သုနာပရန္တတိုင်းသားတို့သည် လက်ခြေတို့ဖြင့် ပုတ်ခတ်ချေအံ့၊အဘယ်သို့ နှလုံးသွင်းအံ့နည်း"ဟု မေးတော်မူလျှင် "အရှင်ဘုရား, အကယ်၍ သုနာပရန္တတိုင်းသားတို့သည် အကျွန်ုပ်ကို လက်ခြေတို့ဖြင့် ပုတ်ခတ်ညှဉ်းဆဲချေအံ့၊သုနာပရန္တတိုင်းသားတို့သည် အလွန်တရာ ကောင်းပါပေ၏၊ ဒုတ်သုံတံ တို့ဖြင့် ရိုက်ပုတ်ညှဉ်းဆဲခြင်းကို မပြုပေ၊လက်ခြေတို့ဖြင့်သာ ရိုက်ပုတ်ညှဉ်းဆဲခြင်းကို ပြုပေသည်ဟု နှလုံးသွင်းပါအံ့" ဟု လျှောက်၏။ "ချစ်သားပုဏ္ဏ,

အကယ်၍ သုနာပရန္တ တိုင်းသားတို့သည် ဒုတ်လှံတံတို့ဖြင့် ရိုက်ပုတ်ထိုးခတ်ခြင်းကို ပြုကုန်အံ့၊ အဘယ်သို့ နှလုံးသွင်းအံ့နည်း”ဟု မေးတော်မူလျှင် “အရှင်ဘုရား၊ သုနာပရန္တ တိုင်းသားတို့သည် အလွန်တရာ ကောင်းပါပေ၏၊ ဒုတ်လှံတံတို့ဖြင့်သာ ရိုက်ပုတ်ညှဉ်းဆဲခြင်းကို ပြုပေသည်၊ ထားလက်နက်တို့ဖြင့် ညှဉ်းဆဲခြင်းကို မပြုပေ ဟု နှလုံးသွင်းပါအံ့ ဘုရား”ဟု လျှောက်၏။ “ချစ်သားပုဏ္ဏ၊ အကယ်၍ သုနာပရန္တတိုင်းသားတို့သည် ထားလက်နက်တို့ဖြင့် နှိပ်စက်ညှဉ်းဆဲအံ့၊ အဘယ်သို့ နှလုံးသွင်းအံ့နည်း”ဟု မေးတော်မူလျှင် “အရှင်ဘုရား၊ အကယ်၍ သုနာပရန္တတိုင်းသားတို့သည် ထားလက်နက်စသည်တို့ဖြင့် နှိပ်စက်ညှဉ်းဆဲခြင်းကိုပြုအံ့၊ သုနာပရန္တတိုင်းသားတို့သည် အလွန်တရာ ကောင်းပါပေ၏၊ ထက်လှစွာသော ထားလက်နက်တို့ဖြင့် ဇီဝိတိန္ဒြေကို မချပေ၊ ထားလက်နက်ဖြင့် နှိပ်စက်ညှဉ်းဆဲခြင်းကိုသာ ပြုပေသည်ဟု နှလုံးသွင်းပါအံ့”ဟု လျှောက်၏။ “ချစ်သားပုဏ္ဏ၊ အကယ်၍ သုနာပရန္တတိုင်းသားတို့သည် ထက်လှစွာသော ထားလက်နက်တို့ဖြင့် ဇီဝိတိန္ဒြေကို ချအံ့၊ အဘယ်သို့ နှလုံးသွင်းအံ့နည်း”ဟု မေးတော်မူလျှင် “အရှင်ဘုရား၊ အကယ်၍ သုနာပရန္တတိုင်းသားတို့သည် ထက်လှစွာသော ထားလက်နက်တို့ဖြင့် ဇီဝိတိန္ဒြေကို ချအံ့၊ အချို့သော ရဟန်းတို့မှာ ဇီဝိတိန္ဒြေ၌ငြီး၊ ရူပကာယ၌ငြီး၊ စက်ဆုပ် ရွံ့ရှာကြကုန်သည်ဖြစ်၍ သပိတ်ပရိက္ခရာ စသည်တို့ကို ပေးလျက် ထက်လှစွာသော ထားလက်နက်တို့ဖြင့် ဇီဝိတိန္ဒြေကို ချအံ့သောသူကို ငှါးရကုန်သည်၊ အကျွန်ုပ်မှာ မရှာဘဲနှင့်ပင် သူတို့သည် အလိုအလျောက် ထက်လှစွာသော ထားလက်နက်တို့ဖြင့် ဇီဝိတိန္ဒြေကို ချပေသည်ဟု နှလုံးသွင်းပါအံ့ ဘုရား”ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် “ချစ်သားပုဏ္ဏ၊ ကောင်းစွကောင်းစွ”ဟု သာဓုနုမော် ခေါ်တော်မူပြီးလျှင်။ သင်သည် သုနာပရန္တဇနပုဒ်၌ နေခြင်းငှါ စွမ်းနိုင်၏၊ သွားလေလော့”ဟု ခွင့်လွှတ်တော်မူ၏။ အရှင်ပုဏ္ဏမထေရ်လည်း မြတ်စွာဘုရား ခွင့်လွှတ်တော်မူလျှင် ရိုသေစွာ မြတ်စွာဘုရားကို ရှိခိုး ပူဇော်၍ မဇ္ဈိမဒေသ အရပ်မှ ပစ္စန္တရာဇ်အရပ်ဖြစ်သော ငါတို့မြန်မာတိုင်း ဟု ဆိုအပ်သော မိမိနေရပ်ဟောင်း သုနာပရန္တတိုင်း ဇနပုဒ်သို့ ကြွတော်မူခဲ့လျှင် ဝါဏိဇ္ဇဂါမသို့ရောက်၍ မကုဠကာရာမဝိဟာရ၌ ဝါကပ်တော်မူ၍ ထိုနှစ်ဝါတွင်း၌ပင်လျှင် ဝိဇ္ဇာသုံးပါးသို့ ရောက်တော်မူ၏။

ငါးတစ်ဗွေဂါမ ဆိုသည်ကား အခြားအရပ်မဟုတ်၊ ယခုကာလ လယ်ကိုင်းမြို့ ကိုပင် ခေါ်သည်ဟု မှတ်ယူရမည်။

တနေ့သောအခါ ကုန်သည် ငါးရာတို့နှင့် ညီတော် ရှင်ဓမ္မပုဏ်သည် နောင်တော် မဟာပုဏ်၏ထံ၌ သရဏဂုံသီလတို့ကို ဆောက်တည်ပြီး လျှင် "အရှင်ဘုရား၊ သမုဒ္ဒရာတို့မည်သည် အလွန်တရာ ဘေးဥပဒ် ပေါ်များပါသည်၊ စောင်မ ကြည့်ရှုတော်မူလော့"ဟု လျှောက်ထားလျက် ကုန်စည် ဘဏ္ဍာတို့ကို တင်၍ သမုဒ္ဒရာသို့ လှေသင်္ဘောဖြင့်ကူးလေသော် တခုသော ကျွန်းသို့ ဆိုက်ရောက်လေ၏။ ထိုကျွန်းကား အခြားသစ်ပင်မရှိ၊ စန္ဒကူးပင် အတိသာ ဖြစ်ကုန်၏၊ သင်္ဘောသားတို့သည် စန္ဒကူးမှန်းသိကြလျှင် "အချင်းတို့ ငါတို့သည် သမုဒ္ဒရာတဘက်သို့ လာဘ်၏ အလို့ငှါ လာကြကုန်သည်၊ ဤစန္ဒကူးထက်မြတ်သော လာဘ်မည်သည်လည်း မရှိ၊ လက်လေးသစ်မျှကိုပင် အကျိုးတသိန်း ထိုက်သည်"ဟု ဆို၍ ပါသမျှ ဘဏ္ဍာတို့ကို ချပြီးလျှင် စန္ဒကူးသားတို့ကို ဖြတ်တောက်ကြ၍ သင်္ဘောနှင့်အပြည့်တင်ပြီးလျှင် လွှင့်ကြကုန်၏၊ ထိုအခါ စန္ဒကူးတောကို စောင့်သော ဘီလူးတို့သည် အမျက်ထွက်၍ ထိုသင်္ဘောသားတို့ကို သတ်ကုန်အံ့ ဟု နှလုံးပိုက်လျက် ကြောက်မက်ဘွယ်သော အဆင်းတို့ကို ကောင်းကင်က ပြကုန်၏၊ ထိုအခါ သင်္ဘောသားတို့သည် ကြောက်အားကြီးကြ ကုန်သည် ဖြစ်၍ မိမိတို့ ကိုးကွယ်ကြသော နတ်တို့ကို ရှိသေစွာ ရှိခိုးကြကုန်၏၊ ရှင်ဓမ္မပုဏ်မှာမူကား ငါ၏နောင်တော် မဟာပုဏ်သည် ကိုးကွယ်ရာ ဖြစ်တော်မူလော့ ဟု မြည်တမ်း၏။ မဟာပုဏ်မထေရ်လည်း ထိုခဏ ဆင်ခြင်ခိုက် ကြုံကြိုက်၍ မြင်တော်မူလျှင် ကောင်းကင်က လာ၍ရပ်လျက် တည်၏။ ဘီလူးတို့သည်း မဟာပုဏ်မထေရ်ကို မြင်လျှင် ငါတို့အရှင်ပါတကား ဟု ဘဲသွားကြကုန်၏၊ ကုန်သည် သင်္ဘောသားတို့သည် မဟာပုဏ်မထေရ်၏ တန်းခိုးကြောင့် မိမိတို့နေရာ ငါးတစ်ဗွေဂါမသို့ ရောက်သောအခါ သင်္ဘောမှ စန္ဒကူးနှစ်ဘို့ကို ချ၍ မဟာပုဏ်မထေရ်၏ အရပ်အတို့ပြု၍ ဤအတို့ကား အရှင်ဘုရား၏အတို့ပါဘုရားဟု လျှောက်ကြား၍လှူကြကုန်၏၊ ထိုအခါ မဟာပုဏ်မထေရ်သည် "ငါ၏အတို့အရပ်ကို မပြုကြကုန်လင့်၊ သင်တို့သည် မြတ်စွာဘုရားသခင်ကို မြင်ဘူးကြကုန်၏လော"ဟု မေးတော်မူ၏။ "မမြင်ဘူးကြပါကုန်ဘုရား"ဟု လျှောက်ကြကုန်လျှင် "ဤ ငါ၏အတို့ဖြစ်သော စန္ဒကူးဖြင့် တန်းဆောင်းဝန်းကို ပြုကြကုန်လော့"ဟု မိန့်တော်မူ၍ ငါးရာ ကုန်သော

ကုန်သည်တို့သည် မိမိတို့၏ အတွက်ဖြစ်သော စန္ဒကူးနှင့်တကွ မဟာပုဏ်မထေရ်၏အတွက်ဖြစ်သော စန္ဒကူးနှစ်တို့ဖြင့် တန်းဆောင်ဝန်းကို ပြုခြင်းငှါ အားထုတ်ကြကုန်၏၊

မြတ်စွာဘုရားလည်း အားထုတ်ကြသောအခါမှ စ၍ ပြီးသည်တိုင်အောင် အကြိမ်များစွာ ကြွလာတော်မူလျက် သုံးဆောင်တော် မူ၏။ အစောင့်အရှောက်ဖြစ်သော လူတို့သည် ညဉ့်အခါ အရောင်အဝါအလင်းကိုမြင်၍ တန်းခိုးကြီးသောနတ် ဟု မှတ်ထင်ကြကုန်၏။ ဒါယကာတို့သည် မြတ်စွာဘုရားအလို့ငှါ ဆောက်လုပ်အပ်သော တန်းဆောင်ဝန်းပြာသာဒ်ကျောင်းတော်သည်၎င်း၊ သဃ်ာတို့ သီတင်းသုံးနေရန် ကျောင်းသည်၎င်း၊ အပြီးအဆုံးသို့ ရောက်လျှင် အလှူတင်းကုပ်ကို စီရင်၍ "အရှင်ဘုရား, အကျွန်ုပ်တို့ကိစ္စပြီးပါပြီ၊မြတ်စွာဘုရားကို ပင့်တော်မူပါလော့ ဟု လျှောက်၏။မဟာပုဏ်မထေရ်လည်း ကောင်းကင်ခရီးဖြင့် သာဝတ္ထိပြည်, ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား,အကျွန်ုပ်တို့ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမရွာသားတို့သည် အရှင်ဘုရားကို ဖူးမြင်လိုကြပါကုန်သည်၊ကြွတော်မူပါဘုရား"ဟု လျှောက်ထားတောင်းပန်၍ ဆိတ်ဆိတ်နေတော်မူသဖြင့် သည်းခံသောအဖြစ်ကို သိတော်မူလျှင် မဟာပုဏ်မထေရ်သည် မိမိနေရာ ဝါဏိဇ္ဇဂါမသို့ ပြန်ကြွတော်မူခဲ့၏။ မြတ်စွာဘုရားလည်း ရှင်အာနန္ဒာကို ခေါ်တော်မူပြီးလျှင် "ချစ်သားအာနန္ဒာ, နက်ဖြန် ဝါဏိဇ္ဇဂါမသို့ ကြွတော်မူအံ့၊ ငါးရာ တပါးယုတ်သော သဃ်ာတို့ကို စာရေးတံ ချလော့" ဟု မိန့်တော်မူ၍ ရှင်အာနန္ဒာလည်း မြတ်စွာဘုရား မိန့်တော်မူတိုင်း ငါးရာ တပါးယုတ်သော သဃ်ာတို့ကို စာရေးတံ ချတော်မူ၏။ထိုအခါ သိကြားမင်းသည် ပဏ္ဍုကမ္ဗလာ ကျောက်နေရာတင်း၍စဉ်းစားဆင်ခြင်သော် နက်ဖြန်အခါသုံးလူ့ထွတ်ထားမြတ်စွာဘုရားသည် ယူဇနာသုံးဆယ်ကွာသော သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ကြွတော်မူလတ္တံ့ ဟု သိ၍ ဝိသုကြုံနတ်သားကိုခေါ်ပြီးလျှင်"အချင်းဝိသုကြုံနတ်သား,ယနေ့ကား မြတ်စွာဘုရားသည် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ကြွတော်မူလတ္တံ့၊ရလစ်မွန်းချုန် တပ်သော ပြာသာဒ် ငါးရာတို့ကို ဘန်ဆင်း၍ ဇေတဝန်ကျောင်းတော် တံခါးဝ၌ ချထားချေလော့" ဟု စေလိုက်၏။ ဝိသုကြုံနတ်သားလည်း သိကြားမင်း စေခိုင်းအပ်သည်ဖြစ်၍ မြတ်စွာဘုရားစီးတော်မူရန် မုခ်ထွတ် လေးခုရှိသော ပြာသာဒ်၊ ရှင်သာရိပုတ္တရာ ရှင်

မောဂ္ဂလာန်တို့ စီးတော်မူရန် မှန်ထွတ်နှစ်ခုရှိသော ပြာသာဒ် ကြွင်းသော ရဟန်းတို့စီးတော်မူရန် မှန်ထွတ် တခုစီရှိသော ပြာသာဒ်အားဖြင့် ငါးရာသော ပြာသာဒ်တို့ကို ဘန်ဆင်း၍ ဇေတဝန် ကျောင်းတော် ထံခါးမှန်ဝ၌ ထား၍ ပြန်လေ၏။

မြတ်စွာဘုရားလည်း နံနက်အခါ ဂန္ဓကုဋိတိုက်တော်မှ ထွက်တော်မူ၍ မှန်ထွတ်လေးခုရှိသော ပြာသာဒ်သို့ တက်တော်မူပြီးလျှင် ငါးရာ တပါး ယုတ်သော သဃာ်တော်တို့ကိုလည်း အသီးအသီး ပြာသာဒ်ထက်သို့ တက်တော်မူစေ၍တဆောင်သောပြာသာဒ်လပ်နှင့်တကွငါးရာတပါးယုတ်သော သဃာ်တို့ဖြင့် ခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွတော်မူခဲ့လျှင် သစ္စဗန္ဓတောင်သို့ ရောက်တော်မူ၏။

ထိုတောင်၌ သစ္စဗန္ဓရသေ့သည် လူအပေါင်းတို့အား မှားသော အယူကို ယူစေလျက် နေ၏။ထိုသူ၏ အဇ္ဈတ္တသန္တာန်၌ကား အရဟတ္တဖိုလ်၏ အကြောင်းတည်း ဟူသော ဆီမီးသည် အိုးစရည်းကြီး၏ အတွင်း၌ ညှိထွန်းအပ်သော ဆီမီးကဲ့သို့ တောက်လောင်သည်ကို မြင်တော်မူ၍ တရားမြွက်ဆေး တိုက်ကျွေးတော်မူလျှင် ဒေသနာအဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်၍ ဖေါ်ဘိဉ္ဉာ ဥပသမ္ပဒအဖြစ်သို့ ရောက်စေလျက် လပ်သော ပြာဒ်သာဒ် ထက်သို့ တက်စေတော်မူ၍ ငါးရာသော ပြာသာဒ်တို့ဖြင့် ခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွတော်မူခဲ့ပြန်သောအခါ ဝါဏိဇ္ဇဂါမသို့ ရောက်တော်မူ၍ ပြာသာဒ်တို့ကို ကွယ်စေတော်မူ၏။ ဝါဏိဇ္ဇဂါမရွာသားတို့လည်း သဃာ်တော် ငါးရာနှင့်တကွ မြတ်စွာဘုရားကို မကူဋ္ဌကာရာမ အရပ်သို့ ပင့်ဆောင်၍ စန္ဒကူးနံ့သာကျောင်း တန်းဆောင်ဝန်း ပြာသာဒ်တို့ကိုလှူကြကုန်၏။ မြတ်စွာဘုရားလည်း စန္ဒကူးနံ့သာကျောင်း တန်းဆောင်ဝန်း ပြာသာဒ်သို့ တက်တော်မူ၍ တရားမြွက်ဆေး တိုက်ကျွေးတော်မူလျှင် ဉာသိဗ္ဗန္ဓမည်သော ဥပါသကာသည် သောတာပန် တည်လေ၏။ မြတ်စွာဘုရားလည်း နှစ်ရက် သုံးရက် သိတင်းသုံး နေတော်မူ၏။ပစ္စန္တရာဇ်အရပ်ဖြစ်သောကြောင့် အရုဏ်ကိုကား မဇ္ဈိမဒေသ ဇေတဝန် ကျောင်းတော်သို့သာ ကြွ၍ ခံတော်မူ၏။

ဤသို့လျှင် စန္ဒကူးနံ့သာကျောင်း၌ နှစ်ရက်သုံးရက်ပတ်လုံး သိတင်းသုံး နေတော်မူပြီးလျှင် "ချစ်သားပုဏ္ဏ,ဤအရပ်မှာ နေရစ်လော့"ဟု မြွက်တော်မူပြီးလျှင် ငါးရာသော သဃာ်တို့နှင့် တကွ ကြွတော် မူလေသော်

နမ္မဒါမြစ်သို့ ရောက်တော်မူ၏။ ထိုနမ္မဒါမြစ်၌ နမ္မဒါအမည်ရှိသော နဂါးကြီးသည် ခရီးဦးကြိုဆိုပြီးလျှင် နဂါးပြည်သို့ ဆောင်၍ ရတနာသုံးပါးတို့အားများစွာသော ပူဇော်သက္ကာရကို ပြုကြကုန်၍ မြတ်စွာဘုရားလည်း တရားဓမ္မဖြင့် ဆုံးမတော်မူပြီးလျှင် နဂါးပြည်မှ ထွက်တော်မူခဲ့၏၊ ထိုအခါ နမ္မဒါမည်သော နဂါးကြီးသည်"အရှင်ဘုရား,အရှင်ဘုရား ကြွသွားလျှင် အသက်ထက်ဆုံး နှလုံးသွင်းရစ်စရာ ခြေတော်ရာ ချထားတော်မူခဲ့ပါ"ဟု လျှောက်ထား တောင်းပန်သောကြောင့် နမ္မဒါမြစ်ကမ်းနား၌ လူအများတို့ ကိုးကွယ်ရစ်စရာ ခြေတော်ရာ စေတီကို ချထားတော်မူ၏။

ထို့နောင်တဘန် စဉ်းငယ်ကြွသွားပြန်သော် သစ္စဗန္ဓတောင်သို့ရောက်လျှင်"ချစ်သား သစ္စဗန်,ဤအရပ်သား လူအများ၌ မှားသော အယူတည်းဟူသော မိစ္ဆာဒိဋ္ဌိ အထုံးအဖွဲ့ကို သင့်ဖွဲ့သည်၊သင့်ဖွဲ့သော အထုံးအဖွဲ့ကို သင်ပင် ဤအရပ်၌နေ၍ဖြေဖြတ်ရစ်လော့"ဟု မိန့်တော်မူသောအခါ"အရှင်ဘုရား, ဤအရပ်၌ အကျွန်ုပ်တို့ နေရစ်လျှင် အရှင်ဘုရား၏ ကိုယ်စားကိုးကွယ်ရစ်စရာ ခြေတော်ရာ စေတီကို ချထားတော်မူခဲ့ပါ" ဟု သစ္စဗန္ဓရဟန်း တောင်းပန်သောကြောင့် လူအများတို့ ကိုးကွယ်ရစ်စရာ ဃနပိဋ္ဌ ကျောက်ဖျာထက်၌ ခြေတော်ရာစေတီကို ချတော်မူ၏။

**ထိုခြေတော်ရာ စေတီ နှစ်ဆူသည် ယခုကာလ အောက်အရပ်၌ ရှိသော အောက်စက်တော်ရာ အထက်စက်တော်ရာဟု ခွဲ၍ အမြဲ နှလုံးသွင်းသင့်သည်။**

မြတ်စွာဘုရားလည်း ခြေတော်ရာ နှစ်ဆူကို လူတို့ကိုးကွယ်ရစ်စရာ ငါတို့မြန်မာတိုင်းဟု ဆိုအပ်သော သုနာပရန္တတိုင်း၌ ချထားတော်မူပြီးလျှင် နောက်ပါသံဃာတော် အခြံအရံနှင့်တကွ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလေ၏။ ဤသို့လျှင် ငါတို့မြန်မာတိုင်းဟု ဆိုအပ်သော သုနာပရန္တတိုင်းသို့လည်း သာသနာတော် အရှည် တည်လတ္တံ့သည်ကို မြင်တော်မူ၍ သုံးလူ့ထွတ်ထား မြတ်စွာဘုရားသည် အကြိမ်များစွာ ကြွလာတော်မူပေသည်။

---

## ၈၈-ဃောသက သူဌေးကြီး အကြောင်း။

လွန်လေပြီးသောအခါ အလ္လကပ္ပတိုင်း အလ္လကပ္ပမင်း,ဝေဋ္ဌဒိပကတိုင်း ဝေဋ္ဌဒိပကမင်း၊ ဤမင်း နှစ်ယောက်တို့သည် တဆရာတည်း အတတ်

သင်ဘက်ဖြစ်၍ ချစ်ခင်သဖြင့် မိတ်သဟာယ ဖြစ်ကြရကား တနေ့သ၌ မင်း၏အဖြစ်၌ အပြစ်ကိုမြင်၍ ငါတို့သည် ရဟန်းပြုကြကုန်အံ့ ဟု တိုင်ပင်လျက် မိမိတို့ပြည်ကို မိမိတို့သားအား အပ်နှင်းပြီးလျှင် ဟိမဝန္တာတောသို့ ထွက်ကြကုန်၏။ ရသေ့ရဟန်း ပြုပြီးလျှင် ညဉ့်အခါ မီးရောင် ပြလျက် တတောင်စီနေကြရာတွင် ဝေဒ္ဒဗ္ဗရသေ့သည် တရံရောအခါ ရတော မနေ သေလေလျှင် တာဝတိံသာနတ်ပြည်၌ တန်းခိုးကြီးသော နတ်မင်း ဖြစ်လေ၍ မိမိအဆွေ ရသေ့ထံသို့လာပြီးလျှင်“အရှင်ဘုရားမှာ တယောက် အတီးထီး သိတင်းသုံးတော် မူသလော”ဟု လျှောက်သောအခါ“ငါမှာ တယောက်သော အဘော်ရသေ့ရှိသည်၊ ထိုရသေ့သည် ဥပုသ်နေ့၌ မီးပြ နေကျကို မပြ၊ သေလေဟန်ရှိ၏” ဟု ဆို၏။ “အရှင်ဘုရား, အကျွန်ုပ်သည် အခြားသူမဟုတ်ပါ၊ ကိုယ်တော်အရှင်မြတ်၏ အဘော်ရသေ့ပါပင် တည်း၊ ရတောမနေ သေလွန်လျှင် တန်းခိုးကြီးသော နတ်မင်းဖြစ်ပါသည်၊ အလိုရှိသည်ကို မိန့်တော်မူပါ”ဟု လျှောက်သောအခါ“ညဉ့်အခါ တမြက် လှည်းသော အရပ်၌ ဆင်တို့သည် မံစင်ကို စွန့်ကုန်သည်၊ ခြေတို့ဖြင့် မြေကို ပုတ်ခတ်သောကြောင့် မြေမှုန့်တို့သည် ထကုန်သည်၊ ထိုကြောင့် ဆင်တို့၏ မလာခြင်းကို ငါအလိုရှိသည်” ဟု မိန့်လေသော် တန်းခိုးကြီးသော နတ်မင်းသည်၊ ထိုရသေ့အား ဟတ္ထိကန္တ မည်သော မန္တန်ကို ၎င်း,စောင်းကို၎င်း ပေး၍ ထိုစောင်း၌ သုံးစင်းသော ညှို့တို့ကို ပြလျက် ဤညှို့ကို တီး၍ ဤမန္တန်ကို မန်းသည်ရှိသော် နောက်သို့ ပြန်လှည့်မကြည့်ဘဲ ဆင်တို့သည် ပြေးကုန်လတ္တံ့၊ ဤညှို့ကို တီး၍ ဤမန္တန်ကို မန်းသည် ရှိသော် နောက်သို့ပြန်ကြည့်၍ ပြေးကုန်လတ္တံ့၊ ဤညှို့ကို တီး၍ ဤမန္တန်ကို မန်းသည်ရှိသော် ဆင်အပေါင်းတို့၏ အကြီးဖြစ်သော ဆင်သည် ကျောက်ကုန်းကို ညွတ်၍ လာလတ္တံ့ ဟု သေချာစွာ မှာထား ပေးအပ်ပြီးလျှင် မိမိနေရာ တာဝတိံသာ နတ်ပြည်သို့ ပြန်လေ၏။ အလ္လကပ္ပရှင်ရသေ့လည်း နတ်မင်းပေးခဲ့သောအတိုင်း မှတ်သား၍ ဆင်တို့ကိုပြေးစေလျက် ချမ်းသာစွာ နေလေ၏။

ထိုအခါကောသမ္ဗီပြည်၌ ပရန္တပမည်သော မင်းသည် မင်းပြု၏။ ထိုမင်းသည် တနေ့သ၌ ပဋိသန္ဓေကိုယ်ဝန် အရင့်အမာရှိသော မိဖုယားကြီးနှင့်တကွ နေစာလှုံကြလျှင် ဆင်ဆယ်စီးအားကို ဆောင်နိုင်သော ဟတ္ထိလိင်္ဂမည်သော ငှက်ကြီးသည် ကမ္ဗလာခြုံလျက်နေစာလှုံသောမိဖုယားကြီး

ကို သားတစ်ဟူသော အမှတ်ဖြင့် ချီလတ်၍ ကောင်းကင်သို့ ပျံပြီးလျှင် မိမိ စားသောက်ရာ ပညောင်ပင်ကြီး၏ အခွကြား၌ ချထားလေ၏၊ ထိုအခါ မိဖုယားကြီးသည် လက်ချပ်တီးလျက် ၎က်ကြီးကို ပြေးစေ၏။ ထို့နောင် နေဝင်သောအခါ ကောသနီမိဖုယားကြီးအား ကမ္ဗလေလျှပ်၏။ အလုံးရုံသော အရပ်မှ ချုန်းလျက် မိုးကြီးသည်းထန်စွာ ရွာ၏။ ထိုညဉ့်လင်းသောအခါ မိုးတိမ်တိုက်တို့သည် ကင်းကုန်သည်ရှိသော် အရုဏ်တက်သည်နှင့်တပြိုင်နက် သားဖွါး၏၊ ထိုမိဖုယားကြီးသည် မိုးဥတုကိုရင်း, တောင်ဌေ့ဥတုကိုရင်း, အရုဏ်ဥတုကိုရင်း, ယူ၍ ဖွါးသောကြောင့် မိမိသားအား ဥတေန-ဟူသော အမည်ကိုမှည့်၏၊

အလ္လကပ္ပရသေ့လည်း နံနက်ခိုးသောက်လျှင် အရိုးအရင်း ကောက်အံ့သော၌ ထိုပညောင်ပင်ကြီး အောက်သို့ရောက်၍ ပညောင်ပင်၏ အထက်ခွကြား၌ သားဖွါး၍နေသော ကောသနီမိဖုယားကြီးနှင့် တွေ့လတ်သော် အချင်းချင်း မင်း မိဖုယား အဖြစ်ကို ကြားကြလျက် သားနှင့် တကွသော မိဖုယားကြီးကို ပညောင်ပင်ခွမှ ချ၍ မိမိနေရာ သင်္ခမ်းကျောင်းသို့ ဆောင်လေ၍ မွေးကျွေးသုတ်သင်လျက် ထိုမိဖုယားကြီးနှင့် အတူတကွပင် ပေါင်းဘော်ခြင်း သံဝါသကိုပြု၍ နေကြကုန်၏။

နောက်ကာလ တနေ့သ၌ အလ္လကပ္ပ ရှင်ရသေ့သည် ကောင်းကင်သို့ ကြည့်လတ်သော် ကောသမ္ဗီပြည် နက္ခတ်ညှိုးသည်ကို မြင်၍ မင်းကြီး သေသော အဖြစ်ကိုသိလျှင် ဥတေနမင်းသားအား နတ်မင်း ပေးခဲ့သော စောင်းမန္တန်ကို အပ်နှင်း၍ ကောသမ္ဗီပြည်သို့ သွားလေလော့ ဟု ဆိုလျှင် ဥတေနမင်းသားလည်း ဘထွေးတော် အရှင်ရသေ့ အပ်နှင်းသော စောင်းမန္တန်တို့ကို ယူ၍ အထောင်မက များစွာသော ဆင်တို့ဖြင့် ကောသမ္ဗီပြည်သို့ သွားလျက် လက်စွပ်ကမ္ဗလာတို့ကို ပြ၍ ပုရန္တပမင်းကြီး၏ သားတော် အဖြစ်ကို ကြားလျှင် အမတ်တို့သည် ဘိသိက် သွန်း၍၊ မင်းမြှောက်ကြကုန်၏။

ထိုသို့ ကောသမ္ဗီပြည်၌ ဥတေနမင်း မင်းပြုသောအခါ အလ္လကပ္ပ တိုင်း၌ မွတ်သိပ်ခြင်းဘေး နှိပ်စက်သောကြောင့် ကောတုဟာလမည်သော လုလင်တယောက်သည် ကာလီမည်သော မယားနှင့်တကွ သားငယ်ကို ယူ၍ ထွက်ပြေးခဲ့လျှင် လုလင်ယောကျ်ားသည် မိမိအလှည့်ကျသော

အခါ သားငယ်ကို စွန့်ပစ်ထားခဲ့လေ၏။ ကောသမ္ဗီပြည်သို့ ရောက်သော အခါ နွားကျောင်းသားအိမ်သို့ ဝင်၍ တည်းခိုလေသော် ထိုနေ့နွားကျောင်းသား အိမ်၌လည်း ပစ္စေကဗုဒ္ဓါတပါးကို ပင့်၍ ဆွမ်းကျွေးသော နေ့နှင့် ကြုံကြိုက်သဖြင့် ထိုသို့ခင်ပွန်းနှစ်ယောက်တို့သည် များစွာသော နို့ဃနာ ထမင်းကို စားသောက်ကြရသဖြင့် ကောတုဟာလ မည်သော လုလင် ယောက်ျားသည် အတိုင်းအရှည်ကို မသိ၊ လွန်စွာစားသဖြင့် သေခြင်းသို့ ရောက်လေသော် ထိုအိမ်၌ မွေးကျွေးထားသော ခွေးမ၏ဝမ်း၌ ပဋိသန္ဓေ နေ၍ ဖွါးလျှင် ထိုခွေးငယ်အားလည်း နွားကျောင်းသားသည် တကောင် သောနွားမ၏ နို့ရည်ကို တိုက်၍ မွေးကျွေးသုတ်သင်သဖြင့် မကြာမြင့်မီ ကြီးပွါးခြင်းသို့ ရောက်လေ၏။

ထိုကောတုဟာလ လုလင်၏ ခင်ပွန်းမလည်း ထိုနွားကျောင်းသား အိမ်၌ သာလျှင်နေ၍ အစဉ်မပြတ် ကြွလာသော ရှင်ပစ္စေကဗုဒ္ဓါအား ရှိခိုးခြင်း ဝတ်ကြီးဝတ်ငယ် ပြုခြင်းတို့ကို ပြုလျက် အသက်အတိုင်းနေ၍ ရတော လေသော် ဇနပဒသူဌေးသို့ ဖြစ်လေ၍ ကြီးစွာသော စည်းစိမ်ကို ခံစားရ လေ၏။ နွားကျောင်းသားလည်း တနေ့လျှင် နှစ်ကြိမ် ရှင်ပစ္စေကဗုဒ္ဓါအား ဆည်းကပ်ခစား၏။ အိမ်ကြွသောအခါ၌လည်း ခရီးအကြားသို့ ရောက် အောင် ပို့လိုက်၏၊ ထိုခွေးလည်း ထိုနွားကျောင်းသားနှင့် အတူတကွ လိုက်၏၊ တနေ့သ၌ နွားကျောင်းသားသည် အကျွန်ုပ်မလာအား၍ အခွင့် မသာလျှင် ထိုခွေးကို လွှတ်လိုက်ပါမည်၊ ထိုခွေးလာသော အမှတ်ဖြင့် ကြွလာတော်မူခဲ့ပါလော့ ဟု လျှောက်၍ နောက်အခါ မိမိအခွင့်မသာလျှင် ထိုခွေးကို လွှတ်လိုက်၍ ရှင်ပစ္စေကဗုဒ္ဓါလည်း ထိုခွေးလာသော အမှတ် ဖြင့် ကြွတော်မူခဲ့၏။ ထိုခွေးသည် မြင်ဘန်များသဖြင့် ရှင်ပစ္စေကဗုဒ္ဓါ၌ ပြင်းစွာသော ချစ်ခြင်းဖြစ်၏။

တနေ့သ၌ နွားကျောင်းသားသည် ရှင်ပစ္စေကဗုဒ္ဓါအား သင်္ကန်း ကပ်လျှင် ရှင်ပစ္စေကဗုဒ္ဓါသည် သင်္ကန်းချုပ်ခြင်း ဆိုးခြင်းတို့မည်သည် တယောက်တည်း ပြုခြင်းငှါ မတတ်ကောင်းဟု ဂန္ဓမာဒနတောင်သို့ ကြွတော်မူလေသော် ထိုခွေးသည် မျက်စိတဆုံး တိုင်အောင် အူ၍ ကြည့်လိုက်သောအခါ ရှင်ပစ္စေကဗုဒ္ဓါကို မမြင်သောကြောင့် ရင်ကွဲနာ နာ၍သေလေလျှင် တာဝတိံသာနတ်ပြည်၌ တထောင်သော နတ်သမီး

အပေါင်း ခြံရံလျက်ဖြစ်လေ၏။ပစ္စေကဗုဒ္ဓါ ကြွသွားသောအခါ အရှုလိုက်သော ကောင်းမှုကြောင့် ထိုနတ်သား နားရင်း၌ ကပ်၍ တိုင်ပင်အပ်သော အသံသည် တဆဲ့ခြောက်ယူဇနာ ပျံ့နှံ့၏။ ပကတိ စကားပြောသော အသံသည် စကြဝဠာတသောင်း နတ်ပြည်ကို ပျံ့နှံ့၏။ထိုသို့သော အသံ ကျယ်ခြင်းကြောင့် ထိုနတ်သားသည် ဃောသကနတ်သား ဟု ထင်ရှား ကျော်စောလေ၏။

ထိုဃောသကနတ်သားသည် တာဝတိံသာ နတ်ပြည်မှ အာဟာရ ကုန်ခန်းသောကြောင့် ရတောခဲ့သော် ကောသမ္ဗီပြည်ဝယ် ပြည့်တန်ဆာမ ဝမ်း၌ ပဋိသန္ဓေနေ၍ ဖွါးလျှင် စကောရတ်နှင့် ပစ်၍ ထားရာ ပစ္စေက ဗုဒ္ဓါအား ကြည်ညိုခဲ့သော ကုသိုလ်ကံထူးကြောင့် ကျီး-ခွေး-လင်းတ အစရှိသည်တို့သည် ထိုသူငယ်ကို မစားဝံ့ကြကုန်၊ခြံရံ၍သာ နေကြကုန် လျှင် ယောကျ်ားတယောက်သည် ထိုသူငယ်ကို သားဟူသော အမှတ် ဖြင့် ယူ၍ မွေးကျွေးသုတ်သင်၏။ ကောသမ္ဗီသူဌေးလည်း ထိုနေ့နံနက် နန်းတော်သို့ဝင်လျှင် နန်းတော်မှထွက်၍ ပုရောဟိတ်ပုဏ္ဏားနှင့် တွေ့၍ နက္ခတ်အကြောင်းကို မေးလျှင်“အိုသူဌေးကြီး,ယနေ့နက္ခတ်ကား အလွန် တရာကောင်းသည်၊ ယနေ့ ဖွါးသော သူငယ်ကား ကောသမ္ဗီပြည်၌ သူဌေးကြီး ဖြစ်လတ္တံ့”ဟု ဆိုပေသော် သူဌေးကြီးလည်း မိမိသူဌေး ကတော်မှာလည်း ကိုယ်ဝန်အရင့်အမာရှိ၍ ဖွါးမည်၊မဖွါးမည် အကြောင်း ကို ရုံထောက်သော် မဖွါးမှန်းသိ၍ နန်းတော်သို့ အဆောတလျင် ဝင်၍ ပြန်ခဲ့ပြီးလျှင် အိမ်သို့ကျသောအခါ ကာလီမည်သော ကျွန်မအား အသပြာ တထောင်ကို အပ်၍ ယနေ့ဖွါးသော သူငယ်ကို လှည့်ပတ်ရှာသွေ လေလော့ ဟု စေလွှတ်လိုက်၏။ ကျွန်မလည်း အသပြာတထောင်နှင့် လှည့်ပတ်၍ ရှာသောအခါ ပြည့်တန်ဆာမသား လုလင်ယောကျ်ားလက်၌ သူငယ်ကို တွေ့လျှင် အသပြာ တထောင် ပေး၍ သူဌေးကြီး အိမ်သို့ ဆောင်ခဲ့၏။

သူဌေးကြီးလည်း အကယ်၍ သူဌေးကတော်က သွီးဖွါးအံ့၊ ထိုသူငယ် နှင့် ညီမ်းမြားအံ့၊သားဖွါးအံ့၊ထိုသူငယ်ကို သတ်အံ့ ဟု ကြံ၍ ထိုသူငယ် ကို အိမ်၌ထား၍ တရက် နှစ်ရက်ရှိလျှင် မိမိသူဌေးကတော်က သား ယောကျ်ား ဖွါးမြင်လာသဖြင့် ထိုသူငယ်ကို သတ်တော့အံ့ ဟု ကြံလျက်

ကာလိမည်သော ကျွန်မအား နွားခြံဝ၌ ထားချေလော့၊ သေမသေကိုလည်း ရုံစမ်းခဲ့လော့ ဟု မှာလိုက်၍ နွားခြံဝ၌ ထားစေလျှင် နွားလားဥသဘသည် ရှေးဦးစွာထွက်၍ ထိုသူငယ်၏ အထက်မှာ ရပ်လျက်တည်နေသဖြင့် နွားတို့သည် နံပါးနှစ်ဘက်ဖြင့် ထွက်သွားကြကုန်ရကား နွားကျောင်းသားသည် ချဉ်းကပ်၍ကြည့်လျှင် သူငယ်ကိုမြင်၍ သားဟူသော ချစ်ခြင်းကို ဖြစ်စေ၍ မွေးကျွေးသုတ်သင်၏။ကာလိမည်သော ကျွန်မလည်း မသေကြောင်းကို သူဌေးကြီးအား ပြန်ကြားလျှင် ရှေးနည်းအတူ အသပြာတထောင်ကို ယူ၍ သွားလေလော့၊ ထိုသူငယ်ကို ဆောင်ခဲ့လော့ ဟု စေလွှတ်လိုက်လျှင် ကျွန်မလည်း အသပြာတထောင်ပေး၍ နွားကျောင်းသား လက်မှဆောင်ခဲ့၍ သူဌေးကြီးအား ပေးပြန်၏။

သူဌေးကြီးလည်း တဘန်ရှေးနည်းအတူ မှာထား၍ လှည်းကုန်သည် ငါးရာတို့၏ သွားရာလမ်းခရီး၌ ထားစေလျှင် ရှေးဦးစွာသော နွားသည် မသွားဝံ့၊ ရပ်တန့်၍ နေသည်ကို လှည်းကုန်သည်တို့မြင်၍ သားဟူသော အမှတ်ဖြင့် ကောက်ယူလေသော် ကျွန်မလည်း မသေသောအကြောင်းကို သူဌေးကြီးအား ပြန်ကြားလျှင် ရှေးနည်းအတူ အသပြာတထောင်ပေး၍ လှည်းသမားလက်မှ ဆောင်စေပြီးသောအခါ သင်းချိုင်းမှာ ပစ်စေပြန်၏။ ထိုအခါလည်း ကျီး-ခွေး-လင်းတတို့သည် မစားဝံ့ကြ၍ ခြံရံလျက် နေကြကုန်၏။ဆိတ်ကျောင်းသား တယောက်သည် ဆိတ်ပျောက်၍ ထိုအရပ်သို့ ဆိတ်ရှာရောက်လျှင် ထိုသူငယ်ကို မြင်၍ သားဟူသော အမှတ်ဖြင့် ယူဆောင်လေသော် ကျွန်မလည်း မသေကြောင်းကို သူဌေးကြီးအား ပြန်ကြားလေ၏။သူဌေးကြီးလည်း အသပြာတထောင်ပေး၍ ဆိတ်ကျောင်းသားလက်မှ တောင်းစေပြီးလျှင် သူခိုးချ-ချောက်သို့ ချစေရာ ဝါးချုံ၏ အထက်မှ လွှမ်းမိုး၍ တည်သော မန်ကျည်းပင် ခွကြားသို့ကျ၍ မွေ့ရာသင်ဖြူးတို့ဖြင့် ခင်းထားသောနေရာ၌ နေရဘိသကဲ့သို့ ချမ်းသာစွာ နေရလေ၏။ကျူထရံသည် သားအဘ နှစ်ယောက်လည်း ထိုအရပ်သို့ရောက်၍ သူငယ်သံကို ကြားလျှင် သားဟူသောအမှတ်ဖြင့် သစ်ပင်သို့ တက်လျက် ဆောင်ယူသွားလေ၏။ကျွန်မလည်း မသေသောအကြောင်းကို သူဌေးအား ပြန်ကြားလျှင် ရှေးနည်းအတူ အသပြာတထောင်ကိုပေး၍ ကျူထရံသည် လက်မှ ဆောင်ယူစေပြန်၏။

ဤသို့ သတ်ဖြတ်ညှဥ်းဆဲတွင်းပင် အမည် မှည့်အံ့သော အချိန်အရွယ်သို့ ရောက်လျှင် ဃောသက-ဟူသော အမည်ကို မှည့်၍ တဘန် သေကြောင်းကြံ၍ မိမိအဆွေ အိုးထိန်းသည် အိမ်သို့ သွားပြီးလျှင် "အချင်းအဆွေ အိုးထိန်းသည်, ငါ့အား အဝဇာတ သားတယောက် ရှိသည်၊ ထိုသားကို သင်၏အထံသို့စေလွှတ်လိုက်ပါမည်၊ရောက်လျှင် အပိုင်းအပိုင်း သတ်ဖြတ်လျက် အိုးဖုတ်သော အထည်းသို့ ထည့်ပါလော့၊ ဤအသပြာ တထောင်ကို ယူနှင့်ပါ၊နောက်ကိုလည်း ကျေးဇူးကို သိပါအံ့" ဟု ဆိုလျှင် အိုးထိန်းသည်လည်း ကောင်းပြီ-ဟု အသပြာ တထောင်ကို ယူလိုက်၏။ သူဌေးကြီးလည်း နှစ်ရက်မြောက်သောနေ့၌ ဃောသကကို ခေါ်ပြီးလျှင် "ငါ့သား ဃောသက, အိုးထိန်းသည်အိမ်သို့ သွားလေလော့"ဟု စေလွှတ်လိုက်၏။

ဃောသကလုလင်လည်း အဘစကားကို နားထောင်၍ အိုးထိန်းသည် အိမ်သို့ သွားလေသော် ထိုအခါ သူဌေးကြီး သားရင်းလည်း သူငယ်ချင်း အပေါင်းတို့နှင့် ခရီးလမ်းမ၌ ဂုံညင်းကစား၍နေရာ အိုးထိန်းသည် အိမ်သို့ သွားသော ဃောသကကို မြင်လျှင် "အစ်ကို,အဘယ်အရပ်သို့ သွားမည်နည်း၊အကျွန်ုပ်မှာ ဂုံညင်းရှုံး၍ နေပါသည်၊ အကျွန်ုပ်သွားပါမည်၊ ဂုံညင်းထိုး၍ပေးပါ"ဟု ဆိုလျှင် ဃောသကသည် သူဌေးသားကို အိုးထိန်းသည် အိမ်သို့ စေလွှတ်လိုက်၍ မိမိမှာမူကား ဂုံညင်းကစား၍ နေရစ်၏၊ သူဌေးသားရောက်လျှင် အိုးထိန်းသည်လည်း ယမန်နေ့က သူဌေးကြီး မှာခဲ့သော အတိုင်း အပိုင်းအပိုင်း သတ်ဖြတ်လျက် အိုးဘိုထည်းသို့ ထည့်လေ၏။ ဃောသကလည်း ဂုံညင်းကစား၍ ပြီးလျှင် ညချမ်းသောအခါ အိမ်သို့ ပြန်လေ၍ မိမိပြန်ခဲ့သောအကြောင်း,သူဌေးသားညီငယ်ကို စေလွှတ်လိုက်သောအကြောင်းကို ပြန်ကြားလျှင် သူဌေးကြီးလည်း ပိုကြွေး မြည်တမ်းလျက် အိုးထိန်းသည် အိမ်သို့ အလျင်အမြန်သွားလေသော် "အိုသူဌေးကြီး, အသံကိုမျှ မပြုလင့်၊ စေခိုင်းသောအမှုသည် ပြီးပြည့်စုံပြီ" ဟု ဆို၏။ သူဌေးကြီးလည်း ဃောသက မသေ၊မိမိသား သေလျှင်း၍ ပြင်းစွာသော သောက ဒုက္ခ ဒေါမနဿ အဖြစ်သို့ ရောက်လေ၏။ နောက်ကာလတဘန် သေကြောင်းကြံ၍ မိမိ၏ရွာတရွာ၌ အကြီးအကဲဖြစ်သော သူ့ထံသို့ "ငါ၏ သား ဃောသကရောက်လျှင် သတ်၍ မစင်တွင်းမှာ ချပါလေ၊ ပြုအပ်သော ကျေးဇူးကို သိပါအံ့"ဟု အက္ခရာစာ ရေးပြီးလျှင် ဃောသကကို စေခိုင်း

သောအခါ ရိက္ခာကို တောင်းလေသော် "ရိက္ခာပေးဘွယ် ကိစ္စမရှိပြီ၊ ခရီးအကြား၌ ဤမည်သောရွာမှာ ငါ၏အဆွေ ဇနပဒသူဌေးရှိသည်၊ထိုအိမ်သို့ သာဝင်၍ သွားလော့"ဟု ဆိုလျှင် ဃောသကလုလင်လည်း မိမိသေစာကို ပုဆိုးစွန်းမှာ ထုပ်၍ သွားလေသော် ဇနပဒသူဌေးအိမ်သို့ရောက်၍ ကောသမ္ဗီသူဌေးကြီးသား ဃောသက ဟု ပြောကြားလေ၏။

ထိုဇနပဒသူဌေး၌လည်း သမီးတယောက် ရှိသည်ဖြစ်၍ စောင့်ရှောက်ခြင်း၄ါ ပြာသာဒ်ထက်သို့ အစေအပါး ကျွန်မတယောက်နှင့်တင်၍ ထားလေသည်။ ထိုနေ့၌ကား သူဌေးသမီး၏ အစေအပါး ကျွန်မကို အိမ်ဈေးသဘင်သို့ စေလိုက်ရာ သူဌေးကတော်ကြီးက ဆီး၍ စေခိုင်းသောကြောင့် ကာလအချိန်လွန်မှ ပြာသာဒ်အထက်သို့ တက်ရလေ၏။ရောက်လျှင် "အဘယ်ကြောင့် နေမြင့်သနည်း"ဟု မေးလတ်သော်"ကောသမ္ဗီပြည်က သူဌေးသား ဃောသက ဧည့်သည်ရောက်၍နေသောကြောင့် အမှုကြီးငယ်ကို ဆောင်ရွက်ရသဖြင့် နေမြင့်ပါသည်"ဟု ပြောကြားသောအခါ သူဌေးသမီးသည် ရှေးကောတုဟလ လုလင်ဖြစ်စဉ်က ကျင်လည်ခဲ့ဘူးသောကြောင့် အထူးသဖြင့်ချစ်ခြင်း မေတ္တာသက်ဝင်၍ ပြာသာဒ်မှ ဆင်းသက်ခဲ့ပြီးလျှင် အိပ်ပျော်သော ဃောသက၏ ပုဆိုးစွန်း၌ ထုပ်သော အထုပ်ကို ဖြေ၍ ကြည့်လေသော်"သေစာ၏အဖြစ်ကိုမျှ မသိ၊အလွန်မိုက်လေစွ၊ ငါမှတပါး ကိုးကွယ်ရာမရှိပြီ" ဟု နှလုံးပိုက်၍ "ငါ့သား ဃောသက ရောက်လျှင် ဇနပဒသူဌေးသမီးနှင့် တောင်းရမ်း ပြောဆို၍ ထိမ်းမြားခြင်း မင်္ဂလာကို ပြုကြပါလေကုန်၊ နောင် ဦးရီးတို့အား ကျေးဇူးကို သိပါအံ့"ဟု အက္ခရာစာကို ပြင်ပြီးလျှင် ပြာသာဒ်ထက်သို့ တက်လေ၏။ ဃောသက လုလင်လည်း အိပ်ရာမှ ထပြီးလျှင် စာခွေကို ယူ၍ သွားလေသော် ရွာတရွာ၏ အကြီးအကဲဖြစ်သော အိမ်သို့ ရောက်၍ ထိုစာခွေကို ပြလေလျှင် လက်ဆောင်ပဏ္ဏာတို့နှင့် ဇနပဒသူဌေးကြီးကို တောင်းရမ်းပြောဆို၍ လက်ထပ်ခြင်း မင်္ဂလာကို ပြုလေသဖြင့် ဃောသကလုလင်သည် ဇနပဒသူဌေးသမီးနှင့် ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစားရလေသည်။

ဤသို့လျှင် အကြိမ်ကြိမ် အထပ်ထပ် အသတ်ခံရ
သောအကျိုးကား ကောတုဟလ လုလင်ဖြစ်စဉ်က အလွ
ကပ္ပပြည်မှထွက်ပြေးခဲ့ကြသောအခါ မိမိသားကို ပစ်ထား
ခဲ့ခြင်းကြောင့်တည်း။ ။အကြိမ်ကြိမ် အထပ်ထပ်သတ်၍

မသေနိုင်သော အကြောင်းကား ရွေးဖြစ်စဉ်က ပစ္စေက ဗုဒ္ဓါကို သင်္ဃါကြည်ဖြူ၍ အရလိုက်သော ကောင်းမှုကြောင့် တည်း။

ထိုဃောသက လုလင်သည် နောက်ကာလ သူဌေးကြီး သေခါနီးတွင် မှာလိုက်သောကြောင့် မယားနှင့်တကွ လာကြ၍ ရောက်လျှင် "ငါ၌ ပိုင်ထိုက်သော ပစ္စည်းဟူသမျှကို ငါ့သားဃောသကအားမပေး"ဟု ဆိုလို သော်လည်း ထိုသူ၏ ကုသိုလ်ကံကြောင့် ပေးပါ၏-ဟု ဆိုမိများလေ၏။ သူဌေးသို့်းလည်း နောက်တဘန် ထပ်မံ၍ ဆိုချေဦးမည်ဟု မဆိုနိုင်အောင် ရင်ဝကို ဖွေ့၍ ငိုလျှင် ထိုခဏာ၌ပင် သူဌေးကြီး စုတေမနေ သေသေ၏။

သူဌေးကြီးသေလျှင် ဥတေနမင်းကြီးသည် သား,မြေး ရှိရစ်သလော-ဟု မေး၍ သား ဃောသက ရှိရစ်ကြောင်းကို ကြားသိသောအခါ ဃောသက လုလင်ကို ခေါ်စေတော်မူ၏။ ထိုဃောသက လုလင်လည်း နန်းတော်သို့ ဝင်သောအခါ လမ်းခရီး၌ မြောင်းငယ်ကို ခုန်လွှား၍ သွားလေသဖြင့် မင်း ကြီးရှေ့သို့ ရောက်၍ ရှိသေစွာရှိခိုးလျက်နေလေသော် ဥတေနမင်းကြီးလည်း အလုံးစုံသော အကြောင်းမျိုးကို မေးမြန်းစိစစ်၍ သူဌေးကြီး အရာကို ပေးသနားတော်မူ၏။ ဃောသကလုလင်လည်း သူဌေးကြီး အရာကို ရ၍ ရှေ့တော်မှ ထ၍ ပြန်ခဲ့သော် လာစဉ်က ခုန်ခဲ့သော မြောင်းငယ်တို့ကို မခုန် လျှင်းဘဲ ဆင်း၍သာ သွားလေ၏။ ထိုသို့ သွားသည်ကို မင်းကြီး မြင်လျှင် တဘန် ခေါ်တော်မူ၍ "သင်သည် လာစဉ်အခါက ဤမြောင်းငယ်ကို ခုန်လွှား၍လာသည်၊ ယခုကား ဆင်း၍သွားသည်၊ အဘယ်ကြောင့်နည်း" ဟု မေးလေလျှင် "အရှင်မင်းကြီး,လာစဉ်ကမူကား အကျွန်ုပ်မှာ ဌာနန္တရမရှိ ပါ။ ယခုမှာမူကား သူဌေးကြီးအရာ ဌာနန္တရ ရှိပါသည်၊ ထိုဖြစ်ပါ၍ ဌာနန္တရ ရှိသော အကျွန်ုပ်သည် ဤမြောင်းငယ်ကို ခုန်လွှား၍သွားခြင်းငှါ မတင့် တယ်သောကြောင့် မသွားပါသည်"ဟု တင်ပြီးလျှင် မိမိအိမ်သို့ ပြန်ခဲ့၍ ကောသမ္ဗီပြည်၌ ဃောသကသူဌေးကြီး-ဟု အကျော်အစော ဖြစ်လေ၏။

---

## ၁၉-သာမာဝတီ အကြောင်း။

တရံရောအခါ ဘဒ္ဒဝတီ သူဌေးအိမ်၌ အဟိဝါတရောဂါ နှိပ်စက် ကပ်ရောက်၍ သုံးယောက်သော သူတို့သည် ကောသမ္ဗီပြည်သို့ ထွက်

ပြေးခဲ့ကြကုန်၍ မြို့တံခါးအနီး တရသော စရပ်ကြီး၌ နေကြကုန်၏။ ထိုသို့နေကြရာတွင် သူဌေးကြီးသည် "ချစ်သမီး ငါ၏အဆွေ ဃောသက သူဌေးကြီးသည် ခရီးသွားသောသူ ကိုးကွယ်ရာမဲ့သောသူတို့အားနေ့တိုင်းမပြတ်တထောင်သော ဥစ္စာကို စွန့်၍ ဒါနပြုသည်၊ ထိုအိမ်သို့ အာဟာရ အလို့ငှါ သွားလေလော့"ဟု စေခိုင်းလိုက်၏။ သာမာမည်သော သူဌေးသမီးလည်း ကြီးစွာသော စည်းစိမ်ရှင်ဖြစ်ပါလျက် သားအမိ သုံးယောက်တွက် ခံခဲ့ပြီးလျှင် စားသောက်ကြသော် သူဌေးကြီးသည် အစာမကြေ၍ အရုဏ်တက်သောအခါ သေလေ၏၊ သားအမိ နှစ်ယောက်လည်း အထူးထူးအပြားပြားအားဖြင့် ငိုကြွေးမြည်တမ်းကြကုန်၏၊ နှစ်ရက်မြောက်သောနေ့၌ကား သာမာမည်သော သူဌေးသမီးသည် သားအမိ နှစ်ယောက်တွက်ကို ခံခဲ့၍ စားသောက်ကြပြန်သော် အစာမကြေ၍ အမိသေလေ၏။သာမာမည်သော သတို့သမီးလည်း ငိုကြွေး မြည်တမ်းလျက် ခွက်လက် စွဲ၍ အတောင်း သွားပြန်သော် တယောက်သောသူ၏ အဘို့အတွက်ကိုသာခံ၏။ထိုသို့ခံရာတွင် အကြီးအကဲပြု၍ ပေးသောသူကြွယ်သည်"သင်သည် ရှေးဦးစွာသောနေ့၌ကား သုံးယောက်အတွက်ခံသည်၊ ထို့နောက်တရက်ကား နှစ်ယောက်တွက်သာ တောင်းခံသည်၊ယနေ့ကား တယောက်တွက်သာ တောင်းခံသည်၊ အကြောင်း အဘယ်သို့နည်း"ဟု မေးလတ်သော် ဘဒ္ဒဝတီ တိုင်းပြည်က ထွက်ပြေးခဲ့ရကြောင်း၊ မိဘတို့ သေသောအကြောင်းများကို စကားမချန် ပြန်ပြောလျှင် ထိုသူကြွယ်သည် ငိုကြွေးမြည်တမ်းလျက် "သင်၏ အမိ သေသော ကာလမှစ၍ ငါပင် အဘဖြစ်တော့သည်"ဟု သမီးအရာ၌ ထားလေ၏၊ သမီးကြီးအရာ၌ တည်၍ အလှူတင်းကုပ်၌ ခုတ်ခုတ်ကြက်ကြက် အသံပြုသည်ကို အသံမဖြစ်စိမ့်သော ငှါ နံပါး နှစ်ဘက်မှ အကာစောင်ရန်းကို ပြုစေသောကြောင့် သာမာ-ဟူသော အမည်ရင်းတွင် ထပ်မံ၍ စည်းစောင်ရန်းဟော ဝတီ-သဒ္ဒါ လောင်း၍ သာမာဝတီ-ဟု တွင်ပြန်သည်။

ဃောသကသူဌေးလည်း "အစက ခုတ်ခုတ်ကြက်ကြက် အသံကိုကြားသည်၊ယခုမှာမူကား မကြား၊ဒါနကို မပြုသလော"ဟု သူကြွယ်အားမေးလျှင် ထိုသူကြွယ်လည်း သာမာဝတီ သူဌေးသမီးက ပြန်ကြား၍သာအတိုင်း ဘဒ္ဒဝတီပြည်မှ ထွက်ပြေးခဲ့သောအကြောင်း,မိဘတို့ သေသောအကြောင်း,သမီးကြီးအရာ၌ထားသောအကြောင်း,ထိုသာမာဝတီသူဌေးသမီး

စည်း စောင်ရန်းကို ပြုလျက် ထွက်ပေါက် ဝင်ပေါက် ထား၍ ပေးကမ်း ခွန့်ကြဲသောအကြောင်း, အသံတိတ်ဆိတ် ရှိကြောင်းများကို ပြန်ကြားလျှင် စောသကာ သူဌေးကြီးလည်း မိမိအဆွေခင်ပွန်း၏ သွီးအဖြစ်ကို သိ၍ ငိုကြွေးမြည်တမ်း ဖက်ယမ်းလျက် နမ်းရှုပ်ပြီးလျှင် သမီးကြီးအရာ၌ ထား လေ၏။ နောင်ကာလ တနေ့သောအခါ ထိုကောသမ္ဗီပြည်၌ နက္ခတ်ပွဲ သဘင် ဆင်ယင်ကြရာတွင် ထိုသာမာဝတီ သတို့သမီးသည် ငါးရာသော မိန်းမတို့ဖြင့် ခြံရံလျက် နန်းရင်ပြင်ဖြင့် ရေချိုးဆိပ်သို့ သက်လျှင် ဥတေန မင်းကြီးကလည်း လေသာပြူတင်းက ချပ်လျက် မြင်၍ တပ်နှစ်သက်ခြင်း ဖြစ်ရကား စောသကာသူဌေးကြီးထံ တောင်း၍ မိဖုယားကြီးအရာ၌ ထား လေ၏။ ။ဥတေနမင်းကြီးအား သာမာဝတီမိဖုယားကြီးမှတပါး ဝါသုလ ဒတ္တာမည်သော မိဖုယားကြီး, မာဂဏ္ဍီမည်သော မိဖုယားကြီး၊ ဤမိဖုယား ကြီး နှစ်ယောက်တို့လည်း ရှိကုန်၏။

---

## ၉၁-ဝါသုလဒတ္တာ မိဖုယား အကြောင်း။

ဥဇ္ဇေနီပြည် စန္ဒပဇ္ဇောတ မင်းကြီးသည် တနေ့သ၌ ဥယျာဉ်သို့ ထွက်သည်ရှိသော် မိမိစည်းစိမ်ကို ကြည့်၍ "ငါကဲ့သို့ စည်းစိမ်ကြီး သောသူ ရှိဦးမည်လော"ဟု မေးလျှင်"ကောသမ္ဗီပြည် ဥတေနမင်းသည် လွန်သောစည်းစိမ်နှင့် ပြည့်စုံ၏၊ ဟတ္ထိကန္တမန္တန်ကို မန်း၍ ဆင်တို့ကို ပြေးစေ၏၊ဆင်တို့ကို လာစေ၏၊ထိုမင်းနှင့်တူသော ဆင်ယာဉ်နှင့်ပြည့်စုံ သောသူ မရှိ"ဟု တင်ကြကုန်လျှင် ထိုဥတေနမင်းကို ဘမ်းတော့အံ့-ဟု ကြံလျက် သစ်သားနှင့်ဆင်ရုပ်ကို ယန္တရားစက်တို့ဖြင့် ပကတိဆင်နှင့် တူစွာလုပ်၍ ဥတေနမင်း၏ နိုင်ငံအနီးအပါး၌ လွှာင်ထား၏၊ ထိုဆင်၏ ဝမ်းတွင်း၌ ခြောက်ကျိပ်သော ယောကျ်ားတို့သည် ထိုမှဤမှ စကြံသွား ကြကုန်၏။ ပကတိဆင်ချေးတို့ကိုလည်း ထိုအရပ်သို့ဆောင်၍ ထားကြ ကုန်၏။ကောသမ္ဗီပြည်က မုဆိုးတယောက်လည်း ထိုအရပ်သို့ ရောက် လာ၍ ထိုဆင်ကိုမြင်လျှင် ငါတို့မင်းအား လျှောက်ပတ်၏ ဟု ပြန်လျက် တရှေ့လေတော် ထိုမုဆိုးပင် ခရီးသွန်ပြု၍ ဥတေနမင်းကြီးသည် ဆင်စီးလျက် အခြံအရံနှင့်တကွ ထိုအရပ်သို့ ထွက်ခဲ့၍ ဟတ္ထိကန္တမန္တန်ကို မန်းလျက် စောင်းကိုတီးလျှင် ယန္တရားဆင်ရုပ်သည် စောင်းသံ မကြားလေဟန်နှင့်

ပြေးလတ်သော် ဥတေနမင်းကြီးသည် မြင်းကိုစီးလျက် တယောက်ထီးထီး လိုက်လေလျှင် စန္ဒပဇ္ဇောတမင်းကြီး၏ စစ်သည်တို့သည် ဘမ်းလျက် စန္ဒပဇ္ဇောတ မင်းကြီးအား ဆက်ကြကုန်၏။

စန္ဒပဇ္ဇောတမင်းသည် ဟတ္ထိကန္တမန္တန်ကို တောင်းလျှင် "ရှိခိုးလော့၊ ရှိခိုးသောသူအားသာ ပေးအံ့"ဟု ဆိုသည်ရှိသော် စန္ဒပဇ္ဇောတမင်းကြီးလည်း ရှိမခိုးလို၍ "သမီးတော်ကိုသင်စေအံ့၊ သမီးတော်အထံမှ သင်တော့အံ့" ဟု ကြံလျက် ပေါင်းဖေါ် ရေ့ရှက်မည်ကိုသည်း စိုး၍ သမီးတော် ဝါသုလဒတ္တာကို အကုန်းမ-ဟု၊ ဥတေနမင်းကြီးကို ခရုသင်းကွက်သောသူ-ဟု လှည့်ပတ် ပြောကြား၍ တင်းတိမ်တွင်းကနေ၍ သင်စေသည်။ ထိုသို့ သင်စေရာတွင် အကြိမ်ကြိမ်သင်၍ မတတ်နိုင်လျှင် ဥတေနမင်းသည် "ဟယ်သူကုန်းမ, အလွန်ထိုင်းရိုင်းလေစွ"ဟု ဆို၏။ ထိုအခါ ဝါသုလဒတ္တာ မင်းသမီးလည်း အမျက်ထွက်၍ "ဟယ်ခရုသင်း နူနာကွက်သောသူ၊ ငါကဲ့သို့ သူကို သူကုန်းမ-ဟု ဆိုရအံ့လော"ဟု ဆို၏။ ထိုအခါ တင်းတိမ်ကိုလှန်၍ ကြည့်လျှင် ဝါသုလဒတ္တာ မင်းသမီးအဖြစ်၊ ဥတေနမင်းအဖြစ်ကို အချင်းချင်း သိကြ၍ ပေါင်းဘော်ခြင်း သံဝါသကိုပြု၍ နေကြကုန်၏။ ထိုအခါမှစ၍ မန္တန်ကိုသင်ခြင်း ကိစ္စမရှိပြီ။

တနေ့သ၌ ဥတေနမင်းသည် "ငါ၏အသက်ကို ပေးလော့, တိုင်းပြည်သို့ ရောက်လျှင် မိဖုယားကြီးအရာ၌ ထားပါအံ့"ဟု ဆိုလျှင် "အကယ်၍ စကားမှန်လျှင် ကြံပါအံ့"ဟု ဆို၍ ဝါသုလဒတ္တာမင်းသမီးသည် ခမည်းတော်ထံ သွား၍ "အတတ်အပြီးအဆုံးသို့ ရောက်လုပါပြီ၊ တရသောတံခါးနှင့် တရသောယာဉ်ကိုသာ သနားတော်မူပါလော့"ဟု တောင်းလျှင် ကြိုက်နှစ်သက်ရာ တံခါးနှင့် တနေ့လျှင် ယူဇနာငါးဆယ် သွားနိုင်သော ဆင်မယာဉ်သာကို ပေးသနားတော်မူလိုက်၏။ တနေ့သ၌ စန္ဒပဇ္ဇောတမင်းကြီးသည် ဥယာဉ်သို့ထွက်လျှင် ဥတေနမင်းသည် ရွှေငွေအသပြာတို့ကို ယူ၍ ဝါသုလဒတ္တာမင်းသမီးနှင့်တကွ ဆင်ယာဉ်ကိုသာစီးလျက် ထွက်ပြေးလေသော် စန္ဒပဇ္ဇောတမင်းကြီး၏ စစ်သည်တို့သည် လိုက်၍မှီလျှင် ရွှေငွေအသပြာတို့ကို ကြဲ၍ ထားခဲ့သဖြင့် ရွှေငွေတို့ကို ကောက်၍ နေကြကုန်ရကား ခရီးကွာဝေး၍ ကောသမ္ဗီပြည်သို့ ရောက်သောအခါ ဝါသုလဒတ္တာမင်းသမီးကို အဘိသိက်သွန်း၍ မိဖုယားကြီးအရာ၌ ထားလေ၏။

## ၉၁-မာဂဏ္ဍီ အကြောင်း။

ကုရုတိုင်း၌ မာဂဏ္ဍီမည်သော ပုဏ္ဏားအား မာဂဏ္ဍီမည်သော သမီးတယောက်ရှိသည်။ အဆင်း သဏ္ဌာန်နှင့် ပြည့်စုံကုန်သောကြောင့် မြတ်ကုန်မြတ်ကုန်သော အမျိုးတို့မှ တောင်းလာကုန်သော်လည်း ငါ့သမီးနှင့် အရာမဟုတ်-ဟု မြှမ်းချောက်၍သာ လွှတ်လိုက်၏။ တနေ့သ၌ မြတ်စွာဘုရားသည် လောကကို ကြည့်ရှုတော်မူသည်ရှိသော် မာဂဏ္ဍီ ပုဏ္ဏား သမီးခင်ပွန်း နှစ်ယောက်တို့၏ အနာဂါမိဖိုလ်၏ အကြောင်းကို မြင်တော်မူ၍ ကြွတော်မူလျှင် မာဂဏ္ဍီ ပုဏ္ဏားနှင့် တွေ့၍ မာဂဏ္ဍီ ပုဏ္ဏားသည် "ဤယောကျ်ားနှင့်တူသော ယောကျ်ားကို မမြင်စဘူး၊ ထိုသူအား ငါ့သမီးကို ပေးတော့အံ့"ဟု ကြံ၍ "အိုရဟန်း,ငါ့အား သမီးတယောက်သည်ရှိသည်၊ ထိုသမီးကို သင့်အား ခြေရင်း အလုပ်အကျွေးကို ပေးပါအံ့၊ ဤအရပ်မှာ နေရစ်ပါဦး"ဟု ဆို၍ အိမ်သို့ပြန်ပြီးလျှင် "အိုပုဏ္ဏေးမ, သင်၏သမီးအား လျောက်ပတ်သော ယောကျ်ားကို တွေ့ခဲ့သည်၊ လျင်မြန်စွာ သင်၏သမီးကို တန်းဆာဆင်စေလော့"ဟု ဆို၍ တန်းဆာဆင်ပြီးလျှင် သျှင်မြန်စွာ သား အဘ သုံးယောက်တို့သည် အိမ်မှထွက်ခဲ့ကြကုန်၏။ ပြည်သူပြည်သား အများတို့လည်း ဤပုဏ္ဏားကြီးသည် ဤမျှလောက်သော ကာလပတ်လုံး မိမိသမီးအား လျောက်ပတ်သောယောကျ်ားမရှိ-ဟု တစုံတယောက်အား မပေးမူ၍ ယနေ့မိမိသမီးအား လျောက်ပတ်သော ယောကျ်ားကိုတွေ့ပြီ ဟု ဆို၏၊ ဘယ်သို့သော ယောကျ်ားနည်း-ဟု ကြည့်ရှုခြင်းငှါ တမြို့လုံး လှုပ်ချောက်ခြားလျက် ထွက်ကြကုန်၏။

မြတ်စွာဘုရားလည်း တန်းခိုးဖြင့် ကိုယ်တော်ကိုကွယ်၍ ခြေတော်ရာ စေတီကိုသာ ပြတော်မူ၏။ ထိုအခါ မာဂဏ္ဍီပုဏ္ဏေးမသည် ခြေတော်ရာကို မြင်လျှင် "ဤခြေရာရှင်ကား ကင်းစင်ပြီးသော အာသဝေါရှိသောသူတည်း" ဟု ဆိုပေ၏။ ထို့နောင်မှ မြတ်စွာဘုရားသည် ကိုယ်တော်ကို ထင်ရှား ပြလျှင် မာဂဏ္ဍီအမည်ရှိသော ပုဏ္ဏားကြီးသည် မိမိသမီး မာဂဏ္ဍီကို ခြေရင်းတော် အလုပ်အကျွေးအလို့ငှါ မြတ်စွာဘုရားကို ပေးလေ၏။ မြတ်စွာဘုရားလည်း "ကျင်ကြီးကျင်ငယ်တို့ဖြင့်ပြည့်သော ဤအကောင်ပုပ်ကို ခြေဖြင့်သော်လည်း ထိခြင်းငှါ အလိုမရှိ"အစရှိသည်ဖြင့် မိန့်ဆိုတော်မူပြီး၍ တရားအမြိုက် တိုက်ကျွေးတော်မူလျှင် မာဂဏ္ဍီပုဏ္ဏား သမီးခင်ပွန်း

နှစ်ယောက်တို့သည် အနာဂါမိဗိုလ်သို့ ရောက်ကြလေကုန်၏။ သို့ပြီးမာဂဏ္ဍီကား“ငါကဲ့သို့မိန်းမကို ကျင်ကြီးတို့ဖြင့် ပြည့်သော အပုပ်ကောင်မ ဟု ဆိုကောင်းအံ့လော”ဟု မြတ်စွာဘုရားကို ရန်ငြိုး ထားလိုက်၏။မာဂဏ္ဍီ ပုဏ္ဏားကြီးလည်း မိမိသို့ မာဂဏ္ဍီသတို့သမီးကို လူသာမည္ဘနှင့် မတန်-ဟု ကောသမ္ဗီပြည်သို့လာ၍ ဦးတော်နမင်းကြီးအား ဆက်သလျှင် ဦးတော်နမင်းကြီးသည် မိဖုယားကြီးအရာ၌ ထားလေ၏။

---

## ၆၂-ကောသမ္ဗီ သူဌေးကြီး ၃-ဦးတို့ အကြောင်း။

ထိုကောသမ္ဗီပြည်၌ ဃောသကသူဌေး, ကုက္ကုဋသူဌေး, ပါဝါရိယ သူဌေး၊ဤသူဌေးကြီး သုံးယောက်တို့သည် ဝါတွင်းကာလ ငါးရာသော ရသေ့တို့ကို ကိုးကွယ်ကြကုန်သည်။ဝါပကာလ၌ကား ထိုရသေ့တို့သည် ဟိမဝန္တာ၌ နေကြကုန်၏။ ။တရံရောအခါ ထိုငါးရာသော ရသေ့တို့ သည် ဟိမဝန္တာမှ ဝါကပ်အံ့သော၌ ကောသမ္ဗီပြည်သို့ လာကြကုန် လျှင် လမ်းခရီးအကြား တရသော ပညောင်ပင်ရင်းသို့ ကပ်ကြကုန် သော် ထိုငါးရာသော ရသေ့တို့တွင် အကြီးအကဲဖြစ်သော ရသေ့သည် “ဤပညောင်ပင်စောင့်နတ်သည် ယုတ်ယုတ်ညံ့ညံ့ နတ်မဟုတ်ရာ၊ တန်းခိုး ကြီးသော နတ်ဖြစ်ရာ၏၊ အကယ်၍ ငါတို့အား အဖျော်ကိုပေးသော် ကောင်းလေစွ”ဟု ကြံလျှင် ထိုအကြံကိုသိ၍ ထိုပညောင်ပင် စောင့်နတ် သည် ငါးရာသော ရသေ့တို့အား အဖျော်ကိုပေး၏။ထို့နောင်ချိုးရေကို ကြံလျှင် ထိုချိုးရေကိုလည်း ပေးပေ၏။ထို့နောင် ဘောဇဉ်ကိုကြံလျှင် ထိုဘောဇဉ်ကိုလည်း ပေးပေ၏၊ ထို့နောင် ထိုနတ်သားသည် ငါတို့ ကြံတိုင်းဟုပင် ပေးပေသည်၊ကိုယ်တိုင်ထင်ရှား ငါတို့အား ပြပေလျှင် ကောင်းပေစွ-ဟုကြံပြန်သောကာလ သစ်ပင်ခွကြားမှ ကိုယ်တိုင် ထင်ရှား ပြပေ၏။

ထိုစည်းစိမ်ရကြောင်းကို မေးလျှင် အနာထပိဏ် သူဌေးအိမ်၌ အစေခံ ယောကျ်ားဖြစ်စဉ်က နေ့ထက်ဝက်သော ဥပုသ်၏ အကျိုးပေ-ဟု ပြော ကြားပြီးလျှင် အနာထပိဏ်သူဌေးကြီးသည် ဘုရား,တရား,သံဃာ၌ မြတ် နိုးပေသည်ဟု ဆို၏။ငါးရာသော ရသေ့တို့သည်“ဘုရားဟူ၍ ဆိုသလော၊ ဘုရားဟူ၍ ဆိုသလော” ဟု သုံးကြိမ်တိုင်တိုင် ထပ်ခါထပ်ခါ မေးလေ၏။ ပညောင်ပင်စောင့် နတ်လည်း ဘုရားဟု ဆိုပေသည်ဟု ပြောလျှင်“ဘုရား

ဟူသော အသံကိုမျှ ရခဲကုန်၏၊ ငါတို့သည် မြတ်စွာဘုရားထံ သွားကြကုန်အံ့”ဟု အနေ့ဝါသိက တပည့်တို့က ဆိုကြကုန်လျှင် “ချစ်သားတို့, သည်းခံကြဦးလော့၊ ငါတို့အား သူဌေးကြီး သုံးဦးတို့သည် အထူးသဖြင့် ကျေးဇူးများပေသည်၊ ထိုသူတို့အား ပြောကြားပြီးမှ သွားကြကုန်အံ့”ဟု ဆို၍ ကောသမ္ဗီပြည်သို့ လာလျက် သူဌေးကြီး သုံးဦးတို့အား လောက၌ ဘုရား,တရား,သံဃာ,ထင်ရှားဖြစ်ကြောင်းကို ပြောကြားပြီးလျှင် မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့သွား၍ ရောက်သော ကာလ ရှိသေစွာ ရှိခိုး၍ နေကြသောအခါ မြတ်စွာဘုရားသခင်သည် တရားမြွက်ဆေး တိုက်ကျွေးတော်မူလျှင် ဒေသနာတော်အဆုံး၌ ငါးရာသော ရသေ့တို့သည် အရဟတ္တဖိုလ်သို့ ရောက်၍ ဇေဟိဘိက္ခု၊ ဥပသမ္ပဒ အဖြစ်သို့ ရောက်ကြလေကုန်၏။

ဃောသကသူဌေး, ကုက္ကုဋသူဌေး, ပါဝါရိယသူဌေး, ဤသူဌေးကြီး သုံးယောက်တို့လည်း မိမိတို့ဆရာ ငါးရာသော ရသေ့တို့က ပြောကြားခဲ့၍ ငါးရာ ငါးရာသော လှည်းတို့ဖြင့် အဝတ်ပုဆိုး,ထောပတ်,ပျား,တင်လဲ, အစရှိသော ဒါန၏ အဆောက်အဦးတို့ကို တင်ခဲ့၍ ကောသမ္ဗီ ပြည်မှ ထွက်ခဲ့လျှင် သာဝတ္ထိပြည်သို့ ရောက်၍ မြတ်စွာဘုရားထံ ချဉ်းကပ်၍ တရားတော်ကို နာလျှင် သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်၍ ၅စ်လ ပတ်လုံး မြတ်စွာဘုရားအား လုပ်ကျွေးပြီး၍ ကောသမ္ဗီပြည်၌ ဝါကပ်တော်မူပါမည့်အကြောင်း ခွင့်တောင်းပြီးလျှင် ကောသမ္ဗီပြည်သို့ ပြန်၍ ဃောသက သူဌေးသည် ဃောသိတာရုံ မည်သော ကျောင်းတော်ကို၊ ကုက္ကုဋသူဌေးသည် ကုက္ကုဋာရုံကျောင်းတော်ကို၊ ပါဝါရိယသူဌေးသည် ပါဝါရုံကျောင်းတော်ကို ဆောက်လုပ်၍ပြီးလျှင် မြတ်စွာဘုရားကို ကျောင်း အလှူခံ ပင့်လျှောက်ကြကုန်၏၊ မြတ်စွာဘုရားလည်း နောက်ပါသံဃာတော်နှင့်တကွ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ကောသမ္ဗီပြည်သို့ ကြွတော်မူခဲ့၍ သူဌေးကြီး သုံးဦးတို့သည် လှူအပ်သော ကျောင်းတို့ကို အလှူခံတော်မူပြီးလျှင် ဃောသိတာရုံ ကျောင်းတော်၌ နဝမဝါကပ်တော်မူ၏။

. ဤကား ဃောသိတာရုံ ကျောင်းတော်၌ နဝမ ဝါကပ်တော်မူခြင်း အကြောင်း၊ ဃောသက သူဌေးအကြောင်း၊ သာမာဝတီ အကြောင်း၊ အဖွင့်ပတ္တိတို့တည်း။

သာမာဝတီမည်သော မိဖုယား၏ ရုဇ္ဇုတ္တရာမည်သော ကျွန်မသည် တရားတော်ကိုနာရ၍ သောတာပန်တည်၏။ ပိဋကတ်သုံးပုံကို ဆောင်နိုင်၏၊ ထိုရုဇ္ဇုတ္တရာ၏ တဆင့်ဟောသော တရားကိုနာရ၍ သာမာဝတီမိဖုယား အမှူးရှိသော ငါးရာသော မိဖုယားတို့သည် သောတာပန်တည်ကြကုန်၏။ ။ရုဇ္ဇုတ္တရာမည်သော ကျွန်မ ဤဘဝ၌ကုန်းကွသော အကြောင်းကား။ ။ကုန်းကွသော ပစ္စေကဗုဒ္ဓါကို အတုပြု၍ ပြခဲ့ဘူးသောကြောင့်တည်း။ကျွန်မဖြစ်ရသော အကြောင်းကား သူဌေးသမီး ဖြစ်စဉ်က ရဟန္တာထေရီမကို ခိုင်းခဲ့ဘူးသောကြောင့်တည်း။ပိဋကတ်သုံးပုံကို ဆောင်နိုင်သော အကြောင်းကား ရှင်ပစ္စေကဗုဒ္ဓါ တပါးအား သပိတ်ခြေကို လှူခဲ့ဘူးသောကြောင့်တည်း။ သောတာပန် တည်သော အကြောင်းကား အရှင်ပစ္စေကဗုဒ္ဓါအား ဆည်းကပ် ခစားခဲ့သောကြောင့်တည်း။

---

## ၉၃-မာဂဏ္ဍီ အသတ်ခံရခြင်း အကြောင်း။

မာဂဏ္ဍီမိဖုယားသည် ရှေးကရန်ငြိုးထားခဲ့သောကြောင့် ယခုအခါ၊ အခွင့်သာပြီ-ဟု ကောသမ္ဗီမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူသော မြတ်စွာဘုရားကို သေသောက်ကြူးတို့အား တံစိုးလက်ဆောင်ပေး၍ ဆဲရေးစေကုန်သည်။ ထိုအခါ အရှင်အာနန္ဒာသည် "အရှင်ဘုရား, ဤပြည်သားတို့သည် အကျွန်ုပ်တို့ကို ဆဲရေးကုန်သည်၊တပါးသောပြည်သို့သွားပါအံ့"ဟု လျှောက်၏။ "ချစ်သားအာနန္ဒာ, ထိုတပါးသောပြည်သားတို့ ဆဲရေးပြန်ကုန်လျှင် အဘယ်ပြည်သို့ သွားပါအံ့နည်း"ဟု မေးတော်မူသောအခါ ထိုပြည်မှ တပါးသောပြည်သို့သွားပါအံ့"ဟု လျှောက်လျှင်"ချစ်သားအာနန္ဒာ,ဤကဲ့သို့ သွားခြင်းသည် မသင့်၊ထိုအရပ်၌ဖြစ်သော အဓိကရုဏ်းကို ထိုအရပ်၌ပင် ငြိမ်းစေပြီးမှသာလျှင် သွားခြင်းငှါ သင့်သည်၊ ချစ်သားအာနန္ဒာ, စစ်မြေအရပ်သို့ တက်လာသော ဆင်ပြောင်ကြီးသည် အရပ် လေးမျက်နှာမှ လာသော မြားဒဏ်ကို ခံခြင်းငှါ တာဝန်ဖြစ်သကဲ့သို့ ထို့အတူ များစွာသော ဒုဿီလပုဂ္ဂိုလ်တို့၏ ဆဲရေးခြင်းကို သည်းခံရ၍ ငါဘုရား၏ တာ

ဝန်သာ ဖြစ်တော့သည်”ဟု ရှင်အာနန္ဒာအား မြတ်စွာဘုရား မှုပြီးလျှင် သည်းခံလျက်သာ နေတော်မူ၏။

မာဂဏ္ဍီ မိဖုယားလည်း ခုနစ်ရက်ပတ်လုံး သေသောက်ကြူးတို့ကို ဆဲရေးစေ၍ ပြေးစေသော်လည်း မိမိရန်စ မပြေနိုင်ရှိရကား ထိုမြတ်စွာဘုရား၏ အထောက်အပံ့ ဒါယိကာမဖြစ်သော သာမာဝတီ မိဖုယားကို သတ်တော့အံ့-ဟု ကြံလျက် ကြက်ရှင်၊ ကြက်သေတို့ကိုပေးခြင်း၊ စောင်းခွက်၌ မြွေဟောက်ကို ထည့်သွင်းခြင်းတို့ဖြင့် သေကြောင်းကြံ၍ ဥတေနမင်းကြီးအား ကုန်းစကားဖြင့် ပြောကြားသော်လည်း မယုံကြည်၍ နောက်တဖန် ဥတေနမင်းကြီး ဥယျာဉ်သို့ ထွက်တော်မူသောအခါ မိမိ ဘထွေးကို မှာထားခဲ့၍ နန်းတော်ကို မီးတိုက်စေရာ သာမာဝတီ အမှူးရှိသော ငါးရာသော မိဖုယားတို့သည် ဈာန်ဝိပါကဝဋ် မလွတ်ကင်းသဖြင့် မီးတွင်းမှာပင် သေကြရလေကုန်၏။

ထိုအကြောင်းကို ဥတေနမင်းကြီး ကြားသိလျှင် ဤအမှုကို မြိမ်းချောက်၍ စစ်သော်လည်း ဖြစ်မည်မထင်၍ မင်းတို့၏ မာယာဖြင့် “ဤမျှလောက်သော ကာလပတ်လုံး သာမာဝတီ မိဖုယားကို ရွံရှာလျက်နေသည်၊ ယခုအခါမှ ငါ၏စိတ်တော် အကြံပြည့်ပုံပေပြီ၊ မည်သူ့အတတ်ဖြစ်လိမ့်မည်နည်း”ဟု မေးတော်မူလျှင် မာဂဏ္ဍီ မိဖုယားသည် အားရဝမ်းသာ အကျွန်ုပ် အတတ်ပါ-ဟု တင်သည်ရှိသော် “သင်မိဖုယားကိုထား၍ တပါးသော မိဖုယားကြီးတို့သည် ငါ၌ ချစ်ခြင်းမေတ္တာ မရှိပြီ၊ သင်၏ ဆွေမျိုးပေါက်ဘော် တော်စပ်သည့် သူများကို ခေါ်လော့၊ ဆုပေးအံ့”ဟု မိန့်တော်မူသောအခါ မာဂဏ္ဍီ မိဖုယားသည် ဆွေမျိုး ဉာတိအပေါင်းကို “လျှင်မြန်စွာ လာခဲ့ကြလော့၊ ဆုပေးလတ္တံ့”ဟု မှာလိုက်၏။ ထိုအခါ ဆွေမျိုးပေါက်ဘော် တော်စပ်သောသူတို့သည်လည်း ဆုလာဘ်များ စွာရလတ္တံ့သော စိတ်ထားနှင့် သွားကြကုန်၏၊ ရောက်လျှင် ဥတေနမင်းကြီးသည် မာဂဏ္ဍီမိဖုယား ဆွေမျိုး-ဟု ဆုလာဘ်ကို ရယူ၍ လာသော လူအပေါင်းတို့ကို နန်းရင်ပြင်တွင် ချက်မြုပ်လောက်ရုံမျှ တွင်းတူး၍ မြှုပ်ပြီးလျှင် မီးတိုက်၏၊ ထို့နောင်မှ သံထွန်သွားနှင့် တိုက်၍ပစ်၏။ မာဂဏ္ဍီ မိဖုယား၏ ကိုယ်မှာကား အသားတို့ကို ထားနှင့် လှီးချ၍ ချက်ပြီးလျှင် ထိုမာဂဏ္ဍီ မိဖုယားကိုပင် စားစေပြန်၏။

## ၄၄-မြတ်စွာဘုရား ပလလည်းဘော ဝါဆိုတော်မူခြင်း။

ထိုသို့ ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတော်၌ မြတ်စွာဘုရား ဝါကပ်တော်မူ၍ သီတင်းသုံး နေတော်မူသော အခါ ဃောသိတာရုံ ကျောင်းတိုက်၌ ငါးရာ ငါးရာစီလျှင် အခြံအရံရှိသော ဝိနယဓရ ပုဂ္ဂိုလ် လည်းတယောက်၊ ဓမ္မကထိက ပုဂ္ဂိုလ်လည်းတယောက်၊ ဤနှစ်ယောက် သော ပုဂ္ဂိုလ်တို့သည် နေကြကုန်၏။ တနေ့သ၌ ဓမ္မကထိက ပုဂ္ဂိုလ်သည် ကုဋိတက်သောအခါ သန့်သက်ရေကြွင်းကို ချန်လျှင်း၍ ဆင်းခဲ့ပြီးနောက် ဝိနယဓရပုဂ္ဂိုလ်တက်သောအခါ ထိုသန့်သက်ရေကို သင်ထားခဲ့သလော- ဟု မေးလျှင် ဟုတ်ပေ၏-ဟု အာမခံ၏။ ထိုသို့ ထားခဲ့ရာ၌ အာပတ် သင့် သည်ကို မသိလော-ဟု မေးပြန်လျှင် အကယ်၍ အာပတ်သင့်အံ့၊ ကုစားပါ အံ့-ဟု ဆို၏။ စေတနာ မရှိလျှင် အာပတ်မရှိ-ဟု ဆို၍ ထိုဓမ္မကထိက ရဟန်းသည် အာပတ်မသင့်-ဟု နေလေ၏။ ဝိနယဓရပုဂ္ဂိုလ်သည် ကွယ်ရာ တခြား မိမိတပည့်များထံသို့ ကျလျှင် ဓမ္မကထိက ဆရာကြီးသည် အာ ပတ်သင့်မသင့်ကိုမျှ မသိ-ဟု ကဲ့ရဲ့စကား ပြောကြား၍ တပည့်များက တဘန် ဓမ္မကထိက ရဟန်းတို့၏တပည့်များကို ထိုကဲ့သို့ပင် သင်တို့ဆရာ ဆိုသည် ဟုတ်သလော-ဟု မေးလျှင် ဓမ္မကထိက ရဟန်း၏ တပည့်တို့ လည်း မိမိတို့ဆရာအား ထိုအကြောင်းကို လျှောက်ထားကြ ပြန်လျှင် ဝိနယဓရ ပုဂ္ဂိုလ်သည် ငါ၏ ရှေ့၌ကား အာပတ်မသင့်-ဟု ဆိုသည်။ ကွယ်ရာသို့ကျသော ကာလ အာပတ်သင့်သည်-ဟု မိမိတပည့်တို့အား ပြောကြားပြန်သည်၊ ထိုဝိနယဓရပုဂ္ဂိုလ်သည် မုသားဆိုသည်-ဟု အချင်း ချင်း ငြင်းခုံခိုက်ရန် ဖြစ်ပွါးကြ၍ နောင်ကာလ အခွင့်ရသဖြင့် ဝိနယဓရ ပုဂ္ဂိုလ်တို့က ဓမ္မကထိက ပုဂ္ဂိုလ်တို့အား ကံပြု၍ ထိုအခါမှ စ၍ ထိုသူ တို့၏ အလုပ်အကျွေး ဒါယကာတို့သည် နှစ်ဖုနှစ်ပြား ကွဲကြလေ၏၊ ထို ရဟန်းတို့၏ အထံ၌ ဆုံးမခံသော ဘိက္ခုနီမတို့သည်၎င်း,ကိုယ်စောင့်နတ် တို့သည်၎င်း, ထိုကိုယ်စောင့်နတ်တို့နှင့် သံဒိဋ္ဌ သံဘတ္တဖြစ်သော နတ်တို့ သည်၎င်း, ဗြဟ္မာ့ပြည်တိုင်အောင် ပုထုဇ္ဇန်ဖြစ်သော နတ်ဗြဟ္မာတို့သည် ၎င်း ကွဲပြားကြလေကုန်၏။

ထိုသို့ သဃ်ာမညီမညွတ် ကွဲပြားကြသော အကြောင်းကို မြတ်စွာ ဘုရား သိတော်မူလျှင် တကြိမ်နှစ်ကြိမ် ညီညွတ်စေခြင်းငှါ စေတော်မူ၍

မရလျှင် ကိုယ်တော်တိုင် ကြွတော်မူ၍ ညီညွတ်စိမ့်သော၄ါ မညီမညွတ်ခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ကုန်ဘူးလေပြီ-ဟု လဋ္ဋုကိကဇာတ်၊ ဝဋ္ဋကဇာတ်တို့ကို ဟောတော်မူလျှင် "ဘုန်းတော်ကြီးသော တရားမင်းသခင် အရှင်ဘုရား,အကျွန်ုပ်တို့၏အမှု၌ ဂရုထူတော်မမူပါနှင့်၊ကြောင့်ကြမဲ့ နေတော်မူပါ"ဟု လျှောက်၏။ထိုအခါ မြတ်စွာဘုရားသည်"ဘူတပုဗ္ဗံ ဘိက္ခဝေ"စသည်ဖြင့် ဒီဃာဝုဇာတ်ကို ဟောတော်မူပြီးလျှင်"ဤရဟန်းတို့သည် ငါဘုရား၏ သာသနာတော်၌ နေလျက် ငါဘုရား၏ စကားကိုမျှ နားမထောင်၊ငါသည်တယောက်ထီးတီး ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက်နေတော်မူအံ့"ဟု ကြံတော်မူလျက် ကောသမ္ဗီပြည်၌ ဆွမ်းခံကြွပြီးလျှင် ရဟန်းသံဃာတို့အား မပန်မကြားဘဲ ကိုယ်တော်တပါး ထီးထီးသာလျှင် သပိတ်သင်္ကန်းကို ယူတော်မူ၍ ဗာလကလောဏကရွာသို့ ရောက်တော်မူလေသော် ထိုရွာ၌လည်း ဘဂုမထေရ် သီတင်းသုံးနေခိုက်နှင့် ကြုံကြိုက်၍ မြတ်စွာဘုရားကို မြင်လျှင် သပိတ်သင်္ကန်းကို လှမ်းယူခြင်း စသော ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလျက် ရိုသေစွာ ခိုရှိုးလျက် နေ၏။

မြတ်စွာဘုရားလည်း ထိုက်သည့် အားလျော်စွာ တရားဒေသနာ ဟောတော်မူပြီးလျှင် တဖန် ကြွတော်မူပြန်လေသော် ပါစိနဝံသဒါရုအရပ်သို့ ရောက်တော်မူလေ၏၊ ထိုအရပ်၌ကား အရှင်အနုရုဒ္ဓါ, အရှင်နန္ဒိယ, အရှင်ကိမိလ, ဤမထေရ်သုံးပါးတို့သည် နေကြကုန်သည်ဖြစ်၍ အဝေးကပင် ကိုယ်တော် တပါးထီးထီး ကြွလာတော်မူသော မြတ်စွာဘုရားကို မြင်လျှင် သပိတ်သင်္ကန်းကို လှမ်းယူခြင်းစသော ဝတ်ကြီးဝတ်ငယ်တို့ကို အသီးအသီးပြုကြကုန်၍ ရိုသေစွာ ရှိခိုးနေကြကုန်၏။ မြတ်စွာဘုရားသည် "ချစ်သားတို့, ဆွမ်းသင်္ကန်းတို့ဖြင့် ပင်ပန်းခြင်းမရှိ၊ ချစ်သောမျက်စိဖြင့် ကြည့်လျက် နှစ်သက်ရွှင်လန်း ချမ်းသာစွာ နေကြရပါ၏လော"ဟု မေးတော်မူလျှင် ဆွမ်းသင်္ကန်းတို့ဖြင့် ပင်ပန်းခြင်း ကင်းလျက် ငြင်းခုံခြင်းမရှိ၊ ချစ်သော မျက်စိဖြင့် တယောက်ကို တယောက် ကြည့်လျက် နှစ်သက်ချမ်းသာသဖြင့် နေကြရပါကြောင်းကိုလျှောက်သော အခါ မြတ်စွာဘုရားသည် ထိုမထေရ် သုံးဦးတို့အားလည်း တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် တဖန် ဒေသစာရီ ကြွချီတော် မူပြန်သည် ရှိသော် ပလလည်းတောအုပ်သို့ ရောက်တော်မူသဖြင့် အခက်အရွက်တို့နှင့် ပြည့်စုံသော အင်ကြင်းပင်ရင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ဆင်တစီးလည်း“ငါသည် ဆင်မတို့နှင့် အတူမသွေ နေရသောကြောင့် ထိုဆင်မဆင်ငယ်တို့သည် ရှေးဦးစွာ ဆင်းသွားသဖြင့် အဖျား ပြတ်ပြီသော မြက်ညွန့်နှင့် ရောယှက်သော ရေတို့ကိုသာ စားသောက်ရချေသည်၊ တက်သောကာလ ဆင်းသောကာလတို့၌လည်း ငါ၏ကိုယ်ကို တိုးဝှေ့ ပုတ်ခတ်၍ သွားကြကုန်သည်၊ငါသည် ထိုဆင်တို့နှင့် မရောမယှက် သက်သက်ချမ်းသာစွာ ငါတစီးတည်း နေတော့အံ့”ဟု ကြံပြီးလျှင် တစီးတည်းထွက်၍ လာခဲ့သော် မြတ်စွာဘုရားနှင့်တွေ့၍ ရှိသေစွာ လုပ်ကျွေး၏။

အဘယ်သို့ လုပ်ကျွေးသနည်းဟူမူကား။ ။နှာမောင်းဖြင့် အိုးကိုယူ၍ သောက်ရေ သုံးဆောင်ရေတို့ကို ဆောင်၏။နှာမောင်းဖြင့် ထင်းတို့ကို ပွတ်တိုက်လျက် မီးကိုဖြစ်စေပြီးလျှင် ချိုးရေကို နွေး၏၊ ပြီးကာလ မြတ်စွာဘုရားထံ သွားလျက် ရှိခိုးလျက်နေ၍ မြတ်စွာဘုရားသည် ကြွသာတော်မူလျက် ရေသပ္ပါယ်တော်မူ၏။ အထူးထူးသော သစ်သီးကြီးငယ်ကို ဆောင်၍ လှူ၏၊ မြတ်စွာဘုရား ဆွမ်းခံကြွတော်မူသောအခါ သပိတ်သင်္ကန်းတို့ကို ဦးကင်း၌တင်၍ လူတို့နေရာ ဂါမူပစာရသို့ ကျအောင် လိုက်၍ပို့လိုက်ပြီးလျှင် ထိုအရပ်ကပင် မြတ်စွာဘုရားကို ငံ့လင့်၍ သပိတ်သင်္ကန်းတို့ကိုဆောင်ယူခဲ့၏။ရောက်လျှင် ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလျက် ယပ်ခတ်၍နေလေ၏။ ညဉ့်အခါ၌ကား ခြင်္သေ့ သစ်ကျား စသော ဘေးရန်တို့ကို တားမြစ်ခြင်းငှာ ကြိုးကြား ကြိုးကြား ထိုတော ထက်ဝန်းကျင်မှ လှည့်လည်၏၊အရုဏ်တက်သော ကာလ မျက်နှာသစ်ရေကို ဆောင်ခြင်း စသော ဝတ်တို့ကိုပြု၏။

ထိုအခါ မျောက် တကောင်သည် ထိုပလလည်း ဆင်၏ ဝတ်ကြီး ဝတ်ငယ်တို့ကို မြင်၍ ငါသည်လည်း တစုံတခုသော အမှုကိုပြုတော့အံ့ဟု စုံစမ်းရှာဖွေလတ်သော် အကောင်မရှိသော ပျားအုံကို တွေ့၍ အဥ တို့ကိုသုတ်သင်ရှင်းလင်းပြီးလျှင် မြတ်စွာဘုရားအား လှူလေသော် မြတ်စွာဘုရားသည် ဘုဉ်းပေးတော်မူ၏။ထိုအခါ မျောက်သည် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ သစ်ပင်ထက်သို့တက်၍ ကလျှင် သစ်ကိုင်းကျိုး၍ ကျလေသဖြင့် ရုတေမနေ သေလေသော် ထိုကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သမီးတထောင် အခြံအရံနှင့်တကွ မက္ကဋနတ်သားဟု ထင်ရှားစွာ ဖြစ်လေ၏။ ။ဤသို့လျှင်

မြတ်စွာဘုရားသခင်သည် ပလလည်း ဆင်သည် လုပ်ကျွေး၍ ဒသမဝါကို ဝင်းတော၌ပင် ဝါကပ်တော်မူရသည်။

---

## ၉၅-ပလလည်းတောမှ ပြန်ကြွတော်မူခဲ့ခြင်း။

ကောသမ္ဗီပြည်၌ ဒါယကာတို့သည် ကျောင်းတော်သို့လာ၍ မြတ်စွာဘုရားကို မမြင်လျှင် "အရှင်ဘုရားတို့, မြတ်စွာဘုရား အဘယ်သို့ ကြွသနည်း"ဟု လျှောက်လတ်သော် ငါတို့ကို ညီညွတ်စေခြင်းငှါ မတတ်နိုင်ရှာ၍ ပလလည်းတောသို့ ကြွတော်မူသည်-ဟု ဆိုသောအခါ ဒါယကာတို့သည် "ဤရဟန်းတို့သည် မြတ်စွာဘုရား သာသနာတော်ကို ထမ်းလျက် မြတ်စွာဘုရား စကားတော်ကိုမှ နားမထောင်ကြကုန်၊ ထိုရဟန်းတို့ကို အမှီပြု၍ ငါတို့သည် မြတ်စွာဘုရားကို မဖူးမြော်ကြရကုန်ပြီ၊ ထိုရဟန်းတို့အား ရှိခိုးခြင်းစသည်တို့ကို ငါတို့မပြုကုန်အံ့"ဟု ကြံ၍ ရိုသေကိုင်းညွတ်လေးမြတ်ခြင်းကိုမျှ မပြုဘဲ နေကြကုန်၏။ ထိုအခါ ကောသမ္ဗီက ရဟန်းတို့သည် နည်းသော အာဟာရရှိသည်ဖြစ်၍ ခြောက်ကပ်ရကား နှစ်ရက်သုံးရက်ဖြင့်လျှင် အချင်းချင်းအပြစ်ကို သည်းခံ စေပြီးသော် "ဒါယကာတို့,ငါတို့သည် ညီညွတ်ကြပါကုန်ပြီ၊ ရှေးကကဲ့သို့ ပြုကြပါကုန်"ဟု ဆို၏။ "ကိုယ်တော်တို့သည် မြတ်စွာဘုရားကို သည်းခံစေကြကုန်ပြီးသော် မြတ်စွာဘုရားကို ကန်တော့ပြီးမှသာလျှင် အကျွန်ုပ်တို့သည် ရှေးက ပြုမြဲတိုင်းသော ဝတ်ကို ပြုကြအံ့" ဟု ဆိုကြကုန်လျှင် ထိုကောသမ္ဗီက ရဟန်းတို့သည် ဝါတွင်း၏ အဖြစ်ကြောင့် မြတ်စွာဘုရားထံသို့လည်း မသွားဝံ့၊ဆင်းရဲငြိုငြင်စွာ ဝါတွင်းသုံးလကို လွန်ကြစေကုန်သော် ငါးရာကုန်သော ရဟန်းတို့သည် သီတင်းဝါလ ကျွတ်သောအခါ အနာထပိဏ်သူဌေး ဝိသာခါဒါယိကာမ အစရှိသော များစွာသော အမျိုးသားတို့သည် ရှင်အာနန္ဒာသို့ ကပ်ပြီးလျှင် "ဘုရားသခင်ကို အကျွန်ုပ်တို့အား ပြတော်မူပါ"ဟု လျှောက်ကြကုန်၏။ ဝါမှထ၍ အရပ်တပါးသို့ လာကြ ကုန်သော ငါးရာသော ရဟန်းတို့ သည်လည်း ရှင်အာနန္ဒာထံ ကပ်ပြီးလျှင် မြတ်စွာဘုရားကို ဖူးမြင်လိုကြောင်းကို တောင်းပန်သော ကြောင့် ရှင်အာနန္ဒာ မထေရ်သည် ထိုရဟန်းငါးရာတို့ကို ယူလျက် ပလလည်း တောသို့ ကြွပြီးလျှင် ထိုငါးရာသော ရဟန်းတို့ကို အပမှာ

ထားခဲ့၍ တယောက်ထီးထီး သာလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်လေသော်"ချစ်သားအာနန္ဒာ,သင်တယောက်ထီးထီးပင် လာခဲ့သလော"ဟု မေးတော်မူသောအခါ"အရှင်ဘုရား,တယောက်တည်း မဟုတ်ပါ၊ အလိုတော်ကိုမသိ၍ ငါးရာသော ရဟန်းတို့ကို အပမှာ ထားခဲ့ပါသည်"ဟု လျှောက်လျှင် ခေါ်တော်မူ၍ တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ဒေသနာတော်အဆုံး၌ ငါးရာသော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်လေကုန်၏။

ရှင်အာနန္ဒာသည် "ဘုန်းတော်ကြီးလှသော အရှင်ဘုရား,အရှင်ဘုရားကို အနာထပိဏ်သူဌေး အမှူးရှိသော ငါးကုဋေသော ဒါယကာတို့သည် အရှင်ဘုရား ကြွလာတော်မူခြင်းကို တောင့်တ၍ နေကြပါကုန်သည်"ဟု လျှောက်လျှင်" ချစ်သားအာနန္ဒာ, သပိတ် သင်္ကန်းကို ယူခဲ့လော့"ဟု မိန့်တော်မူ၍ ထွက်တော်မူသော အခါ ပလလည်း ဆင်သည် ခရီး၌ ဖီသာကန့်လန့် ရပ်တန့်လျက်နေ၏။ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြ ကုန်လျှင် "ချစ်သား ရဟန်းတို့, ပလလည်း ဆင်သည် သင်တို့အား ဆွမ်းကျွေးလိုသေးသည်၊ ပြန်နစ်ကြလော့" ဟု မိန့်တော်မူ၍ ကိုယ်တော်နှင့်တကွ ပြန်နစ်ကြကုန်၏၊ ထိုအခါ ပလလည်း ဆင်သည် တောအုပ်သို့ဝင်၍ ပိန္နဲ၊သရက်၊ ငှက်ပျောသီး၊ အစရှိသော အထူးထူး အပြားပြား များစွာသော သစ်သီးတို့ကို ဆောင်၍ နှစ်ရက်မြောက်သော နေ့၌ကား ငါးရာသော ရဟန်းတို့ကို လုပ်ကျွေး၏၊ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးလတ်သောအခါ မြတ်စွာဘုရားသည် ရဟန်းငါးရာ အပေါင်းခြံရံလျက် ပလလည်းတောမှ ထွက်တော်မူ၏။

ထိုအခါ၌လည်း ပလလည်း ဆင်သည် ရဟန်း တို့၏ အကြား အကြားမှလာ၍ မြတ်စွာဘုရား၏ ရှေ့တော်မှ ဆီးတား၏။ထိုအကြောင်းကို လျှောက်လျှင် "ချစ်သား ရဟန်းတို့, ဤပလလည်း ဆင်သည် သင်တို့ကိုသာ လွှတ်လိုက်၍ ငါဘုရားကိုကား ပြန်နစ်စေလိုသည်"ဟု မိန့်တော်မူပြီးလျှင်"ချစ်သား ပလလည်းဆင်, ဤအခါ သွားခြင်းကား မပြန်နစ်သော သွားခြင်းတည်း၊သင့်အား ဤကိုယ်အတ္တဘော၌ လေးပါးသောမဂ်,လေးပါး သော ဖိုလ်၏ အကြောင်းမရှိ" ဟု မိန့်တော်မူပြီးသောအခါ နောက်ပါ သဃ်ာတော် ငါးရာနှင့် တကွ ကြွတော်မူ၏။ ပလလည်း ဆင်လည်း မြတ်စွာဘုရားစကားကို ကြားလျှင် ငိုကြွေးမြည်တမ်းလျက် နောက်တော်မှ

အစဉ်တစိုက်လိုက်၍ လူတို့နေရာ ဂါမူပစာရသို့ ရောက်သည် ရှိသော် "ချစ်သား ပလလည်းဆင်, ပြန်နစ်၍ နေရစ်လော့၊သင်၏ကျက်စားရာ မြေ အရပ်မဟုတ်ပြီ၊လူတို့နေရာ ဘေးရန်နှင့်တကွ ဖြစ်သည်"ဟု မိန့်တော်မူ၍ ကြွတော်မူသောအခါ ပလလည်း ဆင်သည် မျက်စိတခုံး တိုင်အောင် ကြွသွားသော မြတ်စွာဘုရားကို မြော်လိုက်၍ မျက်စိအမြင်ကို လွန်လျှင် ရင်ကွဲနာ နာ၍ သေလေသော် ထိုသို့ပြုရသော ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သို့တထောင် ခြံရံလျက် ပလလည်းနတ်သား-ဟု ထင်ရှား ဖြစ်လေ၏၊

မြတ်စွာဘုရားလည်း အစဉ်သဖြင့် ကြွတော်မူလေသော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူလေ၏။ကောသမ္ဗိက ရဟန်းတို့သည် မြတ်စွာဘုရား သာဝတ္ထိပြည်သို့ ရောက်ကြောင်းကို ကြားလျှင် ကောသမ္ဗီပြည်မှ သာဝတ္ထိပြည်သို့ မြတ်စွာဘုရားထံ အကန်တော့လာကြကုန်၏။ထိုသို့ လာကြောင်းကို ကောသလမင်းကြီး ကြားသိလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍ "အရှင်ဘုရား,ကောသမ္ဗိက ရဟန်းတို့သည် လာချေပြီ၊ အကျွန်ုပ်နိုင်ငံသို့ ဝင်ခြင်းငှါ မပေးအံ့" ဟု လျှောက်လတ်သော် "မြတ်သောမင်းကြီး,ဤသို့မပြုလင့်၊ ဤရဟန်းတို့သည် သီလဝန္တပုဂ္ဂိုလ်တို့ ပေတည်း၊ စင်စစ်သော်ကား အချင်းချင်း ငြင်းခုံခြင်းမျှကို အစွဲ ပြု၍ ငါ့စကားကို နားမထောင်ကြသည်"ဟု မိန့်တော်မူ၏။အနာထပိဏ်သူဌေးလည်း ကောသမ္ဗိက ရဟန်းတို့ လာကြောင်းကို ကြားလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍ "အရှင်ဘုရား, ကောသမ္ဗိက ရဟန်းတို့ လာချေပြီ၊ အကျွန်ုပ်ကျောင်းသို့ မဝင်ရ၊ တားမြစ်ပါအံ့"ဟု လျှောက်သည်ရှိသော် အနာထပိဏ် သူဌေးကြီးအားလည်း ကောသလ မင်းကြီးအတူ မြစ်တားတော်မူ၏။ရှင်သာရိပုတ္တရာလည်း ကောသမ္ဗိက ရဟန်းတို့လာကြောင်းကို ကြားတော်မူ၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား, ကောသမ္ဗိက ရဟန်းတို့သည် လာချေပြီ၊ ဤရဟန်းတို့၌ အဘယ်သို့ ကျင့်ရပါအံ့နည်း"ဟု လျှောက်သောအခါ "ချစ်သားသာရိပုတ္တရာ,အကြောင်းအခြင်း အရာဖြင့် ပြုသည်ရှိသော် တရားအားလျှောက်ပတ်၏၊ ထိုအခြင်းအရာဖြင့် ပြုလော့" ဟု မိန့်တော်မူ၏၊ အရှင်မဟာမောဂ္ဂလာန် မထေရ်သည်၎င်း၊ အရှင် မဟာကဿပမထေရ်သည်၎င်း၊အရှင်မဟာကစ္စည်းမထေရ်သည် ၎င်း၊ အရှင်မဟာ ကောဋ္ဌိကမထေရ်သည်၎င်း၊ အရှင်ကပ္ပိနမထေရ်သည်

ဇင်း၊အရှင်မဟာ ရက္ခိတမထေရ်သည်ဇင်း၊ အရှင်အနုရုဒ္ဓ မထေရ်သည်ဇင်း၊ အရှင်မဟာ ရေဝတမထေရ်သည်ဇင်း၊ အရှင်ဥပါလိမထေရ်သည်ဇင်း၊ အရှင် အာနန္ဒာမထေရ်သည်ဇင်း၊အရှင်ရာဟုလာ မထေရ်သည်ဇင်း၊ကောသမ္ဗိက ရဟန်းတို့ လာကြောင်းကို ကြားလျှောက်ကြကုန်၏။

မိထွေးတော် မဟာပဇာပတိ ဂေါတမီ ထေရီမသည် ကောသမ္ဗိက ရဟန်းတို့ လာကြောင်းကို ကြားလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍"အရှင်ဘုရား,ကောသမ္ဗိက ရဟန်းတို့ လာချေပြီ၊အကျွန်ုပ်တို့သည် အဘယ်သို့ ကျင့်ရပါအံ့နည်း"ဟု လျှောက်လျှင် "ဂေါတမီ,သင်သည် နှစ်ပါးသော အဘို့၌ပင် တရားနာ၍ ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့၏ အယူကို နှစ်သက်လော့" ဟု မိန့်တော်မူ၏။ ဝိသာခါ ဒါယိကာမလည်း ထိုနည်းအတူ လျှောက်လျှင် "ဝိသာခါ ဒါယိကာမ, နှစ်ပါးသောအဘို့၌ပင် ဒါနကိုပြု၍ ဓမ္မဝါဒီပုဂ္ဂိုလ်တို့၏ အယူကို နှစ်သက်လော့"ဟု မိန့်တော်မူ၏။ကောသမ္ဗိက ရဟန်းတို့လည်း အစဉ်သဖြင့် လာလတ်လျှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်ကြကုန်၍ ဆိတ်ငြိမ်ရာအရပ်မှာ နေကြရကုန်၏။ထိုရဟန်းတို့နှင့် အတူတကွ မနေကြကုန်၊ ရှိမခိုးကြကုန်၊ လာကုန်လာကုန်သော ပရိသတ်တို့သည် "မြတ်စွာဘုရား စကားကိုမျှ နားမထောင်သော ကောသမ္ဗိက ရဟန်းတို့ဟူသည် ဤရဟန်းတို့တည်း"ဟု လက်ညှိုး ထိုးကာ ထိုးကာနှင့် ပြောကြကုန်လျှင် ထိုကောသမ္ဗိက ရဟန်းတို့သည် ဦးခေါင်းကိုမျှ မော်ခြင်းငှါ မတတ်ကောင်း၍ မြတ်စွာဘုရား ခြေတော်ရင်း၌ ဝပ်စင်းပြီးလျှင် သည်းခံတော်မူပါလော့-ဟု တောင်းပန်သောအခါ "သင်တို့သည် ဝန်လေးသော အမှုကို ပြုကြကုန်သည်"ဟု တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ဒေသနာတော် အဆုံး၌ ရောက်လာသော ရဟန်းတို့သည် သောတာပန် တည်ကြလေကုန်၏။

မြတ်စွာဘုရားလည်း တရားမြိုက်ဆေး တိုက်ကျွေးတော် မူပြီးလျှင် အစဉ်သဖြင့် ဒေသစာရီ ကြွချီတော် မူသည်ရှိသော် နာလ မည်သော ရွာသို့ ရောက်၍ ထိုရွာ၌ ဒက္ခိဏာဂိရိ ကျောင်းတော်၌ ဧကာဒသမဝါကို ကပ်တော်မူ၏။

## ၉၆-မြတ်စွာဘုရား ဝေရဉ္ဇပြည်သို့ ကြွတော်မူခြင်း။

ဝါမှ ထ၍ ဒေသစာရီ ကြွချီတော် မူပြန်လျှင် ဝေရဉ္ဇပြည်သို့ ရောက်တော်မူ၍ နဠေရုမည်သော ဘီလူးသည် သိမ်းဆည်းအပ်သော တမာပင်ရင်း၌ ရဟန်းအပေါင်းခြံရံလျက် သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဝေရဉ္ဇပုဏ္ဏားကြီးနှင့် တွေ့၍ ဝေရဉ္ဇပြည်၌ ဝါကပ်တော် မူပါမည့်အကြောင်း တောင်းပန်လျှင် မြတ်စွာဘုရားသခင်သည် သည်းခံတော်မူ၍ ဒွါဒသမ ဝါကို ဝေရဉ္ဇပြည်၌ ဝါကပ်တော်မူ၏။ ထိုအခါ ဝေရဉ္ဇပြည်သည် ငတ်မွတ်ခြင်းဘေးကြောင့် အရိုး ဖွေးဖွေ့ ဖြူ၏။ ဝေရဉ္ဇပုဏ္ဏားကြီးလည်း မြတ်စွာဘုရားကို ပင့်ပြီးလျှင် မာရ်နတ် ဟန့်တားသောကြောင့် လေးပါးသော ပစ္စည်းတို့ဖြင့် မလုပ်မကျွေးမူ၍ သတိလစ်လပ် အမှတ်တခဲ့ ဖြစ်၍သာ နေလေ၏။

ထိုအခါ ဥတ္တရပထ အရပ်က မြင်းကုန်သည်တို့လည်း ဝေရဉ္ဇပြည်သို့ မိုးလေးလပတ်လုံး နေခြင်းငှါ ရောက်လာကြကုန်၍ ငါးရာသော သံဃာတော်မြတ်တို့အား တကွမ်းစား တကွမ်းစားသော မုယောဆန်ဝတ်ကို တည်ကြကုန်၏။ ရဟန်းသံဃာတော်တို့သည် ဝေရဉ္ဇပြည်သို့ ဆွမ်းခံဝင်၍ မရခဲ့ကြလျှင် မြင်းကုန်သည် ငါးရာတို့၏ မြင်းတင်းကုပ်သို့ ဝင်လျက် တကွမ်းစား တကွမ်းစားမျှလောက်သောမုယောဆန်တို့ကို ဆောင်ပြီးလျှင် ကျောင်းသို့ ရောက်သောကာလ ထောင်းထု၍ ဘုဉ်းပေး သုံးဆောင်ကြရကုန်၏။ ရှင်အာနန္ဒာသည် ထောင်းထု၍ မြတ်စွာဘုရားအား ကပ်သဖြင့် မြတ်စွာဘုရားလည်း ထိုမုယောဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူရ၏။

ဆုံသံကို ကြားလျှင် မြတ်စွာဘုရားသခင်သည် "ချစ်သား အာနန္ဒာ, ဤအသံကား အဘယ်အသံနည်း" ဟု မေးတော်မူ၍ ထိုအကြောင်းကို လျှောက်သောအခါ "ချစ်သား အာနန္ဒာ, ကောင်းစွ ကောင်းစွ၊ နောင်လာသူလူအပေါင်းတို့သည် ဝေရဉ္ဇတိုင်းပြည်၌ ဝါကပ်သောကာလ ရဟန်း ငါးရာနှင့်တကွ မြတ်စွာဘုရားတို့စဉ်လျက် မုယောဆွမ်းကို ဘုဉ်းပေးသုံးဆောင်ရချေသည် ဟု သလေးဆွမ်းတို့၌ ရုံမက် နှစ်သက်ခြင်းကို မဖြစ်လတ္တံ့" ဟု မိန့်တော်မူ၏။ ။ထိုအခါ အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ပြီး လျှင် "အရှင်ဘုရား, ယခုအခါ ဝေရဉ္ဇတိုင်းပြည်သည် ငတ်မွတ်ခြင်းဘေးကြောင့် အရိုးဖွေးဖွေး ဖြူချေပြီ၊ သပိတ်လက်စွဲ၍ ဆွမ်းခံသဖြင့်

မျှတခြင်းငှါ မတတ်ကောင်းပါပြီ၊ ဤမဟာပထဝီ မြေကြီး၏ အောက်အပြင်သည် ပျားမွဲအရသာနှင့်တူစွာ အရသာနှင့် ပြည့်စုံပါသည်၊ လက်တဘက်ကို မြေကြီးကဲ့သို့ ဘန်ဆင်း၍ ထိုလက်သို့ သတ္တဝါတို့ကို ပြောင်းရွှေ့တင်ထားပြီးလျှင် လက်တဘက်ဖြင့်မြေကြီးကိုပြန်လှန်ပါအံ့၊ရဟန်းအပေါင်းသည် မြေဆီ မြေလွှာကို ဘုဉ်းပေး သုံးဆောင်ကြရပါကုန်လတ္တံ့" ဟု လျှောက်လျှင် "ချစ်သား မောဂ္ဂလာန်,မသင့်"ဟု ပယ်တော်မူ၏၊ ရှင်သာရိပုတ္တရာသည် သိက္ခာပုဒ်ကို ပညတ်တော်မူပါ-ဟု တောင်းပန်သည်ကိုလည်း ပယ်တော်မူ၏။

ဝါမှထသောအခါ အရှင်အာနန္ဒာနှင့်တကွ ကြွတော်မူ၍ ဝေရဉ္ဇပုဏ္ဏားထံ သွားတော့အံ့-ဟု ပန်လျှင် ဝေရဉ္ဇ ပုဏ္ဏားကြီးသည် "အရှင်ဘုရား, အကျွန်ုပ်သည် ဝါကပ်အံ့သောငှါ ပင့်ဘိတ်ပါပေ၏၊စင်စစ်သော်ကား တရံတခုသော ဒေယျဓမ္မကိုမျှ မလှူမိချေ၊ထိုသို့ မလှူမိခြင်းသည်လည်း လှူဘွယ်ဝတ္ထု မရှိသောကြောင့်လည်း မဟုတ်ပါ၊ မလှူလိုသောကြောင့်လည်း မဟုတ်ပါ၊စင်စစ်မှာမူကား ဃရာဝါသအိမ်၌ နေသော လူတို့သည် များစွာသော ကိစ္စရှိသောကြောင့် သတိမထားမိ ရှိပါသည်၊ နက်ဖြန်ခါ ရဟန်းသံဃာနှင့်တကွ အကျွန်ုပ် ဆွမ်းကို ခံတော်မူပါ" ဟု လျှောက်လျှင် မြတ်စွာဘုရားလည်း သည်းခံတော်မူပေ၏၊ ဝေရဉ္ဇပုဏ္ဏားကြီးလည်း ခဲဘွယ်ဘောဇဉ်တို့ကို စီမံပြီးလျှင် နံနက် မိုးသောက်သောအခါ သံဃာတော်တို့နှင့်တကွ မြတ်စွာဘုရားကိုပင့်၍ ဆွမ်းဖြင့် လုပ်ကျွေးပြီးလျှင် တပါးတပါးသော ရဟန်းတို့အား သင်္ကန်း တစုံတခုစီ ကပ်လှူ၏။ မြတ်စွာဘုရားလည်း အနုမောဒနာ ပြုပြီးသော် ရဟန်းအပေါင်း ခြံရံလျက် အစဉ်သဖြင့် ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ဝေသာလီပြည်သို့ ရောက်တော် မူ၍ ကူဋာဂါရ ကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏၊

---

## ၃၇-ရှင်သုဒိန်၏ အကြောင်း။

ထိုအခါ ကလန္ဒရွာသား သူဌေးသား ရှင်သုဒိန်သည် မြတ်စွာဘုရားထံ ရဟန်းပြုအံ့သောငှါ မိဘတို့ထံ အခွင့်ပန်လျှင် အခွင့် မရသောကြောင့် အစာအာဟာရကို မစားမသောက်ဘဲ နေမှသာလျှင် အခွင့်ရတော့အံ့-ဟု အောက်မေ့၍ မစားမသောက်ဘဲ နေလျှင် ငါတို့သားသည် သေချေတော့မည် ဟု ခွင့်လွှတ်သဖြင့် သာသနာတွင်းသို့ဝင်၍ ရဟန်းပြုလျက် မဟာဝုန်

တောမှာ နေ၏။ ထိုသို့ နေသဖြင့် ရှင်သုဒိန် ရှစ်ဝါရ၍ မြတ်စွာဘုရား ဝါတော် နှစ်ဆယ်ရှိသောအခါ ရှင်သုဒိန်၏ မယ်တော် ခမည်းတော်တို့သည် ရှင်သုဒိန်ကို ပင့်ပြီးလျှင် ရွှေပုံ, ငွေပုံတို့ကို ပုံ၍ မယားဟောင်းနှင့် ဖြားယောင်း၍ မရသောအခါ ငါတို့ဥစ္စာနှစ်ကို အချည်းနှီး မဖြစ်ရစေပါစေလင့်၊ အမွေခံ သားမျိုးစေ့ကို ပေးပါလော့-ဟု တောင်းပန်လျှင် ရှင်သုဒိန်သည် ထိုအခါ သိက္ခာပုဒ်လည်း မပညတ်သေးသောကြောင့် အာမခံ၍ မဟာဝုန်တောသို့ ဝင်ပြီးလျှင် မိမိမယားဟောင်းနှင့် သုံးကြိမ် တိုင်တိုင် မေထုနသံဝါသကို ပြုသဖြင့် ပဋိသန္ဓေရလေ၍ ဖွါးမြင်သော နောက်ကာလ အချိန်အရွယ်သို့ရောက်လျှင် ထိုသားအမိနှစ်ယောက်မှာ အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ။ရှင်သုဒိန်မှာမူကား တရားထူး ရကြောင်းကို မဆို၊ ။ ထိုအကြောင်းကို ရဟန်း အပေါင်းတို့သည် မြတ်စွာဘုရား သခင်အား လျှောက်လျှင် မြတ်စွာဘုရားသခင်သည် ရဟန်းသံဃာတို့ကို စည်းဝေးစေတော်မူ၍ ရှင်သုဒိန်ကို မေးမြန်း စိစစ်တော် မူပြီးလျှင် "မဂ်ဖိုလ်မှ အချည်းနှီး ဖီလာဖြစ်သော ယောကျ်ား,ငါဘုရားသည် ရာဂကင်းစိမ့်သော ငှါ တရားဟောတော်မူသည်၊ ရာဂနှင့်တကွ ဖြစ်စိမ့်သောငှါ ဟောတော်မူသည်မဟုတ်" ဤသို့ အစရှိသည်ဖြင့် ကဲ့ရဲ့တော်မူပြီးလျှင်

> ယော ပန ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝေယျ၊ ပါရာဇိကော
> ဟောတိ အသံဝါသော။

ဟူသော ပဌမပါရာဇိက သိက္ခာပုဒ်ကို ရှေဦးစွာ ပညတ်တော် မူလေသည်။

မြတ်စွာဘုရားသခင် သည်လည်း ရှင်သုဒိန်နှင့်တကွ တပည့်သား သာဝကတို့အား သိက္ခာပုဒ်ပညတ်တော်မူပြီးလျှင် အစဉ်သဖြင့် ဒေသစာရီ ကြွတော်မူသည် ရှိသော် ဇာလိယတောင်သို့ ရောက်၍ ဘေ့ခုသမဝါကို ထိုဇာလိယတောင်၌ ဝါကပ်တော်မူ၏၊ ဝါမှထ၍ တဘန် ဒေသစာရီ ကြွတော်မူပြန်လျှင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ရောက်၍ ရဇ္ဇသမဝါကို ထိုသာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဝါကပ်တော်မူ၏၊ ။ဝါမှထ၍ တဘန် ဒေသစာရီ ကြွချီတော်မူပြန်လျှင် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်သို့ ရောက်၍ ပန္နရသမဝါကို ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်၌ ဝါကပ်တော်မူ၏။ ။ဝါမှထ၍

ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် အာဠဝီပြည်သို့ ရောက်တော်မူ၍ သောဠသမဝါကို ထိုအာဠဝီပြည် အဂ္ဂါဠဝစေတီ၌ ဝါကပ်တော်မူ၏။

---

## ၅၈-အာဠဝက ဘီလူးကို ဆုံးမတော်မူခြင်း။

အာဠဝီပြည်သို့ ရောက်တော်မူကြောင်းကား။ ။အာဠဝီပြည်၌ အာဠဝီမင်းကြီးသည် တနေ့သ၌ သမင်တောသို့ သွားသောအခါ အကြင်သူ၏ နံပါးမှထွက်သွားအံ့၊ ထိုသူ၏ တာဝန်-ဟု ကတိကဝတ်ပြု၍ သွားကြကုန်လျှင် တောသို့ ရောက်သောအခါ စာမရိမည်သော သားကိုဗိုင်းအုံသည်ရှိသော် မင်းကြီး၏တာမှ ထွက်သွားလေ၍ တယောက်ထီးထီးလက်နက်စွဲလျက် လိုက်လေသောအခါ စာမရိမည်သော သားသည် တယူဇနာမျှ ပြေးမိလျှင် ခွန်အားကုန်လေ၍ တရသော ရေအိုင်သို့ သက်ဆင်းလျက် တည်လေ၏။မင်းကြီးလည်း ထိုသမင်ကိုသတ်၍ အသားကို အလိုမရှိသော်လည်း မှူးမတ်တို့၏ ကဲ့ရဲ့ခြင်းမှ ကင်းစိမ့်သော၄ါ အသားကို ဆိုင်းနှင့်ထည့်၍ ယူခဲ့ပြီးလျှင် လာခဲ့သော် အာဠဝက ဘီလူးကြီး သိမ်းဆည်းသော ပညောင်ပင် အောက်သို့ ဝင်ရောက်မိလေသဖြင့် အာဠဝက ဘီလူးကြီးသည် စားအံ့သော၄ါ မင်းကြီးအထံသို့ ကပ်လေသော်"သင်ဘီလူးမင်းသည် အကျွန်ုပ်ကို လွှတ်ပါ၊တနေ့လျှင် တယောက်ကျ သင်ဘီလူးမင်းထံ အမြန်ဆက်သပါမည်၊ မဆက်မသ နေချေသော် အကျွန်ုပ်ကိုယူ၍ စားပါလော့"ဟု အခွင့်တောင်းလျှင်"ကောင်းပြီ"ဟု အခွင့်ရခဲ့၍ တိုင်းပြည်သို့ ရောက်လျှင် မြို့ဝန်-ထောင်မှူးတို့နှင့် တိုင်ပင်၍ ထောင်၌ အကျဉ်းထားသော လူတို့ကို တနေ့လျှင် တယောက်ကျ ဆက်သရသဖြင့် ထောင်၌ အကျဉ်းထားသော လူတို့ကုန်လျှင် ခိုးသားဒါးမြတို့ကို ဘမ်း၍ တနေ့ တယောက်ကျ ဆက်သလေသဖြင့် ခိုးသား ဒါးမြတို့လည်း ထိုဘေးကို ကြောက်ကြသောကြောင့် ပျောက်ပျက် ငြိမ်ဝပ်လေ၏။

ထို့နောင် မြို့တံခါးတို့၌ ရွှေငွေတို့ကို ပုံထားပြီးလျှင် ထိုရွှေငွေတို့ကို လက်ခြေတို့ဖြင့် ထိခါချဖြင့် ဘမ်း၍ဘီလူးစာကျွေးသောကြောင့် ထိုရွှေပုံငွေပုံတို့ကိုလည်း တို့ကြဝံ့သူမျှ မရှိပြန်လျှင် တဘန်အမတ်တို့နှင့် တိုင်ပင်၍ အသက်အရွယ်ကြီးသော သူတို့ကို တနေ့တယောက် ဆက်သလျှင် ထိုအသက်အရွယ်ကြီးသော သူတို့လည်း သေဘေးကို ကြောက်သော

ကြောင့် တတိုင်းတပြည်သို့ ထွက်ပြေးတိမ်းရှောင် ကြလေကုန်သော် တာဘန်အမတ်တို့နှင့် တိုင်ပင်၍ သူငယ်တို့ကို တနေ့ ကယောက်ကျ ဆက်သရလေ၏။ ဤသို့သောနည်းဖြင့် ဆက်သ၍ ကာလရှည်ကြာလတ်သော် သူငယ်မိဘတို့လည်း မိမိတို့သားငယ်ကိုယူ၍ ထွက်ပြေးတိမ်းရှောင်ကြကုန်သဖြင့် ဘီလူးအား ဆက်သရန် သူငယ်မရှိလျှင် အမတ်တို့သည် မင်းကြီးအား တင်လျှောက်ကြကုန်၏။ "မြတ်သောမင်းကြီး, ယနေ့ကား မြို့တွင်းမြို့ပြင်၌ သူငယ်တို့ ကုန်ချေပြီ၊နန်းတွင်း၌ သင်မင်းကြီးသား အာဠဝကမင်းသား ငယ်သာရှိချေတော့သည်"ဟု တင်လျှောက်ကြကုန်၏။မင်းကြီးလည်း ကိုယ့်အသက်ထက် မချစ်နိုင်ပြီ၊ ငါ၏သားကိုပင် ဆက်ကြပေလော့-ဟု မိန့်တော် မူလျှင် မင်းချင်း ယောကျ်ားတို့သည် အာဠဝကမင်းသားငယ်ကို အာဠဝကဘီလူးကြီးအား ဆက်သအံ့သောငှါ ယူဆောင်၍ သွားကြကုန်၏။

ထိုနေ့၌ မြတ်စွာဘုရားသည် လောကကို ကြည့်တော်မူသည်ရှိသော် အာဠဝကဘီလူး၏ သောတာပတ္တိဖိုလ်၏ ဥပနိဿယကိုလည်း၊အာဠဝကမင်းသားငယ်၏ အနာဂါမိဖိုလ်၏ ဥပနိဿယ ကိုလည်း၊ မြင်တော်မူ၍ ကိုယ်တော်တပါးထီးထီး အာဠဝကဘီလူး၏ ဗိမာန်သို့ကြွပြီးလျှင် ဗိမာန်တံခါး၌ တည်နေတော်မူ၏။ ။အာဠဝက ဘီလူးလည်း ထိုအခါ ဟိမဝန္တာ နတ် ဘီလူးတို့ အစည်းအဝေးသို့ သွားလေခိုက်နှင့် ကြုံကြိုက်လေ၏။

ထိုအခါ အာဠဝကဘီလူး၏ ဗိမာန်တံခါးစောင့်ဖြစ်သော ဂဒြဘ အမည်ရှိသော ဘီလူးသည် "အရှင်ဘုရား ကြွလာတော်မူသလော"ဟု လျှောက်လျှင် "ကြွလာသည်ဂဒြဘ၊ အကယ်၍ သင်ဝန်မလေးသည် ဖြစ်အံ့၊တညဉ့်မျှ ထိုဗိမာန်၌ နေလိုသည်"ဟု မိန့်တော်မူသောအခါ"အရှင်ဘုရား,အကျွန်ုပ်သည် ဝန်မလေးပါ၊ အာဠဝကဘီလူးကြီးသည် အလွန်ကြမ်းတမ်း ခက်ထန်ပါသည်၊ အမိအဘကိုမျှ ရှိခိုးခြင်းစသည် မပြုပါ၊ ဤအာဠဝကဘီလူးကြီး၏ ဗိမာန်၌ နေတော်မူခြင်းကို နှစ်သက်တော်မမူပါနှင့်"ဟု လျှောက်သော်လည်း "ဂဒြဘ, အကယ်၍ သင်ဝန်မလေးသည် ဖြစ်အံ့၊တညဉ့်မျှ ငါနေလိုသည်"ဟု မိန့်တော်မူဘန်များလျှင် "အရှင်ဘုရား,သူ့အား မပန်မကြားမူ၍ အကျွန်ုပ်ခွင့်ပေးချေလျှင် အကျွန်ုပ်ကို သတ်၍ပစ်ရာ၏၊ဟိမဝန္တာသို့သွား၍ ကြားချေပါဦးမည်"ဟု လျှောက်ပြီး

သောအခါ ဟိမဝန္တာသို့ သွားလေ၏၊ တံခါးစောင့် ဂန္ဓာဘိလူး ဟိမဝန္တာသို့သွားလျှင် တံခါးလည်း အလိုလိုပွင့်လေသဖြင့် မြတ်စွာဘုရားသည် ဗိမာန်တွင်းသို့ ဝင်၍ သီတင်းသုံး နေတော်မူသောအခါ အာဠဝက ဘီလူး၏ မိဖုယား မောင်းမတို့သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ လျောက်ပတ်စွာ နေကြကုန်၏။ မြတ်စွာဘုရားသည် "သင်တို့သည် ရှေးဘဝက ဒါနသီလကို ဆောက်တည်ခဲ့၍ ယခုဘဝ၌ ဤသို့သော စည်းစိမ်ချမ်းသာကို ခံစားရသည်၊ ယခုအခါလည်း ထိုသို့ပင် ပြုကြကုန်ဦးလော့၊ အချင်းချင်း မစ္ဆေရ-ကို မဖြစ်ကြစေကုန်လင့်" ဟု ဆုံးမသြဝါဒ ပေးတော်မူလျှင် ထိုမိဖုယားမောင်းမတို့လည်း မြတ်စွာဘုရား တရားတော်ကို ကြားနာရ၍ တထောင်သော ကောင်းချီးကိုပေးလျက် မြတ်စွာဘုရားထံ ချဉ်းကပ်၍ နေကြကုန်၏။

တံခါးစောင့် ဂန္ဓာဘိလူးသည် ဟိမဝန္တာ အာဠဝက ဘီလူးထံ ရောက်လျှင် "အချင်း အာဠဝက, သင်၏ဗိမာန်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသည်" ဟု ပြောကြား၏။ ထိုအခါ အာဠဝက ဘီလူးကြီးသည် ယောက်ျားတို့ မာန်ဖြင့် ရှက်နိုးရကား ပရိသတ်တို့၏ အလယ်၌ တစုံ တယောက်သောသူသိမည်စိုးရိမ်သောကြောင့် ဝမ်းတွင်းက တိတ်တိတ်ခိုး ကြံပြီးလျှင် ဂန္ဓာဘိလူးအား အမှတ်သညာပေး၍ တစုံတခုသော စကားကိုမျှ မပြောမဆိုဘဲ တိတ်ဆိတ်စွာ နေလေ၏။ ။ထိုအခါ သာတာဂိရိနတ်, ဟေမဝတာနတ်တို့သည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားကို ရှိခိုး ပြီးမှ သာလျှင် ဟိမဝန္တာ ဘီလူးတို့ အစည်းအဝေးသို့ သွားအံ့-ဟု ကြံ၍ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ သွားလတ်သော် အာဠဝက ဘီလူး၏ ဗိမာန်ထက်သို့ ရောက်လျှင် မသွားဝံ့တည့်၊ ထိုသို့ မသွားနိုင်ကြောင်းကို စုံစမ်းဆင်ခြင်လတ်သောအခါ မြတ်စွာဘုရားရှိမှန်းသိ၍ ဆင်းသက်ပြီးလျှင် တရားတော်ကိုနာ၍ ရိုသေစွာရှိခိုးပြီးမှ ဟိမဝန္တာသို့ သွားကြလေကုန်၏။ ရောက်လျှင် အာဠဝက ဘီလူးနှင့်တွေ့၍ ဝမ်းမြောက်ဝမ်းသာ "အိုအာဠဝက, သင်ကား အရတော်စွ၊ သင်၏ဗိမာန်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသည်" ဟု အကြောင်းစကား ပြောကြားကြကုန်၏။

ထိုအခါ အာဠဝက ဘီလူးကြီးသည် "အဘယ်က ဘုရားသည် ငါ၏ ဗိမာန်မှာနေသနည်း" ဟု သည်းစွာဒေါသနှင့် မေးလျှင် "ငါတို့ဘုရားကား တုသိတာနတ်ပြည်မှ သက်၍ မယ်တော်ဝမ်းဝယ် ပဋိသန္ဓေနေတော်မူ

ပြီးလျှင် ဖွါးတော်မူ၍ အရွယ်ရောက်သောအခါ တောထွက်တော်မူ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူလျက် ဗောဓိပင်အောက်၌ ဘုရားအဖြစ်သို့ ရောက်၍ ဓမ္မစကြာတရားကို ဟောတော်မူသည့်ကို သင်မသိသလော"ဟု မေးကြကုန်လျှင် အာဠဝက ဘီလူးကြီးသည် သိပင်သိသော်လည်း မာန်မာန ဒေါသထောင်လွှား၍ ငါမသိ-ဟု ဆို၏၊ထိုအခါ"သိသည့်ဖြစ်စေ မသိသည့်ဖြစ်စေ၊ ငါတို့ဘုရားနှင့် သင်နှင့်နှိုင်းတုံလျှင် အမုန်ယစ်သော ဆင်၏အနီး၌ တည်သောမြေခွေးကဲ့သို့၎င်း၊ ဂဠုန်၏အနီး၌ တည်သော အတောင်အလက် ကျိုးပြီးသော ကျီးကဲ့သို့၎င်း၊သင်တူ၏"ဟု ဆိုကြကုန်၏၊ အာဠဝကဘီလူးကြီးသည် သည်းစွာ ဒေါသထွက်ရကား "ယခုအခါ သင်တို့ဘုရား၏ အာနုဘော်နှင့် ငါ၏အာနုဘော်ကို သိစေတော့အံ့"ဟု လက်ျာခြေကို ယူဇနာ ခြောက်ဆယ်ရှိသော တောင်ထိပ်၌ထား၍ ငါကား အာဠဝက ဘီသူးစစ်သူကြီး-ဟု ဇမ္ဗူဒီပါ တကျွန်းလုံး ပျံ့နှံ့အောင် ကြိမ်းဝါး၏။ ထိုအသံသည် ဇမ္ဗူဒီပါ တကျွန်းလုံးကို ပျံ့နှံ့၏။ယူဇနာ သုံးထောင်ကျယ်သော ဟိမဝန္တာတောအလုံးသည် အုံးအုံးခတ်အောင် ပဲ့တင်ထပ်လေ၏။ ထိုသို့ ကြိမ်းပြီးလျှင် မြတ်စွာဘုရားကို လေဖြင့် လွင့်အံ့-ဟု ကြီးစွာသော လေဗွေကို အရပ်လေးမျက်နှာမှ ထစေ၏၊ ထိုလေဗွေသည် တယူဇနာ နှစ်ယူဇနာရှိသော တောင်ထွတ်တို့ကို၎င်း၊ သစ်ပင်ချုံနွယ်တို့ကို၎င်း၊ချိုးဖြတ်၍ မြတ်စွာဘုရားထံ ရောက်လျှင် သင်္ကန်းတော်စွန်းကိုမျှ တုန်လှုပ်ခြင်းငှါ မတတ်နိုင်၍ အလို့အလျောက် ပျောက်လေ၏။ ထို့နောင် မြတ်စွာဘုရားကို ရေ၌ မွန်းနစ်၍ သေစေအံ့-ဟု ကြီးစွာသော မိုးသဲတို့ကို ရွာစေ၏။ ထိုမိုးရေအယဉ်သည် တော တောင် သစ်ပင်စသည်တို့၏ အထွတ်တို့ကို လွှမ်းမိုး၍ သွားလေ၏၊ မြတ်စွာဘုရား၏ သင်္ကန်းတော်ကိုကား ဆီးနှင်းပေါက်မျှ စိုစွတ်ခြင်းငှါ မတတ်နိုင်လေ။

ထိုနောင် ကျောက်ခဲမိုးဖြင့် သေစေအံ့-ဟု ကျောက်ခဲမိုးကို ရွာစေ၏။ထိုအခါ အလျှံတပြောင်ပြောင် တောက်လောင်သော ကျောက်ခဲမိုးသည် မြတ်စွာဘုရားထံသို့ ရောက်လျှင် နတ်ပန်းကုံးဖြစ်လေ၏၊ ။ထို့နောင် တဘက်သွား နှစ်ဘက်သွားရှိသော အလျှံတပြောင်ပြောင် တောက်လောင်သော လက်နက်မိုးကို ရွာစေ၏။ထိုအလျှံတပြောင်ပြောင် တောက်လောင်သော လက်နက်မိုးတို့လည်း မြတ်စွာဘုရား အထံတော်သို့ ရောက်လျှင် နတ်ပန်းကုံး ဖြစ်လေကုန်၏။ ။ထို့နောင် ပေါက်ပွင့်အဆင်းရှိသော မီးကျီး

ဋိုဃ်းကို ရွာစေကုန်၏၊ ထိုမိုးကျိုးတို့လည်း မြတ်စွာဘုရားထံသို့ ရောက်လျှင် နတ်ပန်း ဖြစ်လေကုန်၏။ ထို့နောင် ပြာပူမိုဃ်းကို ရွာစေကုန်၏။ ထိုပြာပူမိုဃ်း တို့လည်း မြတ်စွာဘုရား အထံတော်သို့ ရောက်လျှင် စန္ဒကူးမှုန့် ဖြစ်လေကုန် ၏။ ။ထို့နောင် သဲမိုဃ်းကို ရွာစေကုန်၏။ ထိုသဲမိုဃ်းလည်း အခိုး ထောင်း ထောင်းထလျက် မြတ်စွာဘုရား အထံတော်သို့ ရောက်လျှင် နတ်ပန်း ဖြစ်ကုန်၏။ ။ထို့နောင် ကျောက်စစ်မိုဃ်းကို ရွာစေ၏။ ထိုကျောက်စစ် တို့လည်း အလျှံ တပြောင်ပြောင် တောက်လောင်လျက် ကောင်းကင်မှ လာ၍ မြတ်စွာဘုရားထံ ရောက်လျှင် နတ်ပန်းဖြစ်လေကုန်၏။ ။ထို့နောင် ရဟန်း ဂေါတမကို အမိုက်မှောင်ဖြင့် ပြေးစေအံ့-ဟု အမိုက်မှောင်ကို ဖြစ်စေ၏။ ထိုအမိုက်မှောင်သည် မြတ်စွာဘုရားမှာ မူကား နေရောင် ထွန်းလင်းသကဲ့သို့ အလင်းအတိ ဖြစ်လေ၏။

ထိုနောင် အာဠဝကဘီလူးကြီးသည် ဤသို့ ဆိုအပ်ခဲ့ပြီးသော မိုး-ရေ- လေ-အစရှိသည်တို့ဖြင့် မြတ်စွာဘုရားကို ပြေးစေခြင်းငှါ မတတ်ကောင်း ရကား အထူးထူး အပြားပြား များစွာသော ဘီလူး စစ်သူကြီးတို့ကို အထူးထူးသော လက်နက်တို့ကို စွဲကိုင်စေလျက် မြတ်စွာဘုရားထံ ချဉ်း ကပ်၍ ဘမ်းကြကုန်လော့၊ ချည်နှောင်ကြ ကုန်လော့-စသည်ဖြင့် မြိမ်း ခြောက်သော်လည်း ကြောက်ခြင်း,ထိတ်လန့်ခြင်းကို ဖြစ်စေခြင်းငှါ မတတ် နိုင်ကုန်။ ထိုသို့မတတ်နိုင်လျှင် ကောင်းကင်သို့ ပစ်လွှတ်အံ့၊ တဆဲ့နှစ်နှစ် မိုဃ်းခေါင်သည်။မြေသို့ပစ်အံ့၊ မြက်သစ်ပင်ချုံနွယ်တို့သည် တဆဲ့နှစ်နှစ် မပေါက်ကုန်။သမုဒ္ဒရာသို့ ပစ်အံ့၊သမုဒ္ဒရာရေ ခန်းခြောက်ရာ၏။ တောင်သို့ ပစ်အံ့၊ တောင်ထွတ်တို့သည် အပိုင်းအပိုင်း ပြတ်ရာ၏။ ဤသို့လျှင် အာနု ဘော်ကြီးသော ဒုဿာဝုဓ မည်သော ဘွဲ့ပြုလက်နက်ကြီးကို မြတ်စွာဘုရား ထံသို့ လွှတ်လိုက်၏။ ထိုဒုဿာဝုဓ မည်သော ဘွဲ့ပြုလက်နက်ကြီးသည် အခိုးထောင်းထောင်းထလျက် ကောင်းကင်က လာပြီးလျှင် မြတ်စွာဘုရား သခင်၏ အထံတော်သို့ ရောက်သောအခါ တမ်းခွန်ဖြစ်၍ တည်လေ၏။ ထို့နောင် အာဠဝကဘီလူးသည် အထူးထူးအထွေထွေတို့ဖြင့် မြိမ်းခြောက် သော်လည်း ကြောက်အောင် မတတ်နိုင်လျှင် "ရဟန်းဂေါတမ, ငါခွင့်မပြု ဘဲနှင့် ဓိမာန်ရှင်ကဲ့သို့ မိဖုယား မောင်းမတို့၏ အလယ်၌ နေခြင်းသည် မလျောက်ပတ်၊ရဟန်းတရား၌ သင်တည်အံ့၊ထွက်လော့"ဟု ဆို၏။ထိုအခါ မြတ်စွာဘုရားသည် နူးညံ့သဖြင့်သော ခုံးမတော် မူလို၍ ကောင်းပြီ-ဟု

ထွက်တော်မူ၏။ ထိုသို့ ထွက်တော်မူသောအခါ အာဠဝကဘီလူးသည် "ရဟန်းဂေါတမသည် ဆိုလွယ်၏။တခွန်းသော စကားဖြင့်ပင် ထွက်ပေသည်၊သို့သော် နူးညံ့၍တည်း ထွက်သလော၊အမျက်ထွက်၍တည်း ထွက်သလော၊ စုံစမ်းတော့အံ့"ဟု ကြံလျက် တဘန် ဝင်ဦးလော့-ဟု ဆိုပြန်၏။ မြတ်စွာဘုရားလည်း ကောင်းစွ-ဟု ဝင်တော်မူ၏၊ အာဠဝက ဘီလူးလည်း ဤကဲ့သို့ပင် "ထွက်လော့, ဝင်လော့-ဟု သုံးကြိမ်တိုင်တိုင် ဆို၏။ ထိုသို့ ဆိုတိုင်းလည်း မြတ်စွာဘုရားသည် ထွက်ခြင်း,ဝင်ခြင်းကို ပြုတော်မူ၏။

ထိုသို့ အာဠဝက ဘီလူး ဆိုတိုင်း ဝင်တော်မူ ထွက်တော်မူခြင်းသည် အာဠဝက ဘီလူးကို ကြောက်သောကြောင့် မဟုတ်၊လောက၌ အထိန်းတို့သည် နို့မငို့သော သူငယ်ကို တရုံတရသော စားဘွယ်ဖြင့် ချော့မော့ ဖြားယောင်း နှစ်ချိုက်စေလျက် နို့တိုက်ရသကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည်လည်း လောကုတ္တရာတရားတည်းဟူသော အမြိုက်နို့ရည်ကို မသောက်ရို့သော အာဠဝက ဘီလူးကို အထူးသဖြင့် ဖြားယောင်း ချော့မော့လျက် လောကုတ္တရာ အမြိုက် တိုက်ကျွေးတော်မူလို၍ အာဠဝကဘီလူး ဆိုတိုင်းပင် ဝင်တော်မူ ထွက်တော်မူ၏။

ဤသို့လျှင် အာဠဝကဘီလူးဆိုတိုင်း သုံးကြိမ်တိုင်တိုင် ဝင်တော် ထွက်တော်မူလျှင် အာဠဝက ဘီလူးကြီးသည် "ဤရဟန်းကြီးကား ကြောင်းမတန် ဆိုလွယ်၏၊ဤရဟန်းကြီးကို ဤနည်းနှင်နှင် တညဉ့်ပတ်လုံး ဝင်စေထွက်စေ၍ ပင်ပန်းသောအခါမှ ချေနှစ်ချောင်းကို ကိုင်ဆုပ်လျက် သမုဒ္ဒရာသို့ ထိုးပစ်လိုက်တော့အံ့" ဟု ကြံ၍ တဘန် လေးကြိမ်မြောက် ထွက်ဦးလော့-ဟု ဆိုလျှင် အာဠဝကဘီလူး၏ မကောင်းသော အကြံကို သိတော်မူ၍ ငါမထွက်ပြီ-ဟု မိန့်တော်မူ၏။ထိုအခါ အာဠဝကဘီလူးသည် ကြံရာမသိ၍ မိမိဗိမာန်သို့ လာရောက်ကြကုန်သော ရသေ့ပရိဗိုဇ်တို့ကို ပြဿနာမေးလျက် မဖြေနိုင်သောကာလ စိတ်ပင်ပန်းခြင်း ပျံ့လွင့်ခြင်း စသည်တို့ကိုဖြစ်စေလျက် ပင်ပန်းစေသကဲ့သို့ ထို့အတူ ရဟန်း ဂေါတမကိုလည်း ပြဿနာမေး၍ ပင်ပန်းစေတော့အံ့-ဟု ကြံ၍ ပြဿနာမေးလျှင် မြတ်စွာဘုရား ဖြေတော်မူသော အဆုံး၌ သောတာပန် တည်လေ၏။

ထိုအခိုက်တွင် အာဠဝိပြည့်က အာဠဝက မင်းသားငယ်ကို အဆက်လာသော မင်းချင်း ယောကျ်ားတို့လည်း ဆိုက်ရောက်၍ အာဠဝက ဘီလူးကြီးလက်သို့ အာဠဝက မင်းသားငယ်ကို ဆက်လိုက်ကြ ကုန်၏။ ထိုအခါ အာဠဝက ဘီလူးကြီးသည် သောတာပန် တည်ပြီးဖြစ်၍ ထို မင်းသားငယ်ကို မြတ်စွာဘုရားလက်သို့ လှူလိုက်၏၊ မြတ်စွာဘုရားလည်း ထိုသူငယ်ကို ခံတော်မူပြီးလျှင် မင်းချင်းယောကျ်ားတို့၏ လက်သို့ တဖန် ပြန်၍အပ်တော်မူပြန်၏။ ဤသို့လျှင် လက်အဆင့်ဆင့်သို့ရောက်သောကြောင့် ထိုသူငယ်ကို အမည်ဟောင်း အာဠဝက-သဒ္ဒါတွင် ဟတ္ထသဒ္ဒါထည့်၍ ဟတ္ထာဠဝက-ဟု ပညတ်အမည် တင်ထားကြကုန်၏။ မင်းချင်းယောကျ်ားတို့လည်း ထိုမင်းသားငယ်ကို ယူဆောင်၍ အလုံးစုံ အကြောင်းမျိုးကို ကြားလျှင် အာဠဝိပြည်သူအလုံးသည် ရွှင်ပြုံးဝမ်းသာ ကြော်ငြာဟစ်ကြွေးလျက် ဘီလူးနေရာသို့ ချေးရှုထွက်ကြကုန်၏။

မြတ်စွာဘုရားလည်း ဆွမ်းခံချိန်ကာလသို့ ရောက်လျှင် သပိတ်သင်္ကန်းကိုယူ၍ ကြွတော်မူခဲ့ပြီးလျှင် အာဠဝိမြို့တွင်း၌ ဆွမ်းရပ်တော်မူ၍ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးလျှင် မြို့တံခါး၏ အနီး တရသော သစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူ၏ ထိုအခါ မင်း-မင်း၏အမတ် အစရှိသော များစွာသော လူအပေါင်းတို့သည် ထွက်၍ တရားတော်ကို နာကြ ကုန်လျှင် ရှစ်သောင်း လေးထောင်သော လူတို့သည် အကျွတ်တရားကို ရကြကုန်၏။ အာဠဝိ မင်းကြီးလည်း သားတော် ဟတ္ထာဠဝက မင်းသားငယ်ကို "သင်သည် မြတ်စွာဘုရားကို အမှီပြု၍ အသက်ကို ရသည်၊ မြတ်စွာဘုရားနောက်သို့ လိုက်၍ လုပ်ကျွေးလေလော့-ဟု ထည့်လိုက်သဖြင့် မြတ်စွာဘုရားနောက်သို့ လိုက်၍ လုပ်ကျွေးဆည်းကပ်လျှင် မကြာမြင့်မီ အနာဂါမ် တည်လေ၏ ငါးရာသော သီတင်းသည် ဥပါသကာ အခြံအရံ ရှိလေရကား ပရိသတ်ကို ချီးမြှောက်သောအရာ၌ ဧတဒဂ် ပေးတော်မူ၏။ ဤသို့လျှင် မြတ်စွာဘုရားသခင်သည် အာဠဝက ဘီလူးကြီးအား သနားသဖြင့် ဆုံးမတော်မူပြီးနောက် ရှစ်သောင်းလေးထောင်သော အာဠဝိပြည်သားတို့အား တရားထူးအမြိုက်ကို တိုက်ကျွေးတော်မူပြီးလျှင် ထိုအာဠဝိပြည် အဂ္ဂါဠဝစေတီ၌နေ၍လျှင် သောဠသမဝါကို ကပ်တော်မူ၏။

ထိုဝါမှ ထ၍ ဒေသစာရီ ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ ရောက်၍ သတ္တရသမဝါကို ထိုရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း

တော်၌ ကပ်တော်မူ၏။ ။ထိုဝါမှ ထ၍ တဘန် ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ဇာလိယတောင်သို့ ရောက်တော်မူ၍ ထိုဇာလိယ တောင်၌ အဋ္ဌာရသမဝါ, ဧကူနဝီသတိမဝါတို့ကို ထိုဇာလိယတောင်၌သာလျှင် ကပ်တော်မူ၏။ ။ထိုဝါမှထ၍ တဘန် ဒေသစာရီ ကြွချီတော် မူပြန်သည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ ဝီသတိမဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌သာ ကပ်တော်မူ၏။

ဤသို့လျှင် မြတ်စွာဘုရားသခင် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်, အရှင်အနုရုဒ္ဓါ,အရှင်သောဘိတ, အရှင်ပဒုမုတ္တရ, အရှင် ဂုဏသာရ, အရှင်ဉာဏပဏ္ဍိတ, အရှင်ရေဝတ,ဤရဟန္တာ အရှင်မြတ် ခြောက်ဦးတို့သည် မြတ်စွာဘုရားထံတော်မှ ဆံတော်ဓာတ်ခြောက်ဆူကို ဆောင်ယူပြီးလျှင် သမုဒ္ဒရာအနီး တရသော ပစ္စန္တရာဇ်သို့ ရောက်သော အခါ စေတီရာကိုတွေ့၍ ဒါယကာကိုတောင့်တလျှင် သိကြားမင်းလာ၍ တန်းခိုးဖြင့် တွင်းကိုဘန်ဆင်း၍ ထိုတွင်း၌ အသီတိရှစ်ကျိပ်တို့၏ ရုပ်ပုံ ကိုဎင်း၊ မြတ်စွာဘုရား ခမည်းတော် မယ်တော်တို့၏ ရုပ်ပုံကိုဎင်း၊ သက်တော် ထင်ရှားရှိသေးသော မြတ်စွာဘုရား၏ ရုပ်ပုံကိုဎင်း၊ဘန်ဆင်း လျက် ထက်ဝန်းကျင်မှ ရွှေခြူကွန်ရက်တို့ကို ခြံရံ၍ ထီးဖြူဆောင်းလျက် ထိုထီးဖြူအောက်၌ ရတနာပလ္လင်ကို ဘန်ဆင်းလျက် ရှင်အနုရုဒ္ဓါလက်မှ ဆံတော်ဓာတ်ကို ထိုပလ္လင်ထက်၌ အလုံးစုံသောသူတို့၏ အကျိုးစီးပွါး အလို့ငှါ အနှစ်ငါးထောင်တည်စေသတည်း-ဟု ဆောက်တည်၍ ဌာပနာ လေ၏။ ။ကြွင်းသော ရဟန္တာ ငါးဦးတို့၏လက်မှ ဆံတော်ဓာတ်ငါးဆူ ကိုလည်း ၎င်းနည်း ဌာပနာလေ၏။

---

## ၉၉-ရှင်အာနန္ဒာကို အလုပ်အကျွေး ထားတော်မူခြင်း။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် မြတ်စွာဘုရားသခင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှစ၍ ဝါတော်နှစ်ဆယ် ပြည့်သည် တိုင်အောင် ပဌမဗောဓိ၌ အမြဲအလုပ်အကျွေး ရှိတော်မမူ၊ ရံခါ နာဂ သမာလမထေရ် လုပ်ကျွေးအပ်သည်ဖြစ်၍ ထိုမထေရ်နှင့်တကွ အခွန့် ရှည်သော ခရီးသို့ကြွတော်မူ၍ နှစ်ကြောင်းသော ခရီးသို့ရောက်လတ်လျှင် နာဂသမာလမထေရ်သည် "အရှင်ဘုရား, အကျွန်ုပ်သည် ဤခရီးဖြင့် သွားအံ့၊ အရှင်ဘုရား၏ သပိတ်သင်္ကန်းတို့ကို ယူတော်မူပါလော့"ဟု

လျှောက်လျှင် မြတ်စွာဘုရား သခင်သည် မြစ်တော်မူငြားသော်လည်း မရ၍ ကိုယ်တော်တိုင်သာလျှင် သပိတ်သင်္ကန်းကိုယူ၍ ကြွတော်မူရ၏။

မြတ်စွာဘုရားမှ ဘဲ၍ တပါးသော လမ်းခရီးဖြင့် သွားသော နာဂသမာလ မထေရ်၏ သပိတ်သင်္ကန်းတို့ကို ခိုးသူတို့ လုယက်ကုန်၏။ ဦးခေါင်းကို ရိုက်ခွဲကုန်၏။ ကွဲသော ဦးခေါင်းရှိသော နာဂသမာလမထေရ်သည် မြတ်စွာဘုရားမှ တပါး ကိုးကွယ်ရာမရှိပြီ ဟု မြတ်စွာဘုရားထံသို့ ရောက်လာလျှင် ဤအကြောင်းကို မြင်တော်မူ၍ ဧဒ္မဆွကပင် ငါဘုရား မြစ်တော်မူသည်-ဟု သက်သာရာကို ရစေတော်မူ၏။ ။ရံခါလည်း မေဃိယမထေရ် လုပ်ကျွေးအခ်သည်ဖြစ်၍ ထိုမထေရ်နှင့် တကွ ပါစိနဝံသမိဂဒါယသို့ ကြွတော်မူ၍ ဇန္တုဂ္ဂရွာ၌ ဆွမ်းခံပြီးလျှင် မြစ်ကမ်း၌ သာယာသော ဥယျာဉ်ကို မြင်၍ "အရှင်ဘုရား, အကျွန်ုပ်သည် ဤဥယျာဉ်၌ နေပင်နေရစ်တော့အံ့၊ သပိတ် သင်္ကန်းတို့ကို ယူတော်မူပါလော့" ဟု လျှောက်လျှင် မြတ်စွာဘုရားသည် သုံးကြိမ်တိုင်တိုင် မြစ်ပါသော်လည်း မရ၊ ကိုယ်တော်တိုင်သာလျှင် သပိတ် သင်္ကန်းတို့ကို ယူဆောင်၍ ကြွတော်မူရ၏။ ထိုမေဃိယမထေရ်လည်း ထိုဥယျာဉ်သို့ သွား၍ အကုသိုလ် ဝိတက်တို့ဖြင့် နှိပ်စက်လျှင် တဘန်လာ၍ ထိုအကြောင်းကို မြတ်စွာဘုရားအား ကြားလျှင် ထိုအကြောင်းကို မြင်တော်မူ၍သာ ငါဘုရား မြစ်တော်မူသည် ဟု-မိန့်တော်မူ၏။ ။ရံခါ နာဂိတမထေရ် လုပ်ကျွေး၏။ ရံခါ ဥပဝါနမထေရ် လုပ်ကျွေး၏။ ရံခါ သုနက္ခတ္တမထေရ် လုပ်ကျွေး၏။ ရံခါ စုန္ဒသာမဏေ လုပ်ကျွေး၏။ ရံခါ သာဂတမထေရ် လုပ်ကျွေး၏။ ရှစ်ကျိပ်သော အသီတိ ထေရ်တို့တွင် မလုပ်ကျွေးဘူးသော သူမည်သည်မရှိ။

ဤသို့လျှင် ပဌမဗောဓိ ဝါတော်နှစ်ဆယ် ရသည်တိုင်တိုင် အမြဲအလုပ်အကျွေးမရှိမူ၍ တနေ့သော် ဂန္ဓကုဋီပရိဝုဏ်၌ ခင်းထားအပ်သော ဘုရားနေရာ၌ နေတော်မူပြီးလျှင် ရဟန်းအပေါင်းတို့ကို ခေါ်တော်မူလျက် "ငါ၏ ချစ်သား ရဟန်းများတို့,ငါဘုရားသည် ယခုအခါ ကြီးရင့်သော အရွယ်သို့ ရောက်ပြီ၊ အချို့သော ရဟန်းတို့သည် ဤခရီးဖြင့် သွားကြကုန်အံ့-ဟု ဆိုလျှင် တပါးသောခရီးဖြင့် သွားကြကုန်၏။ အချို့သော ရဟန်းတို့သည် ငါဘုရား၏ သပိတ်သင်္ကန်းတို့ကို မြေ၌ချထား၍ သွားကြကုန်၏။ ငါဘုရားအား တပါးသော အလုပ်အကျွေးကို သိကြကုန်လော့" ဟု မိန့်တော်မူ၏။ ထိုအခါမှ ရဟန်းသံဃာတို့သည် ထိတ်ထိတ်လန့်လန့် ဖြစ်ကြကုန်၏။ ၂ ။

အရှင်သာရိပုတ္တရာသည် နေရာမှထ၍ ရှိသေစွာရှိခိုးလျက်"အရှင်ဘုရား, အကျွန်ုပ်သည် အရှင်ဘုရားကို တောင့်တ၍သာလျှင် တသင်္ချေနှင့် ကမ္ဘာ တသိန်း ကာလပတ်လုံး ပါရမီကို ဖြည့်ခဲ့ရပါသည်၊အကျွန်ုပ် လုပ်ကျွေး ပါအံ့"ဟု လျှောက်၏။ ဤသို့လျှင် ရှင်သာရိပုတ္တရာ လျှောက်သည်ကို "ချစ်သားသာရိပုတ္တရာ,အကြင်အရပ်၌ သင်နေ၏၊ထိုအရပ်သည် ငါဘုရား မဆိတ်၊ သင်၏ အဆုံးအမသည် ငါဘုရား၏ အဆုံးအမနှင့်တူ၏၊ သင် လုပ်ကျွေးအံ့သောငှါ မသင့်"ဟု ပယ်တော်မူ၏။ ဤနည်းနှင်နှင် ရှင်မောဂ္ဂလာန်ကို အစပြု၍ ရှစ်ကျိပ်သော အသီတိ မဟာသာဝကတို့သည် တောင်းပန်သော်လည်း အလုံးစုံကိုပင် ပယ်တော်မူ၏။

အရှင်အာနန္ဒာမထေရ်မှာမူကား တစုံတခုသော စကားကိုမျှ မလျှောက် မထားမူ၍ တိတ်ဆိတ်စွာ နေ၏၊ထိုအခါ ရဟန်းအပေါင်းတို့သည် "ငါ့ရှင် အာနန္ဒာ,အလုပ်အကျွေးအရာကို တောင်းပန်လော့" ဟု တိုက်တွန်းကြလျှင် "တောင်း၍ရသောသူဖြင့် အဘယ်မူစအံ့နည်း၊ ငါ့ကို မြတ်စွာဘုရား မမြင် သလော"ဟု ဆို၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် "ငါ၏ချစ်သား ရဟန်းများတို့, အာနန္ဒာသည် သူတပါးတို့ မတိုက်တွန်းဘဲ မိမိအလိုလို သာလျှင် သိ၍ ငါဘုရားကို လုပ်ကျွေးလတ္တံ့"ဟု မိန့်တော်မူလျှင် ရှင် အာနန္ဒာသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဤသို့ လျှောက်၏။

၁-အရှင်ဘုရား, အရှင်ဘုရားသည် အကျွန်ုပ်အား မွန်မြတ်သော သင်္ကန်းကို မပေးသည်ဖြစ်အံ့။
၂-မွန်မြတ်သော ဆွမ်းကို မပေးသည်ဖြစ်အံ့။
၃-တခုတည်းသော ဂန္ဓကုဋီ၌ အတူနေခြင်းကို မပေးသည်ဖြစ်အံ့။
၄-ပင့်ဘိတ်ရာ ဒါယကာအိမ်သို့ အကျွန်ုပ်ကို ခေါ်၍မကြွသည်ဖြစ်အံ့။

ဤလေးပါးသော ပဋိက္ခေပသုကို၎င်း။

၁-အရှင်ဘုရား,အရှင်ဘုရားသည် အကျွန်ုပ် ယူအပ်သော ပင့်ဘိတ်ရာ ဒါယကာအိမ်သို့ ကြွတော်မူသည်ဖြစ်အံ့။
၂-တိုင်းတပါးမှ အရှင်ဘုရားကို ဖူးမြင်လို၍ လာသော ရဟန်းတို့အား သာသောခဏ၌သာလျှင် အရှင်ဘုရားကို ဖူးမြင်ခြင်းငှါ ရပါအံ့။
၃-အကျွန်ုပ်အား ယုံမှားဖြစ်သောခဏ၌ အရှင်ဘုရားသို့ ကပ်ခြင်းငှါ ရပါအံ့။

၄-အကျွန်ုပ်မျက်ကွယ်၌ ဟောတော်မူသော တရားကို အကျွန်ုပ်အား တဘန် ထပ်မံ၍ ဟောတော်မူသည်ကို ရပါအံ့။

ဤလေးပါးသော အာယာစန ဆုကိုဂင်း၊ သနားတော်မူပါ၊ အကျွန်ုပ်လုပ်ကျွေးပါအံ့-ဟု တောင်းပန်လျှင် မြတ်စွာဘုရားလည်း ပဋိက္ခေပဆုလေးပါး, အာယာစနဆု လေးပါး၊ ပေါင်း-ဆု၈ပါးကို သနားတော် မူသဖြင့် ၅င် အာနန္ဒာမထေရ်သည် မြတ်စွာဘုရားကို ဝါတော်နှစ်ဆယ် ပြည့်တော်မူသည်မှစ၍ ပရိနိဗ္ဗာန် စံတော်မူသည့်တိုင်အောင် အမြဲ လုပ်ကျွေးတော်မူ၏။ ။က မ္ဘာတသိန်းထက်က တောင်းခဲ့ဘူးသော အလုပ်အကျွေးရာထူးသို့ အသုံးသဖြင့် ရောက်လေ၏။

ပဌမဗောဓိ ဝါတော် နှစ်ဆယ်ကျော်၍ ဧကဝိသတိမ ဝါတော်မှစ၍ စတုစတ္တာလီသမ ဝါတော်တိုင် နှစ်ဆဲ့လေးဝါတို့ကို သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေးသည် ဆောက်လုပ် လှူဒါန်းအပ်သော ဇေတဝန် ကျောင်းတော်, ဝိသာခါ ဒါယိကာမသည် ဆောက်လုပ် လှူဒါန်းအပ်သော ပုဗ္ဗာရုံ ကျောင်းတော်တို့၌သာလျှင် ဝါကပ်တော်မူ၏။

ထိုကာလ သာဝတ္ထိပြည်၌ ပသေနဒိကောသလမင်းကြီး မင်းပြုသည်။ ဤအရာတွင် ပသေနဒိ ကောသလမင်းကြီး အကြောင်း၊ ၎င်းသား ဝိဍူဍဘ အကြောင်း၊ သာကီဝင် မင်းတို့ ပျက်စီးသော အကြောင်း၊ ဗန္ဓုလ စစ်သူကြီး အကြောင်း၊၎င်းမယား မလ္လိကာ မိဖုယားအကြောင်းတို့ကို ဓမ္မပဒအဋ္ဌကထာ ကျမ်းမှ လာသောအတိုင်း သိသာ ၅င်းလင်းအောင် ဆိုပေအံ့။

---

## ၁၀၀-ကောသလမင်း စသည်တို့ အကြောင်း။

သာဝတ္ထိပြည်က မဟာကောသလမင်း သားတော် ပသေနဒိမင်းသားသည်၎င်း၊ဝေသာလီပြည်က လိစ္ဆဝိမင်း သားတော် မဟာလိ မည်သော မင်းသားသည်၎င်း၊ ကုသိနာရုံပြည်က မလ္လာမင်း၏ သားတော် ဗန္ဓုလ မည်သော မင်းသားလည်၎င်း၊ ဤမင်းသား သုံးယောက်တို့သည် ဒိသာပါမောက္ခဆရာထံ အတတ်ပညာသင် ရောက်ကြကုန်သဖြင့် မိတ်ခင်ပွန်း ချစ်ကျွမ်းဝင်သော သဟာယ ဖြစ်ကြကုန်၍ အတတ်၏ အပြီးဆုံးသို့

ရောက်လျှင် အာစရိယဘာဂကို ပေးလျက် မိမိတို့ ပြည်သို့ အတူတကွ ပြန်လည်ခဲ့ကြလေကုန်၏။ ရောက်လျှင် ပသေနဒီမင်းသားသည် ခမည်းတော်အား အတတ်ကိုပြလျှင် အားရနှစ်သက်လှသဖြင့် မင်းအဖြစ်၌ အဘိသိက်သွန်း၍ သာဝတ္ထိပြည်၌ ပသေနဒီ ကောသလမင်း ဟု ထင်ရှားဖြစ်လေ၏။

မဟာလိမင်းသားသည် လိစ္ဆဝိမင်းသားတို့အား ပြင်းစွာသော ဥဿာဟဖြင့် အတတ်ကို ပြလျှင် မျက်စိပျက်လေ၍ လိစ္ဆဝိမင်းတို့သည် အခွန်တသိန်းထွက်သော ဟံခါးကို ပေးသဖြင့် ထိုတံခါးကို အမှီပြုလျက် ငါးရာသော လိစ္ဆဝိမင်းတို့အား အတတ်ပညာကို သင်လျက် နေ၏။

ဗန္ဓုလမင်းသားသည် မလ္လာမင်းမျိုးတို့က အတွင်း၌ သံချောင်းရှည်သွင်းသော ဝါးလုံးခြောက်ဆယ်လျှင် တစည်း၊ခြောက်ဆယ်လျှင် တစည်းစည်း၍ အစည်းပေါင်း ခြောက်ဆယ်ကို ပြတ်အောင်ခုတ်လော့-ဟု ဆိုလျှင် ကောင်းကင်သို့ အတောင်၈၀စ်ဆယ်ရန်လွှား၍ သန်လျက်ထားဖြင့် ခုတ်ဖြတ်သောကာလ ပစ္ဆိမဖြစ်သော ဝါးတွင်း၌ သွင်းအပ်သော သံချောင်း၏ ချင်ချင်သံကိုကြား၍ ဤအသံကား အဘယ်အသံနည်း-ဟု မေးလျှင် ဝါးအစည်း ခြောက်ဆယ်၌ သံချောင်းတို့၏ လျှိုထားသော အဖြစ်ကို သိ၍ သန်လျက်ကို စွန့်ပစ်လိုက်ပြီ လျှင် ငိုကြွေးတမ်း၍ "ငါ၏ ဤမျှလောက်သော ဆွေမျိုးတို့တွင် တယောက်သောသူမျှ ငါ့ကို ချစ်ခြင်း မရှိကြပြီ၊အကယ်၍ ချစ်မည်ဆိုက ထိုအကြောင်းကို ပြောကြားအံ့၊ အသံကိုမျှ မကြားစေရ၊ ဖြတ်နိုင်ရာ၏။အလုံးစုံသော သူတို့သည် ငါ့ကို သတ်၍ မင်းပြုကုန်ရာ၏"ဟု မိမိအဆွေ ဖြစ်သော ပသေနဒီ ကောသလမင်းထံ သာဝတ္ထိပြည်သို့ သွားလေ၏။ ရောက်လျှင် ပသေနဒီ ကောသလမင်းကြီးကလည်း စစ်သူကြီး အရာ၌ ထားလေ၏။

တနေ့သ၌ ပသေနဒီ ကောသလ မင်းကြီးသည် ပြာသာဒ်ထက်မှ ရပ်လျက် လမ်းခရီးကို ကြည့်လတ်သော် မဟာအနာထပိဏ်, စူဠအနာထပိဏ်, ဝိသာခါဒါယိကာမ,သုပ္ပဝါသာ ဒါယိကာမတို့၏ အိမ်သို့ ဆွမ်းအလို့ငှါ ကြွကြွကုန်သော အထောင်မက များစွာသော ရဟန်းတို့ကို မြင်လျှင် "ဤအရှင်တို့သည် အဘယ်သို့ ကြွကုန်သနည်း" ဟု မေးလျှင် "မဟာအနာထပိဏ်, စူဠအနာထပိဏ်, ဝိသာခါ ဒါယိကာမ, သုပ္ပဝါသာ

ဒါယိကာမတို့၏ အိမ်သို့ ဆွမ်းအလို့ငှါ အသီးအသီး ကြွတော် မူကြပါကုန်သည်”ဟု တင်လျှင် “ငါလည်း ရဟန်းသံဃာကို လုပ်ကျွေးတော့အံ့” ဟု ကြံ၍ ရဟန်းတထောင်နှင့်တကွ မြတ်စွာဘုရားကို ပင့်ဘိတ်၍ ခုနစ်ရက်ပတ်လုံး လုပ်ကျွေးပြီးလျှင် ခုနစ်ရက်မြောက်သော နေ့၌ကား “အရှင်ဘုရား,ငါးရာသော ရဟန်းတို့နှင့်တကွ အမြဲအကျွန်ုပ် ဆွမ်းကို ခံတော်မူပါ”ဟု လျှောက်လျှင် “မြတ်သောမင်းကြီး,ဘုရားတို့မည်သည် တခုသောအရပ်၌ အမြဲ ဆွမ်းကို မခံကုန်၊များစွာသောလူတို့သည် ဘုရား၏ လာခြင်းကို တောင့်တကြကုန်သည်”ဟု ပယ်တော်မူ၏။ “ထိုသို့ ဖြစ်လျှင် အရှင်ဘုရား,တယောက်သော ရဟန်းကို အမြဲ စေတော်မူပါ” ဟု လျှောက်၍ မြတ်စွာဘုရားသည် ရှင်မဟာအာနန္ဒာ၏ ဝန်ကို ပြုတော်မူ၏။

မင်းကြီးလည်း ရဟန်းသံဃာ လာသောအခါ မိမိကိုယ်တိုင် ခုနစ်ရက်ပတ်လုံး လုပ်ကျွေး၍ ရှစ်ရက်မြောက်သော နေ့၌ကား မေ့လျော့၍ နေ၏။ ငါးရာသော ရဟန်းတို့သည် ပြန်သွားကြကုန်၏။ ရှင်အာနန္ဒာ တပါးသာ ဒါယကာတို့၏သဒ္ဓါတရားကို စောင့်အံ့သောငှါ နေတော်မူရစ်၏။ ထိုအခါမှ မင်းကြီးလာ၍ အရှင်အာနန္ဒာမထေရ်ကို လုပ်ကျွေးပြီးလျှင် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ “အရှင်ဘုရား, အကျွန်ုပ်သည် ငါးရာသော ရဟန်းတို့၏အလို့ငှါ ခဲဘွယ်ဘောဇဉ်တို့ကိုစီရင်၍ ထားပါသည်၊အဘယ့်ကြောင့် မကြွလာကြပါကုန်သနည်း”ဟု လျှောက်သောအခါ “မြတ်သော မင်းကြီး, ငါ၏တပည့်သားတို့နှင့် သင်မင်းကြီး၌ အကျွမ်းမဝင်၊ ထို့ကြောင့် မလာကြကုန်သည်”ဟု မိန့်တော်မူ၏။ . ။ထိုအခါ ပသေနဒီ ကောသလ မင်းကြီးသည် အဘယ်သို့သော အကြောင်းဖြင့် ရဟန်းသံဃာတို့နှင့် အကျွမ်းဝင်ပါအံ့နည်း-ဟု ကြံဆင်ခြင်လျှင် ဘုရားသခင်၏ ဆွေမျိုးမှ တယောက်သော မင်းသမီးကို ဆောင်ယူရသော် ဤမင်းကား ဘုရား၏ ဆွေမျိုး-ဟု ရဟန်းသာမဏေတို့သည် ငါ၏နန်းတော်သို့ အမြဲလာကြကုန်လတ္တံ့-ဟု ကြံ၍ ကပိလဝတ်ပြည် သာကီဝင်မင်းတို့ထံ ငါ့အား သမီး တယောက်ကို ပေးလိုက်လော့ ဟု ရာဇသံတမန် စေလွှတ်လိုက်၏။

ထိုရာဇသံတမန်တို့ ရောက်လျှင် သာကီဝင် မင်းတို့သည် အချင်းချင်း တိုင်ပင်၍ မဟာနာမ်သာကီဝင်မင်း၏ကျွန်မသမီး ဝသဘခတ္တိယာမည်သော အဆင်းနှင့်ပြည့်စုံသော သတို့သမီးကို ပေးကြကုန်၏။ အဘယ်သာကီဝင်

မင်း၏ သွီးနည်း-ဟု တမန်တို့က မေးလျှင် မြတ်စွာဘုရား၏ ဘထွေးတော် သား မဟာနာမ်သာကီဝင်မင်း၏ သွီး-ဟု ဆို၏။ ထိုတမန်တို့လည်း ထို မင်းသွီးကို ယူဆောင်၍ သာဝတ္ထိပြည်သို့ ရောက်လျှင် ပသေနဒီ ကောသ လမင်းကြီးလည်း သာကီဝင် မင်းသွီး-ဟု အမြတ်တနိုး ဘိသိက်သွန်း၍ မိဖုယားကြီးအရာ၌ ထားသဖြင့် မျှားမကြာခင် သားတယောက် ဖွါးမြင် လေ၏။ အမည်မှည့်အံ့သော နေ့၌ကား အဘိုးထံသို့ အဘယ်အမည်ကို မှည့်ရအံ့နည်း-ဟု စဉ်းငယ် နားလေးသော အမတ်ကို စေလိုက်၍ အကြောင်းကို မဟာနာမ်မင်းကြီးအား ကြားလျှင် ထိုအခါ မဟာနာမ် မင်းကြီးက "ဝသဘခတ္တိယာသည် သားမဖွါးခင်ကပင် အလုံးစုံသော သူတို့ကို လွှမ်းမိုး၏၊ ယခုမှာမူကား သားဖွါး၍ အတိုင်းထက် အလွန်ပင် ရာဇဝလ္လဘ ဖြစ်တော့မည်"ဟု ဆိုလိုက်သော စကားကို နားပင်းသော အမတ်က ဝိဋဋူဘ-ဟု ကြား၍ ပြန်လျက် ဘိုးတော် မဟာနာမ်မင်းကြီးက ဝိဋဋူဘ-ဟူသော အမည်ကို ပေးလိုက်ကြောင်းနှင့် တင်လေသော် ပသေ နဒီကောသလမင်းကြီးသည် သားတော်ကို ဝိဋဋူဘ-ဟူသော အမည်ကို မှည့်၍ ငယ်ရွယ်သောကာလကပင် စစ်သူကြီးအရာကို ပေးတော်မူ၏။

ထိုမင်းသား တဆဲ့ခြောက်နှစ်အရွယ်သို့ ရောက်ကာလ ဘိုးတော်၏ တိုင်းပြည်သို့ သွားအံ့-ဟု ခွင့်ပန်လျှင် "ချစ်သား မသွားလင့်၊ မသင့်။ သွားသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု မယ်တော် တားမြစ်သော်လည်း မနိုင်၍ ဘိုးတော်တိုင်းပြည်သို့ မျှားစွာသော အခြံအရံနှင့်တကွ သွားလေ ၏။သာကီဝင်မင်းတို့လည်း ဝိဋဋူဘမင်းသား လာကြောင်းကို ကြားလျှင် ဝိဋဋူဘ မင်းသားအား ရှိခိုးစေရမည်ကို စိုးသောကြောင့် ငယ်ကုန် ငယ်ကုန်သော သာကီဝင် မင်းသားတို့ကို ဇနပုဒ်သို့ စေလွှတ်လိုက်ကြ ကုန်၏။ ဝိဋဋူဘမင်းသား ကပိလဝတ်ပြည်သို့ ရောက်လျှင် သာကီဝင် မင်းသားတို့သည် မင်းရင်ပြင်၌ စည်းဝေး၍ ဤကား သင်မင်းသား၏ အဘိုး၊ ဤကား သင်မင်းသား၏ ဦးရီး-စသည်ဖြင့် ဆို၍ ဝိဋဋူဘ မင်းသားကိုသာ ရှိခိုးစေ၏။ဝိဋဋူဘမင်းသားကို ရှိခိုးသောသူကား တရုံတယောက်မျှ မရှိ။ ထိုအခါ ဝိဋဋူဘ မင်းသားသည် ငါ့ကို ရှိခိုးသောသူကား မရှိ-ဟုဆိုလျှင် သာကီဝင်မင်းတို့သည် သင်၏ ညီငယ်တို့သည် ဇနပုဒ်သို့ သွားကြသည်- ဟု ဆို၍ ထိုဝိဋဋူဘမင်းသားအား ကြီးစွာသော ပူဇော်သက္ကာရကို ပြုကြ ကုန်၏။ ထိုဝိဋဋူဘမင်းသားလည်း ကပိလဝတ်ပြည်၌ နှစ်ရက်,သုံးရက်

နေပြီးလျှင် ထွက်ခဲ့သော် မင်းချင်းယောက်ျားတယောက် သန်လျက် မေ့ရစ်သဖြင့် ပြန်၍ အယူသွားသောအခါ ကျွန်မတယောက်သည် "ဤနေရာကား ကျွန်မသား၏နေရာ"ဟုနို့ ရည်ဖြင့်ဝိဋ္ဋုဘမင်းသားနေရာပျဉ်ကို သုတ်သင်ဆေးကြော၍ နေသည်ကို တွေ့ခဲ့၍ အဆင့်စကား ပြောကြားလျှင် ဝသဘခတ္တိယာမင်းသို့ သည် ကျွန်မသွီးတည်း ဟု အုတ်အုတ်ကျက်ကျက် ကောလာဟလ-ဖြစ်ကြကုန်သဖြင့် ထိုအကြောင်းကို ဝိဋ္ဋုဘမင်းသားကြားလျှင် "ဤသာကီဝင် မင်းမျိုးတို့သည် ငါ၏နေရာပျဉ်ကို နို့ရည်ဖြင့် သုတ်သင်ဆေးကြောကြကုန်၏၊ ငါမင်းအဖြစ်သို့ ရောက်သောကာလ သာကီဝင်မင်းမျိုးတို့၏ လည်ချောင်းသွေးနှင့် ငါ၏နေရာပျဉ်ကို ဆေးကြောသုတ်သင်အံ့"ဟု ရန်ငြိုးထားလိုက်၏။

သာဝတ္ထိပြည်သို့ ရောက်သောကာလ ထိုအကြောင်းကို ပသေနဒီမင်းကြီး ကြားလျှင် သာကီဝင် မင်းတို့သည် ကျွန်မသွီးကို ပေးသည်-ဟု အမျက်ထွက်၍ ဝသဘခတ္တိယာအားရင်း၊ဝိဋ္ဋုဘမင်းသားအားရင်း၊ ပေးသော အရာတို့ကိုနုတ်၍ ကျွန်မ၏ နေခြင်းဖြင့်နေစေသည်၊ နှစ်ရက်, သုံးရက်ရှိသောကာလ မြတ်စွာဘုရားသည် နန်းတော်သို့ ဝင်တော်မူသောအခါ ထိုအကြောင်းကို လျှောက်လျှင် "မြတ်သောမင်းကြီး, ဝသဘခတ္တိယာသည် ကျွန်မသွီး ဖြစ်သော်လည်း မင်း၏သွီးပင် ဖြစ်၍ မင်းအိမ်၌ အဘိသိက်သွန်းတိုက်သည်၊ဝိဋ္ဋုဘမင်းသားလည်း မင်း၏သားပင် ဖြစ်သည်၊အမိမျိုးမည်သည် အဘယ်အကျိုးရှိအံ့၊ အဘအမျိုးသာလျှင် ပဓာန ဖြစ်သည်-ဟု ကဋ္ဌဟာရိကဇာတ်ကို ထုတ်ဆောင်၍ ထင်းခွေသည်မကိုပင် အဘိသိက်သွန်း၍ မိဖုယားကြီး မြှောက်ဘူးကြောင်း၊ ထိုထင်းခွေသည်မ၏ သားပင် တဆဲ့နှစ်ယူဇနာ ကျယ်သော ဗာရာဏသီပြည်၌ မင်းပြုဘူးကြောင်းကို ဟောတော်မူသဖြင့် ပသေနဒီ ကောသလမင်းကြီးသည် ဝသဘ ခတ္တိယာ မိဖုယား, သားတော် ဝိဋ္ဋုဘ မင်းသားတို့ကို ထားမြဲတိုင်းသော အရာ၌ ထားတော်မူ၏။

ဗန္ဓုလစစ်သူကြီးလည်း ရှည်မြင့်စွာသော ကာလပတ်လုံး သားမဖွါး၍ မိမိမယား မလ္လိကာ မိဖုယားကြီးကို နှင်ထုတ်လိုက်သဖြင့် မလ္လိကာ မိဖုယားသည် မြတ်စွာဘုရားကို ဖူးမြင်ပြီးမှသာလျှင် သွားတော့အံ့"-ဟု ကြံ၍ ဇေတဝန် ကျောင်းတော်သို့ ဝင်လျက် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ တည်နေလျှင် "အဘယ်သို့ သွားအံ့နည်း" ဟု မြတ်စွာဘုရားက

မိန့်တော်မူလျှင် ဗန္ဓုလစစ်သူကြီးက နှင်လိုက်သောအကြောင်းကို လျှောက်သောကာလ ဤအကြောင်းကြောင့်ဖြစ်လျှင် သွားဘွယ်မရှိ၊ ပြန်နှစ်လော့-ဟု မိန့်တော်မူ၍ ပြန်နှစ်လျှင် များမကြာခင် ပဋိသန္ဓေကိုရ၍ လိစ္ဆဝီမင်းတို့၏ အဘိသိက်သွန်းသော မင်္ဂလာရေကန်သို့ သက်ဆင်း၍ ချိုးချင်ခြင်းဖြစ်ရကား ထိုချင်ခြင်းကို ဗန္ဓုလ စစ်သူကြီးအား ကြားသောအခါ ဗန္ဓုလစစ်သူကြီးသည် ဗိုလ်တထောင်တင်သော လေးကို ယူလျက် ရထားထက်သို့ မလ္လိကာ မိဖုယားကို တင်၍ နှင်လေသော် မဟာလိလိစ္ဆဝီမင်းအားပေးသော တံခါးဖြင့် ဝေသာလီပြည်သို့ဝင်လေ၏။ ထိုအခါ မဟာလိလိစ္ဆဝီမင်းကြီးသည် တံခါးခုံနှင့် ထိခိုက်သော ရထားသံကို ကြား၍ ဤရထားသံကား ဗန္ဓုလ စစ်သူကြီး၏ ရထားသံတည်း၊ ယနေ့ကား လိစ္ဆဝီမင်းတို့ပျက်စီးခြင်း ဘေးဖြစ်လတ္တံ့ ဟု ဆို၏၊ ဗန္ဓုလစစ်သူကြီးသည် မြို့တွင်းသို့ဝင်ပြီးလျှင် အစောင့်အရှောက်ဖြစ်သောသူတို့ကို သန်လျက်ဖြင့် ပုတ်ခတ်၍သံကွန်ရက်တို့ကိုလည်း ဖြတ်၍ ရေကန်သို့ သက်၏၊ မလ္လိကာ မိဖုယားကိုအလိုရှိတိုင်း သောက်ချိုးစေပြီးလျှင် ရထားသို့ တက်၍ ဝေသာလီပြည်မှထွက်ခဲ့၍ လာသောခရီးဖြင့်သာ နှင်လေ၏။

လိစ္ဆဝီမင်း ငါးရာတို့သည် ထိုအကြောင်းကိုသိလျှင် ငါးရာသောရထားကိုစီးလျက် ဗန္ဓုလစစ်သူကြီးကို ဖမ်းအံ့သောငှါ ဝေသာလီပြည်မှထွက်ကြကုန်၏။ မဟာလိ လိစ္ဆဝီသည် "အမောင်တို့, မလိုက်ကြကုန်လင့်၊ ဗန္ဓုလစစ်သူကြီးသည် သင်တို့အားလုံးကို ပြုတ်ပြုတ်ပြုန်းအောင် သတ်၍ပစ်လိမ့်မည်"ဟု တားမြစ်၍ မရလျှင် "သင်တို့သည် အကယ်၍လိုက်ကုန်အံ့၊ ရထားဘီးစက်၊ ချက်မြုပ်ရာအရပ်ကို တွေ့လျှင် ပြန်နှစ်ခဲ့ကြလော့၊ ထိုသို့မပြန် တဘန် လိုက်ပြန်လျှင် မိုးကြိုးသံကဲ့သို့သော အသံကိုကြားသောကာလ ပြန်နှစ်ခဲ့ကြလော့၊ ထိုသို့မပြန် တဘန်လိုက်ပြန်သော်သင်တို့၏ ရထားဦးမှာ အပေါက်မြင်သောကာလ ပြန်နှစ်ခဲ့ကြလော့"ဟုအကြိမ်ကြိမ် အထပ်ထပ် မှာလိုက်၏၊ လိစ္ဆဝီမင်းသား ငါးရာတို့သည်မဟာလိလိစ္ဆဝီမင်း၏ စကားကို နားမထောင်ဘဲ လိုက်ကြကုန်လျှင်ငါးရာသောရထားဦးတို့သည် တခုတည်းထင်သောကာလ ဗန္ဓုလစစ်သူကြီးသည် ရထားထက်က နေလျက်ပင် လေးကိုဘင်လိုက်သဖြင့် ရထားလှည်းဘီးစက်သည် ချက်တိုင်အောင်မြုပ်လေ၏၊ လိစ္ဆဝီမင်းငါးရာတို့သည်အစဉ်သဖြင့် လိုက်လေသော် ထိုလှည်းဘီးစက် နစ်ရာအရပ်ကို တွေ့သော်

လည်း မဟာလိ လိစ္ဆဝီမင်း၏ စကားကို နားမထောင်ကြမူ၍ လိုက်ကြလေကုန်၏။

ထိုအခါ ဗန္ဓုလစစ်သူကြီးသည် လေးညှို့ကို ဖြန့်လိုက်၏၊ထိုအသံသည် အထက် ကောင်းကင် ဝေဟင်က အသံမလစ် မိုးကြိုး ထစ်သကဲ့သို့ ဖြစ်လေ၏။ ထိုအသံကို ကြားသောကာလလည်း လိစ္ဆဝီမင်း ငါးရာတို့သည် မပြန်မနစ်၊ နှစ်၍သာ လိုက်ကြကုန်လျှင် ဗန္ဓုလ စစ်သူကြီးသည် ငါးရာသောရထားဦးတို့သည် တခုတည်း ထင်သောကာလ မြားတစင်းဖြင့် သလျှင် ငါးရာသော လိစ္ဆဝီမင်းတို့ကို ဘောက်ထွင်းအောင် ပစ်လိုက်သဖြင့် ထိုမြားသည် ငါးရာသော လိစ္ဆဝီ မင်းတို့ကို ဖေါက်ထွင်း၍ သွားလေ၏။ လိစ္ဆဝီမင်း ငါးရာတို့လည်း မိမိကိုယ်ကို ဖေါက်ထွင်း၍ သွားသော အဖြစ်ကို မသိ၍ အစဉ်တစိုက် လိုက်မြဲလိုက်ကြ ကုန်လျှင်. ထိုအခါ ဗန္ဓုလ စစ်သူကြီးသည် "သင်တို့သည် သေကြ ကုန်ပြီ၊ သူသေတို့နှင့် ငါစစ်မပြိုင်လိုပြီ၊သင်တို့ မယုံလျှင် အလုံးရုံသော သူတို့၏ နောက်ဆုံးဖြစ်သော သူ၏ ချပ်ဝတ်တန်းဆာကို ချွတ်လော့"ဟု ဆိုလျှင် ချွတ်ခါမတ္တဖြင့်လည်း၍ သေလေ၏၊ထိုနည်းနှင်နှင် သင်တို့အားလုံးသည် သေကြပျက်စီး ကုန်ပြီ၊အိမ်သို့ပြန်၍ သားမယားတို့ကို မှာထားပြီးလျှင် ချွတ်ကြကုန်လော့"ဟု ဆိုလျှင် လိစ္ဆဝီမင်းတို့လည်း အိမ်သို့ပြန်၍ သားမယားတို့ကို မှာထားပြီးမှ ချပ်ဝတ်တန်းဆာတို့ကို ချွတ်လတ်သော် ချွတ်သောခဏ၌သာလျှင် လည်း၍ သေကြကုန်၏။

ဗန္ဓုလစစ်သူကြီးလည်း မလ္လိကာမိဖုယားကို သာဝတ္ထိပြည်သို့ ဆောင်လေ၏။ရောက်လျှင် အစုံအစုံ တဆဲ့ခြောက်ကြိမ် ဖွါးသဖြင့် သားပေါင်း သုံးကျိပ်နှစ်ယောက်ဖြစ်လေ၏။ ထိုသုံးကျိပ်နှစ်ယောက်သော သားတို့သည် အားစွမ်းနှင့်ပြည့်စုံကြကုန်သည်ဖြစ်၍ အတတ်၏ အပြီးအဆုံးသို့ ရောက်လေသဖြင့် တယောက် တယောက်သော သား၌ ယောကျ်ား တထောင် တထောင်ရှိရကား အခစားဝင်သောကာလ ထိုသူသားအဘတို့ဖြင့်သာလျှင် နန်းရင်ပြင်၌ ပြည့်လေ၏။ ။တနေ့သ၌ တရားရှုံးသော ယောကျ်ားတယောက်သည် ဗန္ဓုလစစ်သူကြီးလာသည်ကို မြင်၍ တရားဆုံးဖြတ်သော အမတ်တို့၏ ကောက်ကျစ် စဉ်းလဲသော အဖြစ်ကို ဟစ်အော်လျှင် ဗန္ဓုလစစ်သူကြီးသည် တရားဆုံးဖြတ်ရာအခရပ်သို့ သွားး၍ မှားသောတရားကို တဘန်မှန်အောင် ဆုံးဖြတ်သော ကာလ လူများ

အပေါင်းသည် ကောင်းချီးပေးကြကုန်၏။ ထိုအသံကို မင်းကြီးကြားလျှင် ဗန္ဓုလစစ်သူကြီးအားသာလျှင် တရားဆုံးဖြတ်သောအရာ၌ ဆောင်နှင်းလေ၍ ရှေးတရားဆုံးဖြတ်သော အမတ်တို့မှာမူကား နည်းသော လာဘ်သပ္ပကာရှိကြကုန်၍ ဗန္ဓုလစစ်သူကြီးသည် မင်းအဖြစ်ကို တောင့်တသည်-ဟု ကုံးတိုက်စကား ပြောကြားကြကုန်၏။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ကြားတွင်ဖျက်ဆီးသော အမတ်တို့၏ စကားကို နားရောင်မိ၍ ပစ္စန္တရာဇ်ထဟန် ပြုလျက် ဗန္ဓုလစစ်သူကြီးကို သုံးကျိပ်နှစ်ယောက်သော သားတို့နှင့်တကွ စေခိုင်းလိုက်ပြီးလျှင် သူရဲကြီးတို့ကို လိုက်၍သတ်စေသဖြင့် ရန်သူတို့၏ မရှိသောအဖြစ်ကို သိ၍ ပြန်နစ်ခဲ့သော ကာလ မြို့၏ မနီးမဝေးသော အရပ်တွင် သုံးကျိပ် နှစ်ယောက်သော သားတို့နှင့်တကွ ဗန္ဓုလစစ်သူကြီးကို ပြီးစီးဆုံးရှုံးအောင် စီရင်လေ၏။

မလ္လိကာမိဖုယားထံ ထိုအကြောင်းကို သဝဏ်စာချွေရေး၍ ပေးလိုက်၏။ ထိုနေ့၌ မလ္လိကာမိဖုယားလည်း ငါးရာသော သဃ်ာနှင့်တကွ အဂ္ဂသာဝက မထေရ်နှစ်ဦးကို ဆွမ်းလုပ်ကျွေးခိုက် ကြိုကြိုက်ရောက်လာသော ထိုသဝဏ်စာချွေကို ခါးပိုက်၌ ထားပြီးလျှင် ရှိသေစွာ လုပ်ကျွေး၏။ ထိုအခါ လုပ်ကျွေးအံ့သော၌ ဆောင်ခဲ့သော ထောပတ်အိုးသည် ကွဲသေသဖြင့် ရှင်သာရိပုတ္တရာသည် "ဘိန္နနဓမ္မော ဘိန္ဒတိ၊ မာ စိန္တေတဗ္ဗံ" ဟူသော တရားတော်ကို ဟောတော်မူ၏။ မလ္လိကာ မိဖုယားလည်း ခါးပိုက်က စာချွေကိုထုတ်၍ "အရှင်ဘုရား, အကျွန်ုပ်သည် သုံးကျိပ်နှစ်ယောက်သော သားတို့နှင့်တကွ ခင်ပွန်းသေသည်ကိုပင် မစိုးရိမ်ပါ၊ ဤထောပတ်အိုးကွဲခါမျှဖြင့် အဘယ်မှာ စိုးရိမ်ပါအံ့နည်း" ဟု လျှောက်၏။ ။ အရှင်သာရိပုတ္တရာလည်း တရားဒေသနာကို ဟောတော်မူပြီးလျှင် ရဟန်းသဃ်ာနှင့်တကွ ကြွတော်မူလေ၏။

မလ္လိကာ မိဖုယားလည်း သုံးကျိပ် နှစ်ယောက်သော ချွေးမတို့ကို ခေါ်ပြီးလျှင် "ချစ်သမီးတို့, သင်တို့ခင်ပွန်းသည် ပစ္စက္ခဘဝတွင် အပြစ်မရှိသေးလည်း ရှေးဘဝကပဝိပါက်ကံဆုံ၍ သေကြရကုန်ပြီ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်းကို မပြုကြကုန်လင့်၊ အရှင်မင်းကြီးအားလည်း တစုံတခုသော အပြစ်ကိုမျှ မအောက်မေ့ကြကုန်လင့်" ဟု ဆုံးမ၏။ ထိုစကားကို မင်းကြီး ကြားလျှင် ထိတ်လန့်ခြင်းပြင်းစွာဖြစ်၍ မလ္လိကာ မိဖုယား အိမ်သို့ သွား၍

မှားသောအဖြစ်ကို သည်းခံစေပြီးလျှင် မလ္လိကာ မိဖုယားအား ဆုကို ပေး၏။ မလ္လိကာမိဖုယားလည်း မတကာဘတ်ဆွမ်းကို လှူဒါန်းပူဇော်ပြီးလျှင် "မြတ်သောမင်းကြီး၊ အကျွန်ုပ်သည် တပါးသော ဆုကို အလိုမရှိပါ၊ သုံးကျိပ် နှစ်ယောက်သော ချွေးမတို့၏လည်းကောင်း၊ အကျွန်ုပ်၏လည်းကောင်း မိမိတို့၏ အိမ်သို့ ပြန်ပါရမည့် ဆုကိုသာ သနားတော်မူပါ"ဟု တောင်း၍ သုံးကျိပ် နှစ်ယောက်သော ချွေးမတို့ကို မိမိတို့၏အိမ်သို့ စေလိုက်၏။ မိမိလည်း ကုသိနာရုံပြည်သို့ ပြန်လေ၏။

ဗန္ဓုလစစ်သူကြီး၏ တူ၊ ဒီဃကာရာယန-က ပသေနဒီ ကောသလမင်းကြီးသည် အပြစ်မရှိ အပရာဓဖြစ်သော မိမိဦးရီးကို သတ်သောကြောင့် အခွင့်ကိုသာ ငံ့လင့်၍နေသည်၊ မင်းကြီးသည် ဗန္ဓုလ စစ်သူကြီးကို ဖြစ်မှားမိသော အခါမှစ၍ ရာဇသုခကို မခံစားနိုင်သောကြောင့် ဒနုပဒ မည်သော နိဂုံး၌ သီတင်းသုံး နေတော်မူသော မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မင်းမြောက်တန်းဆာငါးပါးတို့ကို စစ်သူကြီးဒီဃကာရာယနကို ပေးခဲ့လျက် တယောက်တည်းဖြင့်သာလျှင် ဂန္ဓကုဋီတွင်းသို့ ဝင်လေ၏။ ထိုအခါ ဒီဃကာရာယနသည် အခွင့်ရပြီ-ဟု မင်းမြောက်တန်းဆာငါးပါးကို ဝိဋဋူဘအား ပေးပြီးလျှင် မြင်းတစီးနှင့် မိန်းမတယောက်ကိုသာ ထားခဲ့၍ စစ်သည် ရဲမက်နှင့်တကွ ဝိဋဋူဘ မင်းသားကို ပြန်နစ်စေ၍ သာဝတ္ထိပြည်သို့ သွားလေ၏။

ပသေနဒီ ကောသလမင်းကြီးလည်း မြတ်စွာဘုရားနှင့် ချစ်ဘွယ်သော စကားကို ဆိုပြီးလျှင် ဂန္ဓကုဋီတိုက်မှ ထွက်လတ်သော် ထိုအကြောင်းကို မိန်းမအားမေး၍ သိသဖြင့် ရာဇဂြိုဟ်ပြည်သို့ သွား၍ တူတော် အဇာတသတ်မင်းနှင့်တကွ လာ၍ ဝိဋဋူဘ မင်းသားကို ဘမ်းတော်မူအံ့-ဟူသော အကြံနှင့် ရာဇဂြိုဟ်ပြည်သို့ သွားလေသော် အကာလအခါ ရောက်သဖြင့် တရသောစရပ်၌ဝင်၍ အိပ်လျှင် ထိုစရပ်၌ပင် လေနာရေးဂါစွဲကပ်သဖြင့် နတ်ရွာလားလေ၏။ နံနက်မိုးသောက်သော အခါ အတူပါသော မိန်းမသည် ပသေနဒီ ကောသလမင်းကြီးစဉ်လျက် ကိုးကွယ်ရာမဲ့ဖြစ်သည်-ဟု ငိုမြည်တမ်းသော အသံကိုကြား၍ အဇာတသတ်မင်းကြီးအား တင်လျှင် အဇာတသတ်မင်းကြီးသည် ဦးရီးတော် အလောင်းကို ကောင်းမွန်ဘင့်တယ်စွာ သဂြိုဟ်လေ၏။

ထိုဝိဋူဋဘမင်းသားလည်း မင်းအဖြစ်သို့ ရောက်လျှင် ယခင်ကဖွဲ့ခဲ့သော ရန်ညိုးပြင်းသောကြောင့် သာကီဝင်မင်းတို့ကို သတ်တော့အံ့-ဟု ကြံ၍ စစ်သည် ရဲမက်တို့နှင့်တကွ ထွက်ခဲ့သော် မြတ်စွာဘုရားလည်း လောကကို ကြည့်ရှုတော်မူလျှင် ဆွေတော်မျိုးတော်တို့၏ ပျက်စီးခြင်းကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူခဲ့ပြီးသော် ကပိလဝတ်ပြည်၏အနီး အရိပ်ကြဲသော တခုသော ပညောင်ပင်ရင်း၌ သီတင်းသုံးနေတော်မူ၏။ဝိဋူဋဘမင်းသားသည် မြတ်စွာဘုရားကိုမြင်လျှင် ချဉ်းကပ်၍ "အရှင်ဘုရား,အဘယ့်ကြောင့် အရိပ်ကြဲသော ပညောင်ပင်ရင်း၌ သီတင်းသုံး နေတော်မူသနည်း၊အရှင်ဘုရား၏ နိုင်ငံတွင်းက ပေါက်သော အရိပ်ချမ်းသော ပညောင်ပင် ရင်း၌ သီတင်းသုံး နေတော်မူပါလော့"ဟု လျှောက်၏။ထိုအခါ မြတ်စွာဘုရားသည်"မြတ်သောမင်းကြီး, ဆွေမျိုးတို့ အရိပ်မည်သည် အလွန်ချမ်းသည်"ဟု မိန့်တော်မူသောအခါ ဝိဋူဋဘမင်းသည် မြတ်စွာဘုရားကား ငါ့အားတားမြစ်ခြင်းငှါ ကြွလာသည်-ဟု ရိုသေသဖြင့် ပြန်နစ်ခဲ့ရလေ၏။ နောင်တဘန် သာကီဝင် မင်းတို့ကို သတ်တော့အံ့-ဟု ထွက်ပြန်သောကာလ မြတ်စွာဘုရားလည်း ဆွေတော်မျိုးတော်တို့ကို စောင့်ခြင်းငှါ ကြွတော်မူလာသည်-ဟု မြတ်စွာဘုရားကို ရှိခိုး၍ သာဝတ္ထိပြည်သို့ ပြန်နစ်လေ၏။ မြတ်စွာဘုရားလည်း ဇေတဝန်ကျောင်းတော်သို့ ပြန်လေ၏။ ဤသို့သောနည်းဖြင့် သုံးကြိမ်တိုင်တိုင် မြတ်စွာဘုရားနှင့်တွေ့၍ ပြန်နစ်ရလေ၏။

စတုတ္ထအကြိမ်၌ကား တဘန် သာကီဝင်မင်းတို့ကို သတ်အံ့-ဟု ထွက်ပြန်သောကာလ မြတ်စွာဘုရားသည် သာကီဝင် မင်းတို့၏ ရှေးဘဝက မြစ်၌ ဆေးခပ်ဘူးသော အကုသိုလ်ကံကို မတားမြစ်နိုင်သော အဖြစ်ကို မြင်တော်မူ၍ ကြွတော်မမူပြီ။ ဝိဋူဋဘမင်းလည်း ရဲမက်စစ်သည်တို့နှင့် တကွချီ၍ ကပိလဝတ်ပြည်သို့ ရောက်လေ၏။ ထိုအခါ သာကီဝင်မင်းတို့သည် "ငါတို့သည် ကိုယ့်အသက်ပင် သေသော်လည်း သူတပါး အသက်ကို မသတ်ကြကုန်၊ ငါတို့သည် သင်အပ်ပြီးသော အတတ်ပညာ ရှိကြကုန်၏။အတတ်ပညာ၏စွမ်းရေသတ္တိကိုပြ၍ ဝိဋူဋဘ မင်းသားကို ပြေးစေအံ့"ဟု ကြံ၍ စစ်ထိုးခြင်းငှါ အားထုတ်ကြကုန်၏၊ သာကီဝင် မင်းတို့က ပစ်လိုက်သော လက်နက်သည် ဝိဋူဋဘ စစ်သည်တို့၏ အကြားအကြား နားပေါက်တို့ဖြင့် ထွက်၍သွားကုန်၏။ထိုအခါ ဝိဋူဋဘမင်းသည် "သာကီ

ဝင်မင်းဟူသနွှေကို သတ်ကြကုန်လော့၊ ဘိုးတော် မဟာနာမ် မင်းကြီး၏ အထံ၌ တည်သောသူတို့ကို ချန်လှပ်ကြကုန်လော့”ဟု အမိန့်တော် ထုတ်လျှင် ရဲမက်သားတို့သည် သာကီဝင် မင်းလော-ဟု မေးသောကာလ အချို့သော သာကီဝင် မင်းတို့သည် မုသာဝါဒ ဖြစ်မည်ကို စိုး၍ မြက်ကိုငင်း, ဝါးကိုငင်း ကိုင်၍ မြက်ဟူ၍ငင်း, ဝါးဟူ၍ငင်း ဆိုကြကုန်သည်။ ထိုသူတို့ကိုငင်း, မဟာနာမ်မင်းကြီးထံ၌ တည်သောသူတို့ကိုငင်း ချန်လှပ်လျက် နို့စို့သူငယ်မှစ၍ အလုံးစုံသော သာကီဝင်မင်းတို့ကို သတ်ပြီးလျှင် ထိုသူတို့၏ လည်ချောင်းသွေးဖြင့် မိမိနေဘူးသောပျဉ်ကို ဆေးကျော သုတ်သင်လေ၏၊

မဟာနာမ်မင်းကို ဘမ်းစေပြီးသော် နံနက်စာ စားသောကာလ အတူတကွ စားရမည်-ဟု ဆိုလျှင် မဟာနာမ် မင်းကြီးသည် အသက်ပင်သေသော်လည်း ကျွန်မ သားနှင့် အတူ ထမင်းမစားလို၍ မြစ်သို့သွား၍ ရေချိုးပါဦးမည်-ဟု ဆိုလျက် ရေသို့သက်၍ ငုပ်လေသော် နဂါးပြည်သည် ပူပြင်းသော အချင်းအရာကို ပြသဖြင့် နဂါးတို့သည် မင်းကြီးကို ဆောင်ယူသွားသောကြောင့် နဂါးပြည်၌ တဆဲ့နှစ်နှစ်ပတ်လုံး နေ၍ သေလေ၏။ ဝိဋ္ဋူဘခင်းလည်း မဟာနာမ်မင်းကြီး မလာလျှင် စစ်သည်နှင့်တကွ ဘဲခဲ့၍ ညချမ်းသောအခါ အစိရဝတီမြစ်သို့ ရောက်လေ၍ အိပ်ကြရာတွင် ရှေး၌ မိမိတို့ပြုအပ်သော မကောင်းမှုရှိသော သူတို့သည် ကုန်းမှာပင် အိပ်သော်လည်း ပိုးလောက်တို့ ထိုးကိုက်၍ သောင်သို့သက်ဆင်း၍ အိပ်ကြကုန်သည်၊ ရှေ၌ မိမိတို့ပြုသော မကောင်းမှု မရှိသော သူတို့သည် သောင်မှာပင် အိပ်သော်လည်း ပိုးလောက်တို့ ထိုးကိုက်၍ ကုန်းသို့တက်၍ အိပ်ကြကုန်သည်။ထိုသို့ သီးသန့်ခြားနားပြီးမှ ကြီးစွာသော မိုးသည်းကြီးရွာ၍ ဝိဋ္ဋူဘမင်းနှင့်တကွ များစွာသော လူအပေါင်းကို သမုဒ္ဒရာသို့ မျောစေသဖြင့် ငါးလိပ်တို့၏အစာ ဖြစ်လေကုန်၏။ ။ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ပသေနဒိ ကောသလမင်း စသော သူတို့၏ အကြောင်းကို သိအပ်၏၊

ဝံသမေဒပကာသနီကျမ်း ပဉ္စမတွဲ ပြီး၏၊